စက္ကာရဝမ္မ။ဟာတကြောင်း
ဟိတ်။ဂုဏ်နိမိတ်ကြောင့်။ အကနိဋ္ဌ
ဘဝဂ်။နှံ့တက်ကြေညာ။နဝါဒိပဒ။မည်ထူးရ
သော။လောကမျက်ရှုသဗ္ဗညု၏။ ကျေးဇူးနှစ်သန်း။တခန်း
လေးသိန်း။တွက်ကိန်းကြွံလာ။မဟာဝဇိရ။
ဉာဏအဟုန်။အာရုံပြုလတ်။သမာပတ်
တရား။ဝင်စားတော်မူရာ။
ပစ္စယာကာရ။ပဋိစ္စသမုပ္ပါဒ်။ အဋ္ဌုပ္ပတ်အချက်ကို။
နှစ်သက်ကြည်ဖြူ။မှတ်ယူလွယ်ရန်။လျှောက်
တောင်းပန်ပြု။စာရေးကြီးမောင်ဘောပု
ကို။ဥဇုကာရဏ။အကြောင်းပြ၍။
ပစ္စယတရားကိုယ်။ထိုပြင်
သရုပ။ဝစနတ္ထနှင့်။
လက္ခဏရသ။
စသည့်တသွယ်။အဓိပ္ပါယ်တို့ကို။မကျယ်မဝင်း။ထင်လင်း
ဆစ်ပိုင်း။အကျဉ်းသိုင်း၍။ပဲခူးမြို့ညောင်ပိုင်းရပ်။
ကြခပ်ပိုင်းကျောင်းဘုန်းတော်ကြီးဦးဥက္ကမ
သည်။ဒေသဝေနီး။ကြီးငယ်မဆို။ထိုထို
ရှင်လူ။အများသူတို့ကြည်ဖြူနှစ်
ချိုက်။နှလုံးပိုက်ကအမြိုက်
နိဗ္ဗာန်။ရရန်စိတ်သွား
သဘောထားဖြင့်။
ရေးသားဖေါ်ပြတော်မူအပ်သော

# ပစ္စယာကာရဝိဘာဝနီကျမ်း။

နှင့်

ရူပိယပဋိဂ္ဂဟာဝိနိဿယကျမ်း။

ရန်ကုန်မြို့။ဟံသာဝတီသတင်းစာတိုက်

[illegible]
စာကြည့်တိုက်
[illegible]

| မာတိကာနံပါတ်။ | | မျက်နှာနံပါတ် |
|---|---|---|
| | နိဒါန်းကိုပြခြင်း ... ... ... ... | ၁ |
| | ပနာမကိုပြခြင်း ... ... ... ... | ၃ |
| ၁ | လေးပါးသောဒေသနာဘောဇကိုခွဲ၍ပြခြင်း | ၅ |
| ၂ | ထိုဒေသနာဘောဇကိုဟောခြင်း၏သာမညအကြောင်းကိုပြခြင်း ... ... ... | ၈ |
| ၃ | ၎င်းဘောဇကိုဟောခြင်း၏ဝိသေသအကြောင်းကိုပြခြင်း ... ... ... ... | ၁၀ |
| ၄ | အဝိဇ္ဇာကိုအစထား၍ဟောခြင်းနှင့်တကွသိသတရားနှစ်ပါးတို့ကိုပြခြင်း ... ... | ၁၂ |
| ၅ | အဝိဇ္ဇာ၏တရားကိုယ်ကိုပြခြင်း ... ... | ၁၄ |
| ၆ | အဝိဇ္ဇာစသောပုဒ်တို့၏ဝစနတ္ထအဓိပ္ပါယ်တို့ကိုပြခြင်း ... ... ... ... | ၁၅ |
| ၇ | အဝိဇ္ဇာ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၁၈ |
| ၈ | သင်္ခါရတို့၏သရုပ်တရားကိုယ်ကိုပြခြင်း | ၁၈ |
| ၉ | ထိုသင်္ခါရတို့၏အညမညသံပယောဂကိုပြခြင်း ... ... ... ... ... | ၂၀ |
| ၁၀ | အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ရာ၌အဓိပ္ပါယ်အကြောင်းကိုပြခြင်း ... ... ... | ၂၁ |
| ၁၁ | ဧ သီလဗ္ဗတ တခုအကျိုးတခုကိုသာဟောခြင်း အတ္တဝါဒုကြောင်းကိုပြခြင်း ... ... | ၂၂ |
| ၁၂ | အဝိဇ္ဇာကြောင့် ပုညာနေဉ္ဇာဘိသင်္ခါရတို့ ဖြစ်သည့်မေးဖြေခြင်း ... ... ... | ၂၃ |
| ၁၃ | တနည်း၎င်းအမေးအဖြေကိုအကျယ်ပြခြင်း | ၂၅ |

| မာတိကာနံပါတ်။ | | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၄ | သင်္ခါရဟူသောပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပါယ်ကိုပြခြင်း … … … … | ၂၈ |
| ၁၅ | သင်္ခါရတို့၏ လက္ခဏာရသစသည်တို့ကို ပြခြင်း … … … … … | ၃၀ |
| ၁၆ | ဝိညာဏ်၏သရုပ်တရားကိုယ်ကိုပြခြင်း … | ၃၀ |
| ၁၇ | ဝိညာဏဘေဒကိုခွဲဝေ၍ပြခြင်း … … | ၃၁ |
| ၁၈ | သင်္ခါရကြောင့်ဝိညာဏ်ဖြစ်ပုံကိုပြခြင်း … | ၃၃ |
| ၁၉ | ဝိညာဏ်သည်ဘဝသစ်သို့ ပြောင်းမပြောင်းကိုမေးဖြေခြင်း … … … … | ၃၄ |
| ၂၀ | သင်္ခါရရှိစဉ်ဝိညာဏ်ဖြစ် မဖြစ်ကို မေးဖြေခြင်း … … … … … | ၃၆ |
| ၂၁ | ဤပဒ၌။ဥဒ္ဒုစေတနာအဘိညာဉ်စေတနာတို့ကိုမယူရခြင်းကိုပြခြင်း … … | ၃၆ |
| ၂၂ | ဝိညာဏံဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း | ၃၈ |
| ၂၃ | ဝိညာဏ်၏လက္ခဏာရသတို့ကိုပြခြင်း … | ၃၈ |
| ၂၄ | နာမ်ရုပ်တို့၏တရားကိုယ်ကိုခွဲ၍ပြခြင်း … | ၃၉ |
| ၂၅ | စတုဇရုပ်တို့ကိုခွဲ၍ပြခြင်း … … | ၃၉ |
| ၂၆ | ၎င်းရုပ်တို့ကိုကလာပ်အားဖြင့် ခွဲဝေ၍ပြခြင်း | ၄၂ |
| ၂၇ | ပဋိသန္ဓေအခါ၌ဖြစ်သောရုပ်တို့ကိုခွဲဝေ၍ပြခြင်း … … … … … | ၄၄ |
| ၂၈ | ပဝတ္တိအခါ၌ဖြစ်သောရုပ်တို့ကိုခွဲဝေ၍ပြခြင်း | ၄၇ |
| ၂၉ | နာမရူပဟူသောပုဒ်တို့၏ဝစနငှ | ၄၉ |
| ၃၀ | ၎င်းနာမ်ရုပ်တို့၏လက္ခဏာရသ … ကိုပြခြင်း … … … … | ၅၀ |
| ၃၁ | အကြောင်းနာမ်ရုပ်အကျိုးသဠာယတနတို့ကိုပြခြင်း … … … … … | ၅၁ |

| မာတိကာနံပါတ်။ | | မျက်နှာနံပါတ်။ |
| --- | --- | --- |
| ၃၂ | သင္ဘောယတန ဟူသော ပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပါယ်ကိုပြခြင်း ... ... ... | ၅၁ |
| ၃၃ | သင္ဘောယတန၏ လက္ခဏာရသ စသည်တို့ကို ပြခြင်း ... ... ... ... ... | ၅၃ |
| ၃၄ | ၎င်းတို့၏ပစ္စုပဋ္ဌာန်ကို ဆိုရာ၌ အဆုံးအဖြတ်ကိုပြခြင်း ... ... ... ... | ၅၄ |
| ၃၅ | ဖဿ၏သရုပ်တရားကိုယ်ကိုပြခြင်း ... | ၅၅ |
| ၃၆ | ဖဿအပြားနှင့်တကွအဓိပ္ပါယ်ကိုပြခြင်း | ၅၆ |
| ၃၇ | ဖဿ၏ဝစနတ္ထကိုပြခြင်း ... ... | ၅၇ |
| ၃၈ | ဖဿ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၅၇ |
| ၃၉ | ဝေဒနာ၏သရုပ်တရားကိုယ်ကိုပြခြင်း ... | ၅၈ |
| ၄၀ | ဝေဒနာအပြားကိုခွဲခြား၍ပြခြင်း ... ... | ၅၉ |
| ၄၁ | ဝေဒနာဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၆၀ |
| ၄၂ | ဝေဒနာ၏လက္ခဏာရသစသည်တို့ကို ပြခြင်း | ၆၀ |
| ၄၃ | တဏှာ၏သရုပ်တရားကိုယ်အပြားကိုပြခြင်း | ၆၂ |
| ၄၄ | ဝေဒနာကြောင့်တဏှာဖြစ်ပုံကိုပြခြင်း ... | ၆၃ |
| ၄၅ | တဏှာဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၆၅ |
| ၄၆ | တဏှာ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၆၅ |
| ၄၇ | ဥပါဒါန်၏ သရုပ်တရားကိုယ်အပြားနှင့် တကွ တဏှာကာမုပါဒါန်တို့၏ အထူးကိုပြခြင်း ... ... ... ... ... | ၆၅ |
| ၄၈ | ဒိဋ္ဌုပါဒါန်ကိုဝတ္ထုနှင့်တကွခွဲ၍ပြခြင်း ... | ၆၇ |
| ၄၉ | သီလဗ္ဗတုပါဒါန်ကိုခွဲ၍ပြခြင်း ... ... | ၆၈ |
| ၅၀ | အတ္တဝါဒုပါဒါန်ကိုဝတ္ထုနှင့်တကွခွဲ၍ပြခြင်း | ၆၈ |
| ၅၁ | သက္ကာယဒိဋ္ဌိ နှစ်ဆယ်တို့ကို ခြောက်ဆဲ့နှစ်ပါးသောမိစ္ဆာဒိဋ္ဌိတို့၌သွင်း၍ပြခြင်း ... | ၇၂ |
| ၅၂ | ဥပါဒါန်ဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၇၃ |

| မာတိကာနံပါတ်။ | | မျက်နှာနံပါတ်။ |
|---|---|---|
| ၅၃ | ၎င်းတရားလေးပါးတို့၏လက္ခဏာရသစသည် တို့ကိုပြခြင်း ... ... ... ... | ၇၃ |
| ၅၄ | ၎င်းဥပါဒါန်လေးပါးတို့၏အစဉ်ကိုဆက်၍ပြ ခြင်း ... ... ... ... | ၇၃ |
| ၅၅ | ဘဝ၏သရုပ်တရားကိုယ်ကိုပြခြင်း ... | ၇၅ |
| ၅၆ | ဥပပတ္တိဘဝကိုးပါးတို့ကိုခွဲ၍ပြခြင်း ... | ၇၅ |
| ၅၇ | ကမ္မဘဝကိုခွဲ၍ပြခြင်း ... ... ... | ၇၆ |
| ၅၈ | ကမ္မဘဝကိုထပ်၍ဟောရခြင်း၏အကြောင်း ကိုပြခြင်း ... ... ... ... | ၇၇ |
| ၅၉ | လေးပါးသောဥပါဒါန်ကြောင့်အလုံးစုံသော ဘဝဖြစ်ခြင်းကိုခွဲဝေ၍ပြခြင်း ... ... | ၇၉ |
| ၆၀ | ဘဝဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၈၀ |
| ၆၁ | ဘဝနှစ်ပါးတို့၏ လက္ခဏာရသစသည်တို့ကို ပြခြင်း ... ... ... ... ... | ၈၁ |
| ၆၂ | ဇာတိ၏သရုပ်တရားကိုယ်ကိုပြခြင်း ... | ၈၁ |
| ၆၃ | ဘဝကြောင့်ဇာတိဖြစ်ကြောင်းကိုခွဲ၍ပြခြင်း | ၈၂ |
| ၆၄ | ဇာတိဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၈၃ |
| ၆၅ | ဇာတိ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၈၃ |
| ၆၆ | ဇရာ၏သရုပ်တရားကိုယ်နှင့်တကွအဓိပ္ပါယ် ကိုပြခြင်း ... ... ... ... | ၈၄ |
| ၆၇ | ဇရာဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၈၆ |
| ၆၈ | ဇရာ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၈၆ |
| ၆၉ | မရဏ၏သရုပ်တရားကိုယ်အဓိပ္ပါယ်ကို ပြ ခြင်း ... ... ... ... ... | ၈၆ |
| ၇၀ | မရဏဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၈၈ |
| ၇၁ | မရဏ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၈၈ |
| ၇၂ | သောက၏တရားကိုယ်ကိုပြခြင်း ... | ၈၈ |

| မာတိကာနံပါတ်။ | | မျက်နှာနံပါတ်။ |
|---|---|---|
| ၃၃ | သောကဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း | ၈၉ |
| ၃၄ | သောက၏ လက္ခဏာရသ စသည်တို့ကို ပြခြင်း ... ... ... ... ... | ၈၉ |
| ၃၅ | ပရိဒေဝ၏တရားကိုယ်ကိုပြခြင်း ... | ၈၉ |
| ၃၆ | ပရိဒေဝ၏ဝစနတ္ထကိုပြခြင်း ... ... | ၉၀ |
| ၃၇ | ပရိဒေဝ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၉၀ |
| ၃၈ | ဒုက္ခ၏တရားကိုယ်ကိုပြခြင်း ... ... | ၉၁ |
| ၃၉ | ဒုက္ခဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း ... | ၉၁ |
| ၄၀ | ဒုက္ခ၏လက္ခဏာရသစသည်တို့ကိုပြခြင်း | ၉၂ |
| ၄၁ | ဒေါမနဿ၏တရားကိုယ်ကိုပြခြင်း ... | ၉၂ |
| ၄၂ | ဒေါမနဿဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း | ၉၂ |
| ၄၃ | ဒေါမနဿ၏လက္ခဏာရသစသည်တို့ကို ပြခြင်း ... ... ... ... ... | ၉၃ |
| ၄၄ | ဥပါယာသ၏တရားကိုယ်ကိုပြခြင်း ... | ၉၃ |
| ၄၅ | ဥပါယာသဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း | ၉၃ |
| ၄၆ | ဥပါယာသ၏လက္ခဏာရသစသည်တို့ကို ပြခြင်း ... ... ... ... ... | ၉၄ |
| ၄၇ | လက္ခဏာရသစသည်တို့၏ အဆုံးအဖြတ်ကို ပြခြင်း ... ... ... ... ... | ၉၅ |
| ၄၈ | သောက၊ ပရိဒေဝ၊ ဥပါယာသသုံးပါးတို့၏အထူးကိုခွဲခြား၍ပြခြင်း ... ... ... | ၁၀၀ |
| ၄၉ | ဘဝစက်လည်ဟန်ကိုပြခြင်း ... ... | ၁၀၀ |
| ၅၀ | အာသဝေါတရား လေးပါးတို့ကြောင့်သောကစသည်တို့ဖြစ်ပုံကိုခွဲ၍ပြခြင်း... ... | ၁၀၃ |
| ၅၁ | အဝိဇ္ဇာကိုအစထား၍ဟောရခြင်းအကြောင်းကိုပြခြင်း ... ... ... ... | ၁၁၀ |
| ၅၂ | အနုလုံပဋိလုံဆိုသည်ကိုခွဲဝေ၍ပြခြင်း ... | ၁၁၁ |

မာတိကာနံပါတ်။ မျက်နှာနံပါတ်။

၉၃ ကာရကဝေဒကမှကင်းကြောင်းကိုခွဲ၍ပြခြင်း ၁၁၄
၉၄ တဆဲ့နှစ်ပါး သော သုညတာ သုညကို အနည်းနည်းပြခြင်း ... ... ... ၁၁၄
၉၅ ဘဝစက်နှစ်ပါးကိုပိုင်းခြား၍ပြခြင်း ... ၁၁၇
၉၆ ၎င်းဘဝစက်နှစ်ပါးကို ဟောရခြင်း အကြောင်းကိုအနည်းနည်းဘော်ပြခြင်း ... ၁၁၉
၉၇ ကာလအစပ်အလွှာတို့ကိုပြခြင်း ... ... ၁၂၀
၉၈ အခြင်းအရာနှစ်ဆယ်ကိုပြခြင်း ... ... ၁၂၂
၉၉ ဝဋ်သုံးပါးကိုခွဲ၍ပြခြင်း . ... ... ၁၃၂
၁၀၀ ဘဝစက်ကိုသစ္စာပဘာဝအားဖြင့်ပြခြင်း ... ၁၃၄
၁၀၁ ၎င်းဘဝစက်ကိုကံမှုအားဖြင့်ပြခြင်း ... ၁၃၅
၁၀၂ အယူမှားကိုတားမြစ်ကြောင်းအားဖြင့်ပြခြင်း ၁၃၆
၁၀၃ ဥပမာအားဖြင့်ဘဝစက်ကိုပြခြင်း... ... ၁၃၈
၁၀၄ တနည်းဥပမာအားဖြင့်ဘဝစက်ကိုပြခြင်း ၁၃၉
၁၀၅ ဂမ္ဘီရလေးပါးတို့ဖြင့်ဘဝစက်ကိုထင်ရှားပြခြင်း ... ... ... ... ... ၁၄၁
၁၀၆ နယဘေဒအားဖြင့်၎င်းဘဝစက်ကိုပြခြင်း... ၁၅၁
၁၀၇ အဋ္ဌကထာဆရာမြတ်တို့၏ ဥယျောဇနကိုပြခြင်း ... ... ... ... ... ၁၅၅
၁၀၈ သစ္စာလေးပါးတို့ကိုမမြင်ခြင်းကြောင့်သင်္ခါရတို့ကိုပြုမိပုံကိုပြခြင်း... ... ... ၁၅၈
၁၀၉ တနည်းသင်္ခါရသုံးပါးတို့ကို ပြုမှားပုံကို ပြခြင်း ... ... ... ... ... ၁၅၉
၁၁၀ အမှန်းမသိပြုမှား၍သံသရာမှာတာရှည်ပုံကိုပြခြင်း ... ... ... ... ... ၁၆၁
၁၁၁ သံသရာမှလွတ်ထွက်နိုင်ရန်အကြောင်းကိုပြခြင်း ... ... ... ... ... ၁၆၅

## ပစ္စယာကာရဝိဘာဝနီကျမ်း၏နိဒါန်း။

---

ကပ္ပကတ။ မေဃအမွန်။ ဖြိုးဖြိုးသွန်၍။ အမွန်ကာလ။ ဝိဝဋ္ဋမှာ။ ပေါ်ဦးခါဝယ်။ ပထမာဘိနိဗ္ဗတ္တ။ ဘူသိခရ။ ဘူမနာဘိ။ ဝိသိဋ္ဌတရ။ ဒေသထူးညွန်း။ မြေဦးစွန်းသည်။ ပေါ်ထွန်းတည်လာခဲ့ရကား။ မဟာဇေယံ။ မြေခုံသမတ်။ မြတ်လှသောအပရာဇိတ။ ဌာနဘွေပြင်။ ရွှေပလ္လင်သမ။ ပါဒပရာဇာ။ မဟာဗောဓိအောက်။ ကြိုးမော်ထက်သန်။ မဂ်ဉာဏ် လေးဖြာလျှင် နိုးစွာသော အကြောင်းရှိသော။ အမိတအာသဒိသ။ သဗ္ဗညုတဉာဏ်ကို ဧကန်ရတော်မူမည့်အခါ။ ခပ်သိမ်းကုန်သောဘုရားအလျော။ မဟာသတ္တ။ ဗုဒ္ဓင်္ကုရအစစ်။ ဖြစ်တော်မူကြသော ဘုရားအလောင်းတော်တို့သည်။ ကောင်းမြတ်သော သမာဓိတရားကို။ ပွါးများအားထုတ်တော်မူကြလျက်။ ပထမယာမ်၌ဉာဏ်ပုဗ္ဗေနိဝါသ။ ဒုတိယယာမ်၌ဒိဗ္ဗစက္ခုဉာဏ်။ တတိယယာမ်၌၊ တဆဲ့နှစ်တန်သောအင်္ဂါ။ ပစ္စယာကာရပဋိစ္စ သမုပ္ပါဒ်ကို။ သုံးသပ်ဆင်ခြင်တော်မူပြီးမှ။ အာနာပါနစတုတ္ထဈာန်ကျော်ကို။ ဝင်စားတော်မူ၍အပြီး။ အသီးအသီးသောခန္ဓာတို့၌။ အဝိဇ္ဇာသမုဒယာရူပသမုဒယော။ လာသောနယ။ အဘိနိဝိသပြု၍။ ဥဒယဗ္ဗယအစွမ်းမှိုငြမ်းခိုလှုံ။ အာရုံတော်စိုက်ကြသဖြင့်။ သမပညာသ။ လက္ခဏာအပြား၊ အပါးငါးဆယ်။ စင်ကြယ်သောဝိပဿနာဉာဏ်ဖြင့်။ အတန်တန်ရှုမြင်။ ဆင်ခြင်သုံးသပ်အတပ် သိတော်မူလျက်။ ဂေါတြဘု ဉာဏ်မှစ၍၊ ယထက္ကမအရဟတ္တဖလာနန္တရာ။ ငါးဖြာသောဥဿျတို့ကို။ ရချနိုင်နိုင်။ ပိုင်ပိုင်ကြီးသိတတ်သော်။ ဇာတ်ခေတ်အပေါင်း။ သောင်းစက္ကဝါ၊ မဟာမေဒနီ။ မြေမဟီတုန်ညောင်း။ အကုန်စောင်း၍။ ထောင်းထောင်းကြွေ။ ကြွေကျနီးနီး။ မြေကြီးဗိမ့်ဗိမ့်။ တဗြိမ့်ဗြိမ့်ဖြင့်။ သိမ့်သိမ့်ကမ္ပန။ ဓမ္မနိယာမ။ ပြင်းထန်စွါလှုပ်စေလျက်။ အနုတ္တရံသာဓါရဏာ။ သမန္တစက္ခု။ သဗ္ဗညုတဉာဏ်ကို။ ဧကန်

# နိဒါန်း။

ရတော်မူကြသော။သမ္မာသမ္ဗုဒ္ဓအဆူဆူ။သယမ္ဘူ။မြတ်ဘုရား
တို့သည်။ လေးပါးသောဂန္တိတ။ ကြွမ်းပတော်မူကြရာတွင်။ဒေ
သနာကမ။တတိယဂန္တိတ။ ဂန္တိရအစစ်။ ပစ္စယပစ္စယုပ္ပန်။ကိုး
တန်သောဓမ္မဋ္ဌိတိဉာဏ်ဟုန်။ အာရုံဖြစ်သောပစ္စယာကာရ။ပ·
ဋိစ္စသမုပ္ပါဒ်ကို။မြတ်သောသဗ္ဗညုတဉာဏ်တော်ကိုရ၍။ ပထ
မသတ္တာဟ။ပလ္လင်္ကဝရ၌။ အစဖွာဆင်ခြင်တော်မူကြမြဲ။ နောက်
လဲတဖန်။ တဆဲ့နှစ်တန်သောအင်္ဂါ။ရက်မခြာနေ့မကျေ။ ဖေဒဝ
သိကဝတ်။မချွတ်မယွင်း။ ဝင်စားခြင်းအကြိမ်ရဖြင့်။ အကုဋေ
နှစ်သန့်လေးသိန်း။ တွက်ကိန်းများလတ်။ သမာပတ် အာရုံဖြစ်
သော။ ပစ္စယာကာရပဋိစ္စသမုပ္ပါဒ်ကို။ မှတ်သား လေ့ကျက်။
ဆောင်ရွက်ကြည့်ရှု။အလေးပြုရန်။ရည်သန်ရင်းရှိပါ၍။ သိသာ
ခြားနား။နားပါးလည်အောင်။အကျဉ်းဆောင်သဖြင့်။ အကောင်
အထည်မဒုပ်။သရုပ်တရားကိုယ်နှင့်တကွ။ ဝစနတ္ထလက္ခဏာရ
သာ။လျော်စွာသောအဓိပ္ပါယ်။အလွယ်သိလိုကြောင်း။ ကောင်း
လှသောစိတ်ထားနှင့်။ တရားကိုရှေ့ရှု။ မောင်ဘောပု အမည်ရှိ
သောစာရေးကြီးသည်။အလေးအမြတ်အားဖြင့်။ ဝပ်တွားရိုကျိုး။
လက်စုံမိုး၍။ရှိခိုးတန်တန်။ တောင်းပန်အပ်ရကား။ များပြားရှင်
လူ။ဉာဏ်နုသူတို့။မှတ်ယူသိလွယ်က။ပြင်ကျယ်အဏ္ဏဝါ။သံသ
ရာမှ။မြန်စွာထွက်ချောက်၊ နိဗ္ဗာန်ကမ်းသို့။ဆန့်လှမ်းကူးမြောက်
ရောက်စေခြင်းငှါ။ဟံသာနဂရ။ဌာနအထူး။ပဲကူးအမည်ရှိသော်
မြို့ကြီးကို။ခိုမှီးရွှင်ပြီး။ ညောင်ပိုင်းရပ်ကြခပ်ပိုင်းကျောင်း၌သိ
တင်းသုံးတော်မူသော၊ ဦးဥတ္တမသာရအရှင်သည်။ ပြုပြင်ရေး
ပြ။သင်္ခေပဖြင့်။ပစ္စယာကာရဝိဘာဝနီ။သညီရွှမ်းရွှမ်း။ဤသည်
ကျမ်းကို။ ဝမ်းပန်းတသာ။ စေတနာဇော။ မနသောဖြင့်။ သ
ဘောဖြူလိုက်။ကျွန်ုပ်တို့ဟံသာဝတီသတင်းစာတိုက်က။ ပုံနှိပ်
လုပ်ဆောင်ခြင်းကိုပြုပါသည်။ ။အညီကြီးစားအားထုတ်နိုင်
ကြပါစေကုန်သတည်း။

## ပစ္စယာကာရဝိဘာဝနီကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဂမ္ဘီရ ဉာဏသမ္ပန္နံ။ ပန္နဂမ္ဘီရတောဒိပံ။ ဒီပံဓါရေယိ တံ ဗုဒ္ဓံ။ဗုဒ္ဓံ ဝန္ဒိယပါပန္နာ။ ။ဝက္ခံ ဂမ္ဘီရစာရကံ။ဒုဒ္ဒသံပစ္စယာ ကာရံ။သင်္ခေပံသသရူပဒ္ဓ။ ပဏ္ဍာဂတ္တေနယာစိတော။ ။ယော ဗုဒ္ဓေါ။အကြင်မြတ်စွာဘုရားသည်။ဗုဒ္ဓံ။ သာဝကဗုဒ္ဓ။သုတဗုဒ္ဓ အဖြစ်သို့။ပါပန္နာ။ပါပနာယ။ မယွင်းထုတ်ချောက်။ ရောက်စေ ခြင်းငှါ။ဂမ္ဘီရစာရကံ။ သဘောခက်ခဲ။ နက်နဲသောဖြစ်ခြင်းရှိ ထသော။ဝါ။ နက်နဲသောဉာဏ်၏ ကျက်စားသောအားဖြင့်ဖြစ် ရာဖြစ်ထသော။ ဒုဒ္ဒသံ။ မိမိတို့ပညာဖြင့် လွန်စွာ မြင်နိုင်ခဲထ သော။ ယံပစ္စယာကာရံ။ အကြင် ပဋိစ္စသမုပ္ပါဒ် တရားမြတ်ဖြစ် သော။ဒီပံ။ဆီမီးကို။ ဓါရေယိ။ ထုတ်ဆောင်သောအား။ ဟော ကြားညှိထွန်းတော် မူလေပြီ။ ဂမ္ဘီရဉာဏသမ္ပန္နံ။ နက်နဲထက် သန်။ ပညာဉာဏ်နှင့်။ အမှန်ပြည့်စုံတော် မူထသော။ ဂမ္ဘီရ တော။သမုဒ်မကနက်နဲလှသော။ ပဋိစ္စသမုပ္ပါဒ်။ ရဟတ်ပမာ၊ သံသရာမှ။ဒီပံ။နိဗ္ဗာန်ခေါ်ညွှန်းဘေးမဲ့ကျွန်းသို့။ပန္နံ။ ဧကန်ထုတ် ချောက် ရောက်တော်မူပြီးထသော။တံဗုဒ္ဓံ။ ထိုမြတ်စွာဘုရား ကို။အဟံ။နာမ်ရုပ်နှစ်ရပ်။ပေါင်းစပ်ခေါ်ဝေါ်တပည့်တော်သည်။ ဝန္ဒိယ။အဘိဝန္ဒိယ။လွန်စွာရိုကျိုး။မြတ်နိုးကြည်နူး။ရှိခိုးဦး၍။ ။ တနည်းကား။ ။ယောဗုဒ္ဓေါ။ အကြင်မြတ်စွာ ဘုရားသခင် သည်။ဗုဒ္ဓံ။ ဓမ္မဋ္ဌိတိဉာဏ်။အန္ဝယဉာဏ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်

ကို။ ဒိပံ။ ပြရာပြကြောင်းဖြစ်ထသော။ ဝါ။ ပြတတ်ထသော။ ဂမ္ဘီရ
စါရကံ။ သဘောခက်ခဲနက်နဲသောဖြစ်ခြင်းရှိထသော။ ဝါ။ နက်နဲ
သောဉာဏ်၏ကျက်စားသောအားဖြင့်ဖြစ်ရာဖြစ်ထသော။ ဒုဒ္ဒ
သံ။ မိမိတို့ဘာသာမိမိတို့ဉာဏ်ပညာဖြင့်မသိနိုင်ထသော။ ယံ
ပစ္စယာကာရံ။ အကြင်ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ကို။ ဒိပံ။
နိဗ္ဗာန်သို့။ ပါပန္နာ။ ပါပနာယ။ အမှန်ထုတ်ချောက်ရောက်စေခြင်း
ဌါ။ ဓါရေသိ။ ထုတ်ဆောင်ကျူးရင့်။ လှစ်ဖွင့်ဟောကြားတော်
မူလေပြီ။ ။တနည်း ကား။ ။ဗုဒ္ဓ ။မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟု
ဆိုအပ်သော။ ဒိပံ။ ရေအာသဝေါ။ မပျောနိုင်ရာကျွန်းအောင်ချာ
သို့။ ပါပန္နာ။ ပါပနာယ။ အမြန်လက်ငင်း၊ ချက်ခြင်းထုတ်ချောက်
ရောက်စေခြင်း ဌါ။ ဂမ္ဘီရစာရကံ။ သော။ ယံပစ္စယာကာရံ။ ကို။
ဓါရေသိ။ ပြီ။ ။တံပစ္စယာကာရံ။ ဟူ၍နောက်မှာစပ်လေ။ ။
တနည်း ကား။ ။ဗုဒ္ဓ ။ပ ာနမှန်။ ပရိညာဉ်သို့။ ပါပန္နာ။ ပါပ
နာယ။ ဌါ။ ဒိပံ။ ဉာတတီရဏပရိညာဉ်တည်းဟူသောဉာဏ်
ပညာကို။ ပြအပ်ပြရာပြကြောင်းဖြစ်သောပဋိစ္စသမုပ္ပါဒ်ဒေသ
နာတော် မြတ် တည်း ဟူသော သိမ်းကို။ ဓါရေသိ။ ထိန်ထိန်
တောက်လောင်။ ပြောင်ပြောင်ဝင်းဝင်းထွန်းလင်းထုတ်ဆောင်
တော်မူလေပြီ။ ဂမ္ဘီရဉာဏသမ္ဘန္တ။ သင်္ချေလေးမြွာ။ သိန်းကမ္ဘာ
က။ ဉာဏသမ္ဘာရ။ ဒါနစသည်။ ပါရမီကြောင့်။ မမှိခပဲ။ နက်နဲထက်
သန်သဗ္ဗညာဏ်နှင့်အမှန်ပြည့်စုံတော်မူထသော။ ဂမ္ဘီရတော။
သမုဒ္ဒူပမော။ နက်နဲရှာသော။ သံသရာစက်ရဟတ်၊ ပဋိစ္စသမုပ္ပါဒ်
မှ။ ဒိပံ။ နိဗ္ဗာန်ခေါ်ညွှန်း သေးမွဲကျွန်းသို့။ ပန္နံ။ မဂ္ဂင် ကျော်သီး။
သဘောကြီးဖြင့်။ အပြီး ထုတ်ချောက်။ ရောက်တော် မူပြီးထ
သော။ တံဗုဒ္ဓံ။ သဗ္ဗညုသခင်။ ထိုဘုရားရှင်ကို။ အဟံ။ ခန္တာနာမ်
ရုပ်။ အကျွန်ုပ်သည်။ ဝန္ဒိယ။ အလွန်ရိုကျိုး။ မြတ်နိုးကြည်နူး။ ရှိခိုးဦး
၍။ အဟံ။ ငါ ကို။ ဝါ။ ငါသည်။ ပဏ္ဏာဂုဏ္ဏန။ ဆိုင်ရာဆိုင်ရာ။ အလွှာ
မှတ္တွဲ။ မလွဲမယိမ်း။ မတိမ်းသမှု။ အထိန်းပြုရသောကြောင့်။ အမှု
တွဲအသွာထိန်းဟု ခေါ်ဝေါ်ပညတ်။ သမုတ်အပ်သော စာရေ

ကြီးငဘေပုသည်။ယာစိတော၊ ရိုသေညွတ်ပြောင်း။ ဦးခေါင်းလက်မိုး။ ရှိခိုးတန်တန်တောင်းပန်အပ်သည်ဖြစ်၍။ဝါ။ တောင်းပန်အပ်သောကြောင့်။ ဝါ။ တောင်းပန်အပ်ရကား။ ဂမ္ဘီရစာရကံ။ သဘောခက်ခဲ။ နက်နဲသောဖြစ်ခြင်းရှိထသော။ ဝါ။နက်နဲသောဉာဏ်၏ ကျက်စားသောအားဖြင့်ဖြစ်ရာဖြစ်ထသော။ဒုဒ္ဒသံ။မိမိတို့အလျောက်။ ထွင်းဖေါက်ထင်ထင်။ မမြင်မသိနိုင်ထသော။ဝါ။ဒုဒ္ဒသံ။မိမိတို့အလျောက်။ ထွင်းဖေါက်ထင်ထင်။မသိမမြင်နိုင်သောကြောင့်။ ဂမ္ဘီရ စာရကံ။ သဘော ခက်ခဲနက်နဲသောဖြစ်ခြင်း ရှိထသော။ ဝါ။ နက်နဲသောဉာဏ်၏ ကျက်စားသောအားဖြင့်ဖြစ်ရာဖြစ်ထသော။ဝါ။ ဖြစ်သောကြောင့်။ဒုဒ္ဒသံ။ထသော။သသရူပဋ္ဌ။ သရုပ်နှင့်လည်းတကွဖြစ်ထသော။တံပစ္စယာကရံ။ ထိုပစ္စည်းဖြစ်သောအကြောင်းတရားတို့၏ တည်ရာဖြစ်သောကြောင့် ပစ္စယာကရ အမည်ရှိထသော။ ဝါ။ ပစ္စယာကရံ။ပစ္စယာကာရံ။ တပါးသည်တပါးအားကျေးဇူးပြုသောအခြင်းအရာကိုပြရာပြကြောင်းဖြစ်သောကြောင့်။ပစ္စယာကာရအမည်ရှိသောပဋိစ္စသမုပ္ပါဒ်ကို။ ဝိဘာဝေန္တော။ ထင်ရှားပြလျက်။ထည့်။သင်္ခေပံ။သင်္ခေပေန။ အကျဉ်းအားဖြင့်။ဝက္ခံ။ရေးသားပြုပြင်စီရင်မိန့်ဆိုပေအံ့။ ။ပစ္စယာကာရံ၌။ဆန်းကြောင့်ရသပြု။

---

## ၁။ လေးပါးသောဒေသနာဘေဒကိုခွဲ၍ပြခြင်း။

ပဋိစ္စသမုပ္ပါဒ်။ ဒေသနာတော်မြတ်ကို။ လေးရပ်သောဘေဒဖြင့်။ ဒေသက ဖြစ်တော်မူသော။ မြတ်စွာဘုရား ဟောကြားတော်မူသတည်း။ အဘယ်သို့ဟောကြား တော်မူသနည်းဟူမူကား။အစမှသည် အဆုံးတိုင်အောင်ဟောတော်မူသည်။ ။အလည်မှသည် အဆုံးတိုင်အောင် ဟောတော်မူသည်။ ။အဆုံးမှသည် အစတိုင်အောင် ဟောတော် မူသည်။ ။အလည်မှသည် •အစတိုင်အောင် ဟောတော် မူသည်။ ။ဤသို့လေးရပ်

သောဘောဒဖြင့်ဟောကြားပြသတော်မူသတည်း။ ။ထိုလေးပါးတို့တွင်။ ။အဝိဇ္ဇာပစ္စယာသင်္ခါရာ။ သင်္ခါရပစ္စယာဝိညာဏံ။ဝိညာဏပစ္စယာနာမရူပံ။နာမရူပပစ္စယာသဠာယတနံ။သဠာယတန ပစ္စယာဖဿော။ ဖဿပစ္စယာဝေဒနာ။ ဝေဒနာပစ္စယာတဏှာ။တဏှာပစ္စယာဥပါဒါနံ။ဥပါဒါနပစ္စယာဘဝေါ။ဘဝပစ္စယာဇာတိ။ ဇာတိပစ္စယာဇရာ မရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿဒုက္ခက္ခန္ဓဿသမုဒယောဟောတိ။ ။ဤသို့အစမှသည်အဆုံးတိုင်အောင်အနုလောမဒေသနာတော်ကိုဟောတော်မူသည်။ ။သချပ်ဝစနတ္ထတို့ကိုဖွင့်ဆိုရေးသားလိမ့်မည်ဖြစ်သောကြောင့်။ ဤပါဠိတော်ကိုအနက်မပေး မယောဇနာလိုက်သတည်း။

တဿတံဝေဒနံအဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယတိဋ္ဌတော ဥပ္ပဇ္ဇတိနန္ဒီ ယာဝေဒနာသု နန္ဒီ တဒုပါဒါနံ တဿုပါဒါနပစ္စယာဘဝေါ။ဘဝပစ္စယာဇာတိ။ ။တံဝေဒနံ။ထိုဝေဒနာကို။အဘိနန္ဒတော။ တဏှာ၏ အစွမ်းအားဖြင့် အလွန်နှစ်သက်ခြင်းရှိသော။အဘိဝဒတော။တဏှာ၏အစွမ်းအားဖြင့်ဪချမ်းသာစွဟုဆိုခြင်းရှိသော။ အဇ္ဈောသာယ။ တဏှာသက်ယူ။မျိုကျူပြီးဆုံးစေ၍။ တိဋ္ဌတော။တည်သော။ဝါ။ ယူသော။ တဿ။ထိုသတ္တဝါအား။နန္ဒီ။အားကြီးသောတဏှာသည်။ဥပ္ပဇ္ဇတိ။ဖြစ်၏။ဝေဒနာသု။ ဝေဒနာတို့၌။ ဝါ။ ဝေဒနာတို့ကြောင့်။ယာနန္ဒီ။အကြင်အားကြီးသောတဏှာသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။တံ။ထိုအားကြီးသောတဏှာသည်။ ဥပါဒါနံ။ ဥပါဒါန်မည်၏။ တဿ။ထိုသတ္တဝါအား။ ဥပါဒါန ပစ္စယာ။ ဥပါဒါန် ဟူသော အကြောင်းကြောင့်။ဘဝေါ။ ကမ္မဘဝ။ဥပပတ္တိဘဝသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ဘဝပစ္စယာ။ ကမ္မဘဝဟူသောအကြောင်းကြောင့်။ ဇာတိ။ရုပ်နာမ်အားဖြင့်နှစ်ပါးသောဇာတိသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ ။ဤသို့ဝေဒနာတည်းဟူသော အလည်မှစ၍ အဆုံးတိုင်အောင် ဟောကြားတော်မူသည်။ ။အဇ္ဈောသာယတိဋ္ဌတိတိတဏှာ့အဇ္ဈော

သာနဟာဂဏောနုဂိလိတွာပရိနိဋ္ဌာပေတွာဂဏှာတိ။ ဟူသောအဋ္ဌကထာဖွင့်ကိုထောက်၍။ အဇ္ဈောသာယတိဋ္ဌတော ဟူသောပါဠိကိုအနက်ယောဇနာသည်။

ဇာတိပစ္စယာဇရာမရဏန္တိ ဣတိပဒေနတံဝုစ္စတိ။ ဇာတိပစ္စယာနုခေါဘိက္ခဝေဇရာမရဏံနောဝါကထံဝါဧတ္ထဟောတီတိ။ ဇာတိပစ္စယာဘန္တေဇရာမရဏံဧဝံနောဧတ္ထဟောတိ။ ။ဇာတိပစ္စယာဇရာမရဏန္တိ။ ဇာတိပစ္စယာဇရာမရဏံဟူ၍။ဣတိ။ ဤသို့။ဧတံဝစနံ။ဤစကားကို။မယာ။ ငါဘုရားသည်။ဝုစ္စတိ။ဟောတော်မူအပ်၏။ ဘိက္ခဝေ။ချစ်သားတို့။ ဇာတိပစ္စယာ။ ဇာတိဟူသောအကြောင်းကြောင့်။ဇရာမရဏံ။ဇရာမရဏသည်။ ဟောတိနုခေါ။ဖြစ်သလော။နောဝါ။မဖြစ်သလော။ဧတ္ထ။ဤဇာတိကြောင့်ဇရာမရဏ ဖြစ်မဖြစ်သောအရာ၌။ ကထံဝါ။ အဘယ်သို့လျှင်။ တုမှာကံ။ သင်ချစ်သားတို့၏။မတိ။အလိုသည်။ဟောတိ။ဖြစ်သနည်း။ဣတိ။ဤသို့။ပုစ္ဆိ။မေးတော်မူ၏။ဘန္တေ။ မြတ်စွာဘုရား။ဇာတိပစ္စယာ။ဇာတိဟူသောအကြောင်းကြောင့်။ဇရာမရဏံ။ဇရာမရဏသည်။ဟောတိ။ဖြစ်၏။ဧဝံ။ဤသို့။ဧတ္ထ။၌။ဇာတိပစ္စယာဇရာမရဏန္တိ။ ဇာတိပစ္စယာဇရာမရဏံဟူ၍။ နော။တပည့်တော်တို့၏။မတိ။အလိုသည်။ ဟောတိ။၏။ ။ဤသို့သောအစဉ်အားဖြင့်။ ဇာတိသည်ကမ္မဘဝကြောင့်။ဘဝသည်ဥပါဒါန်ကြောင့်။ဥပါဒါန်သည်တဏှာကြောင့်။တဏှာသည်ဝေဒနာကြောင့်။ ဝေဒနာသည်ဖဿကြောင့်။ဖဿသည် သဠာယတနကြောင့်။ သဠာယတနသည်နာမ်ရုပ်ကြောင့်။နာမ်ရုပ်သည်ဝိညာဏ်ကြောင့်။ဝိညာဏ်သည်သင်္ခါရ ကြောင့်။ သင်္ခါရတို့သည် အဝိဇ္ဇာကြောင့်၊ ဖြစ်ကုန်၏။ဤသို့အဆုံးမှသည်အစတိုင်အောင်၊ ပဋိလောမဒေသနာကိုဟောတော်မူသည်။

ဣမေစဘိက္ခဝေစတ္တာရော အာဟာရာ ကိံနိဒါနာ။ကိံသမုဒယာ။ကိံဇာတိကာ။ကိံပဘဝါ။ ဣမေစတ္တာရောအာဟာရာတဏှာနိဒါနာ။ တဏှာသမုဒယါတဏှာဇာတိကာတဏှာပဘ

ဝါ။ ။ဘိက္ခဝေ။သံသရာရေး။ ကြိကာတွေး၍။ ဘေးကိုရှုကြား
ငါ့ချစ်သားတို့။စတ္တာရော။ လေးပါးကုန်သော။ ဣမေစအာဟာ
ရာ။ကဗဠီကာရဟာရေ။ ဖဿာဟာရေ။ မနောသဉ္စေတနာဟာ
ရေ။ ဝိညာဏာဟာရတည်းဟူသောဤအာဟာရတို့သည်လည်း။
ကိံနိဒါနာ။အဘယ်လျှင်အကြောင်းနိဒါန်းရှိကုန်သနည်း။ ကိံသ
မုဒယာ။ အဘယ်တရားသည် ဖြစ်စေအပ်ကုန်သနည်း။ ကိံဇာ
တိကာ။ အဘယ် တရားကြောင့် ဖြစ်ကြ ကုန် သနည်း။ ကိံ
ပဘဝါ။ အဘယ်တရားလျှင် အမွန်ရှိကုန်သနည်း။ စတ္တာရော။
လေးပါးကုန်သော။ ဣမေအာဟာရာ။ ဤအာဟာရတို့သည်။တ
ဏှာနိဒါနာ။ တဏှာလျှင်အကြောင်းနိဒါန်းရှိကုန်၏။ တဏှာသ
မုဒယာ။တဏှာတရားသည် ဖြစ်စေအပ်ကုန်၏။ တဏှာဇာတိ
ကာ။တဏှာတရားကြောင့်ဖြစ်ကုန်၏။ တဏှာပဘဝါ။ တဏှာ
တရားလျှင်အမွန်ရှိကုန်၏။ ။ဤသို့စသောပါဠိတော်အစဉ်
အားဖြင့်။ တဏှာသည် ဝေဒနာကြောင့် ဖြစ်၏။ ဝေဒနာသည်
ဖဿကြောင့်ဖြစ်၏။ လ။ သင်္ခါရတို့သည် အဝိဇ္ဇာကြောင့်ဖြစ်
ကုန်၏။ ။ဤသို့အလည်မှစ၍အစတိုင်အောင်ဟောတော်မူ
သည်။ ဤလေးပါးသော ဒေသနာအစဉ်ကို။ နွယ်ပင်နှုတ်သော
ယောကျ်ားလေးယောက်ဥပမာဖြင့်သိအပ်မှတ်အပ်၏။ ။ဒေ
သနာဘေဒပြီး၏။

၂။ အဘယ့်ကြောင့် ဤကဲ့သို့ ထူးထူးခြားခြားလေးပါး
သောအပြားအားဖြင့်ဟောကြားတော်မူအပ်သနည်းဟူမူကား။ ။
ပဋိစ္စသမုပ္ပါဒဿသမန္တဘဒ္ဒကတ္တာသယဉ္စ ဒေသနာ ဝိလာသ
ပတ္တတ္တာ။ ဟူ၍အဋ္ဌကထာ၌ အကြောင်းဟိတ်ကို ကျူးနှိပ်အပ်
သည်နှင့်အညီ။ ပဋိစ္စသမုပ္ပါဒ် တရားတော် မြတ်၏ ထက်ဝန်း
ဥသုံအလုံးစုံ ကောင်းသည်၏ အဖြစ်ကြောင့် လည်းကောင်း။
ကိုယ်တော်မြတ်ဘုရားသည်ဒေသနာတော်၌ စံပယ်ကွန့်မြူးအ
ထူးတင့်တယ်ခြင်းသို့ ရောက်တော် မူသည်၏ အဖြစ်ကြောင့်
လည်းကောင်း။ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း လေးပါးအပြားအား

ဖြင့်ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ကိုဟောကြားတော်မူအပ်
သတည်း။ ။ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်သည်။ မဂ်ကို
သိစေတတ်။ရစေတတ်သည့်၏အဖြစ်ကြောင့်။ ထက်ဝန်းဥဿုံ
အလုံးစုံကောင်း၏ဟူ၍မှတ်။ ။ချိုမြိန်ကောင်းမြတ်သောအရ
သာနှင့်ပြည့်စုံသောသုဓါဘုတ်အခဲတုံးကြီးသည်။ အစအလည်
အဆုံးသုံးပါးလုံး၌။ သုံးဆောင်စားသောက်လိုက်သည်ရှိသော်။
အလွန်မြိန်ရှက်ဆိမ့်ချိုသောအရသာရှိသည်ဖြစ်၍။စားလိုရာရာ
ဂ့ာလှီးဖြတ်ပဲ့ခွဲ့စားအပ်သကဲ့သို့။ထို့အတူ။ ဤပဋိစ္စသမုပ္ပါဒ်ဒေ
သနာတော်မြတ်ကိုလည်း။ ထက်ဝန်း ဥဿုံ အလုံးစုံ ကောင်း
သောကြောင့်။ ဟောလိုရာရာ။ လေးဖြာသော ဘောဒဖြင့်ဟော
ကြားတော်မူအပ်သတည်း။ ။တနည်းကား။ ။ဗုဒ္ဓဘူတော
အနုလောမပဋိလောမတော ပစ္စေကံ ပဋိစ္စသမုပ္ပါဒင်္ဂ ဝသေန
သမ္မသန္တော ဒိဝသေဒိဝသေ လက္ခကောဋိလက္ခကောဋိ သမာ
ပတ္တိယောသမာပဇ္ဇတိ။ ။ဗုဒ္ဓဘူတော။ ဘုရားကိုယ်တော်
စစ်သည်။ အနုလောမပဋိလောမတော။ အနုလုံပဋိလုံအားဖြင့်။
ပစ္စေကံ။အသီးအသီး။ဝါ။တပါးတပါးစီ။ပဋိစ္စသမုပ္ပါဒံ။ပဋိစ္စသ
မုပ္ပါဒ်တရားမြတ်ကို။ အင်္ဂဝသေန။ တဆဲ့နှစ်ဖြာအင်္ဂါတို့၏အ
စွမ်းအားဖြင့်။ သမ္မသန္တော။ သုံးသပ်တော်မူလျက်။ဒိဝသေဒိဝ
သေ။ နေ့တိုင်းနေ့တိုင်း။ လက္ခကောဋိ လက္ခကောဋိသမာပတ္တိ
ယော။ ကုဋေတသိန်းကုဋေတသိန်းသောသမာပတ်တို့ကို။သ
မာပဇ္ဇတိ။ဝင်စားတော်မူ၏။ ။အဓိပ္ပါယ်ကား။ ဘုရားကိုယ်
တော်စစ်သည်။ တဆဲ့နှစ်ရပ်သောပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့တွင်။
အနုလုံအားဖြင့်။ အဝိဇ္ဇာအင်္ဂါ၌။ အကြိမ်ပေါင်းကုဋေတသိန်း
သင်္ခါရအင်္ဂါ၌လည်းအကြိမ်ပေါင်းကုဋေတသိန်း။ ဤသို့အင်္ဂါ
တိုင်းအင်္ဂါတိုင်းအကြိမ်ပေါင်းကုဋေတသိန်း ကုဋေတသိန်းစီ
ဝင်စားတော်မူသဖြင့်။ အနုလုံ၌ အကြိမ်ပေါင်း ကုဋေတသန်း
နှစ်သိန်း။ပဋိလုံအားဖြင့်လည်းထိုနည်းတူစွာ။ ကုဋေတသန်းနှစ်
သိန်း။နှစ်ရပ်ပေါင်း။ ကုဋေနှစ်သန်းလေးသိန်းသောသမာပတ်တို့

ကို။ နေ့တိုင်းရက်ဆက်ဝင်စားတော်မူသည်ဟူ၍။ သံပသာဒနီယသုတ်ဋီကာစသည်တို့၌ လာသည်။ ။စတုပဋိသမ္ဘိဒါဉာဏ် ကောဋ္ဌာသ သတသဟဿသမာပတ္တိ သဉ္စာရိတမဟာဝဇိရဉာဏံ။ ဟူ၍ သမ္ပသာဒနီယသုတ်အဋ္ဌကထာ၌မိန့်တော် မူအပ်သောမဟာဝဇိရဉာဏ်တော်ဟူသည်လည်း။ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ပဋ္ဌာနမဟာပကရဏ်အင်္ဂါတို့ကိုအာရုံပြု၍ ဝင်စားတော်မူအပ်သော။ကုဋေပေါင်းနှစ်သန်းလေးသိန်းသော်သမာပတ်တို့ကိုဖြစ်စေတတ်သောဉာဏ်တော်ကိုရည်၍ မိန့်တော်မူကြောင်းကို။ ၎င်းဋီကာဆိုသောကြောင့်။ ပဋ္ဌာနမဟာပကရဏ် တရားမြတ်သည်။ ထက်ဝန်းဥဿုံအလုံးစုံကောင်း၏။ ဤသို့လည်းမှတ်သင့်၏။ ။ဤအလိုအားဖြင့်။ မဟာဝဇိရဉာဏ်ကို ဖြစ်ပွါးစေတတ်သောကြောင့် ကောင်းသည်ဟူလို။ ။ဤကားလေးပါးသောအပြားအားဖြင့်။ ပဋ္ဌာနမဟာပကရဏ်။ ဒေသနာတော်မြတ်ကိုဟောတော်မူခြင်း၏သာမညဖြစ်သောအကြောင်းတည်း။ ။ဒေသနာဘေဒကိုဟောပြခြင်း၏သာမညဖြစ်သောအကြောင်းကားပြီး၏။

၃။ လေးပါးသောအပြားအားဖြင့် ဟောတော်မူခြင်း၏ဝိသေသဖြစ်သောအကြောင်းကိုကား။ ဤဆိုလတ္တံ့သောနည်းအါးဖြင့်သိမှတ်အပ်၏။ ။ယာအာဒိတောပဋ္ဌာယအနုလောမဒေသနာအစရှိသောအဋ္ဌကထာပါဠ်မိန့်အပ်သည်နှင့်အညီ။ သင်္ခါရစသောအကျိုးတရားတို့၏အကြောင်းကို ဝေဘန်ခြင်း၌၊ပြင်းပြစွာတွေဝေသော။ ဝေနေယျကြွာ သတ္တဝါကို။ တပ်ရာမြင်တော်မူသည်ဖြစ်၍။အကြင်အကြင်မိမိတို့၏ဥစ္စာဖြစ်သောအဝိဇ္ဇာအစရှိသောအကြောင်းတရားတို့ကြောင့်။ သင်္ခါရအစရှိသောအကျိုးတရားတို့၏ဖြစ်ခြင်းကိုပြခြင်းအကျိုးငှါလည်းကောင်း။ အဝိဇ္ဇာသင်္ခါရစသော တရားတို့၏ ဖြစ်စဉ်ကိုပြခြင်း အကျိုးငှါလည်းကောင်း။အစမှစ၍အဆုံးတိုင်အောင်သော အနုလောမဒေသနာတော်ကိုဟောကြားတော်မူသည်။ ။

ယာမဇ္ဈတောပဋ္ဌာယယာဝပရိယောသာနံ အစရှိသောအဋ္ဌ

ကထာပါဠိလာသည်နှင့် အညီ။ ပစ္စုပ္ပန်အခွန့်၌ ပါဝင်သောတဏှာဥပါဒါန်ကမ္မဘဝတို့သည်။ အနာဂတ်အခွန့်ဖြစ်သောဇာတိဇရာမရဏတို့၏အကြောင်းဖြစ်ကြသည်မှစ၍ အနာဂတ်အခွန့်ကိုပြခြင်းငှါ။ အလည်မှစ၍အဆုံးတိုင်အောင်သော ဒေသနာကိုဟောကြားတော်မူသည်။ ။

ယာပရိသောသာနတောပဋ္ဌာယပဋိလောမဒေသနာ။အစရှိသော်အဋ္ဌကထာမိန့်မှာအပ်သည်နှင့်အညီ။ ဤသတ္တဝါအပေါင်းသည်။ပဋိသန္ဓေနေခြင်းအိုခြင်းသေခြင်းဟု ဆိုအပ်သောဇာတိဇရာမရဏတရားတို့သည် အားကြီး နှိပ်စက်အပ်သည် ဖြစ်၍။ လွန်မင်းစွာငြိုငြင်ပင်ပန်း ညှိုးသမ်း နွမ်းရိခြင်းသို့ ရောက်စွတကာ်း၍သို့စသောနည်းအားဖြင့်။ ငြိုငြင်ပင်ပန်းခြင်းသို့ ရောက်သော်သတ္တဝါကို။ထင်စွာဖန်ဖန်မြင်တော်မူပြန်သည်ဖြစ်၍။ ရှေ့အဘို့၌ဖြစ်သောဇရာမရဏ စသည်တို့၏ အကြောင်းဖြစ်သောဇာတိ စသည်တို့ကို ထိုးထွင်း၍ သိခြင်းကို အစဉ်သျှောက်သဖြင့်။ထိုထိုဇရာမရဏ အစရှိသော ဒုက္ခကြီး၏ အကြောင်းဖြစ်သောဇာတိစသည်တို့ကိုပြခြင်းအကျိုးငှါ။ အဆုံးမှစ၍အစတိုင်အောင်သောပဋိလောမဒေသနာတော်ကို ဟောကြားတော်မူရသည်။ ။

ယာမဇ္ဈတောပဋ္ဌာယ ယာဝအာဒိပဝတ္တာ အစရှိသောအဋ္ဌကထာပါဠိနှင့်အညီ။ လေးပါးသောအာဟာရတို့၏ အကြောင်းဖြစ်သောတဏှာကို ပိုင်းခြားမှတ်သားခြင်းကို အစဉ်သျှောက်သဖြင့်အတိတ်အခွန့်တိုင်အောင်ဆောင်၍။ တဖန်အတိတ်အခွန့်မှစ၍အကြောင်း အကျိုးအစဉ် အဆက်ကို ပြခြင်းအကျိုးငှါ။ အလည်မှစ၍အစတိုင်အောင်သော ဒေသနာတော်ကို ဟောကြားတော်မူရသည်။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဒေသနာဘေဒလေးဌာန၏ဝိသေသဖြစ်သော အကြောင်းကို သိမှတ်အပ်၏။ ။ဒေသနာ ဘေဒကို ဟောပြ ခြင်း၏ ဝိသေသအကြောင်းကားပြီး၏။

၄။ ဤလေးပါးသောဒေသနာ အပြားတို့တွင်။ အဝိဇ္ဇာကို
အဦးအစချီ၍ဇရာမရဏာအဆုံးတိုင်အောင် အနုလောမဒေသနာ
တော်မြတ်ကို ဟောကြားတော် မူခြင်းကြောင့်။ ပကတိ ဝါဒီ
ပုဂ္ဂိုလ်တို့၏ပကတိမှာ အကြောင်းကင်းသကဲ့သို့။အဝိဇ္ဇာသည်။
မိမိအားအကြောင်းမရှိသည်ဖြစ်၍အကြောင်းကင်း၍။ဝါ။ မိမိ၏
အကြောင်းကားမရှိသည်ဖြစ်၍။သတ္တဝါအပေါင်း လောက၏အ
ကြောင်းသာဖြစ်လေသလော။ ။ဤကားအမေးပုစ္ဆာစောဒ
နာ။ ။အဝိဇ္ဇာသည်။ မိမိ၏အကြောင်းကားမရှိသည်မဟုတ်။
အကြောင်းရှိသည်သာလျှင်တည်း။ ထိုစကားသည်မှန်၏။ အာ
သဝသမုဒယာအဝိဇ္ဇာသမုဒယောဟူ၍ ဟောကြားတော်မူအပ်
ရကား။အဝိဇ္ဇာ၏အကြောင်းသည်ရှိ၏။ ။အာသဝသမုဒယါ။
အာသဝေါတရား လေးပါးတို့၏ ထင်ရှား ဖြစ်ခြင်းကြောင့်။ အ
ဝိဇ္ဇာသမုဒယော။အဝိဇ္ဇာဖြစ်ပြန်၏။ ။ကာမာသဝ။ဘဝါသ
ဝ။ဒိဋ္ဌာသဝ။အဝိဇ္ဇာသဝတည်းဟူသော။အာသဝေါတရားလေး
ပါးတို့ကိုအဝိဇ္ဇာ၏အကြောင်းဟူ၍မှတ်။ ။ဤကားအဖြေဝိ
သဇ္ဇနာပရိဟာရ်။ ။

ဤလေးပါးသော အာသဝေါတရားတို့ကြောင့် အဝိဇ္ဇာဖြစ်
လျှင်။ အာသဝေါ တရားလေးပါးတို့ကို အဦးအစထား၍ဟော
ကြားတော်မူသင့်ပါလျက်။အဘယ့်ကြောင့်အဝိဇ္ဇာကိုအဦးအစ
ထား၍ဟောကြားတော်မူပါသနည်းဟူမူ။ ။ဝဋ္ဋကထာဒေ
သနာ၌။ အဝိဇ္ဇာနှင့်တဏှာကိုသာခေါင်းတပ်၍ မြတ်စွာဘုရား
ဟောကြားတော်မူသည်။ထိုခေါင်းနှစ်ပါးတို့တွင်၊ အဝိဇ္ဇာသည်
ပဓာနဖြစ်သောကြောင့်။ ၎င်းအဝိဇ္ဇာကို အဦးအစထား၍ဟော
ကြားတော်မူလေသည်။ ။အဘယ့်ကြောင့်ဝဋ္ဋကထာ၌။အ
ဝိဇ္ဇာနှင့်တဏှာနှစ်ရပ်ကိုခေါင်းတပ်၍ ဟောတော်မူပါသနည်း
ဟူမူ။ ။ဝဋ်၏ဦးခေါင်းအလား။နှစ်ပါးသော အဝိဇ္ဇာတဏှာ
တည်းဟူသောသီသတရားတို့တွင်။အဝိဇ္ဇာသည်ဒုဂ္ဂတိဘဝသို့
လားစေတတ်သော ကံ၏ ဝိသေသအကြောင်းဖြစ်၏။ ဘဝတ

ဏှာသည်။ သုဂတိဘဝသို့လားစေတတ်သောကံ၏ဝိသေသအ
ကြောင်းဖြစ်၏။ ထို့ကြောင့်။ ထိုတရားနှစ်ပါးကို ခေါင်းတပ်၍
ဟောကြားတော်မူအပ်သတည်း။ ။အဘယ့်ကြောင့်အဝိဇ္ဇာ
သည်။ ဒုဂ္ဂတိဘဝသို့ လားစေ တတ်သော ကံ၏ ဝိသေသအ
ကြောင်းဖြစ်လေသနည်းဟူမူ။ ။မီးဖြင့်ပူစေအပ်သောခေါံ
ပုတ်ဖြင့်။ရိုက်နှက်ပုတ်ခတ်အပ်သောဘေးကြီးသည်။ ဘိစီးနှိပ်
စက်။ အသက်သေအောင်သတ်အပ်လတံ့သောနွားမသည်။ ထို
ဘေးကြီးဖြင့် အလွန်တရာကျင်နာလှသည်ဖြစ်၍။ သက်သာရာ
ကိုမပေးတတ်သောကြောင့်မသာယာအပ်သော။ မိမိ၏အကျိုး
စီးပွါးမဲ့ကိုသာ ဆောင်တတ်သည်လည်းဖြစ်သော။ရေငွေးရေ
ပူကိုသောက်ခြင်း၌ အားထုတ်မှား သကဲ့သို့။ မောဟအဝိဇ္ဇာ
သည်။ ပြင်းပြစွာနှိပ်စက်အပ်သောပုထုဇဉ်ရိုက်သည်။ ကိလေ
သာဖြင့်ပူပန်လှသည်ဖြစ်၍။ သက်သာရာကို မပေးတတ်သော
ကြောင့်မသာယာအပ်သောအပါယ်လေးပါးသို့ လားစေကျစေ
တတ်သောကြောင့်။ မိမိ၏အကျိုးစီးပွါးမဲ့ကိုသာ ရွက်ဆောင်
တတ်သော ပါဏာတိပါတ အစရှိသော။ ဒုဂ္ဂတိဘဝသို့ လား
ကြောင်းမကောင်းမှု အကုသိုလ်တရားတို့ကိုသာ များစွာအား
ထုတ်ပြုလုပ် မှားလေသည်။ နွားရာမှာဝဲစွဲ။ လဲရာမှာဘိထောင်း။
စောင်းရာမှာထပ်၍ခွဲ့။မဲ့သည့်အပေါ်မှာရှုံ့၍ပြ။။ ဆိုကြသည့်ပ
မာစကားကဲ့သို့အလားတူဖြစ်လေ၏။ ။ထို့ကြောင့်အဝိဇ္ဇာ
သည်။ ဒုဂ္ဂတိဘဝသို့ လားစေ တတ်သော ကံ၏ ဝိသေသအ
ကြောင်းဖြစ်လေသည်။ ။

အဘယ့်ကြောင့် ဘဝတဏှာသည် သုဂတိဘဝသို့လားစေ
တတ်သောကံ၏ဝိသေသအကြောင်းဖြစ်လေသနည်းဟူမူ။ ။
ယခင်ပြဆိုအပ်ခဲ့ပြီးသောသတ်အပ်လတံ့သော နွားမသည်။ရေ
ဧးကို၎သောက်လိုသောအာသာဖြင့်။သက်သာရာကိုပေးတတ်ရေ
စေတတ်သောကြောင့်သာယာအပ်သော။ မိမိ၌ရောက်သောပူ
လောင်ခြင်းဘေးရန်ကြီးကို ဖျက်ဆီးငြိမ်းဧးစေတတ်သောရေ

ဧးကိုသေခံခြင်း၌ါအါးထုတ်သကဲ့သို့။ဘဝတဏှာသည်နှိပ်စက်အပ်သောပုထုဇဉ်သည်။ ကိလေသာဟူသောပူပန်ခြင်းမှကင်းသဖြင့်သက်သာရာကိုပေးတတ်ရစေတတ်သောကြောင့် သာယာအပ်သော။ သုဂတိဘဝသို့ လားရောက်ရသဖြင့်။ မိမိ၏အပါယ်လေးပါး၌ဖြစ်ရလတံ့သောဆင်းရဲကို ပယ်ဖျောက်တတ်သည်လည်းဖြစ်သော။ ပါဏာတိပါတစသည်တို့မှရှောင်ကြဉ်ခြင်းစသော။ သုဂတိဘဝသို့လားရရောက်ရကြောင်းကောင်းမှုကုသိုလ်ကံတို့ကိုများစွာအားထုတ်၏။ ထို့ကြောင့်ဘဝတဏှာသည်။သုဂတိ ဘဝသို့ လားစေတတ်သော ကံ၏ ဝိသေသအကြောင်းဖြစ်လေသည်။ ။ထိုသီသတရားနှစ်ပါးတို့တွင်လည်း အဝိဇ္ဇာသည်ကား။တဏှာ၏လည်းအကြောင်းဖြစ်နိုင်ပြန်သောကြောင့်။ သာ၍ပင် ဘဝစက်ယန္တရား။ ဝဋ်တရား၌ပြဓာန်းလေသည်။ထို့ကြောင့်အဝိဇ္ဇာကိုရှေ့ဦးစတင်၍ဟောတော်မူသည်။ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယောဟူသော သာဓကပါဠိတော်၌။ ။အပရာပရုပ္ပန္နာစေတ္ထ အဝိဇ္ဇာအဝိဇ္ဇာသဝေါဝေဒိတဗ္ဗောဟူ၍ သမ္မာဒိဋ္ဌိသုတ် အဋ္ဌကထာဖွင့် ပြတော်မူသောကြောင့်။ အကြိမ်ကြိမ်အထပ်ထပ်ဆက်၍ ဆက်၍ဖြစ်သောအဝိဇ္ဇာသည်အဝိဇ္ဇာသဝမည်၏။ ပစ္စုပ္ပန္နဖြစ်သောအဝိဇ္ဇာသည်ကားအဝိဇ္ဇာသာမည်၏။အဝိဇ္ဇာသဝမမည်။ ဤသို့အဝိဇ္ဇာနှင့်အဝိဇ္ဇာသဝသည်။ တရားကိုယ်ပင်တူသော်လည်း။ ပဝတ္တာကာရအားဖြင့် အထူးအပြားကိုလည်းမှတ်အပ်၏။ ။ဤကားဒေသနာဘေဒ၌ပုဗ္ဗာဝိသဇ္ဇနာနှင့် တကွသီသတရား နှစ်ပါးကိုထင်ရှားပြသောစကားရပ်တည်း။ ။

---

## ၅။ အဝိဇ္ဇာပစ္စယာဟူသောပုဒ်၌အဝိဇ္ဇာ၏သရုပ်တရားကိုယ်ကိုပြခြင်း။

အဝိဇ္ဇာဟူသည်ကား။သမ္မာဒိဋ္ဌိသုတ်။ သံယုတ်ပါဠိတော်စ

သောသုတ္တန်နည်းအားဖြင့်။ သစ္စာလေးပါးတို့၏။ ဟုတ်မှန်တိုင်းသောသဘောလက္ခဏာတို့ကိုထိုးထွင်း၍သိခြင်းငါမပေး။ မြွေးရှက်ဖုံးလွှမ်းခြင်းသဘောဖြစ်သောမောဟသည်လည်းကောင်း။ အဘိဓမ္မာနည်းအားဖြင့်။ ရှေ့အတိတ်အဘို့။ နောက်အနာဂတ်အဘို့။ ရှေ့နောက်အတိတ်အနာဂတ်အဘို့ဖြစ်ကုန်သော။ ခန္ဓာယတနစသည်တို့၏ဟုတ်မှန်တိုင်းသော သဘောလက္ခဏာတို့ကိုထိုးထွင်း၍သိခြင်းငါမပေး။ မြွေးရှက်ဖုံးလွှမ်းခြင်းသဘောဖြစ်သောမောဟ သည်လည်းကောင်း။ ဤကားသင်္ခါရစသောအကျိုးတရားတို့၏ အကြောင်း ဖြစ်သော အဝိဇ္ဇာစသော တရားတည်း။ ဤကားအဝိဇ္ဇာစသော အကြောင်းတရားတို့၏ အကျိုးဖြစ်သောသင်္ခါရစသော တရားတို့တည်း။ ဤသို့ပဋိစ္စသမုပ္ပန်တရားတို့၏ဟုတ်တိုင်းမှန်တိုင်းသောသဘောလက္ခဏာတို့ကို။ အမှန်အကန်ထိုးထွင်း၍သိခြင်းငါမပေး။ မြွေးရှက်ဖုံးလွှမ်းခြင်းသဘောဖြစ်သောမောဟသည်လည်းကောင်း။အဝိဇ္ဇာမည်၏။ ။ ဤအဝိဇ္ဇာသည်။တရားကိုယ်အားဖြင့်မောဟစေတသိက်တပါးတည်းပင်ဖြစ်သော်လည်း။သုတ္တန်နည်းအားဖြင့် သစ္စာလေးတန်၊ အဘိဓမ္မာနည်းအားဖြင့်။ပုဗ္ဗန္တ။အပရန္တ။ ပုဗ္ဗန္တာပရန္တ။ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နဓမ္မ။ ဤရှစ်ဌာန၌။ ဖုံးလွှမ်းမြွေးရှက်သောအားဖြင့်ဖြစ်ခြင်းကြောင့်ရှစ်ပါးပြားလေသည်ဟူ၍လည်းမှတ်။ ။

---

## ၆။ အဝိဇ္ဇာစသောပုဒ်တို့၏ဝစနတ္ထအဓိပ္ပါယ်ကိုပြခြင်း။

အဝိန္ဒိယံဝိန္ဒတီတိအဝိဇ္ဇာ။ ။ယာဝဓမ္မဇာတိ။အကြင်တရားသဘောသည်။ အဝိန္ဒိယံ။ ဖြည့်ကျင့်သမှုပြုလုပ်ခြင်းငါမသင့်မလျော်သောအနက် သဘောကြောင့်။ မရအပ် မရထိုက် မရကောင်းသောကာယဒုစရိုက်စသည်ကို။ဝိန္ဒတိ။ ရတတ်၏။ ဝါ။ ရအောင်လုပ်တတ်၏။ ဣတိ။ထို့ကြောင့်။ သာဝဓမ္မဇာတိ။ထိုတရားသဘောသည်။အဝိဇ္ဇာ။အဝိဇ္ဇာမည်၏။ ။ဝိန္ဒိယံဝါနဝိန္ဒတိ

တိအဝိဇ္ဇာ။ ။ဝါ။တနည်းကား။ယာဓမ္မဇာတိ။ အကြင်တရား
သဘောသည်။ဝိန္ဒိယံ။ ဖြည့်ကျင့်သမှုပြုလုပ်ခြင်းငှါသင့်လျော်
သောအနက်သဘောကြောင့်။ ရအပ်ရထိုက် ရကောင်းသော
ကာယသုစရိုက်စသည်ကို။ နဝိန္ဒတိ။ မရတတ်။ ဝါ။ရအောင်မ
လုပ်တတ်။ဣတိ။ထို့ကြောင့်။သာဓမ္မဇာတိ။ ထိုတရားသဘော
သည်။အဝိဇ္ဇာ။အဝိဇ္ဇာမည်၏။ ။အဝိဒိတံဝါကရောတီတိအ
ဝိဇ္ဇာ။ ။ဝါ။တနည်းကား။ ယာဓမ္မဇာတိ။ သည်။ အဝိဒိတံ။
ခန္ဓာ။အာယတန။ဓါတ်။သစ္စာ။ဣန္ဒြေတို့၏။ အစုဟူသောအနက်။
သံသရာ၌ချဲ့ထွင်ခြင်း ဟူသောအနက်။ ဆိတ်ခြင်း ဟူသောအ
နက်။ မှန်ကန်ခြင်းဟူသောအနက်။ အစိုးရခြင်းဟူသောအနက်
တို့ကို။အချက်ကျကျ။မသိရအောင်။ကရောတိ။ပြုတတ်၏။ဣတိ။
ကြောင့်။ သာဓမ္မဇာတိ။သည်။ အဝိဇ္ဇာ။မည်၏။ ။အန္တရဟိ
တေဝါသံသာရေသတ္တေဇဝါပေတီတိအဝိဇ္ဇာ။ ။ဝါ။ကား။
ယာဓမ္မဇာတိ။သည်။ အန္တရဟိတေ။ အပိုင်းအခြားကင်းသော။
သံသာရေ။သံသရာ၌။သတ္တေ။သတ္တဝါတို့ကို။ ဇဝါပေတိ။လေး
ပါးယောနိ။ဂတိငါးရပ်။ကိုးထပ်ဘဝ။ သတ္တဝိညာဏ်။ကိုးတန်
သတ္တဝါသတို့၌။ ဝါ။တို့သို့။ ကျင်လည်ပြေးသွားစေတတ်၏။ဣ
တိ။ကြောင့်။သာဓမ္မဇာတိ။သည်။အဝိဇ္ဇာ။မည်၏။ ။ပရမတ္ထ
တောအဝိဇ္ဇမာနေသုဝါဣတ္ထိပုရိသာဒီသုဇဝတီတိအဝိဇ္ဇာ။ ။
ဝါ။ကား။ယာဓမ္မဇာတိ။သည်။ပရမတ္ထတော။ပရမတ်အားဖြင့်။
အဝိဇ္ဇမာနေသု။ ထင်ရှားမရှိကုန်သော။ ဣတ္ထိပုရိသာဒီသု။မိန်း
မယောကျ်ားစသည်တို့၌။ ဇဝတိ။ လျင်စွာဖြစ်တတ်၏။ ဣတိ။
ကြောင့်။သာဓမ္မဇာတိ။သည်။အဝိဇ္ဇာ။မည်၏။ ။ဝိဇ္ဇမာနေ
သုဝါခန္ဓာဒီသုပိနဇဝတီတိအဝိဇ္ဇာ။ ။ဝါ။ကား။ယာဓမ္မဇာတိ။
သည်။ဝိဇ္ဇမာနေသုပိ။ပရမတ်အားဖြင့်ထင်ရှားရှိသည်လည်း
ဖြစ်ကုန်သော။ခန္ဓာဒီသု။ခန္ဓာစသည်တို့၌။နဇဝတိ။မဖြစ်တတ်။
ဣတိ။ကြောင့်။သာဓမ္မဇာတိ။သည်။အဝိဇ္ဇာ။မည်၏။ ။ဝိဇ္ဇာ
ယဝါပဋိပက္ခာတိအဝိဇ္ဇာ။ ။ဝါ။ကား။ ယာဓမ္မဇာတိ။သည်။

ဝိဇ္ဇာယ။ဝိဇ္ဇာ၏။ဝါ။ပညာ၏။ပဋိပက္ခ။ဆန့်ကျင်ဘက်တည်း။ဇာတိ။ကြောင့်။ သာဓမ္မဇာတိ။သည်။ အဝိဇ္ဇာ။မည်၏။ ဤကားအဝိဇ္ဇာဟူသောပုဒ်၏ဝစနတ္ထတည်း။ ။

စက္ခုဝိညါဏာဒိနံဝတ္ထာရမ္မဏပဋိစ္စသမုပ္ပါဒပဋိစ္စသမုပ္ပန္နာနံဆာဒနတောပိအဝိဇ္ဇာ။ ။ယာ။အကြင်တရားသဘောသည်။ စက္ခုဝိညာဏာဒိနံ။စက္ခုဝိညာဏ်အစရှိသည်တို့၏။ ဝတ္ထာရမ္မဏံပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နာနံ။ ဝတ္ထုအာရုံ။ အဝိဇ္ဇာ အစရှိသောအကြောင်းတရားဟုဆိုအပ်သောပဋိစ္စသမုပ္ပါဒ်။သင်္ခါရစသောအကျိုးတရားဟုဆိုအပ်သောပဋိစ္စသမုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ။တရားတို့ကို။ဆာဒနတောပိ။ကွယ်ကာပိတ်ရုံ။လွှမ်းခြုံဖုံးအုပ်ခြင်းကြောင့်လည်း။အဝိဇ္ဇာ။အဝိဇ္ဇာမည်၏။ ။ဤကားသဘာဝတ္ထတည်း။ ။ဤသဘာဝတ္ထ၌ အဓိပ္ပါယ်ကား။ စက္ခုဝိညာဏ်စသည်တို့၏မှီရာဝတ္ထု။ ထိုစက္ခုဝိညာဏ်စသည်တို့၏အာရုံတို့ကို။ ဤကားစက္ခုဝိညာဏ် စသည်တို့၏ မှီရာဝတ္ထုတည်း။ ဤကားစက္ခုဝိညာဏ်စသည်တို့၏အာရုံတည်းဟုမသိရအောင်ဖုံးလွှမ်းခြင်းသဘောသည်။ အဝိဇ္ဇာမည်၏။ အဝိဇ္ဇာစသောတရားတို့သည်ကားသင်္ခါရစသောအကျိုးတရားတို့၏အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားတို့တည်း။ သင်္ခါရစသောတရားတို့သည်ကား။အဝိဇ္ဇာစသောအကြောင်းတရားတို့၏အကျိုးဖြစ်သော ပဋိစ္စသမုပ္ပန်တရားတို့တည်းဟု အကြောင်းအကျိုးတို့ကို။ မသိမမြင်မထင်မပေါ်ရအောင်ဖုံးလွှမ်းမြှေးရှက်။ ကန့်ကွက် ပိတ်ပင်ခြင်း သဘောသည် အဝိဇ္ဇာ မည်၏ ဟူလိုသည်။ ။ဤကားအဓိပ္ပါယ်အကျဉ်း။ ။ယံပဋိစ္စဖလံဧတိတိပစ္စယော။ ။ယံ။အကြင်အကြောင်းကို။ပဋိစ္စ။မကြည်မဲစွဲမှီ၍။ဖလံ။အကျိုးသည်။ဧတိ။ဖြစ်တတ်၏။ဇာတိ။ကြောင့်။တံ။ ထိုအကြောင်းသည်။ပစ္စယော။ ပစ္စယမည်၏။ ။အဝိဇ္ဇာစသောပစ္စယောစာတိအဝိဇ္ဇာပစ္စယော။ ။သော။ထိုတရားသဘောသည်။ အဝိဇ္ဇာစ။အဝိဇ္ဇာလည်းဟုတ်၏။ပစ္စယောစ။ အကြောင်းလည်း

ဟုတ်၏။ဇာတိ။ထိုနှစ်ပါးသောသတ္တိကြောင့်။ အဝိဇ္ဇာပစ္စယော။ အဝိဇ္ဇာပစ္စယမည်၏။ ။တသ္မာအဝိဇ္ဇာပစ္စယာ။ထိုအဝိဇ္ဇာဟူသောအကြောင်းကြောင့်။ ။နောက်နောက်သော အရာဌာနတို့၌လည်း။ဤနည်းအတိုင်းဝစနတ္ထပြု။ဝိဘာတျန္တံလေ။ ။

---

## ၇။ အဝိဇ္ဇာ၏လက္ခဏာရသစသည်တို့ကိုပြခြင်း။

အညာဏလက္ခဏာအဝိဇ္ဇာ။သမ္မောဟနရသာ။ဆာဒနပစ္စုပဋ္ဌာနာ။အာသဝပဒဋ္ဌာနာ။ ။အဝိဇ္ဇာ။ အဝိဇ္ဇာသည်။ အညာဏလက္ခဏာ။မသိခြင်းလက္ခဏာရှိ၏။ သမ္မောဟနရသာ။ တွေဝေမိုက်မဲစေခြင်းကိစ္စရှိ၏။ဆာဒနပစ္စုပဋ္ဌာနာ။အာရုံ၏သဘောကိုဖုံးလွှမ်းခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ဝါ။ ဖုံးလွှမ်းသည်၏အဖြစ်ဖြင့်ယူအပ်သော အခြင်းအရာရှိ၏။ ။ထင်သောအခြင်းအရာရှိ၏ဟုအနက်ပေးရာတို့၌။ ဉာဏ်အားရှေးရှုထင်သည်ကိုသာမှတ်။ ။နောက်နောက်ဤနည်းချည်း။ ။အာသဝပဒဋ္ဌာနာ။အာသဝေါတရားလေးပါးလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဝိဇ္ဇာပဒပြီး၏။ ။

---

## ၈။ အဝိဇ္ဇာပစ္စယာသင်္ခါရာဟူသောပုဒ်၌သင်္ခါရတို့၏သရုပ်တရားကိုယ်ကိုပြခြင်း။

ထိုသင်္ခါရတို့သည်။ပုညာဘိသင်္ခါရ။ အပုညာဘိသင်္ခါရ။ အာနေဉ္ဇာဘိသင်္ခါရအားဖြင့်သုံးပါး။ ။တနည်းလည်း။ကာယသင်္ခါရ။ ဝစီသင်္ခါရ။ စိတ္တသင်္ခါရအားဖြင့် သုံးပါး။ ပေါင်းခြောက်ပါးပြားကုန်သတည်း။ထိုခြောက်ပါးတို့တွင်။

ပုညာဘိသင်္ခါရဟူသည်ကား။ ။ဒါနသီလဘာဝနာဖြစ်သော။ ကာမာဝစရကုသိုလ်စေတနာရှစ်ခု။ ဘာဝနာသာလျှင်ဖြစ်သောရူပါဝစရ ကုသိုလ်စေတနာငါးခု။ နှစ်ရပ်ပေါင်းစေတ

နာတဆဲ့သုံးခုတို့သည်။ ဒါနသီလ ဘာဝနာတို့ကို ပွါးများအားထုတ် ပြုလုပ် ကုန်သော ပုဂ္ဂိုလ်တို့ကို မြှုစင် စေတတ်သောကြောင့်ရင်း။ ထိုသူတို့၏အလိုကို ပြည့်စေ တတ်သောကြောင့်ရင်း။ ပူဇော်အပ်သောဘာဝကို ဖြစ်စေတတ်သောကြောင့်ရင်း။ ပုညာဘိသင်္ခါရမည်ကုန်၏။

အပုညာဘိသင်္ခါရဟူသည်ကား။ ။ပါဏာတိပါတအစရှိသည်တို့၏အစွမ်းအားဖြင့်အကုသိုလ်စိတ်တဆဲ့နှစ်ခုတို့၌ယှဉ်သောစေတနာတဆဲ့နှစ်ခုတို့သည်။ ပုည၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်အပုညာဘိသင်္ခါရမည်ကုန်၏။

အာနေဉ္ဇာဘိသင်္ခါရဟူသည်ကား။ ။ဘာဝနာ၏အစွမ်းအားဖြင့်သာဖြစ်သောလေးပါးသော အရူပါဝစရကုသိုလ်စိတ်၌ယှဉ်သောစေတနာလေးခုတို့သည်။ တုန်လှုပ်ခြင်းကင်းသည်၏အဖြစ်ကြောင့်ရင်း။ တုန်လှုပ်ခြင်းကင်းသော ဘာဝကိုဖြစ်စေတတ်သောကြောင့်ရင်း။အနေဉ္ဇာဘိသင်္ခါရမည်ကုန်၏။ ။ သင်္ခါရဟူသောပုဒ်ကိုနောက်၌ဝိဂြိုဟ်ဝစနတ်ပြုလတံ့။

ကာယသင်္ခါရဟူသည်ကား။ ။ဒါန။ သီလတစိတ်ဖြစ်သောကာမာဝစရ ကုသိုလ် စေတနာရှစ်ခု။ ပါဏာတိပါတစသည်တို့၏ အစွမ်းအားဖြင့်။ အသိုလ်စေတနာတဆဲ့နှစ်ခု။နှစ်ရပေါင်းစေတနာနှစ်ဆယ်သည်။ ကာယဝိညတ်ကိုဖြစ်စေ၍ကာယဒွါရ၌ဖြစ်ခိုက်။ကာယသင်္ခါရမည်၏။ ။

ဝစီသင်္ခါရဟူသည်ကား။ ။ဒါန။သီလတစိတ်ဖြစ်သောကာမာဝစရကုသိုလ်စေတနာရှစ်ခု။မုသာဝါဒစသည်တို့၏။အစွမ်းအားဖြင့်အကုသိုလ်စေတနာတဆဲ့နှစ်ခု။ နှစ်ရပေါင်းစေတနာနှစ်ဆယ်သည်။ ဝစီဝိညတ်ကိုဖြစ်စေ၍ဝစီဒွါရ၌ဖြစ်ခိုက်ဝစီသင်္ခါရမည်၏။ ။

စိတ္တသင်္ခါရဟူသည်ကား။ ။ဒါန။ သီလ။ဘာဝနာဖြစ်သော။လောကီကုသိုလ်စေတနာတဆဲ့ခုနစ်ခု။အဘိဇ္ဈာစသည်တို့နှင့်တကွဖြစ်သော အကုသိုလ် စေတနာ တဆဲ့နှစ်ခု။ နှစ်ရ

ပေါင်း။ စေတနာနှစ်ဆဲ့ကိုးခုတို့သည်။ ကာယဝိညတ်ဝစီဝိညတ်တို့ကိုမဖြစ်စေမူ၍။ မနောဒွါရ၌ ဖြစ်ခိုက် စိတ္တသင်္ခါရတို့မည်ကုန်၏။ ။

---

## ၉။ အညမညသမ္ပယောဂအားဖြင့်ကား။

ကာမာဝစရကုသိုလ် စေတနာ ရှစ်ခုတို့သည်။ ကာယဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်သော။ သမ္မာကမ္မန္တဝိရတိနှင့်တကွဖြစ်သောအခါကာယ သင်္ခါရမည်ကုန်၏။ ဝစီဒုစရိုက်လေးပါးတို့ကို ရှောင်ကြဉ်သော သမ္မာဝါစာ ဝိရတိနှင့် တကွဖြစ်သောအခါဝစီသင်္ခါရတို့မည်ကုန်၏။ ။ဤသို့ကာမာဝစရကုသိုလ်စေတနာရှစ်ခုတို့သည်။ အဝတ္ထအားဖြင့်။ ပုညာဘိသင်္ခါရလည်းမည်ကုန်၏။ ကာယသင်္ခါရလည်းမည်ကုန်၏။ ဝစီသင်္ခါရလည်းမည်ကုန်၏။ ။ဒါနအရာ၌ကားထင်ရှားလှလေပြီ။ ။ မနောဒွါရ၌ဖြစ်သောကာမာဝစရကုသိုလ်စေတနာရှစ်ခု။ ရူပါဝစရကုသိုလ်စေတနာငါးခု။ ပေါင်းတဆဲ့သုံးခုသောစေတနာတို့သည်။ ပုညာဘိသင်္ခါရလည်းမည်ကုန်၏။ စိတ္တသင်္ခါရလည်းမည်ကုန်၏။ ။အပုညာဘိသင်္ခါရဖြစ်သောအကုသိုလ်စေတနာတဆဲ့နှစ်ခုတို့သည်။ ကာယဒုစရိုက်၏အစွမ်းအားဖြင့်ကာယဒွါရ၌ဖြစ်သောအခါကာယသင်္ခါရမည်ကုန်၏။ ဝစီဒုစရိုက်၏အစွမ်းအားဖြင့်ဝစီဒွါရ၌ဖြစ်သောအခါ ဝစီသင်္ခါရမည်ကုန်၏။ မနောဒုစရိုက်၏ အစွမ်းအားဖြင့်မနောဒွါရ၌ ဖြစ်သောအခါစိတ္တသင်္ခါရမည်ကုန်၏။ ။အာနေဉ္ဇာဘိသင်္ခါရဖြစ်သောအရူပါဝစရကုသိုလ်စေတနာ လေးခုတို့သည်။ စိတ္တသင်္ခါရသာမည်ကုန်၏။ ။မဟာဂ္ဂုတ်ကုသိုလ်စေတနာကိုးခုတို့သည်။ ကာယဒွါရဝစီဒွါရတို့၌မဖြစ်သောကြောင့်။ ကာယသင်္ခါရ ဝစီသင်္ခါရတို့မမည်ကုန်။ ဟူ၍လည်းမှတ်။ ။

ကာယသင်္ခါရသည်။ အချို့ကားပုညာဘိသင်္ခါရလည်းမဉ်

၏။ အချို့ကား အပုညာဘိသင်္ခါရလည်းမည်၏။ အာနေဉ္ဇာဘိသင်္ခါရကားမမည်။ ။ဝစီသင်္ခါရသည်လည်းထိုအတူ။အချို့ကားပုညာဘိသင်္ခါရမည်၏။ အချို့ကားအပုညာဘိသင်္ခါရမည်၏။အာနေဉ္ဇာဘိသင်္ခါရကားမမည်။ ။စိတ္တသင်္ခါရသည်။အချို့ကားပုညာဘိသင်္ခါရမည်၏။ အချို့ကားအပုညာဘိသင်္ခါရမည်၏။ အချို့ကားအာနေဉ္ဇာဘိသင်္ခါရမည်၏။ ။ဤကားအညမညသမ္ဗယောဂတည်း။ ။

၁၀။ ဤသို့ပြဆိုအပ်ခဲ့ပြီးသော အလုံးစုံသော သင်္ခါရတို့သည်အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ ဟုအဘယ်သို့သိနိုင်ပါသနည်းဟူမူကား။အဝိဇ္ဇာရှိသော်သာလျှင်သင်္ခါရဖြစ်သည်။ အဝိဇ္ဇာမရှိလျှင်သင်္ခါရမဖြစ်သောကြောင့်သိနိုင်သည်။ ။အနည်းငယ်ချဲ့ဦးအံ့။ ။သစ္စာလေးတန်ပုဗ္ဗန္တစသော ရှစ်ဌာနတို့၌မပယ်အပ်သေးသောအဝိဇ္ဇာရှိသောသတ္တဝါသည်။ခန္ဓာအာယတနဓါတ်။မပြတ်မစဲတလဲလဲ ဖြစ်နေကြသော။ သံသရဝဋ်ဆင်းရဲကြီးကို။ခဲခဲမဲမဲချမ်းသာဘဲဟုစွဲယူထင်မှတ်ပြီးလျှင်။ ထိုဆင်းရဲဒုက္ခကြီး၏အကြောင်းဖြစ်သော။ တဏှာသည် ခြံရံအပ်သော။သံသရာဝဋ်ဒုက္ခ၏ချုပ်ရာမဟုတ်သည့်ဘုံဘဝ။ဂတိဝိသေသကိုတော်င့်တ၍။နိရောဓအမှန်။နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းကောင်းလမ်းမှန်မဟုတ်ပါဘဲလျက်။ လမ်းကောင်းလမ်းမှန်ဟုထင်မှတ်လွဲ၍။ ကျွဲနွားဆိတ်ဝက် ကြက်ငှက်စသော သတ္တဝါ တို့ကို။ များစွာသတ်ဖြတ်ပြီးလျှင်။ယဇ်နတ်ကို ပူဇော်ခြင်း။ သေရာမှန်လည်း။မသေတန်ရာ အာကာ ဘုံခွင် ထက် ကောင်း ကင်သို့ အလျင်ရောက်လို၍။ထိုထိုသို့သောရေဥပမ်းနင်း။ နေပြင်းပူခံ။မီးလျှံရစ်သန်းအကျင့်ဆန်းကို။အမှန်းမသိ။ မောဟဘိသောကြောင့်ကျင့်မိခြင်းစသော အကျင့်ယုတ်တို့ကို အကြောင်း အဦးအမှူးပြုသဖြင့်။ ပြဆိုအပ်ခဲ့ ပြီးသော သင်္ခါရတို့ကို အားထုတ် မှား လေသည်။ ။ဤသို့မပယ်အပ်သေးသောအဝိဇ္ဇာရှိသောသတ္တဝါတို့သည်။ ထိုသင်္ခါရတရားတို့ကိုအားထုတ်ကြရကား အလုံးစုံ

သောသင်္ခါရ တို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟု။ သချာ တပ်ကြပ်သိမှတ်အပ်၏။ ။ဤကားလက်ဝါးကြီးအုပ်အကျဉ်း ချုပ်အဓိပ္ပါယ်။အကျယ်ကိုနောက်၌ဆိုလတ္တံ့။ ။

၁၁။ အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကြကုန်၏ဟူ ရာ၌။အဝိဇ္ဇာတည်းဟူသော အကြောင်းတခုကြောင့်သာသင်္ခါ ရတို့သည်ဖြစ်ကြကုန်သလော။ ထိုသို့မဟုတ်။ အဝိဇ္ဇာမှတပါး အခြားသောအကြောင်းတို့သည်လည်း ရှိကုန်သေးသလော။အ ကယ်၍အဝိဇ္ဇာတခုတည်းကြောင့်သာ သင်္ခါရတို့သည်ဖြစ်ကြ ကုန်သည်မှန်က။ အကြောင်းတခုတည်းကြောင့် အကျိုးဖြစ်၏ ဟုယူသောဧကကာရဏဝါဒသည်ဖြစ်ရာ၏။ အကယ်၍အဝိဇ္ဇါ မှတပါးအခြားသောအကြောင်း တရားများရှိသေးကုန်ငြားအံ့။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူ၍။ အကြောင်းတခု တည်းကိုသာ ဟောကြားညွှန်းပြတော်မမူသင့်။ ။ဤကားစောဒနာ။ ။တ ခုတည်းသော အကြောင်းကိုဟောကြား ညွှန်းပြတော် မူသင့် သည်သာတည်း။မသင့်သည်မဟုတ်။ ။အကြောင်းကား။ ။ တခုတည်းသောအကြောင်းကြောင့်။ တခုတည်းသောအကျိုး မဖြစ်။ များစွာသော အကျိုးလည်း မဖြစ်။ များစွာ သော အ ကြောင်းကြောင့်တခုတည်းသော အကျိုးလည်းမဖြစ်။ များစွာ သော အကြောင်းကြောင့်ကား။ များစွာ သော အကျိုးသာဖြစ် သည်။ထို့ကြောင့်။ဥတုရေမြေမျိုးစေ့ဟူသောများစွာသောအ ကြောင်းတို့ကြောင့် အခင်း အနံ့အရသာ အညွန့် အညှောက် ပေါက်ရောက် စည်ကားခြင်း တည်း ဟူသော အကျိုးအများ ဖြစ်ခြင်းသည်။ ယခုလောက၌ မျက်မြင်အထင်အရှားပင်ဖြစ်၏။ ဝိဇ္ဇမာနေသုပိအညေသုဝတ္ထာရမ္မဏာသဟဇာတဓမ္မာဒိသုသင်္ခါ ရကာရဏေသုအစရှိသောအဋ္ဌကထာပါဠိနှင့်အညီ။ အဝိဇ္ဇာတ ခုတည်းသာသင်္ခါရတို့၏အကြောင်းမဟုတ်သေး။ အဝိဇ္ဇာမှတ ပါးဝတ္ထုအာရုံသဟဇာတ်စသောတရားတို့သည်လည်း။ သင်္ခါ ရတို့၏အကြောင်းဖြစ်ကြကုန်သေးသောကြောင့်။ အကြောင်းရှိ

ကျန်သေး၏။သို့ရှိကျန်သေးသော်လည်း။ ပြဓာန်းသည့်၏အဖြစ်။ထင်ရှားသည့်၏အဖြစ်။မဆက်ဆံသည့်၏အဖြစ်ကြောင့်။ ဒေသနာဝိလာသ။ဝေနေယျဇ္ဈာသယတို့အားလျော်သောအားဖြင့်။ အကြောင်းတခုအကျိုးတခုကိုသာဟောကြား ညွှန်းပြတော်မူအပ်သတည်း။ ။ထိုစကားကိုထင်ရှားစေအံ့။ ။ဖဿသည်ဝေဒနာ၏ပြဓာန်းသောအကြောင်းဖြစ်၏။ သလိပ်ကြောင့် အနာဖြစ်ရာ၌။သလိပ်သည်အနာ၏ ထင်ရှားသော အကြောင်းဖြစ်၏။ အယောနိသောမနသိကာရသည် အကုသိုလ်၏ မဆက်ဆံသော အကြောင်းဖြစ်၏။ ။ဝတ္ထု အာရုံတို့ကဲ့သို့ မဆက်ဆံဟူလိုသည်။ ။ဤအဝိဇ္ဇာပစ္စယာသင်္ခါရာစသည်၌လည်းပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ သင်္ခါရတို့၏ဝတ္ထုအာရုံအစရှိသောများစွာသော်အကြောင်းတရားတို့သည်ရှိငြားကျန်သော်လည်း။အဿါဒါနုပဿိနောတဏှာပဝဍ္ဎတိဟူ၍၎င်း။ အဝိဇ္ဇာ သမုဒယာအာသဝသမုဒယော ဟူ၍၎င်း။ ထပ်ဆင့် ဟောကြားတော် မူပြန်သောကြောင့်။ အဝိဇ္ဇာသည်သင်္ခါရတို့၏အကြောင်းဖြစ်သော တဏှာစသည်တို့၏လည်းအကြောင်းဖြစ်နိုင်ပြန်သောကြောင့်။ ပြဓာန်းသောအကြောင်းဖြစ်၏။ ။အဝိဒွါဘိက္ခဝေအဝိဇ္ဇာဂတောပုညာဘိ သင်္ခါရံပိ အဘိသင်္ခရောတိဟူ၍ ဟောတော်မူသောကြောင့်။ အဝိဇ္ဇာသည် သင်္ခါရတို့၏ ထင်ရှား သော အကြောင်းလည်းဖြစ်၏။ တပါးသောအကျိုးတို့နှင့်မဆက်ဆံသော်အကြောင်းလည်းဖြစ်၏။ ။ဤသို့ပဓာနပါကဋအသာဓါရဏအကြောင်းဖြစ်သော်ကြောင့်။ ဒေသနာဝိလာသ။ဝေနေယျဇ္ဈာသယတို့အားလျော်သောအားဖြင့်။ အဝိဇ္ဇာပစ္စယာသင်္ခါရာဟူ၍အကြောင်းတခုအကျိုးတခုကိုသာဟောကြား ညွှန်းပြတော်မူအပ်သတည်း။ ။ဤသည်လျှင်အကြောင်းတည်း။ ။အကြောင်းတခုအကျိုးတခုကိုဟောတော်မူသော အရာဟူဟူသမျှတို့၌ဤနည်းချည်းမှတ်။ ။

၁၂။ . အဝိဇ္ဇာကြောင့် သုံးပါးသော သင်္ခါရတို့ ဖြစ် ကြ

သောအရာ၌။ တမာစေ့မှတမာပင်သာပေါက်ရာသကဲ့သို့။ စင်စစ်မလိုအပ်သောအကျိုးရှိသော အပြစ်နှင့်တကွ ဖြစ်သော အဝိဇ္ဇာသည်။ အပုညာဘိသင်္ခါရ၏ အကြောင်းဖြစ်တန်စေ။ ခါးသောအရသာရှိသောတမာစေ့မှ။ ချိုသောအရသာရှိသောကြံပင်မပေါက်ကောင်းသကဲ့သို့။ အဝိဇ္ဇာသည် ပုညာဘိ သင်္ခါရ အာနေဥ္ဇာဘိသင်္ခါရတို့၏ အကြောင်းဖြစ်ရခြင်းသည်။အသို့သင့်နိုင်ပါသနည်းမသင့်တန်ရာပါတကားဟူငြားအံ့။ ။

ဝိရုဒ္ဓေါစာဝိရုဒ္ဓေါစ။ သဒိသာသဒိသောတထာ။ ဓမ္မာနံပစ္စယောသိဒ္ဓေါ။ဝိပါကာဧဝတေနစ။ ။ဟူ၍အဋ္ဌကထာဆရာမိန့်မှာ ဖြေရှင်းတော်မူအပ်ပြီ။ ။လောကသ္မိံ။ လောက၌။ဝိရုဒ္ဓေါစ။ ဆန့်ကျင်သည်လည်း ဖြစ်သော။ အဝိရုဒ္ဓေါစ။ မဆန့်ကျင်သည်လည်းဖြစ်သော။ တထာ။ထိုမှတပါး။ သဒိသောစ။ တူသည်လည်းဖြစ်သော။အသဒိသောစ။ မတူသည်လည်းဖြစ်သော။ဓမ္မာနံ။ အကျိုးတရားတို့၏။ ပစ္စယော။ အကြောင်းတရားသည်။သိဒ္ဓေါ။ပြီးစီးထင်ရှား၏။တေစ။ ထိုအကျိုးတရားတို့သည်လည်း။နဝိပါကာဧဝ။အကျိုးရင်းဇစ်တို့သာမဟုတ်ကုန်။ ။အဓိပ္ပါယ်ကား။ ။အကျိုးတရားတို့၏ အကြောင်းတရားတို့သည်။သဘောကိစ္စဌာနမဆန့်။ သန့်သန့်တူမှသာ အကြောင်းဖြစ်ရမည် မဟုတ်။ ဆန့်ကျင်ဘက်နှင့် သက်သက် မတူသော်လည်းအကြောင်းဖြစ်နိုင်ခြင်းသည်။ ဤလောက၌ပြီးစီးထင်ရှား၏။ ။ထင်ရှားဟန်ကား။ ။ရှေ့စိတ်၊ ရှေ့အတတ်စသည်ကိုသင်ခြင်းသည်။ ဌာနအားဖြင့် ဆန့်ကျင်လျက်နှင့်။ နောက်စိတ်။နောက်အတတ်ကိုပြုခြင်းတို့၏ဌာနဝိရုဒ္ဓအကြောင်းဖြစ်သည်။ ။ကျသိုလ်အကျသိုလ်ကံ၊ နွားနို့စသည်တို့သည်၊ သဘောအားဖြင့်ဆန့်ကျင်လျက်ပင်။ ကမ္မဇရုပ်နို့ဓမ်းစသည့်တို့၏ သဘာဝဝိရုဒ္ဓအကြောင်းဖြစ်ကြကုန်၏။ ။အရောင်အလင်း။တင်းလဲစသည်တို့သည်။ကိစ္စအားဖြင့်ဆန့်ကျင်လျက်နှင့်ပင်။စက္ခုဝိညာဏ်။အရက်စသည်တို့၏ကိစ္စဝိရုဒ္ဓအကြောင်းဖြစ်ကြကုန်၏။ ။စက္ခု

ပသာဒရူပါရုံစသည်တို့သည်။ ဌာနအားဖြင့်မဆန့်ကျင်ဘဲစက္ခု
ဝိညာဏ်စသည်တို့၏ဌာနာဝိရုဒ္ဓအကြောင်းဖြစ်ကြကုန်၏။ ။
ရှေ့ရှေ့ဖြစ်သောဇောစသည်တို့သည်။ သဘောအားဖြင့် ၎င်း။
ကိစ္စအားဖြင့်၎င်းမဆန့်ကျင်ဘဲ။ နောက်နောက်ဇောစသည်တို့
၏သဘာဝကိစ္စာဝိရုဒ္ဓအကြောင်းဖြစ်ကြကုန်၏။ ။ဤအတူ။ဥ
တုအာဟာရဖြစ်သော ရုပ်တို့သည်။ ဥတုဇအာဟာရဇဖြစ်ကြ
သောရုပ်တို့၏။ သလေးမျိုးစေ့စသည်တို့သည်။ သလေးသီးစ
သည်တို့၏။တူသောသဒိသအကြောင်းဖြစ်ကြကုန်၏။ ။ရုပ်
သည်ရုပ်၏။ နာမ်သည်ရုပ်၏။ မတူသောအသဒိသအကြောင်း။
နွားမွေးဆိတ်မွေးတို့သည်။ နေဇာမြက်ပင်၏။ ဦးချိုသည်အသံ
၏။နို့ဓမ်းနှမ်းမှုန့်စသည်တို့သည်။ ဂယ်ခေါ်သောမြက်မွေးမြက်နုံ့
သာ။ ဒေါ်နစသောမြက်မွေးမြက်နုံ့သာတို့၏ အသဒိသအားဖြင့်
အကြောင်းဖြစ်ကြကုန်၏။ ။တရုပ်များလုပ်သောခြိဋ္ဌ။ငါးပုပ်။
နှမ်းဖတ်ပုပ်။ကျင်ငယ်စသည်တို့သည်။ မုန်လါမုန်ညင်းနှင်းပန်း
နှင်းဆီပင်စသည်တို့၏ဝိရုဒ္ဓအသဒိသအကြောင်းပင်ဖြစ်ကြကုန်
၏။ ။ဤသို့လေါကန္ဓ။ဆန့်ကျင်မဆန့်ကျင်၊ တူမတူအကြောင်း
တို့သည်မျက်မြင် ထင်ရှားဖြစ်ကြကုန်ရကား။ ထိုနှင့်လျော်စွာ။
အဝိဇ္ဇာသည်လည်း။ အပုညာဘိသင်္ခါရ၏သာ အကြောင်းဖြစ်
သည်မဟုတ်သေး။ ဧကန္တအနိဋ္ဌဖလ သဘာဝဖြင့် သာဝဇ္ဇပင်
ဖြစ်သော်လည်း။ ပုညာနေဉ္ဇာဘိသင်္ခါရတို့၏လည်းအကြောင်း
ဖြစ်နိုင်ပါသတည်း။သို့အတွက်သင့်မြတ်၏ဟုလိုသော်။ ။ဤ
ကားအဓိပ္ပါယ်။ ။

၁၃။ တနည်းလည်း။ ။စုတူပပါတေသံသာရေ။သင်္ခါ
ရာနဉ္စလက္ခဏော။ ယောပဋိစ္စသမုပ္ပန္နေ။ ဓမ္မေသုစဝိမုယှတိ။ ။
အဘိသင်္ခါရောတိသောဇေတ။ သင်္ခါရေတိ ဝိဝေယတော။အ
ဝိဇ္ဇာပစ္စယာတေသံ။ တိဝိဓါနံအယံတတော။ ။စုတူပပါ
တေစ။စုတိတတန်။ ပဋိသန်တခြားနှစ်ပါးသောအရာ၌၎င်း။သံ
သာရေစ။ခန္ဓာယတနဓါတ်။မပြတ်မစဲ။တလဲလဲဖြစ်စဉ်။သံသာ

ယဉ်၌ဧရင်း။သင်္ခါရာနံ။သင်္ခါရတရားတို့၏။လက္ခဏောစ။ သာမဉ္ဉ
ဝိသေ။ နှစ်ထွေနှစ်ဖြာလက္ခဏာ၌ဧရင်း။ ပဋိစ္စသမုပ္ပန္နဓမ္မေသုစ။
ပဋိစ္စသမုပ္ပါဒ်ပဋိစ္စသမုပ္ပန်ဖြစ်ကုန်သော အကြောင်းအကျိုးတ
ရားတို့၌ဧရင်း။ယော။ အကြင်ပညာမယှဉ်ပုထုဇဉ်သည်။ ဝိမုယှ
တိ။အထူးထူးအထွေထွေတွေဝေ၏။ သော။ ထိုအထူးထူးတွေ
ဝေဏ္ဏနွေမယှဉ်ပုထုဇဉ်သည်။ယတော။အကြင့်ကြောင့်။တိဝိဓေ။
သုံးပါးအပြားရှိကုန်သော။ဧတေသင်္ခါရေ။ထိုသင်္ခါရတရားတို့
ကို။အဘိသင်္ခရောတိ၊ပြုပြင်စီရင်၏။တတော။ထိုသို့ပြုပြင်စီရင်
သောကြောင့်။ အယံအဝိဇ္ဇာ။ ဤအဝိဇ္ဇာသည်။တိဝိဓါနံ။ သုံးပါး
အပြားရှိကုန်သော။ တေသံသင်္ခါရာနံ။ ထိုသင်္ခါရတရားတို့၏။
ပစ္စယော။အကြောင်းသည်။ဟောတိ။ဖြစ်နိုင်၏။ ။ဤသို့အဋ္ဌက
ထာဆရာနှစ်ဂါထာဖြင့်မိန့်မှာတော်မူပြန်သည်။ ။အဓိပ္ပါယ်
ကား။ ။ယခင်ပြဆိုအပ်ခဲ့ပြီးသောအရာဌာနတို့၌တွေဝေသော
သူသည်။ သုံးပါးသောသင်္ခါရတို့ကိုပွါးများအားထုတ်ရကား။
အဝိဇ္ဇာသည်။ သုံးပါးသောသင်္ခါရတို့၏အကြောင်းဖြစ်နိုင်သည်
သာတည်း။ ။အကျယ်ကား။ ။စုတိ၌တွေဝေသောသူသည်။
ခပ်သိမ်းကုန်သောဘုံဘဝတို့၌။ခန္ဓာတို့၏ပျက်စီးခြင်းသည်မရ
ဏမည်၏ဟု အဟုတ်အမှန်ကိုမယူမူ၍။ သတ္တဝါသည်သေ၏။
သတ္တဝါ၏ ကိုယ်တခုမှကိုယ်တခုသို့ ပြောင်းရွှေ့ခြင်းဖြစ်၏ဤ
သို့အစရှိသည်တို့ကို။အဖေါ်ဖေါက်အပြန်ပြန်ကြံတတ်၏။ ။ပဋိ
သန္ဓေ၌တွေဝေသောသူသည်။ ဘဝဟူသမျှတို့၌ခန္ဓာတို့၏ထင်
ရှားစွာဖြစ်ခြင်းသည်ပဋိသန္ဓေမည်၏ဟုမယူဘဲ။သတ္တဝါဖြစ်၏။
သတ္တဝါ၏ကိုယ်အသစ်ဖြစ်၏ဤသို့ အစရှိသည်တို့ကိုကြံတတ်
၏။ ။သံသရာ၌တွေဝေသောသူသည်။ ခန္ဓာယတနဓါတ်တို့၏
မပြတ်သောအစဉ်သည်သံသရာမည်၏ဟုမယူဘဲ။ ဤသတ္တဝါ
သည်ဤလောကမှတမလွန်လောကသို့ပြောင်းသွား၏။တမလွန်
လောကမှဤပစ္စုပ္ပန်လောကသို့ပြောင်းလာ၏ဟုမဟုတ်မမှန်ကြံ
တတ်၏။ ။သင်္ခါရတို့၏လက္ခဏာ၌တွေဝေသောသူသည်။သင်္ခါ

ရတို့၏ဖုသန၊ဝေဒယိတ။ရုပ္ပနစသော၊မိမိမိမိတို့၏ဝိသေသဖြစ်
သောသဘောလက္ခဏာကိုရင်း။ အနိစ္စစသော အများနှင့်ဆက်
ဆံသောသာမညလက္ခဏာကိုရင်း။ဟုတ်တိုင်းမှန်တိုင်းမယူမှု၍။
ထိုသင်္ခါရ တရားတို့ကို ငါဟူ၍။ငါ့ဟာငါ့ဥစ္စာဟူ၍။ ဓုဝဟူ၍။
သုခဟူ၍၊ သုဘဟူ၍၊ ဖွဲ့ယူဖေါက်ပြန်မမှန်မဟုတ်သည်ကိုကြံ
တတ်၏။ ။ပဋိစ္စသမုပ္ပါဒ်ပဋိစ္စသမုပ္ပန်ဖြစ်သောအကြောင်းအ
ကျိုး တရားတို့၌ တွေဝေသော သူသည်။ အဝိဇ္ဇာ စသည်တို့
ကြောင့်သင်္ခါရ စသည်တို့သည် ဖြစ်ကြကုန်၏ဟု။ အဟုတ်ဧ
ကန်အမှန်အတိုင်းမယူမှု၍။ အတ္တသည်မိမိကိုယ်တိုင်သိ၏။ မိမိ
ကိုယ်တိုင်မသိ။ဉာဏ်ပညာနှင့်ယှဉ်မှသိ၏။ အတ္တသည်ကောင်း
မကောင်းသောအမှုကိုမိမိလည်းပြု၏။ သူတပါးကိုလည်းပြုစေ
၏။အတ္တမှတပါးပြုတတ်သူ ပြုစေသူအခြားမရှိ။ အတ္တသည်ပဋိ
သန္ဓေနေ၏။ အဏုကိုအစိုးရကုန်သော ပရမိသွာဗြဟ္မာဗိဿ
နိုးအစရှိသောသူတို့က။ ကာလလစသည်တို့၏ အစွမ်းအားဖြင့်။
ထိုအတ္တ၏ကိုယ်ကောင်ကို၊ ဒွိအဏုက၊ တိအဏုက၊စသည်ဖြင့်
အလိုအတိုင်း ကောင်းစွာ ပြုပြင်စီရင် ဖန်ဆင်းလျက်။ စက္ခု၊စ
သောဣန္ဒြေတို့ကိုပြည့်စုံစေကုန်၏။ထိုအတ္တခေါ်သောအကောင်
သည်။ စက္ခု၊စသောဣန္ဒြေနှင့်ပြည့်စုံသည်ဖြစ်၍။ အာရုံကိုတွေ့
၏။ခံစား၏။ တပ်မက်၏။စွဲလှမ်း၏။ အားထုတ်စေ့ဆော်၏။ ထို
အတ္တသည်ဘဝတပါး၌ဖြစ်၏စသည်ဖြင့်။မဟုတ်မဟာတ်မမှန်မ
ကန်ဉာဏ်ကင်းသည့် အတွက် ကြံဆတတ်၏။ ။ခပ်သိမ်း
သောသတ္တဝါတို့သည်။ မပြတ်သောချည်ဖြင့်သီကုံးအပ်သော
ပတ္တမြားလုံးတို့၏ ရှေ့နောက်ပိုင်းခြားခြင်း။ ပေါင်းဆုံယှဉ်နွဲ့ပူး
တွဲခြင်းတို့ကဲ့သို့။ ဤကိုယ်၏ရှေ့နောက်အားဖြင့် ပိုင်းခြားခြင်း
ပေါင်းဆုံမိခြင်းဖြင့် လူဘဝ နတ်ဘဝ ငှက်ဘဝ စသည်တို့သို့
ရောက်ကြရကုန်၏ ဟူ၍လည်း အထူးထူး အထွေထွေ ကြံဆ
တတ်၏။ ။ဤသို့ကြံဆသော။ ပညာမျက်စိ။ မရှိမယှဉ်ပုထု
ဇဉ်သည်။ အဝိဇ္ဇာတရားက။ မိုက်မှားကာဏ်းတီးအောင်လုပ်

ခေါင်ပြုပြင် အပ်ရကား။ မဟုတ်မလျော်။ အမှားမှား အယွင်းယွင်းကြံဆခြင်း ရှိသည်ဖြစ်၍။ ပြကတေ့မျက်မမြင်။ မြေပြင်၌သွားသောအခါ။ညီညာချိုင့်ခွမ်း။ ကမ်းလမ်းတက်သက်အချက်မမှန်ကြံမိတိုင်းသွားသကဲ့သို့။ ထို့တူပမာ။ရံခါ။ပုညာဘိသင်္ခါရ။ရံခါအပုညာဘိသင်္ခါရ။ရံခါအာနေဉ္ဇာဘိသင်္ခါရတို့ကိုအါးထုတ်ပွါးများ ခြင်းကြောင့်လည်း။ အဝိဇ္ဇာသည် အလုံးစုံသောသင်္ခါရတို့၏အကြောင်းဖြစ်နိုင်သတည်း။ ။ဤကားအကျယ်။

---

## ၁၄။ ဝစနတ္ထကိုပြခြင်း။

သင်္ခတမဘိသင်္ခရောန္တီတိသင်္ခါရာ။ ။ယောဇနာ။အကြောင်စေတနာဖြစ်သော တရားတို့သည်။ သင်္ခတံ။ ပြုပြင်စီရင်အပ်သောဝိညာဏ်စသောတရားကို။ အဘိသင်္ခရောန္တိ။ပြုပြင်စီရင်တတ်ကုန်၏။ဣတိ။ကြောင့်။တေဝနာ။ ထိုစေတနာဖြစ်သောတရားတို့သည်။ သင်္ခါရာ။ သင်္ခါရမည်ကုန်၏။ ။အဝိဇ္ဇာ၏အကျိုးဖြစ်သောပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရအာနေဉ္ဇာဘိသင်္ခါရ။ကာယသင်္ခါရ။ ဝစီသင်္ခါရ။စိတ္တသင်္ခါရတည်းဟူသောခြောက်ပါးသော စေတနာသင်္ခါရတို့ကို။ သင်္ခါရသဒ္ဒါဖြင့်လာသောလေးပါးသော သင်္ခါရတို့တွင်။အဘိသင်္ခါရနကံသင်္ခါရဟူ၍။ဂေါဗလိဗဒ္ဒနည်း။ ပုညညာဏသမ္ဘာရနည်းအားဖြင့်ယူအပ်ကုန်၏။ ။သင်္ခါရသဒ္ဒါဖြင့် လာသော လေးပါးသောသင်္ခါရတို့ ဟူသည်ကား။ သပစ္စယ ဓမ္မတည်းဟူသောသင်္ခတသင်္ခါရ။ ကံကြောင့် ဖြစ်သော တေဘူ မက ရုပ်နာမ်ခန္ဓာတရားတည်းဟူသော အဘိသင်္ခတ သင်္ခါရ။ ဘုံသုံးပါး၌ဖြစ်သောကုသိုလ်အကုသိုလ် စေတနာ တည်းဟူသော အဘိသင်္ခါရနကာသင်္ခါရ။ ကိုယ်၌ဖြစ်သောဝီရိယ။ စိတ်၌ဖြစ်သောဝီရိယတည်းဟူသော ပယောဂါဘိ သင်္ခါရအားဖြင့် လေးပါး

ရှိကုန်သတည်း။ ။ယင်း လေးပါးတို့တွင်။ အတိသင်္ခါရနက
သင်္ခါရကိုသာပြဆိုအပ်ခဲ့ပြီးသောနည်းနှစ်ပါးတို့ဖြင့်ယူအပ်၏။
အတိသင်္ခါရနက သင်္ခါရမှကြွင်းကျန်သော သင်္ခါရသုံးပါးတို့
ကိုမယူအပ်ကုန်။ ။မဟာအဋ္ဌကထာ၌လာသည်။ ။ဤမ
ဟာအဋ္ဌကထာ၌လာသောလေးပါးသောသင်္ခါတို့တွင်။သင်္ခတ
သင်္ခါရနှင့်။အတိသင်္ခတသင်္ခါရသည်။ သဘောမကွဲ။အတူတူ
ပင်ဖြစ်သောကြောင့်လည်းကောင်း။ ပါဠိပဒေသသီးခြား၍မလာ
သောကြောင့်လည်းကောင်း။ အတိသင်္ခတသင်္ခါရကို။ သင်္ခတ
သင်္ခါရ၌ပေါင်းရုံးယူငင်ရမည်ဟူ၍၊ ဝိဘင်းအဋ္ဌကထာ။ဝိသုဒ္ဓိ
မဂ်အဋ္ဌကထာစသည်တို့၌မိန့်အပ်ကုန်၏။ ။သို့ပင်မိန့်သော်
လည်း။ကံစိတ်၊ဥတု၊ အာဟာရတည်းဟူသော အကြောင်းတ
ရားလေးပါးတို့နှင့်ဆက်ဆံသောသပစ္စယဓမ္မတို့ကိုရည်၍။သင်္ခ
တသင်္ခါရကို။ကံသည်သာလျှင်ဝိပါက်ကဋတ္တာရုပ်တို့ကို၊သါတိ
သယအားဖြင့်ဖြစ်စေနိုင်သောကြောင့်။ကမ္မဝိပါကကဋတ္တာရုပ်
တို့ကိုရည်ညွှန်းတော်မူ၍အတိသင်္ခတသင်္ခါရကို၊မဟာအဋ္ဌက
ထာ၌မိန့်တော်မူသည်။ ။ဂေါ ဗလိ ဗဒ္ဒနည်း။ ပုညဉာဏ
သမ္ဘာရနည်းနှစ်ပါးတို့၏အထူးကား။ ။ချန်၍ဟောရ။ဂေါဗဒ္ဒ။
နယမှတ်လေတည်း။ ။ပေါင်းစိတ်ထုတ်ခါ။ ဟောလေပါ။
ပုညသမ္ဘာရနည်း။ ။ဗလံဝဒ္ဓယတိတိဗလိဗဒ္ဒေါ။နိပါတနာ။ ။
အဘိဓါနဋီကာ။ ။ဆရာတော်မြတ်တို့ကား ဗလိဗဒ္ဒဟုပြင်
တော်မူ၏။ ။ဤမှတပါးလည်းမူလပဏ္ဏာသစူဠဝေဒလ်သုတ်
၌၊ဓမ္မဒိန္နာထေရီမသည်။မိမိခင်ပွန်းဖြစ်သော။ဝိသာခဒါယကာ
အားဟောကြားအပ်သော။ ထွက်သက်ဝင်သက်တည်းဟူသော
ကာယသင်္ခါရ။ ဝိတက် ဝိစာရ တည်းဟူသော ဝစီသင်္ခါရ။
သညာဝေဒနာစသောစေတသိက်တည်းဟူသော စိတ္တသင်္ခါ
ရတို့ကိုလည်းကောင်း။ သင်္ခါရယမိုက်၌လာသောဝုင်းသုံးပါးတို့
ကိုလည်းကောင်းမယူအပ်ကုန်။ ။မူလပဏ္ဏာသ၊ သမ္မာဒိဋ္ဌိ
သုတ်။မဇ္ဈိမပဏ္ဏာသကုက္ကုရဝတိယသုတ်။ သံယုတ်ပါဠိတော်

စသည်တို့၌ပြောတော်မူအပ်သော။ ကာယ၊ ဝစီ၊ စိတ္တသင်္ခါရ သုံးပါးတို့ကိုသာလျှင်ယူအပ်ကုန်၏။ ။

---

## ၁၅။ သင်္ခါရတို့၏လက္ခဏာရသစသည်တို့ကိုပြခြင်း။

အဘိသင်္ခရဏလက္ခဏာသင်္ခါရာ။အာယူဟနရသာ။စေတနာပစ္စုပဋ္ဌာနာ။ အဝိဇ္ဇာ ပဒဋ္ဌာနာ။ ။သင်္ခါရာ။ သင်္ခါရတို့သည်။ အဘိသင်္ခရဏလက္ခဏာ။ ပြုပြင်စီရင်ခြင်း လက္ခဏာရှိကုန်၏။အာယူဟနရသာ။ အားထုတ်ခြင်းကိစ္စရှိကုန်၏။ဝါ။အစုပြုခြင်းကိစ္စရှိကုန်၏။ ။ရာသိကရဏံဝါအာယူဟနံ။ ။ဋီကာကိုထောက်။ ။စေတနာပစ္စုပဋ္ဌာနာ။စေ့ဆော်ခြင်းလျှင်ထင်သောအခြင်းအရာရှိကုန်၏။ ။ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ်ရှေးရှုထင်သောအခြင်းအရာရှိကုန်၏။ ။စေ့ဆော်သည်၏အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိကုန်၏လည်းဟူကုန်၏။ ။နောက်၌ဆုံးဖြတ်လတ္တံ့။ ။အဝိဇ္ဇာပဒဋ္ဌာနာ။ အဝိဇ္ဇာလျှင်နီးစွာသောအကြောင်းရှိကုန်၏။ ။သံဝိဓာနပစ္စုပဋ္ဌာနာဟူ၍ဥဒါန်းအဋ္ဌကထာ စသည်တို့၌ဆိုကုန်၏။ ။စေ့ဆော်စီရင်ခြင်းအနက်ပင်တည်း။ ။

---

## ၁၆။ သင်္ခါရပစ္စယာဝိညာဏံဟူသောပုဒ်၌ ဝိညာဏ်၏သရုပ်တရားကိုယ်ကိုပြခြင်း။

ထိုသင်္ခါရကြောင့် ဖြစ်သော ဝိညာဏ်သည်။ ပဋိ သန္ဓေဝိညာဏ်ပဝတ္တိဝိညာဏ်အားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုတွင်။ပဋိသန္ဓေဝိညာဏ်ဟူသည်ကား။ ။ပုညာဘိ သင်္ခါရကြောင့်ဖြစ်သောကာမသုဂတိပဋိသန္ဓေကိုးခု။ ရူပါဝစရပဋိသန္ဓေငါးခု။အပုညာဘိသင်္ခါရကြောင့်ဖြစ်သော ဒုဂ္ဂတိ ပဋိသန္ဓေ တခု။

အာနေဉ္ဇာဘိသင်္ခါရကြောင့်ဖြစ်သောအရူပပဋိသန္ဓေလေးခု။ ပေါင်းတဆဲ့ကိုးခုသောပဋိသန္ဓေစိတ်သည်။ပဋိသန္ဓေဝိညာဏ် မည်၏။ ။ပဝတ္တိဝိညာဏ်ဟူသည်ကား။ ။ထို ၁၉ ခုမှ ကြွင်းကျန်သော။ကာမဝိပါက် ၁၃ ခုတို့သည်။ပဝတ္တိ၌သာဖြစ် သောကြောင့်ပဝတ္တိဝိညာဏ်မည်ကုန်၏။ ။နှစ်စုပေါင်းလော ကီဝိပါက်ဒွတ္တိံသ ၃၂ ခုတို့သည်ဝိညာဏ်မည်ကုန်၏။ ။တ နည်းလည်း။ ။ဓါတုကထာ၌အဘိဓမ္မာဘာဇနီနည်းအားဖြင့် ၎င်း။ခန္ဓဝိဘင်းနည်းအားဖြင့်၎င်း။ သာမညအလျောက်ဝိညာဏ် ဟူသောအမည်ဖြင့်ရသင့်သည်ကို ကောက်ယူသည်ရှိသော်။ စိတ်တခုယုတ်ကိုးဆယ်သည်ဝိညာဏ်မည်၏။ ။သံယုတ်ပါ ဠိတော်စသည်တို့၌။ ကတမံသင်္ခါရပစ္စယာ ဝိညာဏံ။ စက္ခု ဝိညာဏံသောတဝိညာဏံဃာနဝိညာဏံဇိဝှါဝိညာဏံ ကာယ ဝိညာဏံမနောဝိညာဏံဣဒံဝုစ္စတိသင်္ခါရပစ္စယာဝိညာဏံ။ဟူ ၍ဟောတော်မူအပ်သောဝိညာဏ်ခြောက်ပါးတို့ဖြင့်။ လောကီ ဝိပါက် ဒွတ္တိံသ ၃၂ ခုတို့ကိုသာ ယူရမည်။ လောကုတ္တရာဝိ ပါက်တို့ကိုကားဝဋ်ကထာ၌မယူအပ်ကုန်၊ မသင့်မြတ်ဟူ၍အဋ္ဌ ကထာတို့၌မိန့်ဆိုတော်မူအပ်ကုန်၏။ ။သို့ပင်ဆိုသော်လည်း။ ယခင်ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ကောက်ယူလိုက်သည်။ ။ ထိုပဋိသန္ဓေဝိညာဏ် ပဝတ္တိ ဝိညာဏ်တို့ကို။ ကိစ္စ၊ဌာန၊ ဒွါရ၊ အာရုံ။ ဘုံ။ ဝတ္ထုတို့၏အစွမ်းအားဖြင့် ရေးသား ဝေဘန်လိုက် လျှင်။ကျယ်ဝန်းများပြားလိမ့်မည်ဖြစ်၍မဝေဘန်ပြီ။ ။

၁၇။ ဘေဒအားဖြင့်ကား။ ။ထိုနှစ်ပါးသောဝိညာဏ် တို့တွင်။ပဋိသန္ဓေဝိညာဏ်သည်။ ရုပ်နှင့်ရောသောဝိညာဏ်။မ ရောသောဝိညာဏ်အားဖြင့်နှစ်ပါးပြားသတည်း။ ကာမ။ရူပ။အ ရူပဘဝအားဖြင့်သုံးပါး။အဏ္ဍဇ။ဇလာဗုဇ။ သံသေဒဇ။ဩပပါ တိကယောနိအားဖြင့်လေးပါး။ ဒေဝ။မနုဿ။နိရိယ။ ပေတ။တိ ရစ္ဆာနဂတိအားဖြင့်ငါးပါး။ ။နေဝဒုဗျာန်။ပဗျာန်ပါယ်သတ်။ နာမြတ်လေ့။တ၊စတ်ဗျာန်ကိုး။ဗေမျိုးသာ။ကာသုသတ်ကား၊

နာနာထားလေ။အောက်နေအရူပ။သုံးထည့်က။ ဝိညာဏဋ္ဌသာ။ ဟူသည့်အတိုင်း။ဝိညာဏဋ္ဌိတိအားဖြင့်ခုနစ်ပါး။ ။သညတ်နေဝ။လောင်းတုံက။နဝသတ္တာဝါ။ဟူသည့်အတိုင်း။ သတ္တာဝါသအားဖြင့်ရှစ်ပါးပြားသတည်း။ ။အသညသတ်ကိုချန်လှပ်။ ။ထိုအပြားတို့တွင်။ ။မိသံဒ္ဓိဝါဘာဝဘေဒါ။စသောအဋ္ဌကထာပါဠိနှင့်အညီ။ ရုပ်နှင့်ရောသောဝိညာဏ်သည်။ ဘောနှင့်တကွဖြစ်သောသဘာဝကဝိညာဏ်။ ဘောနှင့်တကွ မဖြစ်သောအဘာဝကဝိညာဏ်အားဖြင့်နှစ်ပါးပြားပြန်သတည်း။ ။ထိုတွင်လည်း။သဘာဝကဝိညာဏ်သည်။ဣတ္ထိဘာဝသဟိတဝိညာဏ်။ပုမ္ဘာဝသဟိတဝိညာဏ်အားဖြင့်နှစ်ပါးပြားပြန်သတည်း။ ။ရုပ်နှင့်ရောသောဝိညာဏ်နှင့်တကွဥပါဒ်ကြသော ရုပ်ကလာပ်တို့ကား။ကာယဒသက။ဝတ္ထုဒသက။ အားဖြင့်အယုတ်ဆုံးအနည်းဆုံးနှစ်စည်း။ ဘာဝဒသကကိုထည့်လျှင်။သုံးစည်း။ ဤကလာပ်နှစ်စည်းသုံးစည်းတို့ကို။ ဂဗ္ဘသေယျက၊ အဏ္ဍဇတို့၏ အစွမ်းအားဖြင့်မှတ်အပ်ကုန်၏။ဥပပါတ်သံသေဒဇတို့၌ကား၊ ကလာပ်များစွာပင်ဖြစ်ကြကုန်၏။ ။ဇလာဗုဇအမည်ရသော ဂဗ္ဘသေယျက၊အဏ္ဍဇ၊ယောနိနှစ်မျိုးတို့၌ဖြစ်သော။ ကလလဟူသမုတ်အပ်သောရုပ်ကလာပ်တို့၏။ပမာဏအဆင်းတို့ကား။ ။ယင်သောက်အပ်ဖျား။တောင်ကျွန်းသား။ဆံဖျားမြောက်ကျွန်းသူ။ ။ဖွါးစသိုးသာ။ ဇာတိမာ။ ဝမ်းမှာခွဲ၍ယူ။ ။မွေးမျှင်အဖျား။လျှော့တည်ငြား။အလားဆီပေါက်တူ။ ။ဟူသောအဋ္ဌကထာဋီကာကေစိအပရေ။အညေဆရာတို့ဝါဒအတိုင်းရင်း။ ။သားမွေးသုံးမျှင်။ ကျစ်ဖျားတွင်။ဆီတင်သံယုတ်လာ။ ။ဟူသောသဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာလာ၊ ထိုဘာဏကဆရာတို့၏ဝါဒအတိုင်းရင်း။ ပမာဏကိုမှတ်အပ်၏။ ။ထောပတ်ကြည်လား။နှမ်းဆီလား။တူငြားအဆင်းမှာ။ ။အဋ္ဌကထာလာတိုင်းအဆင်းကိုလည်းမှတ်အပ်၏။ ။ထိုလေးပါးသောယောနိတို့၏။ ဂတိငါးရပ်နှင့်စပ်လိုက်သဖြင့်။ ဖြစ်သင့်သောအထူးအပြား

ကာ။ ။ဘုမ္မပယ်ရှင်း။ကြွင်းနှတ်နိဗ္ဗာ။ငရဲမှာ။ကော်ဥပပါတ်။ ။ဘုမ္မနှတ်သွင်း။ကြွင်းသုံးဂတိ။လေးယောနိ။ရဘိမြဲစွဲမှတ်။ ။

၁၀။ ထိုဆိုခဲ့ပြီးသော ပဋိသန္ဓေ ဝိညာဏ်နှင့် တကွဖြစ်သောရုပ်နာမ်တရားအစုမျှသည်သာလျှင် အဝိဇ္ဇာခြံရံအပ်သော ကံသင်္ခါရအကြောင်းကိုရသည်ဖြစ်၍။ဘဝတပါး၌အထင်အရှားဖြစ်၏။သတ္တ၊ဇီဝဖြစ်ကြသည်မဟုတ်။ထိုသန္ဓေဝိညာဏ်သည်။ ရှေ့ဘဝဟောင်းက၊ ယခုဘဝသစ်သို့ပြောင်းရွှေ့၍လည်း။ လာဖြစ်သည်မဟုတ်။ရှေ့ဘဝဟောင်းက၊ ကံသင်္ခါရတဏှာအာရုံတို့နှင့်ကင်း၍လည်း။ ယခုဘဝသစ်၌ မဖြစ်နိုင်။ ဥပမာဆိုသော်။ ဆီမီးလျှံ ပဲ့တင်သံမျက်နှာရိပ်တံဆိပ်ရေးတို့ကဲ့သို့တည်း။ ။ထိုဥပမာတို့တွင်။ နောက်ဆီမီးလျှံသည်။ ရှေ့ဆီမီးလျှံလျှင် အကြောင်း ရှိ၏။ ရှေ့ဆီမီးလျှံသည်၊ နောက်သို့သွား၍ ဖြစ်သည်လည်းမဟုတ်။နောက်ဆီမီးလျှံသည်လည်း။ရှေ့ဆီမီးလျှံနှင့်ကင်း၍လည်းမဖြစ်နိုင်သကဲ့သို့။ဤအတူလျှင်။ ဥပမာဖြင့်ထင်ရှားအောင်မှတ်။ပဲ့တင်သံတံဆိပ်၊ မျက်နှာရိပ်တို့၌လည်း။ထင်လင်းစွာပမာပမည်းဟပ်။ ။သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်သည်။ သန္တာန်အားဖြင့်။ တစပ်တည်း စပ်လျက်ပင် ဖြစ်သော်လည်း။ ၎င်းဖြစ်သောဝိညာဏ်သည် ဝိညာဏ်သစ် ဖြစ်သောကြောင့်၊ တခုတည်း၏အဖြစ်လည်းမဟုတ်။ ရှေ့နောက်ဆီမီးလျှံသည်တသန္တာန်တည်းစပ်သကဲ့သို့။ အကြားမချပ် စပ်ရကား။အထူးအပြားလည်းမဟုတ်ဟူလိုသည်။ ။အကယ်၍သန္တာန်စပ်သောအားဖြင့်၊စင်စစ်တခုတည်း၏ အဖြစ်ကိုယူသည်ရှိသော်။ နို့ရည်ကြောင့်နို့ဓမ်းမဖြစ်နိုင်ရာ။အကယ်၍၊ စင်စစ်အထူးအပြားခြားနားဖြစ်၏ဟုယူသည်ရှိသော်။ နို့ဓမ်းသည်နို့ရည်နှင့် မစပ်ဆိုင်ဘဲဖြစ်ရလိမ့်မည်။ ယင်းသို့ဖြစ်ခဲ့ကလည်း။ လောကဝေါဟာရသည်ပျက်စီးလေတော့မည်။ ။ပျက်စီးဟန်ကား။ ။ပစ္စဉ်းပစ္စယုပ္ပန်ဖြစ်သောဝိညာဏ်တို့၏စင်စစ်တခုတည်း၏အဖြစ်ကိုယူချေသော်။မနုဿဂတိစသည်မှ။ ဒေဝဂတိစသည်မဖြစ်ရာ။

အထူးအခြားဖြစ်၏ဟုယူပြန်ကလည်း။ ကမ္မဘဝသင်္ခါရကြောင့် တစုံတရာအကျိုးဖြစ်ခြင်းမရှိရာပြီ။ထိုသို့မရှိကလည်း။ သရက်စေ့သရက်သီးဟုခေါ်ဝေါ်သော လောကဝေါဟာရသည်ရင်း။ ရှေ့ရှေ့သောဘဝက။ငါဘုရားသည်ရွှေသမင်မင်း၊ ရွှေဟင်းသာမင်းဖြစ်ခဲ့ဘူးပြီအစရှိသောလောကဝေါဟာရသည်ရင်းပျက်စီးလေတော့မည်။ပျက်ကားမပျက်။ ပျက်ခြင်းကိုလည်းမလိုအပ်။ ထို့ကြောင့်။ သန္တာန်စပ်သောပစ္စည်းပစ္စယုပ္ပန်တရားတို့၏စင်စစ်တခုတည်း၏အဖြစ်။ ထူးခြားသည့်၏ အဖြစ်ကိုမယူမှတ်အပ်။ ။စင်စစ်တခုတည်း၏အဖြစ်ကိုမယူမှတ်လင့်ဟု။တားမြစ်သောစကားဖြင့်။သယံကတံသုခံဒုက္ခံဟူသောမိစ္ဆာအယူကိုမြစ်ပယ်၏။ စင်စစ်ထူးခြားသည့်၏အဖြစ်ကိုမယူမှတ်လင့်ဟုတားမြစ်သောစကားဖြင့်။ပရံကတံသုခံဒုက္ခံဟူသောမိစ္ဆာအယူကိုမြစ်ပယ်၏။ အကြောင်းအကျိုးစပ်၍ဖြစ်၏ဟုဆိုသောစကားဖြင့်။ အလိုလို သဘာဝသာဖြစ်၏ဟု ယူသော အယူမှားကိုပယ်ရှားတားမြစ်၏။ ။

၁၉။ အကယ်၍တည်း၊ ရှေ့ဘဝဟောင်းမှမပြောင်းမရွှေ့ဘဲ။ဤယခုဘဝသစ်၌ပဋိသန္ဓေဝိညာဏ်သည်။အထင်အရှားဖြစ်ပွါးပေါ်လာခဲ့သော်။ရှေ့ဘဝဟောင်းကခန္ဓာဟောင်းသည်ချုပ်ခဲ့လေပြီ။ယခုဘဝသစ်၌ဖြစ်သောဝိညာဏ်စသောအကျိုးတရားအပေါင်း၏အကြောင်းဖြစ်သောရှေးကံသည်လည်း။ ထိုအကျိုးဖြစ်ရာဘဝသစ်သို့။ မသွားမရောက်မလိုက်မပါဖြစ်၍။ ကံကိုပြုသူမှတပါးအခြားသော သူအား။ ကံမှတပါးသောအကြောင်းကြောင့်။ဤဝိညာဏ်စသောအကျိုးတရားဖြစ်ပွါးရမည်မဟုတ်လော။ ။ဘဝသစ်၌လည်း။ ရုပ်နာမ်တရား အစုမျှသာဖြစ်၏၊ သတ္တဇီဝဖြစ်ကြသည်မဟုတ်သောကြောင့်။ထိုအကျိုးကိုခံစားမည့်သူတစုံတယောက်မျှမရှိဖြစ်ခဲ့သော်။ အဘယ်သူအားဤအကျိုးတရားသည်ဖြစ်ပါအံ့နည်း။ အဘယ်သူခံစား ပါအံ့နည်း။ခံစား သူ မရှိခဲ့တကား။ သို့မရှိ သောကြောင့်။ဘဝဟောင်းကမ

ပြောင်းမရွေ့ဟူသော စကားသည်မကောင်း။ငါတို့မကြိုက်မနှစ်သက်ဟူပြောအံ့။ ။

ကံတည်းဟူသော အကြောင်းဖြစ်ရာ ရုပ်နာမ်တရား အစုအစဉ်၌။ အကြင်အကျိုးသည်ဖြစ်၏။ ထိုအကျိုးသည်။ ကံကိုပြုသောသူမှတပါး။ အခြားသောသူအားမဖြစ်။ တပါးသော ရုပ်နာမ်တရားအစု အစဉ်၌ လည်းမဖြစ်။ ဖြစ်စေအပ်သော ပြုအပ်သောကံမှတပါး။ အခြားသောအကြောင်းကြောင့်လည်းမဖြစ်။ ကံကိုပြုသောသူအားသာလျှင်။ကံကြောင့် ဖြစ်၏ဟူလို။ ဥပမာကား။သရက်စေ့ကိုပြုပြင်စိုက်ပျိုးသည့်ရှိသော်။ ထိုသရက်စေ့မှအညှောက်အညွန့်ပင်စည်ကိုင်းခက် အရွက်စသောသန္တာန်အစဉ်၌။ရအပ်သောအကြောင်းရှိသောကြောင့်။ အချိန်ကာလ၌အသီးအထူးဖြစ်သည်ရှိသော်။ ထိုသရက်သီးသည်။ တပါးသောဝိန်းနဲ့စသောမျိုးစေ့တို့၏ အသီးလည်းမဟုတ်။ တပါးသောတမာစသောမျိုးစေ့တို့ကိုစိုက်ပျိုးပြုရခြင်းကြောင့်လည်းသရက်သီး။ သီးသည်မဟုတ်။သရက်စေ့ကို ပျိုးပြုရခြင်းကြောင့်သာသရက်သီး သီး၏။သို့သော်လည်း။ငင်းသရက်စေ့သည်သရက်သီး။သီးရာသို့လိုက်ပါသွားရောက်သည်လည်းမဟုတ်။ ပြုရပျိုးထောင်စိုက်ကြဲခြင်းသည်လည်း။ သီးရာသို့မလိုက်မပါ မသွားမရောက် သကဲ့သို့တည်း။ ။ငယ်ရွယ်စဉ် ကာလတုန်းက။ သင်ကြား လေ့ကျက်။ ဆောင်ရွက်မှတ်သား။ ထားအပ်သော ဗေဒင်အတတ်။ဆင်စီးမြင်းစီးအတတ်။ ဆေးဝါးမန္တရားစသောအတတ်သည်ကြီးရင့်သောအခါ။ အကျိုးပေးသော ဥပမာဖြင့်လည်းမှတ်လေ။

ခံစားသူမရှိက အဘယ်သူအား ထိုအကျိုးတရားသည် ဖြစ်လာအံ့နည်းဟူသောနေ့ခံအပြစ်တင်စကား၌အဖြေကား။ ။သစ်ပင်ဟူသော အပေါင်း တရားတို့၏အစိတ်ဖြစ်သော အသီး၊သီးခြင်းကြောင့်။သစ်ပင်သီးသည်။အသီးသီးသောသစ်ပင်ဟူ၍ဆိုအပ်သကဲ့သို့။ဆိုရသလို။လူနတ်ဟူသောဝိညာဏ်နှင့်တကွ။ရုပ်

နာမ်ခန္ဓာအစုအပေါင်း၏ အစိတ်ဖြစ်သောသုခဒုက္ခဖြစ်ပွါးပေါ်လာသည်ဖြင့်ပင်လျှင်။ လူခံစားသည်။နတ်ခံစားသည် စသည်ဖြင့်ခေါ်ဆိုပညပ်သမုတ်အပ်၏။ထိုဝိညာဏ်နှင့်တကွသောရုပ်နာမ်အပေါင်းမှတပါးသော။ ခံစားတတ်သူမရှိကာ။ လူနတ်ဟူ၍ခေါ်ဝေါ်စရာ။ တစုံတခု မရှိသည်ဖြစ်၍။ တစုံတရာသော အကျိုးလည်းမဖြစ်ရာပြီ။သို့ကြောင့်။အကျိုးတစိတ်ဖြစ်သော သုခဒုက္ခဖြစ်ရာ။ ရုပ်နာမ်ခန္ဓာအပေါင်းအစုအစဉ်ဖြစ်သော ကံကိုပြုသူ။ လူနတ်စသောသူတို့သာခံစားကုန်၏ ဟူ၍မှတ်။ ။အဓိပ္ပါယ်သိမ်မွေ့၏။ကွဲပြားအောင်ကြည့်ရှုမှတ်သားလေ။ ။

၂၀။ သင်္ခါရတို့သည်။မိမိတို့ထင်ရှားရှိကုန်သည်ဖြစ်၍၊ ဝိညာဏ်စသော အကျိုးတရားတို့၏အကြောင်း ဖြစ်ကြကုန်သလော။သို့မဟုတ်မိမိတို့ထင်ရှားမရှိကုန်ဘဲလျှင် အကြောင်းဖြစ်ကြကုန်သလော။ ။ကိစ္ဆာ။ ။အကယ်၍ကား။ မိမိတို့ထင်ရှားရှိကုန်သည်ဖြစ်၍။ဝိညာဏ်စသော အကျိုး တရားတို့၏အကြောင်းဖြစ်ကြကုန်သည်ရှိသော်။ မိမိတို့ဖြစ်ဆဲခဏ၌သာလျှင် ဝိညါဏ်စသောအကျိုးတရားတို့သည်ဖြစ်ကြကုန်၏ဟူသောအဖြစ်သည်ရောက်၏။ အကယ်၍ မိမိတို့ ထင်ရှား မရှိဘဲလျှင်။အကြောင်းဖြစ်ကုန်သည်ရှိသော်။မိမိတို့ဖြစ်သည်မှရှေး၌၎င်း။နောင်၌၎င်းဝိညါဏ်စသောအကျိုးတရားတို့ကိုအမြဲဆောင်၏ဟူသောအဖြစ်သည်ရောက်၏။ ။ဤကား အဖြစ်တင် စောဒနာ။ ။ သင်္ခါရတို့ကိုပြုအပ်သည်၏ အဖြစ်ကြောင့်သာ။ ထိုသင်္ခါရတို့သည်အကြောင်းဖြစ်ကြကုန်သည်။သင်္ခါရတို့၏ ထင်ရှားရှိခြင်းမရှိခြင်းသည်အကြောင်းမဟုတ်။ ဥပမာကား။ ကြွေးမြီချေးငှါးအစားယူခြင်းသည်။ ဆပ်ပေးပြန်မို့ရခြင်း၏ အကြောင်းဖြစ်သကဲ့သို့၎င်း။၎င်းကြွေးမြီချေးငှါး အစားယူခြင်း၏ထင်ရှားရှိခြင်းမရှိခြင်းသည်။အကြောင်း မဟုတ် သကဲ့သို့ ၎င်းတည်း။ ။အကျယ်ကိုလိုလျှင်အဋ္ဌကထာ၌ယူပါကုန်။ ။

၂၁။ ဤသို့ပြဆိုအပ်ခဲ့ပြီးသောအလုံးစုံသော သင်္ခါရ ဟူ

သမျှတို့သည်။ အဝိဇ္ဇာကြောင့်သာဖြစ်ကြရကုန်၏။ သို့အတွက်ကြောင့်။အဝိဇ္ဇာပစ္စယာသင်္ခါရာဟု ဟောတော်မူသောအရာ၌။ အကျိုးဖြစ်သောသင်္ခါရအရကို။သင်္ခါရ ဟူသမျှအလုံးစုံကို အကုန်အစင်ကောက်ယူရမည်။ ။သင်္ခါရပစ္စယာ ဝိညာဏံဟူသောအရာ၌မူကား။အကြောင်းဖြစ်သောသင်္ခါရအရ။ ဥဒ္ဒစ္စစေတနာကို ပဋိသန္ဓေ ဝိညာဏ်၏သာ။အကြောင်း၏အဖြစ် ဖြင့်မကောက်ယူအပ်။အဘိညာဉ်စေတနာကိုကား။ ပဋိသန္ဓေဝိညာဏ်ပဝတ္တိဝိညာဏ်နှစ်ပါးစုံတို့၏လည်းအကြောင်း၏အဖြစ်၌မကောက်ယူအပ်ကြဉ်အပ်၏။ ။အဘိညာစေတနာ ပနေတ္ထ ပရတော ဝိညာဏဿ ပစ္စယော နဟောတိ နဂဟိတာ။ ယထာစ အဘိညါစေတနာဧဝံဥဒ္ဒစ္စစေတနာပိနဟောတိတသ္မာသာပိဝိညါဏဿပစ္စယဘာဝေအပနေတဗ္ဗာ။ ။ဝိဘင်းအဋ္ဌကထာ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ဥဒ္ဒစ္စစေတနာပန ပဋိသန္ဓိယံဝဇ္ဇေတဗ္ဗာ။အဘိညာစေတနာစဉဘယတ္ထဝဇ္ဇေတဗ္ဗာဝ။ ။ဒီပနီစသည်။ ။ပန။ဆိုဘွယ်အထူးကား။ဧတ္ထ။ဤဝိညာဏ်၏အကြောင်းဖြစ်သောသင်္ခါရကိုဆိုသောအရာ၌။ အဘိညာစေတနာ။ အဘိညာဉ်စေတနာသည်။ဝါ။ ကို။ပရတော။ နောက်မှ။ဝါ။ နောက်ဖြစ်သော။ ဝိညါဏဿ။ပဋိသန္ဓေဝိညာဏ်ပဝတ္တိဝိညာဏ်၏။ပစ္စယော။အကြောင်းသည်။နဟောတိ။မဖြစ်နိုင်။ ဣတိတသ္မာ။ထိုကြောင့်။နဂဟိတာ။မကောက်မယူအပ်။စ။အဘိညာဉ်စေတနာသါလျှင်မဟုတ်သေး။အဘိညာစေတနာယထာ။ အဘိညာဉ်စေတနာကဲ့သို့။ ဧဝံ၊တထာ။ ထို့အတူ။ဥဒ္ဒစ္စစေတနာပိ။ ဥဒ္ဒစ္စစေတနာသည်လည်း။ ဝိညာဏဿ။ပဋိသန္ဓေဝိညာဏ်၏။ ပစ္စယော။အကြောင်းသည်။နဟောတိ။မဖြစ်။တသ္မာ။ထို့ကြောင့်။ သာပိ။ထိုဥဒ္ဒစ္စ စေတနာကိုလည်း။ဝိညာဏဿ။ ပဋိသန္ဓေ ဝိညာဏ်၏။ ပစ္စယဘာဝေ။အကြောင်း၏အဖြစ်၌။အပနေတဗ္ဗာ။မယူ၊ချန်လှပ်ပယ်ထားအပ်၏။ ။အဋ္ဌကထာပါဌ်၏အနက်။ ။ပန။ အထူးကိုသာဆိုလိုက်ဦးအံ့။ ဥဒ္ဒစ္စစေတနာ။ ဥဒ္ဒစ္စစေတနာကို။ပဋိသန္ဓိ

ယံ။ပဋိသန္ဓေအခါ၌၊ ဝဇ္ဇေတဗ္ဗာ။ကြဉ်အပ်၏။စ။ဥဒ္ဒစ္စစေတနာ
သာမဟုတ်သေး။ အဘိဇ္ဈာစေတနာ။ အဘိဇ္ဈာဉ်စေတနာကို။
ဥဘယတ္ထ။ပဋိသန္ဓေအခါ။ ပဝတ္တိအခါနှစ်ပါးစုံ၌။ဝဇ္ဇေတဗ္ဗာဝ။
ကြဉ်အပ်သည်သာတည်း။ ။ဤဒိပနီကို ထောက်၍ အဋ္ဌက
ထာပါဌ်ကို အနက်ယောဇနာအပ်၏။ ။ဤသို့အဘိဇ္ဈာဉ်စေတ
နာ၊ဥဒ္ဒစ္စစေတနာတို့ကို။ပြဆိုခဲ့ပြီးသည့်အတိုင်းမှတ်။ ။ဤကား
အကျဉ်းမျှသာတည်း။ အကျယ်ကိုလိုမူ။မူလဋီကာ။အနုဋီကာ။မ
ဟာဋီကာတို့၌ရှင်း။ ဋီကာကျော်။မဏိသာရမဉ္ဇူသာစသည်
တို့၌ရှင်းယူပါလေကုန်။ ။

## ၂၂။ ဝိညာဏ၏ဝစနတ္ထကိုပြခြင်း။

ဝိဇာနာတီတိဝိညာဏံ။ ။ယံဓမ္မဇာတံ။ အကြင်တရားသ
ဘောသည်။ဝိဇာနာတိ။ အာရုံကိုသိတတ်၏။ဣတိ။ ကြောင့်။တံ
ဓမ္မဇာတံ။ထိုတရားသဘောသည်။ဝိညာဏံ။ဝိညာဏ်မည်၏။

## ၂၃။ လက္ခဏာရသစသည်ကိုပြခြင်း။

ဝိဇာနနလက္ခဏံဝိညာဏံ။ပုဗ္ဗင်္ဂမရသံ။ ပဋိသန္ဓိပစ္စုပဋ္ဌာနံ။
သင်္ခါရပဒဋ္ဌာနံ။ဝတ္ထာရမ္မဏပဒဋ္ဌာနံဝါ။ ။ဝိညာဏံ။ဝိညာဏ်။
ဝိဇာနနလက္ခဏံ။ အာရုံကိုသိခြင်းလက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ။
ရှေ့သွားဖြစ်လတ်။ပြဋ္ဌာန်းခြင်း ကိစ္စရှိ၏။ ပဋိသန္ဓိ ပစ္စုပဋ္ဌာနံ။
ဘဝကို တဖန် စပ်ပြန်သည်၏ အဖြစ်လျှင် ထင်သောအခြင်းအ
ရာရှိ၏။ ဝါ။ ဖြင့်ယူအပ်သော အခြင်းအရာရှိ၏။ ။ပဋိသန္ဓေ
ဝိညာဏ်ကိုရည်သည်။ ။ဝတ္ထု၊အာရုံကိုစပ်ခြင်းလျှင်ထင်သော
အခြင်းအရာရှိ၏။ ဝါ။ စပ်ခြင်းဖြင့် ယူအပ်သောအခြင်းအရာရှိ
၏။ ။ပဝတ္တိဝိညာဏ်ဖြစ်လျှင်။ဤသို့ယောဇနာအပ်၏။ ။သင်္ခါ
ရပဒဋ္ဌာနံ။ သင်္ခါရလျှင်နီးစွာသောအကြောင်းရှိ၏။ဝါ။တနည်း

ကား။ ဝတ္ထုာရမ္မဏာ ပဒဋ္ဌာနံ။ ဝတ္ထုအာရုံလျှင် နီးစွာသော အကြောင်းရှိ၏။ ။

---

## ၂၄။ ဝိညာဏပစ္စယာနာမရူပံဟူသောပုဒ်၌ နာမ်ရုပ်တို့၏သရုပ်တရားကိုယ်ကိုပြခြင်း။

.နာမ်=နာမ်ဟူသည်ကား။ ပဋိသန္ဓေဝိညာဏ်တဆဲ့ကိုးခုနှ ယှဉ်သောစေတသိက်ပစ္စတိံသ။ ၃၅ ခုသည်။ နာမ်မည်။ ။ တံနည်းကား။ပဝတ္တိဝိညါဏ်၌ယှဉ်သော။စေတသိက်ဒွေပညာသ၅၂ခုသည်နာမ်မည်၏။ ။ဤ၌အကြောင်းဖြစ်သောဝိညာဏ်အရကို။အဘိသင်္ခါရနကကမ္မဝိညာဏ်။ ဝိပါကဝိညာဏ်တို့ကိုယူ။တနည်းစိတ်တခုယုတ်ကိုးဆယ်လုံးယူ။ ။

ရုပ်=ရုပ်ဟူသည်ကား။ အဋ္ဌတ္တိကစတုဇရုပ်သည်ရုပ်မည်၏။ ။ဤ၌ကမ္မဇရုပ်သည်။ဘဝ။ ယောနိ။ဂတိ။ဌိတိ။ သတ္တာဝါသတို့၌။ တိဇရုပ်မှရှေးဦးအစ။ ပထမအလျှင် ဖြစ်ပင်ဖြစ်သော်လည်းကမ္မဇရုပ်မှကြွင်းသောတိဇရုပ်တို့သည်မထောက်ပံ့လေက။ မကြံ့မခိုင်မတည်နိုင်။ ထိုတိဇရုပ်တို့သည်လည်းကမ္မဇရုပ်မထောက်ပံ့က။မကြံ့မခိုင်မတည်နိုင်ဖြစ်၍။ အဝိနာဘာဝနည်းအားဖြင့်စတုဇရုပ်တို့ကိုယူ။။ ။

---

## ထိုစတုဇရုပ်တို့ကိုခွဲဝေ၍ပြခြင်း။

၂၅။ ကမ္မဇရုပ်။ ၁၈ ။တန်ည်း ၂၀ ။တနည်း၊ ၂၂။ ၊ သရုပ်ကား။ ။ဟာဒယရုပ်။ စက္ခုဒြေ။ သောတိဒြေ။ ဃာနိဒြေ။ ဇိဝှိဒြေ။ ကာယိဒြေ။ ဣတ္ထိဒြေ။ ပုရိသိဒြေ။ ဇီဝိတိဒြေ။ပေါင်း ကမ္မဇရုပ်။ကေန် ၉ ခု။ ။ပထဝီ။အာပေါ။တေဇော။ ဝါယော။ ဝဏ္ဏော။ဂန္ဓ။ရသ။သြဇာ။အာကာသဓာတ်။ပေါင်းအနေကန် ၉ ခု။ နှစ်ရပေါင်း။ ၁၈ ခု။ဥပစယ။ သန္တတိ။ ၂ ခုကိုထည့်လျှင်။ ၂၀။

ဇရတာ။အနိစ္စတာ ၂ ချက်ကိုထည့်ပြန်လျှင်။ ၂၂ ချဖြစ်၏။ ။
တမ္ပိရူပဇနကပစ္စယာနံရူပုပ္ပါဒနံပဋိစ္စ။ အနုပရတဗျာပါရာနံပစ္စ
ယဘာဝုပဂမနက္ခဏော။ ဇာယမာနဝဍ္ဎိကာရဘာဝေနလက္ခိယမာ
နတံသန္တာယာတိဒဿဗ္ဗံ။ ။တမ္ပိ။ထိုဇာတိရုပ်၏ကုတောဝိဇာ
တစတုဇအဖြစ်ကိုလည်း။ ရူပဇနက ပစ္စယာနံ၊ ရုပ်ကို ဖြစ်စေ
တတ်ကုန်သော ကံစသော အကြောင်းတရားလေးပါးတို့၏။ ရူ
ပုပ္ပါဒနံ။ရုပ်ကိုဖြစ်စေခြင်းကို။ ပဋိစ္စ။စွဲ၍။ အနုပရတဗျာပါရာနံ။
မကြည့်မပဲ့မစဲမကွာသေးသော လုံ့လသတ္တိ ဗျာပါရှိကုန်သော
အကြောင်းတရားတို့၏။ ပစ္စယဘာဝုပဂမနက္ခဏော။အကြောင်း
၏အဖြစ်သို့။ ကပ်ရောက်သော ခဏ၌။ ဇာယမာန ဝဍ္ဎိကာရ
ဘာဝေန။ ဖြစ်ဆဲဖြစ်သော စတုဇရုပ် တရားတို့၏။ ပေါက်ပြန်
သော အခြင်းအရာ၏ အဖြစ်ဖြင့်။ လက္ခိယမာနတံ။ ရအပ်သည်၏
အဖြစ်ကို။ သန္တာယ။ ရည်ညွှန်း နှစ်မြှုက် နှလုံးပိုက်၍။ အနုညာ
တံ။ခွင့်ပြုတော်မူအပ်၏။ ဉာတိဒဿဗ္ဗံ။ ဤသို့ မှတ်အပ်၏။ ။
ဟူသောအဘိဓမ္မတ္ထဝိဘာဝနီ ဋီကာအကျော် မိန့်တော်မူသည်
ကိုထောက်ရှု၍၊ ကံစသော အကြောင်းတရားလေးပါးတို့၏။
ရုပ်ကိုဖြစ်စေတတ်သော လုံ့လ ဗျာပါရ။ ဇနကသတ္တိရှိသည့်
အခိုက်။ ဖြစ်ဆဲဖြစ်သော ရုပ်တရားတို့၏။ ပေါက်ပြန်ခြင်း၏အ
ဖြစ်ဖြင့် ရထိုက်သောကြောင့်။ ဇာတိရုပ်ဖြစ်သော။ ဥပစယ။
သန္တတိနှစ်ခုတို့ကိုလည်း ယူလေ။ ။ဇာတိဘိက္ခဝေ အနိစ္စာ
သင်္ခတာ ပဋိစ္စသမုပ္ပန္နာ။ ။ဟူ၍သံယုတ္တကနိကာယ် ပစ္စယ
သုတ်၌ဟောတော်မူသောကြောင့်လည်း။ ဇာတိရုပ်ဖြစ်သော။
ဥပစယ။ သန္တတိ ရုပ် နှစ်ခုတို့ ကို ယူ လေ။ ၂၀ ။တနည်း
လည်း။ ။ဇရာမရဏံဘိက္ခဝေအနိစ္စံ။ သင်္ခတံပဋိစ္စသမုပ္ပန္နံ။
ဟူ၍ရင်းသုတ်၌ပင် ဟောတော်မူပြန်သောကြောင့်ရင်း။ ။
တဿာပိပဋိစ္စသမုပ္ပန္နာနံလက္ခဏဘာဝတောတိအယမဘိသန္ဓိ။
ဟူ၍ရင်းဋီကာကျော်၌ ဖွင့်ပြ တော် မူပြန်သော ကြောင့် ရင်း။
ပဋိစ္စသမုပ္ပန်ဖြစ်ကုန်သောရုပ်တရားတို့၏။ အနိစ္စသင်္ခတအဖြစ်

ဖြင့်မှတ်ကြောင်း လက္ခဏာ၏အဖြစ်ကြောင့်။ ဇရတာ။ အနိစ္စတာ ရုပ်နှစ်ခုတို့ကိုလည်း။ အနေကန္တစတုဇရုပ်၌ သင်္ဂြိုဟ်ရေတွက်ထည့်စွက်ပေါင်းရုံး၍ယူလေ။ ၂၂ ။ဘိက္ခဝေ။ တို့။ဇရာမရဏံ။ဇရာမရဏာသည်။ဝါ။ဇရတာ။အနိစ္စတာရုပ်နှစ်ခုသည်။ အနိစ္စံ။အမြဲမရှိ။ သင်္ခတံ။ ကံစသောအကြောင်းတရားလေးပါးတို့သည်ပြုပြင်စီရင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ဖြစ်သောအကျိုးတရားမည်၏။ ။ငင်းပါဠိတော်၏အနက်။ ။

တတ္ထာပိ။ ထိုဇရာမရဏံဘိက္ခဝေ အနိစ္စံသင်္ခတံပဋိစ္စသမုပ္ပန္နံဟူသောပါဠိတော်၌လည်း။ ပဋိစ္စသမုပ္ပန္နာနံ။အကြောင်းကိုစွဲ၍ဖြစ်ကုန်သောအကျိုးတရားတို့၏။ လက္ခဏာဘာဝတော။ အနိစ္စ။ သင်္ခတအဖြစ်ဖြင့်မှတ်ကြောင်း၏အဖြစ်ကြောင့်။ သင်္ခတံ။ သင်္ခတမည်၏။ ပဋိစ္စသမုပ္ပန္နံ။မည်၏။ ဇာတိအယံအဘိသန္ဓိ။ဤကားဘုရားရှင်အလိုတော်။ ။ဋီကာကျော်ပါဌ်၏အနက်။ ။ဤသို့လက္ခဏာရုပ် ၄ ခုတို့ကိုအနေကန်စတုဇရုပ်၌ပေါင်းရုံးထည့်သွင်း၍ယူမှု။ကမ္မဇရုပ် ၂၂ ခုဖြစ်သတည်း။ ။ဤကားပရိယာယကထာတည်း။ ။နိပ္ပရိယာယကထာအားဖြင့်ကား။ငင်းလက္ခဏာရုပ် ၄ ခုတို့၏။နကုတောစိသမုဋ္ဌာန်အဖြစ်ကိုမှတ်လေ။ ။ ထို့ကြောင့်။ ဇာယမာနာဒိ ရူပါနံ။ သဘာဝတ္တာဟိ ကေဝလံ။ လက္ခဏာနိ နဇာယန္တိ။ ကေဟိစိတိ ပကာသိတံ။ ဟူ၍ အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာကျမ်း၌ မိန့်အပ်လေပြီ။ ။

စိတ္တဇရုပ်။ ၁၅ ။တနည်း။ ၁၉ ။သရုပ်သကောင်ကားဤသို့တည်း။ ။

ကာယဝိညတ်။ ဝစီဝိညတ်။ငင်းရုပ် ၂ ခုသည်။စိတ်ကြောင့်သာဖြစ်သောကြောင့် စိတ္တဇရုပ်ဧကန်မည်၏။ ။သဒ္ဒရုပ်။ ရူပဿလဟုတာ။ ရူပဿမုဒုတာ။ ရူပဿကမ္မညတာ။ ပေါင်း ၄ ခု။ ယခင်ပြခဲ့ပြီးသော။ ပထဝီအစရှိသောအများနှင့်ဆက်ဆံသောအနေကန်ရုပ် ၉ ခုတို့နှင့်ပေါင်းလိုက်သော်။စိတ္တဇရုပ် ၁၅

ချဖြစ်၏။ ။ယခင်နည်းလက္ခဏာရုပ် ၄ ခုတို့ကို လည်း ထည့်လိုက်ပြန်လျှင်။ ၁၉ ချဖြစ်၏။ ။

ဥတုဇရုပ်။ ၁၃ ။တနည်း။ ၁၇ ။ သရုပ်အထည်ကောင်ကားဤသို့တည်း။ ။

ပြဆိုခဲ့ပြီးသောစိတ္တဇရုပ်။ ၁၅ ချ။ ၁၉ ချ။ထည်းက။ဝိညတ်နွေးကိုနုတ်လိုက်။ ကျန် ၁၃ ချသည်ရင်း။ ၁၇ ချသည်ရင်းဖြစ်၏။ ။

အာဟာရဇရုပ်။ ၁၂ ချ။ တနည်း။ ၁၆ ။ သရုပ်ကားဤသို့တည်း။ ။

ပြဆိုခဲ့ပြီးသောစိတ္တဇရုပ် ၁၅ ချ။ ၁၉ ချထည်းကပင်လျှင်။ ဝိညတ်နွေးနှင့် သဒ္ဒရုပ်ကိုနုတ်။ အကျန် ၁၂ ချရင်း။ ၁၆ ချရင်းဖြစ်၏။ ။

ဤဝိညာဏ ပစ္စယာ နာမရူပံဟူ၍ ပြဿနာရာ၌။ ပစ္စည်းဖြစ်သောဝိညာဏ်အရကို။ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်နှစ်ပါးလုံးကို ယူရမည်။ ။ဝိညာဏပစ္စယာတိပုညာပုညဝိပါကကြိယာဝိညာဏာနံပစ္စယာ။ဟူသောပါဠိကိုထောက်။ ။

---

## ၂၆။ ဤအရာ၌ရုပ်ကလာပ်တို့၏ဖြစ်ရာကာလ။သုံးပုဂ္ဂိုလ်တို့ကိုအကျဉ်းမျှပြထားလိုက်ဦးအံ့။

ပထဝီ။ အာပေါ။ တေဇော။ ဝါယော။ ဝဏ္ဏ။ ဂန္ဓ။ ရသ။ ဩဇာ။ ဇီဝိတရုပ်အားဖြင့်။ ၉ ပါးသောရုပ်အစုသည်။ ဇီဝိတနဝကကလာပ်မည်၏။ ။ရင်း ၉ ပါး၌။စက္ခုပသာဒကိုထည့်။ စက္ခုဒသကကလာပ်ဖြစ်၏။ ။စက္ခုကိုနုတ်၍။သောတပသာဒကိုထည့်။ သောတဒသက ကလာပ်ဖြစ်၏။ ။ရင်းနည်း အတိုင်း။ဃာနပသာဒကိုထည့်။ဃာနဒသကကလာပ်ဖြစ်၏။ ။ဇိဝှါပသာဒကိုထည့်။ဇိဝှါဒသကကလာပ်ဖြစ်၏။ ။ကာယပသာဒကိုထည့်။ကာယဒသက ကလာပ်ဖြစ်၏။ ။ဣတ္ထိဘာဝ

ရုပ်ကိုထည့်။ ဣတ္ထိဘာဝဒသကကလာပ်ဖြစ်၏။ ။ပုမ္ဘာဝရုပ်ကိုထည့်။ပုမ္ဘာဝဒသကကလာပ်ဖြစ်၏။ ။ဟဒယဝတ္ထုရုပ်ကိုထည့်။ဝတ္ထုဒသကကလာပ်ဖြစ်၏။ ။ဤ၉ခုသောရုပ်ကလာပ်စည်းတို့သည်။ကမ္မဇကလာပ်စည်းတို့မည်ကုန်၏။ ။ကမ္မဇကလာပ်ပြီး၏။ ။

---

## စိတ္တဇကလာပ် ၆ စည်း။

ပထဝီ။ အာပေါ။ တေဇော။ ဝါယော။ ဝဏ္ဏော။ ဂန္ဓ။ ရသ။ ဩဇာ။အားဖြင့်။ ၈ ခုသောရုပ်ရသည်။ သုဒ္ဓဋ္ဌက ကလာပ်မည်၏။ အဝိနိဗ္ဘောဂရုပ်လည်းမည်၏။ ။၎င်း ၈ ခု၌။ကာယဝိညတ်ရုပ်ကိုထည့်၍။ကာယဝိညတ္တိနဝကကလာပ်မည်၏။ ။ကာယဝိညတ်ကိုနုတ်။ဝစီဝိညတ်နှင့်သဒ္ဒရုပ်ကိုထည့်။ ဝစီဝိညတ္တိဒသကကလာပ်မည်၏၊ ။၎င်းတို့ကိုနုတ်။လဟုတာဒိတ္တယကိုထည့် လဟုတာဒိဧကာဒသကကလာပ်မည်၏။ ။၎င်း ၈ ခု၌ကာယဝိညတ်နှင့်လဟုတာဒိတ္တယံကိုထည့်။ ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ်မည်၏၊ ။ဝစီဝိညတ်သဒ္ဒရုပ်လဟုတာဒိတ္တယတို့ကိုထည့်၍၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်မည်၏၊ ။ဤကားစိတ္တဇကလာပ် ၆ စည်းတည်း။ ။ အလိုဆန္ဒအာသယ အဓိပ္ပါယ်အထူးမရှိ။ ယောင်ယမ်းကြောက်လန့်၍အော်ဟစ်သောအခါဝိညတ်မပါသုဒ္ဓဋ္ဌကနှင့်သဒ္ဒ ရုပ်ချည်းသာဖြစ်သောကြောင့်။သဒ္ဒနဝကကလာပ်ကိုလည်းရသင့်သေး၏။ သို့သော်လည်း။ အဋ္ဌကထာဋီကာ ပါဠိသာဓက မရှိသောကြောင့် ကျမ်းဟတ်အကျော်။ ဆရာတော်တို့ နှစ်သက်တော်မမူကြကုန်။ ။စိတ္တဇကလာပ်ပြီး၏။ ။

---

## ဥတုဇကလာပ် ၄ စည်း။

၎င်းနည်းအတိုင်း။ရှေ့ကပြထားခဲ့သောရုပ်၈ခုတို့သည်။သုဒ္ဓဋ္ဌ

ကကလာပ်မည်၏။ ။ၚင်းဂချဠ်။သဒ္ဒရုပ်ကိုထည့်၍။သဒ္ဒနဝက ကလာပ်မည်၏။ၚင်းဂချဠ်ပင်။လဟုတာဒိတ္တယကိုထည့်၍။လဟု တာဒေကာဒသကကလာပ်မည်၏။ ။ၚင်းနည်းသဒ္ဒနှင့်လဟု တာဒိတ္တယကိုထည့်၍။ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်မည် ၏။ ။ဤကားဥတုဇကလာပ် ၄ စည်းတည်း။ ။ဥတုဇက လာပ်ပြီး၏။ ။

---

## အာဟာရဇကလာပ် ၂ စည်း။

ရှေ့ကပြထားခဲ့သည့်ရုပ်ချအတိုင်းသုဒ္ဓဋ္ဌကကလာပ်။ ။ ၚင်းသုဒ္ဓဋ္ဌကကလာပ်၌။ လဟုတာဒိတ္တယကိုထည့်၍ လဟုတာ ဒိဧကာဒသကကလာပ်ဖြစ်၏။ ။ဤကားအာဟာရဇကလာပ် ၂စည်းတည်း။ ။ရုပ်ကလာပ်ဗုပြီး၏။ ။အာဟာရဇကလာပ် ပြီး၏။ ။

## ၂၇။ ပဋိသန္ဓေအခါ၌ဖြစ်သောရုပ်နာမ်တို့ကိုခွဲ၍ပြခြင်း။

ဘောမရှိသောအမိဝမ်း၌ကိန်းသောသတ္တဝါ။ဥဒ္ဓံ၏အတွင်း ၌ဖြစ်သောသတ္တဝါတို့အား။ပဋိသန္ဓေအခါ၌ ရသင့်သောရုပ်တို့ နာမ် တို့ကား။ ။ဝတ္ထု ဒသက။ ၁၀ ။ကာယ ဒသက။ ၁၀ ။ ပေါင်း ၂၀ ။ၚင်းရုပ် ၂၀ နာမက္ခန္ဓာ ၃ ချနှင့်တကွ။ ၂၃ ချသော တရားတို့သည်။ဝိညာဏ်ကြောင့်ဖြစ်သောနာမ်ရုပ်တို့မည်ကုန် ၏။ယူအပ်ပြီးသည်ကို မယူသော။ ဝါ။ မယူအပ်သေးသည်ကို သာယူသော။အဂဟိတဂဟဏနည်းအားဖြင့်။ၚင်း ၂၃ ချသော နာမ်ရုပ်တရားထည်းက အဋ္ဌကလာပ်ရုပ် ၈ ချ။ ဇီဝိတရုပ် ၁ ချ ပေါင်း ၉ ချကို နှုတ်၍။ ကြွင်း ၁၄ တို့သည်။ နာမ်ရုပ်မည်ကုန် ၏။ ။ဘောရှိသောသဘာဝက။ သတ္တဝါဖြစ်ငြားအံ့။ယခင် ၂၃ ချသောနာမ်ရုပ်၌။ဘာဝဒသက။ ၁၀။ ကိုထည့်သွင်း၍။ ၃၃ ချဖြစ်

၏။အဂဟိတဂဟဏနည်းအားဖြင့်။ ၁၅ ခုသောတရားတို့သည် နာမ်ရုပ်တို့မည်ကုန်၏။ ။

ဥပပါတ်ဖြစ်ကြသောသတ္တဝါတို့တွင်။ အသညသတ်အရူပ ဖြဟ္မာတို့ကိုချန်၍။ ကျန်ဖြဟ္မာတို့အား ပဋိသန္ဓေအခါ၌ ရသင့်သောရုပ်နာမ်တို့ကား။ ။စက္ခုဒသက။ ၁၀။ သောတဒသက။ ၁၀။ဝတ္ထုဒသက။ ၁၀။ ဇီဝိတနဝက။ ၉ ။ပေါင်း ၃၉ ။နာမက္ခန္ဓါ ၃ ခုနှင့်တကွ။ ၄၂ ခုသောတရားတို့သည်။ဝိညာဏ်ကြောင့်ဖြစ်သောနာမ်ရုပ်တို့မည်ကုန်၏။ အဂဟိတဂဟဏနည်း အားဖြင့်။ ၁၅ ခုသောတရားတို့သည်နာမ်ရုပ်တို့မည်ကုန်၏။ ။ကာမဘုံ၌ဖြစ်ကြကုန်သော။ ဥပပါတ်သံသေဒဇ။ သဘာဝကအာယတနပြည့်စုံကုန်သော သတ္တဝါတို့အားဖြစ်ဆဲသော ပဋိသန္ဓေခဏ၌ဖြစ်ကြကုန်သော နာမ်ရုပ်တရားတို့သည်ကား လွန်သောအပိုင်းအခြားအားဖြင့်။ ။စက္ခုဒသက။ ၁၀။ သောတဒသက။ ၁၀။ ဃာနဒသက။ ၁၀။ ဇိဝှါဒသက။ ၁၀။ ကာယဒသက။ ၁၀။ ဘာဝဒသက။ ၁၀။ ဝတ္ထုဒသက။ ၁၀။ ကမ္မဇကလာပ် ၇ စည်း၊ ရုပ်ပေါင်း ၇၀ နာမက္ခန္ဓါ ၃ ခုနှင့်တကွ။ ၇၃ ခုသောတရားတို့သည်။ ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်တို့မည်ကုန်၏။ အဂဟိတဂဟဏနည်းအားဖြင့်ကား။ ၁၉ ခုသော တရားတို့သည် ဝိညာဏ်ကြောင့် ဖြစ်ကုန်သော နာမ်ရုပ်တို့မည်ကုန်၏။ ထိုထိုသန္တတိသီသချုံသည်၏ အစွမ်းအားဖြင့်ရုပ်တို့၏ ယုတ်လျော့ခြင်းတို့ကို ဤသို့မှတ်အပ်ကုန်၏။ ။အာပါယိက သံသေဒဇပုဂ္ဂိုလ်၌။ စက္ခုချုံသူမှာကြွင်း ကမ္မဇကလာပ် ၆ စည်း။ သောတချုံသည်မှာလည်း ကြွင်း ၆ စည်း။ ဃာနချုံသူမှာလည်း ၆ စည်း။ ဘာဝ ချုံသူမှာ လည်း ၆ စည်း။ ဤသို့ ၆ စည်းစီ သာရ၏။ ။ပုဂ္ဂိုလ် ၄ မျိုး။ ။စက္ခုသောတနှစ်ပါးချုံသူမှာ ၅ စည်း။ စက္ခုဃာနချုံသူမှာလည်း ၅စည်း။ စက္ခုဘာဝချုံသူမှာလည်း ၅ စည်း။သောတဃာနချုံသူမှာလည်း ၅စည်း။သောတဘာဝချုံသူမှာလည်း ၅ စည်း။ ဃာနဘာဝချုံသူမှာလည်း ၅ စည်း။

ဤသို့ ၅ စည်းစီသာရ၏။ ။ပုဂ္ဂိုလ် ၆ မျိုး။ ။စက္ခုသောတဃာနချို့သူမှာ ၄ စည်း။ စက္ခုသောတဘာဝချို့သူမှာလည်း ၄ စည်း။ စက္ခုဃာနဘာဝချို့သူမှာလည်း ၄ စည်း။ သောတဃာနဘာဝ ချို့သူမှာလည်း ၄ စည်း။ ဤသို့ ၄ စည်းစီသာရ၏၊ ။ ၄ မျိုး၊ ။စက္ခုသောတဃာနဘာဝချို့သူမှာကား ၃ စည်းသာရ၏။ ။အာပါယိကသံသေဒဇပုဂ္ဂိုလ်ပြီး၏။ ။

အာပါယိကဩပပါတိကပုဂ္ဂိုလ်၌ကား။ ။အဃာနကောဩပပါတိကောနတ္ထိ။ ဟူသောယမိုက်အဋ္ဌကထာ။ ။ဒုဂ္ဂတိယံပနစက္ခု သောတဘာဝါလာဘော ဗိန္နံ ပိဝသေန။ ဃာနာလာဘော သံသေဒဇာ နမေဝဝသေန။ နဩပပါတိကာ ဝသေနာတိဒဋ္ဌဗ္ဗံ။ ဟူသောဋီကာကျော်ပါဠိတို့နှင့်အညီ။ ။စက္ခုသောတဘာဝတခုစီသာချို့သော်။ အာပါယိကဩပပါတိကသတ္တဝါမှာ ၆ စည်းစီသာရ၏။ ။ ၃ မျိုး။ ။ဒုက၌ကား။ စက္ခုသောတချို့သူမှာ ၅ စည်း။ စက္ခုဘာဝချို့သူမှာ ၅ စည်း။ သောတဘာဝချို့သူမှာ ၅ စည်း။ ဤသို့ ၅ စည်းစီသာရ၏။ ။ ၃ မျိုး၊ ။ကြွင်းမချို့ကောင်း။ ။တိက၌ကား။ စက္ခုသောတဘာဝချို့သူမှာ။ ၄ စည်းသာရ၏။ ။ကြွင်းမချို့ကောင်း။ ။သုဂတိအဟိတ်သံသေဒဇပုဂ္ဂိုလ်တို့မှာလည်း ဤနည်းအတိုင်းပင်မှတ်လေ။

သုဂတိဩပပါတိကပုဂ္ဂိုလ်၌ကား။ ။သုဂတိယံမဟာနုဘာဝေန ကမ္မုနာ နိဗ္ဗတ္တမာနာနံ ဩပပါတိကာနံ ဇစ္စန္ဓိယဝေကလ္လာယောဂတော။ စက္ခုသောတဃာနာလာဘောသံသေဒဇာနံ။ ဘာဝါလာဘော ပဌမကပ္ပိကဩပပါတိကာနံဝသေနာပိ။ ဟူသောဂုင်းဋီကာပါဠိနှင့်အညီ။ ။သုဂတိဘုံ၌။ ကမ္ဘာဦးအခါဥပပါတ် သတ္တဝါတို့မှာသာလျှင်။ ဘာဝဒသက ကလာပ်တစည်းချို့၏။ ဤမှတပါးအာယတနပြည့်စုံသော သုဂတိဥပပါတ်ချည်းမှတ်။ အာယတနပြည့်စုံသည်ဟူရာ၌လည်း။ သဒ္ဒကြည့်သောအာယတနတဆဲ့တပါးကိုယူ။ အဂဟိတဂဟဏနည်းအါးဖြင့်လည်း။ ကောက်ယူစွဲထုတ်စစ်ဇတ်ပေါ် ပြလေ။ ။

အရူပဗြဟ္မာတို့မှာကား။ရုပ်မရှိနာမက္ခန္ဓာသုံးပါးအပေါင်းသည်သာလျှင်ဝိညာဏ်ကြောင့်ဖြစ်သောနာမ်မည်၏။

အသညသတ်ဗြဟ္မာတို့ကား။ ဇီဝိတနဝကကလာပ်နှင့်ပဋိသန္ဓေနေသောကြောင့်။ ၎င်းနဝကကလာပ်သည်သာလျှင်။ကမ္မဝိညာဏ်ကြောင့်ဖြစ်သောရုပ်မည်၏။ ။သန္ဓေအခါ၌ဖြစ်သောရုပ်နာမ်စုကားပြီး၏။ ။

---

## ၂၀။ ပဝတ္တိအခါ၌ဖြစ်သောရုပ်တရားစုတို့ကိုပြခြင်း။

ပဝတ္တိ အခါ၌ကား။ ဣန္ဒြေနှင့် ပြည့်စုံသော ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား။ ကာလအားလျော်စွာ ဖြစ်ကြကုန်သော ရုပ်တို့သည်ကား။ ။စက္ခုဒသက။ ၁၀ ။သောတဒသက။ ၁၀။ ဃာနဒသက။ ၁၀၊ ဇိဝှါဒသက။ ၁၀။ ပေါင်း ၄၀ သောကမ္မဇရုပ်တို့သည်။ မိမိတို့ဖြစ်သင့်ဖြစ်ထိုက်သော ကာလအားလျော်စွာအမှတ်မရှိသောစိတ္တက္ခဏတိုင်းဖြစ်ကြကုန်၏။ ။

စိတ္တဇကလာပ်ခြောက်စည်းတို့တွင်။သုဒ္ဓဋ္ဌကကလာပ်သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏။ ဥပါဒ်ခဏကစ၍ဖြစ်၏။ ကြွင်းကျန်သော စိတ္တဇကလာပ်တို့သည်။ မိမိတို့ဖြစ်သင့် ဖြစ်ထိုက်သောကာလအားလျော်စွာ စိတ်၏ ဥပါဒ်ခဏကသါစ၍ဖြစ်ကြကုန်၏။ ပဋိသန္ဓေစိတ်သည်ကား။ ကမ်းပါးစောင်း၌ တည်ရပ်လိမ့်ကျသောသူသည်၊ မိမိတည်ရာကမ်းပါးစောင်းကိုယ်ကပင်အားနည်းခဲ့ရကားမိမိလည်း အားနည်းခြင်းကြောင့်။ မည်သည့်ကိစ္စအထောက်အပင့်ကိုမပြုမဖြစ်စေနိုင်သကဲ့သို့။ ထို့အတူပဋိသန္ဓေစိတ်၏မှီရာဝတ္ထုကိုယ်ကအါးနည်းသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေစိတ်လည်းအားနည်းရကား။ မည်သည့်ရုပ် တစုံတခုကိုမျှမဖြစ်စေနိုင်။ ထို့ကြောင့်ပဋိသန္ဓေနောင်ပဌမဘဝင်ကစ၍စိတ်၏ဥပါဒ်တိုင်းဥပါဒ်တိုင်း။ စိတ္တဇသုဒ္ဓဋ္ဌက။ ကလာပ်သည်ဖြစ်၏။

ဥတုဇကလာပ်လေးစည်းတို့တွင်လည်း။သုဒ္ဓဋ္ဌကကလာပ်
သည်ပဋိသန္ဓေစိတ်၏ဌီခဏမှစ၍ဖြစ်၏။ကြွင်းကျန်သောဥတုဇ
ကလာပ်တို့သည်။ မိမိတို့ဖြစ်သင့်ဖြစ်ထိုက်သော ကာလအား
လျော်စွာဖြစ်ကြကုန်၏။

အာဟာရဇကလာပ် နှစ်စည်းတို့တွင် သုဒ္ဓဋ္ဌကကလာပ်
သည်။ ။ဩဇာဖရဏမုပါဒါယာတိ ဂဗ္ဘသေယျကသဿမာ
တုအဇ္ဈောဟဋာဟာရတော။ သံသေဒဇောပပါတိကာနဉ္စမုခ
ဂတသေမှာဒိတော ဩဇာယရသဟရဏီအနုသရေနသရီရေ
ဖရဏကာလတောပဋ္ဌာယ။စသောဋီကာကျော်ပါဌ်။ ။မာတ
ရာအဇ္ဈောဟရိတာဟာရေန အနုဂတေ သရီရေစသောဝိသုဒ္ဓိ
မဂ်အဋ္ဌကထာပါဌ်။ ။ယဉ္စသဘာဟုဉ္စတိမာတာ စသောသဂါ
ထာဝဂ္ဂသံယုတ်ပါဠိတော်။ငင်းအဖွင့်အဋ္ဌကထာပါဌ်တို့နှင့်အညီ
အမိစားသောက် မျိုချအပ်သော။ ဩဇာအာဟာရ ရသရည်
သည်။ တသတ္တာဟာ။နှစ်သတ္တာဟာသို့ ရောက်သဖြင့် သူငယ်၏
ကိုယ်၌ပျံ့နှံ့သောအခါ၌ငင်း။ ပဋိသန္ဓေနေသောသူငယ်၏ ဝမ်း
ထင်ရှားသော အခါသူငယ်၏ ချက်မှကြာရိုးကဲ့သို့အပေါက်အ
ခေါင်းအကြီးအငယ်ရှိသောချက်ကြိုးချက်တံသည်အမိဝမ်းလွှာ
အစာသစ်အိမ်၌ ကပ်စွဲငြိတွယ်လျက်။ ငင်းချက်ကြိုး ချက်တံ၏
အခေါင်းအပေါက်ဖြင့်။ အမိစားသောက်မျို ချအပ်သောဩဇာ
သည်။ ရသဟရဏီကြောသို့ အစည်လျှောက်၍သူငယ်ကိုယ်၌
ပျံ့နှံ့သောအခါ။ဝါ။ ရောက်သောအခါ၌ဖြစ်၏။ ။သံသေဒဇ
ဥပပါတ်တို့အါးကား။အလုံးစုံတို့၏ရှေးဦးစွာ။မိမိခံတွင်း၌တည်
ရှိသော တံတွေးသလိပ်ကိုမျိုသောအခါ။ ငင်းမျိုအပ်သော တံ
တွေးသလိပ်စသည်တို့မှ။ဩဇာ၏ရသဟရဏီကြောကိုအစဉ်
လျှောက်၍ပျံ့နှံ့သောအခါမှစ၍ဖြစ်၏။ ။ကဗဠီကာရာဟာရော
တာဝမုခေထပိတမတ္တောဧဝအဋ္ဌရူပါနိသမုဋ္ဌာပေတိ ဒန္တဝိ
စုဏ္ဏိတံပန အဇ္ဈောဟရိယမာနံ ဧကေကသိတ္ထံ အဋ္ဌအဋ္ဌရူပါနိ
သမုဋ္ဌာပေတိဧဝ။ ။ဟူ၍သာရတ္ထပကာသနီအဋ္ဌကထာစ

သည်တို့၌ မိန့်ဆိုတော်မူသောကြောင့်။ ၎င်းပဝတ္တိအခါ၌ ပင်။ ခံတွင်း၌ ထည့်ထားကာမျှဖြစ်သော ကဗဠီကာရာဟာရသည်။ ၇စ်ပါးသောရုပ်တို့ကိုဖြစ်စေနိုင်၏။ သွားတို့ဖြင့်ညက်အောင်ဝါး၍မျိုအပ်သော ထမင်းစိတလုံးတလုံးသည်။ ၇စ်ပါး၇စ်ပါးသောရုပ်တို့ကိုဖြစ်စေနိုင်သည်သာတည်း။ ။အာဟာရသည်။ ရုပ်ဖြစ်သောကြောင့်။ ဌိဌိဌီကာလ၌ အာဟာရဇရုပ်တို့ကို ဖြစ်စေ၏။ ။ဥတုကိုလည်းဤနည်းအတိုင်းပင်မှတ်။ ။ဌီသို့ကျရောက်မှအားရှိသည် ဟူလို။ ။တွင်းသော လဟုတာဒိ ကောဒသက ကလာပ်သည်။ဌိဌိဖြစ်သင့်ဖြစ်ထိုက်သောကာလ၌ဖြစ်၏။

အသညသတ်ကြည်သော ရူပါဝစရဗြဟ္မာတို့အား ပဝတ္တိအခါ၌ရသင့်သောရုပ်တို့ကား။ ။စိတ္တဇကလာပ် ၆ စည်း။ဥတုဇကလာပ် ၄ စည်း။ပေါင်း ၁ဝ။ဤကလာပ် ၁ဝ စည်းတို့ကိုရအပ်ကုန်၏။ ။အသညသတ်ဗြဟ္မာတို့အားကား။ပဝတ္တိအခါ၌။သဒ္ဒနဝကကလာပ်။ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်ကြည်သော သုဒ္ဓဋ္ဌကကလာပ်။ လဟုတာဒေကာဒသက ကလာပ်ဟုဆိုအပ်သောဥတုဇကလာပ် ၂ စည်းတို့ကိုသာရအပ်ကုန်၏။

အရူပလေးဘုံသား ဗြဟ္မာတို့အားကား။ ပဋိသန္ဓေ အခါပဝတ္တိအခါနှစ်ပါးလုံး၌ပင် ရုပ်မရှိ၊ နာမ်ခန္ဓာ သက်သက်သာဖြစ်သတည်း။

ဂဗ္ဘသေယျကသတ္တဝါပဋိသန္ဓေအခါ၌။ကာယ။ဘာဝ၊ဝတ္ထု၊ဒသကဟူသောကလာပ်သုံးခုတို့သည်။ သန္ဓေစိတ်ဥပါဒ်ကစ၍ ခဏတိုင်း ခဏတိုင်းဖြစ်ကြကုန်၏။ ပဝတ္တိအခါ၌စက္ခု၊ဒသကစသောကမ္မဇကလာပ်တို့သည်။ဌိဌိတို့ဖြစ်သင့်ရာကါလ၌။အမှတ်မရှိသောစိတ္တက္ခဏာနှင့်ပင်ပြိုင်၍ဖြစ်နိုင်ကြကုန်၏။ ။

---

၂၉။ နာမရူပပုဒ်တို့၏ဝစနတ္ထကိုပြခြင်း။

နမတီတိနာမံ။ ယံဓမ္မဇာတံ။ အကြောင်တရားသဘောသည်။

နမတိ။ အာရုံ၌ ညွတ်တတ်၏။ ဣတိ။ ကြောင့်။ တံဓမ္မဇာတံ။ ထိုတရားသဘောသည်။ နာမံ။ နာမ်မည်၏။ ။ရုပ္ပတီတိရူပံ။ ။ ယံဓမ္မဇာတံ။အကြင်တရားသဘောသည်။ ရုပ္ပတိ။အချမ်းအပူစသည်တို့ကြောင့် ဖေါက်ပြန်တတ်၏။ ဣတိ။ ကြောင့်။တံဓမ္မဇာတံ။သည်။ရူပံ။၏။ ။

စတုဝေါကာရအရူပလေးဘုံ၌ ပဋိသန္ဓေပဝတ္တိအခါနှစ်ပါးလုံး၌ဝိညာဏ်ကြောင့်ဖြစ်သော နာမ်သက်သက်။ ပဉ္စဝေါကာရနှင့်ဆဲ့ခြောက်ဘုံ၌။ ပဝတ္တိဖြစ်သော စုတိစိတ်ပဉ္စဝိညာဏ်ဖြစ်သောအခါ။ ၎င်းစုတိစိတ် ပဉ္စဝိညာဏ်တို့ကြောင့်။ နာမ်သက်သက်ဖြစ်သည်ကို၎င်း။ ။အသညသတ်ဖြစ်သောဧကဝေါကာရဘုံ၌။ ပဋိသန္ဓေပဝတ္တိအခါနှစ်ပါးလုံး၌ ကမ္မဝိညာဏ်ကြောင့်ဖြစ်သော ရုပ်သက်သက်။ ပဉ္စဝေါကာရဘုံ၌ပဝတ္တိဖြစ်သော။ အဘိသင်္ခါရကမ္မဝိညာဏ်ကြောင့် ရုပ်သက်သက်ဖြစ်သည်ကို၎င်း။ ။ပဉ္စဝေါကာရဘုံ၌ပဋိသန္ဓေအခါပဝတ္တိအခါနှစ်ပါးလုံးတို့၌ဝိညာဏ်ကြောင့်ဖြစ်သောနာမ်ရုပ်နှစ်ပါးလုံးကို၎င်း။ ဤသုံးရပ်ကိုရည်၍။ ။နာမဉ္စ။ရူပဉ္စ။နာမရူပဉ္စ။နာမရူပံ။ဟူသောဧကဒေသသရူပေကသေသတဒ္ဓိတ်ဝိဂြိုဟ်ပြု။ ။

---

## ၃၀။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

နမနလက္ခဏံနာမံ။သမ္ပယောဂရသံ။ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ။ဝိညာဏပဒဋ္ဌာနံ။ ။နာမံ။နာမ်သည်။နမနလက္ခဏံ။အာရုံ၌။ဝါ။ အာရုံသို့ညွတ်ခြင်းလက္ခဏာရှိ၏။ သမ္ပယောဂရသံ။ ဧကုပ္ပါဒစသောအားဖြင့်စိတ်၌ယှဉ်ခြင်းကိစ္စရှိ၏။အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ။ အသီးအခြားမိမိချည်းမဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။တလုံးတစည်းတည်း၏အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ဝိညာဏပဒဋ္ဌာနံ။ဝိညာဏ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။

ရုပ္ပနလက္ခဏံရူပံ။ ဝိကိရဏရသံ။ အဗျာကတပစ္စုပဋ္ဌာနံ။

ဝိညာဏပဒဋ္ဌာနံ။ ။ရူပံ။ ရုပ်သည်။ ရုပ္ပနလက္ခဏံ။ ဝိရောဓိ ပစ္စည်းတို့ကြောင့်ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ။ ဖရို ဖရဲကြဲခြင်း ကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ။ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့်မဟောအပ်သည်၏အဖြစ်ထင်သောအ ခြင်းအရာရှိ၏။ ဝါ။ အဗျာကတအဖြစ်ဖြင့်ယူအပ်သော အခြင်း အရာရှိ၏။ဝါ၊အာရုံကိုမယူခြင်းထင်သောအခြင်းအရာရှိ၏။ ဝါ။အနာရမ္မဏအဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ ။အနာ ရမ္မဏပရိယာယောစေတ္ထအဗျာ ကတသဒ္ဒေါ။ ။ဟူသည်ကို ထောက်။ ။ဝိညာဏပဒဋ္ဌာနံ။ ဝိညာဏ်ထင်နီးစွာသော အ ကြောင်းရှိ၏။ ။

---

## ၃၁။ နာမရူပပစ္စယာ သဠာယတနံဟူသောပုဒ်၌သဠာ ယတန၏သရုပ်တရားကိုယ်ကိုပြခြင်း။

နာမံ့ခန္ဓတ္တယံရူပံ။ ဘူတဝတ္ထာဒိကံမတံ။ ဟူသော အဋ္ဌက ထာပါဌ်နှင့်အညီ။အကြောင်းဖြစ်သောနမ်ရုပ်အရ။ စေတသိက် နာမက္ခန္ဓါသုံးပါးကို။နာမ်ဟူ၍ယူ။ဘူတရုပ်လေးပါး။ ဝတ္ထုရုပ် ခြောက်ပါး။ ဇီဝိတရုပ်တပါး။အာဟာရရုပ်တပါး။အားဖြင့်တ ဆဲ့နှစ်ပါးသော ရုပ်တို့ကိုရုပ်ဟူ၍ယူ။ ကြွင်းရုပ် တဆဲ့ခြောက် ပါးတို့ကိုမယူအပ်။ ။သဠာယတနအရကား။ ။စက္ခာယတန။ စက္ခုပသာဒ ၁ ခု။သောတာယတနသောတပသာဒ ၁ ခု။ဃာ နာယတန။ဃာနပသာဒ ၁ခု။ဇိဝှါယတန။ဇိဝှါပသာဒ ၁ ခု။ကာ ယာယတန။ကာယပသာဒ ၁ ခု။ မနာယတန။စိတ် ၈၉ ခု။ ၎င်း ခြောက်ခုတို့သည်။သဠာယတနမည်၏။

---

## ၃၂။ ဝစနတ္ထကိုပြခြင်း။

အာယေတနေါတိတိအာယတနံ။ ။ယံစက္ခာဒိကံ။အကြင်စက္ခု

အစရှိသော ခြောက်ပါးသော တရားအပေါင်းသည်။ အာယေ စိတ်စေတသိက်တို့ကို။ တနောတိ။ ချဲ့တတ်၏။ ဣတိ။ ကြောင့်။ တံ၊ စက္ခွာဒိကံ။ ထိုစက္ခုအစရှိသော ခြောက်ပါးသော တရားအပေါင်းသည်၊ အာယတနံ။ အာယတနမည်၏။ ။အာယတဉ္စ နယတီတိ အာယတနံ။ ။စ။ တနည်းကား။ ယံ။ အကြင်ခြောက်ပါးသောတရားအပေါင်းသည်။ အာယတံ။ ရှည်လျားစွာသော သံသာရဝဋ်ဆင်းရဲကို။ နယတိ။ ဆောင်တတ်၏။ ဣတိ။ ကြောင့်။ တံ။ ထိုခြောက်ပါးသော တရားအပေါင်းသည်။ အာယတနံ။ မည်၏။ ။အာယေ စိတ္တစေတသိကေ တနောတိ။ အာယတံ သံသာရဝဋ္ဋံ နယတီတိ အာယတနံ။ ။ဟူသော ဒိပနီဋီကာစသည်ကို ထောက်။ ။ဆ အာယတနာနိ သဠာယတနံ။ ။ဆ၊ ခြောက်ပါးကုန်သော၊ အာယတနာနိ။ အာယတနတို့တည်း။ သဠာယတနံ။ ခြောက်ပါးသော အာယတန။ ။အရူပေ နာမမေဝ ပစ္စယော တတ္ထဆဋ္ဌါယနသော၀။ စသောပါဠိနှင့်အညီ။ အရူပလေးဘုံ၌နာမ် သက်သက်သည် သာလျှင်။ ဆဋ္ဌဖြစ်သော မနာယတန အား ကျေးဇူးပြုရကား။ ။ဆဋ္ဌာယတနဉ္စ၊ သဠာယတနဉ္စ။ သဠာယတနံ။ ဟူ၍ အဋ္ဌ ဧကဒေသသရူပေကသေသပြု။ ။ဆဋ္ဌာယတနဉ္စ။ ခြောက်ခုမြောက်သော မနာယတနလည်း။ သဠါယတနဉ္စ။ ခြောက်ခုသော အာယတနလည်း။ သဠါယတနံ။ ခြောက်ခုမြောက်သော မနာယတန။ ခြောက်ခုသော အာယတန။ ။သဒ္ဒသရူပ၊ အတ္ထ သရူပ။ သဒ္ဒတ္ထသရူပအားဖြင့် သရူပသုံးမျိုး ကိုလည်း မှတ်။ ။ဆက်လိုက်ဦးအံ့။ အာယတဉ္စနယတိဟု ဆိုခဲ့ပြီးသော ဝစနတ္ထသည်။ မနာယတန၌အတွင်းဝင်သော။ လောကုတ္တရာစိတ် ရှစ်ခုနှင့်။ မသင့်မလျော် မတော် မလျောက်ပတ်တကား ဟူမူ။ အထင်ရုဠှီအားဖြင့် နိဿန္ဒရာဂဖြစ်သော ဘုရားရဟန္တာပစ္စေကဗုဒ္ဓါတို့ကိုလည်း သတ္တဝါဟူ၍ပင် ဆိုရဦးမည်ဟူ၍ မူလဋီကာဆရာ မိန့်မှာသကဲ့သို့ငှင်း။ ။လောကုတ္တရပန ရုဠှီဝသေန ကထိတာ။ ဟူ၍သာရတ္ထပကာသနီအဋ္ဌကထာ စသည်ကိုငှင်း

ထောက်ရှု၍။ ရုဠှီအားဖြင့်လောကုတ္တရာ စိတ်ရှစ်ခုတို့ကိုလည်း အာယတန ဖွဲ့သင့်သည့်အတိုင်း ကောက်ယူထည့်သွင်း လိုက်သည်။ ။မနိန္ဒြိယံဧကေနခန္ဓေနဧကာယတနေနသတ္တဟိဓာတူဟိသင်္ဂဟိတံ။ ဟူ၍ ဓာတုကထာ ပါဠိတော်၌ ဟောတော်မူသည်။ ။ဤပါဠိတော်၌စိတ် ၈၉ ကိုမနာယတနကောက်။ ။မနဉ္စာဝုသောပဋိစ္စဓမ္မေစ။ ဥပ္ပဇ္ဇတိမနောဝိညာဏံ။အစရှိသောမဓုပိဏ္ဍိကသုတ်။ သံယုတ်ပါဠိတော်စသည်တို့၌ကား။ ။မနအရကို။ဘဝင်စိတ် ၁၉ ခုကိုကောက်ယူရမည်၊ မနအရဘဝင်စိတ် ၁၉ ခုကိုကောက်ယူလျှင်မနောဝိညာဏ်အရ။မနောဒွါရာဝဇ္ဇန်းနှင့် ဇောကိုကောက်ယူရမည်။ မနောဝိညာဏ်အရဇောစိတ်ကိုကောက်ယူပြန်လျှင်လည်း။ မနအရမနောဒွါရာဝဇ္ဇန်းနှင့်ဘဝင်စိတ်။ ၁၉ ခုကိုကောက် ယူရမည်ဟူ၍။ ၎င်းအဋ္ဌကထာတို့၌ ဆိုသောကြောင့်။ ဤမဓုပိဏ္ဍိကပရိယာယနည်းအားဖြင့်မနောဒွါရာဝဇ္ဇန်းနှင့်ဘဝင်စိတ် ၁၉ ခုတို့ကိုမနာယတနဟုကောက်ယူသင့်၏။သို့သော်လည်း။ နာမက္ခန္ဓာသုံးပါးတို့သည်။ ၎င်းတို့အားသာ ကျေးဇူးပြုသည်မဟုတ်သေး။ အလုံးစုံသော စိတ်တို့အားကျေးဇူးပြုရကား။အလုံးစုံသောစိတ် ၈၉ ခုတို့ကိုကောက်ယူလေ။ ။တနည်းလည်း။ လောကုတ္တရာတရားတို့ကိုဝဋ္ဋကထာ အရာ၌။မထည့်မသွင်းမကောက်မယူအပ်ဟူ၍ အဋ္ဌကထာတို့၌မိန့်ဆိုအပ်သောစကားနှင့်အညီ။ လောကီစိတ်ဧကာသီတိ ၈၁ ခုသည်မနာယတနမည်၏ဟုကောက်ယူလေ။ ။

## ၃၃။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

အာယတနလက္ခဏံသဠာယတနံ။ဒဿနာဒိရသံ။ ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာနံ။နာမရူပပဒဋ္ဌာနံ။ ။သဠာယတနံ။အာယတနခြောက်ပါးသည်။ အာယတနလက္ခဏံ။ ရှည်လျားစွာသံသရာဝဋ်ဆင်းရဲကိုချဲ့ခြင်းလက္ခဏာရှိ၏။ဝါ။ ထိခိုက်ခြင်းလက္ခဏာရှိ

၏။ဝါ။ အာယမည်သော စိတ်စေတသိက်တရားတို့ကို ချဲခြင်း လက္ခဏာရှိ၏။ ။ဗျေကား ဆရာတို့အနက်။ နောက်နှစ်နက် ကား။ ။အာယတနလက္ခဏာန္တိယန္တီနလက္ခဏံ။အာယာနံတနန လက္ခဏံဝါ။ ဟူသောမဟာဋီကာ၊ မူလဋီကာတို့ဖွင့်ပြသောအ. နက်။ ။ဒဿနာဒိရသံ။မြင်ခြင်းစသောကိစ္စရှိ၏။ဝါ။မြင်ခြင်း။ ကြားခြင်း။အနံ့ကိုယူခြင်း။ လျက်ခြင်း။တွေ့ခြင်း။ သိခြင်းကိစ္စရှိ ၏။ ။စက္ခာဒိပစ္စကာယတန၊မှာ။ ဌာနျူ့ဖလူပစာရဟုမှတ်။မ နာယတနမှာမူချပင်။ ။ဒဿနသယထာသကံဝိသယဂဟ ဏာသကာရဏာတောဒဿနရသံ။ ။မဟာဋီကာကိုမျှော်။ ။ ဒဿနာဒိနံကါရဏဘာဝတောဒဿနာဒိရသတာ။ ။မူလဋီ ကာကိုလည်းရှု။ ။ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာနံ။ ဝတ္ထုဒွါရအ ဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ဝါ။ ဝတ္ထုဒွါရအဖြစ်ဖြင့်ယူ အပ်သောအခြင်းအရာရှိ၏။နာမရူပပဒဋ္ဌာနံ။ နာမ်ရုပ်လျှင်နီးစွာ သောအကြောင်းရှိ၏။ ။

၃၄။ ပစ္စုပဋ္ဌာန်ကိုဆိုရာ၌။ ။ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာ နံယထာရဟံ ဝိညာဏမနောဝိညာဏ ဓါတူနန္တိအဓိပ္ပါယော။ ဝတ္ထုဂ္ဂဟဏံစေတ္ထစက္ခာဒိပစ္စကာပေက္ခံ။ ဟုမဟာဋီကာဖွင့် ဆိုတော်မူသည်။ ။ဝိညာဏမနောဝိညာဏဓါတူနံ။ပစ္စဝိညာဏ ဓါတ်မနောဝိညာဏဓါတ်တို့၏။ ယထာရဟံ။ဝတ္ထုဒွါရအလိုက် လိုက်သည်အားလျော်စွာ။ ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာနံ။ ဝတ္ထုအ ဖြစ်၊ဒွါရအဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ဝါ။အဖြစ်ဖြင့်ယူ အပ်သောအခြင်းအရာရှိ၏။ဣတိအယံအဓိပ္ပါယော။ ဤကားအဋ္ဌ ကထာဆရာမြတ်၏အလိုတော်။ ။ဤပစ္စုပဋ္ဌာနံဟူသောပုဒ် ၌။ဥပသဒ္ဒါသည်၊ ဂံယှာကာရဂ္ဂဏ္ဍဖြစ်၏ဟုသဒ္ဒနီတိ၌မိန့်တော် မူ၏။ ။စ။ဆိုဘွယ်အထူးကိုကျူးရင့်လိုက်ဦးအံ့။ဧတ္ထ။ဤဝတ္ထု ဒွါရနှစ်ပါးတို့တွင်။ဝတ္ထုဂ္ဂဟဏံ။ဝတ္ထုသဒ္ဒါသည်။ စက္ခာဒိပစ္စ ကာပေက္ခံ။စက္ခာဒိပစ္စကာပေက္ခံဧဝ။ စက္ခုစသောအာယတ နငါးပါးကိုသာငဲ့၏။နဆဋ္ဌာပေက္ခံ။ ဆဋ္ဌဖြစ်သောမနာယတန

ကိုမငဲ့။ ။လှန်လိုက်။ ။အဓိပ္ပါယ်ကား။ပစ္စုဝိညာဏဓါတ်တို့သည်။ စက္ခွာဒိပဉ္စကာယတနဝတ္ထုဒွါရတို့၌သာ။ ယထာရဟဖြစ်ကြကုန်၏။ မနောဝိညာဏဓါတ်သည်ကား။ ဒွါရဖြစ်သောဘဝင်စိတ်တဆဲ့ကိုးခု၌ဖြစ်၏။ ဝတ္ထုသဒ္ဒါကိုစက္ခွာဒိပဉ္စကာယတနကိုသာငဲ့၍ဆိုအပ်၏။ မနာယတနကိုငဲ့၍မဆို။ ဒွါရသဒ္ဒါကိုကား။ စက္ခွာဒိပဉ္စကာယတန။ မနာယတနနှစ်ပါးလုံးကို ငဲ့၍ဆိုအပ်၏။ ။ဤကားအဓိပ္ပါယ်။ ။မနောဝိညာဏဓါတ်သည်။ ဘဝင်စိတ် ၁၉ ခုဟုဆိုအပ်သောမနောဒွါရ၌ဖြစ်သောကြောင့်။ ဤအလိုအားဖြင့်။ဘဝင်စိတ် ၁၉ ခုသည်မနာယတနမည်၏ဟုကောခံယူလျှင်ဤအရာ၌ သင့်မြတ်သကဲ့သို့ရှိ၏။ ဝစနတ္ထနှင့်၎င်း။ မဓုပိဏ္ဍိကသုတ်အဋ္ဌကထာစသည်တို့နှင့်၎င်း ညီညွတ်၏။ သို့သော်လည်း။ နာမရူပဟူသောအကြောင်းကိုထောက်ထား၍မကောက်ယူအပ်။ ။ဤကားအဆုံးအဖြတ်။ ။

---

## ၃၅။ သဠာယတနပစ္စယာဖဿောဟူသော ပုဒ်၌ ဖဿ၏သရုပ်တရားကိုယ်ကိုပြခြင်း။

ဤ၌လည်း။အကြောင်းဖြစ်သောသဠာယတနအရ။ စတုဝေါကာရအရူပလေးဘုံ၌ဖဿအားကျေးဇူးပြုသော ဆဋ္ဌာယတန။ ၎င်းဘုံမှတပါး ပဉ္စဝေါကာရဘုံ၌ ဖဿအားကျေးဇူးပြုသော စက္ခွာဒိသော အဇ္ဈတ္တိကာယတန။ ဟုတ်ဟုတ်ညားညားသော ဖဿအား ကျေးဇူးပြုသောရူပါရုံစသော ဗာဟိရသဠာယတန။ ဤသုံးပါးကိုယူ။၎င်းသုံးပါးကိုရည်၍။ ။သဠာယတနဉ္စ။သဠာယတနဉ္စ။ သဠာယတနံ။ ဟု သဒ္ဒသရူပေကသေသပြု။ ၎င်းနောက်မှဆဋ္ဌာယတနဉ္စ။သဠာယတနဉ္စ။ သဠာယတနံ။ဟုအတ္ထဧကဒေသသရူပေကသေသပြု။ ။

စက္ခုသမ္ဖဿ။စက္ခုဝိညာဏ်ဒွေ၌၊ ယှဉ်သောဖဿစေတသိက် ၂ ခု။သောတသမ္ဖဿ။သောတဝိညာဏ်ဒွေ၌ယှဉ်သော

ဖဿစေတသိက် ၂ ခု။ ဃာနသမ္ဖဿ။ ဃာနဝိညာဏ်နှင့်ယှဉ်သောဖဿစေတသိက် ၂ ခု။ ဇိဝှါသမ္ဖဿ။ ဇိဝှါဝိညာဏ်နှင့်ယှဉ်သော ဖဿစေတသိက် ၂ ခု။ ကာယ သမ္ဖဿ။ ကာယဝိညာဏ်နှင့်ယှဉ်သောဖဿစေတသိက် ၂ ခု။ မနောသမ္ဖဿ။ နှစ်ပဉ္စဝိညာဏ် ၁၀ မှကြွင်းကျန်သော။ လောကီဝိပါက် ၂၂ ခုနှင့်ယှဉ်သောဖဿစေတသိက် ၂၂ ခု။ ဤဖဿအပေါင်းသည်ပင် ဖဿမည်၏။ ။ပေါင်း ၃၂ ခု။

၃၆။ ဖဿအပြားကား။ သံယုတ်ပါဠိတော်။ အဘိဓမ္မာဝိဘင်းပါဠိတော်စသည်တို့၌။ ။ကတမေ ဆ ဖဿကာယာ။ စက္ခုသမ္ဖဿော။ သောတသမ္ဖဿော။ ဃာန သမ္ဖဿော။ ဇိဝှါ သမ္ဖဿော။ ကာယ သမ္ဖဿော။ မနောသမ္ဖဿော။ အယံ ဝုစ္စတိ ဖဿော။ ဟူ၍သာမညလက်ဝါးကြီးအုပ်အားဖြင့် ခြောက်ပါးဟောတော်မူသည်ကို။ အဋ္ဌကထာဆရာ ဋီကာဆရာမြတ်တို့သည်အကျယ်ခွဲတော်မူ၍။ သုံးဆဲ့နှစ်ပါးသောဖဿအပြားကိုခွဲခြမ်း၍ပြတော်မူကြကုန်၏ ။ ဝိတ္ထာရနယမဂ္ဂိသောဟူ၍ပင်ဆိုသော်လည်း။ ဤအရာ၌ပဋ္ဌာနပုဒ် အကျိုးတရားဖြစ်၍။ အကျိုးဖြစ်သောလောကီဝိပါက်ဗတ္တိံသ ၃၂ ပါး၌ ယှဉ်သော ဖဿကိုသာ ဝဏ္ဏကထာ ဖြစ်သည့်အတိုင်းညွှန်းပြကောက်ယူတော်မူအပ်၏ဟူ၍မှတ်။ ။ သမ္မောဟဝိနောဒနီမဂ်အဋ္ဌကထာဆရာမြတ်တို့အလို။ သုတ္တန္တဘာဇနီ နည်းအားဖြင့်။ ၃၂ ပါးကောက်သည်။ ။တနည်းလည်းအဘိဓမ္မာ ကာယတနခြောက်ပါး။ ဗာဟိယာယတနခြောက်ပါးတို့ကိုစွဲ၍။ ဝိညာဏ်ခြောက်ပါးဖြစ်ရာ၌ပါလာသောဖဿဟူ၍လည်းမှတ်အပ်၏။ ဤသို့မရုပိဋကသုတ် ဒေသနာတော်နည်းအားဖြင့်ရင်း။ သံယုတ်ပါဠိတော်ဒုက္ခသုတ် ဒေသနာတော်နည်းအားဖြင့်ရင်း။ ဘဝင်စိတ် ၁၉ ခုမှကြွင်းသော။ ၇၀ သောစိတ်၌ယှဉ်သောဖဿ ၇၀ ကိုလည်းကောက်ယူအပ်၏။ ။တနည်းလည်း။ သဠာယတနပစ္စယာဖဿောန ယေဓမ္မာဝိပ္ပယုတ္တာ။ အစရှိသော ဓါတုက

ထေပါဠိတော်အဘိဓမ္မာဘာဇနီနည်းအားဖြင့်။စိတ် ဂ၉ချဉ်္ဃှဉ် သောဖဿ ဂ၉ခုလုံးကိုကောက်ယူလျှင်။ စိတ္တေနသမဝရှိသော အတိုင်းပင်ဖြစ်၏။ ။

အာသတန္အမျှားကြောင့် ဖဿတပါးတည်းဖြစ်သည်ကို ပြတော်မူလိုသောကြောင့်ဖဿောဟူ၍ ဧကဝစ်ဟောတော်မူ သည်။ဖဿတပါးတည်းဖြစ်ပုံကား။စက္ခုသမ္ဗဿတခုသည်။ စက္ခာယတန ၁ပါး။ရူပါယတန ၁ပါး။စက္ခုဝိညာဏ်တည်းဟူ သောမနာယတန ၁ ပါး။ဖဿမှကြွင်းကျန်သော သမ္ပယုတ်စေ တသိက်တည်းဟူသောဓမ္မာယတန ၁ပါး။ဤလေးပါးသောအာ ယတနတို့ကြောင့် ဖြစ်၏။ ။သောတ သမ္ဗဿစသည်တို့၌ လည်းဤနည်းကိုမှီး။ ။ထိုကြောင့်။စက္ခုံစပဋိစ္စရူပေစ။ပ။မ နဉ္စပဋိစ္စဓမ္မေစဉပ္ပဇ္ဇတိမနောဝိညာဏံ။ တိဏ္ဏံသင်္ဂတိဖဿော အစရှိသဖြင့် မူလပဏ္ဏာသပါဠိတော် မဓုပိဏ္ဍိကသုတ်၌ဟော တော်မူသည်။ ။ဝန္နအရာဖြစ်၍အရာအားလျော်စွာသာကောက် ယူရမည်။

---

## ၃၇။ ဖဿ၏ဝစနတ္ထကိုပြခြင်း။

ဖုသတိတိဖဿော။ ။ယောဓမ္မော။အကြင်တရားသည်။ ဖုသတိ။ထိတွေ့သောအခြင်းအရာအားဖြင့် ဖြစ်တတ်၏။ ဣတိ။ ကြောင့်။သောဓမ္မော။ထိုတရားသည်။ဖဿော။ဖဿမည်၏။

---

## ၃၈။ ဖဿ၏လက္ခဏာရသစသည်တို့ကိုပြခြင်း။

ဖုသနလက္ခဏောဖဿော။သံဃဋ္ဋနရသော။ သင်္ဂတိပစ္စုပ ဋ္ဌာနော။သဋ္ဌာယတနပဒဋ္ဌာနော။ ။ဖဿော။ဖဿသည်။ဖုသ နလက္ခဏော။ အာရုံကိုတွေ့ထိခြင်း လက္ခဏာရှိ၏။ သံဃဋ္ဋနရ သော။ချစ်ခြုတ်ဆိုက်တိုက်ခိုက်ခြင်းကိစ္စရှိ၏။ သင်္ဂတိပစ္စုပဋ္ဌာ

နော။အစ္စတ္တိက၊ဗဟိဒ္ဓအာယတန၊ဝိညာဏ်တို့၏ပေါင်းယှဉ်ရ
ခြင်းချေးထင်သောအခြင်းအရာရှိ၏။ ဝါ။ ပေါင်းယှဉ်ရဝေး
သည့်၏အဖြစ်ဖြင့်။ ယူအပ်သောအခြင်းအရာရှိ၏။သင္ဂဝါယတန
ပဒဋ္ဌာနော။ခြောက်ပါးသောအာယတနတရားချင်းနီးစွာသော
အကြောင်းရှိ၏။ ။

---

## ၃၉။ ဖဿပစ္စယာဝေဒနာဟူသောပုဒ်၌။ဝေဒနာ၏ သရုပ်တရားကိုယ်ကိုပြခြင်း။

စက္ခုသမ္ဖဿဇာဝေဒနာ။စက္ခုဝိညာဏ်နှင့်ယှဉ်သောဝေ
ဒနာစေတသိက် ၂ ချ။ သောတသမ္ဖဿဇာဝေဒနာ။ သောတ
ဝိညာဏ်နှင့်ယှဉ်သောဝေဒနာစေတသိက် ၂ ချ။ဃာနသမ္ဖဿ
ဇာဝေဒနာ။ဃာနဝိညာဏ်နှင့်ယှဉ်သောဝေဒနာစေတသိက် ၂
ချ။ ဇိဝှါသမ္ဖဿဇာဝေဒနာ။ ဇိဝှါဝိညာဏ်နှင့်ယှဉ်သောဝေဒ
နာစေတသိက် ၂ ချ။ကာယသမ္ဖဿဇာဝေဒနာ။ကာယဝိညာဏ်
နှင့်ယှဉ်သော ဝေဒနာစေတသိက် ၂ ချ။မနောသမ္ဖဿဇာဝေဒ
နာ။ဒွေပဉ္စဝိညာဏ်၁၀မှကြွင်းသောလောကီဝိပါက်ဗာဝိသ ၂ ၂
ချ၌ယှဉ်သော။ဝေဒနာစေတသိက် ၂ ၂ ချ။ပေါင်း ၃ ၂ ချသောဝေ
ဒနာစေတသိက်တို့ကိုကောက်ယူလေ။ ။သံယုတ်ပါဠိတော်
အဘိဓမ္မာဝိဘင်းပါဠိတော်စသည်တို့၌၊ လက်ဝါးကြီးအုပ် ဖြစ်
ရာဌါရအားဖြင့်။ခြောက်ပါးပင်ဟောတော်မူသော်လည်း။ အဋ္ဌ
ကထာဆရာဋီကာဆရာမြတ်တို့သည်။ အကျယ်ချဲ့တော်မူ၍။အ
ကျိုးဖြစ်သောလောကီဝိပါက်ဗတ္တိံသ ၃ ၂ ပါး၌ယှဉ်သော ဝေ
ဒနာ ၃ ၂ ပါးကိုသာ ပြတော်မူကြကုန်၏။ ။ဖဿအရာ၌ပြခဲ့
ပြီးသည့်အတိုင်းမှတ်။ ။ဌါရတောဝေဒနာဝုတ္တာ။စက္ခုသမ္ဖဿ
ဇာဒိကာ။ ဆဋ္ဌေဝတာပဘေဒေန။ကျေနနဝုတိမတာ။ ။ဝေ
ဒနာသုပနေတာသု။ ဣဓဗတ္တိံသဝေဒနာ။ ဝိပါကစိတ္တယုတ္တာ၀။
အဓိပ္ပေတာတိ ဘာသိတာ။ ။ဝိဘင်းအဋ္ဌကထာ ဝိသုဒ္ဓိမဂ်

အဋ္ဌကထာစသည်။ ။ဒွါရတော။ဒွါရအားဖြင့်။စက္ခုသမ္ဖဿဇာဒိကာ။ စက္ခုသမ္ဖဿအစရှိကုန်သော။ ဆဋ္ဌဝ။ခြောက်ပါးအပြားရှိသည်သာလျှင်ဖြစ်ကုန်သော။ ဝေဒနာ။ ဝေဒနာတို့ကို။ ဝုတ္တာ။ ကိုယ်တော်မြတ်ဘုရား ဟောကြားတော် မူအပ်ကုန်၏။ ပဘေဒေန။သမ္ပယုတ်နည်းအသီးသီးသော်အပြားအားဖြင့်။တာ။ ထိုဝေဒနာတို့ကို။ ဧကူနနဝုတိ။တရ ယုတ်ကိုးဆယ်။ စိတ်ဝယ်ယှဉ်ခြား။ ထိုအလား ကြောင့် တပါးယုတ်ကိုးဆယ် တို့ဟူ၍။ မတာ။သိအပ်ကုန်၏။ ။ပန။လိုအပ်သောဝေဒနာကို။ ဝိတ်ဖြာခွဲခြား ရေးသားမိန့်ဆိုလိုက်ဦးအံ့။ ဧတာသုဝေဒနာသု၊ ထိုတရယုတ် ကိုးဆယ် သော ဝေဒနာတို့တွင်။ ဝိပါက သမ္ပယုတ္တာဝ။ လောကီဝိပါက။ဗတ္တိံသ၌ယှဉ်ကြသည်သာလျှင်ဖြစ်ကုန်သော ဗတ္တိံသဝေဒနာ။ သုံးဆဲ့နှစ်ဖြာဝေဒနာတို့ကို။ ဣဓ။ ဤဖဿပစ္စယာဝေဒနာနိဒ္ဒေသ၌။ အဓိပ္ပေတာ။ အထူးအားဖြင့် လိုလားအပ်ကုန်၏။ဣတိ။ဘာသိတာ။ဤသို့သောချာ။ရှေးဆရာတို့မိန့်မှာမြွက်ထားဟောကြားအပ်ကုန်၏။ ။ဤကားအဋ္ဌကထာတို့၏ပါဌ်၏အနက်။ ။သုတ္တန္တဘာဇနီနည်းပင်။ ။ဓာတုကထာပါဠိတော်အဘိဓမ္မာဘာဇနီနည်းအားဖြင့် ၈၉ ခုကောက်။ ။ဝဏ္ဏကထာဖြစ်၍လောကီဝေဒနာကိုသာကောက်။ ။

၄၀။ တနည်းလည်း ဝေဒနာအပြားကား။ ။မဇ္ဈိမနိကာယ်ဗဟုဝေဒနီယသုတ်။ သံယုတ္တကနိကာယ် အဋ္ဌသတပရိယာယသုတ်စသည်တို့၌။ ဝေဒနာအပြား ၁၀၈ ပါးလာ၏။ ။ သရုပ်အကျယ်ကား။ ။ဝေဒနာသည်။ ကိုယ်၌ဖြစ်သောဝေဒနာ။စိတ်၌ဖြစ်သောဝေဒနာအားဖြင့်။ ၂ ပါးအပြားရှိ၏။ ။တနည်းလည်း။ သုခဝေဒနာ။ဒုက္ခဝေဒနာ။အဒုက္ခမသုခဝေဒနာအားဖြင့် ၃ ပါးအပြားရှိ၏။ ။တနည်းလည်း။ သုခိန္ဒြိယ ဝေဒနာ။ ဒုက္ခိန္ဒြိယဝေဒနာ။ သောမနဿိန္ဒြိယ ဝေဒနာ။ ဒေါမနဿိန္ဒြိယ ဝေဒနာ။ဥပေက္ခိန္ဒြိယဝေဒနာအားဖြင့် ၅ ပါးအပြားရှိ၏။ ။တနည်းလည်း။စက္ခုသမ္ဖဿဇာဝေဒနာ။ ပ။မနောသမ္ဖဿဇာဝေ

ဒနာအားဖြင့် ၆ ပါးအပြားရှိ၏။ ။တနည်းလည်း။ဣဋ္ဌာရုံ ၆ ပါး၌ကျက်စားသော။သောမနဿဝေဒနာ။ ၆ ပါး။အနိဋ္ဌာရုံ ၆ ပါး၌ကျက်စားသောဒေါမနဿဝေဒနာ။ ၆ပါး။ဣဋ္ဌမဇ္ဈတ္တာရုံ ၆ပါး၌ကျက်စားသောဥပေက္ခာဝေဒနာ။ ၆ပါး။ပေါင်းဝေဒနာသည်အာရုံအားဖြင့် ၁၈ ပါးဖြစ်၏။ ။တနည်းလည်းဂေဟဿိတသောမနဿဝေဒနာ။ ၆ ပါး။ နိက္ခမဿိတသောမနဿဝေဒနာ ၆ ပါး။ဂေဟဿိတဒေါမနဿဝေဒနာ။၆ ပါး။နိက္ခမဿိတဒေါမနဿဝေဒနာ။၆ပါး။ဂေဟဿိတဥပေက္ခာဝေဒနာ။၆ပါး။နိက္ခမဿိတဥပေက္ခာဝေဒနာ။၆ပါးအားဖြင့်။ပေါင်းဝေဒနာ။ ၃၆ပါးဖြစ်၏။ ။ထို၃၆ပါးသောဝေဒနာတို့သည်။ကာလအားဖြင့်။အတိတ်၌လည်း၃၆ပါး။အနာဂတ်၌လည်း၃၆ပါး။ ပစ္စုပ္ပန်၌လည်း ၃၆ ပါးအားဖြင့်ဝေဒနာပေါင်း ၁၀၈ ပါးပြားသတည်း။ ။ဤကား၁၀၈ပါးသောဝေဒနာအပြားကိုမှတ်သားရုံသာအကျဉ်းအားဖြင့်သရုပ်မျှကိုပြလိုက်သည်။ အကျယ်အဓိပ္ပါယ်ကိုအလိုရှိမူကား။ပပဉ္စသူဒနီအဋ္ဌကထာ။ သာရတ္ထပကာသနီအဋ္ဌကထာတို့၌ယူလေ။ ။ဝေဒနာ သုံးဖြာ တည်ပြီးခါ။ အာသိကာနှင့်မြွက်။ ။ဝေဒနာအပြား။ ရာ့ရှစ်ပါး။ မှတ်သားဘို့သိပေါက်။ ။

ဒွေပါနန္တဝေဒနာဝုတ္တာမယာပရိယာယေန။တိသောပိဝေဒနာ။ပ။ပဉ္စပိဝေဒနာ။ဆပိဝေဒနာ။အဋ္ဌာရသပိဝေဒနာ၊ ဆတ္တိံသပိဝေဒနာ။ အဋ္ဌသတံပိဝေဒနာ ဝုတ္တာမယာပရိယာယေန။ ။ပါဠိတော်။ ။အာနန္ဒ။အာနန္ဒာ။ပရိယာယေန။ အကြောင်းအားဖြင့်။ ဒွေပိ။နှစ်ပါးလည်းဖြစ်ကုန်သော။ ဝေဒနာ။ ဝေဒနာတို့ကို။ မယာ။ငါဘုရားသည်။ ဝုတ္တာ။ ဟောကြားမြွက်ဖော်မိန့်တော်မူအပ်ကုန်၏။ ပ။ အဋ္ဌသတံပိ။ တရာ့ရှစ် ပါး လည်း ဖြစ် ကုန်သော။ဝါ။ပြားကုန်သော။ဝေဒနာ။ဝေဒနာတို့ကို။ ပရိယာယေန။ အာရုံခြောက်ထွေ။ ဒွေနိဿိတ။ ကာလသုံးပါးအကြောင်းအားဖြင့်။မယာ။သင်တို့ဆရာငါဘုရားသည်။ဝုတ္တာ။ဟောကြားမြွက်

ပေါ် မိန့်တော်မူအပ်ကုန်၏။ ။ဤကား ၎င်းပါဌ်တော်၏အနက်။ ။ဗဟုဝေဒနီယသုတ်၌။စတဿောပိဝေဒနာဟူ၍ပါဌ်ရှိ၏။ ဤသို့ရှိသော ပါဌ်သည်။ ကျနေသည်ဟူသော အမှတ်ဖြင့် နောက်မှရေးသားထည့်သွင်းသောပါဌ်ဖြစ်လိမ့်မည်။၎င်းကဲ့သို့ရှိသောပါဌ်သည်။ အဋ္ဌသာလိနီဓမ္မသင်္ဂဏီယာယသုတ်၌လည်းမရှိ။ ယင်း၏အဋ္ဌကထာတို့၌လည်း။ မဖွင့်ဆို။သို့ကြောင့်၎င်းပါဌ်ကိုပါဌ်မိုဟူ၍သိမှတ်ရမည်။ ။

---

## ၄၁။ ဝေဒနာဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဝေဒယတိတိဝေဒနာ။ ။ယာဓမ္မဇာတိ။ အကြင်တရားသဘောသည်။ဝေဒယတိ။အာရုံ၏အရသာကိုခံစားတတ်၏။ဣတိ။ ကြောင့်၊ သာဓမ္မဇာတိ။ ထိုတရားသဘောသည်။ဝေဒနာ။ဝေဒနာမည်၏။ ။

---

## ၄၂။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

အနုဘဝနလက္ခဏာဝေဒနာ။ ဝိသယရသ သမ္ဘောဂရသာ။ သုခဒုက္ခပစ္စုပဋ္ဌာနာ။ဖဿပဒဋ္ဌာနာ။ ။ဝေဒနာ။ဝေဒနာသည်။ အနုဘဝန လက္ခဏာ။ ခံစားခြင်း လက္ခဏာရှိ၏။ ဝိသယ ရသ သမ္ဘောဂရသာ။ အာရုံ၏အရသာကို သုံးဆောင်ခြင်းကိစ္စရှိ၏။ သုခဒုက္ခပစ္စုပဋ္ဌာနာ။ ချမ်းသာဆင်းရဲလျှင်ထင်သော အခြင်းအရာရှိ၏။ ဝါ။ ချမ်းသာဆင်းရဲ၏အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ ဖဿပဒဋ္ဌာနာ။ ဖဿလျှင် နီးစွာသော အကြောင်းရှိ၏။ ။သုခဒုက္ခပစ္စုပဋ္ဌာနာဟူရာ၌။ ဥပေက္ခာဝေဒနာလည်းရှိပါလျက်။သုခဒုက္ခကိုသာတိုက်ရိုက်ဆိုလေသည်ကား။အကုသလဝိပါက်ဥပေက္ခာကိုအနိဋ္ဌဖြစ်သောကြောင့်။ ဒုက္ခဖြင့်။ ဝါ။ ၌။ ထည့်သွင်းသင်္ဂြိုဟ်တော်မူသည်။ကုသလဝိပါက်ဥပေက္ခာဝေ

ဒနာကို။ ဣဋ္ဌ ဖြစ်သောကြောင့်။ သုခဖြင့်။ ဝါ။ ၎။ ထည့်သွင်းသဂြိုဟ်တော်မူသည်။ ထိုကြောင့်။ သုခဒုက္ခပစ္စုပဋ္ဌာနာ ဟူ၍ အဋ္ဌကထာဆရာမိန့်တော်မူသည်ဟူ၍မှတ်။ ။အကုသလဝိပါကုပေက္ခာယအနိဋ္ဌဘာဝတောဒုက္ခေ။ ဣတရာယဣဋ္ဌဘာဝတောသုခေနသင်္ဂဟိတတ္တာသုခဒုက္ခပစ္စုပဋ္ဌာနာတိဝုတ္တံ။ ။မူလဋီကာ။ မဟာဋီကာ။ ။အကုသလဝိပါကုပေက္ခာယ။ အကုသိုလ်၏ အကျိုးဖြစ်သော ဥပေက္ခာ၏။အနိဋ္ဌဘာဝတော။အနိဋ္ဌ၏အဖြစ်ကြောင့်။ဝါ။ မလိုမမက်မနှစ်သက်အပ်သည်၏အဖြစ်ကြောင့်။ ဒုက္ခေ။ ဒုက္ခဖြင့်။ဝါ။ ၎။ဣတရာယ။ကုသိုလ်၏အကျိုးဖြစ်သောဥပေက္ခာ၏။ ဣဋ္ဌဘာဝတော။ ဣဋ္ဌ၏ အဖြစ်ကြောင့်။ ဝါ။ လိုလားစုံမက်နှစ်သက်အပ်သည်၏ အဖြစ်ကြောင့်၊သုခေန။ သုခဖြင့်။ ဝါ။ ၎။ သင်္ဂဟိတတ္တာ။ သင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကြောင့်။ ဝါ။ ကောင်းစွာယူအပ်သည်၏အဖြစ်ကြောင့်။ ဝါ။အကျဉ်းချုံး၍ယူအပ်သည်၏အဖြစ်ကြောင့်။ ဝါ။ ပေါင်း၍ယူအပ်သည်၏အဖြစ်ကြောင့်။ သုခဒုက္ခပစ္စုပဋ္ဌာနာတိ။ သုခဒုက္ခပစ္စုပဋ္ဌာနာဟူ၍။ ဝုတ္တံ။အဋ္ဌကထာဆရာမိန့်မှာတော်မူအပ်၏။ ၎င်းဋီကာတို့၏ပါဌ်၏အနက်။ ။

---

## ၄၃။ ဝေဒနာပစ္စယာတဏှာဟူသောပုဒ်၌တဏှာ၏သရုပ်တရားကိုယ်ကိုပြခြင်း။

ဤ၌လည်းဝေဒနာအရ။ ဝိပါကဝေဒနာကိုသာယူလေ။ ။မင်းပုဏ္ဏားသူဌေးဖြစ်သောအဘ၏အမည်ဖြင့်မှတ်၍။ မင်းသားပုဏ္ဏားသားသူဌေးသားဟုအမည်တပ်၍သားကိုခေါ်ဆိုအပ်သကဲ့သို့။ထိုအတူ။တဏှာကိုလည်း။ အာရုံဖြင့်မှတ်၍။ရူပတဏှာ။ သဒ္ဒတဏှာ။ဂန္ဓတဏှာ။ရသတဏှာ။ ဖေါဋ္ဌဗ္ဗတဏှာ။ ဓမ္မတဏှာဟုအမည်တပ်၍ခေါ်ကပ်ပါးဟောတော်မူသည်။ ။ထိုအာရုံခေါ်ကပ်ပါး၌ ကာမသာဒအစွမ်းအားဖြင့် တပ်တတ်သောတ

ဏှာသည်။ကာမတဏှာမည်၏။ ။ငင်းအာရုံခြောက်ပါး၌ပင်လျှင်။သဿတဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာသည်။ဘဝတဏှါမည်၏။ ။ငင်းအာရုံ ခြောက်ပါး၌ ပင်လျှင်။ ဥစ္ဆေဒ ဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာသည်။ ဝိဘဝတဏှာမည်၏။ ။ဤသို့တဏှာသည်။တရားကိုယ်အားဖြင့်လောဘ စေတသိက်တပါးတည်းပင်ဖြစ်သော်လည်း။အာရုံအာကာရတို့၏အစွမ်းအားဖြင့်တဆဲ့ရှစ်ပါးပြားသတည်း။ ။ဤတဆဲ့ရှစ်ပါးသော တဏှာသည်လည်း။အဇ္ဈတ္တရူပါရုံစသည်တို့၌တဆဲ့ရှစ်ပါး၊ ဗဟိဒ္ဓရူပါရုံစသည်တို့၌တဆဲ့ရှစ်ပါး။ နှစ်ရပ်ကိုပေါင်းစပ်လိုက်သော်။သုံးဆဲ့ခြောက်ပါးအပြားဖြစ်၏။ ငင်းသုံးဆဲ့ခြောက်ပါးသောတဏှါသည်ပင်လျှင်။ အတိတ်ကာလ၌ သုံးဆဲ့ခြောက်ပါး။ အနာဂတ်ကာလ၌လည်းသုံးဆဲ့ခြောက်ပါး။ ပစ္စုပ္ပန်ကာလ၌လည်းသုံးဆဲ့ခြောက်ပါး။ သုံးရပ်ကိုပေါင်းစပ်လိုက်သည်ရှိသော်တဏှာအပြားတရာ့ရှစ်ပါးဖြစ်၏။ ။တဏှာဝိစရိက်တရာ့ရှစ်ဟူသည်လည်း။ဤတရာ့ရှစ်ပါးပင်တည်း။ ။တရားကိုယ်အားဖြင့်ကားလောဘသာလျှင်တည်း။ ။တခုတဏှာ။တည်ပြီးခါ။အာအာသန်ကာမြှောက်။ ။တရာ့ရှစ်ပါး။တဏှာပြား၊ မမှားရအောင်ကောက်။ ။

၄၄။ ဝေဒနာကြောင့်တဏှာဖြစ်ကြောင်းကို အသို့သိအပ်သနည်းဟူမူကား။ ။ဤလောက၌လူတို့သည်သားသမီးကိုချစ်ခင်စုံမက် နှစ်သက် သာယာ လွန်စွာမြတ်နိုး သည့်တွက်တာကြောင့်။ နို့ထိန်းမအားဥစ္စာများစွာပေးသကဲ့သို့။ထို့အတူ။အာရုံ၏အစွမ်းအားဖြင့်ဖြစ်သောဝေဒနါကို။လွန်စွါစုံမက်။နှစ်သက်သာယာခြင်းကြောင့်။ ပန်းချီသမား။ ပွဲသဘင် သမား။ ပန်းနံ့သါသည်။စဖိုသည်။ယက်ကန်းသည်။ရသဩဇါကိုစီရင်တတ်သောဆေးဆရာ၊ဤသို့အါရုံခြောက်ပါးကိုကောင်းကောင်းလုပ်ပေးတတ်သော သူတို့အား။ ပိုက်ဆန်ဒင်္ဂါးကို များစွာပေးလေကုန်သည်။ထို့ကြောင့်။သုခဝေဒနာကြောင့်တဏှါဖြစ်သည်ကို

သိလေ။ ။တနည်းလည်း။ ။ဒုက္ခီ သုခံပတ္ထယတိ။ သုခီဘိ
ယျောပိဣစ္ဆတိ။ ဥပေက္ခာပနသန္တတ္တာ။ သုခမိစ္စေဝ ဘာသိ
တာ။ ။တဏှာယပစ္စယာတသ္မာ။ဟောန္တိတိဿောပိဝေဒနာ။
ဝေဒနာပစ္စယာတဏှာ။ ဣတိဝုတ္တာ မဟေသိနာ။ ။ဝေဒနာ
ပစ္စယာစာပိယသ္မာနာနုသယံဝိနာ။ ဟောတိတသ္မာနသာဟော
တိ။ဗြဟ္မဏဿဝုသီမတော။ ။အဋ္ဌကထာ။ ။ဒုက္ခီ။ဆင်း
ရဲလှစွာသတ္တဝါသည်။သုခံ။ချမ်းသာကို။ယသ္မာ။အကြင့်ကြောင့်။
ပတ္ထယတိ။ အာသာငင်၍ ခင်မင်တောင့်တ၏။ သုခီ။ စည်းစိမ်
ကြွယ်ဝ။ ချမ်းသာလှသောသူသည်။ ဘိယျောပိ။ ပကတိရှိရင်း
ချမ်းသာခြင်းထက်လွန်မင်းလှစွာလည်း။ယသ္မါ။ အကြင့်ကြောင့်။
ဣစ္ဆတိ။တဏှာမောက်မိအလိုရှိ၏။ ဥပေက္ခာပန၊ဥပေက္ခာဝေ
ဒနာကိုကား။ သန္တတ္တာ။ ငြိမ်သက်သည်၏အဖြစ်ကြောင့်။ သုခ
မိစ္စေဝ။သုခဟူ၍သာလျှင်။ ယသ္မာ၊အကြင့်ကြောင့်။ဘာသိတာ။
ဆိုအပ်၏။တသ္မာ။ကြောင့်။ ။အကျုန်ပွဲ။ ။တိဿောပိ။သုံးပါး
လည်း ဖြစ်ကုန်သော။ ဝေဒနာ။ ဝေဒနာတို့သည်။ တဏှာယ။
တဏှာ၏။ပစ္စယာ။ အကြောင်းတို့မည်ကုန်သည်။ ဟောန္တိ။ဖြစ်
ကုန်၏။ ဣတိတသ္မာ။ ထိုသို့ဝေဒနာ သုံးပါးတို့သည် တဏှာ၏
အကြောင်းဖြစ်ကုန်သောကြောင့်။ ဝေဒနာပစ္စယာတဏှာဣတိ။
ဝေဒနာပစ္စယာတဏှာဟူ၍။ ဥဒ္ဒေသော။ကို။မဟေသိနာ၊ ကိုယ်
တော်မြတ်ဘုရားသည်။ဝုတ္တာ၊ ဟောတော်မူအပ်၏၊ ။ဤသို့
ဝေဒနာကြောင့်တဏှာ ဖြစ်ကြောင်းကိုသိလေ။ ။ဝေဒနာပစ္စ
ယာစာပိ။ဝေဒနာကြောင့်တဏှာပင် ဖြစ်သော်လည်း။ ယသ္မာ၊
ကြောင့်။ယာ။ အကြင်တဏှာသည်။အနုသယံ။အနုသယကိလေ
သာကို။ဝိနာ။ကြည်၍။နဟောတိ။မဖြစ်နိုင်။တသ္မာ။ကြောင့်။သာ
တဏှာ။ထိုတဏှာသည်။ဝုသီမတော။သုံးပြီးသောမဂ်အကျင့်ရှိ
သော။ဗြဟ္မဏဿ။ ရဟန္တာအရှင်သခင်မြတ်အား။ နဟောတိ။
မဖြစ်နိုင်။ ။သာနုသယသန္တာန်၌သာဖြစ်၏ဟူလို။ ။

## ၄၅။ တဏှာပဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ပရိတဿတီတိတဏှာ။ ။ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ပရိတဿတိ။မွတ်သိပ်ဆာငတ်။တသ်တတ်၏၊ ဣတိ၊ ကြောင့်။သာဓမ္မဇာတိ။ ထိုတရားသဘောသည်။တဏှာ။ တဏှာမည်၏။ ။ပရိတဿတီတိပိပါသတိ။ ။မူလဋီကာစသည်တို့ကိုထောက်။ ။

---

## ၄၆။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

ဟေတုလက္ခဏာတဏှာ။ အဘိနန္ဒနရသာ။ အတိတ္တိဘာဝပစ္စုပဋ္ဌာနာ၊ဝေဒနာပဒဋ္ဌာနာ။ ။တဏှာ။တဏှာသည်။ဟေတုလက္ခဏာ။ ဒုက္ခ၏အကြောင်းဖြစ်သောလက္ခဏာရှိ၏၊ အဘိနန္ဒနရသာ၊ အလွန်နှစ်သက်ခြင်းကိစ္စရှိ၏။အတိတ္တိဘာဝပစ္စုပဋ္ဌာနာ။ မရောင့်ရဲနိုင်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။မရောင့်ရဲနိုင်သည်၏အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ ဝေဒနာပဒဋ္ဌာနာ။ဝေဒနာလျှင်နီးစွာသောအကြောင်းရှိ၏။ ။

---

## ၄၇။ တဏှာပစ္စယာဥပါဒါနံဟူသောပုဒ်၌ဥပါဒါန်၏ သရုပ်တရားကိုယ်ကိုပြခြင်း။

မဏ္ဍူကပန္နဂေါဝိယာဘုသံဒဋ္ဌံအာရမ္မဏံအာဒိယန္တီတိဥပါဒါနာနိဟူသောဋီကာဆရာမြတ်၏။ဝစနတ္ထနှင့်အညီ။ဘားကိုမြွေခဲသကဲ့သို့။ အာရုံကိုမြဲမြဲကြီး ယူငင်စွဲလမ်း တတ်သော တရားကိုယ်အားဖြင့်။ လောဘစေတသိက်ဒိဋ္ဌိတို့သည်။ ဥပါဒါန်မည်ကုန်၏။ ။အပြားအားဖြင့်ကား။ ။ဝတ္ထုကာမကိုပြင်းပြအားကြီးစွာစွဲလမ်းမက်မောတတ်သော လောဘတဏှာသည်ကာမုပါဒါန်မည်၏။ ။သဿတောအတ္တာစလောကောစာတိအာဒိသုစသည်ဖြင့်အဋ္ဌကထာဆရာမိန့်မှာသည့်အတိုင်း။သဿတ

အယူစသည်တို့၌။ ရှေ့ဦးစွာဖြစ်သောဒိဋ္ဌိကိုအားကြီးမြဲမြံစွာစွဲလှမ်းသောဒိဋ္ဌိသည်။ဒိဋ္ဌုပါဒါန်မည်၏။ ။နွားခွေးတို့၏အလေ့အကျင့်ဖြင့်သံသရာမှ စင်ကြယ်၏ ဟုယူသော အားကြီးစွာစွဲလှမ်းသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် မည်၏။ ။ပရမတ်၌ဆတ်ဆတ်မရ။ အတ္တဟုဆိုကာမျှကိုကြပ်တည်းမြဲမြံ။ အားသံပြင်းပြစွာယူသော ဒိဋ္ဌိသည် အတ္တဝါဒုပါဒါန်မည်၏။ ။ဤသို့လေးပါးဖြစ်သတည်း။ ။ထိုလေးပါးသော ဥပါဒါန်တရားတို့တွင်။ကာမုပါဒါန်သည်။အကျဉ်းအားဖြင့်ဝတ္ထု၊အာရုံကာမဂုဏ်ကိုစုံမက်တွယ်တာ။လွန်စွာဘိစီးအားကြီးနှစ်သက်တတ်သော။နောက်ထပ်တဏှာ လောဘသာလျှင်တည်း။ အကျယ်အားဖြင့်ကား။ ပြဆိုအပ်ခဲ့ပြီးသော တရာ့ရှစ်ပါးသောတဏှာသည်ပင်လျှင်ကာမုပါဒါန်မည်၏။ ။ယင်းသို့ဖြစ်သော်။တဏှာနှင့်ကာမုပါဒါန်သည်အဘယ်သို့ထူးလေသနည်းဟူမူ။ ။ရှေ့ဖြစ်သောတဏှာကိုဥပနိဿယပစ္စည်းပြုသဖြင့်၊ ဝါ။ ရှေ့ဖြစ်သောတဏှာမှဥပနိဿယပစ္စည်းကို ရသဖြင့်၊ဝါ။ ရှေ့ဖြစ်သော တဏှာကိုအားကြီးသောမှီရာအကြောင်းပြုသဖြင့်။ဝါ။ ရှေ့တဏှာကိုအားကြီးစွာမှီရသော အကြောင်း ကြောင့်။ မြဲမြံခိုင်ခံ့၊ တည်တံ့ သောနောက်ထပ်ပစ္စယုပ္ပန်တဏှာသည်ကာမုပါဒါန်မည်၏။ဥပနိဿယပစ္စည်းဖြစ်သောရှေ့တဏှာသည်။တဏှာသာမည်၏။ကာမုပါဒါန်မမည်။ ။အဋ္ဌကထာနည်း။ ။အားသေးသောဒုဗ္ဗလတဏှာသည်တဏှာသာမည်၏ ကာမုပါဒါန်မမည်။ အားကြီးသောဗလဝတဏှာသည်သာကာမုပါဒါန်မည်၏။ ။ဋီကာနည်း။ ။

တနည်းကား။ ။မှောင်မိုက်ထဲမှာသူခိုးသည်ဥစ္စာထုပ်ကိုရှာဖွေ ဆန့်လှမ်းစမ်းသပ်သကဲ့သို့။ မရသေးသော အာရုံကာမဂုဏ်စည်းစိမ်ကိုရှာဖွေ တောင့်တခြင်းသည် တဏှာမည်၏။ သူခိုးသည်မိမိလက်သို့ ရောက်ရှိပြီးသောဥစ္စာထုပ်ကိုမြဲမြံကြီးကိုင်စွဲသကဲ့သို့။ ရရှိပြည့်စုံပြီးသောအာရုံ ကာမဂုဏ်ကိုမလွှတ်စေဘဲမြဲမြဲကြီးစွဲလှမ်းခြင်းသည်ကာမုပါဒါန်မည်၏။ ။မြွေနှင့်

ဘားကိုလည်းပြသင့်၏။ ။တနည်းလည်း။အလိုနည်းခြင်းဟုဆိုအပ်သော အပိစ္ဆတာ၏ ဆန့်ကျင်ဘက်သည်တဏှာမည်၏။ ရောင့်ရဲခြင်းဟူသော သန္တုဋ္ဌိတာ၏ ဆန့်ကျင်ဘက်သည်ဥပါဒါန်မည်၏။ ။တနည်းလည်း။ ဥစ္စာပစ္စည်းကိုရှာမှီးခြင်းဆင်းရဲဟုဆိုအပ်သောပရိယေသနဒုက္ခ၏အကြောင်းမူလသည်တဏှာမည်၏။ ရှာပြည့်ရုံပြီးသော ပစ္စည်းဥစ္စာကို သူတပါး တို့နှင့် မဆက်ဆံရအောင်ထိန်းသိမ်းစောင့်ရှောက်ရခြင်းဆင်းရဲဟုဆိုအပ်သော အာရက္ခဒုက္ခ၏ အကြောင်းမူလသည် ကာမုပါဒါန်မည်၏။ ။ဤသို့အချို့ဆရာတို့သည်ဆိုကြကုန်၏။ ။ငင်းဝါဒကိုဋီကာ၌အခိုင်အမာပြ၏။ ။ဤကားတဏှာနှင့်ကာ မုပါဒါန်တို့၏အထူးတည်း။ ။

၄၀။ ကာမုပါဒါန်မှ ကြွင်းကျန်သော။ ဥပါဒါန်သုံးပါးတို့သည်။ အကျဉ်းသင်္ခေပ ဓမ္မတရားကိုယ်အားဖြင့်ကား၊ ဒိဋ္ဌိစေတသိက်ပင်တည်း။ ။ထိုသုံးပါးတို့တွင်။ ဒိဋ္ဌုပါဒါန်ဟူသည်ကား။ ။ဒသဝတ္ထုကာမိစ္ဆာဒိဋ္ဌိဒိဋ္ဌုပါဒါန်ဟူသော အဋ္ဌကထာပါဠိနှင့်အညီ၊ဆယ်ပါးသောဝတ္ထုရှိသောမိစ္ဆာဒိဋ္ဌိသည်ဒိဋ္ဌုပါဒါန်မည်၏။ထို၌ဆယ်ပါးဟူသည်ကား။ ။နတ္ထိဒိန္နံ။နတ္ထိယိဋ္ဌံ။နတ္ထိဟုတံ။ နတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံဖလံ ဝိပါကော။ နတ္ထိအယံလောကော။ နတ္ထိပရောလောကော။ နတ္ထိမာတာ။ နတ္ထိပိတာ။နတ္ထိသတ္တာဩပပါတိကာ။နတ္ထိလောကေသမဏဗြာဟ္မဏာသမဂ္ဂတာသမ္မာပဋိပန္နာ။ယေဣမဉ္စလောကံပရဉ္စလောကံသယံအဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။ ဟူသည်တည်း။ ။ပါဠိတော်။ ။ဒိန္နံ။လှူအပ်သောအလှူ၏အကျိုးသည်။နတ္ထိ။မရှိ။ယိဋ္ဌံ။ပူဇော်အပ်သော ယဇ်ငယ်၏အကျိုးသည်။ နတ္ထိ။ မရှိ။ ဟုတံ။ပူဇော်အပ်သောယဇ်ကြီး၏အကျိုးသည်။နတ္ထိ။မရှိ။သုကတဒုက္ကဋာနံ။ ကောင်းစွာပြုအပ်၊ မကောင်းစွာပြုအပ်ကုန်သော။ ကမ္မာနံ။ကုသိုလ်အကုသိုလ်ကံတို့၏။ဖလံ။အကျိုးဖျားသည်။ ဝိပါကော။အကျိုးရင်းသည်။နတ္ထိ။မရှိ။အယံလောကော။ဤပစ္စုပ္ပန်လောက

သည်။နတ္ထိ။မရှိ။ပရောလောကော။တမလွန်လောကသည်။နတ္ထိ။ မရှိ။မာတာ။ အမိဖြစ်ပြုအပ်သောအမှု၏အကျိုးအဖြစ်သည်။နတ္ထိ။ မရှိ။ပိတာ။သည်။နတ္ထိ။မရှိ။ ဩပပါတိကာသတ္တာ။ ကိုယ်ထယ် ထင်ရှားဖြစ်ကုန်သော သတ္တဝါတို့သည်။ နတ္ထိ။မရှိကုန်။ လော. ကေ။လောက၌၊ ယေသမဏာဗြာဟ္မဏာ။အကြင်ရဟန်းပုဏ္ဏားတို့ သည်။ဣမဉ္စလောကံ။ဤပစ္စုပ္ပန်လောကကိုရင်း။ ပရဉ္စလောကံ။ တမလွန်လောကကိုရင်း။သယံ။ကိုယ်တိုင်၊ အဘိညာ။ထူးသော ဉာဏ်ဖြင့်သိကုန်၍။ သစ္ဆိကတွာ။ မျက်မှောက်ပြုကုန်၍။ပဝေ ဒေန္တိ။ပြသဟောကြားနိုင်ကုန်၏။သမဂ္ဂတာ။ ငြိမ်သက်ခြင်းသို့ ရောက်ကုန်သော။သမ္မာပဋိပန္နာ။ မဖေါက်မပြန်။ မှန်ကန်လမ်း ကျ။လှလှကျင့်နိုင်ကုန်သော။ တေသမဏာဗြာဟ္မဏာ။ထိုရဟန်း ပုဏ္ဏားတို့သည်။ နတ္ထိနသန္တိ။ မရှိကုန်။ ။ဤသည်လျှင်ဆယ် ပါးတည်း။ ။ဒသဂ်ုတ္တရပါဠိတော်စသည်တို့၌ ဟောတော် မူသည်။ ။

၄၉။ တတ္ထကတမံသီလဗ္ဗတုပါဒါနံစသောပါဠိတော်နှင့် အညီ။ သွားလျက်စားခြင်း။ သွားလျက် ကျင်ကြီးကျင်ငယ်ပွန့် ခြင်းအစရှိသော။နွားတို့၏အလေ့သီလ။အကျင့်ဝတ။ ထိုနှစ်ဝတို့ ဖြင့်။သံသရာမှစင်ကြယ်နိုင်၏ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်း ကောင်းဟုတ်၏ဟု။မြဲမြဲစွဲစွဲအခိုင်အမာကြပ်တည်းပြင်းပြစွာယူ ခြင်းသည်။သီလဗ္ဗတုပါဒါန်မည်၏။ ။အလေ့သည်သီလ။ထို အလေ့ကို မလွန်ခြင်းသည်ဝတ။ ဤသို့ သီလနှင့်ဝတအထူးကို သိလေ။ ။

၅၀။ ရူပံအတ္တတော သမနုပဿတိ။ ရူပဝန္တံ ဝါအတ္တာနံ။ အတ္တနိဝါရူပံ။ ရူပသ္မိံ ဝါအတ္တာနံ။ ။ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ။ အတ္တတောသမနုပဿတိ။ ဝိညာဏဝန္တံ ဝါအတ္တာနံ။ အတ္တနိဝါဝိညာဏံ။ဝိညာဏသ္မိံ ဝါအတ္တာနံ။ ။ချုံးထားသည်။ ။ သံယုတ်ပါဠိတော်၊ ပဏ္ဏာသပါဠိတော်။ အင်္ဂုတ္တိုရ်ပါဠိတော်စ သည်။ ။ရူပံ။ရုပ်ကို။အတ္တတော။ အတ္တဟူ၍။ဝါ။ ငါဟူ၍။သမ

နုပဿတိ။ ဒိဋ္ဌိအယူဖြင့်ရှု၏။ ရူပဝန္တံ၊ ဝါ။ ရုပ်ရှိသောနာမ်တရား
ကိုလည်း။ အတ္တာနံ။ အတ္တဟူ၍။ ဝါ။ ငါဟူ၍။ သမနုပဿတိ။ ဒိဋ္ဌိအ
ယူဖြင့်ရှု၏။ အတ္တနိ၊ ဝါ။ နာမ်ဖြစ်သောအတ္တ၌လည်း။ ဝါ။ ငါ၌လည်း။
ရူပံ။ ရုပ်ကို။ သမနုပဿတိ။ ၏။ ရူပသ္မိံ၊ ဝါ။ ရုပ်၌လည်း။ အတ္တာနံ။
နာမ်ဖြစ်သောအတ္တကို။ ဝါ။ အတ္တရှိ၏။ အတ္တတည်၏။ ငါတည်၏
ဟူ၍။ သမနုပဿတိ။ အယူမှားဖြင့်ရှုစား၏။ ။ဝေဒနံ။ သညံ။
သင်္ခါရေ ပုဒ်တို့ကိုလည်း။ ။ဤနည်းအတိုင်း ယောဇနာအပ်
ကုန်၏။ ။ဝိညာဏံ။ ဝိညာဏ်ကို။ အတ္တတော။ အတ္တဟူ၍။ ဝါ။
ငါဟူ၍။ သမနုပဿတိ။ ၏။ ၎င်းနောက်အနက်လွယ်ပြီ။ ။

ရူပံအတ္တတောသမနုပဿတိဟူသောပါဠိအယူသည်။ ရုပ်သက်
သက်ကိုအတ္တပင်တည်း။ ငါပင်တည်းဟုရုပ်နှင့်အတ္တတူမျှသည်
ကိုဖွဲ့ယူသောအယူတည်း။ ပမါကား။ ဆီမီးလျှံသည်ပင်အဆင်း။
အဆင်းသည်ပင်လျှင်ဆီမီးလျှံဟူ၍။ မီးလျှံနှင့်အဆင်းသည် ကွဲ
ပြားခြင်းမရှိရှုသကဲ့သို့။ မိစ္ဆာအမြင်ဖြင့်အတူတူပင်ဟုရှုမြင်ခြင်း
ယူခြင်းဟုလို။ ။ဤသူကား။ ရူပက္ခန္ဓာဟုဆိုအပ်သော ရုပ်နှင့်
အတ္တသည်အထူးအခြားအကွဲအပြားမရှိ။ ရုပ်သည်ပင်ငါ။ ငါဟူ
သည်ရုပ်ပင်ဟု။ ရုပ်သက်သက်ကို အတ္တဟု ယူ၏။ ။ဤပါဠိ
တော်၌။ ဒိဋ္ဌိအယူအားဖြင့်အတ္တသဒ္ဒါသည်။ အဟံသဒ္ဒါနှင့် အနက်
တူ၏။ ။တူကြောင်းကား။ ။ရူပံအတ္တတောသမနုပဿတိ
တိဣဓေကစ္စော ရူပံအတ္တတော သမနုပဿတိ။ ယံရူပံသောအ
ဟံ။ ယောအဟံတံရူပန္တိ ရူပဉ္စအတ္တဉ္စအဒွယံသမနုပဿတိ သေ
ယျထာပိ နာမ။ တေလပဒီပဿ ဈာယတောယာအစ္စိ။ သော
ဝဏ္ဏော။ ယောဝဏ္ဏောသာအစ္စီတိ အစ္စိဉ္စဝဏ္ဏဉ္စအဒွယံ သမနု
ပဿတိ။ ဧဝမေဝံဣဓေကစ္စော ရူပံအတ္တတောသမနုပဿတိ။
အဒွယံသမနုပဿတိဧဝံ ရူပံအတ္တာတိဒိဋ္ဌိပဿနာယပဿတိ။
အစရှိသည်ဖြင့်။ မူလပဏ္ဏာသအဋ္ဌကထာစူဠဝေဒလ္လသုတ်အဖွင့်။
ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာသက္ကာယဒိဋ္ဌိ သုတ်အဖွင့်စသည်တို့
ကိုထောက်ရှု၍ ဤအရာ၌ ၎င်းတို့အနက်တူကြောင်းကို သိအပ်

၏။ ။နောက်ပါဠိတော်တို့၌လည်း ဤအဓိကထာဖွင့်ကို ရှု၍အနက်အဓိပ္ပါယ်ကိုသိမှတ်အပ်၏။ ။

ရူပဝန္တံ ဝါ အတ္တာနံ ဟူသောအယူသည်။ ရုပ်ရှိသောနာမ်ကား အတ္တပင်တည်း။ ဝါ ပင်တည်းဟု။ နာမက္ခန္ဓာ ဟူသော အတ္တကိုရုပ်ရှိသည်ပင်အတ္တကိုစွဲ၍ ရုပ်ဖြစ်ရသည်ပင်ဟု။ မြဲမြဲစွဲယူသောအယူတည်း။ ပမာကား။ အရိပ်ရှိသောသစ်ပင်ဟူ၍အရိပ်နှင့်သစ်ပင်တခြားစီထား၍။ သစ်ပင်ကားအရိပ်ရှိ၏ သစ်ပင်ကိုစွဲမှီ၍အရိပ်ဖြစ်၏ဟုရှုသကဲ့သို့တည်း။ ။ဤသူကား။ နာမ်သက်သက်ကိုအတ္တဟုယူ၏။

အတ္တနိ ဝါ ရူပံ ဟူသောအယူသည်။ နာမက္ခန္ဓာဖြစ်သောနာမ်ကိုပင်လျှင်။ အတ္တတည်း ဝါ တည်းဟုရှု၍။ နာမက္ခန္ဓာ။ အတ္တ ဝါ၌ ရုပ်မှီ၏ ရုပ်ရှိ၏။ ၎င်းရုပ်သည်နာမ်ဖြစ်သော အတ္တနှင့်မကင်းဟု ယူသော အယူတည်း။ ပမာကား။ ပန်း၌အနံ့ကို တခြားစီယူ၍။ ပန်းပွင့်၌အနံ့မှီ၏ ပန်းပွင့်နှင့်ကင်း၍ အနံ့မဖြစ်နိုင်ဟု ရှုယူသကဲ့သို့တည်း။ ။ဤသူလည်း နာမ်သက်သက်ကိုပင် အတ္တဟုယူ၏။ ။

ရူပသ္မိံ ဝါ အတ္တာနံ ဟူသော အယူသည်။ နာမက္ခန္ဓာကို ဝါ အတ္တပင်ဟုယူ၍။ ရုပ်၌နာမက္ခန္ဓာ ဝါ အတ္တရှိ၏ဟုရှုယူခြင်းတည်း။ ပမာကား။ ကြုတ်၌ပတ္တမြားကိုထည့်ထားရာ။ ကြုတ်၌တည်သော ပတ္တမြားကိုရှုသကဲ့သို့။ ရုပ်၌နာမက္ခန္ဓာ ဝါ ဟူသော အတ္တသည် တည်၏ဟု ရှုခြင်းယူခြင်းတည်း။ ။ဤသူလည်း နာမ်သက်သက်ကိုပင်အတ္တဟုယူ၏။ ။ဤနည်းကိုမှီး၍ဝေဒနံ အတ္တတော စသောအရာတို့၌လည်းအနက်အဓိပ္ပါယ်တို့ကို ယထာရဟာမှတ်သိကြလေ။ ။

## ၂၀။ သောဝတ္ထုရှိသောသက္ကာယဒိဋ္ဌိကိုသိ သာရုံမျှသရုပ်ကိုပြလိုက်အံ့။

ရူပံအတ္တတောသမနုပဿတိအရ။ ရုပ်သက်သက်ကိုအတ္တပင်ငါပင်ဟုယူသောအယူပင်တည်း။ ၁ ။

၁ ရူပဝန္တံ ဝါအတ္တာနံအရ။ နာမ်သက်သက်ကို အတ္တပင်တည်းငါပင်တည်းဟုရှုခြင်းယူခြင်းတည်း။ ။

၂ အတ္တနိဝါရူပံအရလည်း။ နာမ်သက်သက်ကိုအတ္တပင်ငါပင်တည်းဟုရှုခြင်းယူခြင်းတည်း။

၃ ရူပသ္မိံ ဝါ အတ္တာနံအရလည်း။ နာမ်သက်သက်ကိုပင်အတ္တဟုငါဟုရှုခြင်းယူခြင်းတည်း။

၄ ဝေဒနံအတ္တတော သမနုပဿတိအရ။ ဝေဒနာသက်သက်ကိုအတ္တဟုရှုခြင်းယူခြင်းတည်း။

၅ သညံ့ အတ္တတော သမနုပဿတိအရ။ သညာသက်သက်ကိုအတ္တဟုရှုခြင်းယူခြင်းတည်း။

၆ သင်္ခါရေအတ္တတောသမနုပဿတိအရ၊ သက်သက်သောသင်္ခါရတို့ကိုအတ္တဟုရှုယူခြင်းတည်း။

၇ ဝိညာဏံ အတ္တတော သမနုပဿတိ အရ၊ ဝိညာဏ်သက်သက်ကိုအတ္တဟုငါဟုရှုခြင်းယူခြင်းတည်း။

ရှေဦးအစကား။ရုပ်သက်သက်ကို။ နောက်ခုနစ်ပါးတို့ကားနာမ်သက်သက်ကိုပင်လျှင်။အတ္တဟုငါဟုစွဲစွဲလှမ်းလှမ်းယူခြင်းတို့တည်း။ဤသို့အသေအချာမှတ်သားအပ်၏။ ။

၃ ဝေဒနာဝန္တံ ဝါအတ္တာနံ။အတ္တနိဝါဝေဒနံ။ ဝေဒနာယဝါအတ္တာနံ။ ။ဤ၃သက္ကာယဒိဋ္ဌိအယူသုံးပါး။

၃ သညာဝန္တံ ဝါ အတ္တာနံ။ အတ္တနိဝါသညံ့။ သညာယဝါအတ္တာနံ။ ။ဤ၃လည်းသက္ကာယဒိဋ္ဌိအယူသုံးပါး။

၃ သင်္ခါရဝန္တံ ဝါအတ္တာနံ။အတ္တာနိဝါသင်္ခါရေ။သင်္ခါရေသုဝါအတ္တာနံ။ ။ဤ၃လည်းသက္ကာယဒိဋ္ဌိအယူသုံးပါး။ ။

၃ ဝိညါဏဝတ္ထုံ ဝါအတွာနံ။အတွာနိဝါဝိညါဏံ။ဝိညါဏသ္မိံ ဝါအတွာနံ။ ။ဤ၌လည်းသက္ကာယဒိဋ္ဌိအယူသုံးပါး။ ။
ဤ ၁၂ ပါးတို့သည်ကားရုပ်နာမ်နှစ်ပါးကိုရောနှော၍။အတွာ စွဲဆောင်။ငါကောင်စင်စစ်တကားဟု မြဲမြံ ခိုင်ခန့်စွာစွဲလှမ်းရှု ယူခြင်းတို့ပင်တည်း။ ။ပြခဲ့ပြီးသည့်အတိုင်း ၂၀ သောဝတ္ထု ရှိသောသက္ကာယဒိဋ္ဌိသည်။အတ္တဝါဒုပါဒါန်မည်၏။ ။ဝိသတိ ဝတ္ထုကာသက္ကာယဒိဋ္ဌိအတ္တဝါဒုပါဒါနံ။ ဟူ၍ဝိသုဒ္ဓိမဂ်။ ဝိဘာင်း အဋ္ဌကထာစသည်တို့၌လာသည်ကိုရှု။ ။ဤကားသိသာရုံမျှသာ ရုပ်ကိုဖော်ပြလိုက်ခြင်းတည်း။ ။

---

## ၅၁။ သက္ကာယဒိဋ္ဌိ ၂၀ တို့ကို။ ၆၂ ပါးသောဒိဋ္ဌိ တို့၌သွင်း၍ပြခြင်း။

တတ္ထရူပံအတ္တတော သမနုပဿတိ။ ဝေဒနံ။ သညံ။သင်္ခါ ရေ။ဝိညာဏံအတ္တတောသမနုပဿတီတိဥစ္ဆေဒဒိဋ္ဌိကထိတာ အဝသေသေသုသဿတဒိဋ္ဌိ။ ဧဝမေတ္ထ ပဉ္စဝိဘာဝ ဒိဋ္ဌိယော။ ပဏ္ဏာရသဿတဝဒိဋ္ဌိယောဟောန္တိ။ဟူ၍အဋ္ဌသာလိနီအဋ္ဌကထါ။ ပပဉ္စသူဒနီအဋ္ဌကထာ။သာရတ္ထပကာသနီအဋ္ဌကထာ။မနောရ ထပူရဏီအဋ္ဌကထာ။ စသည်တို့၌လာသောကြောင့်။ ခန္ဓာငါး ပါး၌။အစအစဖြစ်သောတပါးတပါးကိုယူ၍။ဥစ္ဆေဒဒိဋ္ဌိငါးပါး။ ထိုမှကြွင်းကျန်သောရူပဝန္တံဝါအတွာနံ အစရှိသော တဆဲ့ငါး ပါးသောဝတ္ထုရှိသောသက္ကာဒိဋ္ဌိတဆဲ့ငါးခုတို့သည်သဿတ ဒိဋ္ဌိမည်ကုန်၏။ ။ချုပ်ကိုစတစ်။နာမ်ခုနစ်။ယူလစ်အတ္တဝါ။ ။ နောက်ဆဲ့နှစ်ဝ။နှောအတ္တ။ဝိသဝတ္ထုကာ။ ။တပါးစိစ။ဥစ္ဆေ ဒ။ကြွင်းကသဿတာ။ ။နတ်ရွာမတား။ မဂ်ကိုတား။မှတ် သားသက္ကာယာ။ ။

---

## ၅၂။ ဥပါဒါနံဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဥပါဒိယတီတိဥပါဒါနံ။ ။ယံဓမ္မဇာတံ။ အကြင်တရားသဘောသည်၊ ဥပါဒိယတိ။ဘားကိုမြွေခဲ။ ကြွက်မွဲကြောင်ကိုက်။ ပမာလိုက်ဖြင့်။ထိုက်သည့်အာရုံ။အဖုံဖုံကို။ အားကုန်အားခဲ။မြဲမြဲကြီးစွဲယူတတ်၏။ဣတိ။ ကြောင့်။တံဓမ္မဇာတံ။ သည်။ဥပါဒါနံ။မည်၏။ ။ဤဥပါဒါနံဟူသောပုဒ်၌။ဥပသဒ္ဒါသည်။ ဒဠှတ္ထဝါစကတည်း။ ။ဒဠှတ္ထောဟိဧတ္ထဥပသဒ္ဒေါဥပါယာသဥပကုဋ္ဌာဒီသုဝိယ။ ။အဋ္ဌကထာ။ ။အဋ္ဌသာလိနီ၌လည်းဤအနက်ပင်တည်း။ ။

---

## ၅၃။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

ဂဟဏလက္ခဏံဥပါဒါနံ။အမုဉ္စနရသံ။တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ။တဏှာပဒဋ္ဌာနံ။ ။ဥပါဒါနံ။ ဥပါဒါန်သည်။ ဂဟဏလက္ခဏံ။ အာရုံကိုယူခြင်းလက္ခဏာရှိ၏။ အမုဉ္စနရသံ။မစွန့်မလွှတ်ခြင်းကိစ္စရှိ၏။တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ။ တသ်ခြင်းပြင်းထန်မြဲမြံသည်၏အဖြစ်၊အယူမှားသည်၏ အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏၊ဝါ။အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ ။ တဏှာဒဠှတ္တကား၊ကာမုပါဒါန်တို့။ ဒိဋ္ဌိကားကြွင်း ဥပါဒါန်သုံးပါးတို့။ ။တဏှာပဒဋ္ဌာနံ။ တဏှာလျှင်နီးစွာသောအကြောင်းရှိ၏။ ။

---

## ၅၄။ ဥပါဒါန်တရားလေးပါးတို့ကိုအစည်အားဖြင့်ဆက်၍ပြခြင်း။

၎င်းအစည်သည်။ဖြစ်စည်ဟုဆိုအပ်သောဥပ္ပတ္တိက္ကမ။ ပယ်စည်ဟုဆိုအပ်သောပဟာနက္ကမ။ ဟောစည်ဟုဆိုအပ်သောဒေသနက္ကမအားဖြင့်။သုံးပါးအပြားရှိ၏။ထိုတွင်။အနမတဂ္ဂသံသရာ

၌ဤမည်သောတရားသာလျှင် ရှေ့ဦးစွာဖြစ်၏ဟုကိုလေသာတ
ရားတို့၏နိပ္ပရိယာယမုချစင်စစ် ဖြစ်စည်မရှိသောကြောင့်။ ၎င်း
ဥပါဒါန်တရားလေးပါးတို့၏ ဖြစ်စည်ကို မုချမဆိုအပ်။ ပရိယာ
ယအားဖြင့်ကား။ များသောအားဖြင့်တရသောဘဝ၌သတ္တဝါတို့
အားအတ္တဟုစွဲလှမ်းယူငင်သော အတ္တဝါဒုပါဒါန်သည်ရှေ့ဦးစွာ
ဖြစ်တတ်၏။ ထို့နောင်။ အတ္တဂါဟာလျှင် ရှေ့သွားရှိသည်ဖြစ်၍။
သဿတဒိဋ္ဌိကိုများသောအားဖြင့် နှလုံးသွင်းခြင်းဒိဋ္ဌုပါဒါန်
ဖြစ်တတ်၏။ ၎င်းနောက်။ အတ္တဟုယူသောသူအား။ အတ္တ၏စင်
ကြယ်ခြင်းငှါ စင်ကြယ်ရန်။ နွားခွေးတို့၏ အလေ့အကျင့်ကိုစွဲ
လှမ်းယူငင်ခြင်းသီလဗ္ဗတုပါဒါန်ဖြစ်တတ်၏။ ၎င်းနောက်။ အတ္တ
သည်ပြတ်ကင်း၏ဟုယူသောတမလွန်လောက၌ ငဲ့ကွက်ခြင်း
မရှိသောသူအားယခုဘဝ၌ကာမုပါဒါန်ဖြစ်တတ်၏။ ။အယ
မေတေသံဧကသ္မိံဘဝေဥပ္ပတ္တိက္ကမော။ ။ဖြစ်စည်။ ။

ဒိဋ္ဌုပါဒါန်စသော နောက်သုံးပါးတို့ကို သောတာပတ္တိမဂ်
ဖြင့်သတ်အပ်ကုန်သောကြောင့်။ ရှေ့ဦးစွာပယ်အပ်ကုန်၏။ ကာ
မုပါဒါန်ကိုအရဟတ္တမဂ်ဖြင့် အကြွင်းမဲ့သတ်အပ်သောကြောင့်။
နောက်မှပယ်အပ်၏။ ။အယမေတေသံ ပဟာနက္ကမော။ ။
မဂ်ပယ်စည်။ ။

ကာမုပါဒါန်သည်လောဘမူစိတ်ရှစ်ချပ်၌ ယှဉ်သောကြောင့်
အရာလည်းကျယ်၏။ များသောအားဖြင့်ဥပါဒါနက္ခန္ဓာငါးပါး၌
မွေ့လျော်ပျော်ပါးတတ်သည်၏အဖြစ်ကြောင့်။ သတ္တလောက
၌ကာမုပါဒါန်သည်ထင်သည်းထင်ရှား၏။ ထိုကြောင့်ကာမုပါ
ဒါန်ကိုရှေ့ဦးစွာဟောတော်မူအပ်၏။ ။ဒိဋ္ဌုပါဒါန်ကား။ ဒိဋ္ဌိဂ
တသမ္ပယုတ်စိတ်လေးချပ်၌သာယှဉ်သောကြောင့် အရာလည်း
ကျဉ်း၏။ ကာမရမှု။ ကောတုဟလမင်္ဂလာကိုလည်း ယုံကြည်စွဲ
ယူ၏။ သို့သောကြောင့်။ ၎င်းနောက်မှဒိဋ္ဌုပါဒါန်ကိုဟောတော်
မူအပ်၏။ ထိုဒိဋ္ဌုပါဒါန်သည်လည်း။ သီလဗ္ဗတုပါဒါန်။ အတ္တဝါဒု
ပါဒါန်အားဖြင့်နှစ်ပါးကွဲပြား၏။ ထိုတွင်။ နွားခွေးတို့၏အမူအရာ

အလေ့အကျင့်ကို ပကတိမျက်စိဖြင့်လည်း။ မြင်၍ပင်သိအပ်ရကား။ အတ္တဝါဒုပါဒါန်ထက်ထင်ရှားရှန်းရင်းသောကြောင့်။ သီလဗ္ဗတုပါဒါန်ကို အတ္တဝါဒုပါဒါန်မှရှေဦးစွာ ဟောတော်မူအပ်၏။ အတ္တဝါဒုပါဒါန်ကို သိမ်မွေ့သောကြောင့် နောက်ပိတ်ဆုံး ဟောတော်မူအပ်၏။ ။အယမေတေသံ ဒေသနက္ကမော။ ။ ဟောစည်။ ။

---

## ၅၅။ ဥပါဒါနပစ္စယာဘဝေါဟူသောပုဒ်၌ ဘဝ၏သရုပ်တရားကိုယ်ကိုပြခြင်း။

ဘဝသည်။ ကမ္မဘဝ၊ ဥပပတ္တိဘဝအားဖြင့်၊ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်။ကမ္မဘဝဟူသည်ကား။ အကုသိုလ်စေတနာ ၁၂ ချ။လောကီကုသိုလ်စေတနာ ၁၇ ချ။နှစ်ရပေါင်း ၂၉ ချ သောစေတနာသည်ကမ္မဘဝမည်၏။ ။အင်္ဂုတ္တိုရ်ပါဠိတော်။ ပဏ္ဏာသပါဠိတော် ကုက္ကုရဝတိယသုတ် စသည်တို့၌ ဟောတော်မူအပ်သော။ အကဏှ အသုက္ကဖြစ်သော။ မဂ္ဂင် ရှစ်ပါး။ ဗောဇ္ဈင်ခုနစ်ပါး။မဂ္ဂစေတနာတို့သည်။ကံသါမည်ကုန်၏။ကမ္မဘဝမည်ကုန်။ ။ဥပပတ္တိဘဝဟူသည်ကား။ လောကီဝိပါက် ၃၂ ချ။စေတသိက် ၃၅ ချ။ ကမ္မဇရုပ် ၂၀။ ၂၂။ ဤတရားတို့သည်။ဥပပတ္တိဘဝမည်ကုန်၏။ ။

---

## ၅၆။ ဥပပတ္တိဘဝ ၉ ပါးတို့ကိုခွဲခြမ်း၍ပြခြင်း။

ထိုဥပပတ္တိဘဝသည်။ကာမဘဝ။ ရူပဘဝ။ အရူပဘဝအားဖြင့်သုံးပါး။သညာဘဝ။အသညာဘဝ။နေဝသညာနာသညာဘဝအားဖြင့်သုံးပါး။ ဧကဝေါကာရဘဝ။စတုဝေါကာရဘဝ။ပဉ္စဝေါကာရဘဝအားဖြင့်သုံးပါး။ ဤသို့သောအပြားအားဖြင့် ကိုးပါးရှိသတည်း။ ။ထိုကိုးပါးသောဥပပတ္တိဘဝတို့တွင်။ ။

၁ ကာမ ဘဝဟူသည်ကား။--ကာမဝိပါက် ၂၃ ခု။စေတသိက် ၃၃ ခု။ ကမ္မဇရုပ်။ ဤတရားတို့သည်။ ကာမဘဝမည်ကုန်၏။ ။

၂ ရူပ ဘဝ ဟူ သည် ကား။--ရူပ ဝိ ပါက် ၅ ခု။ စက္ခု ဝိညာဏ် ၂ ခု။သောတဝိညာဏ် ၂ ခု။သမ္ပဋိစ္ဆိုင်း ၂ခု။သန္တီရဏ ၃ ခု။စေတသိက် ၃၅ ခု။ဇီဝိတနဝကကလာပ် ၉ ခု။စက္ခု၊သောတ၊ဟာဒယ၊ပရိစ္ဆေဒ၊ဥပစယ၊သန္တတိအားဖြင့်ရုပ် ၁၅ ခု။ ဇရတာ၊အနိစ္စတာ၊ထည့်လျှင် ၁၇ ခု။ဤတရားတို့သည်ရူပဘဝမည်ကုန်၏။ ။၎င်းရုပ်တို့ကိုကမ္မဇချည်းမှတ်။ ။

၃ အရူပဘဝ ဟူသည်ကား။--အရူပဝိပါက် ၄ ခု။ စေတသိက် ၃၀။ဤတရားတို့သည်အရူပဘဝမည်ကုန်၏။

၄ သညာဘဝဟူသည်ကား။--ကာမဝိပါက် ၂၃ ခု။ ရူပဝိပါက် ၅ ခု။ အောက်အရူပ ဝိပါက် ၃ ခု။ စေတသိက် ၃၅ ခု။ ကမ္မဇရုပ်။ဤတရားတို့သည်သညာဘဝမည်ကုန်၏။ ။

၅ အသညာဘဝ ဟူသည်ကား။--ဇီဝိတနဝကကလာပ် ၉ ခုသည်။အသညာဘဝမည်၏။ ။

၆ နေဝသညာ နာသညာဘဝ။--စတုတ္ထ အရူပ ဝိပါက် ၁ခု။စေတသိက် ၃၀ တို့သည်၊၎င်းဘဝမည်၏။ ။

၇ ဧကဝေါကာရဘဝ။--ရူပက္ခန္ဓာ တပါးတည်းသာရှိသောအသညသတ်ခန္ဓာသည်။၎င်းဘဂမည်၏။ ။

၈ စတုဝေါကာရဘဝ။--အရူပဝိပါက်၄ခု။ စေတသိက် ၃၀။ နာမက္ခန္ဓာလေးပါးရှိသောဘဝတည်း။ ။

၉ ပဉ္စဝေါကာရဘဝ။--ခန္ဓာ ငါးပါးတို့ဖြင့် ပြွမ်းသော သညာ ဘဝ၌ ပြခဲ့ပြီးသော ရုပ်နာမ်တရား အစုတို့သည်။ ပဉ္စဝေါကာရဘဝမည်ကုန်၏။ ။ဤကားဥပပတ္တိဘဝအပြားကိုးပါးတို့ကိုပြခြင်းတည်း။ ။

၅၇။ ကမ္မ ဘဝ ဟူရာ၌။ သဗ္ဗံပိ ဘဝဂါမိ ကမ္မံ ကမ္မာဘဝေါဟူ၍ ဟောတော်မူသော ကြောင့်။ ပုညာ ပုညာ နေဉ္ဇာ

ဘိသင်္ခါရ ဖြစ်ကုန်သော စေတနာတို့ကို လည်းကောင်း။ စေ
တနာ သမ္ပ ယုတ္တ အာ စ ယ ဂါမိ ဖြစ် ကုန် သော အ ဘိဇ္ဈာစ
သောတရား တို့ကိုလည်း ကောင်း။ ကမ္မဘဝဟူ၍သင်္ဂြိုဟ်ရေ
တွက်အပ်ကုန်၏။ ။သဗ္ဗံပိဘဝဂါမိကမ္မန္တိဧတေနသဗ္ဗေဧတေ
ဝဋ္ဋါစေတနာသမ္ပယုတ္တာဝါကမ္မသင်္ခါတာအာစယဂါမိနောဝဋ္ဋာ
သင်္ခတာ။ ။ဟူသောဝိဘင်းအဋ္ဌကထာကို၎င်း။ ။သဗ္ဗံ
ပိဘဝဂါမိ ကမ္မန္တိ ဣမိနာပနစေတနာ သမ္ပယုတ္တာ အဘိဇ္ဈာဒ
ယောဝုတ္တာ။ ။ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို၎င်း ရှုမြော်
အပ်၏။ ။သဗ္ဗံပိဘဝဂါမိကမ္မန္တိ ဧတေန။ သဗ္ဗံပိဘဝဂါမိ
ကမ္မံဟူသောဤပါဌ်ဖြင့်။သဗ္ဗေ။ ခပ်သိမ်းကုန်သော။ဧတေဝဋ္ဋာ
ဝါ။ ထိုပုညာပုညာနေဉ္ဇာဘိ သင်္ခါရဖြစ်ကုန်သော စေတနာ
တရားတို့ကို၎င်း။စေတနါသမ္ပယုတ္တာ။စေတနာနှင့်သမ္ပယုတ်ဖြစ်
ကုန်သော။ကမ္မသင်္ခါတာ။ကံဟုဆိုအပ်ကုန်သော။ အာစယဂါ
မိနော။ စုတိပဋိသန္ဓေသို့ရောက်စေတတ်ကုန်သော။ ဝဋ္ဋာဝါ။
အဘိဇ္ဈာစသော တရားတို့ကို၎င်း။သင်္ခတာ။ သိမ်းရုံးပေါင်း
စည်း။ အကျဉ်းယူအပ်ကုန်၏။ ။ဝိဘင်းအဋ္ဌကထာပါဌ်၏အ
နက်။ ။နောက်ပါဌ်၏ အနက်ကားထင်ရှားသိသာပြီ။ ။စေ
တနာသမ္ပယုတ္တဖြစ်သော တရားတို့ကိုကမ္မဘဝ၌ သင်္ဂြိုဟ်ရေ
တွက် ထည့်စွက်ကောက်ယူခြင်းကို။ ပရိယာယသဒိသူပစာရ
အားဖြင့်မှတ်သားအပ်၏။စေတနာကိုယူလျှင်။ မုချနိပ္ပရိယာယ။
အားဖြင့်ကမ္မဘဝဟုမှတ်။ ။ဋီကာများ၌အကျယ်ကိုယူလေ။ ။

၅၈။ သင်္ခါရနိဒ္ဒေသ၌ပုညာပုညာနေဉ္ဇာဘိသင်္ခါရတို့ကို
ဟောတော်မူပြီးလျက်။ဤဘဝနိဒ္ဒေသ၌။၎င်းသင်္ခါရတို့ကို။ထပ်
၍တဘန် ဟောတော်မူပြန်ခြင်းသည် အဘယ်အကျိုးရှိသနည်း
ဟူမူ။ ။သင်္ခါရနိဒ္ဒေသမှာ။ ရှေ့အတိတ်ကပြုခဲ့ပြီးသောသင်္ခါ
ရကံ၏ အစွမ်းအားဖြင့်ဤပစ္စုပ္ပန်ဘဝ၌ပဋိသန္ဓေ၏ အကြောင်း
၏အဖြစ်ကို ဟောကြားတော်မူအပ်၏။ ဤဘဝနိဒ္ဒေသ၌ ကား။
ယခုပစ္စုပ္ပန်ဘဝ၌ပြုအပ်သောကံ၏အစွမ်းဖြင့်။ နောင်အနာဂတ်

ဘဝမှါပဋိသန္ဓေနေဘို့အကြောင်း၏အဖြစ်ကိုဟောတော်မူအပ်၏။ ဟောတော်မူရပြန်သည်။ ။တနည်းလည်း။ သင်္ခါရနိဒ္ဒေသ၌စေတနါကိုသာသင်္ခါရဟုဟောတော်မူအပ်၏။ဤဘဝနိဒ္ဒေသ၌ကားစေတနာနှင့်သမ္ပယုတ်ဖြစ်ကြကုန်သော တရားတို့ကိုလည်းဟောတော်မူအပ်ကုန်၏။ တနည်းလည်း။သင်္ခါရနိဒ္ဒေသ၌ဝိညာဏ်၏ အကြောင်းဖြစ်သော ကံကိုသာသင်္ခါရဟုဟောတော်မူအပ်၏။ ဤ၌ကားဝိညာဏ်ကင်းသောအသညသတ်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကံကိုလည်း ဟောတော်မူအပ်၏။ ။တနည်းလည်း။သင်္ခါရနိဒ္ဒေသ၌ပုညာဘိသင်္ခါရစသောကုသိုလ်အကုသိုလ်တရားတို့ကိုသာဟောတော်မူအပ်ကုန်၏၊ ဤ၌ကားဘဝသာမညအားဖြင့်ဥပပတ္တိဘဝပါယူအပ်သောကြောင့်။ ကုသိုလ် အကုသိုလ် အဗျာကတတို့ကိုဟောတော်မူအပ်ကုန်၏။ ။အဗျာကတပါထပ်၍ဟောတော်မူရပြန်သည်ဟူလို၊ ။ ဤသို့ထပ်၍ဟောတော်မူခြင်း၌ သတ္တကကိုသိလေ။ ။ပစ္စုပ္ပနာဂါ။ဝိညာဝိညာ။ ကြောင်းကိုပြ။ စေတနသမ္ပယုတ်။ ။၎င်း၌ကေသိက်ကြိ။ ။ကုသလာကုသလ။နောက်ဗျာကတ။ခါရဘဝစည်ထုတ်။ ။ဘေဒအားဖြင့်ကား။ ။ဒွေကာမတွင်။သညာပဉ္စဝေါ။နှစ်ခုရောသွင်း။နှစ်စင်းရူပ။ဘဝ၌မှာ၊သညာသည။ဧကပဉ္စဝေါ။သွင်းရောလေကြ။ဒွေအရူပတွင်။ သညာ။နေဝ။ စတုကာရကို။မချသွင်းလေ။လေးထွေပါဒါန်။ ဖြောက်တုံပြန်။ အမှန်နှစ်ဆဲ့လေး။ ။ခြောက်လေးလီ ၂၄ ရ၏။ ။၎င်းဘေဒ၌။အန္တောဂတနှင့်တကွ ကာမဘာဝတခုတည်းကို။ ကမ္မဘဝဥပပတ္တိ ဘဝအားဖြင့်။နှစ်ပါးခွဲဝေလေ။ရူပဘဝအရူပဘဝတို့၌ လည်းဤနည်းပင်လျှင်တည်း။ ။ကြောင်းကျိုးဘဝတည်။လေးမည်ပါဒါန်ဖြောံ၊ ခုနစ်ဆဲ့နှစ်ပါးအရကောက်။ ။ကြောင်းကျိုးဘဝ တဆဲ့ရှစ်ကိုတည်ဟူလိုသည်။ ။ဤကားဘေဒတည်း။ ။သင်္ဂဟအားဖြင့်ကား၊ ။သန္တောဂဓ။ သုံးဘဝ။ တည်ထပါဒါန်ဖြောက်။ ။ တဆဲ့နှစ်ပါးသာရအောင်ကောက်။ ။ဤ ၁၂ ပါးပင်တည်း။ ။

၅၉။ သီလဗ္ဗတုပါဒါန်ကြောင့်။ရူပါရူပဘဝမဖြစ်ဟုအချို့ဆရာတို့ဆိုကြကုန်၏။ ထိုစကားကိုမယူမမှတ်အပ်။ အဘယ့်ကြောင့်ဆိုသော်။ပုထုဇဉ်တို့မည်သည်အရူးနှင့်အတူတူ။သင့်မသင့်ကိုမချင့်တွက်တတ်။ဥပါဒါန်၏ အစွမ်းအားဖြင့်။အမှတ်မရှိလိုချင်သည့်ဘဝကိုတောင့်တ၍ပြုချင်သည့်ကံကိုပြုတတ်သောကြောင့်တည်း။ စင်စစ်အားဖြင့်လေးပါးသော ဥပါဒါန်ကြောင့်အလုံးစုံသောဘဝတို့သည်ဖြစ်ကုန်၏ဟုမှတ်။ ။ဖြစ်ပုံကား။ဤလောက၌အချို့သောသူသည်။ကြားဘူးသည်၏အစွမ်းအားဖြင့်၎င်း။မြင်ဘူးသည်ကိုအတုလိုက်သဖြင့်၎င်း။လူဘုံနတ်ဘုံတို့၌ကာမဂုဏ်သည်ပြည့်စုံ၏ ဟုကြံ၍။ ထိုကာမဂုဏ်ကို ရရန်ကံကိုအားထုတ်သောအခါ။မသူတော်တို့၏တရားမျိုးကိုကြားနာခြင်းတို့ဖြင့်။ မှောက်မှားလှည့်စားဖြားယောင်းအပ်သည်ဖြစ်၍။ဤကံဖြင့်ကာမဂုဏ်ပြည့်စုံလိမ့်မည်ဟုကာမုပါဒါန်၏အစွမ်းအားဖြင့်ပါဏာတိပါတစသောမကောင်းမှုဒုစရိုက်တရားတို့ကိုပြုမှား၍၎င်း။ယခုဘဝကာမဂုဏ်ကိုတောင့်တ၍။ ရရှိသောကာမဂုဏ်ကိုစောင့်ရှောက်ရန်ကာယဒုစရိုက်စသည်တို့ကိုပြု၍၎င်း။ အပါယ်လေးပါး၌ ဖြစ်လေ၏။ အပါယ်၌ဖြစ်ရသော ထိုသတ္တဝါ၏ဖြစ်ကြောင်းကံသည်ကမ္မဘဝမည်၏။ ခန္ဓာသည်ဥပပတ္တိဘဝမည်၏။တယောက်သောသူသည်။ကာမုပါဒါန်၏အစွမ်းအားဖြင့်ကာမဂုဏ်ကိုတောင့်တ၍။ ကာယသုစရိုက်စသည်တို့ကိုပြု၏။ ထိုကံကြောင့်။ကာမသုဂတိရူပါရူပဘဝတို့၌ ဖြစ်၏။လ။ ကံသည်ကမ္မဘဝမည်၏။ခန္ဓာသည်ဥပပတ္တိဘဝမည်၏။ ။ဣမိနာနယဖြင့်ဘဝကြွင်းကိုသိမ်း။ ။ဤကားကာမုပါဒါန်ကြောင့် အလုံးစုံသောဘဝဖြစ်ပုံ။ ။

တယောက်သောသူသည်။သုဂတိကာမ။ရူပါရူပဘုံဘဝတို့တွင်။တခုခုသောဘဝ၌။ အတ္တသည် ကောင်းကောင်းကြီးပြတ်ကင်း၏ဟု။ ဥစ္ဆေဒဒိဋ္ဌိကိုစွဲလှမ်း၍။ ထိုဘဝသို့ရောက်ကြောင်းဖြစ်သောကံကိုပြုလုပ်၏။ ထိုသူ၏ထိုကံသည်ကမ္မဘဝမည်၏။

ခန္ဓာသည်ဥပပတ္တိဘဝမည်၏။ ။ကြွင်းသည်ဘဝဤနယပင်။ ။ဤကားဒိဋ္ဌုပါဒါန်ကြောင့်အလုံးစုံသောဘဝဖြစ်ပုံ။

တယော်သောသူသည်။သုဂတိကာမရူပါရူပဘုံဘဝတို့တွင်။တပါးပါးသောဘုံဘဝ၌။အတ္တသည်ချမ်းသါငြိမ်ဧး၏ဟုအတ္တဝါဒုပါဒါန်ဖြင့်။ ထိုဘဝသို့ရောက်ကြောင်းကံကိုပြုလုပ်အားထုတ်၏။ထိုဘဝ၌ထိုသူ၏ထိုကံသည်ကမ္မဘဝမည်၏။ ခန္ဓာသည်ဥပပတ္တိဘဝမည်၏။ ။ကြွင်းဘဝမှာဤနည်းသာ။ ။ဤကားအတ္တဝါဒုပါဒါန်ကြောင့်အလုံးစုံသောဘဝဖြစ်ပုံ။ ။

တယောက်သောသူသည်။ သုဂတိကာမရူပါရူပဘုံဘဝတို့တွင်။ တပါးပါးသောဘုံဘဝ၌။ သီလဗ္ဗတကိုဖြည့်ကျင့်သည်ရှိသော်ပြည့်စုံလွယ်၏ဟုသီလဗ္ဗဟုပါဒါန်၏အစွမ်းအားဖြင့်။ထိုဘုံဘဝသို့ရောက်ကြောင်းကံကိုကျင့်ကြံပြုလုပ်အါးထုတ်စေ့ဆော်၏။ထိုဘဝ၌ထိုသူ၏ထိုကံသည်ကမ္မဘဝမည်၏။ ခန္ဓာသည်ဥပပတ္တိဘဝမည်၏၊ ။ကြွင်းကျန်ဘဝ။ဤနယ။လှလှသိတတ်စေ။ ။ဤကားသီလဗ္ဗတုပါဒါန်ကြောင့်အလုံးစုံသောဘုံဘဝတို့ဖြစ်ပုံ။

---

## ၄၀။ ဘဝဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဘဝတီတိဘဝေါ။ ။ယော ဥပပတ္တိဘဝေါ။အကြင်ဥပပတ္တိဘဝသည်။ဘဝတိ။ဖြစ်တတ်၏။ဣတိ။ကြောင့်။သော ဥပပတ္တိဘဝေါ။ထိုဥပပတ္တိဘဝသည်။ဘဝေါ။ဘဝမည်၏။ ။ဥပပတ္တိဘဝတို့။ ။ဘာဝယတီတိဘဝေါ။။ယော ကမ္မဘဝေါ။ သည်။ ဘာဝယတိ။ဥပပတ္တိဘဝကိုဖြစ်စေတတ်၏။ဣတိ။ကြောင့်။ သောကမ္မဘဝေါ။ သည်။ ဘဝေါ။မည်၏။ကမ္မဘဝတို့။ ။ကရဏသာဓ်လည်းကြံသင့်၏။ ။ဧကသေသ။သာမညနိဒ္ဒေသနည်းမှတ်။

## ၆၁။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

ကမ္မလက္ခဏောကမ္မဘဝေါ။ဘာဝနရသော။ကုသလာကုသလပစ္စုပဋ္ဌါနော။ဥပါဒါနပဒဋ္ဌါနော။ ။ကမ္မဘဝေါ။ကမ္မဘဝသည်။ကမ္မလက္ခဏော။ ကံဟုမှတ်ကြောင်းလက္ခဏာရှိ၏။ ဝါ။ပြုပြင်ခြင်းလက္ခဏာရှိ၏။ဘာဝနရသော။အကျိုးကိုဖြစ်စေခြင်းကိစ္စရှိ၏။ ကုသလာကုသလပစ္စုပဋ္ဌာနော။ကုသိုလ်အကုသိုလ်အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏၊ ဝါ။ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့်ယူအပ်သေါအခြင်းအရာရှိ၏။ဥပါဒါနပဒဋ္ဌာနော။ဥပါဒါန်တရားလေးပါးလျှင်နီးစွာသောအကြောင်းရှိ၏။ ။ကမ္မဘဝတို့။ ။

ကမ္မဖလလက္ခဏောဥပပတ္တိဘဝေါ။ဘာဝနရသော။အဗျာကတပစ္စုပဋ္ဌာနော။ ဥပါဒါနပဒဋ္ဌာနော။ ။ဥပပတ္တိဘဝေါ။ ဥပပတ္တိဘဝသည်။ကမ္မဖလလက္ခဏော။ကံ၏အကျိုးဟူသောမှတ်ကြောင်းလက္ခဏာရှိ၏။ ဘာဝနရသော။ဖြစ်ခြင်းကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနော။ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။ မဟောအပ်သည်၏ အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ဥပါဒါနပဒဋ္ဌာနော။ဥပါဒါန်တရားလေးပါးလျှင်နီးစွာသောအကြောင်းရှိ၏။ ။ဥပပတ္တိဘဝတို့။ ။

---

## ၆၂။ ဘဝပစ္စယာဇာတိဟူသောပုဒ်၌။ဇာတိ၏ သရုပ်တရားကိုယ်ကိုပြခြင်း။

ဤဘဝပစ္စယာဇာတိဟူသောပုဒ်၌။ ။ဘဝေါတိစေတ္ထကမ္မဘဝေါအဓိပ္ပေတောဟူသောအဋ္ဌကထာပါဠိနှင့်အညီ။ပြဆိုအပ်ခဲ့ပြီးသော။ အဘိညာဉ်စေတနာဥဒ္ဓစ္စစေတနာသည်ကြည်အပ်သော။ လောကီကုသိုလ်၊အကုသိုလ်စေတနာကမ္မဘဝကိုသာအလိုရှိအပ်၏။ ။တနည်းဇာတိ၏ပဒဋ္ဌာန်ဖြစ်သောကြောင့်ဥပ

ပဋ္ဌိဘာဝကိုလည်းယူလေ။ ။ဓာတိဟူသည်ကားပညတ္တိသမု
တိကထာအားဖြင့်။ ထိုထိုသတ္တဝါတို့၏ ဟိုထိုသို့ရှိသောသတ္တဝါ
တည်ရာအပေါင်း၌၊ ဇူနေ့ပြည့်စုံသည်ဖြစ်၍၎င်း။မပြည့်စုံသည်
ဖြစ်၍၎င်း။ အဏ္ဍဇ။ ဇလာဗုဇ။ သံသေဒဇ။ ဩပပါတိကတို့၏
အစွမ်းအားဖြင့်၎င်း။ ထင်ရှားဖြစ်ခြင်းသည်ဓာတိမည်၏။ ။
ပရမတ္ထအားဖြင့်ကား။ရုပ်နာမ်ခန္ဓါ ဒါယတနတို့၏အနန္တရဘာဝ၌
ထင်ရှားစွာဖြစ်ခြင်းသည် ဓာတိမည်၏။ ။ခဏတ္တယသမင်္ဂိ
ကို၎င်း။ဥပါဒ်ကွဏကို၎င်း။ဓာတိအရကောက်ကြကုန်၏။

၆၃။ ဘဝသည်ဓာတိ၏အကြောင်းဖြစ်မှန်းကိုအသို့သိအပ်
သနည်းဟူမူ ။ဗဟိဒ္ဓဖြစ်သော။ ဘမိနှစ်ပါးတို့၏သက်သွေး။
သလေးထမင်းစသော အစာအာဟာရအကြောင်း စသည်တူ
သော်လည်း။အမွှာမွေးဖွား။ သားနှစ်ယောက်တို့၏။လူပုံဟန်ပန်
သဏ္ဍာန်ပင်တူစေကာမူ။ ဟီနပဏီတအဖြစ်အစရှိသောအထူး
ကိုမြင်သောကြောင့်။ဘဝသည်။ ဓာတိ၏အကြောင်းဖြစ်မှန်းကို
သိရ၏။ ထိုဟီန ပဏီတစသော အထူးအပြားသည် လည်း
အကြောင်းမရှိဘဲမဖြစ်နိုင်။ထိုအကြောင်းလည်းကံမှတပါးအခြား
မရှိကောင်း။ ကံသည်သာလျှင်ဟီနပဏီတအဖြစ် အစရှိသော
အထူးကိုဝေဘန်နိုင်သည်၊ ထိုကြောင့်။ ကမ္မံသတ္တေဝိဘဇတိယ
ဒိဒံဟီနပဏီတတာယ။ ဟူ၍ဥပရိပဏ္ဏာသပါဠိတော်စူဠကမ္မဝိ
ဘင်္ဂသုတ်၌ ဟောတော်မူအပ်၏။ ။ဤသို့ဘဝသည်ဓာတိ၏
အကြောင်းဖြစ်မှန်းကိုသိအပ်၏သိလေ။ ။ခန္ဓါနံပါတုဘာဝေါ
အာယတနာနံ ပဋိလာဘောစသည်ဖြင့် ရုပ်နာမ်နှစ်ပါးလုံးကို
ဟောတော်မူသောကြောင့်။ ဓာတိသည်ရုပ်၏ဓာတိနာမ်၏ဓာ
တိအားဖြင့်နှစ်ပါးအပြားရှိသည်ကိုလည်းသိအပ်၏။ ။အကုသိုလ်
ကမ္မဘဝကြောင့်အပါယ်ဘုံ၌။အကုသလဝိပါက်ဥပေက္ခာသဟ
ဂုတ်သန္တီရဏစိတ် ၁ ခု။စေတသိက် ၁၀ ။ ကမ္မဇရုပ်ဟူသော
ရုပ်နာမ်ခန္ဓာ ဓာတိသည်ဖြစ်၏။ ။ကာမကုသိုလ် ကမ္မဘဝ
ကြောင့်၊ကာမသုဂတိခုနစ်ဘုံ၌။ ထိုက်သဉ္ဇအလျောက်။ကုသလ

ဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ ခု။ မဟာဝိပါက်စိတ် ၈ ခု။စေတသိက် ၃၃ခု။ကမ္မဇရုပ်ဟူသော်ရုပ်နာမ်ခန္ဓာဇာတိသည်ဖြစ်၏။ ။ရူပကုသိုလ်ကမ္မဘဝ ကြောင့်။ ရူပတဆဲ့ခြောက်ဘုံ၌ထိုက်သည့်အလျောက်။ရူပဝိပါက် ၅ ခု။စေတသိက် ၃၅ ခု။ကမ္မဇရုပ် ၁၅ ခု။ ဟူသောရုပ်နာမ်ခန္ဓာဇာတိသည်ဖြစ်၏။ ။အသညသတ်ပါသွင်းလိုက်။ ။အရူပကုသိုလ်ကမ္မဘဝကြောင့်။အရူပလေးဘုံ၌။အရူပဝိပါက် ၄ ခု။စေတသိက် ၃၂ ခု။ဟူသောနာမက္ခန္ဓာဇာတိသည်ဖြစ်၏။

---

## ၆၄။ ဇာတိဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဇနနံဇာတိ။ ။ဇနနံ။ရုပ်နာမ်ခန္ဓာအာယတနတို့၏ဖြစ်ခြင်း။ဇာတိ။ရုပ်နာမ်ခန္ဓာအာယတနတို့၏ဖြစ်ခြင်း။ ။

---

## ၆၅။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

သာပနေသာတတ္ထတတ္ထဘဝေပထမာဘိနိဗ္ဗတ္တိလက္ခဏာ။နိယျာတနရသာ။ အတီတဘဝတော ဣဓဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ။ဖလဝသေနဒုက္ခဝိစိတ္တတာပစ္စုပဋ္ဌာနာဝါ။ကမ္မဘဝပဒဋ္ဌာနာ။ ။သာပနေသာ။ထိုဇာတိသည်ကား။တတ္ထတတ္ထဘဝေ။ထိုထိုကာမရူပအရူပဘဝ၌။ပထမာဘိနိဗ္ဗတ္တိလက္ခဏာ။ရှေ့ဦးစွာဖြစ်ခြင်းလက္ခဏာရှိ၏။နိယျာတနရသာ။ဆောင်နှင်းခြင်းကိစ္စရှိ၏။အတီတဘဝတော်။အတိတ်ဘဝမှ။ဣဓ။ဤပစ္စုပ္ပန်ဘဝ၌။ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ။ ထင်ထင်ရှားရှား။ ငွါးငွါး ပေါ်လာခြင်း လျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။ ပေါ်လာသည့်၏ အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ဝါ။တနည်းကား။ ဖလဝသေန။အကျိုး၏အစွမ်းအားဖြင့်။ ဒုက္ခဝိစိတ္တတာပစ္စုပဋ္ဌာနာ။ အထူးထူးအဆန်းဆန်းပင်ပန်းဆင်းရဲသော အကျိုးလျှင်ထင်သော အခြင်းအရာရှိ၏။ ဝါ။

အကျိုး၏အဖြစ်ဖြင့်ယူအပ်သော်အခြင်းအရာရှိ၏။ကမ္မဘာဝပဒဋ္ဌာနသ။ကမ္မဘာဝလျှင်နီးစွာသောအကြောင်းရှိ၏။ ။

---

၄၄။ ဓာတိပဋ္ဌာယာဓရာမရဏ။လ။သမ္ဘဝတ္ထိန္ဒြိ။
ဓရာစသည်တို့၏သရုပ်တရား
ကိုယ်ကိုပြခြင်း။

ဇရာဟူသည်ကား။ ရုပ်နာမ်တရားတို့၏ဘင်သို့ရှေ့ရှုတည်သော၌အခိုက်အတန့်ရင့်ရော်အိုမင်းခြင်းသည်ဇရာမည်၏။ထိုဇရာသည်မိမိပြုအပ်သော ကိစ္စကိုညွှန်းပြသောအားဖြင့် ခွဲခြမ်းဝေဘန်လိုက်လျှင်။ သွားတို့၏ဂင်း။ ခြေသည်းလက်သည်းတို့၏ဂင်းကျိုးပဲ့ခြင်းကိုပြုတတ်သောကိစ္စကြောင့်။ ခဏ္ဍိစ္စမည်သောဇရာ။ဆံအမွေးတို့ကိုဖြူဖွေးအောင်ပြုတတ်သောကိစ္စကြောင့်ပါလိစ္စမည်သောဇရာ။အရေကိုရှုံ့တွတွန့်လိပ်အောင်ပြုတတ်သောကိစ္စကြောင့်ဝလိတ္တစတာမည်သောဇရာဟူ၍သုံးပါးပြား၏။ ။ထိုကြောင့်။ခဏ္ဍိစ္စံပါလိစ္စံဝလိတ္တစတာဟူ၍ ဟောတော်မူအပ်၏။ ။ခဏ္ဍိစ္စန္တိအာဒယောတယောကာလာတိက္ကမေကိစ္စနိဒ္ဒေသာဟူ၍လည်းအဋ္ဌကထာ၌ဖွင့်ပြအပ်၏။ ။ဂင်းဇရာသုံးပါးတို့သည်မျက်စိအမြင်အားဖြင့် ပေါက်ပြန့်ခြင်း၏ ထင်ရှားလှသောကြောင့်ပါကဋဇရာလည်းမည်ကုန်၏။ပမာကား။ရေလေတိုက်ခတ်မိသောမြက်သစ်ပင်။ မီးလောင်သောနေရာတို့၌။ရေလေမီးတို့ကို မတွေ့မမြင်လိုက်ရသော်လည်း။ ရေလေမီးတို့၏ တိုက်ခိုက်လောင်ကျွမ်း လမ်းရာကိုမြင်သဖြင့်။ လေရေမီးတို့သည်။ ဤအရပ်ကိုတိုက်ခိုက်လောင်ကျွမ်းလေ၏တကားဟုသိနိုင်သကဲ့သို့။ ဇရာတရားကိုမျက်ဝါးထင်ထင်မမြင် ကောင်းသော်လည်း ဆံဖြူသွားကြွေအရေရှုံ့တွ တွန့်လိပ်ရခြင်းစသော ဇရာဖြစ်ရာလမ်းကိုမြင်ရသဖြင့်။ ဤသတ္တဝါအားဇရာ တရားနှိပ်စက်လေ၏တကားဟုမနေ့ါဒွါရဖြင့်ဇရာတရားကိုမှိုင်းခြားတပ်ကြပ်သိအပ်

၏။သို့သော်လည်းသွားကျိုးခြင်းစသည်တို့ကားဇရာစစ်မဟုတ်ကုန်။မြင်အပ်သောဝဏ္ဏာယတနသာတည်း။ ဇရာစစ်ကိုမျက်စိဖြင့်မသိမမြင်ကောင်း။ နဟိဇရာစက္ခုဝိညေယျာဟောတိဟူ၍အဋ္ဌကထာဖွင့်လှစ်တော်မူ၏။ ။ပကတိနိဒ္ဒေသအားဖြင့် ဇရာတရားကိုခွဲခြားဝေဘန်လိုက်လျှင်။အသက်၏ယုတ်လျော့ခြင်းဟူသောအာယုဟာယနဇရာ။ စက္ခုစသောဣန္ဒြေတို့၏ ရင့်ရော်ခြင်းဟူသော ဣန္ဒြိယပရိပါကဇရာဟူ၍ နှစ်ပါးပြားပြန်၏။ထိုတွင်။ဇရာသို့ရောက်သောသတ္တဝါ၏အသက်သည်။တနေ့တခြားတလတပါး တနှစ်တပုံယုတ်လျော့ကုန်ခန်းသော ကြောင့်၎င်း။ပျိုမျစ်နုနယ်။ ငယ်ရွယ်စဉ်အခါက။ သိမ်မွေ့သေးသွယ်ငယ်ငေါင်းသော ဝတ္ထုအာရုံကိုပင် ကောင်းကောင်းကြီး လွယ်ကူယူနိုင်မြင်နိုင်သော်လည်း။ အိုမင်းကြီးရင့်ခြင်းသို့ရောက်သောသတ္တဝါ၏စက္ခုစသောဣန္ဒြေတို့သည်ရင့်ရော်နောက်ကျုခြင်းမသန့်ရှင်းသောကြောင့်။ရှန့်ရင်းထင်ရှားလောက်သော အာရုံကိုသော်လည်းမယူစွမ်းနိုင်သောကြောင့်၎င်း။အာယုနေသံဟာနိဣန္ဒြိယာနံပရိပါကောဟူ၍ ဟောတော်မူသည်။ပဋ္ဌိမာဒေ့ပကတိနိဒ္ဒေသဟူ၍လည်းအဋ္ဌကထာ၌ဖွင့်လှစ်တော်မူ၏။ ။ဖလူပစာရ။ ။ထိုဇရာသည်လည်းရုပ်၌ဖြစ်သောဇရာနာမ်၌ဖြစ်သောဇရာအားဖြင့်နှစ်ပါးပင်ပြားပြန်၏။ ထိုတွင်။ ရုပ်၌ဖြစ်သောဇရာသည်သွားကျိုးခြင်းစသော ဖေါက်ပြန်ခြင်းကို ထင်ရှားမြင်သာသောကြောင့်ပါကဋဇရာမည်၏။နာမ်တရားတို့၌ဖြစ်သောဇရာသည်။ ထိုသို့ဖေါက်ပြန်ခြင်း၏မသိမမြင်သာ မထင်ရှားသောကြောင့်ပဋိစ္ဆန္နဇရာမည်၏။ ။တော၌ ရေ၌။မှတ်သိစေလို။ဦးချိုထန်းလက်၊ခွဲထားချက်။ ကွင်းကွက်ဥပမာ။ ။တနည်းလည်း။ အဝီစိဇရာ။ သဝီစိဇရာအားဖြင့် နှစ်ပါးပင်ပြားသေး၏။ထိုတွင်။အနုပါဒိဏ္ဏကအဝိညာဏကဉ္စ။ ပတ္တမြားရွှေငွေ။ နေလနက္ခတ်။နတ်တို့ဗိမာန်။ မျက်မှန်ပုလဲ။ သန္တာခဲစသည်တို့၏၎င်း။ဥပါဒိဏ္ဏက။သဝိညာဏက။ ပျိုရွယ် နုထွတ်သောသူ စသည်

တို့၏ရင်း။ဖေါက်ပြန်သောအဆင်းအထူးကိုမသိမမြင်သါ။ခဲရင်းစွာသောကြောင့်။ ထိုပြဆိုခဲ့ပြီးသော သဝိညာဏကဓရာသည်အဝိစိဓရာမည်၏။အစည်တစပ်ကြားမလပ်သောဓရာဟူလို။ ။ အဝိညာဏကန္ဒ။ လှည်းလှေအိမ်တန်ဆောင်းကျောင်းစရပ်အိုစသည်တို့၏ရင်း။ သဝိညာဏကန္ဒ။ လူဆင် မြင်းအိုစသည်တို့၏ ရင်း။ဖေါက်ပြန်သောအဆင်းအထူးကိုထင်ရှားသိမြင်သာသောကြောင့်ထိုဓရာသည်သဝိစိဓရာမည်၏။ ။

---

၄၇။ ဓရာဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဓိရဏံဓရာ။ ။ဓိရဏံ။ရုပ်နာမ်ခန္ဓာတို့၏ဆွေးမြည့်ဟောင်းမြင်းရင့်ရော်ခြင်း။ ဓရာ။ ရုပ်နာမ်ခန္ဓာတို့၏ဆွေးမြည့်ဟောင်းမြင်းရင့်ရော်ခြင်း။ ။

---

၄၈။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

သာပနေသာခန္ဓပရိပါကလက္ခဏာ။ မရဏူပနယနရသာ။ ယောဗ္ဗနဝိနာသနပစ္စုပဋ္ဌာနာ။ ဓာတိပဒ ဋ္ဌာနာ။ ။သာပနေသာ။ထိုဓရာသည်ကား။ခန္ဓပရိပါကလက္ခဏာ။ရုပ်နာမ်ခန္ဓာတို့၏ရင့်ရော်ခြင်းလက္ခဏာရှိ၏။မရဏူပနယနရသာ။သေခြင်း၏အနီးသို့ဆောင်ခြင်းကိစ္စရှိ၏၊ ယောဗ္ဗနဝိနာသနပစ္စုပဋ္ဌာနာ။အရွယ်၏ပျက်စီးခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။အရွယ်ပျက်စီးသည်၏အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ ဓာတိပဒဋ္ဌာနာ။ဓာတိလျှင်နီးစွာသောအကြောင်းရှိ၏။ ။

၄၉။ မရဏဟူသည်ကား။သမ္မုတိပညပ်အားဖြင့်။ထိုထိုသတ္တဝါတို့၏။ထိုထိုသတ္တဝါတည်ရာအပေါင်းမှရွေ့လျောပျက်ကြေသေဆုံးခြင်းသည်။မရဏမည်၏။ ပရမတ္ထအားဖြင့်ကား။ ရုပ်နာမ် ခန္ဓာတို့၏။ ပျက်စီး ချုပ်ပျောက် ဘင်သို့ ရောက်ခြင်း

တည်း။ ။ပရမတ္ထေနပဟိခန္ဓာနမေဝဘိန္နတ္တာ။ နသတ္တော နာမ
ကောစိမရတိဟူ၍ အဋ္ဌကထာဖွင့်လှစ်၏။ ။ထိုပရမတ္ထအား
ဖြင့်ရုပ်နာမ်ခန္ဓာတို့၏ ပျက်စီးချုပ်ပျောက် ဘင်သို့ရောက်ခြင်း
·ကို ပင်လျှင် သမ္မုတိ ဝေါဟာရအားဖြင့် သတ္တဝါ သေသည်
ဟုခေါ်ဆိုပညတ် သမုတ်အပ်၏။ စင်စစ် တစုံ တရာ သတ္တဝါ
သေသည် မရှိ။ ။ထိုမရဏ သည်။ ရုပ်၏ မရဏ။ နာမ် ၏
မရဏအားဖြင့် နှစ်ပါး အပြားရှိ၏။ ။ထို့ကြောင့် ခန္ဓာနံဘေ
ဒေါကဠေဝရသနိက္ခေပေါ။ဟူ၍ဟောတော်မူပြီ။ ။စတုပဉ္စ။
ဝေါကာရ။ခန္ဓာနဘေဒေါ။ ။ဧကဝေါကာရ။သန္တာယ။ကဠေ
ဝရဟော။ ။စတုဝေါကာရ။တနည်းပြ။ ခန္ဓာနဘေဒေါ။ ။
ပဉ္စဧက။ဝေါကာရ။ ကဠေဝရကိုပြော။ ။ဤ၌ ရူပကာယကို
ကဠေဝရဟုမှတ်။ ။ခန္ဓာဘေဒ။နတ်ပြဟ္မာ။လူမှါကဠေဝရော။ ။
တနည်းလည်း။ခဏိကမရဏ။ သမ္မုတိမရဏ။ သမုစ္ဆေဒမရ
ဏအားဖြင့်သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ပဝတ္တိအခါ၌။
ရုပ်နာမ်တရားတို့၏ခဏတ္တယအားဖြင့်ပျက်စီးခြင်းသည်။ ခဏိ
ကမရဏမည်၏။ တိဿသေသည်။ ဖုဿသေသည် စသည်
ဖြင့်ခေါ်ဆို သမုတ်ခြင်းသည်သမ္မုတိ မရဏမည်၏။ ရဟန္တာ
ပုဂ္ဂိုလ်တို့၏တဘန် ပဋိသန္ဓေ မနေသောအားဖြင့် ပရိနိဗ္ဗာန်ပြု
ခြင်းသည်သမုစ္ဆေဒမရဏမည်၏။ ။မြက်၊သစ်ပင်၊ကောက်၊
ပဲ၊ပြဒါး၊သံ၊သေသည်ဟုခေါ်ဆိုခြင်းသည်လည်း။ ထိုမြက်ပင်
စသည်တို့၏ပျက်စီးခြင်းသဘောပင်တည်း။ ။ဤအရာ၌သမ္မု
တိမရဏကိုအလိုရှိအပ်၏။ ။လုံ့လကြောင့်သေခြင်းဥပက္ကမ
မရဏ။ မိမိသဘောအတိုင်းသေခြင်းသရသမရဏ။ အသက်
ကုန်၍သေခြင်းအာယုက္ခယမရဏ။ ကုသိုလ်ကံကုန်၍သေခြင်း
ပုညက္ခယမရဏ။ ဟူသည်တို့လည်း သမ္မုတိမရဏ၏ အမည်
တို့တည်း။ ။

## ၇၀။ မရဏာဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

မရန္တိ ဧတေနာတိ မရဏံ။ ။ဧတေန။ ဤစုတိစိတ်ဖြင့်။ ခန္ဓာ။ရုပ်နာမ်ခန္ဓာတို့သည်။မရန္တိ။သေတတ်ကုန်၏။ ဣတိ။ထို သို့သေကြောင်းဖြစ်သောသတ္တိကြောင့်။တံ။ထိုစုတိစိတ်သည်။ မရဏံ။မရဏမည်၏။ ။စုတိခန္ဓာနံမရဏန္တိ။ မရန္တိ ဧတေ နာတိ ဝုတ္တံ။ ။မူလဋီကာ စသည်။ ။အသညသတ်မှာရုပ် ကိုစွဲ။ ။

---

## ၇၁။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

တယိဒံစုတိလက္ခဏံ။ ဝိယောဂရသံ၊ ဝိပ္ပဝါသပစ္စုပဋ္ဌာနံ။ ဇာတိပဒဋ္ဌာနံ။ ။တယိဒံ။ထိုမရဏာသည်။စုတိလက္ခဏံ။ ရွေ့ လျောခြင်းလက္ခဏာရှိ၏။ ဝိယောဂရသံ။ ပစ္စုပ္ပန်ဘဝနှင့်မယှဉ် ခြင်းကိစ္စရှိ၏။ဝိပ္ပဝါသပစ္စုပဋ္ဌာနံ။ကွေကွင်းကင်းကွာခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ဝါ။ ကင်းကွာသည်၏ အဖြစ်ဖြင့်ယူ အပ်သောအခြင်းအရာရှိ၏။ဇာတိပဒဋ္ဌာနံ။ဇာတိလျှင်နီးစွာသော အကြောင်းရှိ၏။ ။ဇာတိဇရ။မရဏ။ သုံးဝတရားကို။ ။ခန် သူသုံးပါး။ပမာအား။ထင်ရှားမှတ်စေလို။ ။

၇၂။ သောကဟူသည်ကား။ဆွေမျိုးမိဘ။ နှမသားချင်း တို့၏။ပျက်စီးခြင်းဟုဆိုအပ်သော။ဉာတိဗျသန။စည်းစိမ်ဥစ္စာ။ လယ်ယာမိဃ်းမြေ။ အခြေပျက်စီးခြင်းဟုဆိုအပ် သောဘောဂ ဗျသန။ကိုးဆဲ့ခြောက်ဖြာ။ တနည်း။ ကိုးဆဲ့ရှစ်ဖြာ အနာ တည်း ဟူသောရောဂဗျသန။ အကျင့်သီလ၏ ပျက်စီးခြင်းဟု ဆိုအပ် သောသီလဗျသန။ သမ္မာဒိဋ္ဌိကို ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိ တည်းဟူသောဒိဋ္ဌိဗျသန။ဤသို့ဝိဘင်းပါဠိတော်။ ပါထေယျပါ ဠိတော်စသည်တို့၌ဟောတော်မူအပ်သောဗျသနတရားငါးပါး တို့တွင်။တပါးတပါးနှင့်တွေ့ဆုံကြုံကြိုက်သောသတ္တဝါ၏ကိုယ်

တွင်းမှာ။ နူနံ့သောမီးဖြင့်အိုး၏အတွင်း၌ချက်အပ်သော။ ကျက်သောဆီကဲ့သို့။တအုံအုံတနွေးနွေး။ပူဆွေးခြင်းသည်။ သောကမည်၏။ တရားကိုယ်အားဖြင့်ကား ဒေါသမူဒွေ၌ ယှဉ်သောဒေါမနဿ။ ဝေဒနာသာတည်း။

---

၇၃။ ဝစနတ္ထကိုပြခြင်း။

သောစနံသောကော။ ။သောစနံ။တအုံနွေးနွေး ပူဆွေးစိုးရိမ်ခြင်း။သောကော။တအုံနွေးနွေးပူဆွေးစိုးရိမ်ခြင်း။ ။

---

၇၄။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

အန္တောနိဇ္ဈာနလက္ခဏောသောကော။စေတသောပရိနိဇ္ဈာယနရသော။အနုသောစနပစ္စုပဋ္ဌာနော။ဗျသနပဒဋ္ဌာနော။ ။သောကော။သောကသည်။ အန္တောနိဇ္ဈာနလက္ခဏော။ ကိုယ်တွင်း သန္တာန်၌ ပူပန် လောင်ကျွမ်းခြင်း လက္ခဏာ ရှိ၏။ စေတသော။ စိတ်ကို။ ပရိ နိဇ္ဈာယ နရသော။ ထက်ဝန်းကျင် လောင်ကျွမ်းပူပန်စေခြင်းကိစ္စရှိ၏။အနုသောစနပစ္စုပဋ္ဌာနော။ အဘန်တလဲလဲစိုးရိမ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ။စိုးရိမ်သည်၏အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာရှိ၏။ ဗျသနပဒဋ္ဌာနော။ဗျသနတရားငါးပါးလျှင် နီးစွာသောအကြောင်းရှိ၏။ ။ဉာ၊ ဘော၊ရောသီ။ဒိဋ္ဌိမှီ။ငါးလီဗျသနာ။ ။ရှေ့သုံးပါးမှာ။ ကုသလာကုသလ။မဆိုရ။အကုသလနောက်နှစ်မှာ။ ။

၇၅။ ပရိဒေဝဟူသည်ကား။ပြဆိုခဲ့ပြီးသောဗျသနတရားငါးပါးတို့တွင်။တပါးပါးနှင့်တွေ့ကြုံဆုံစည်းမိသော သတ္တဝါ၏ ကိုယ်တွင်း၌။အားကြီးထက်မြက်သောမီးဖြင့်ချက်အပ်သောဆီသည်။အိုး၏အထက်သို့တက်လျှံဝေကျသကဲ့သို့။ ငါ၏ သားသွီး ပျက်စီးလေပြီ။ အရာရာ၌ လိမ်မာသော ငါ၏သားသွီး ပျက်စီး

ပြုန်းတီးလေပြီ။ ငါ၏စည်းစိမ်။ ဂုဏ်သိရ်တို့ကားပျက်ပြားဆုတ်ယုတ်လေပြီ စသည်တို့ဖြင့် အပူအပြင်းအတွင်း၌ မခံနိုင်သောကြောင့်။ အပ၌ထွက်၊ အန်၍အဘန်ဘန်တသလျှက်မပြီမပြင် မြည်တမ်း၊ ပရမ်းပတာ ငိုကြွေးခြင်းသည် ပရိဒေဝမည်၏။ တရားကိုယ်အားဖြင့်ကား။ ဒေါသမူနွေကြောင့် ဖြစ်သော စိတ္တဇသဒ္ဒရုပ်ပင်တည်း။ ။

၇၆။ ပရိဒေဝေါဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

တံတံ ဝဏ္ဏံ ပရိ ကိတ္တေတွာ ဒေဝန္တိ ဧတေနာတိ ပရိဒေဝေါ။ ။ဧတေန။ ဤဝစီဘေဒစိတ္တဇသဒ္ဒဖြင့်။ တံတံဝဏ္ဏံ။ ထိုထိုသို့သော ယုတ်မြတ်ကျေးဇူး ဂုဏ်အထူးကို။ ပရိကိတ္တေတွာ။ ပြောကြား၍ ဒေဝန္တိ။ ငိုကြွေးကုန်၏။ ဣတိ။ ထိုသို့ငိုကြွေးကြောင်းဖြစ်သောသဒ္ဒါကြောင့်။ သော။ ထိုဝစီဘေဒစိတ္တဇသဒ္ဒသည်။ ပရိဒေဝေါ။ ပရိဒေဝမည်၏။ ။ပရိဒေဝနံ ပရိဒေဝေါ။ ဟူ၍လည်းဘာဝသာဓနပြုအပ်သေး၏။

၇၇။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

သောလာလပ္ပနလက္ခဏော။ ဂုဏဒေါသပရိကိတ္တနရသော။ သမ္ဘမပစ္စုပဋ္ဌာနော။ ဗျသနပဒဋ္ဌာနော။ ။သော။ ထိုပရိဒေဝသည်။ လာလပ္ပနလက္ခဏော။ အဘန်ဘန်လျှင်။ ပြော်အင်ယောင်ယမ်းမြည်တမ်းငိုကြွေးခြင်းလက္ခဏာရှိ၏။ ဂုဏဒေါသပရိကိတ္တနရသော။ ဂုဏ်အင်ကျေးဇူး။ ဖြစ်ဘူးသော အပြစ်ဒေါသတို့ကို ပြောကြားခြင်း ကိစ္စရှိ၏။ သမ္ဘမပစ္စုပဋ္ဌာနော။ စိတ်နောက်မတည်ကြည်။ ဝေလည်ဘုန်လှုပ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။ ဝေလည်တုန်လှုပ်သည်၏အဖြစ်ဖြင့်ယူအပ်သောအခြင်းအရာရှိ၏။ ။ဘန္တဥ္ဓပိဏ္ဍမောဟာဝေ။ ။အဘိဓာန်။ ။

သမ္ဘမနှင့် ဝိဗ္ဘမအနက်တူကြ၏။ ။ဝါ။ ကြောက်လန့်သော အား ဖြင့်ဉာဏ်အားထင်တတ်၏။ဝါ ။ယူအပ်သော်အခြင်းအရာရှိ၏။ ။ သမ္ဘမံဥတ္တာသနံသမ္ဘမော။ သမ္ဘမေနပစ္စုပဋ္ဌာတိတိသမ္ဘမပစ္စု ပဋ္ဌာနော။ သမ္ဘော ယောဇနာအတိုင်းရှေ့အနက်ကို ယောဇနာ အပ်၏။ ။နောက်အနက်ကား။ ဥပသဒ္ဒါ၏ ဂယှာကာရတ္တကို ရည်သတည်း။ ။ဗျာသနပဒဋ္ဌာနော။ဗျာသနတရား ငါးပါးလျှင် နီးစွာသောအကြောင်းရှိ၏။ ။

၁၇။ ဒုက္ခဟူသည်ကား။ အနိဋ္ဌဖြစ်သော ဖေါဋ္ဌဗ္ဗာရုံနှင့်၊ တွေ့ကြုံ ထိခိုက်သောအခါ။ ယံကာယိကံအသာတံ ကာယိကံ ဒုက္ခံအစရှိသော ပါဠိတော်နှင့်အညီ။ ကိုယ်၌ဖြစ်သော မချမ်း သာခြင်း။ ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းဟု ဆိုအပ်သော။ ဒုက္ခ သဟဂုတ်ကာယဝိညာဏ်၌ ယှဉ်သောဝေဒနာစေတသိက်သည် ဒုက္ခမည်၏။ ။

---

၁၈။ ဒုက္ခဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဒုက္ခယတီတိဒုက္ခံ။ ။ယံဝေဒယိတံ။အကြင်ခံစားတတ် သော်ဝေဒနာသည်။ဒုက္ခယတိ။ပင်ပန်းဆင်းရဲစေတတ်၏။ဣတိ။ ကြောင့်။တံဝေဒယိတံ။ထိုခံစားတတ်သောဝေဒနာသည်။ ဒုက္ခံ။ ဒုက္ခမည်၏။ ။ဥပ္ပါဒဋ္ဌိတိဝသေနဝါ ဒွေဓာခနတီတိဒုက္ခံ။ ။ ဝါ။တနည်းကား ။ယံဝေဒယိတံ။ အကြင်ဝေဒနာသည်။ ဥပ္ပါဒဋ္ဌိ တိဝသေန။ဥပါဒ်ဌီတို့၏အစွမ်းအားဖြင့်။ ဒွေဓာ။နှစ်ဖြာ။ ဝါ။နှစ် ဘို့။သုခံ။ကာယိကသုခကို။ ။ကံထည့်။ ။ခနတိ။ တူးဖြို တတ်၏။ဣတိ။ကြောင့်။တံဝေဒယိတံ။သည်။ဒုက္ခံ။မည်၏။ ။ ဒုက္ခဝေဒနာဉပ္ပါဒဒုက္ခဋ္ဌိတိ ဒုက္ခာတိစ ကတ္တာဒွေဓာ ခနတီတိ ဝုတ္တံ။ ။မဟာဋီကာ။ ။ဒုက္ခဝေဒနာဉပ္ပါဒဒုက္ခဝေဒနာဋ္ဌိတိ ဒုက္ခဝေဒနာတိဝစနတောဒွေဓာခနတိ။ ။မူလဋီကာ။ ။

## ၁၀။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

တံပနေတံကာယပီဠနလက္ခဏံ။ ဒေါမနဿကရဏ ရသံ။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ။ ကာယဝတ္ထုပဒဋ္ဌာနံ။ ။တံပနေ တံ။ ထိုဒုက္ခသည်။ ကာယပီဠနလက္ခဏံ။ ကိုယ်ကိုဘိစီးနှိပ်စက် ခြင်းလက္ခဏာရှိ၏။ ဒေါမနဿ ကရဏရသံ။ စိတ်နှလုံးမသာ ယာအောင်၊ ပြုပြင်ခြင်းကိစ္စရှိ၏။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ။ ကိုယ်၌ဖြစ်သောကျင်နာခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ။ ကျင်နာသည်၏ အဖြစ်ဖြင့် ယူအပ်သော အခြင်းအရာ ရှိ၏။ ကာယဝတ္ထုပဒဋ္ဌာနံ။ ကာယပသာဒဟုဆိုအပ်သော မှီရာဝတ္ထု လျှင်နီးစွာသောအကြောင်းရှိ၏။ ။

၁၁။ ဒေါမနဿဟူသည်ကား။ အနိဋ္ဌဖြစ်သောအာရုံနှင့် တွေ့ကြုံဆုံစည် မိသောအခါ။ ။ယံစေတသိကံအသာတံစေ တသိကံဒုက္ခံ။ အစရှိသောပါဠိတော်နှင့်အညီ။ စိတ်၌ဖြစ်သော မချမ်းသာခြင်း။ စိတ်၌ဖြစ်သောဆင်းရဲခြင်းဟုဆိုအပ်သောဒေါ သမူဒွေ၌ယှဉ်သောဒေါမနဿဝေဒနာပင်တည်း။ ။

---

## ၁၂။ ဒေါမနဿဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဒုမနဿဘာဝေါ၊ ဒေါမနဿံ။ ။ဒုမနဿ။ မကောင်း သောစိတ်၏၊ ဝါ။ မကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်၏။ ဘာ ဝေါ။ ဖြစ်ကြောင်းတည်း။ ဒေါမနဿံ။ မကောင်းသောစိတ်၏။ ဝါ။ မကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း။ ။ စိတ်၏ မရွှင်မလန်းညှိုးသမ်းနောက်ကျုခြင်းသည်။ ဒေါသမူဒွေ ၌ယှဉ်သောစေတသိက ဒုက္ခဝေဒနာ ကြောင့်သာတည်း။ ထို့ ကြောင့်။ စေတသိကဒုက္ခဝေဒနာသည်ဒေါမနဿမည်၏။ ။

## ၈၃။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

တံစိတ္တပ္ပဋိဋ္ဌနလက္ခဏံ။မနေသဝိဗာတရသံ။မနသိဗျာဓိပစ္စုပ္ပဋ္ဌာနံ။ ဗျာသနပဒဋ္ဌာနံ။ ။တံ။ထိုဒေါမနဿသည်။ စိတ္တပ္ပဋိဋ္ဌနလက္ခဏံ။စိတ်ကိုဘိစီးနှိပ်စက်ခြင်းလက္ခဏာရှိ၏။ မနေသဝိဗာတရသံ။ စိတ်ပင်ပန်းအောင်ပြုခြင်းကိစ္စရှိ၏။ မနသိဗျာဓိပစ္စုပ္ပဋ္ဌာနံ။ စိတ်၌ကျင်နာခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ။ ကျင်နာသည်၏အဖြစ်ဖြင့်ယူအပ်သော်အခြင်းအရာရှိ၏။ဗျာသနပဒဋ္ဌာနံ။ဗျာသနတရားငါးပါးလျှင်နီးစွာသောအကြောင်းရှိ၏။ ။

၈၄။ ဥပါယာသဟူသည်ကား။ဉာတိ၊ ဘောဂ။ ရောဂ။ သီလ။ဒိဋ္ဌိဗျာသနဟုဆိုအပ်ကုန်သောငါးပါးသောဗျာသနတို့တွင်။ တပါးပါးသောဗျာသနနှင့်တွေ့ကြုံဆုံမိသောသတ္တဝါ၏။အထက်သို့တက်လျှံဝေကျသောဆီမှကြွင်းကျန်သောဆီသည်။ အိုး၏အပသို့ထွက်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍။ အိုး၏ အတွင်း၌သာလျှင်။မီးအငွေ့အဟုန်ဖြင့်ကုန်ခန်းသွေ့ခြောက်ပျောက်ပျက်ရဘိသကဲ့သို့။ ကိုယ်၏အတွင်း၌ပူပြင်းခြောက်သွေ့။ ပူငွေ့မပြီးအားကြီးသောပူပန်ခြင်းသည် ဥပါယာသမည်၏။ တရားကိုယ်အားဖြင့်ကား။ ဒေါသမူ ဧ္စ၌ ယှဉ်သော ဒေါသ စေတသိက် ပင်တည်း။ ။

---

## ၈၅။ ဥပါယာသဟူသောပုဒ်၏ဝစနတ္ထကိုပြခြင်း။

ဗလဝါအာယာသောဥပါယာသော။ ။ဗလဝ။အားကြီးပြင်းထန်မြဲမြံနိုင်ခံ့သော။အာယာသော။စိတ်ပင်ပန်းခြင်းတည်း။ ဥပါယာသော။ အားကြီးပြင်းထန်မြဲမြံ နိုင်ခံ့သော စိတ်ပင်ပန်းခြင်း။ ။ဤ၌ဥပသဒ္ဒါကို။ဗလဝါဟုအဋ္ဌကထာဖွင့်ခြင်းသည်။ ဘူသဒ္ဓတ္ထကိုသိစေတော်မူလိုသည်ဟုမှတ်။ ။

## ၇၆။ လက္ခဏာရသစသည်တို့ကိုပြခြင်း။

သောပနေသဗျာသတ္တိလက္ခဏော။နိတ္ထုနနရသော။ ဝိသာဒပစ္စုပဋ္ဌာနော။ဗျသနပဒဋ္ဌာနော။ ။သောပနေသ။ ထိုဥပါယာသသည်ကား။ ဗျာသတ္တိလက္ခဏော။ ဗျသနတရားငါးပါး၌ဘောက်ပြန်သော။ဝါ။ အဆင်တန်သောကပ်ငြိခြင်းလက္ခဏာရှိ၏။ နိတ္ထုနနရသော။ ညည်းတွားခြင်းကိစ္စရှိ၏။ ဝိသာဒပစ္စုပဋ္ဌာနော။ငြိုငြင်ပင်ပန်းခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။ပင်ပန်းသည်၏အဖြစ်ဖြင့် ယူအပ်သောအခြင်းအရာရှိ၏။ ။ပစ္စုပဋ္ဌာန်ဟူရာတို့၌။ဥပသဒ္ဒါ၏။ဂယှာကာရတ္ထကိုမှတ်အပ်၏။ ။သောစိတ္တပရိဒဟနလက္ခဏော။ နိတ္ထုနနရသော။ပ။ဉာတိဗျသနာဒိပဒဋ္ဌာနော၊ ။ဒိပနီ။ ။သော။ ထိုဥပါယာသသည်။စိတ္တပရိဒဟနလက္ခဏော။စိတ်ကိုထက်ဝန်းကျင်ပူဆာလောင်ကျွမ်းစေခြင်းလက္ခဏာရှိ၏။ ။အကြွင်းအလုံးစုံရှေ့နှင့်တူပြီ။ ။ဤဥပါယာသ၏ဗျာသတ္တိလက္ခဏောဟူသောပုဒ်အရကို။ အစွမ်းသတ္တိကုန်ခန်းခြင်းပင်ပန်းခြင်းလက္ခဏာရှိ၏ဟု ဆရာတို့အနက်ယောဇနာကြကုန်၏။ ။ဝိရူပေါအာသင်္ဂေါတတ္ထေဝအဝဗန္ဓနတာဗျာသတ္တိ။ ။ဋီကာ။ ။အဝဗန္ဓနတာတိ ဝေဌနအာသင်္ဂေါတိဧတံ ဥပါယာသကိစ္စံဒဿေတိ။ ဟူသောမရဋီကာတို့ကိုထောက်၍။ ထိုအနက်ကိုဆင်ခြင်။ ။သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတို့၏ပဒဋ္ဌာန်ကိုဆိုရာ၌။ ။ဇာတိပစ္စယာဇရာမရဏာသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ။ ဟူ၍ဟောတော်မူသောကြောင့်ရင်း။ ။အယံဇာတိဇရာမရဏဿေဝသောကာဒီနဉ္စပစ္စယောဟောတီတိဝေဒိတဗ္ဗော။ ဟူ၍ အဋ္ဌကထာချုပ်တို့ မိန့်တော် မူသော ကြောင့်ရင်း။ ။ဇာတိယာသတိဇရာမရဏဉ္စ သောကာဒယောစဓမ္မာဟောန္တိ။အစရှိသည်တို့ဖြင့်၊ ဒိပနီ၊ ဋီကာစသည်တို့၌မိန့်ဆိုသောကြောင့်ရင်း၊၊ ဇာတိပဒဋ္ဌာနံဟူ၍လည်း။ ရင်းတို့၏ပဒဋ္ဌာန်ကိုထုတ်ရာ၏ထုတ်သင့်၏။ ။

## ၈၇။ လက္ခဏာရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန်တို့ကိုဆုံးဖြတ်ခြင်း။

တေသံတေသံဓမ္မာနံသဘာဝေါဝါ သာမညံဝါ လက္ခဏံနာမ။ ကိစ္စံဝါသမ္ပတ္တိဝါရသောနာမ။ ဥပဋ္ဌာနာကာရောဝါဖလံဝါ ပစ္စုပဋ္ဌာနံနာမ။ အာသန္နကာရဏံပဒဋ္ဌာနံနာမ။ ။အဋ္ဌသာလိနီမည်သောဓမ္မသင်္ဂဏီအဋ္ဌကထာ။ ။တေသံတေသံဓမ္မာနံ။ ထိုထိုသို့သောပရမတ္ထတရားတို့၏။ ဝါ။ ထိုထိုသို့သောပရမတ္ထဓမ္မ၊ ပညတ္တိဓမ္မတို့၏။ သဘာဝေါဝါ။ တပါးနှင့်မဆက်ဆံသော။ ကက္ခဠ၊ ဖုသနစသော။ သဘောသတ္တိသည်ရင်း။ သာမညံဝါ။ ဆက်ဆံတူမျှသည်၏ အဖြစ်သည်ရင်း။ ဝါ။ တေဘုမ္မကတရားဖြစ်တုံငြားအံ့။ အနိစ္စစသောသဘောချင်းတူမျှ ဆက်ဆံသည်၏အဖြစ်။ ဝါ။ ရုပ်ဖြစ်တုံအံ့ရုပ္ပနသဘောချင်းတူမျှဆက်ဆံသည်၏အဖြစ်။ စိတ်ဖြစ်တုံအံ့။ ဝိဇာနနသဘောချင်းတူမျှဆက်ဆံသည်၏အဖြစ်။ စေတသိက်ဖြစ်တုံအံ့။ စေတောယုတ္တသဘောချင်းတူမျှဆက်ဆံသည်၏အဖြစ်သည်ရင်း။ လက္ခဏံနာမ။ မှတ်ကြောင်းလက္ခဏာမည်၏။ ကိစ္စံဝါ။ ဗျတ္တိဟုဆိုအပ်သောထင်ထင်ရှားရှားပြုစေပြီးစေအပ်သောကိစ္စသည်ရင်း။ သမ္ပတ္တိဝါ။ ပြည့်စုံခြင်းပြည့်စုံဘတ်သော ဂုဏ်ဟုဆိုအပ်သော သမ္ပတ္တိသည်ရင်း။ ရသောနာမ။ ရသမည်၏ ဥပဋ္ဌာနာကာရောဝါ။ ယူအပ်သည်၏အဖြစ်ဖြင့်။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်သော အခြင်းအရာသည်ရင်း။ ဖလံဝါ။ မိမိ၏အကြောင်းကိုစွဲ၍ထိုအကြောင်းနှင့်တူသည်၏အဖြစ်ဖြင့်ယောဂီပုဂ္ဂိုလ်၏ဉာဏ်အားထင်လာသောအကျိုးသည်ရင်း။ ပစ္စုပဋ္ဌာနံနာမ။ ပစ္စုပဋ္ဌာန်မည်၏။ အာသန္နကာရဏံ။ နီးစွာသောအကြောင်းသည်။ ပဒဋ္ဌာနံနာမ။ ပဒဋ္ဌာန်မည်၏။ ။သဘာဝေါကက္ခဠ ဖုသနာဒိကော အသာ ဓာရဏော။ သာမညံသာဓာရဏော အနိစ္စာဒိဘာဝေါ။ ဟူသောမူလဋီကာကိုထောက်၍။ သဘာဝေါဝါသာမညံဝါ။ ဟူသောပုဒ်တို့ကိုအနက်ယောဇနာလိုက်သည်။ ။ရသိယတိ နိပ္ဖာဒိ ယတီတိရ

သော။ ကိစ္စံ။ဟူသောမဏိသာရ မဉ္ဇူသာပါဠိကိုထောက်၍။ ကိစ္စ'ဝါ။ဟူသောပုဒ်ကိုအနက်ယောဇနာလိုက်သည်။ ။ရသ သဒ္ဒါ၏ကိစ္စသမ္ပတ္တိအနက်ရှိသည်၏အဖြစ်ကြောင့်။ ရသသဒ္ဒါ၌ မဏိသာရမဉ္ဇူသာဆရာပြုအပ်သောရသိယတိနိပ္ဖာဒိယတိရ သော၊ဟူသောဝစနတ္ထသည်ပင်လျှင်ကိစ္စတ္ထဖြစ်၏။ ။ကိစ္စံ။ ဟူသော အဘိဓေယျကို ထောက်။ ။ကိစ္စေ သမ္ပတ္တိယံရ သော။ ။အဘိဓာန်။ ¦။ကရိယတိနိပ္ဖာဒိယတီတိကိစ္စံ။ဟူ၍ သော်လည်းကိစ္စသဒ္ဒါကိုအသီးအခြားဝစနတ္ထပြုအပ်၏။ ။ သမ္ပတ္တိဟူသော ပုဒ်ကိုလည်း။ ရသတိ သမ္ပဇ္ဇတီတိ ရသော။ သမ္ပတ္တိ။ဟူသောရင်းမဏိသာရမဉ္ဇူသာဝစနတ်ပါဠိအတိုင်း။ ပြည့်စုံခြင်းအနက်ကို ယောဇနာလိုက်သည်။ ။ရသသဒ္ဒါ၌ မဏိသာရမဉ္ဇူသာ ဆရာပြုအပ်သော ရသတိသမ္ပဇ္ဇတီတိရ သော။ဟူသောနောက်ဝိကပ်ဝစနတ္ထသည်ပင်လျှင် သမ္ပတျတ္ထ ဖြစ်၏။ ။အဘိဓေယျကိုထောက်။ ။သမ္ပဇ္ဇတီတိသမ္ပတ္တိ။ ဟူ၍သော်လည်းသမ္ပတ္တိသဒ္ဒါကို အသီးအခြား ဝစနတ္ထ ပြုအပ် ၏။ ။တနည်း။ ဘာဝသာဓနချည်းသော်လည်းပြု။ ။ပြည့်စုံ တတ်ပြည့်စုံခြင်းဟူသည်လည်း။ အကြောင်းတို့၏ ရညီ ပေါင်း ဆုံခြင်းသည်ပင်လျှင်ပြည့်စုံခြင်းမည်၏။ အကြောင်းတို့၏ရညီ ပေါင်းဆုံ၍ဖြစ်ပုံဖြစ်နည်းဖြစ်သော အခြင်းအရာကို ပြသည်မ ဟုတ်။ဖြစ်ပုံဟူသောစကားသည်ပစ္စုပဋ္ဌာန်၌ဝင်၏။ သမ္ပတ္တိအ နက်မဟုတ်။အမှတ်မဲ့ပြည့်စုံကာမျှလည်းမဟုတ်။ ။အကြောင်း တို့၏ရညီပေါင်းဆုံပြည့်စုံခြင်းဂုဏ်ဟူလို။ ။အစ္စုတိရသ၌ အစ္စုတိသမ္ပတ္တိကရံ။ ။မူလဋီကာသစ္စဝိဘင်းအဖွင့်။ ။

သမ္ပတ္တိသဒ္ဒါစသည်တို့၏ဂုဏ်စသော အနက်တို့ကို ယော ဇနာရာ၌ဤဆိုလတ္တံ့သော စကားအစဉ်ဖြင့် မှတ်သားအပ်ကုန် ၏။ ။သာဝဇ္ဇပဋိပက္ခတ္တာဝါ။ အနဝဇ္ဇလက္ခဏာမေဝကုသလံ။ ဝေါဒါနဘာဝရသံ။ဣဋ္ဌဝိပါကပစ္စုပဋ္ဌာနံ။ယောနိသောမနသိကာရပဒဋ္ဌာနံ ဝါ။ ။အဋ္ဌသာလိနီ။ ။ဝါ။တနည်းကား။ သာဝဇ္ဇပဋိပက္ခတ္တာ။ သာ

ဝဇ္ဇဖြစ်သော အကုသိုလ် တရားနှင့် ဆန့် ကျင်ဘက်၏•အဖြစ်
ကြောင့်။ကုသလံ။ကုသိုလ်သည်။ အနဝဇ္ဇလက္ခဏာမေဝ။အပြစ်
မရှိခြင်းသည်သာလျှင်လက္ခဏာရှိ၏။ ဝေသဒ္ဒါဖြင့်သုခ ဝိပါက
·ကို။ ပစ္စုပဋ္ဌာန်နှင့်ဆိုလတံ့ဖြစ်၍ကန့်လိုက်။ ။ဝေါဒါန ဘာဝရ
သံ။ဖြူဖွေးစင်ကြယ်သည်၏အဖြစ်တည်းဟူသောဂုဏ်သါလျှင်
သမ္ပတ္တိရသရှိ၏။ဣဋ္ဌဝိပါကပစ္စုပဋ္ဌာန်။ မိမိတို့၏အကြောင်းကို
စွဲ၍။ထိုအကြောင်းနှင့်တူသည်၏ အဖြစ်ဖြင့် အလိုရှိအပ်သောအ
ကျိုးကိုပေးခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ။လိုအပ်သော
အကျိုးရှိ၏ဟု။ယူအပ်သည်၏ အဖြစ်ဖြင့် ဉာဏ်အားရှေ့ရှုထင်
သောအခြင်းအရာရှိ၏။ဝုတ္တပဒဋ္ဌာနမေဝ။ဆိုအပ်ခဲ့ပြီးသောယော
နိသောမနသိကာရလျှင်နီးစွာသောအကြောင်းရှိ၏။ ။သမ္ပတ္တိ
အတ္ထေနရသေနဝေါဒါနဘာဝရသံ။ ဖလဋ္ဌေနပစ္စုပဋ္ဌာနေန ဣဋ္ဌ
ဝိပါကပစ္စုပဋ္ဌာနံ။ ဟူ၍၎င်း။ ဖလံပနအတ္တနောကာရဏံ ပဋိစ္စ
တပ္ပဋိဘာဂဘာဝေန။ဟူ၍၎င်း။ မူလဋီကာဖွင့်သည်ကိုထောက်၍
ယောဇနာအပ်သော အနက်။ ။သမ္ပတ္တိအတ္ထေနရသေနဝေါ
ဒါနဘာဝရသံ။ဟူသောဋီကာပါဌ်ဖြင့်။သမ္ပတ္တိသဒ္ဒါသည်။ အ
ကြောင်းတို့၏စုညီပေါင်းဆုံဖြစ်ပုံကိုပြသည်မဟုတ်။ ဤအရာ၌
စင်ကြယ်ခြင်းတည်းဟူသောဂုဏ်ကိုသာပြတော်မူသည်ဟူ၍
မှတ်။ ။ဂုဏတ္ထကို မှတ်အပ်ကြောင်းကား။ ။ဒုဿီလျဝိဓံ
သနတာ။အနဝဇ္ဇဂုဏောတထာ။ ကိစ္စသမ္ပတ္တိအတ္ထေန။ ရသော
နာမပဝုစ္စတိ။ဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌မိန့်တော်မူအပ်၏။ ။
ဧဝံလက္ခဏဿ။ဤသို့ပြဆိုခဲ့ပြီးသောလက္ခဏာရှိသော။အဿ။
ထိုသီလ၏။ကိစ္စသမ္ပတ္တိအတ္ထေန။ ကိစ္စအနက်သမ္ပတ္တိအနက်အား
ဖြင့်။ဒုဿီလျဝိဓံသနတာ။ဒုဿီလ၏အဖြစ်ကို ဖျက်ဆီးသည်၏
အဖြစ်ကို။ရသောနာမ။ကိစ္စရသမည်၏ဟူ၍။ ပဝုစ္စတိ။ ဆိုအပ်
၏။တထာ။ ကိစ္စတ္ထမှတပါး။ အနဝဇ္ဇဂုဏော။ အပြစ်မရှိသော
ဂုဏ်ကို။ရသောနာမ။သမ္ပတ္တိရသမည်၏ဟူ၍။ပဝုစ္စတိ။၏။ ။
ဤကားဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဌ်၏အနက်။ ။ဂုဏရက္ခံသော

ဝိဘာဝေ။သမ္ပတ္တိစေဝသမ္ပဒါ။ ။အာဘိဓါန်။ ။ရသန္တိဂုဏော
သမ္ပတ္တိကိစ္စံဝါ။ ။သီလက္ခန္ဓဋီကာသစ်။ ။ဤသို့အဋ္ဌကထာ
ဋီကာစသောသာသနာဝင်ကျမ်းကြီးကျမ်းခိုင်တို့၌ဆိုသည်ကို
ထောက်ရှု၍။သမ္ပတ္တိသဒ္ဒါ၏။ဂုဏ်ဟူသောအနက်ကို။ အမြဲအစွဲ
အခိုင်အခန့်မှတ်။

ဥပဋ္ဌာနာကာရောဝါ ဟူသောပုဒ်ကိုလည်း။ ။ဥပဋ္ဌာနာ
ကာရောတိဂဟေတဗ္ဗာကာရေန ဉာဏဿ ဥပဋ္ဌာနာကာရော။
ဟူသောမူလဋီကာ။ ။ယောဂိနောဉာဏဿ ဥပဋ္ဌာနမေဝ
အာကာရောတထာ။ဟူသောမဏိသာရမဉ္ဇူသာဋီကာ စသည်
တို့ကိုထောက်၍ယောဇနာလိုက်သည်။ ။ဖလံဝါဟူသောပုဒ်
ကိုလည်း။ ။ဖလံပနအတ္တနောကာရဏံပဋိစ္စ တပ္ပဋိဗိမ္ဗဘာ
ဝေန။ဟူသောမူလဋီကာကိုထောက်၍ယောဇနာလိုက်သည်။ ။
ပစ္စုပဋ္ဌာနံ ဟူသောပုဒ်၌ ပစ္စုပဋ္ဌာန်သည်။ ဥပဋ္ဌာနာ ကာရ
ပစ္စုပဋ္ဌာန်။ ဖလပစ္စု ပဋ္ဌာန် အားဖြင့်နှစ်ပါး တို့တွင်။ ဥပဋ္ဌာနာ
ကာရ ပစ္စု ပဋ္ဌာန်၌လည်း။ ပဋိသဒ္ဒါ အနက်မရှိ။ ဥပသဒ္ဒါကို
ကား။ ခါတွတ္ထ ဝိသေသက။ ပရတ္ထ ဇောတက ကြံတော်မူ
၍။ ။ပစ္စုပဋ္ဌိယတေခါယတေ။ပစ္စုပဋ္ဌာယတိခါယတီတိဝါ
ပစ္စုပဋ္ဌာနံ။ ဥပဋ္ဌာနာကာရော။ ဟူ၍ဘာဝ။ ကတ္တာနှစ်ခုတို့ကို။
ဖလ ပစ္စုပဋ္ဌာန်၌ကား။ ပစ္စုပဋ္ဌာပိယတိ အတ္တနော ပစ္စယေဟိ
သမုဋ္ဌာပိယတီတိပစ္စုပဋ္ဌာနံ။ဖလံ။ဟူ၍ဟေတုကမ္မသာဓနကို။
မဏိသာရမဉ္ဇူသာဆရာမိန့်တော်မူ၏။ ။မူလဋီကာ၌ကား။ ။
ပဋိမုခံဝါဥပဋ္ဌာတီတိပစ္စုပဋ္ဌာနံ။ဟူ၍ပဋိသဒ္ဒါကိုပဋိမုခအနက်
ရှိကြံ၍။ကတ္တုသာဓနပြုတော်မူသည်။ ။ဖလူပဋ္ဌာနာကာရတို့
ကိုကတ္တားထည့်လေ။ ။သဒ္ဒနီတိ၌ကား။ ။ဥပသဒ္ဒါသည်။
ယူအပ်သောအခြင်းအရာဟူသောအနက်၌ဖြစ်၏။ ထို့ကြောင့်။
ဂယှာကာရေသောစေယျပစ္စုပဋ္ဌာနံဟူ၍မိန့်အပ်၏။ ။သော
စေယျဘာဝေနပစ္စုပဋ္ဌာတိဂဟဏဘာဝံဂစ္ဆတိ။ ။ဝိသုဒ္ဓိမဂ်
အဋ္ဌကထာ။ ။ဂဟဏဘာဝန္တိဂဟေတဗ္ဗာကာရံ။တေနဥပဋ္ဌာ

နာကာရဧ္တွေပစ္စုပန္နာနံဝုတ္တံ။ ။မဟာဋီကာ။ ။ဝင်းအဲ့ဒန္တက ထာဋီကာပါဌ်တို့သည်လည်း။ ဂယှာကာရဏ္ဍကို ပြီးစေတတ်သော။သက်သေသာခကာ။ ဥာပကဥဒါဟာရဏ်။ ယံဘွယ်ဒဋ္ဌိ ပင်ဖြစ်ကြကုန်၏။ ။စိတ္တသပုဂ္ဂလသာဝါ ရူပါဒီသုအတိတ္တ ဘာဝေါဟုတွာ ဂယှတိတိ အတိတ္တဘာဝပစ္စုပန္နာနာ။ ဟူ၍။ဝိဘင်းမူလဋီကာဖွင့်ခြင်းသည်လည်း ဂယှာကာရဏ္ဍပင် ဖြစ်၏။ မဟာဋီကာလည်း၌နည်းအတိုင်းပင် ဖွင့်ပြတော်မူသည်။ ။ ထိုကြောင့်။ပစ္စုပန္နာန။ဟူဟူသမျှသောပုဒ်တို့၌။ ပဒိုမှခ။ဂယှာကာရ အနက်တို့ကို မပျက်စေရအောင် ယောဇနာအပ်သည်တည်း။ ။ယောဂိနောဥာဏာသဥပန္နာနန္တိ ပိဝတ္တဗ္ဗံ။ဟူသောဋီကာစကားကိုထောက်၍။အောက်အောက်၌ ပစ္စုပန္နာနပုဒ်တို့ကိုယောဇနာအပ်ခဲ့ကုန်ပြီ။ ။

ပဂတ္တနိမိတ်ဟုဆိုအပ်သောသတ္တိသသောသည်ဝင်း။အနိစ္စအစရှိသည်ဖြင့် တူသည်၏အဖြစ်သည်ဝင်း။ လက္ခဏာမည်၏။ ဗျတ္တိဟုဆိုအပ်သော။ ဗျုပ္ပတ္တိနိမိတ်ကိစ္စသည်ဝင်း။ ဂုဏ်ဟုဆိုအပ်သောပြည့်စုံခြင်းသမ္ပတ္တိသည်ဝင်း။ရသမည်၏။ဂုဏ်ဟုဆိုအပ်သော ဥပဋ္ဌာနာကာရသည် ဝင်း။ အကျိုးဟု ဆိုအပ်သော ဖလသည် ဝင်း။ ပစ္စုပဋ္ဌာန် မည်၏။ နီးစွာ သော အကြောင်းသည် ပဒဋ္ဌာန် မည်၏။ ။ဆရာမြတ်တို့ကား။ အကြောင်းနီးကိုယူသဖြင့် အကြောင်းဝေးကိုလည်း ယူရမည်ယူသင့်သည်ဟုဆိုကြကုန်၏။ ။ကာလသုံးပါး၌ဖြစ်ကုန်သော တရားတို့၏ သတ္တိသည်။လက္ခဏာမည်၏။ ပစ္စုပ္ပန်ကာလ၌ဖြစ်သောတရားတို့၏ထင်ရှားသောဗျုပ္ပတ္တိကို စွဲ၍ရသကိုဆိုအပ်၏။ ထိုထိုသို့သောတရားတို့၏။ ထင်သောအခြင်းအရာဟုဆိုအပ်သောဂုဏ်သည်ဥပဋ္ဌာနာကာရမည်၏။သမ္ပတ္တိသဒ္ဒါ။ဥပဋ္ဌာနာကာရသဒ္ဒါ။ ဂုဏသဒ္ဒါတို့သည်။အနက်တူသဒ္ဒါပြားဖြစ်ကြကုန်၏။ဟူ၍လည်း မိန့်ဆိုကြကုန်၏။ ။ရှေ့ဆရာဝါဒ။ ။၌ကား။ လက္ခဏာရသစသည်တို့၏အဆုံးအဖြတ်တည်း။ ။

## ၈၈။ သောက။ ပရိဒေဝ။ ဥပါယာသသုံးပါးတို့၏ အထူးကိုခွဲ၍ပြခြင်း။

မန္ဒဂ္ဂိနာ အန္တောဘာဇနေယေဝ တေလာဒိနံပါကောဝိယသော ကော။ စသောပါဠိနှင့်အညီ။ နုံ့သောမီးဖြင့်အိုး၏အတွင်း၌ ချက်အပ်သောဆီစသည်တို့၏ တဖြည်းဖြည်း ပူ၍ကျက်ခြင်းကဲ့သို့။ ကိုယ်၏အတွင်း၌ပိုး၍မဲကြောင့်ကြခြင်းသည် သောကမည်၏။ တရားကိုယ်အားဖြင့်။ ဒေါမနဿဝေဒနာဖြစ်သောကြောင့်။ ၎င်းသောကကိုဝေဒနာက္ခန္ဓာဟူ၍မှတ်။ ။ထက်သောမီးဖြင့်အားကြီးချက်အပ်သော ဆီစသည်တို့၏ဝေလျှံ ဆူတက်၍ အပသို့ထွက်ကျခြင်းကဲ့သို့။ ကိုယ်တွင်း၌ဖြစ်သော ပူလောင်ခြင်းပြင်းပြသဖြင့်။ ကိုယ်တွင်း၌မဆန့်။ ပျံ့နှံ့လွှမ်းမိုး၍။ ကောင်းဆိုး တသလျှက်။ သက်ဖြင့်သော်လည်းရင်ကိုတီး၍ငိုကြွေးခြင်းသည်။ ပရိဒေဝ မည်၏။ တရားကိုယ် အားဖြင့်။ စိတ္တဇသဒ္ဒရုပ် ဖြစ်သောကြောင့်။ ၎င်းပရိဒေဝကိုရူပက္ခန္ဓာဟူ၍မှတ်။ ။အပြင်ဘက်သို့ဆူတက်ဝေလျှံ၍ကျသောဆီစသည်တို့မှ။ မကျန်ကြွင်းကျန်သောဆီစသည်တို့၏။ အိုးအတွင်း၌သာလျှင်ခန်းခြောက် ပျောက်ပျက်ခြင်းကဲ့သို့။ ငိုကြွေးသောအဟုန်မှမကျန် ကျန်ကြွင်းသော။ တဟင်းဟင်းညည်းတွားလျှက်။ စိတ်စက်မရွှင်လန်း။ ပင်ပန်းညှိုးငယ်ခြင်းသည်။ ဥပါယာသမည်၏။ တရားကိုယ်အားဖြင့်။ ဒေါသစေတသိက်ဖြစ်သောကြောင့်။ ၎င်းဥပါယာသကိုသင်္ခါရက္ခန္ဓာဟူ၍မှတ်။ ။ဤသို့ဥပမာခန္ဓာအထူးတို့ဖြင့်။ ၎င်းသုံးပါးတို့၏အထူးကိုမှတ်။ ။

---

## ၈၉။ ဘဝစက်လည်ပုံကိုထင်ရှားပြခြင်း။

သောကာဒယော စေတ္ထ ဘဝစက္ကဿ အဝိစ္ဆေဒ ဒဿနတ္ထံ ဝုတ္တာ။ ဇရာမရဏာဘိဘူတဿ ဟိ ဗာလဿ တေသမ္ဘဝန္တိ။ ဟူသောအဋ္ဌကထာပါဠိနှင့်အညီ။ သောကစသည်တို့ကို နောက်

ဆုံးထား၍ဟောကြားတော်မူခြင်းသည်။ ဘဝစက်အစဉ်မပြတ်လည်သည်ကိုပြခြင်းအကျိုးရှိ၏။ ထိုအကျိုးဌာဟောကြားတော်မူအပ် ကုန် ၏။ ထို စကား သည် ဟုတ် မှန် ၏။ ဇရာ မရဏ ဖြင့်နှိပ်စက်ခြင်း ရှိသော သူမိုက်အား။ ထိုသောက စသောတရားတို့သည်ဖြစ်ပေါ်လာကုန်၏။ ထိုသောကစသည်တို့ဖြစ်ပွါးပေါ်လာလျှင်။ အဝိဇ္ဇာသည်လည်း။ အဝိနာဘာဝနည်းအားဖြင့်ထင်ရှားပြီးမြေခံဖြစ်ရောက်ပေါ်လာတော့သည်သာတည်း။ ။ထို့ကြောင့်။ ။အသုတဝါ ဘိက္ခဝေ ပုထုဇ္ဇနော ကာယိကာယ ဒုက္ခာယဝေဒနာယဖုဋ္ဌောသမာနောသောစတိကိလမတိပရိဒေဝတိဥရတ္တာလိကန္ဒတိသမ္မောဟမာပဇ္ဇတိ။ ဟူ၍ဟောတော်မူသည်။ ။ဘိက္ခဝေ။ တို့။ အသုတဝါ။ အကြားအမြင်မရှိသော။ ပုထုဇ္ဇနော။ ပညာမျက်စိ။ မြင်သိမသန်။ ပုထုဇ္ဇန်သည်။ ကာယိကါယ။ ကိုယ်၌ဖြစ်သော။ ဒုက္ခာယဝေဒနာယ။ ဒုက္ခဝေဒနာနှင့်။ ဖုဋ္ဌော။ တွေ့ကြုံဆုံစည်းမိသည်။ ဝါ။ ဒုက္ခာယဝေဒနာယ။ ဒုက္ခဝေဒနာသည်။ ဖုဋ္ဌော။ နှိပ်စက်အပ်သည်။ သမာနော။ ဖြစ်သည်ရှိသော်။ သောစတိ။ စိုးရိမ်၏။ ကိလမတိ။ ပင်ပန်း၏။ ပရိဒေဝတိ။ ငိုကြွေး၏။ ဥရတ္တာလိ။ ရင်ခတ်လက်တီး။ ကန္ဒတိ။ မြည်တမ်း၏။ သမ္မောဟံ။ ပြင်းစွာတွေဝေခြင်းသို့။ အာပဇ္ဇတိ။ ရောက်၏။ ။ဖုဋ္ဌောကိုအဘိဘူတောဟုအဋ္ဌကထာရှင်တို့ဖွင့်တော်မူကြကုန်၏။ ။ဤသို့သောကစသည်တို့ဖြစ်သမျှကာလပတ်လုံး။ အဝိဇ္ဇာသည်ဖြစ်လာတော့သည်သာ။ ထိုသို့အဝိဇ္ဇာဖြစ်ပေါ်လာလျှင်။ အဝိဇ္ဇာ၏အကျိုးဖြစ်သောသင်္ခါရတရားတို့သည် ထင်ရှားဖြစ်ကြရပြန်သောကြောင့်။ အကြောင်းအကျိုးတို့၏ဆက်ခါဆက်ခါ။ ချာချာပတ်ပတ်။ ရဟတ်တရထည်။ မရပ်တည်ဘဲ။ ဘဝစက်စပ်လည်နိုင်သည်ကိုပြခြင်းအကျိုးဌါ။ သော ကစသည်တို့ကို။ နောက်ဆုံးထား၍ဟောကြားတော်မူအပ်ကုန်၏။ ။ထို့ကြောင့်။ ။ယသ္မာပနေတ္တ သောကာဒယော အဝသာနေဝုတ္တာ။ တသ္မာယာ သာအဝိဇ္ဇာပစ္စယာသင်္ခါရာတိဧဝမေတဿ ဘဝစက္ကဿအာ

ဒိမှိဝုတ္တာ။သာသောကာဒိဟိအဝိဇ္ဇာသိဒ္ဓါဘဝစက္ကမဝိဒိတာဒိမိ
ဒံကာရကဝေဒကရဟိတံဒွါဒသဝိဓသုညတာသုညံသတတံသ
မိတံပဝတ္တတီတိဝေဒိတဗ္ဗံ။ဟူ၍ဝိသုဒ္ဓိမဂ်။သမ္မောဟဝိနောဒနီ
အဋ္ဌကထာစသည်တို့၌ မိန့်တော်မူအပ်၏။ ။ပန။သောကာစ
သည်တို့၏။အဝိဇ္ဇာ၏အကြောင်းဖြစ်ဟန်ကိုဆိုလိုက်ဦးအံ့။ ဧတ္ထ။
ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်၌။သောကာဒယော။ သော
ကစသည်တို့ကို။အဝသာနေ။ ဒေသနာတော်၏အဆုံး၌။ယသ္မာ။
အကြင့်ကြောင့်။ဝုတ္တာ။ ဟောကြားတော်မူအပ်ကုန်၏။ တသ္မာ။
ထို့ကြောင့်။ အဝိဇ္ဇာပစ္စယာသင်္ခါရာတိ။ အဝိဇ္ဇာပစ္စယာသင်္ခါ
ရာဟူ၍။ဧဝံ။ဤသို့။ ဧတဿဘဝစက္ကဿ။ ထိုဘဝစက်၏။အာ
ဒိမှိ။အဦးအစ၌။ယာသာအဝိဇ္ဇာ။အကြင်အဝိဇ္ဇာကို။ဝုတ္တာ။ဟော
တော်မူအပ်၏။ သာအဝိဇ္ဇာ။ ထိုအဝိဇ္ဇာသည်။ သောကာဒိဟိ။
သောကစသည်တို့ဖြင့်။ဝါ။သောကစသည်တို့ကြောင့်။ သိဒ္ဓါ။
ထင်ရှားဖြစ်မြဲ။ပြီးရောက်၏။ဣဒံဘဝစက္ကံ။ဤဘဝစက်သည်။
အဝိဒိတာဒိ။မသိအပ်သောအစရှိ၏။ဝါ။အစကိုမသိအပ်။ ကာရ
ကဝေဒကရဟိတံ။ ပြုပြင်စီမံဖန်ဆင်းတတ်သူခံစားတတ်သူမှ
ကင်း၏။ ဒွါဒသဝိဓသုညတာသုညံ။ တဆဲ့နှစ်ပါးအပြားရှိသော
ဆိတ်ခြင်းဖြင့်ဆိတ်၏။သတတံ။အခါခပ်သိမ်း။ဝါ။အရဟတ္တမဂ်
ကိုရသည့်တိုင်အောင်။ သမိတံ။ ကြောင်းကျိုးဆက်စပ်။စည်မ
ပြတ်ဘဲ။ပဝတ္တတိ။လည်၍ဖြစ်၏။ဣတိ။သို့။ဝေဒိတဗ္ဗံ။အပ်၏။ ။
ဤကား ၎င်းအဋ္ဌကထာတို့၏ပါဌ်၏အနက်။ ။အဓိပ္ပါယ်ကား။
သောက။လ။ဥပါယာသတို့ကိုအဆုံးထား၍ဟောတော်မူသည်။
အဝိဇ္ဇာကို၊ဘဝစက်အစ၌ဟောတော်မူသည်။သို့ဟောတော်မူ
ခြင်းကြောင့်။ သောက။လ။ ဥပါယာသတို့သည်။ အဝိဇ္ဇာနှင့်မ
ကွေမကွာ၊တပါးတည်းပင်ဖြစ်ကြကုန်၏။ပရိဒေဝသည်လည်း။
မောဟအဝိဇ္ဇာပိတ်ကာဖုံးလွှမ်းသူ။လူမိုက်၌သာဖြစ်၏။ယင်းသို့
ဖြစ်၍။ သောကစသည်တို့ပြီးမြောက်ထင်ရှား ဖြစ်ပွါးပေါ်လာ
လျှင်။ အဝိဇ္ဇာလည်းပြီးမြောက် ထင်ရှားဖြစ်ပွါး ပေါ်လာတော့

သည်သာ။ ယင်းအဝိဇ္ဇာ ဖြစ်ကလည်း။ သင်္ခါရစသည်တို့ဖြစ်
ကြကုန်တော့သည်သာ။ဤသို့အဝိဒိတာဒိဘာဝစက်သည်။ပြုဖြင်
ဗိမံဖန်ဆင်းတတ်သူခံစားတတ်သူမရှိလွတ်ကင်း။ တဆဲ့နှစ်ပါး
သောဆိတ်ခြင်းဖြင့်ဆိတ်၍။ မပြတ်မစဲ၊ အမြဲလည်တော့သည်
သာဟုလိုသည်။ ။ဤစကားအစည်ဖြင့်လည်း။ သောကစ
သည်တို့သည် အင်္ဂါအသီး အခြား မဟုတ်၊ ဇရာမရဏာ၌ သာ
ဝင်ဝေလကုန်သည်ဟူ၍မှတ်။ ။အဝိဒိတာဒိကိုလည်းမှတ်အပ်
သေး၏။ ။

၉၀။ တနည်းအာသဝသမုဒယာ အဝိဇ္ဇာသမုဒယော ဟူ
၍ဟောတော်မူသောကြောင့်။အာသဝေါတရားလေးပါးတို့ဖြစ်
ပွါးပေါ်လာလျှင်။သောကစသည်တို့လည်းထင်ရှားဖြစ်ပေါ်လာ
ကုန်၏။ သောကစသည်တို့ဖြစ်ပွါးပေါ်လာကြလျှင်လည်း။အဝိ
နာဘာဝ၊အဝိယောဂအားဖြင့်။ အဝိဇ္ဇာဖြစ်ပွါးပေါ်လာ၏။ ။
ဖြစ်ပွါးပုံကား။ ။ဝတ္ထုကာမနှင့် ကွေကွင်း ကင်းကွာသော
သတ္တဝါအား။ အဇ္ဈတ္တသန္တာန်၌ကာမာသဝဟူသောအကြောင်း
ကြောင့်။သောကသည်ထင်ရှားပေါ်လာ၏။ ။ထိုကြောင့်။ ။
တဿစေကာမယာနဿ။ဆန္ဒဇာတဿဇန္တုနော။တေကာမါ
ပရိဟာယန္တိ။သလ္လဝိဒ္ဓေါဝရုပ္ပတိ။ဟူ၍ဟောတော်မူသည်။ ။
ကာမယာနဿ။ ဝတ္ထုအာရုံ။ ကာမဂုဏ်ကို။ ရုံရုံမက်မက်။ ငဲ့
ကွက်လိုခြင်း။ခင်မင်တောင့်တ။နှစ်သက်ထသော။ဝါ။ ငါးကာမ
ဂုဏ်။ အာရုံမငြီး။ ယာန်သာစီး ထသော။ဝါ။ ဝတ္ထု ကာမကို
တောင့်တမက်မော။ လောဘတဏှာ။ ကာမာသဝရှိထသော။
ဆန္ဒဇာတဿ။ဖြစ်သောတဏှာ။အာသာရာဂ။ ဆန္ဒရှိထသော။
တဿဇန္တုနော။ထိုသတ္တဝါအား။ တေကာမာ။ ထိုဝတ္ထုအာရုံ
ကာမဂုဏ်တို့သည်။စေပရိဟာယန္တိ။ အကယ်၍ကား။ ဆုံးပါး
နစ်မြုပ်။ဆုတ်ယုတ်ပျက်စီး။ပြုန်းတီးကွေကွင်း။လွတ်ရှင်းလျော့
ပြယ်ကုန်ငြားအံ့။သလ္လဝိဒ္ဓေါ။ မြှားဖြင့်စူးဝင်၊ တောသမင်ကဲ့
သို့။ရုပ္ပတိ။ သောကပူဆွေး။ဆွေးဆွေးလှိုက်ချန်၊တုန်လှုပ်ဘောက်

ပြန်၏။ ။ဝတ္ထုကာမာနံ ဝိပရိဏာ မညထာ ဘာဝါ ဥပ္ပဇ္ဇန္တိ
သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ။ ဟူ၍မဟာနိဒ္ဒေသ
၌သောကစသောအလုံးစုံတို့ကိုတရားစစ်သူကြီးဖွင့်ဆိုတော်မူ
သည်။ ။တနည်းလည်း။ ။သလ္လဝိဒ္ဓေါ၀။ကာမဂုဏ်တည်း
ဟူသောမြှားသည်။ စူးဝင် ဘောက်ထွင်းနှိပ်စက်ညှဉ်းပန်းအပ်
သည်ဖြစ်၍သာလျှင်။ ဝါ။ နှိပ်စက်ညှဉ်းပန်း အပ်သည်သာဖြစ်
သော။ ။တနည်းလည်း။ ။သလ္လဝိဒ္ဓေါ၀။သောကတည်းဟူ
သောမြှားသည်စူးဝင်ဘေါက်ထွင်း။နှိပ်စက်ညှဉ်းပန်းအပ်သည်
ဖြစ်၍ သာလျှင်။ ဝါ။ နှိပ်စက်ညှဉ်းပန်း အပ်သည် သာလျှင်ဖြစ်
သော။သော။ထိုကာမယုတ်ပြား။သူကောင်းသားသည်။ ရုပ္ပတိ
နှလုံးမသာကျင်နာဘောက်ပြန်၏။ ။ဤအနက်ကို။ သောကာမ
သလ္လေနစသောကသလ္လေနစဝိဒ္ဓေါ။ ရုပ္ပတိကုပ္ပတိဃဋ္ဋိယတိပီဠိ
ယတိဗျာဓိတော ဒေါမနဿိကော ဟောတီတိ သလ္လဝိဒ္ဓေါ၀ရုပ္ပ
တိ။ဟူ၍မဟာနိဒ္ဒေသပါဠိတော်၌ တရားစစ်သူကြီးဖွင့်ပြ၍ဟော
တော်မိန့်တော်မူသည်။ ။ကာမတော ဇာယတေ သောကော။
ဟူ၍လည်း ဓမ္မပဒ ပါဠိ တော်၌ လည်း ဟော တော် မူသေး
၏။ ။ဤဂါထာတို့ဖြင့်။ဗဟိဒ္ဓသန္တာန်၌။ ဝတ္ထုကာမကိုအာရုံပြု
၍အဇ္ဈတ္တသန္တာန်၌ဖြစ်သော၊လောဘအာသာ။ တဏှာဆန္ဒ။ကာ
မာသဝကြောင့်။ သောကဖြင့် စိုးရိမ်ဘောက်ပြန်ပူပန်တုန်လှုပ်
ခြင်းကိုမှတ်အပ်၏။ ။

အယူ ဘောက်ပြန်၊ အဟံမမ။ သက္ကာယ စသော ဒိဋ္ဌာသဝ
ကြောင့်သောကစသည်တို့ဖြစ်ကြဟန်ကား။ ။တဿအဟံ
ရူပံမမရူပန္တိ ပရိယုဋ္ဌဋ္ဌာယိနော ရူပဝိပရိဏာ မညထာဘာဝါ
ဥပ္ပဇ္ဇန္တိသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ။ ဟူ၍ခန္ဓ
ဝဂ္ဂသံယုတ်ပါဠိတော်၌ဟောတော်မူသည်။ ။ရူပံ။ရူပက္ခန္ဓာ
သည်။အဟံ။ အတ္တာခေါ်တွင်ငါပင်ဟုတ်တော့သည်။ မမ။အတ္တ
မည်သာငါ၏။ရူပံ။ရူပက္ခန္ဓာတကား။ဣတိ။ ဤသို့။ဝါ။သည်လို။
ပရိယုဋ္ဌဋ္ဌာယိနော။ ချွတ်လွဲယွင်းကွက်ပျက်သောအယူဖြင့်၊တ

လူလူတခြောင်းခြောင်းလျှင် ထိုးကျင်သဖြင့်တည်သော။ ။ ဋီကာဆရာတို့အနက်။ ။မဟာဋီကာ၌ ပါဌ်နှစ်ကဲ့ပြ၏။ ပရိယုဋ္ဌာနတာယတိဋ္ဌနသီလော ပရိယုဋ္ဌာနဋ္ဌာယီ။ ပရိယုဋ္ဌဋ္ဌာယီနောတိဝါပါဌော။ တတ္ထပရိယုဋ္ဌာတီတိပရိယုဋ္ဌဒိဋ္ဌပရိယုဋ္ဌာနံ။ တေနတိဋ္ဌတီတိပရိယုဋ္ဌဋ္ဌာယီတိအတ္ထောဒဋ္ဌဗ္ဗော။ ။မဟာဋီကာ။ ။သံယုတ်ဋီကာ၌ကားပါဌ်နှစ်ထွေမပြခဲ့လေ။ ။ပရိယုဋ္ဌာနဋ္ဌာယီနောရှိလျှင် မဟာဋီကာဖွင့်သည့် အတိုင်းပေး။အနက်မခဲလှပြီ။ ။တနည်းလည်း။ ။ပရိယုဋ္ဌဋ္ဌာယီနော။နှိပ်စက်ဘိစီးသောအခြင်းအရာအားဖြင့်တည်သော။ ။ဤကား။ ပရိယုဋ္ဌဋ္ဌာယီတိပရိ ယုဋ္ဌာကာရေန အဘိဘဝနာကာရေန ဋ္ဌိတော။ဟူသောခန္ဓ ဝဂ္ဂသံယုတ်အဋ္ဌကထာဖွင့်နှင့်အညီ ယောဇနာအပ်သောအနက်။ ။တသ္မာ။ ထိုသတ္တဝါအား။ ရူပဝိပရိဏာမညထာဘာဝါ။ရူပက္ခန္ဓာ၏ဖောက်ပြန်ပျက်ပြား။တပါးသောအခြင်းအရာ အားဖြင့်ဖြစ်ခြင်းကြောင့်။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ။ စိုးရိမ်ငိုခြင်း။ ဆင်းရဲစိတ်မသာ။ပူဆာလောင်ကျွမ်း။ ပင်ပန်းခြင်းတို့သည်။ဥပ္ပဇ္ဇန္တိ။ ဖြစ်ပွါးပေါ်လာကုန်၏။ ။ဤပါဠိတော်ဖြင့်။ ဒိဋ္ဌာသဝကြောင့်သောကစသည်တို့ ဖြစ်ဟန်ကိုမှတ်။ ။ဝေဒနက္ခန္ဓာ စသည်တို့ကိုလည်းဤနည်းအတိုင်းပင် ဟောတော်မူသည်။ ။အဋ္ဌကထာဆရာမြတ်တို့ဆောင်အပ်သောပါဌ်အတိုင်းဆိုလိုက်သည်။ ။ ပါဠိတော်၌ကား။ ။တဿအဟံရူပံမမရူပန္တိပရိယုဋ္ဌဋ္ဌာယိနောတံရူပံ ဝိပရိဏာမတိ အညထာ ဟောတိ။ တဿရူပဝိပရိဏာမညထာဘာဝါဥပ္ပဇ္ဇန္တိ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ။ဟူ၍ပါဌ်ရှိ၏။ ။ပရိတဿနသုတ်၌လည်း ဤသို့ပင်။ ။

---

ဘဝါသဝကြောင့်သောကစသည်တို့ဖြစ်ကြဟန်ကား။

ယေပိတေဘိက္ခဝေဒေဝါဒီဃာယုကာဝဏ္ဏဝန္တောသုခဗဟု

လာဥ်ဂ္ဂေသုဝိမာနေသု စိရံဒီဃမဒ္ဓါနံတိဋ္ဌန္တိ။ တေပိ တထာဂ
တဿဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံသန္တာသံသံဝေဂံ
အာပဇ္ဇန္တိ။ ။၎င်းပါဠိတော်ပင်။ ။ဘိက္ခဝေ။ ငါ၏ရင်နှစ်
သားတော်စစ်တို့။ဒီဃာယုကာ။များမြောင်နှစ်တွက်အသက်ရှည်
ကုန်သော။ဝဏ္ဏဝန္တော။အရောင်အဝါ။သိင်္ဂါမယွင်း။အဆင်းလှပ
ကုန်ထသော။သုခဗဟုလာ။ကိုယ်စိတ်နှစ်ပါး။များသောချမ်းသာ
ရှိကုန်ထသော။ ယေပိတေဒေဝါ။ အကြင်နတ်တို့သည်လည်း။
ဥစ္စေသု။ကြီးကျယ်မြင့်မြတ်ကုန်သော။ဝိမာနေသု။ရွှေငွေမြဖလ်။
ဘုံဗိမာန်တို့၌။ စိရံဒီဃမဒ္ဓါနံ။ လွန်စွာရှည်ကြာ။ကာလပတ်လုံး။
တိဋ္ဌန္တိ။ မွေ့လျော်ပျော်ပါး။ခံစားတင့်တယ်စံပယ်တည်နေကြ
ကုန်၏။တေပိဒေဝါ။စည်းစိမ်သမ္ပတ်။မပြတ်တည်ငြား။ထိုနတ်
များတို့သည်လည်း။ တထာဂတဿ။ မြတ်စွာဘုရားသခင်၏။
ဓမ္မဒေသနံ။ငါးခန္ဓာတို့၌။ငါးဆယ်သောဥဒယဗ္ဗယလက္ခဏာတို့
ဖြင့် တန်းဆာဆင်အပ်သော တရားဒေသနာတော်ကို။ သုတွာ။
ကြားနာရ၍။ဝါ။ကြောင့်။ယေဘုယျေန။ များသောအားဖြင့်။ ဘ
ယံ။ကြောက်ခြင်းသို့။ သန္တာသံ။ထိတ်လန့်ခြင်းသို့။ သံဝေဂံ။တုန်
လှုပ်ခြင်းသို့။အာပဇ္ဇန္တိ။ ရောက်ကြကုန်၏။ ။ဤကား၎င်းပါဠိ
တော်၏အနက်။ ။ဤပါဠိတော်၌။ဓမ္မဒေသနံသုတွာတိဣမံပဉ္စ
သုခန္ဓေသုပဏ္ဏာသလက္ခဏပဋိမဏ္ဍိတံ တထာဂတဿဓမ္မဒေ
သနံသုတွာ။ ။ဟူသော၎င်းအဋ္ဌကထာ။ ။ပဏ္ဏာသလက္ခဏ
ပဋိမဏ္ဍိတန္တိပဏ္ဏာသ ဥဒယဗ္ဗယလက္ခဏဝိဘူသိတံ။ ။ဟူ
သော၎င်းဋီကာတို့နှင့်အညီ။ ဓမ္မဒေသနံဟူသောပုဒ်ကို ယောဇ
နာအပ်၏။ ။အဋ္ဌကထာဆရာမြတ်တို့ဆောင်အပ်သောပါဠိ
တော်၌။ ယေဘုယျေနမပါ။ သံယုတ်ပါဠိတော်၎င်းအဋ္ဌကထာ
တို့၌ကား။ ။သုတွာယေဘုယျေနဘယံဟုပါ၏။ ပါသည့်အ
တိုင်းမှတ်။ ။အဓိပ္ပါယ်အကျဉ်းကား။ များမြောင်နှစ်တွက်။အ
သက်ရှည်ကြကုန်သော။ အရောင်အဝါ။သိင်္ဂါရွှေမှု။မနွမ်းမယွင်း။
အဆင်းလှပ။ သုခကြီးကျယ်။များကြွယ်ခြွေရွေ။ ရွှေငွေမြဖလ်။

ဘုံဗိမာန်၌။ ရှည်လံကာလစံပယ်ကြကုန်သော။ ဒေဝဂဏာ။ နတ်များစွာတို့သည်။ အိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့။ ငါတို့သည်ကား။ သင်ခန္ဓာငါးပါး။ ရုပ်နာမ်တရားတို့ကို အမြဲတာရှည်တည်နေသည်ဟု၊ အမှတ်ပြုကြကုန်၏။ ယခုမူကား။ ခန္ဓာငါးပါးတို့၌။ အပြားငါးဆယ်သော ဥဒယဗ္ဗယ လက္ခဏာဖြင့် တန်းဆာဆင်အပ်သော။ မြတ်စွာဘုရားသခင်၏။ တရားဒေသနာတော်မြတ်ကို။ ဆတ်ဆတ်သေချာ။ ကြားနာရကုန်သောကြောင့်။ သင်ခန္ဓာငါးပါးတို့သည်လည်းမမြဲကြပါကုန်တကား။ ငါတို့သည်လည်းအမြဲတာရှည် မတည်တံ့ကြပါကုန်တကားစသည်ဖြင့် လွန်စွာကြောက်ထိတ်လန့်ဖျပ် ကြကုန်၏။ ဘယ်သို့ကြောက်ထိတ်လန့်ဖျပ်ကြကုန်သနည်းဟူမူ။ နတ်ပန်းတန်းဆာ။ ဆင်းဝါပျက်ပြား။ ကျိုင်းကြားချွေးထွက်။ ဘုံထက်မမွေ့။ ရတော့နီးငြား။ နိမိတ်ငါးတို့ကို။ နတ်များဆင်ခြင်။ မြင်သည့်အခါ။ ပြင်းစွာကြောက်စိတ်။ ထိတ်လန့်သကဲ့သို့တည်း။ ထို့ကြောင့်အဋ္ဌကထာတို့၌။ ။ပဉ္စပုဗ္ဗနိမိတ္တာနိဒိသွာမရဏဘယေနသန္တဇ္ဇိတာနံဒေဝါနံပိယ။ ဟူ၍မိန့်တော်မူကြကုန်၏။ ။ပဉ္စပုဗ္ဗနိမိတ္တာနိ။ နတ်ပန်းတန်းဆာ။ ဆင်းဝါညှိုးပျက်။ ချွေးထွက်ကျိုင်းမှာ။ ဘုံသာမမွေ့။ ရတော့နီးငြား။ နိမိတ်ငါးပါးတို့ကို။ ဒိသွါ။ မြင်၍။ ဝါ။ ကြောင့်။ မရဏဘယေန။ သေဘေးသည်။ သန္တဇ္ဇိတာနံ။ ခြိမ်းချောက်အပ်ကုန်သော။ ဒေဝါနံပိယ။ နတ်တို့၏ပမာ။ ဝါ။ နတ်တို့ကဲ့သို့တည်း။ ။ဤပါဠိအဋ္ဌကထာဋီကာပါဠ်တို့ဖြင့်။ မိမိတို့ကံကြောင့်ဖြစ်သောခန္ဓာဟုဆိုအပ်သော။ ဥပပတ္တိဘဝ၌တပ်သောတဏှာဟုဆိုအပ်သော ဘဝါသဝ၏အစွမ်းဖြင့်။ ခန္ဓာတည်းဟူသောဥပပတ္တိဘဝကိုစွန့်ရလွှတ်ရမည်မှ။ စိုးရိမ်ကြောင့်ကြ။ ကြောက်လှသောစိတ္တုတြာသကိုပြတော်မူသောကြောင့်။ သောကစသည်တို့၏လည်း။ ဒေါသစေတသိက်နှင့်တကွဖြစ်ဟန်ကိုမှတ်။ ။ဘယံသန္တာသံသံဝေဂံအာပဇ္ဇန္တီတိသဗ္ဗံစိတ္တုတြာသဿေတံနာမံ။ ။ဟူသောအင်္ဂုတ္တိုရ်အဋ္ဌကထာပါဠ်။ ဘိံသနံစိတ္တုတြာသနံဘယော။ သော

စအတ္တတောဒေါသော။ ။ဟူသောအနုဝဏ္ဏနာပါဌ်တို့ဖြင့်။ ယခင်ပြခဲ့ပြီးသောရှေ့ပါဌ်တော်၌။ ဘယသန္တာသသံဝေဂတို့ကို စိတ္တုတြာသဖြစ်သော ဒေါသစေတသိက်ပင်တည်းဟု မှတ်သိ အပ်ကုန်၏။ ။

---

အဝိဇ္ဇာသဝကြောင့်သောကစသည်တို့ဖြစ်ကြဟန်ကား။

သခေါသောဘိက္ခဝေဗာလော ဒိဋ္ဌေဝဓမ္မေတိဝိဓံ ဒုက္ခံဒေါ မနဿံပဋိသံဝေဒေတိ။ ။ဘိက္ခဝေ။ချစ်သားတို့။ သသောဗာ လော။တမလွန်ပစ္စုပ္ပန်။နှစ်တန်စီးပွါး။နားမလည်ဘိ။မသိတိုက် လိုက်။ထိုသူမိုက်သည်။ဒိဋ္ဌေဝဓမ္မေ။ကိုယ်တွေ့ချက်ခြင်း။ လက် ငင်းမျက်မှောက်၌သာလျှင်။ တိဝိဓံ။ သုံးပါးအပြားရှိသော။ ဝါ။ သုံးပါးသောအကြောင်းရှိသော။ဒုက္ခံ။သောကအစရှိသောဒုက္ခ ကို။ဒေါမနဿံ။စိတ်ဆင်းရဲခြင်းကို။ပဋိသံဝေဒေတိ။ခံစားရချေ ၏။ ။ဤပါဌ်တော်၌။သခေါသောဘိက္ခဝေ။ဟူ၍လည်း။သမ္မော။ စိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌တွေ့ရှိသည်။ ။သစေသောဘိက္ခဝေ။ ဟူ၍လည်းပါဌ်ရှိသည်။ ။တိဝိဓသရုပ်ကိုဤသို့မှတ်အပ်၏။ ။ ထိုသို့မိုက်သည့်အလျောက်။မိုက်မဲတွေဝေသူဟူ၍သူတပါးတို့ က ကဲ့ရဲ့ပြစ်တင်သောစကားကိုကြားရခြင်း။ လူမိုက်တကား ဟုသူတပါးတို့က၊ ထောင်းထုရိုက်နှက်ခြင်းစသောကမ္မကရဏာ အမှုတို့ကို တွေ့ဆုံကြုံကြိုက်ရခြင်း။ သေခါနီးကာလ၌ ကံအား လျော်စွာမကောင်းသော ကမ္မနိမိတ်ထင်မြင်ခြင်း။ ဤသုံးပါးတို့ ကိုယူမှတ်အပ်ကုန်၏။ ။ဤပါဌ်တော်ဖြင့်။အဝိဇ္ဇာသဝ။မောဟ လျှင်အကြောင်းအရင်းခံရှိသော။ပြဆိုအပ်ခဲ့ပြီးသည့်သုံးပါးလျှင် နိဒါန်းရှိသော။သောကစသောဒုက္ခဖြစ်ဟန်ကိုသိလေ။ ။ထို့ ကြောင့်။ ဗာလောတိအဝိဇ္ဇါ။ တေနအဝိဇ္ဇာယ ကာရဏာဘာဝံ ဒဿေတိ။တိဝိဓံဒုက္ခန္တိတဿာရုပ္ပကတာသဝနံ၊ ကမ္မကရဏာ ဒဿနမရဏကာလေကမ္မောပဋ္ဌာနနိဒါနံသောကာဒိဒုက္ခံ။ ဟူ

၍မဟာဋီကာ၊ မူလဋီကာစသည်တို့၌မိန့်လေကုန်ပြီ။ ။အနက်
ကား။ ။ဗာလောတိ။ဗာလောဟူသည်ကား။အဝိဒ္ဒါ။ တမလွန်
ပစ္စုပ္ပန်၊ နှစ်တန်သောအစီးအပွါးကိုနားမလည်ဘိ။ မသိတတ်
သောသူမိုက်တည်း။ တေန။ ထိုဗာလောဟူသောပါဌ်ဖြင့်။ အ
ဝိဇ္ဇာသယ။ အဝိဇ္ဇာ၏။ ကာရဏဘာဝံ။ တိဝိဓလျှင်နိဒါန်းရှိသော၊
သောကစသောဒုက္ခ၏၊ အကြောင်း၏အဖြစ်ကို။ ဒဿေတိ။အဋ္ဌ
ကထာရှင်။ သိမြင်ရချအတပ်ပြ၏။ ။တိဝိဓဿသောကာဒိ
ဒုက္ခဿ။ ဟူ၍သော်လည်းပါဌသော၊ ကာရဏ၏သမ္ဗာန်ကို
ထည့်။ ။တိဝိဓံဒုက္ခန္တိ။ ဟူသည်ကား။ တဿာရုပ္ပကထာ
သဝန၊ ကမ္မကရဏဒဿနမရဏကာလေ ကမ္မောပဋ္ဌာနနိဒါနံ။
ထိုမသိသည့်အလိုက်မိုက်မဲသည့်အလျောက်၊ ငမိုက်ငမဲဟူ၍သူ
တပါးတို့ကကဲ့ရဲ့ဆဲရေးအပြစ်ပေးသောစကားများကို ကြားရ
ခြင်း။ လူမိုက်ခွေးတကားဟု၊ သူတပါးတို့က၊ တုတ်ဓါးလက်
ဆုပ်ဖြင့် ပုတ်ခတ်ရိုက်နှက်ခြင်းစသော ကမ္မကရဏအမှုတို့ကို။
ပြုခံကြိုလေ့၊ တွေ့မြင်ရခြင်း။ သေခါနီးသောကာလ၌ကမ္မနိမိတ်
ထင်မြင်ခြင်းလျှင် နိဒါန်းရှိသော။ဝါ။ အကြောင်းရှိသော။ သော
ကာဒိဒုက္ခံ။သောကစသောဆင်းရဲကို။ဝေဒိတဗ္ဗံ။သိအပ်၏။ ။
ဤကားဋီကာတို့၏ပါဌ်၏အနက်။ ။သောကသည်တိုက်ရိုက်
အားဖြင့်ပါဠိတော်၌မလာသော်လည်း။ ဒုက္ခဒေါမနဿကိုဟော
ပြခြင်းကြောင့်။ သောကဟူသည်လည်း တရားကိုယ် အားဖြင့်
ဒေါမနဿဖြစ်လေရကား။ ၎င်းသောကကိုထည့်သွင်း၍ ဋီကာ
ရှင်ပြတော်မူသည်ဟူ၍မှတ်သိအပ်၏။ ။တနည်းလည်း။ပါဠိ
တော်၌။ဒုက္ခဒေါမနဿနှစ်ပါးကိုဟောတော်မူလျှင်ပင်။ သော
ကပရိဒေဝ ဥပါယာသတို့သည်လည်း။ အဝိနာဘာဝအားဖြင့်အ
တွင်းဝင်ကောင်းလေသောကြောင့်။ သောကကို အစချီ၍ ဒုက္ခ
ဟူသမျှကို၊ သာမညအားဖြင့် ဋီကာဆရာပြတော်မူသည်ဟူ၍
လည်းမှတ်သင့်၏။ ။သောကလည်းဤသုံးပါးလျှင်အကြောင်း
ရှိ၏။ ပရိဒေဝဒုက္ခဒေါမနဿုပါယာသတို့လည်း ဤသုံးပါးလျှင်

အကြောင်းရှိ၏ဟူလိုသည်။ ။ကြိလေ။ ။အချို့သောဆရာ
မြတ်တို့ကား။တိဝိဓံသောကဒုက္ခဒေါမနဿံပဋိသံဝေဒေတိဟူ
၍ရေးသားတော်မူကြကုန်၏။ အချို့အဋ္ဌကထာ ပေတ္တိုဠ်လည်း
၎င်းအတိုင်းပင်ရှိ၏။ ဋီကာနှင့်မညီသောကြောင့် ထိုသို့ရှိသော
ပါဠိကိုဆင်ခြင်အပ်၏။ ။တိဝိဓသရုပ်ကိုလည်း တမျိုးထုတ်
ကြကုန်၏။ ။ဤကားမိုက်မဲလှစွာသောမောဟ၊ အဝိဇ္ဇာသာဝ
ကြောင့်။ သောကစသည်တို့၏ဖြစ်ပုံဖြစ်ဟန်တည်း။ ။ဤသို့
အာသဝေါတရား လေးပါးတို့ ဖြစ်ပွါးပေါ်လာသည် ရှိသော်။
သောက စသည်တို့သည်။ ဖြစ်ပွါးပေါ်လာကုန်၏။ သောကစ
သည်တို့ဖြစ်ပွါးပေါ်လာကုန်သည်ရှိသော်။ အဝိဇ္ဇာ၏အကြောင်း
ဖြစ်သော၊ အာသဝေါတရားတို့သည်လည်း ပြီးစီးထင်ရှားဖြစ်
ပွါးပေါ်လာကုန်၏။ အာသဝေါတရားတို့ ထင်ရှားပေါ်လာကုန်
သည်ရှိသော်။ အဝိဇ္ဇာလည်း ထင်ရှားပေါ်လာတော့သည်သာ။
အဝိဇ္ဇာထင်ရှားပေါ်လာပြန်လျှင်လည်း။သင်္ခါရတို့ပေါ်လာထင်
ရှားပြီးစီးကုန်တော့သည်သာ။ ဤသို့စသည်ဖြင့် အကြောင်းအ
ကျိုးဆက်ခါဆက်ခါဖြစ်၍။ တဆဲ့နှစ်ရပ်အင်္ဂါ။ အနာဒိက။ ဘဝ
စကြာသည်။ ချာချာပတ်ပတ်။ မပြတ်မစဲ။တလဲလဲလျှင်။ အမြဲမ
တည်။အထပ်ထပ်လည်သည်၏အဖြစ်ကိုမှတ်အပ်၏။ ။

၉၁။ အဝိဇ္ဇာပစ္စယာသင်္ခါရာဟူ၍။အဝိဇ္ဇာကိုဦးစွာတည်
ထား၊ ဟောကြားတော်မူခြင်းကို။ ဝဋ်သုံးပါးတို့၏ရှေ့သွားပုဗ္ဗင်္
မ။ပဓာနဖြစ်၍သာဟောကြားတော်မူသည်ဟူ၍မှတ်။ ။ဘဝ
စက်၏အစဖြစ်၍ဟောကြားတော်မူသည်မဟုတ်ဟူလိုသည်။ ။
အဝိဇ္ဇာကို မစွန့်လွှတ်ဘဲ။ တဆွဲတည်းမြဲမြဲကြီး ဆွဲကိုင်သဖြင့်။
မပြတ်မစဲသည့်အတွက်။အဝိဇ္ဇာမှကြွင်းသော။ ကမ္မ၊ ကိလေသာ၊
ဝိပါကဝဋ်တို့သည်။ ထိုအဝိဇ္ဇာကိုမဖြတ်နိုင်ဘဲ။ ကိုင်ဆွဲယူငင်
သောပုထုဇဉ်သူမိုက်ကို။ သိမ်းပိုက်ရက်လိမ်။ချုံးနှိမ်မပြတ်ရစ်
ပတ်လေကုန်၏။ ။ပမာကား။ မြွေ၏ဦးခေါင်းလည်ကုပ်ကို။
ကိုင်ဆုပ်သဖြင့်။ ဦးခေါင်းမှကြွင်းသော မြွေ၏ကိုယ်သည်။ ထို

ကိုင်သူလူ၏လက်မောင်းလက်ရုံးကို လိမ်ရှက်ရစ်ပတ်သကဲ့သို့တည်း။ ။သရဇ္ဇေဒုပဟာန်။ အရဟတ္တမဂ်ဉာဏ်ဖြင့်။အဝိဇ္ဇာကိုပယ်လှန်တွန်းသတ်။ဖြတ်လိုက်သည့်ရှိသော်။ ထိုသုံးပါးသောဝဋ်တရားတို့၏ရစ်ပတ်ရှက်လိမ်ခြင်းမှ လွတ်ကင်းတော့သည့်သာဖြစ်၏။ ။ဥပမာကား။ ။မြွေ၏ဦးခေါင်းကို။တောင်းလောင်းဆတ်ဆတ်။ ပိုင်းဖြတ်လိုက်သည့်ရှိသော်။ မြွေ၏ကိုယ်ဖြင့်ရစ်ပတ်ရှက်လိမ်ခြင်းမှကင်းလွတ်သကဲ့သို့တည်း။ ။ထိုကြောင့်။အဝိဇ္ဇာယတွေဝအသေသဝိရာဂနိရောဓာစသည်ဖြင့်။ပဋိလုံဒေသနာကိုဟောကြားတော်မူပြီ။ ။

---

## ၆၂။ ဤ၌အနုလုံပဋိလုံခေါ်ဝေါ်ရခြင်း၏အကြောင်းကိုပြဆိုလိုက်ဦးအံ့။

အနုလုံဟူသည်ကား။ ။အဝိဇ္ဇာပစ္စယာသင်္ခါရာတိအာဒိနာနယေနဝုတ္တော အဝိဇ္ဇာဒိကော ပစ္စယာ ကာရော၊ အတ္တနာကတ္တဗ္ဗကိစ္စံကရဏတော အနုလောမောတိဝုစ္စတိ။ အထဝါ။ အာဒိတောပဋ္ဌာယအန္တံ ပါပေတွာဝုတ္တတ္တာ။ ပဝတ္တိယာဝါအနုလောမတောအနုလောမံ။ ။ဟူ၍ဥဒါန်းအဋ္ဌကထာ။ဝိနည်းမဟာဝါအဋ္ဌကထာတို့မိန့်မှာတော်မူအပ်သည်နှင့်အညီ။ အဝိဇ္ဇာပစ္စယာသင်္ခါရာ အစရှိသော နည်းအားဖြင့် ဟောတော်မူအပ်သောပဋိစ္စ သမုပ္ပါဒ်ကို။ အဝိဇ္ဇာစသော အကြောင်း တရားတို့သည်။ မိမိတို့ကပြုအပ်သောပစ္စယကိစ္စကိုပြုခြင်းကြောင့်။ကိစ္စအားလျော်ရကား။အနုလုံဟူ၍ဆိုအပ်၏။ ။တနည်းလည်း။ဒေသနက္ကမအါးဖြင်။အဝိဇ္ဇာကိုအဦးအစချီ၍။ဇရာမရဏတည်းဟူသောအဆုံးတိုင်အောင် ဟောတော်မူသောကြောင့်။ အစမှအဆုံးအားလျော်ရကား အနုလုံဟူ၍ ဆိုအပ်၏။ ။တနည်းလည်း။ သံသရာဘဝစက် ဖြစ်ခြင်းအား လျော်သည်၏ အဖြစ်ကြောင့်အနုလုံဟူ၍ဆိုအပ်၏၊ ။အနက်ကား။ ။အဝိဇ္ဇာပစ္စ

ယာသင်္ခါရာတိ အာဒိနာ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဤသို့အစရှိသော။နယေန။ နည်းဖြင့်။ဝုတ္တော။ ဟောတော်မူအပ်သော။ပစ္စယာကာရော။ ပဋိစ္စသမုပ္ပါဒ်ကို။အတ္တနာ။ မိမိဟုဆိုအပ်သောအဝိဇ္ဇာစသောအကြောင်း တရားတို့သည်။ ကတ္တဗ္ဗကိစ္စံ။ပြုအပ်သောကိစ္စကို။ကရဏတော။ပြုခြင်းကြောင့်။အနုလောမောတိ။ အနုလုံဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ အထဝါ။တနည်းသော်ကား။အာဒိတော။ဒေသနက္ကမအစမှ။ပဋ္ဌာယ။စ၍။ အန္တံ။ဒေသနက္ကမအား ဖြင့်ဇရာမရဏတည်းဟူသောအဆုံးသို့။ပါပေတွာ။ရောက်စေ၍။ဝုတ္တတ္တာ။ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။ အနုလောမော။အနုလုံမည်၏။ ။ရှေ့ကံပုဒ်ကိုကတ္တားလုပ်၍လိုက်စေ။ ။ ၁၊ တနည်းကား။ပဝတ္တိယာ။ သံသရာစက်ရဟတ်။မပြတ်ဖြစ်ခြင်းအား။ အနုလောမတော။ထိုက်တန်သင့်မြတ်လျောက်ပတ်တော်လျော်ခြင်းကြောင့်။အနုလောမော။အနုလုံမည်၏။ ။ဤကားဥင်းအဋ္ဌကထာတို့၏ပါဌ်၏အနက်။ ။ပဝတ္တိက္ကမဟူ၍လည်းမှတ်အပ်သင့်၏။ ။

ပဋိလုံဆိုသည်မှာ။ အောက်၌ဒေသနာဘေဒကိုဝိသေသအါးဖြင့်ပြဆိုရာ။ ဇာတိပစ္စယာဇရာမရဏန္တိဣတိခေါပနေတံဝုစ္စတိ အစရှိသောပါဠိတော်အတိုင်း။ ဇရာမရဏကစ၍။ အဝိဇ္ဇာတိုင်အောင်။ဇာတိကြောင့်ဇရာမရဏဖြစ်၏။ကမ္မဘဝကြောင့်ဇာတိဖြစ်၏။ဥပါဒါန်ကြောင့် ဘဝဖြစ်၏။ တဏှာကြောင့်ဥပါဒါန်ဖြစ်၏။ ဝေဒနာကြောင့်တဏှာဖြစ်၏။ ဖဿကြောင့်ဝေဒနာဖြစ်၏။ သဠာယတနကြောင့်ဖဿဖြစ်၏။နာမ်ရုပ်ကြောင့်သဠါယတန။ ဝိညာဏ်ကြောင့်နာမ်ရုပ်။ သင်္ခါရကြောင့် ဝိညာဏ်။ အဝိဇ္ဇာကြောင့် သင်္ခါရတို့သည်ဖြစ်ကြကုန်၏ဟူ၍ဟောကြားတော်မူသည်ကိုပဋိလောမဒေသနာဟူ၍မှတ်အပ်၏။ ။ယာပရိယောသာနတောပဋ္ဌာယပဋိလောမဒေသနာ၊အစရှိသဖြင့်လည်း၊အဋ္ဌကထာ၌ဖွင့်ပြတော်မူသည်။ ။အာဒိတော ပဋ္ဌာယအန္တဂမနံ အနုလောမော။ အန္တတောစပဋ္ဌာယအာဒိဂမနံ ပဋိလောမောတိ

အဓိပ္ပေတော။ဟူ၍လည်းမဟာနိဒါနသုတ်ဋီကာ၌ဖွင့်ပြတော်မူ
သည်။ ။ဤကား။အဘိဓမ္မာအဋ္ဌကထာ။သုတ်မဟာဝါအဋ္ဌက
ထာ။၎င်းဋီကာတို့အလိုတည်း။ ။အနုလုံချင်းကားတူကြ၏။ ။

ဝိနည်းမဟာဝါအဋ္ဌကထာ။ဥဒါန်းအဋ္ဌကထာတို့အလိုသော်
ကား။ပဋိလုံဆိုသည်မှာ၊ ဒွတ္တိံသကာယစသည်တို့ကဲ့သို့အဆုံး
ကအစတိုင်အောင်အဆန်အားဖြင့်ပြန်လှန်၍ ဟောသည်ကိုမှတ်
အပ်။ ။ပဋိလောမန္တိအဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောတိ
အာဒိနာနယေနဝုတ္တောအဝိဇ္ဇာဒိကော ယေဝပစ္စယာကာရော။အ
နုပ္ပါဒနိရောဓေနနိရုဇ္ဈမာနော။ အတ္တနောကတ္တဗ္ဗကိစ္စသအက
ရဏတောပဋိလောမောတိဝုစ္စတိ။ပဝတ္တိယာဝါဝိလောမတော
ပဋိလောမော။ ။၎င်းအဋ္ဌကထာ။ ။ပဋိလောမန္တိ။ပဋိလော
မံဟူသည်ကား။ အဝိဇ္ဇာနိရောဓာသင်္ခါရ နိရောဓောတိ အာဒိ
နာ။အဝိဇ္ဇာနိရောဓာသင်္ခါရနိရောဓော၌သို့အစရှိသော။ နယေ
န။နည်းအားဖြင့်။ဝုတ္တော။ဟောတော်မူအပ်သော်။အဝိဇ္ဇာဒိကော
ယေဝ။အဝိဇ္ဇာအစရှိသည်သာလျှင်ဖြစ်သော။ ပစ္စယာကာရော။
ကို။အတ္တနော။ မိမိဟုဆိုအပ်သောအဝိဇ္ဇာအစရှိသောတရား၏။
ကတ္တဗ္ဗကိစ္စသ။ပြုအပ်သောပစ္စယကိစ္စကို။အကရဏတော။မ
ပြုခြင်းကြောင့်။ပဋိလောမောတိ။ပဋိလုံဟူ၍။ ဝုစ္စတိ။ဆိုအပ်၏။
ဝါ။တနည်းကား။ပဝတ္တိယာ။သံသရာစက်ဖြစ်ခြင်း၏။ ဝိလောမ
တော။ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ ပဋိလောမောတိ။ပဋိ
လုံဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်
ကား။ အဝိဇ္ဇာယတွေဝအသေသ ဝိရာဂနိရောဓါ၊ အစရှိသော
နည်းအားဖြင့်။ ဟောတော်မူအပ်သော၊ တဖန်မဖြစ်သောချုပ်
ခြင်းဖြင့်ချုပ်သော။ အဝိဇ္ဇာအစရှိသော ပစ္စယာကာရ ပဋိစ္စသ
မုပ္ပါဒ်ကို။မိမိဟုဆိုအပ်သောအဝိဇ္ဇာအစရှိသော ပစ္စည်းတရား
၏ပြုအပ်သောပစ္စယကိစ္စကို၊မပြုနိုင်သောကြောင့်၊ ပစ္စယကိစ္စ
၏ဆန့်ကျင်ဘက် ဖြစ်ရကား။ ပဋိလုံဟူ၍မှတ်။ တနည်းလည်း။
သံသရာစက်ဖြစ်ခြင်း၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ပဋိလုံ

ဟူ၍မှတ်။ ။ဤကားအနုလုံ ပဋိလုံဟု ခေါ်ဝေါ် ရခြင်း၏အကြောင်းတည်း။ ။

ဤသို့ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း။အာသဝကြောင့်။ သောကအဝိဇ္ဇာ။သင်္ခါရဝိညာဏ်။အစည်မပျက်။ ကြောင်းကျိုးဆက်၍။ဘဝစကြာ။သံသရာသည်။လည်ခါလည်ခါ။ တချာချာဖြစ်လေသောကြောင့်။အနာဒိက။ အစမရှိ။အဝိဒိတာဒိကို။ သိအပ်ချေ၏။ဟုလိုသည်။ ။အဝိဒိတာဒိပြီး၏။ ။

၉၃။ အဘယ်သို့ ထိုဘဝစက်သည်။ ကာရကဝေဒကမှ ကင်းလေသနည်း။ ။ဤဘဝစက်သည်။ အဝိဇ္ဇာ စသောအကြောင်းတို့ကြောင့် သင်္ခါရစသော အကျိုးတရားတို့ ဖြစ်ကြရကား။ ပရမိဿရာဗြဟ္မာ မိဿနိုး တန်ခိုးကြီးမြတ်သော သူတို့သည်။သံသရာဟုဆိုအပ်သောခန္ဓာ။သတ္တဝါလောကကို။ပြုပြင်စီရင်ဖန်ဆင်းပေသည်ဟူ၍။အယူဘောက်ပြန်မမှန်သည်ကိုကြံစီသောအားဖြင့်လည်း မှတ်သားအပ်။ အယူမှောက်မှားအခြားတပါးသောလူသူတို့က။ မိမိတို့ဉာဏ်မမှီတိုင်း။ သိုင်းဝိုင်းပြောဆိုသည်များကိုလည်း မနာမယူမမှတ်မသားအပ်။ ငါ၏ အတ္တသည်။ ဆင်းရဲချမ်းသာအဖြာဖြာကိုများရွှာခံစားတတ်သည်ဟူ၍။အယူဘောက်ပြန်မမှန်သည်ကို ကြံစီသောအားဖြင့် မမှတ်မသားအပ်။စင်စစ်သော်ကား။ ခန္ဓာအဆက် မပြတ်သော။သံသရာစက်ရဟတ်၊ပဋိစ္စသမုပ္ပါဒ်သည်။ ပြုပြင်စီရင်ဖန်ဆင်းတတ်သောသူဟုဆိုအပ်သော လူနတ်ဗြဟ္မာ တစုံတယောက်မျှ မရှိသောကြောင့်။ ပြုပြင်စီမံဖန်ဆင်းတတ်သောကာရကပုဂ္ဂိုလ်မှကင်း၏။ခံစားတတ်သူမရှိသောကြောင့်။ ခံစားတတ်သောဝေဒကပုဂ္ဂိုလ်မှလည်း ကင်း၏။ ။ဤသို့ကာရက၊ ဝေဒကတို့မှကင်းသည်။ ဟူ၍မှတ်သိလေ။ ။ကာရကဝေဒကရဟိတပြီး၏။ ။

၉၄။ အဘယ်သို့လျှင် တဆဲ့နှစ်ပါးသော ဆိတ်ခြင်းဖြင့်ဆိတ်လေသနည်းဟူမူကား။ ။အဝိဇ္ဇာသည်။ ဖြစ်ခြင်းပျက်

ခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့်။ဝါ။ ဖြစ်လျှင်ပျက်စီးရမည့်သဘောရှိသည်၏ အဖြစ်ကြောင့်။ မြဲသောရုဝ သဘောမှ ဆိတ်၏။ မမြဲဟူလို။ ။အဝိဇ္ဇာသည်။ နှိပ်စက်ပူချစ်နှမ်းညစ်သောသဘောဖြစ်သောကြောင့်ရင်း။ တပါးသောတရားတို့ကို မိမိကညစ်နွမ်းပူပင်အောင်ပြုလုပ်တတ်လှ၊ သံကိလေသဓမ္မတို့ကိုရခြင်း၌ါထိုက်သည်၏အဖြစ်ကြောင့်ရင်း။ဝါ။ သံကိလေသတရား၌ယှဉ်သည်၏အဖြစ်ကြောင့်ရင်း။တင့်တယ်သောသုဘာအဖြစ်မှဆိတ်၏။ ။မတင့်တယ်ဟူလို။ ။ဖြစ်ခြင်းပျက်ခြင်းဖြင့်ကပ်၍နှိပ်စက်အပ်သည်၏အဖြစ်ကြောင့်။ဝါ။ ဖြစ်ခြင်းပျက်ခြင်း သဘောတရားသည်ကပ်၍ နှိပ်စက် အပ်သည်၏ အဖြစ်ကြောင့်။သုခအဖြစ်မှဆိတ်၏။ဒုက္ခဟူလို။ ။အကြောင်းတရားနှင့်စပ်၍ဖြစ်ရသောကြောင့်။မိမိအလိုသို့လိုက်၍ဖြစ်တတ်သောအတ္တမှဆိတ်၏။အနတ္တဆိုလိုသည်။ ။သင်္ခါရစသောအင်္ဂါတို့၌လည်း။ ထိုနည်းတူစွာပင်။ရုဝ၊သုဘာ၊ သုခ၊အတ္တအဖြစ်မှဆိတ်သောကြောင့်။ တဆဲ့နှစ်ပါးသော သုညတအားဖြင့်ဆိတ်သောဘာဝစက်ကိုမှတ်သိအပ်၏။ ။အဝိဇ္ဇာစသောတဆဲ့နှစ်ပါးသောအင်္ဂါတို့၏။သုညသဘောဖြစ်၍သုညတာသည်။ တဆဲ့နှစ်ပါးဟူလိုသည်။ ။ထို့ကြောင့်။ ။ဒွါဒသဝိဓသုညတာသုညတ္တံအဝိဇ္ဇာဒိနံဒွါဒသန္နံသုညသဘာဝါနံ သုညတာယ ဒွါဒသဝိဓံသုညံ။ ဟူ၍မဟာဋီကာ၊မူလဋီကါတို့၌မိန့်အပ်လေကုန်ပြီ။ ။ဒွါဒသဝိဓသုညတာ သုညတ္တံ။ဒွါဒသဝိဓသုညတာ သုညံဟူသည်ကား။ သုညသဘာဝါနံ။ ဆိတ်ခြင်းသာမန် သဘောရှိကုန်သော။ ဒွါဒသန္နံ။တဆဲ့နှစ်ပါးကုန်သော၊အဝိဇ္ဇါဒိနံ။အဝိဇ္ဇါစသည်တို့၏။သုညတာယ။သဘောစင်စစ်၊ဆိတ်သည်၏အဖြစ်ကြောင့်။ ဒွါဒသဝိဓသုညံ။ တဆဲ့နှစ်ပါး သုညပြား၏။ ။ဤစကားဖြင့်၊ အဝိဇ္ဇာစသောအင်္ဂါတို့၏။ နကိုယ်သဘာဝ၊ ပြကတေ့ကပင်။ သုညသဘောဖြစ်သောကြောင့်။သုညအပြားတဆဲ့နှစ်ပါးကို မှတ်သားအပ်၏။ ။တနည်းလည်း။ ယခင် ပြဆိုခဲ့ပြီးသော။ ရုဝ၊ သုဘာ

သုခ အတ္တာ၊ အဖြစ်မှဆိတ်သော။ သုညတ လေးပါးကို တပါး တည်းပြု၍အင်္ဂါတဆဲ့နှစ်ပါးရှိသောကြောင့်။ သုညာတာ သုည လည်း တဆဲ့နှစ်ပါးဖြစ်၏။ ။ထို့ကြောင့်။ ။ဝုဝ ဘာဝါဒိ သုညာတာယဝါစတုဗ္ဗိဓံပိ သုညတံ ဧကံကတွာဒွါဒသင်္ဂတ္တာ ဒွါဒသဝိဓာတိ။တာယဒွါဒသဝိဓာယသုညတာသုညန္တိအတ္ထော။ ဟူ၍မိန့်၏။ ။ငုင်းဋီကာ။ ။ဝါ။ တနည်းကား။ ဝုဝဘာဝါဒိ သုညတာယ။ ဝုဝအဖြစ် အစရှိသည်တို့မှ ဆိတ်သည်၏အဖြစ် ကြောင့်။ စတုဗ္ဗိဓမ္ပိ။ လေးပါးအပြားရှိသည်လည်းဖြစ်သော။ သုညတံ။သုဉ်းသည်၏အဖြစ်ကို။ဧကံကတွာ။ကိစ္စတူပြားတပါး တခုတည်း၏အဖြစ်ကိုပြု၍။ ပဋိစ္စသမုပ္ပါဒသာ။၏။ ထည့်လိုက်၊ တ္တ သမ္ဗန်။ ဒွါဒသင်္ဂတ္တာ။ တဆဲ့နှစ်ဖြာ အင်္ဂါ ရှိသည်၏ အဖြစ် ကြောင့်။ဒွါဒသဝိဓါ။ သုညတာသုညလည်းတဆဲ့နှစ်ပါးအပြားရှိ ၏။ဣတိ။ဤသို့။ဝါ။သည်လို။ဒွါဒသဝိဓာယ။တဆဲ့နှစ်ပါးအပြားရှိ သော။ တာယသုညတာယ။ ထိုသို့သောဆိတ်ခြင်းဖြင့်။ သုညံ။ ဆိတ်၏။ဝါ။သုဉ်း၏။ဣတိအတ္ထော။ဤကားအနက်။ ။ဤစကား ဖြင့်။ လေးပါးကို တပါးတည်းပြု၍။ အင်္ဂါအတိုင်းတဆဲ့နှစ်ပါး သုညတအပြားကိုမှတ်သားလေ။ ။

တနည်းလည်း။ ဝု၊ သု၊ သု၊ အတ်၊ လေးရပ်သောအဖြစ်မှဆိတ် သော။သုညတါသုညလေးပါးတို့ကို။အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဟူသောကာလသုံးပါးတို့ဖြင့်မြှောက်ပွါး၍ ယူကုန်သည်ရှိသော်။ အင်္ဂါတပါးတပါး၌ပင် တဆဲ့နှစ်ပါးတဆဲ့နှစ်ပါးစီ ရသည် ဖြစ် ၍၊အင်္ဂါတဆဲ့နှစ်ပါး၌သော်ကား။ ကာလဘေဒအားဖြင့်၊ သုည တာသုညပေါင်း ၁၄၄ ပါး အပြားရှိ၏ ဟူ၍လည်း မှတ်သား သင့်၏။ ။

တနည်းလည်း။ အဝိဇ္ဇာသည်။ အတ္တဟု ဆိုအပ်သော ငါမ ဟုတ်။ငါ့ဥစ္စာလည်းမဟုတ်။ငါ၌လည်းမဖြစ်။ ငါကောင်ရှိသည် လည်းမဟုတ်။သင်္ခါရစသည်တို့၌လည်း ထိုနည်းအတူပင်ဖြစ် ၍။တဆဲ့နှစ်ပါးသောသုဉ်းခြင်းဖြင့်သုဉ်းသော။ ဝါ။ ဆိတ်သော။

ဤဘာဝစက်ကိုသိအပ်မှတ်အပ်၏။ ။ယသ္မာဝါအဝိဇ္ဇာနအတ္တာ၊ နအတ္တနော၊နအတ္တနိ၊ နအတ္တဝတီ။ တထာသင်္ခါရာဒိနိပိအင်္ဂါနိ တသ္မာဒွါဒသဝိဓသုညတာသုညံပဝတ္တံဘာဝစက္ကံဝေဒိတဗ္ဗံ။ ။ ဝိသုဒ္ဓိမဂ်။ သမ္မော။ ။ဝါ။ တနည်းကား။ ယသ္မာ။ ကြောင့်။ အဝိဇ္ဇာ။သည်။နအတ္တာ။အတ္တစွဲဆောင်ငါကောင်မဟုတ်။ နအတ္တနော။အတ္တသညာ ငါ့ဟာငါ့ဥစ္စာမဟုတ်။နအတ္တနိ။ အတ္တခေါ်တဲ့ ငါ့ပေါ်၌လည်းမဖြစ်။နအတ္တဝတီ။ အတ္တယူဆောင် ငါကောင်ရှိ သည်လည်းမဟုတ်။သင်္ခါရာဒိနိ။သင်္ခါရအစရှိကုန်သော။အင်္ဂါနိပိ။အင်္ဂါတို့သည်လည်း။ တထာ။ ထိုအဝိဇ္ဇာနှင့်အတူသာလျှင် တည်း။တသ္မာ။ကြောင့်။ဒွါဒသဝိဓသုညတာသုညံပိ။ တဆဲ့နှစ်ပါး အပြားရှိသောဆိတ်သည်၏ အဖြစ်ဖြင့် ဆိတ်သည်လည်း ဖြစ် သော။ ပဝတ္တံဘာဝစက္ကံ။ ထိုဘာဝတည်းဟူသောစကြာကို။ ဝေဒိ တဗ္ဗံ။ သိအပ်၏။ ။အတ္တသဒ္ဒါကား။ ဤအရာ၌အတံသဒ္ဒါနှင့် အနက်တူ၏။ ။ရှေ့နည်း၌အတ္တသဒ္ဒါ၏ ဝသဝတ္တနတ္ထကိုရည် တော်မူသည်။ယခုနောက်နည်း၌ကား၊ သာရကတ္ထကိုရည်တော် မူသည်။ ။အဓိပ္ပါယ်ကိုရှေ့နည်းမှီး၍ သိအပ်၏။ ။ဤသို့ တဆဲ့နှစ်ပါးသော ဆိတ်ခြင်းဖြင့် ဆိတ်၏ဟူ၍ ဤဘာဝစက်ကို မှတ်သိလေ။

## ၆၅။ ဘာဝစက်နှစ်ပါးတို့ကိုခွဲဝေ၍ပြခြင်း။

ဤသို့ပြဆိုခဲ့ပြီးသည်အတိုင်း၊ တဆဲ့နှစ်ပါးသော သုညတာ သုညအားဖြင့် ဘာဝစက်ကိုသိပြီး၍။ ထိုဘာဝစက်သည်ပင်လျှင်။ အဝိဇ္ဇာမူလကဘာဝစက်။ တဏှာမူလက ဘာဝစက်ဟူ၍ နှစ်ပါး အပြားရှိ၏။ထိုနှစ်ပါးတို့တွင်။ ပုဗ္ဗန္တာဟရဏတော့အဝိဇ္ဇာ မူလံ ဝေဒနာဝသာနံဟူသော အဋ္ဌကထာပါဌ်နှင့်အညီ။ အတိတ်ဖြစ် သောအဘို့မှ။ပစ္စုပ္ပန်ဖြစ်သောအကျိုးတို့ကို ရှေ့ရှုဆောင်တတ် သောကြောင့်အဝိဇ္ဇာဟူသောအရင်းမူလရှိသော။ ဝေဒနာလျှင်

အပိုင်းအခြားရှိသောဘဝစက်သည်။ အဝိဇ္ဇာမူလက ဘဝစက်မည်၏။ ။အပရန္တသန္တာနတော တဏှာမူလံဇရာမရဏာဝသာနံ။ ဟူသောအဋ္ဌကထာပါဠိနှင့်အညီ။ အနာဂတ်အဘို့ကိုတစပ်တည်းကဲ့သို့စပ်ခြင်းကြောင့်။တဏှာဟူသော အရင်းမူလရှိသော။ ဇရာမရဏာလျှင် အပိုင်းအခြားရှိသော ဘဝစက်သည်။ တဏှာမူလက ဘဝစက်မည်၏။ ။ဤသို့အားဖြင့် ဘဝစက်သည်နှစ်ပါးအပြားရှိသတည်း။ ။အဋ္ဌကထာပါဠိ၌။ ပုဗ္ဗန္တာအပရန္တတို့ကိုဆိုရာ။အန္တသဒ္ဒါတို့သည်၊ ကောဋ္ဌာသအနက်ကိုဟောကုန်၏။ အဝသာနသဒ္ဒါတို့သည်။ ပရိယန္တ အနက်ကိုဟောကုန်၏။ ။ပုဗ္ဗန္တာ ဟရဏာ တော အတီတ ကောဋ္ဌာသ တော၊ ပစ္စုပ္ပန္နဝိပါကသဿ အာဟာရဏာတော။ ပေဒနာဝသာနံ ပရိယန္တံ ငကံ ဘဝစက္ကံ ဟောတိ။ ဟူသော မဟာဋီကာ စသည် တို့ကိုသောက်။ ။ထိုနှစ်ပါးသော ဘဝစက်တို့တွင်။ တပါးတပါးသောဘဝစက်သည်။တဆဲ့နှစ်အင်္ဂါမပြည့်စုံပါတကားဟူငြားအံ့။ ။ဘဝစက္ကကဒေသောပိဟိ ဘဝစက္ကန္တိဝုစ္စတိ။ ဟူ၍ဋီကာတို့၌မိန့်ဆိုတော်မူသောကြောင့်။တဆဲ့နှစ်အင်္ဂါမပြည့်စုံသောအဝိဇ္ဇာမူလကဘဝစက်ကိုလည်း။ ဧကဒေသူပစာအားဖြင့် ဘဝစက်ဟုဆိုအပ်၏။ ။တနည်းလည်း။ ဝေဒနာသည်။ တဏှာနှင့်အပေါ်ဖြစ်သောအဝိဇ္ဇာအား ကျေးဇူးပြု၏။ အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်၏။သင်္ခါရကြောင့်ဝိညာဏ်။ဤသို့စသည်တို့ဖြင့် စပ်နိုင်သောကြောင့်။ ဝေဒနာလျှင် အပိုင်းအခြား ရှိသောအဝိဇ္ဇာမူလက ဘဝစကြာသည်။ လည်နိုင်သည်ဖြစ်၍ ပြည့်စုံတော့သည်သာ ဟူ၍မှတ်။ ။ဤအလိုအားဖြင့် မချပင်။ ။ထို့ကြောင့် မူလဋီကာစသည်တို့၌။ ။ဝေဒနာဝါ တဏှာသဟာယာယအဝိဇ္ဇာယပစ္စယောဟောတီတိဝေဒနာတောအဝိဇ္ဇာတတောသင်္ခါရာတိသမ္ဗန္ဓနတောဝေဒနာ ဝသာနံဘဝစက္ကန္တိယုတ္တမေတံ။ဟူ၍မိန့်အပ်၏။ ။ဝေဒနာဝါတဏှာ သဟာယာယအဝိဇ္ဇာယပစ္စယောဟောတီတိဝေဒနာဝတောအဝိဇ္ဇါ၊အဝိဇ္ဇါ

ဝတောသင်္ခါရာတိသမ္ဗန္ဓနတော ဝေဒနာဝသာနံဘဝစက္ကံပရိ ပုဏ္ဏံမေဝါတိ ဒဋ္ဌဗ္ဗံ။ ။မဟာဋီကာ။ ။တနည်းလည်း၊ အဝိဇ္ဇာကိုယူသဖြင့်။တဏှာဥပါဒါန်တို့ကိုလည်း။ ထိုအဝိဇ္ဇာနှင့် မကွေမကွာဖြစ်သော အဝိနာဘာဝနည်းအားဖြင့် ယူအပ်သော ကြောင့်။ သင်္ခါရကို ယူသဖြင့်။ ဘဝကိုလည်း ယူအပ်သော ကြောင့်။ ဝိညာဏ်စသောအကျိုးငါးပါးတို့ကိုယူသဖြင့်။ ဇာတိ ဇရာမရဏတို့ကိုလည်းကောင်း။ သောကစသည်တို့ကိုလည်း ကောင်းယူအပ်သောကြောင့်။ ဤသို့သောနည်းဖြင့်။ ဝေဒနာဝ သာနအဝိဇ္ဇာမူလက ဘဝစက်သည်၊ သင့်မြတ် လျောက်ပတ် သည်သာလျှင်ဖြစ်၏ဟူ၍မှတ်။ ။မဟာဋီကာနည်းတည်း။ ။ တဏှာမူလကဘဝစက်ကိုလည်း။ ဤနည်းကိုမှီး၍သိအပ်၏။ ။ အဝိဇ္ဇာသင်္ခါရ၊ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ။ ဤခုနစ်ပါးသောအင်္ဂါတို့ကို။အဝိဇ္ဇာမူလက။အဝိဇ္ဇာလျှင်အရင်း ရှိသောဘဝစက်ဟူ၍မှတ်အပ်ကုန်၏။ ။ပုဗ္ဗန္တ"ရှေ့အစွန်းအဘို့ ဘာဂကောဋ္ဌာသဆိုလိုသည်။ ။တဏှါ၊ဥပါဒါန်၊ဘဝ၊ဇာတိ၊ ဇရာမရဏ။ ဤငါးပါးသော အင်္ဂါတို့ကိုကား။ တဏှာမူလက။ တဏှာလျှင်အရင်းအမြစ်ရှိသောဘဝစက်ဟူ၍မှတ်ယူအပ်ကုန် ၏။ ။အပရန္တ" နောက်အစွန်း။ အဘို့ဘာဂကောဋ္ဌာသ ဆိုလို သည်။ ။ဝဋ်မြစ်မူလနှစ်ပါးတို့ကိုလည်းသိလေ။ ။

၉၆။ ထိုမူလကဘဝစက်နှစ်ပါးတို့တွင်။ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်၏အစွမ်းဖြင့်။ အဝိဇ္ဇာမူလကဘဝစက်ကို ဟောတော်မူ အပ်၏။အဘယ့်ကြောင့်နည်းဟူမူ။အဝိဇ္ဇာသည်။ ဟုတ်တိုင်းမှန် တိုင်းသော တရားသဘာဝကို။ ဖုံးလွှမ်းပိတ်တား၊ နှုလုံး သွင်း ဖေါက်ပြန်မှောက်မှားအောင်ပြုလျက်။ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ် ကိုသံသရာဘဝ၌ဆောင်တတ်သောကြောင့်တည်း။ ။တဏှာ စရိုက်ရှိသော ပုဂ္ဂိုလ်၏အစွမ်းအားဖြင့်တဏှာမူလကဘဝစက် ကိုဟောကြားတော်မူအပ်၏။အဘယ့်ကြောင်းနည်းဟူမူ။တဏှာ သည်။ထိုထိုဘုံဘဝ၌။ကာမချမ်းသာကို တပ်နှစ်သက်သည်၏

အစွမ်းအားဖြင့်။ တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်ကို သံသရာ၌ ဆောင်တတ်သောကြောင့်တည်း။ ။

တနည်းလည်း။ယခုပစ္စုပ္ပန်ဘဝ၌ထင်ရှားဖြစ်ပေါ်လာသော ဝိညာဏ်စသောအကျိုးတရားတို့သည်။မိမိတို့၏အကြောင်းဖြစ်သော။ အဝိဇ္ဇာ သင်္ခါရတို့၏ မပြတ်ဖြစ်ခြင်းကို ပြတတ်သောကြောင့်။ဥစ္ဆေဒဒိဋ္ဌိကိုပယ်သတ်ခြင်းငှါအဝိဇ္ဇာမူလကဘဝစက်ကိုဟောတော်မူအပ်၏။ ။ဖြစ်ကုန်ပြီးသောခန္ဓာယတနဓာတ်။ ပဋိစ္စသမုပ္ပါဒ်တရားတို့၏။မခိုင်မကျန်း။ ရှိမ်းအိုမင်း သေကြေပျက်စီးခြင်းတို့ကိုထင်ရှားပြတတ်သောကြောင့်။ သဿတဒိဋ္ဌိကိုပယ်သတ်ခြင်းငှါ။ တဏှာမူလကဘဝစက်ကို ဟောကြားတော်မူအပ်၏။

တနည်းလည်း။သင်္ခါရကြောင့်ဝိညာဏ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်။နာမ်ရုပ်ကြောင့်သဠာယတန။ ဤသို့အစဉ်အတိုင်း ဖြစ်သည်ကိုပြခြင်းကြောင့်။ဂဗ္ဘသေယျကပုဂ္ဂိုလ်၏အစွမ်းအါးဖြင့်၊ အဝိဇ္ဇာမူလကဘဝစက်ကိုဟောတော်မူအပ်၏။ ။ဥပါဒါန်ဟူသောအကြောင်းကြောင့်၊ဥပပတ္တိဘဝ၊ကမ္မဘဝကြောင့်ဇာတိတို့၏တပေါင်းတည်းတကွဖြစ်ခြင်းကို ပြသောကြောင့်။ ဩပပါတိကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် တဏှာမူလက ဘဝစက်ကို ဟောတော်မူအပ်၏။ ။အဏ္ဍဇ ပုဂ္ဂိုလ်ကို ဂဗ္ဘသေယျက၌ သွင်း။သံသေဒဇပုဂ္ဂိုလ်ကိုဩပပါတိကပုဂ္ဂိုလ်၌သွင်း၍။ယထါရဟမှတ်။ ။ဤသို့ဘဝစက်နှစ်ပါးတို့၏ထူးခြားသည်ကိုလည်း သိလေ။ ။

———

## ၉၇။ ကာလသုံးရပ်။အစပ်သုံးဖြာ။အလွှာလေးသွယ်။ အခြင်းအရာနှစ်ဆယ်တို့ကိုပေါ်ပြလိုက်ဦးအံ့။

အဝိဇ္ဇာနှင့်သင်္ခါရသဉ်။အတိတ်ကါလအခွန့်မည်၏။ဝိညာဏ်။ နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ဘဝ။ဤ

ရှစ်ပါးတို့သည်။ပစ္စုပ္ပန်ကာလအဓွန့်မည်၏။ဇာတိ၊ဇရာမရဏ။ ဤနှစ်ပါးတို့သည်။ အနာဂတ်ကာလအဓွန့်မည်၏။ ။အဓွန့်ဟူသည်ကာလပင်ဖြစ်၏။ ။ကာလောဒ္ဓါသမယောဝေလာ။ ။အဘိဓာန်။ ။အင်္ဂါတဆဲ့နှစ်ပါးနှင့်တကွ။ ယင်းကာလစသည်တို့ကိုပြဆိုသည့်အရာ၌။ အင်းစောက်စာလျှားနှင့် ပြဆိုသည်ရှိသော်။ သိသာထင်ရှားမှတ်သားလွယ်ရာသောကြောင့်။ အင်းစောက်စာလျှားရေးသားပြဆိုလိုက်သည်။ ။

အင်္ဂါတဆဲ့နှစ်ပါး။

၁ အဝိဇ္ဇာ
၂ သင်္ခါရ
… ယင်းနှစ်ပါး တို့ကို အတိတ် ကာလ အဓွန့်ဟူ၍ မှတ်။

… ယင်းသင်္ခါရနှင့်ဝိညာဏ်အကြားအကြောင်း အကျိုးအားဖြင့် ဝဲစပ်သောဟေတုဖလတစပ်။

၃ ဝိညာဏ်
၄ နာမ်ရုပ်
၅ သဠာယတန
၆ ဖဿ
၇ ဝေဒနာ
၈ တဏှာ
၉ ဥပါဒါန်
၁၀ ဘဝ
ယင်းရှစ်ပါးတို့ကိုပစ္စုပ္ပန်ကာလအဓွန့်ဟူ၍မှတ်

… ယင်းဝေဒနာနှင့် တဏှာအကြား အကျိုးအကြောင်းအါးဖြင့်ဝဲစပ်သေါဖလဟေတုတစပ်

ယင်းဘဝနှင့်ဇာတိအကြားအကြောင်းအကျိုးအားဖြင့်ဝဲစပ်သောဟေတုဖလတစပ်။

၁၁ ဇာတိ
၁၂ ဇရာမရဏ
ယင်းနှစ်ပါးတို့ကို အနာဂတ်ဖြစ်သောကာလ အဓွန့်ဟူ၍မှတ်။

သင်္ခါရဝိညာဏ်တို့၏ အကြားသည်ဟေတုဖလတစပ်မည်၏။ ။ဝေဒနာနှင့်တဏှါတို့၏အကြားသည်။ဖလဟေတုတစပ်မည်၏၊ ။ဘဝနှင့်ဇါတိတို့၏အကြားသည်။ဟေတုဖလတစပ်မည်၏။အစပ်သုံးပါးတည်း။ ။

အဝိဇ္ဇာသင်္ခါရ။ ယင်းနှစ်ပါးတို့သည်၊ ရှေ့ဦးစွာသော။ ဧကသင်္ဂဟပထမအလွှာမည်၏။ ၁ ။

ဝိညာဏ်။နာမ်ရုပ်။ သဠာယတန။ဖဿ။ ဝေဒနာ။၎င်းငါးပါးတို့သည်။ကောသဂ်ဟာဒုတိယအလွှာမည်၏။ ၂ ။

တဏှာ။ဥပါဒါန်။ဘဝ။ ၎င်းသုံးပါးတို့သည်။သုံးခုမြောက်ဖြစ်သောကောသဂ်ဟာတတိယအလွှာမည်၏။ ၃ ။

ဇာတိ။ဇရာမရဏ။ ၎င်းနှစ်ပါးတို့သည်။ လေးခုမြောက်ဖြစ်သောကောသဂ်ဟာ။စတုတ္ထအလွှာမည်၏။ ၄ ။

အဝိဇ္ဇာသင်္ခါရာကောသဂ်ဟော။ဝိညာဏာ၊နာမရူပ။သဠာယတန။ဖဿ။ ဝေဒနာ။ ဒုတိယော။ တဏှုပါဒါန။ ဘဝါတတိယော။ဇာတိဇရာမရဏံစတုတ္ထော။ ဧဝမိဒံစတုဘောဇသဂ်ဟန္တိဝေဒိတဗ္ဗံ။ ။ဟူသောဝိသုဒ္ဓိမဂ်။ သမ္မော။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာစသည်တို့နှင့်အညီ။ သရုပ်အားဖြင့်အလွှာလေးပါးတို့ကိုမှတ်။ ။အလွှာလေးပါးဟူသည်လည်း။ အပုံအစုလေးခုဆိုလိုသည်။ ။စတုသင်္ခေပေါတိစတုရာသိ။ ဟူ၍ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဖွင့်သည်ကိုရှု။ ။

---

## ၄၈။ အခြင်းအရာနှစ်ဆယ်ကိုပြခြင်း။

အတီတေဟေတုယောပဉ္စ။ ဣဒါနိဖလပဉ္စကံ။ဣဒါနိဟေတုယောပဉ္စ။အာယတိံဖလပဉ္စကံ။ဟူသောအဋ္ဌကထာကြီးအဋ္ဌကထာငယ်။ဋီကာ၊ဒီပနီတို့၌လာသောဂါထာပါဌ်နှင့်အညီ။အဝိဇ္ဇာ။သင်္ခါရ။တဏှာ။ဥပါဒါန်။ဘဝ။ ဤတရားငါးပါးတို့သည်။အတိတ်၌ဖြစ်သောအကြောင်းတရားတို့မည်ကုန်၏။ ။ဤတရားငါးပါးတို့သည်ကားရှေ့အတိတ်ဘဝ၌ဖြစ်၍။ဤပစ္စုပ္ပန်ဘဝ၌ပဋိသန္ဓေ၏အကြောင်းဖြစ်ကြကုန်၏ ဟူလိုသည်။ ။အလွှာတပါးဟူ၍လည်းဆိုအပ်ကုန်သည်။ ။ဤအတိတ်အကြောင်းငါးပါးတို့ကိုဆိုရာ၌။အဝိဇ္ဇာ။သင်္ခါရ။ဟူသောအင်္ဂါနှစ်ပါးကိုသာ။အတိတ်တရားအလွှာတပါးဟူ၍ ဆိုအပ်ပြားသော်လည်း။ အဝိဇ္ဇာဂဟဏေနကိလေသဘာဝသာမညတောတဏှုပါဒါနာဂဟိတာ။ သင်္ခါ

ရဂ္ဂဟာဓောနကမ္မဘါဝသါမညတော်ဘဝေါဂဟိတော်။ဟူသော
သာရတ္ထဒီပနီ။ဋီကာကျော်၊စသည်တို့နှင့်အညီ။အဝိဇ္ဇာကိုယူသ
ဖြင့်။ယူရလျှင်။ကိလေသါချင်းတူသောကြောင့်။တဏှာဥပါဒါန်
တို့ကိုယူအပ်ကုန်၏။ သင်္ခါရကိုယူသဖြင့်။ယူရလျှင် ကံဖြစ်ကြ
ချင်းတူသောကြောင့်။ ဘဝကိုယူရမည်။ တူလျှင်ပင်ယူရမည်
လော။အမေးရှိ၍။အဝိဇ္ဇာသင်္ခါရာနံတေဟိဝိနါသကိစ္စာကရဏာ
တော။ဟူသောဟိတ်ပါဌ်ကိုမိန့်အပ်ပြန်သတည်း။အဓိပ္ပာယ်မှာ
ထင်ရှားစွါ၏။ ။ဋင်းဋီကါတို့အလို။ ။တနည်းလည်း၊မသိမလိမ္မာ
သောသူမိုက်သည်။ဒုက္ခစသည်တို့၌မလိမ္မာတတ်မသိတတ်တွေ
တွေတတ်သောမောဟအဝိဇ္ဇာကြောင့်။အသါးတုံးဖြင့်ကောက်
သေါ်နေရာကိုဖုံး၍ထါးအပ်သေါ်ငါးမျှားသံချိတ်ကိုမျိုမှားသော
ငါးမိုက်။ရဲရဲပြီသောသံတွေခဲကို။ပုလဲလုံးရွဲလုံးမှတ်သား၍။တပ်
မှားစွဲကိုင်သေါ်ယေါက်ျားမိုက်တို့ကဲ့သို့။ထိုထိုဝတ္ထုကိုတပ်နှစ်
သက်လေ၏။တပ်နှစ်သက်၍ တဏှာဖြစ်သောသူအား။အားကြီး
စွာစွဲလမ်းတတ်သေါ်ဥပါဒါန်ဖြစ်၏။ဥပါဒါန်ဟူသေါ်အကြောင်း
ကြောင့်။ကမ္မဘဝဖြစ်၏။ထိုကြောင့်။ အဝိဇ္ဇာကိုယူလျှင်။အဝိနာ
ဘာဝနည်းအားဖြင့်။ တဏှာဥပါဒါန်ကမ္မဘဝတို့ကိုယူ၍။အတိတ်
အကြောင်းငါးပါးတို့ကိုဆိုပါကုန်သတည်း။ ။ထို့ကြောင့်။ ။ပု
ရိမကမ္မဘဝသ္မိံ မောဟောအဝိဇ္ဇာ။အာယူဟနာသင်္ခါရာ။နိကန္တိ
တဏှာ။ဥပဂမနံဥပါဒါနံ။ စေတနာဘဝေါ။ ဣတိဣမေပဉ္စဓမ္မာ
ပုရိမကမ္မဘဝသ္မိံဣဓပဋိသန္ဓိပစ္စယာ၊ ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိ
တော်၌။ ဓမ္မသေနာပတိမဟာသာရိပုတ္တရာ ဟောတော်မူအပ်
၏။ ။ပုရိမကမ္မဘဝသ္မိံ။ ရှေးအတိတ်ဖြစ်သောကမ္မဘဝကိုပြု
သည့်ရှိသော်။ ဝါ။ဖြစ်သည့်ရှိသော်။မောဟော။ ဒုက္ခတုံးဒုက္ခခဲ
ကြီးစသည်တို့၌ ဒုက္ခကြီးမှန်းမသိရအောင်။ ဖုံးလွှမ်းဖြွေးရှက်။
ကန့်ကွက်ပိတ်ပင်။ မမြင်မသိ စေတတ်သော မောဟသည်။ အ
ဝိဇ္ဇာ။အဝိဇ္ဇာမည်၏။ အာယူဟနာ။ကံကိုအားထုတ်။ပြုလုပ်သော
ကာလပုရိမစေတနာတို့သည်။ သင်္ခါရာ။သင်္ခါရမည်ကုန်၏။နိ

ကန္တိ။ထိုကံ၏ အကျိုးဖြစ်သောဥပပတ္တိဘဝ၌ ကာမကိုတောင့်တခြင်းသည်။တဏှာ။တဏှာမည်၏။ဥပဂမနံ။ဘဝ၏အကြောင်းဖြစ်သော ကံကိုပြု၍။ ဤမည်သောဘဝ၌။ ကာမဂုဏ်ကိုခံစားလိုက်မဉ်စသည်ဖြင့်။လွန်လွန်ကဲကဲ။ မြဲမြဲကြီးစွဲယူသုံးသပ်ကပ်·ရောက်ခြင်းသည်။ဥပါဒါနံ။ဥပါဒါန်မည်၏။ စေတနာ။ပဋိသန္ဓေအကျိုးကိုပေးတတ်သောစေတနာသည်။ ဘဝေါ။ကမ္မဘဝမည်၏။ဣတိ။ဤသို့။ဣမေပဉ္စဓမ္မာ။ ဤငါးပါးသောတရားတို့သည်။ပုရိမကမ္မဘဝသ္မိံ။အတိတ်ဖြစ်သောဘဝ၌။ ကမ္မဘဝကိုပြုသည်ရှိသော်။ပြုရာ၌။ ပြုခြင်းကြောင့်။ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိယာ။ပဋိသန္ဓေ၏။ပစ္စယာ။အကြောင်းတို့မည်ကုန်၏။ ။ဤကားရင်းပါဠိတော်၏အနက်။ ။ပုရိမကမ္မဘဝသ္မိန္တိ ပုရိမေကမ္မဘဝေအတီတဇာတိယံကမ္မဘဝေကရိယမာနေတိအတ္ထော။စသောအဋ္ဌကထာ။သာရတ္ထဒီပနီဋီကာ။ ။ပုရိမကမ္မဘဝသ္မိန္တိ ပုရိမကမ္မဘဝေသတိ။တဿစသမ္ဘောကရိယမာနေတာဝေါတိအာဟကမ္မဘဝေကရိယမာနေတိအတ္ထောတိ။စသောမဟာဋီကာတို့ကိုထောက်၍ပါဠိတော်ကိုအနက်ယောဇနာအပ်၏။ ။ပါဠိတော်၏အဓိပ္ပာယ်ကား။ ။ရှေအတိတ်ကာလ။ဘဝဇာတိ၌။ ကမ္မဘဝကိုပြုသည်ရှိသော်။ဝါ။ဖြစ်သည်ရှိသော်။ဝါ။ပြုရာဖြစ်ရာ၌။တေဘုမ္မက။ဝဋ္ဋအစဉ်။ဒုက္ခသစ္စာစသည်တို့၌။ အပြစ်အာဒီနဝကို။ ဒုက္ခမှန်းမသိရအောင်ဖုံးလွှမ်းမြှေးရှက်။ကန့်ကွက်ပိတ်ပင်။မမြင်ဟုတ်တိုင်း။ဆိတားအုပ်ဆိုင်းတတ်သောအပဟိနမောဟသည်။ အဝိဇ္ဇာမည်၏။အကြင်မောဟဖြစ်သောအဝိဇ္ဇာဖြင့်။ဝါ။ကြောင့်။ ဘေးဒုက္ခကြီးကိုမမြင်။ စိတ်ကထင်တိုင်းကောင်းလိမ့်မည်အမှတ်နှင့်။ လူနတ်တို့ချမ်းသါကိုတောင့်တ၍။ထိုဘဝသို့ရောက်ကြောင်းဖြစ်သောကံကိုအါးထုတ်ပြုလုပ်သောအခါ။ပုရိမစေတနာတို့သည်။သင်္ခါရမည်ကုန်၏။ ။ပုရိမစေတနာဟူသည်ကား။ အလှူပေးအံ့ဟုစိတ်ကိုဖြစ်စေ၍။ တလပတ်လုံးရင်း။ တနှစ်ပတ်လုံးရင်း။ ဒါနအဆောက်အဦးတို့ကိုဆည်းစုပြုပြင်စီရင်သောပုဂ္ဂိုလ်အား။ဝါ။၏။

ပြုပြင်စီရင်သောအခါ။ တလတန်နှစ်လတန်။ အလှူခံလက်သို့အလှူဝတ္ထုမရောက်သေးသမျှကာလအတွင်း၌ ဖြစ်ကြသောစေတနာတို့တည်း။ ထိုစေတနာတို့သည်။ အာယူဟနသင်္ခါရမည်ကုန်၏။ ။အလှူခံပုဂ္ဂိုလ်၏လက်၌အလှူဝတ္ထုကိုလှူဆက်သောအခါ ဒက္ခိဏာ ပတိဋ္ဌာပက ပုဂ္ဂိုလ်၏ လှူဆဲသော စေတနာသည်။ ကမ္မဘဝမည်၏။ ။ဤစကားရပ်၌။ ဒါနကို။ ဥပလက္ခဏာ နိဒဿနနည်းမျှဖြင့်သာ ပြဆိုတော်မူသည်။ သီလဘာဝနာတို့၌ လည်း ဤနည်းကိုသာမှတ်အပ်၏။ ။အာယူဟနာတိ သမ္ပိဏ္ဍနကာဒါနာဒိကိရိယာယာပဝတ္တနကာ။ ။မဟာဋီကာကိုရှု။ ။တနည်းလည်း။ တခုသောအာဝဇ္ဇန်းရှိသောဝိထိ၌။ ဇောခြောက်ကြိမ်တို့တွင်ပါဝင်သောစေတနာတို့သည်။ အာယူဟနသင်္ခါရတို့မည်ကုန်၏။ သတ္တမဇောစေတနာသည်၊ ကမ္မဘဝမည်၏။ ။အဋ္ဌကထာနည်း။ ။တနည်းလည်း။ အမှတ်မရှိသော စေတနာသည်။ ကမ္မဘဝမည်၏။ စေတနာနှင့်သမ္ပယုတ်ဖြစ်သောတရားတို့သည်အာယူဟနသင်္ခါရမည်ကုန်၏။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်း။ ။တနည်းလည်း။ စေတနာ ဟူသမျှတို့သည် သင်္ခါရမည်ကုန်၏။ စေတနာနှင့်သမ္ပယုတ်ဖြစ်သောတရားတို့သည်။ ကမ္မဘဝမည်ကုန်၏။ ။ဝိဘင်းပါဠိတော်နည်း။ ။ကံကိုပြုသောသူအား။ ကံ၏အကျိုးဖြစ်သော ဥပပတ္တိဘဝ၌ကာမချမ်းသာကိုလိုချင်တောင့်တခြင်းသည် တဏှာမည်၏။ ဥပပတ္တိဘဝ၏အကြောင်းဖြစ်သောကံကိုပြု၍၊ ဤမည်သောဘုံဘဝဌာန၌။ ကာမဂုဏ်တို့ကိုမှီဝဲသုံးဆောင်ခံစားလိုက်မည်။ ၎င်းဘုံရပ်ဌာန၌။ ငါ၏အတ္တသည်။ ဝါ။ ငါသည်။ လွတ်ကင်းပြတ်စဲပပေတော့မည်စသည်ဖြင့်။ အားကြီးစွာ စွဲယူသုံးသပ် ကပ်ရောက်ခြင်းသည်ဥပါဒါန်မည်၏။ ။တဏှာနှင့်ဥပါဒါန်အထူးကိုအောက်ကပြဆိုအပ်ခဲ့ပြီ။ ။အာယူဟနသင်္ခါရ၏ အဆုံးဖြစ်သောစေတနာသည် ကမ္မဘဝမည်၏။ ။ဤသို့ပြဆို အပ်ခဲ့ပြီးသောအတိတ်အကြောင်းငါးပါးတို့သည်။ ယခုပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓေ

၏အကြောင်းဖြစ်ကြကုန်၏။ဟူလိုသည်။ ။ဤကားအတိတေဟေတုယောပဉ္စ။အရတည်း။ ။အတိတေပဉ္စဟေတုဓမ္မာဧကောဟောတု သင်္ခေပေါ။ ဟူ၍ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဖွင့်သောကြောင့်။ ၎င်းအတိတ်အကြောင်း ငါးပါးတို့ကို။ ဟေတုသင်္ခေပ။တလွှာဟူ၍လည်းမှတ်အပ်ကုန်၏။ ။

ဣဒါနိဖလပဉ္စကံအရကား။ ။ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ။ဤတရားငါးပါးတို့သည်။ ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သောအကျိုးတရားတို့မည်ကုန်၏။ အလွှာတပါးဟူ၍လည်း၎င်းတို့ကိုမှတ်အပ်ကုန်၏။ ။ဣဓပဋိသန္ဓိဝိညာဏံ၊ဩက္ကန္တိနာမရူပံ ပသာဒေါအာယတနံ၊ဖုဋ္ဌောဖဿော။ ဝေဒယိတံဝေဒနာ။ ဣတိဣမေ ပဉ္စဓမ္မာ ဣဓုပပတ္တိ ဘဝသ္မိံ ပုရေ ကတဿကမ္မဿပစ္စယာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။ ။ဣဓ။ဤပစ္စုပ္ပန်ဘဝ၌။ပဋိသန္ဓိ။အတိတ်ဘဝဟောင်းနှင့်၊ ယခုပစ္စုပ္ပန်ဘဝသစ်ကိုစပ်သည်၏အစွမ်းအားဖြင့် ဖြစ်သောစိတ်သည်။ဝိညာဏံ။ဝိညာဏ်မည်၏။ဩက္ကန္တိ။ရူပါရူပဓမ္မတို့၏ အမိဝမ်း၌လာ၍ဝင်သကဲ့သို့ သက်ခြင်းသည်။ နာမရူပံ။ နာမ်ရုပ်မည်၏။ပသာဒေါ။စက္ခုစသောပသာဒငါးပါးသည်။အာယတနံ။ အာယတနမည်၏။ ။ပသာဒေါအာယတနန္တိဣဓစက္ခာဒိပဉ္စကာယတနဝသေနဝုတ္တံ။ ။ဝိသုဒ္ဓိမဂ်။သမ္မော။ ။တနည်းကား။ ။ပသာဒေါ။ကြည်လင်သောသဘောသည်။အာယတနံ။အာယတနမည်၏။ ။ပသာဒေါအာယတနန္တိယော ပသန္နဘာဝေါ။ဣဒံအာယတနံ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ။ဖုဋ္ဌော။အာရုံကိုတွေ့ထိခြင်းသည်။ ဖဿော။ဖဿမည်၏။ ဝေဒယိတံ။ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော။ဝါ။သဠာယတနကြောင့်ဖြစ်သောဖဿနှင့်တကွဖြစ်သော၊ဝိပါက်နှင့်ယှဉ်သော။အာရုံကိုခံစားခြင်းသည်။ဝေဒနာ။ဝေဒနာမည်၏။ဣတိ။ ဤသို့။ဣမေပဉ္စဓမ္မာ။ဤငါးပါးသောတရားတို့သည်။ဣဓုပပတ္တိဘဝသ္မိံ။ ဤပစ္စုပ္ပန်ဖြစ်သော၊ဥပပတ္တိဝိပါကဘဝ၌။ ပုရေကတဿ။ ရှေးအတိတ်ဘဝ

ကပြုအပ်ပြီးသော။ကမ္မဿ။ကံ၏။ပစ္စယာ။ အကြောင်းကြောင့်။
ပဝတ္တန္တိ။ဖြစ်ကြကုန်၏။ ။ဤကားဒင်းပါဠိတော်၏အနက်။ ။
ကမ္မဿ။ကံအား။ပစ္စယာ။ကျေးဇူးပြုတတ်ကုန်၏။ ။ဤသို့အ
ချုပ်ညွှတ်၍အနက်သမွန်ကြကုန်၏။ ။ဇာရူပပတ္တိဘဝသ္မိံ ပုရေ
ကတဿကမ္မဿပစ္စယာတိပစ္စုပ္ပန္နံ ဝိပါကဘဝေအတီတဇာ
တိယံကတဿ ကမ္မဿ ပစ္စယေန ပဝတ္တန္တိ။ ဟူ၍ဖွင့်ပြအပ်
သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနှင့် မညီ။ ။အဓိပ္ပါယ်အ
ကျဉ်းကား။ ။အတိတ်ပစ္စုပ္ပန်ဘဝနှစ်ခုကို။ဂဟောဆော်သကဲ့
သို့။ကော်အစေးဖွဲ့သကဲ့သို့။စပ်တတ်သောပဋိသန္ဓိဝိပါက်စိတ်
သည်။ဝိညာဏ်မည်၏။ တစုံတခုသောအရပ်ကလာ၍။တစုံတ
ရာသောအပေါက်ကမဝင်သော်လည်း။ဝင်သကဲ့သို့၊ အမိဝမ်း၌
သက်သောရူပါရူပတရားသည်။နာမ်ရုပ်မည်၏။ ။ဤစကား
ဖြင့်။ဂဗ္ဘသေယျကာ၊ အဏ္ဍဇ ပုဂ္ဂိုလ်တို့ကို ပြအပ်ကုန်၏။ ။
စက္ခုစသောပသာဒငါးပါးသည်အာယတနမည်၏။ ။သမ္မော။
ဝိသုဒ္ဓိမဂ်တို့အလို။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ကား။ပသန္န
ဘာဝပသာဒကိုဖွင့်ပြတော်မူသောကြောင့်။ မနာယတနပါယူ
စေလိုသည်။ ။ပဘာဿရမိဒံဘိက္ခဝေစိတ္တံတဉ္စခေါအာဂန္တု
ကေဟိဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ ဟူသောအင်္ဂုတ္တိုရ်ပါဠိ
တော်မြတ်၌။စိတ္တအရ။ ဘဝင်စိတ်ကိုယူအပ် အလိုရှိအပ်သော
ကြောင့်။ ပဋိသန္ဓေနောင်ဖြစ်သော။ မနာယတန၏ ဘဝင်ကိစ္စ
တပ်သောဝိပါက်စိတ်ဖြစ်သောကြောင့်ဒင်း။ကိလေသာတည်း
ဟူသောနောက်ကျုခြင်း ကင်းသဖြင့် ကြည်လင်သောကြောင့်
ဒင်း။ပဘာဿရ၊ ပသာဒဆိုအပ်ရကား။ ထိုဘဝင်စိတ်ကိုလည်း။
မနာယတနဟူ၍ပင်မှတ်။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆရာ
သည်။ဤအင်္ဂုတ္တိုရ်ပါဠိတော်ကို ရည်ဟန်ရှိသည်။ ။ဘိက္ခ
ဝေ။ပဋိစ္စသမုပ္ပါဒ်။စက်ရဟတ်၌။မပြတ်ဖြစ်မြဲ။ဝဋ်ဆင်းရဲကို။မြဲ
မြဲကြီးရှုပွား၊ ငါ့ချစ်သားတို့။ဇာဒိစိတ္တံ။ဤဘဝင်စိတ်သည်။ပဘာ
ဿရံ။မြိုးပြက်ဖြူဖွေး။ ညစ်ကြေးမတင်။ သန့်ကြည်လင်၏။တဉ္စ

ခေါ်။ ထိုသို့ဖြူဖွေး။ ညစ်ကြေးမတင်။ ကြည်လင်ရောင်ဖိတ်ဘဝင် စိတ်သည်လည်း။ အာဂန္တုကေဟိ။ ဧည့်သည်ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ။ နောက်ဓောခဏာ၊ ဖြစ်ကုန်ကြသော။ ရာဂစရှိ၊ ကိလေသာညစ်ကြေးတို့ကြောင့်။ ဝါ။ ဖြင့်။ ဥပက္ကိလိဋ္ဌတ္တာ။ မဖြူမဖွေး။ ညစ်ထေးလေသည်၏ အဖြစ်ကြောင့်။ ဝါ။ ဥပက္ကိလေသေဟိ။ တို့သည်။ ဥပက္ကိလိဋ္ဌတ္တာ။ အရောင် အသွေး။ မဖြူဖွေးအောင်။ ညစ်ထေးစေအပ်သည်၏ အဖြစ်ကြောင့်။ ဥပက္ကိလိဋ္ဌံ။ ညစ်နွမ်းရလေ၏။ ။၎င်းပါဠိတော်၏အနက်။ ။ပဘဿရံ ပဏ္ဍရံပရိသုဒ္ဓံ။ စိတ္တန္တိဘဝင်စိတ္တံ။ စသည်ဖြင့်အင်္ဂုတ္တိုရ်အဋ္ဌကထာဖွင့်သည်ကိုရှု။ ။တမေဝပရိသုဒ္ဓမ္မနပဏ္ဍရံ။ ဘဝင်္ဂံ သန္တာနယတံဝုတ္တံ။ ။အဋ္ဌသာလိနီ။ ။ဖဿ၊ ဝေဒနာတို့ကား။ ထင်ရှားသိသာလောက်ပြီ။ ။ဤဝိညာဏ်စသောအကျိုးတရားငါးပါးတို့သည်။ ယခုပစ္စုပ္ပန်ဘဝ၌။ ရှေးအတိတ်ဘဝက။ အဝိဇ္ဇာစသော အကြောင်းတရား ငါးပါး တို့ကြောင့် ဖြစ်ကုန်၏။ ။ကမ္မဿပစ္စယာဟူသော၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ ကမ္မဿဟုဆိုငြားသော်လည်း။ ပဓာန၊ ဥပလက္ခဏာ၊ နိဒဿန၊ နည်းမျှသာ။ စင်စစ် အားဖြင့် အတိတ် အကြောင်း ငါးပါးတို့ကြောင့်ပင်၊ ၎င်းအကျိုးတရားများသည်ဖြစ်ပွါးကြကုန်၏။ ဟူ၍မှတ်ရမည်။ ။ဤကား ဣဒါနိဖလ ပဉ္စကံအရတည်း။ ။ ပစ္စုပ္ပန္နေပဉ္စဖလ ဓမ္မာဧကောဖလသင်္ခေပေါ၊ ဟူ၍ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ဖွင့်ပြတော်မူသောကြောင့်။ ၎င်းပစ္စုပ္ပန်အကျိုးငါးပါးတို့ကို။ ဖလသင်္ခေပတလွှာဟူ၍သိလေ။ ။

ဣဒါနိဟေတုယောပဉ္စအရကား။ ။အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ ဤတရားငါးပါးတို့သည်။ ယခုပစ္စုပ္ပန်၌ဖြစ်သောအကြောင်းတရားတို့မည်ကုန်၏။ အလွှာတပါးဟူ၍လည်း၊ ၎င်းတို့ကိုမှတ်အပ်ကုန်၏။ ။ဤပစ္စုပ္ပန်အကြောင်းငါးပါးတို့ကိုပြဆိုရာ၌။ ။နိတတ္တ။ နိဒဿန၊ စသောနည်းအားဖြင့်။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့သာပါဠိတော်၌လာသော်လည်း။ နေ

ယျတ္တ။ အဝိနာဘာဝ၊ စသောနည်းအားဖြင့်။ အဝိဇ္ဇာသင်္ခါရတို့
ကိုလည်း ယူအပ်ကုန်၏။ ။ယူဟန်ကား။ အလှူခံပုဂ္ဂိုလ်၏
လက်၌။အလှူဝတ္ထုကိုပေးလှူသောပုဂ္ဂိုလ်၏။ လှူဆဲခဏ၌၊သတ္တ
မဇောစေတနာဟုဆိုအပ်သော။ကမ္မဘဝကိုယူရလျှင်။ ထိုကမ္မ
ဘဝ၊သတ္တမဇောစေတနာ၏ရှေ့။ ဇောခြောက်ချက်၌ဖြစ်သော
စေတနာသင်္ခါရတို့ကိုလည်းယူအပ်ကုန်၏။ဝါ။ထိုစေတနာကမ္မ
ဘဝနှင့်၊သမ္ပယုတ် ဖြစ်ကြကုန်သော သင်္ခါရတို့ကို လည်းယူ
အပ်ကုန်၏။ ။တဏှာဥပါဒါန်တို့ကို ယူသဖြင့်လည်း။ ထိုတ
ဏှာဥပါဒါန်တို့နှင့်သမ္ပယုတ်ဖြစ်သော အဝိဇ္ဇာကိုလည်းယူအပ်
၏။တနည်းလည်း။အကြင်အဝိဇ္ဇာဖြင့်တွေဝေသောသူသည်၊ကံ
ကိုပြု၏။ ၎င်းကံ၏အကြောင်းဖြစ်သော ထိုအဝိဇ္ဇာကိုလည်းယူ
အပ်၏။ ။အဋ္ဌကထာနည်း။ ။ဋီကာနည်းကိုကား။အတိတ်
အကြောင်းငါးပါးတို့ကိုပြဆိုခဲ့ရာ၌ယူလေ။ ။နုသောအာယ
တနရှိသောကလေးသူငယ်တို့၏စိတ်ဖြစ်ခြင်းသည်။ ဘဝင်သာ
လျှင်အကျများသောကြောင့်။ဘဝန္တရအနာဂတ်ဘဝ၌။ပဋိသန္ဓေ
ကိုဖြစ်စေတတ်သော ကံဖြစ်အောင် အားထုတ်ခြင်းငှါ မစွမ်း
နိုင်။ရင့်သော အာယတနရှိသောသူ၏။ ကံကိုစိမံ ပြုလုပ်အား
ထုတ်သောကာလ၌။ ကမ္မဘဝ၏အကြောင်းဖြစ်သော၊အဝိဇ္ဇာ၊
သင်္ခါရ၊တဏှာ၊ဥပါဒါန်၊ တို့သည်ဖြစ်လာကြကုန်၏။ ။ထို
ကြောင့်။ ။ဣဓပရိပက္ကတ္တာအာယတနာနံ၊ မောဟောအဝိဇ္ဇာ။
အာယူဟနာသင်္ခါရာ၊ နိကန္တိတဏှာ။ ဥပဂမနံဥပါဒါနံ၊စေတ
နာဘဝေါ၊ ဣတိဣမေပဉ္စဓမ္မာ၊ ဣဓကမ္မဘဝသ္မိံ အာယတိံပဋိ
သန္ဓိယာပစ္စယာ။ ဟူ၍၊အဂ္ဂဓမ္မသေနာပတိ မဟာသာရိပုတ္တရာ
ဟောကြားတော်မူသည်။ ။ဣဓ။ဤပစ္စုပ္ပန်ဘဝ၌။အာယတနာ
နံ။အာယတနတို့၏။ပရိပက္ကတ္တာ။ရင့်ပြီးသည်၏အဖြစ်ကြောင့်။ပရိ
ပက္ကာယတနဿ။ အာယတနရင့်ပြီးသောပုဂ္ဂိုလ်၏။ ကမ္မကရ
ဏကာလေ။ကံကိုပြုသောအခါ၌။ ။အဋ္ဌကထာ။ဋီကာသာရတ္ထ
တို့နှင့်အညီထည့်လိုက်။ ။မောဟော။ကံဖြစ်ခြင်း၏အကြောင်း

ဖြစ်သောမောဟာသည်။အဝိဇ္ဇာ။အဝိဇ္ဇာမည်၏။ ။အကြွင်းရှေ့နည်းအတိုင်း။ ။ဇာတိ။ဤသို့။ ဇာတိကမ္မဘဝသို့ ။ ဤပစ္စက္ခဝယ်ကမ္မဘဝကိုပြုရာ၌။ပဝတ္တာ။ ဖြစ်ကုန်သော။ ဇာမေပဥ္စဓမ္မာ။တို့သည်။အာယတိ ။နောင်အနာဂတ်ဘဝ၌၊ပဋိသန္ဓိယာ။ပဋိသန္ဓေ၏။ပစ္စယာ။ အကြောင်းတို့မည်ကုန်၏။ ။ဤကား၊ ၎င်းပါဠိတော်၏အနက်။ ။ပရိပက္ကာယတနာနန္တိပရိပက္ကာယတနဿကမ္မကရဏကာလေမောဟာဒယောဒဿိတာ။ ဟူ၍ပဋိသန္ဓိဒါမင်္ဂအဋ္ဌကထာဖွင့်ပြသည်ကိုထောက်ရှုလျှင်။ပရိပက္ကတ္တာဟူသောပါဠိတ်ကို။အဝိဇ္ဇာစသောအကြောင်းတရားတို့နှင့်ဆက်ဆံသောအဖြစ်ကိုမှတ်ယူအပ်၏။ ။ဇာဝပရိပက္ကာယတနာနန္တိပရိပက္ကာယတနဿ ကမ္မကရဏ ကာလေ သမ္မောဟော ဒဿိတော။ဟူ၍မောဟတခုကိုသာ။ဝိသုဒ္ဓိမဂ်။ သမ္မောဟဝိနောဒနီအဋ္ဌကထာတို့၌ ဖွင့်ပြတော်မူသည်။ ။မဆန့်စေလင့်။ ။ကြွင်းအဓိပ္ပါယ်ကို။ အတိတ်အကြောင်းငါးပါးတို့ကို ပြဆိုရာ၌ကြည့်။ ။ဤကားဇာဒါနိဟေတုယော ပဉ္စအရတည်း။ ။ပစ္စုပ္ပန္နေပဉ္စဟေတု ဓမ္မာဧကော ဟေတုသခေ်ပေါ။ ဟူ၍ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ ဖွင့်ပြသော ကြောင့်။ ၎င်းပစ္စုပ္ပန်အကြောင်းငါးပါးတို့ကိုဟေတုသခေ်ပတလွှာဟူ၍မှတ်။ ။

အာယတိ ဖလ ပဉ္စကံအရကား။ ။ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန။ဖဿ၊ဝေဒနာ၊ဤတရားငါးပါးတို့သည်။ အနာဂတ်၌ဖြစ်သောအကျိုးတရားတို့မည်ကုန်၏။ ။ဤအနာဂတ်အကျိုးတရားတို့ကိုပြဆိုရာ၌။ဇာတိ၊ဇရာမရဏဟူသော အင်္ဂါနှစ်ပါးတို့ကိုသာ။ အနာဂတ်ဘရားအလွှာတပါးဟူ၍ဆိုအပ်ငြားသော်လည်း။ ဇာတိကိုအနာဂတ်တရားဟုယူရလျှင်။ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ။ ဤတရားငါးပါးတို့ကိုလည်း၊ဇာတိနှင့်ကင်း၍မဖြစ်နိုင်သောကြောင့်။အနာဂတ်အကျိုးတရားတို့ဟူ၍ယူအပ်ကုန်၏။ ဇရာမရဏ ဟူသည်လည်း။ တခြားမဟုတ်၊ ထိုဝိညာဏ်စသောတရားငါးပါးတို့၏သာလျှင်၊ဇရာမရ

ဏာဖြစ်လေသောကြောင့်။ ဇရာမရဏကို အနာဂတ် အကျိုးတ
ရားဟုယူလျှင်လည်း။ ၎င်းဝိညာဏ်စသောငါးပါးလုံးကိုပင်ယူ
အပ်၏။ ။ထို့ကြောင့်။ ။အာယတိံပဋိသန္ဓိဝိညာဏံ၊ဩက္ကန္တိ
နာမရူပံ၊ပသာဒေါအာယတနံ၊ဖုဿောဖဿော၊ ဝေဒယိတံဝေဒ
နာ၊ဣတိဣမေပဉ္စဓမ္မာအာယတိံ ဥပပတ္တိဘဝသ္မိံ ဣဓကတဿ
ကမ္မဿပစ္စယာ။ ဟူ၍ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ အဂ္ဂဓမ္မသေ
နာပတိမဟာသာရိပုတ္တရာမိန့်မှာဟောကြားတော်မူသည်။ ။
အနက်အဓိပ္ပါယ်တို့ကို၊ ပစ္စုပ္ပန်အကျိုးငါးပါးတို့ကိုပြရာ၌၊ ရေး
သားဖော်ပြအပ်ခဲ့ကုန်ပြီ။ ။ဤကားအာယတိံဖလပဉ္စကံအရ
တည်း။ ။အနာဂတေပဉ္စဖလဓမ္မာဧကောဖလသင်္ခေပေါ။ဟူ
၍၎င်းအဋ္ဌကထာ၌ဖွင့်ပြတော်မူသောကြောင့်။အနာဂတ်အကျိုး
ငါးပါးတို့ကို။ ဖလသင်္ခေပတလွှာ ဟူ၍လည်းမှတ်အပ်၏။ ။
ဤသို့ပြဆိုခဲ့ပြီးသည့်အတိုင်း။အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဥပါဒါန်၊
ကမ္မဘဝ။ဟူ၍အတိတ်၌အကြောင်းငါးပါး။ ။ဝိညာဏ်၊နာမ်
ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ။ဟူ၍ပစ္စုပ္ပန်အကျိုးငါးပါး။ ။
အဝိဇ္ဇာ၊ သင်္ခါရ၊တဏှာ၊ ဥပါဒါန်။ ကမ္မဘဝ။ ဟူ၍ ပစ္စုပ္ပန်အ
ကြောင်းငါးပါး။ ။ဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန၊ ဖဿ၊
ဝေဒနာ။ ဟူ၍အနာဂတ်အကျိုးငါးပါး။ အားဖြင့်အခြင်းအရာအာ
ကာရ။ ကောဋ္ဌာသနှစ်ဆယ်တို့ကိုအကျဉ်း မှတ်သား အပ်ကုန်
၏။ ။ဝီသတာကာရေဟိတိဝီသတိယာကောဋ္ဌာသေဟိ။ဟူ
သောပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကိုရှု။ ။ဝိသုဒ္ဓိမဂ်၌အကန့်ဆို
၏။ ။ဧတေဟိပနဝီသတိယာအာကာရသင်္ခါတေဟိ အရေ
ဟိ။ ။ဝိသုဒ္ဓိမဂ်။ ။အခြင်းအရာနှစ်ဆယ်တို့ကိုလေးစုပြု၍။
တစုကိုတလွှာစီယူ။ လေးလွှာဖြစ်၏။ ထိုအလွှာ လေးခုတို့၏အ
ကြား၌အစပ်သုံးပါးတို့ကိုလည်း မှတ်သားအပ်ကုန်၏။ ။အ
ခြင်းအရာနှစ်ဆယ်တို့တွင်။ အကြောင်းတရားဆယ်ပါးကိုတစု
ပြု။ အကျိုး တရား ဆယ်ပါးကို တစုပြု။ ထိုနှစ်စု တို့တွင်။ အ
ကြောင်းတရား ဆယ်ပါး တစုသည်။ ကမ္မသင်္ဂဟမည်၏။ ကံ

လည်းမည်၏။ ကမ္မသဟေ္မပလည်းမည်၏။ ကမ္မဝဋ်လည်းမည်၏။ ကမ္မဘဝလည်းမည်၏။ ကမ္မပဝတ္တလည်း မည်၏။ ကမ္မသန္တတိ လည်းမည်၏။ ကမ္မကိရိယာလည်းမည်၏။ ။အကျိုးတရား ဆယ်ပါး တစုသည်။ ဝိပါကဝဋ္ဋလည်းမည်၏။ ဝိပါကလည်း မည်၏။ ဝိပါကသဟေ္မပလည်းမည်၏။ ဝိပါကဝဋ်လည်းမည်၏။ ဝိပါကဘဝလည်းမည်၏။ ဝိပါကပဝတ္တလည်းမည်၏။ ဝိပါက သန္တတိလည်း မည်၏။ ကိရိယာဖလလည်း မည်၏။ ။အ ကြောင်းအကျိုးတူရာကိုပေါင်း၍ဆိုသည်။ ။

---

## ၄၄။ ဝဋ်သုံးပါးကိုခွဲ၍ပြခြင်း။

ဝဋ်သုံးပါး ဟူသည်ကား။ သင်္ခါရ၊ ကမ္မ ဘဝ၊ နှစ်ပါးအ ပေါင်းသည်။ ကမ္မဝဋ်မည်၏။ ။အဝိဇ္ဇာ၊ တဏှာ။ ဥပါဒါန်။ ဤ သုံးပါးအပေါင်းသည်။ ကိလေသဝဋ်မည်၏။ ။ဝိညာဏ်။ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ဤငါးပါးအပေါင်းသည်။ ဝိပါကဝဋ်မည်၏။ ။ဥပပတ္တိဘဝ၊ ဇာတိ။ ဇရာမရဏတို့ကို။ ထိုငါးပါး၌အတွင်းဝင်လေပြီးဖြစ်သောကြောင့် အဋ္ဌကထာကြီး တို့၌မဆိုမမိန့်ကုန်။ ။အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ကား။ ပြဆိုခဲ့ပြီးသောကမ္မဝဋ်၊ ကိလေသဝဋ်တို့မှကြွင်းကျန်သောတ ရားအပေါင်းကို။ ဝိပါကဝဋ်ဟူ၍ သိမ်းယူ ရေတွက် တော်မူ သည်။ ။ဤဆိုအပ်ခဲ့ပြီးသောဝဋ်သုံးပါးတို့တွင်။အကြင်မျှလောက် သောကာလပတ်လုံး၊ ကိလေသဝဋ်မပြတ်မစဲသေး။ ထိုမျှလောက် သော ကာလပတ်လုံး အကြောင်း ပစ္စည်း မပြတ် သေးသော ကြောင့်။ပဋ္ဌာယုပ္ပန်အကျိုးတရားတို့သည်မပြတ်မစဲနိုင်ဘဲ၊ တလဲ လဲလည်သဖြင့်။ အတည်မကျ။ ဝဋ္ဋဒုက္ခ။ ဘဝစက် ဖြစ်ရေးကို။ တွေးဆဆင်ခြင်။ မျှော်မြင်အောက်မေ့။ စေ့စေ့စပ်စပ်။ကြည့်ရှု အပ်၏။အကြောင်းဝဋ်ပြတ်စဲမှသာ၊ အကျိုးဝဋ်လည်း ပြတ်စဲရာ သတည်း။ ။ဒေဝံ့သမုပ္ပန္နမိဒံသပောတုကာံ။ ဒုက္ခံ အနိစ္စံ စလမိတ္တ

ရဋ္ဌပုံ။ ဓမ္မေဟိဓမ္မာပဘာဝန္တိ ဟောတုသော။ နဟေတ္ထ အတ္တာစပ
ရောစဝိဇ္ဇတိ။ ။ဓမ္မာဓမ္မေသဉ္ဇနေန္တိ။ဟောတုသမ္ဘာရပစ္စယာ။
ဟောတုနဉ္စနိရောဓာယ။ဓမ္မာဗုဒ္ဓေနဒေသိတော။ ။ဟောတုသု
ဥပရုဒ္ဓေသု။ဆိန္နံဝဋ္ဋံနဝဋ္ဋတိ။ဝေံဒုက္ခဿန္တကိရိယာယ။ ပြဟ္မစရိယိ
ဝိဇ္ဇတိ။ သတ္တေစနုပ လဗ္ဘန္တေ။ နေဝဂန္တွေဒါနုသာသတံ။ ။
သမ္မောဟာဝိနောဒနိ အဋ္ဌကထာ။ မဟာဋီကာစသည်။ ။သ
ဟေတုကံ။ အကြောင်းနှင့်တကွ။ ဝေံသမုပ္ပန္နံ။ ဤသို့ဆိုအပ်ခဲ့
ပြီး။နှစ်ဆယ်သောအခြင်းအရာအားဖြင့်ဖြစ်သော။ ဣဒံ။ဤပဋိစ္စ
သမုပ္ပါဒ်၊ ရဟတ်စကြာသည်။ဒုက္ခံ။မရပ်မတည်၊ လည်သည်
၏အဖြစ်ကြောင့်၊ စင်စစ်ဒုက္ခကြီးပါတကား။အနိစ္စံ။ ဖြစ်ပြီးကာ
လ၊ ပျက်စီးရ၍။ အနိစ္စမည်ချေ၏။ စလံ။ တုန်လှုပ် မှောက်လှန်။
ဘောက်ပြန်တတ်သောသဘောရှိ၏။ ဣတ္တရံ။ကာလရှည်ကြာ။
မတည်ပါ၍။တိုစွာလှချေ၏တကား။အဒ္ဓုဝံ။မြဲမြံတည်တံ့။ခိုင်ခံ့
ကြံ့စွာမရှိပါတကား။ ဟောတုသော။ အကြောင်းအားဖြင့်။ ဓမ္မေ
ဟိ။ အဝိဇ္ဇာစသော တရားတို့ကြောင့်။ ဝါ။မှ။ဓမ္မာ။ သင်္ခါရစ
သောအကျိုးတရားတို့သည်။ ပဘာဝန္တိ။မပြတ်မစဲ၊တလဲလဲဖြစ်
ကြကုန်၏။ဟိ။အကြောင်းကြောင့်ဖြစ်ကုန်၏ဟုဆိုသောစကား
သည် မမှားဧကန်စင်စစ်မှန်၏။ ဧတ္ထ။ ဤဘဝစကြာသံသရာ၌။
အတ္တာစ။ဘာသာဖြစ်တတ်ဖြစ်စေတတ်သော မိမိသည်၎င်း။ပ
ရောစ။၎င်း။နဝိဇ္ဇတိ။မရှိချေ။ ။ပြုပြင်တတ်သူဖြစ်တတ်သူမရှိ
ဟုလိုသည်။ ။ဟောတုသမ္ဘာရ ပစ္စယာ။ ဟိတ်ဟုသောအ
ဆောက်အဦ။ ပစ္စည်း ဟုကုန်သော။ ဝါ။ အသာဓာရဏ အ
ကြောင်း သာဓာရဏအကြောင်း တည်းဟုသော ပစ္စည်းဖြစ်
ကုန်သော။ ဓမ္မာ။ အဝိဇ္ဇာစသော အကြောင်း တရားတို့သည်။
ဓမ္မေ။သင်္ခါရစသော အကျိုးတရားတို့ကို။ သဉ္ဇနေန္တိ။ကောင်း
စွာဖြစ်စေကုန်၏။ဟောတုနဉ္စ။ အကြောင်းတရားတို့၏လည်း။ နိ
ရောဓာယ။ တပန်မရောက်။ချုပ်ပျောက်ခြင်းငှါ။ ဗုဒ္ဓေန။ကိုယ်
တော်မြတ်ဘုရားသည်။ ဓမ္မော။ တရားတော် မြတ်ကို။ ဒေသိ

တော။ ငှာတော်မူအပ်၏။ ။ ဟေတုသု။ အကြောင်းတရားတို့သည်။ ဥပရုဒ္ဓေသု။ ချုပ်ပျောက်ကုန်သည်ရှိသော်။ ဝဋ္ဋံ။ ဝဋ်တရားသည်။ နဝဋ္ဋတိ။ မလည်နိုင်။ ဆိန္နံ။ ပြတ်တော့၏။ ဧဝံ။ ဤသို့မလည်မပတ်။ ချုပ်ပြတ်ခဲ့သည်ရှိသော်။ ဧတဒေ။ ဤသါသနာတော်ပြတ်၌။ ဒုက္ခန္တကိရိယာယ။ ဆင်းရဲအားလုံး၊ အဆုံးကိုပြုခြင်းငှါ။ ဗြဟ္မစရိယံ။ မဂ်ဟုသတ်မှတ်။ အကျင့်မြတ်သည်။ ဝိဇ္ဇတိ။ ရှိ၏။ သတ္တေစ။ ပုဂ္ဂိုလ်သတ္တဝါကိုလည်း။ နုပလဗ္ဘန္တေ။ မရအပ်သည်ရှိခဲ့သော်။ ဥစ္ဆေဒေါ။ ဥစ္ဆေဒဒိဋ္ဌိသည်။ နဝဟောတိ။ မဖြစ်နိုင်သည်သာတည်း။ သဿတံ။ သဿတဒိဋ္ဌိသည်လည်း။ နဟောတိ။ ဖြစ်နိုင်တော့မည်မဟုတ်ပြီ။ ။ ဤကား ဝဋ်သုံးပါးတို့တည်း။ ။

---

## ၁၀၀။ ဘဝစက်ကိုသစ္စာပဘာဝအားဖြင့်ထင်ရှားပြခြင်း။

ဤသို့အကြောင်း မပြတ်သမျှ။ မရပ်မနား၊ ရဟတ်ချားသို့။ တံ့စားမတည် ၊လည်သောဘဝစကြာကို။ သစ္စာပဘာဝအားဖြင့် မှတ်သားအပ်၏၊ မှတ်သားပုံကား။ ။ သာသာဝဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံသည်။ သာမညအားဖြင့်သမုဒယသစ္စာမည်၏ဟူ၍ သစ္စာဝိဘင်း ပါဠိတော်၌ ဟောတော်မူသောကြောင့်။ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတရားတို့သည်။ အဝိဇ္ဇာတည်းဟူသော သမုဒယသစ္စာလျှင်အကြောင်းရှိသော သမုဒယသစ္စာမည်၏။ ဝိညာဏ်သည်သင်္ခါရတည်းဟူသော သမုဒယ သစ္စာလျှင် အကြောင်းရှိသော ဒုက္ခ သစ္စာ မည်၏။ နာမ်ရုပ်သည်၊ ဝိညာဏ် တည်း ဟူသော ဒုက္ခ သစ္စာလျှင် အကြောင်းရှိသောဒုက္ခသစ္စာမည်၏၊ သဠာယတနသည်၊ နာမ်ရုပ်တည်းဟူသော ဒုက္ခသစ္စာလျှင် အကြောင်းရှိသော ဒုက္ခသစ္စာမည်၏။ ဖဿသည်၊ သဠာယတနတည်းဟူသောဒုက္ခသစ္စာလျှင်ဖြစ်ကြောင်းရှိသော ဒုက္ခသစ္စာ မည်၏။ ဝေဒနာသည်။ ဖဿ

တည်းဟူသောဒုက္ခသစ္စာလျှင် ဖြစ်ကြောင်းရှိသော ဒုက္ခသစ္စာမည်၏။ တဏှာသည်၊ ဝေဒနာတည်းဟူသော ဒုက္ခသစ္စာလျှင်ဖြစ်ကြောင်းရှိသော သမုဒယ သစ္စာမည်၏။ ဥပါဒါန်သည်၊ တဏှာတည်းဟူသော သမုဒယသစ္စာလျှင်ဖြစ်ကြောင်းရှိသောသမုဒယသစ္စာမည်၏၊ ကမ္မဘဝသည်၊ ဥပါဒါန်တည်းဟူသောသမုဒယသစ္စာလျှင်ဖြစ်ကြောင်းရှိသောသမုဒယသစ္စာမည်၏။ ဥပပတ္တိဘဝသည်၊ ဥပါဒါန်တည်းဟူသော သမုဒယသစ္စာလျှင်ဖြစ်ကြောင်းရှိသောဒုက္ခသစ္စာမည်၏။ ဇာတိသည်၊ ကမ္မဘဝတည်းဟူသော သမုဒယ သစ္စာလျှင်ဖြစ် ကြောင်းရှိသော ဒုက္ခသစ္စာမည်၏။ ဇရာမရဏသည်။ ဇာတိတည်းဟူသော ဒုက္ခသစ္စာလျှင်ဖြစ်ကြောင်းရှိသော ဒုက္ခသစ္စာမည်၏။ ။ဤသို့သစ္စာပဘာဝအားဖြင့် ဤဘဝစက်ကို သိအပ် မှတ်အပ်၏။ ။သစ္စာပဘာဝ ပြီး၏။

---

## ၁၀၁။ ဘဝစက်ကိုကိစ္စအားဖြင့်ထင်ရှားပြခြင်း။

ဤဘဝစက်ကိုကိစ္စအားဖြင့်လည်းမှတ်သိအပ်၏။ ။ယသ္မာ ပနေတ္ထအဝိဇ္ဇာဝတ္ထုသုစ သတ္တေ သမ္မောဟေတိ ပစ္စယောစ ဟောတိ သင်္ခါရာနံ ပါတုဘာဝါယ။ စသောအဋ္ဌကထာ။ ။ ဝတ္ထုသူတိအာရမ္မဏေသု၊ ဒုက္ခာဒိသုဝါပဒို ဋ္ဌာဒေတဗ္ဗေသု၊ စသောဋီကာပါဌ်တို့နှင့်အညီ။ အဝိဇ္ဇာသည်။ အာရုံ၌။ဝါ။ဖုံးလွှမ်းပိတ်ပင်အပ်သောဒုက္ခတုံးဒုက္ခခဲကြီး၌။ သတ္တဝါအပေါင်းတို့ကို၊ ဒုက္ခကြီးမှန်းမသိရအောင်။ကောင်းကောင်းကြီးပြင်းပြစွာ တွေဝေစေတတ်၏။ သင်္ခါရတရားတို့၏ ဖြစ်ပွါးဘို့ရန် အကြောင်းလည်း ဟုတ်မှန်၏။ သင်္ခါရတို့ သည်လည်း။ ပြုပြင်အပ်သော သင်္ခတ တရား တို့ကိုလည်းပြုပြင်တတ်၏။ ဝိညာဏ်ဖြစ်ဘို့အကြောင်းလည်းဟုတ်၏။ ဝိညာဏ်သည်လည်း၊ ဝတ္ထုဖြစ်သော အာရုံကိုလည်းသိတတ်၏။နာမ်ရုပ်တို့၏အကြောင်းလည်းဟုတ်

၏။နာမ်ရုပ်သည်လည်း။ အချင်းချင်းလည်း ထောက်ပံ့တတ်၏။ သဋ္ဌာယတန၏ အကြောင်းလည်းဟုတ်၏။ သဋ္ဌာယတန သည်လည်း၊ မိမိတို့၏အာရုံ၌လည်း ဖြစ်တတ်၏။ဖဿ၏ အကြောင်းလည်းဟုတ်၏။ ဖဿသည်လည်း၊ အာရုံကိုလည်း တွေ့တတ်၏ ဝေဒနာ၏ အကြောင်းလည်းဟုတ်၏။ ဝေဒနာသည်လည်း၊ အာရုံ၏ အရ သာ ကို လည်း ခံ စား တတ် ၏။ တဏှာ ၏ အကြောင်းလည်း ဟုတ်၏။ တဏှာသည်လည်း။ တပ်နှစ်သက် ဘွယ်ဖြစ်သော အာရုံကိုလည်းတပ်မက်တတ်၏။ ဥပါဒါန်၏အကြောင်းလည်း ဟုတ်၏။ ဥပါဒါန်သည်လည်းစွဲလှမ်းအပ်သော ဘုံဘဝ ကာမ ချမ်းသာ တို့ကိုလည်း။ မြဲမြဲ ကြပ်ကြပ် စွဲလှမ်း တတ်၏။ ဘဝ၏ အကြောင်းလည်းဟုတ်၏။ ဘဝသည်လည်း အထူးထူးသော ဂတိတို့၌လည်း ပစ်ချ တတ်၏။ ဇာ တိ ၏ အကြောင်းလည်းဟုတ်၏။ဇာတိသည်လည်းခန္ဓါတို့ကိုလည်းဖြစ်စေတတ်၏။ ဇရာမရဏတို့၏ အကြောင်းလည်းဟုတ်၏။ ဇရာမရဏသည်လည်းခန္ဓာတို့၏ရင့်ခြင်းပျက်စီးခြင်းကိုလည်းစွဲ၍တည်၏။ ဘဝတပါး၌ထင်ရှားဖြစ်ဘို့အကြောင်းလည်းဟုတ်၏။ ဤသို့တပါးတပါးသောအင်္ဂါ၌ကိစ္စနှစ်ပါးစီအားဖြင့်လည်းဘဝစက်ကို သိမှတ်အပ်၏။ ။တေသံ အဘိ နိဗ္ဗတ္တိ ဘာဝေန ပဝတ္တတ္တာ။ ။ဇာတိ၌မှတ်။ ။သောကာဒိနံအဓိဋ္ဌာနတ္တာ။ ။ ဇရာမရဏ၌မှတ်။

---

## ၁၀၂။ အယူမှားကိုတားမြစ်ကြောင်းအားဖြင့်ပြခြင်း။

မိစ္ဆာဒိဋ္ဌိမိစ္ဆာဒဿနဖြစ်သောအယူမှားကိုတါးမြစ်ပိတ်ပင်ကြောင်းအားဖြင့်လည်းဤဘဝစက်ကိုမှတ်သိအပ်၏။ ။ယသ္မာ စေတ္ထအဝိဇ္ဇာပစ္စယာသင်္ခါရာတိဇ္ဇာဒိကာရကဒဿနနိဝါရဏံ။ အစရှိသောအဋ္ဌကထာပါဠ်နှင့်အညီ။အဝိဇ္ဇါကြောင့်သင်္ခါရတို့ ဖြစ်ကြကုန်၏ဟူသောစကားတော်သည် ဤသတ္တလောကကို

ပြုပြင်စီရင်ဖန်ဆင်းတတ်သော၊ ပရမိဿွာ။ ဗြဟ္မာဗိဿနိုး၊ တန်ခိုးကြီးသောသူရှိ၏ဟုယူသောပုဂ္ဂိုလ်တို့၏မိစ္ဆာဖြစ်သောအယူများကိုပယ်ရှားတားမြစ်ကြောင်းဖြစ်သောစကားတော်တည်း။ သင်္ခါရကြောင့်ဝိညာဏ်ဖြစ်၏ဟူသောစကားတော်သည်။ ဤဘဝမှတပါးသောဘဝသို့အတ္တသည် ရွှေ့ပြောင်း၏ဟူသောအယူကိုပယ်ရှားတားမြစ်ကြောင်းဖြစ်သောစကားတော်တည်း။ ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်၏ ဟူသော စကားတော်သည်။ အတ္တဟုတွေးတောကြံဆအပ်သော ဝတ္ထုအထည်ကိုယ်ဒြပ်၏။ ရုပ်တခြား နာမ်တခြားအထူးအပြားကို ပြခြင်းကြောင့်။ ၎င်းအထည်ကိုယ်ဒြပ်၌။ဝါ။၏။ အထူးအခြားမကွဲ။ တခဲနက်တည်းဟုမှတ်သော အမှတ်သညာများကို ပယ်ရှားတားမြစ်ကြောင်းဖြစ်သော စကားတော်တည်း။ ။ဝိညာဏ ပစ္စယာ နာမရူပန္တိ အတ္တာတိပရိကပ္ပိတဝတ္ထုနော ဘေဒဒဿနတော ဃနသညာနိဝါရဏံဟူသော အဋ္ဌကထာပါဌ်၌။ ဘေဒဟူသောပုဒ်ကို။ ပျက်စီးခြင်းဟူသောအနက်ကိုမယောဇနာလင့်။ အချို့ဆရာတို့ယောဇနာ၍အဓိပ္ပါယ်စကားကို ရေးသားကြ၏။ ။ပဉ္စန္နံ ခန္ဓာနံ အဘေဒတော ဧကောအတ္တာတိဂဟဏံ ဃနသညာ။ ဟူသော မဟာဋီကာနှင့်မညီ။ ။ရုပ်နာမ်မှတပါး။ခန္ဓါငါးပါးအခြားမရှိသည်ကိုနှလုံးပိုက်၍။ပဉ္စန္နံခန္ဓာနံဟူ၍၎င်းဋီကာမိန့်သတည်း။ ။

နာမ်ရုပ်ကြောင့်သဠာယတန။ပ။ဇာတိကြောင့် ဇရာမရဏ ဖြစ်၏ဟူသောစကားတော်သည်အတ္တသည်ရူပါရုံကိုမြင်၏။ သဒ္ဒါရုံကိုကြား၏။ဂန္ဓာရုံကိုနမ်း၏။ရသာရုံကိုလျက်၏။ဖေါဋ္ဌဗ္ဗာရုံကိုတွေ့၏။ဓမ္မာရုံကိုသိ၏။ အတ္တသည်အာရုံကိုတွေ့၏။ အတ္တသည်အာရုံ၏အရသာကိုခံစား၏။ အတ္တသည်အာရုံကိုတပ်၏။ အတ္တသည်အာရုံကိုစွဲစွဲမြဲမြဲယူ၏။ အတ္တသည်တဘဝ၌ဖြစ်၏။ အတ္တသည်ပဋိသန္ဓေနေ၏။အတ္တသည်အို၏သေ၏။ ဤသို့အစရှိသော အတ္တဝါဒီပုဂ္ဂိုလ်တို့၏ သက္ကာယဒိဋ္ဌိတည်းဟူသော အယူများကို။ ဆို့ပိတ်ပယ်ရှား။ ဟန့်တား တွန်းလှန်။ မြစ် ကန် ဆီးသွင့်

ကြောင်းဖြစ်သောစကားတော်တည်း။ ။ဤသို့မိန္တာအယူကို ပယ်ရှားတားမြစ် ပိတ်ပင်ကြောင်းအားဖြင့်လည်း ဤဘာဝစကက်ကိုသိမှတ်အပ်၏။

---

## ၁၀၃။ ဥပမာအားဖြင့်ဘာဝစကက်ကိုပြခြင်း။

ဥပမာအားဖြင့်လည်း မှတ်သိအပ်၏။ ။ယသ္မာပနေတ္ထသလက္ခဏာသာမညလက္ခဏာဝသေနဓမ္မာနံအဒဿနတောအန္ဓော ဝိယအဝိဇ္ဇာ။အစရှိသောအဋ္ဌကထာပါဌ်နှင့်အညီ။ရုပ်တရားနာမ်တရားတို့၏။ရုပ္ပန၊ နမနလက္ခဏာ။ဝါ။ကက္ခဠ ဖုသနအစရှိသော မိမိတို့၏သဘောလက္ခဏာအထူး။အနိစ္စတာအစရှိသောအများနှင့်ဆက်ဆံသောသာမညသဘောလက္ခဏာတို့၏ အစွမ်းအားဖြင့်။ ဟုတ်တိုင်း မှန်တိုင်း မမြင်သောကြောင့်၊ အဝိဇ္ဇာသည်။ မျက်စိနှစ်ဖက်စုံလုံးပျက်သောသူကန်းနှင့်တူ၏။ သူကန်း၏ဆင်းရဲဘို့ရန်ချွတ်ချော်တိမ်းပါးသကဲ့သို့။အဝိဇ္ဇါကြောင့်ဖြစ်သောသင်္ခါရတရားတို့ကိုမှတ်သားအပ်ကုန်၏။ချွတ်ချော်သော သူကန်း၏လည်းခြင်းကဲ့သို့။သင်္ခါရကြောင့် တခုသောဘာဝ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်ကို မှတ်အပ်၏။ လည်းသောသူကန်းအား၊ လဲခြင်းဟူသောအကြောင်းကြောင့်။သွေးပြည်ရှိအောင်းသော အမာအဘု အဖေါင်းကြီး ထင်ရှားဖြစ်ပေါ်လာသကဲ့သို့။ ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်ကို မှတ်အပ်၏။ အမာအဘုမှည့်ရင့်လတ်သော်အမာအဘုကွဲပေါက်ခြင်းအကျိုး ငှာ၊ ထိုအမာအဘု၏ အထက်၌။ အမာငယ်အမာဝ ဖြစ်ပေါ်လာသကဲ့သို့။ဝါ။အမာ၏ကွဲပေါက်ရာ၌။ ကွဲပေါက်ခြင်းကြောင့်။အမာငယ်များစွာဖြစ်ပေါ်လာသကဲ့သို့။နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနကို မှတ်အပ်၏။ ။ဂဏ္ဍဘေဒပိဠကာ ဝိယာတိ ဂဏ္ဍဘေဒနတ္ထံ ပစ္စမာနေ ဂဏ္ဍေ၊ တဿပိ ဥပရိဇာယမာနာ ခုဒ္ဒကပိဠကာဝိယ။ဂဏ္ဍဿဝါအနေကဓာဘေဒပိဠကာဝိယ။ ။

မဟာဋီကါဖွင့်သည်ကိုရှု။ ။ထိခိုက်မိစရာဟူသမျှသောဝတ္ထု
သည်။ အခြားကိုမထိခိုက်မူ၍။ မခံချင်စရာ။ အမာကိုချည်းထိ
ခိုက်မိသကဲ့သို့သဠာယတနကြောင့်ဖြစ်သော ဖဿကိုမှတ်အပ်
၏။ထိခိုက်ရိုက်နှက်မိခြင်းကြောင့်ဖြစ်သောနာကျင်ဆင်းရဲခြင်း
ကဲ့သို့။ဖဿကြောင့်ဖြစ်သော ဝေဒနာကိုမှတ်အပ်၏။ ။သုခ
ဝေဒနာ။ ဥပေက္ခာဝေဒနာရှိပါသော်လည်း။ ဝိပရိဏာမ ဒုက္ခ။
သင်္ခါရ ဒုက္ခတို့ကို မလွန်နိုင်သောကြောင့်။ ဒုက္ခဝေဒနာဟူ၍
သာဆိုရသည်။ ။တိဝိဓဒုက္ခတာဝသေနတိသန္နံပိဝေဒနာနံ
ဒုက္ခဘာဝတော။ ။မဟာဋီကာ။ ။ဒု၊ဝိ၊သင်ဟု။ ဒုသုံးခု။ရှု
လောတိဝိဓ။ ။နာကျင်ဆင်းရဲလှသောကြောင့်။ ဆေးဝါးဖြင့်
ကုစားခြင်းကို တောင့်တသကဲ့သို့။ ဝေဒနာကြောင့် တဏှာ
ဖြစ်သည်ကိုမှတ်အပ်၏။ ကုစားခြင်းကို တောင့်တ၍ရသဖြင့်။
တော်လှပြီငါ့အားဆေးကိုရလေစွဟု၊ ဆေးများကြီးကိုစွဲစွဲလှမ်း
လှမ်းယူများသကဲ့သို့။တဏှာကြောင့်ဖြစ်သော ဥပါဒါန်ကိုမှတ်
အပ်၏။စွဲလှမ်းယူများသောဆေးများကြီးကိုပွတ်သတ်လိမ်းကျံ
သကဲ့သို့။ဥပါဒါန်ကြောင့်ဖြစ်သောဘဝကိုမှတ်အပ်၏။ မလျော်
မသင့်သောဆေးများကြီးကိုလိမ်းသုတ်မိသောကြောင့်။ အမာ
မပျောက်ရုံသာမက။အမာဖေါက်ပြန်၍ ထင်ထင်ရှားရှား ကြီးဖြစ်
လာရပြန်သကဲ့သို့။ ဘဝကြောင့်ဖြစ်သောဇာတိကိုမှတ်အပ်၏။
အမာထပ်၍တဖန်ပေါ်ပေါက်ထင်ရှားဖြစ်ပြန်သောကြောင့်။ အ
မာဖေါက်ပြန်ကွဲအက် ပျက်စီးခြင်းဖြစ်သကဲ့သို့။ ဇာတိကြောင့်
ဖြစ်သောဇရာမရဏကိုမှတ်အပ်၏။ ။

---

## ၁၀၄။ တနည်းဥပမာအားဖြင့်ဒင်းဘဝစက်ကိုပြခြင်း။

တနည်းလည်း။ တိမ်သူလာဖုံးလွှမ်းသော မျက်စိရှိသောသူ
သည်။ ရူပါရုံကိုမမြင်နိုင်။မြင်ပင်မြင်ပါသော်လည်း။အမည်းကို
အဖြူ။အဖြူကိုအဝါစသည်ဖြင့် အဖေါက်ဖေါက်အပြန်ပြန် မြင်သ

ကဲ့သို့။ ဤအတူ အဝိဇ္ဇာမြွေးရှက် နှိပ်စက်ဖုံးအုပ်သော သူမိုက်သည်။ ဒုက္ခသစ္စါစသည်တို့ကိုမိုင်မိုင်နှိုင်နှိုင်မမြင်နိုင်။ ဟုတ်နိုးရာရာမြင်ပြန်ပါသော်လည်းအမှါးမှါးအယွင်းယွင်း။ အဖေါက်ဖေါက်အပြန်ပြန်။ အမှန်ကိုမမြင်နိုင်သောကြောင့်။ အဝိဇ္ဇာသည်။ တိမ်သူလာနှင့်တူ၏။ ပုထုဇဉ်မိုက်သည်။ ထိုတိမ်သူလါနှိပ်စက်သောသူနှင့်တူ၏။ ။အအိမ်လုပ်တတ်သော ပိုးသည်။ မိမိမှဖြစ်သောချည့်မျှင်ဖြင့်။ မိမိကိုယ်ကိုရစ်ပတ်သကဲ့သို့။ တဖန်ဘဝသစ်၌ဖြစ်စေတတ်သောသင်္ခါရတို့သည်။ မိမိကိုပင်လျှင်ဝဋ်တရား၌ပြုပြင်တတ်။ လည်စေတတ်ရစ်ပတ်တတ်သောကြောင့်အအိမ်ကိုလုပ်တတ်သောပိုးနှင့်တူကုန်၏။ ။လိမ္မာသောမှူးကြီးမတ်ရာသေနာပတိတို့သည်။ သိမ်းဆည်းစောင့်ရှောက် ထောက်ပင့်ကြည်းကြပ်ထိန်းကျောင်းအပ်သောမင်းသါးသည်။ မင်းစည်းစိမ်၌တည်တံ့နိုင်သကဲ့သို့။ မှူးမတ်နှင့်တူသောသင်္ခါရတို့သည်။ သိမ်းဆည်းပြုပြင်အပ်သောဝိညာဏ်သည်။ ဂတိငါးပါးတို့၌ တည်ရာကိုရခြင်းကြောင့်မင်းသားနှင့်တူ၏။ ။မျက်လှည့်သမားသည်။ အထူးထူးအပြားပြားသောမျက်လှည့်ရုပ်တို့ကိုပြသကဲ့သို့။ ပဋိသန္ဓေ၏အာရုံဖြစ်သော။ ကံ။ ကမ္မ။ ဂတိနိမိတ်တို့ကိုအာရုံပြုခြင်းကြောင့်။ မျက်လှည့်သမားနှင့်တူသောဝိညာဏ်သည် ပဋိသန္ဓေအခါ၌အထူးထူးအပြားပြားသောလူနတ်တိရစ္ဆာန်တို့၏နာမ်ရုပ်တို့ကိုဖြစ်စေတတ်ရကား။ နာမ်ရုပ်သည်မျက်လှည့်သမားတို့၏မျက်လှည့်ဝတ္ထုအရုပ်နှင့်တူ၏။ ။ကောင်းသောမြေအရပ်၌ပေါက်သောတောချုံသည်။ ကြီးပွားစည်ပင်ပြန့်ပြောသကဲ့သို့တည်ရာမြေနှင့်တူသောနာမ်ရုပ်ကြောင့်သဠာယတနသည် ကြီးပွားစည်ပင်ပြန့်ပြော ခြင်းသို့ရောက်ရကား။ တောချုံနှင့်တူ၏။ ။သံနှင့်ကျောက်ထိခိုက်ခတ်မိရာ။ မီးပွင့်သကဲ့သို့ ခွက်ခွင်းနှစ်ခုတို့ထိခိုက်ရာ၌အသံထွက်သကဲ့သို့။ ပွတ်ခုံနှင့်ဘက္ကပွတ်တံကိုနှိပ်လျှင်မီးဖြစ်သကဲ့သို့။ သံစသည်နှင့်တူသောအဇ္ဈတ္တိကာယတနတို့၏ကျောက်စသည်နှင့်တူသော ဗဟိရာယတနတို့နှင့် ရှေ့ရှုထိခိုက်

ခြင်းကြောင့်ဖသသဖြစ်ရကား ဖသသသည် အသံနှင့်လည်းတူ၏ မိးနှင့်လည်းတူ၏။ ။မိးနှင့်တွေ့ထိသော သူအားပူလောင်ခြင်း ဖြစ်သကဲ့သို့။မိးနှင့်တူသောဖသသနှင့်တွေ့သောသူအားပူလောင် ခြင်းနှင့်တူသော ဝေဒနာဖြစ်သည်ကိုမှတ်အပ်၏။ ။ဆားငံသ မုဒ္ဒရာရေကိုသောက်သော သူအားရေငတ်သကဲ့သို့။ဆားငံရေ နှင့်တူသော ဝေဒနာကိုခံစားသော သူအားရေငတ်ခြင်းနှင့် တူ သော တဏှာဖြစ်ပွားသည်ကို မှတ်သားအပ်၏။ ။ရေငတ် သောသူသည် ရေကိုတောင့်တသကဲ့သို့။ ရေငတ်သည်နှင့်တူ သော တဏှာဖြင့်အာရုံ၌ မက်မောတပ်တပ်။ ကပ်ငြိသောသူ အား။ဝါ။၏။ရေနှင့်တူသောဝါဘဝကိုတောင့်တစွဲလှမ်းခြင်းဥပါဒါန် ကိုမှတ်အပ်၏။ ။အာမိသ၌ တပ်မက်မောသောလောဘကြီး ဖြင့်။ ငါးမိုက်သည်မျှိမှားသောငါးမျှားသံချိတ်နှင့်တူသောဘဝ ကိုမှတ်အပ်၏။ ။မျိုးစေ့ရှိလျှင်အညွန့်အညှောက်ပေါက်ရောက် သကဲ့သို့။မျိုးစေ့နှင့်တူသောဘဝရှိလျှင်။အညွန့်အညှောက်နှင့်တူ သောဇာတိတရားဖြစ်သည်ကို မှတ်အပ်၏။ ။ပေါက်ရောက် စည်ကား သောသစ်ပင်သည်။ ဧကန်မချမြေ၌လည်းကျ။ ပျက် ပြားရသကဲ့သို့။ သစ်ပင်နှင့်တူသောဇာတိရှိသောသတ္တဝါအား။ မြေ၌ပြုန်းပြုန်း။ တုံးလုံးသစ်ပင်လည်းသည့်သွင်သို့။ အိုခြင်းသေ ခြင်းတရားထင်ရှားဖြစ်သည်ကိုမှတ်အပ်၏။ ။ဤသို့ပြဆိုခဲ့ပြီး သည့်အတိုင်း ဥပမာတို့ဖြင့်ဘဝစက်ကိုသိအပ်မှတ်အပ်၏။ ။

---

## ၁၀၅။ ဂန္တိရလေးပါးတို့ဖြင့်ဘဝစက်ကို ထင်ရှားပြခြင်း။

ဂန္တိရအားဖြင့်လည်း။ဤပဋိစ္စသမုပ္ပါဒ်ဘဝစက်ရဟတ်ကိုသိ မှတ်အပ်၏။ ။ကထံ။ ။ဤပဋိစ္စသမုပ္ပါဒ်သည်။အတ္ထအားဖြင့် ၎င်း။ဓမ္မအားဖြင့်၎င်း။ဒေသနာအခါးဖြင့်၎င်း။ ပဋိဝေဓအခါးဖြင့်၎င်း။ အလွန်သိခဲနက်နဲ့သည်၏အဖြစ်ကိုရဉ်ညွှန်းတော်မူ၍။ကူရတိုင်း။

ငခြေကျားပေါ်ရှိသာဒ်ကိုဆုံးမရာဖြစ်သောကြောင့်ကမ္ဘာသဒမ္ဘ
မည်သောနိဂုမ်းကြီး၌ သိတင်းသုံးတော်မူသောအခါ။အရှင်အာ
နန္ဒာသည်မြတ်စွာဘုရားသခင်ကိုလျှောက်ကြားသည်ကား။ ။
အစ္ဆရိယံဘန္တေအဗ္ဘုတံဘန္တေယာဝ ဂမ္ဘီရောစာယံဘန္တေပဋိစ္စသ
မုပ္ပါဒေါ ဂမ္ဘီရာဝဘာသောစ အထစပန မေဥတ္တာန ကုတ္တာန
ကောဝိယခါယတိ။ ဟူ၍ လျှောက်ကြားလေသည်။ ။ဒီဃနိ
ကာယ်။သံယုတ္တကနိကာယ်စသည်။ ။ဘန္တေ။မြတ်စွာဘုရား။
အယံပဋိစ္စသမုပ္ပါဒေါ။ ဤပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်သည်။
ယာဝ။အတိုင်းထက်အလွန်။ဂမ္ဘီရော။နက်လည်းနက်နဲ၏။ဂမ္ဘီ
ရာဝဘာသောစ။နက်နဲသောအရောင်လည်းရှိ၏။အထစပန။ယင်း
သို့အတိုင်းထက်ထူးချွန်။ အလွန်အကဲ။ နက်နက်နဲနဲ။နက်နဲရောင်
ထင်သဥ်ပင်ဖြစ်သော်လည်း။မေ။အကျွန်ုပ်အား။ဥတ္တာနကုတ္တာန
ကောဝိယ။ မနက်ရောင်တိမ်။ အလွန်တိမ် သကဲ့သို့။ဝါ။ ထိုထို
အင်္ဂါ။မြင်သါထင်ရှား။အတိမ်သားကဲ့သို့။ခါယတိ။ထင်၏။ဘန္တေ။
မြတ်စွာဘုရား။တယိဒံ။ထိုသို့ရချက်ခဲ။နက်နဲလျက်သား။ထင်ရှား
ပေါ်လွင်။တိမ်ရောင်ထင်ခြင်းသည်။အစ္ဆရိယံ။ လက်ဖစ်တတီး။
အံ့ဖွယ်စရာရှိလှပါ၏။ဘန္တေ။ မြတ်စွာဘုရား။တယိဒံ။သည်။အဗ္ဘုတံ။
မဖြစ်စဘူး။အထူးဖြစ်ပေါ်လာပါ၏။ ။ဤပါဠိတော်၌။ယာဝဟူ
သောပုဒ်ကို။ အစ္စန္တံသံယောဂအနက်ကိုမယောဇနာလင့်။ အချို
သရာသောဇနာသည်။ရင်းအနက်ကိုအဋ္ဌကထာတို့နှင့်မညီသော
ကြောင့်မမှတ်အပ်။ ။ယာဝဂမ္ဘီရောတိဧတ္ထယာဝသဒ္ဒေါပမာဏာ
တိက္ကမေ။အတိက္ကမ္မပမာဏံဂမ္ဘီရောအတိဂမ္ဘီရောတိအတ္ထော။
ဟူသောသုတ်မဟာဝါအဋ္ဌကထာ။နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ
တို့ဖွင့်ပြသဥ်ကိုရှု။ ။အစ္ဆရိယံဘန္တေအဗ္ဘုတံဘန္တေဟူသောပုဒ်
တို့ဖြင့်လည်း။ မိမိအားပေါ်လွင်ထင်ရှား။ တိမ်သည်များကိုအံ့
သြသောသည်ဟူ၍မှတ်။ ။အထစပန မေဥတ္တာနကုတ္တာနကော
ဝိယခါယတိတယိဒံအစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေတိ ဧဝံအတ္တ
နောဝိမှယံပကာသေန္တောပဉှံပုစ္ဆိတွာတုဏှီဘူတောနိသီဒိ။ဟူ

သောဒင်းအဋ္ဌကထါတို့အဖွင့်ကိုမျှော်။ ။ထိုအခါမြတ်စွာဘုရား
ကိုယ်တော်မြတ်သည်။အရှင်အါနန္ဒါလျှောက်ထါးသောစကါးကို
ကြါးသိတော်မူ၍ အါနန္ဒာသည်။ အထက်ဘဝဂ်ကို လက်လှမ်း
ကိုင်လိုသကဲ့သို့။မြင့်မိုရ်တောင်ကိုခွဲ၍။ တောင်ထဲကခြင်ဆီကို။
ထုတ်ယူ လိုသကဲ့သို့။ လှေသင်္ဘောကို ကြဉ်၍ သမုဒ္ဒရာ ပင်
လယ်။ရေပြင်ကျယ်ကို။ အကယ်စင်စစ်။ လက်ပစ်သာကူးလိုသ
ကဲ့သို့။နှစ်သိန်းလေးသောင်းအထုထုရှိစွာမဟာပထဝီမြေကြီးကို။
မှောက်လှန်ထောင်ပြီး၍။မြေကြီး၏သြဇာ။ မြေသွာမြေဆီကိုယူ
လိုဘိသကဲ့သို့။ဘုရားရှင်တို့အရာပြဿနာကိုအါနန္ဒာကမိမိအါး
ထင်ရှားပေါ်လွင်တိမ်၏ ထင်သောသညာအမှတ်အသားဖြင့်ငါ
ဘုရားကိုလျှောက်ထားလာဘိ၏ ဟုနှလုံးပြု၍။ ပဋိစ္စသမုပ္ပါဒ်တ
ရားမြတ်၏။အလွန်အကဲနက်နဲသည်၏အဖြစ်ကိုဟောကြါးတော်
မူခြင်းငှါ။ ။မာဟေဝံအါနန္ဒအဝစ။မာဟေဝံအါနန္ဒအဝစ။ဂမ္ဘီ
ရောစာယံအါနန္ဒပဋိစ္စသမုပ္ပါဒေါဂမ္ဘီရာဝဘာသောစ။ဧတဿ
အါနန္ဒဓမ္မဿအနနုဗောဓာ အပ္ပဋိဝေဓါဧဝမယံပဇါတန္တာကုလ
ကဇာတာ။ကုလာဂုဏ္ဍိကဇာတာ။ မုဉ္ဇပဗ္ဗဇဘူတာ။အပါယံဒုဂ္ဂ
တိံ ဝိနိပါတံသံသာရံ နာတိဝတ္တတိ။ ဟူ၍ ဟောကြါးတော်မူ
သည်။ ။အါနန္ဒ။အါနန္ဒာ။ ဧဝံ။ဤသို့တိမ်၏ပေါ်၏ ထင်ရှား၏
ဟူသောစကါးကို။ မာအဝစ။မဆိုလင့်။အါနန္ဒ။ အါနန္ဒာ။ဧဝံ။ဤ
သို့ထင်ရှားပေါ်လွင်။ တိမ်တိမ်ထင်၏ဟူသောစကါးကို။မာအ
ဝစ။မဆိုလင့်။ ။ဟကာရောနိပါတမတ္တံ။ ။အါနန္ဒ။အါနန္ဒာ။
အယံပဋိစ္စသမုပ္ပါဒေါ။ ဤပဋိစ္စသမုပ္ပါဒ်တရားမြတ်သည်။ ဂမ္ဘီ
ရောစ။နက်လည်းနက်နဲ၏။ ဂမ္ဘီရာဝဘာသောစ။ နက်နဲသောအ
ရောင်လည်းရှိ၏။ အါနန္ဒ။အါနန္ဒာ။ ဧတဿဓမ္မဿ။ ဤပဋိစ္စသ
မုပ္ပါဒ်တရားမြတ်ကို။အနနုဗောဓာ။ညာတပရိညာ၏အစွမ်းအါး
ဖြင့်လျော်စွာမသိခြင်းကြောင့်။အပ္ပဋိဝေဓါ။ တီရဏ။ပဟာနပရိ
ညာတို့ဖြင့်ထိုးထိုးထွင်းထွင်းမသိခြင်းကြောင့်။ဧဝံ။ ဤဆိုလတ္တံ့
သောအခြင်းအရာအါးဖြင့်။အယံပဇါ။ ဤသတ္တဝါအပေါင်းသည်။

တန္တာကုလကဇာတာ။ မကောင်းသဖြင့် ထားအပ်သည်ဖြစ်၍
ကြွက်စါးကြွက်ကိုက်သောယက်ကန်းသဉ်တို့၏ချည်သည်ရင်း
များမသိရှုပ်ထွေးသကဲ့သို့ ရှုပ်ထွေးသည်ဖြစ်၍။ ။တန္တာကု
လကဇာတာကိုတန္တံဝိယ အာကုလာဇာတာ။ စသည်ဖြင့်လာ
သောသံယုတ်အဋ္ဌကထာသုတ်မဟာဝါအဋ္ဌကထာတို့ကိုရှု။ ။
ကုလာဂုဏ္ဍိကဇာတာ။ယက်ကန်းသဉ်၏ချည်စာတင်နယ်သော
ချည်ထွေးသည် ရင်းဖျားမှန်းမသိအောင် ရှုပ်ထွေးသကဲ့သို့ရှုပ်
ထွေးသည်ဖြစ်၍။ ။၎င်းအဋ္ဌကထာတို့အလို။ ။ကုလာဂုဏ္ဍိ
ကဇာတာတိကုလာဂုဏ္ဍိကံဝုစ္စတိပေသကါရကဉ္ဇိယသုတ္တံ။ ။
၎င်းအဋ္ဌကထာ။ ။ကုလာတိ ဣတ္ထိလိင်္ဂဝသေနလဒ္ဓနာမဿတန္တ
ဝါယဿ။ဂုဏ္ဍိကံနာမအာကုလဘါဝေနအဂ္ဂတောဝါမူလတော
ဝါဒုဝိညေယျမေဝ ခလိတန္တသုတ္တန္တိ အာဟကုလာဂုဏ္ဍိကံဝုစ္စတိ
ပေသကာရကဉ္ဇိယသုတ္တန္တိ။ ။သုတ်မဟာဝါဋီကာ။ သံယုတ်
ဋီကာ။ ။ဝါ။မိုးစါခေါ်သောစါသူငယ်မ၏ဗျူးတောင်းအသိုက်
ကဲ့သို့ဖြစ်၍။ ။ဋီကာတို့အလို။ ။ကုလာနာမ သကုဏိကာ
တဿာကုလာဝကောတိဋီကာ။ ။၎င်းအဋ္ဌကထာများ။ ။သ
ကုဏိကာတိ မဟောသကုဏသကုဏိကာ။ သာဟိရုက္ခသာခါသု
ဩလမ္ဗနကုလာဝကာဟောတိ။ ။၎င်းဋီကာ။ ။ဤပါဠိတော်
အဋ္ဌကထာ။ ဝိသုဒ္ဓိမဂ်တို့၌။ ကုလာဂုဏ္ဍိကဇာတာဟူ၍ ပါဌ်ရှိ
သည်။ ။သမ္မောဒ္ဒကား။ ကုဏာကုဏ္ဍိကဇာတာဟု ပါဌ်ရှိပြန်
သည်။ ။ကုဏာယသကုဏိယာနိဍ္ဍကုဏာကုဏ္ဍိကံ။ ။မူလ
ဋီကာ။ ။နိဍ္ဍံကုလာဝကံ။ ။အနုဋီကာ။ ။ကုဏ္ဍိကာသဒ္ဒေါ
နိဍ္ဍဝါစကောတိကတွာကုဏာယသကုဏိယာနိဍ္ဍံဝုတ္တံ။ ။
မရဋီကာ။ ။ဤသို့ဖွင့်ပြကြကုန်၏။ ။နိဍ္ဍံဟူရာ၌။ဂရုဆွေဘဟူ
သောပုဒ်ကဲ့သို့ဋ္ဌကိုဍအပြုကြီးလေ။ ။နိဍ္ဍောနိဋ္ဌိကုလာဝကံ။ ။
အဘိဓာန်။ ။နိလ။ဝဍ္ဍော။အ။ဋ္ဌတ္တံ။ ။ဤအလို။လကို။ဋ္ဌပြု။ ။
နိနယေဝါ ဠာဋ္ဌော။ ။ဤအလိုဠာဋ္ဌပစ္စည်း။ ။၎င်းအဘိဓာန်ဋီ
ကာ။ ။ပညာရှိတို့နှလုံးထားရန်အနည်းငယ်ထုတ်ဖေါ် ပြထား

လိုက်သည်။ ။ရဋ္ဌပဗ္ဗဇာဘူတာ။ ဖြူဆန်မြက်ပြိတ်မြက်တို့ဖြင့်
ကျစ်အပ်သောကြိုးဆွေးပြတ်ကဲ့သို့ ရင်းဖျားမသိရှုပ်ထွေးသည်
ဖြစ်၍။အပါယံ။ကြိုးပွားခြင်းမရှိသော။ဒုဂ္ဂတိံ။ ဆင်းရဲခြင်း၏ဖြစ်
ရာဖြစ်ထသော။ဝိနိပါတံ။သုခမရှိ။ သုခအပေါင်းမှပျက်စီး၍ကျ
ရာဖြစ်သောအပါယ်လေးပါးကို။သံသါရံ။ ခန္ဓာအာယတနဓါတ်။
မပြတ်ဖြစ်ရာ။သံသရာကို။နာတိဝတ္တတိ။မလွန်မြောက်နိုင်။ ။
ဤကားပါဠိတော်၏အနက်။ ။သံသာရံဆိုလျှင်။ အပါယ်လေး
ပါးပြီးပါလျက်။ အပါယ်လေးပါးကို အသီးအခြား ထုတ်ဖေါ်၍
ဟောတော်မူခြင်းသည်။ငရဲစသည်တို့၏။ အထူးအချွန်အလွန်အ
ကဲဆင်းရဲကြီးမားသည်၏ အဖြစ်ကိုပြခြင်းငှါ။အပါယ်လေးပါး
ကိုသီးခြား ထုတ်ဖေါ်ဟောတော်မူအပ်လေသည်။ ။ဂေါဗလိ
ဗဒ္ဒနည်းယူ။ ။မဟာနိဒါနသုတ်။သံယုတ်ပါဠိတော်နိဒါနသုတ်
တို့၌ကား။ဧတဿအာနန္ဒဓမ္မဿအနနုဗောဓာအပ္ပတိဝေဓာ။ဟူ
၍သာရှိ၏။ အညာဏာဟူသောပုဒ်မပါ။ သမ္မော။ ဝိသုဒ္ဓိမဂ်တို့၌
ကား။အညာဏာ။ ပါ၏။အပ္ပတိဝေဓါ။ ဟူသောပုဒ်မပါ။ ။ဧ
တဿအာနန္ဒဓမ္မဿအနနုဗောဓာ။ ပ။နာတိဝတ္တတိတိဧတဿ
ဓမ္မဿာတိ ဧတဿပစ္စယ ဓမ္မဿ။ အနနုဗောဓာတိဉာတပ
ရိညာဝသေနအနနုဗုဇ္ဈနာ။ အပ္ပတိဝေဓာတိ တီရဏပဟာနပ
ရိညာဝသေနအပ္ပဋိဝိဇ္ဈနာ။ ဟူ၍သာမဟာနိဒါနသုတ်၌ အဋ္ဌက
ထာဖွင့်သည်ကိုရှု။ ။မဏိဂုဏ်။ ရေပမာ။နက်စွာတိမ်ရောင်
ထင်။ ။ရွက်ပုပ်ရေရောင်။ပမာဆောင်။ နက်ရောင်တိမ်သည်
ပင်။ ။အိုးခွက်ရေသိမ်။တိမ်လည်းတိမ်။တိမ်ရောင်ထင်ခဲ့ချင်။ ။
မြင့်မိုရ်တောင်ခြေ။နက်ရောင်ရေ။နက်ပေသည်သာလျှင်။ ။ပဋိစ္စ
လည်း။နေ့ခံဆုံးနည်း။နက်လည်းနက်ရောင်ထင်။ ။ဤသို့ရှင်တော်
မြတ်ဘုရားသည်။ ပဋိစ္စသမုပ္ပါဒ်တရားမြတ်ကား ခက်ခဲနက်နဲ၏
ဟုဟောတော်မူသည်။ ။ထိုအတ္ထ။ဓမ္မ။ဒေသနာ။ပဋိဝေဓ။လေး
ဝသောဂမ္ဘီရတို့တွင်။ အတ္ထစသည်တို့၏နက်နဲဟန်ကား။ဇရာမ
ရဏတည်းဟူသော အကျိုးတရားတို့သည်။ ဇာတိတည်းဟူ

သော အကြောင်းတရားမှကင်း၍တပါးသောအကြောင်းကြောင့်
မဖြစ်။ဓာတ်ဟူသော အကြောင်းတရားကြောင့်သာဇရာမရဏ
တည်းဟူသော အကျိုးတရားတို့၏။ ကောင်းစွာဖြစ်ခြင်းသမ္ဘူ။
တတ္တ။ အကြောင်းအားလျော်စွာ အကျိုးတရားတို့၏ အထက်အ
ထက်၌လါရောက်ဖြစ်ပွားခြင်းသမုဒါဂတတ္တတည်းဟူသောသ
ဘာဝတ္တသည်အတ္တ၏နက်နဲခြင်းမည်၏။ ။အကျိုးတရား၏နက်
နဲခြင်းဟူလိုသည်။ ။ထိုထိုပစ္စယုပ္ပန်ဖြစ်သော အကျိုးတရား
တို့၌လည်း ဤနည်းချည်းမှတ်။ ။ဤ၌ အတ္တသဒ္ဒါသည်အကျိုး
ကိုဟော၏။ ထိုကြောင့်။ ဟေတုဖလေဉာဏံအတ္ထပဋိသမ္ဘိဒါ။
ဟူ၍။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌တရားစစ်သူကြီးဟောတော်မူ
သည်။ ။ဤကားအတ္တ၏နက်နဲဟန်တည်း။ ။အဝိဇ္ဇာစသောအ
ကြောင်းတရားတို့က။သင်္ခါရစသောအကျိုးတရားတို့အါးအကြင်
အကြင်အခိုက်အတန့်၌ အကြင်အခြင်းအရာအားဖြင့်ကျေးဇူးပြု၏။
ထိုထိုအခိုက်အတန့်၌ထိုထိုအခြင်းအရာအားဖြင့်ကျေးဇူးပြုသည်၏
အဖြစ်ကိုအလှန်သိနိုင်ခဲသောကြောင့်။ အဝိဇ္ဇာစသည်တို့၏။ပစ္စ
ယတ္တတည်းဟူသောသဘောသည်။ဓမ္မ၏နက်နဲခြင်းမည်၏။ ။
အကြောင်းတရားတို့၏ နက်နဲခြင်းဟူလိုသည်။ ။ဤ၌ဓမ္မသဒ္ဒါ
သည်အကြောင်းကိုဟော၏။ ထိုကြောင့်။ ဟေတုမှိဉာဏံဓမ္မပဋိ
သမ္ဘိဒါဟူ၍ဟောတော်မူသည်။ ။ဤဘဝစက်ကိုအချို့သောသုတ်
၌။အနုလုံအားဖြင့်၎င်း။အချို့သောသုတ်၌ပဋိလုံအားဖြင့်၎င်း။ အချို့
သောသုတ်၌အနုလုံပဋိလုံအားဖြင့်၎င်း။အချို့သောသုတ်၌အလည်
ကစ၍အနုလုံအားဖြင့်၎င်း။ပဋိလုံအါးဖြင့်၎င်း။အချို့သောမာဂဏ္ဍိ
ယသုတ်စသည်၌။ တစပ်နှစ်လွှာ၎င်း။ နှစ်စပ် သုံးလွှာ၎င်းသုံးစပ်
လေးလွှာ၎င်း။ဟောတော်မူအပ်သည်ဖြစ်၍ ဤကဲ့သို့ဟောတော်
မူသောအရာတို့၌။ သဗ္ဗညုတဉာဏ်မှတပါးအခြားသောဉာဏ်
သည်ဤဘဝစက်၌။ထောက်ရာတည်ရာမှီရာကိုမရနိုင်သောကြောင့်
ဒေသနာအားဖြင့်လည်း လွန်စွာနက်နဲ၏။ ။အစမှသည် အဆုံး
တိုင်အောင်။ အဆုံးမှသည်အစတိုင်အောင် ဟောတော်မူသော

သုတ်တို့၌။တိသန္ဓိစတုသင်္ခေပ။ သုံးစပ်လေးလွှာရ၏။ ။ဣမေ
စတ္တာရောအာဟာရာကိန္နိဒါနာစသည်ဖြင့်အလည်မှစ၍အစတိုင်
အောင်။ စက္ခုံစပဋိစ္စရူပေစဥပ္ပဇ္ဇတိစက္ခုဝိညာဏံ။တိဏ္ဏံသင်္ဂ
တိဖဿော။ ဖဿပစ္စယာဝေဒနာအစရှိသည်ဖြင့်။အလည်မှစ၍အ
ဆုံးတိုင်အောင်ဟောတော်မူအပ်သောသုတ်၌။ဒွိသန္ဓိတိသင်္ခေပ။
၂စပ်၃လွှာရကောင်း၏။ ။သံယောဇနိယေသုဓမ္မေသုအဿာဒါ
နုပဿိနောဝိဟရတော တဏှာပဝဍ္ဎတိ တဏှာပစ္စယာဥပါဒါနံ
အစရှိသောသုတ်တို့၌။ဧကသန္ဓိဒွိသင်္ခေပ။တစပ်နှစ်လွှာရကောင်း
၏ဟူ၍မှတ်လေ။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ချည်း။ ။ပဋိ
ဝေဓအားဖြင့်နက်နဲဟန်ကား။ အဝိဇ္ဇါစသောတရားတို့၏မဖေါက်
မပြန်ဟုတ်မှန်တိုင်းသော သဘောလက္ခဏာကိုဉာဏ်ဖြင့်သက်
ဝင်၍အတပ်အကြပ်အမှန်အကန်သိနိုင်မြင်နိုင်ခဲ၏။ သိခဲမြင်ခဲနက်
နဲသည့် ပဋိဝိဇ္ဈိတဗ္ဗသဘာဝဓမ္မကို။ အသိဉာဏ်ဖြင့် သက်ဝင်
ထွင်းဘောက်၍သိနိုင်မြင်နိုင်သောကြောင့်။ အမှန်အကန်အတပ်
အကြပ်သိစွမ်းမြင်စွမ်းနိုင်သော ပဋိဝေဓဉာဏ်သည်လည်းပဋိ
ဝေဓဂမ္ဘီရမည်၏။ ။ဤအရာ၌ပဋိဝိဇ္ဈိတဗ္ဗဓမ္မ၏နက်နဲခြင်းဖြင့်။
ပဋိဝေဓဉာဏ်၏နက်နဲခြင်းကိုလည်းသိအပ်ရကား။ပဋိဝေဓအ
ရနှစ်ပါးလုံးကိုပင်ယူ။ ။ပမာကား။ရေနက်သည်လောက်ကြိုး
ရှည်သောကြောင့်။ကြိုးအမှတ်ဖြင့်ရေနက်သည်ကို။ရေအနက်ဖြင့်
အလွန်ရှည်သောကြိုး၏အဖြစ်ကို။သိရဘိသကဲ့သို့မှတ်အပ်၏။ ။
အလွန်နက်သောရေ။ အလွန်ရှည်သော ကြိုးဟုဆိုရဘိသကဲ့သို့
ဟူလို။ ။အဝိဇ္ဇာ၏ဟုတ်တိုင်းမှန်စွာ။ အာရုံဖြစ်သောသဘာဝ
ဓမ္မတို့ကိုမသိခြင်းမမြင်ခြင်း။ သစ္စာ ၄ ပါးတို့ကိုထိုးထွင်း၍မသိ
ခြင်းတည်းဟူသောသဘောအနက်သည်ရင်း။ ။သင်္ခါရတို့၏။
ပြုပြင်စီရင်ခြင်းအားထုတ်ခြင်းသဘောအနက်သည်ရင်း။ ။ဤ
သဘော အနက်ကား သင်္ခါရဟူသမျှတို့နှင့် ဆက်ဆံသော သ
ဘောအနက်တည်း။ ။အပုညာဘိသင်္ခါရ တစိတ်ဖြစ်သော
လောဘမူအပုညာဘိသင်္ခါရ၏ ရာဂနှင့်တကွဖြစ်ခြင်း။လောဘ

မှုအပုညာဘိသင်္ခါရမှကြွင်းကုန်သော။ဒေါသမူလမောဟမူအပုညာ
ဘိသင်္ခါရအစရှိသောသင်္ခါရတို့၏ရာဂနှင့်တကွမဖြစ်ခြင်းတည်း
ဟူသောသဘော အနက်သည်ရင်း။ ။အပုညာဘိသင်္ခါရေကာ
ဒေါသာသရာဂေါ။အညောဝိရာဂေါ။ဟူသောမဟာနိဒါနဋီကာဝ်
သည်ကိုရှု။ ။တနည်းလည်းရာဂ၏ဆန့်ကျင်ဘက်မဟုတ်သော
ကြောင့်ရာဂကိုပွား...စေတတ်သော ရာဂဖြစ်ခြင်း၏ အကြောင်း
လည်းဖြစ်သော အလုံးစုံသောအပုညာဘိသင်္ခါရတို့၏ ရာဂနှင့်
တကွဖြစ်ခြင်း။ အပုညာဘိသင်္ခါရမှတပါးကုန်သော ပုညာဘိ
သင်္ခါရစသည်တို့၏။ ထိုရာဂမှဝေးသောကြောင့် ရာဂနှင့်တကွ
မဖြစ်ခြင်း တည်းဟူသော သဘောအနက်သည်ရင်း။ ရာဂသ
ဝါ အပ္ပဋိပက္ခဘာဝ ဝသေန ရာဂပဝဍ္ဎကော ရာဂုပ္ပတ္တိပစ္စယော
စ သဗ္ဗောပိ အပုညာဘိသင်္ခါရော သရာဂေါ။ ဣတရော တဗ္ဗိဒူရ
ဘာဝတော ဝိရာဂေါ။ဟူသောရင်းဋီကာကိုကြည့်။ ။သရာဂေါ
ဟူသောပုဒ်၌သသဒ္ဒါကို။ သလောဟိတောဟူသောပုဒ်တို့ကဲ့သို့
သမ္ဗန္ဓသဒ္ဒါ၏ ကာရိယကြီးလျှင် သာ၍ပင်သင့်မြတ်၏။ ဝိညာဏ်
၏အဗျာပါရဖြစ်ခြင်း။ တဘဝ၌ ငါဖြစ်လိမ့်ဦးမည်ဟု အားထုတ်
ကြောင့်ကြဗျာပါရမရှိခြင်း။ ဘဝတပါးသို့မပြောင်းမရွှေ့ဘဲ။ ပဋိ
သန္ဓေအားဖြင့် ထင်ရှားဖြစ်ခြင်းတည်းဟူသော သဘောအနက်
သည်ရင်း။ ။အဗျာပါရဋ္ဌေ။အသင်္ကန္တိပဋိသန္ဓိပါတုဘာဝဋ္ဌေါစဂ္ဂန္ထိ
ရာ။ ။ရင်းဋီကာ။ ။နာမ်ရုပ်တို့၏။ပဋိသန္ဓေအခါ၌တပြိုင်နက်
ထည်းဖြစ်ခြင်း။ပဝတ္တိအခါ၌။ထိုက်သည့်အလျောက်အသီးအသီး
တကွဖြစ်ခြင်း။ နာမ်သည်ရုပ်နှင့်။ ရုပ်သည်နာမ်နှင့်မယှဉ်ကြဘဲ။
အဝိနိဗ္ဘောဂဖြစ်ခြင်း။ နာမ်သည်နာမ်ချင်းချင်း။ အချို့သော ရုပ်
သည် ရုပ်ချင်းချင်းအသီးအခြားကွဲပြား၍ မဖြစ်ခြင်း။ ကလာပ်
တူ ရုပ်တို့၏ ဧကုပ္ပါဒ ဧကနိရောဓ ဖြစ်ခြင်း။ တနည်း ကား။
ဧကဝေါကာရဘုံ၊ စတုဝေါကာရ ဘုံတို့၌ နာမ်ရုပ်တို့၏ အသီး
အခြား တပါးသည်တပါးနှင့် မရောမရှက်၊ နာမ် သက်သက်
ရုပ် သက်သက် ဖြစ်ခြင်း။ ပဉ္စဝေါကာရဘုံ၌။ သဟာဝတ္တာနအဝိ

နိဗ္ဗောဂဖြစ်ခြင်း။ နာမ်သည်အာရုံ၌ ညွတ်ခြင်း။ ရုပ်သည်အ
အေးအပူစသည်တို့ကြောင့် ဖောက်ပြန်ခြင်းတည်း ဟူသော
သဘော အနက်သည် ၎င်း။ ။ဋီကာနည်း။ ။နာမရူပသာ
ဧကုပ္ပါဒ ဝိနိဗ္ဗောဂါဝိနိဗ္ဗောဂနမနရုပ္ပနတ္တော။ ဟူသောအဋ္ဌက
ထာ၌။နာမနှင့်ဧကုပ္ပါဒကိုဟပ်။ ရူပနှင့်ဝိနိဗ္ဗောဂါ ဝိနိဗ္ဗောဂကို
ဟပ်။နာမနှင့်နမနကို။ရူပနှင့်ရုပ္ပနကိုဟပ်၍လည်းယောဇနာသင့်
၏။ ။သဠာယတန၏။ ဣန္ဒြိယ ပစ္စည်း၏အဖြစ်။ ဒွါရအဖြစ်။
ခေတ်အဖြစ်။အာရုံအဖြစ်။အါရုံကိုထွန်းပြနိုင်သည်ဖြစ်၍ဝိသယိ
ဖြစ်သောသဘော အနက်သည်၎င်း။ ။စက္ခုစသော အာယ
တနငါးပါးတို့၏။ရူပါရုံစသည်တို့ကိုပြခြင်းအား လျောက်ပတ်
သော လက္ခဏာရှိသော ဩဘာသနသည်။ ဝါ။ လက္ခဏာကို
ထွန်းပြခြင်းသည်၊အာရမ္မဏိက၊ဝိသယိမည်၏။ ။ဌာနျုဖလု
ပစာယုလျှင်လည်းသင့်၏။ ။မနာယတနသည်ကား။ အာရုံ
ကိုစင်စစ်သိသောကြောင့်။ရချဝိသယိမည်၏။ ။ဖဿ၏အာ
ရုံကိုတွေ့ခြင်းထိခိုက်ခြင်း။အာရုံ၊ဝတ္ထု၊ဝိညာဏ်တို့၏ပေါင်းဆုံ
ခြင်းစုဝေးခြင်း တည်းဟူသောသဘောအနက်သည်၎င်း။ ။
ဝေဒနာ၏ အာရုံတည်းဟူသော အရသာကို ခံစားခြင်း။ ။
ကိစ္စရသကိုရည်သည်။ ။သုခအဖြစ်၊ ဒုက္ခအဖြစ် မဇ္ဈတ္တအဖြစ်
အားဖြင့်ဖြစ်ခြင်း။ ။သုံးပါးအစဉ်အတိုင်း သဘောအားဖြင့်ဆို
သည်။ ။ဇီဝဟုဆိုအပ်သော အတ္တမှကင်းဆိတ်ခြင်း။ ။နိဇ္ဇီ
ဝဋ္ဌဆိုလိုသည်။ ။ခံစားခြင်းတည်းဟူသောသဘောအနက်
သည်၎င်း။ ။လက္ခဏဋ္ဌကိုရည်သည်။ ။အာရမ္မဏရသာ
နုဘဝနဋ္ဌောရသဝသေနဝုတ္တော။ ဝေဒယိတဋ္ဌော လက္ခဏဝ
သေန။ သုခဒုက္ခမဇ္ဈတ္တတာဝါယထာက္ကမံတိသန္တိဝေဒနာနံသ
ဘာဝဝသေနဝုတ္တာ။ ။ဋီကာ။ ။သုခဒုက္ခတို့ကို ပစ္စုပဋ္ဌာန်
ဟူ၍အဋ္ဌကထာတို့၌ဆိုကုန်၏။ ။ဝါ။နိဇ္ဇီဝဖြစ်သောဝေဒနာ၏
ခံစားခြင်းတည်းဟူသောသဘောအနက်သည်၎င်း၊ ။နိဇ္ဇီဝါ
ယဝါဝေဒနာယ ဝေဒယိတံ နိဇ္ဇီဝဝေဒယိတံ။ ။ဋီကာ။ ။

တဏှာ၏ အာရုံကိုနှစ်သက်ခြင်း။ မျိုမတတ်အားကြီးစွာ မက်မောခြင်း။ယိုစီးစွတ်စိုခြင်း။ နွယ်ကဲ့သို့ ရှုပ်ထွေးရစ်ပတ်ခြင်း။ မြစ်ကဲ့သို့စီးယူဆောင်သွေးစုဝေးခြင်း။ သမုဒ္ဒရာကဲ့သို့ ကျယ်ဝင်းလွန်မြောက်နိုင်ခဲခြင်း။ ပြည့်စေနိုင်ခဲခြင်းတည်း ဟူသောသဘော အနက်သည်၎င်း။ ။ဋီကာကိုကြည့်။ ။ဥပါဒါန်တရားလေးပါးတို့၏။ အာရုံကိုမြဲမြဲကြီး စွဲစွဲလှမ်းလှမ်း ယူခြင်း။ မှားသောအားဖြင့်သက်ဝင်နှုယုံးသွင်းခြင်းသဘောအနက်သည်၎င်း။ ။အာဒါနဂဟဏာဘိနိဝေသဋ္ဌာစတုန္နံပိဥပါဒါနာနံသမါနာ။ ။ဋီကာ။ ။ကာမုပါဒါန်၏ ဝတ္ထု၊အာရုံကိုမြဲစွာယူခြင်း။ ကြွင်းဥပါဒါန်တရားသုံးပါးတို့၏မှားသောအားဖြင့်သုံးသပ်ခြင်း။ လွန်မြောက်နိုင်ခဲခြင်း။ ဥပါဒါန် လေးပါးလုံးတို့၏လည်း လွန်မြောက်နိုင်ခဲခြင်းတည်းဟူသောသဘောအနက်သည်၎င်း။ ။ဒဠှဂဟဏတ္တာဝါစတုန္နံပိဒုရတိက္ကမဋ္ဌာယောဇေတဗ္ဗာ။ ။ဋီကာ။ ။ဘဝ၏။သမ္ပယုတ်တရားတို့ကို ပေါင်းစုခြင်း ပြုပြင်စီရင်ခြင်း။ယောနိလေးပါး။ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိခုနစ်ပါး။ သတ္တာဝါသကိုးပါးတို့၌ပစ်ချခြင်းတည်းဟူသောသဘောအနက်သည်၎င်း။ ။ဇာတိ၏။မပြည့်စုံသောအာယတန၏အစွမ်းအားဖြင့်၊ဟုတ်ဟုတ်ပြားပြားဖြစ်ခြင်း။ ပြည့်စုံသောအာယတန၏အစွမ်းအားဖြင့်ကောင်းစွာဖြစ်ခြင်း။အဏ္ဍဇ။ဇလာဗုဇတို့၏အစွမ်းအားဖြင့်ဝင်သကဲ့သို့ဖြစ်ခြင်း။သံသေဒဇ။ ဥပပါတ်တို့၏အစွမ်းအားဖြင့်အထင်အရှားဖြစ်ခြင်း။ဝါ။တပါး၊ လေးပါး၊ ငါးပါးသောခန္ဓာတို့၏အစွမ်းအားဖြင့် ထင်ရှားဖြစ်ခြင်းတည်းဟူသော သဘောအနက်သည်၎င်း။ ။သံယုတ်အဋ္ဌကထာဋီကာတို့နှင့် အညီတည်း။ ။ဇရာ၏ကုန်ခန်းခြင်း၊ ပျက်စီးခြင်း။မရဏ၏။ကွဲပြိုခြင်း။ဇရာမရဏတို့၏ဖေါက်ပြန်ခြင်းတည်းဟူသောသဘောအနက်သည်၎င်း။ ။တနည်းလည်း။ သန္တတိ၏အစွမ်းအားဖြင့်။ ဇရာ၏ခယဝယသဘောအနက်သည်၎င်း။သမ္မုတိခဏိကတို့၏အစွမ်းအားဖြင့်မရဏ၏၊ဘေဒ၊ဝိပရိဏာမ၊ ဖြစ်သောသဘော

၎င်းအနက်သည်ငှင်း။ အလွန်သိနိုင်ခဲမြင်နိုင်ခဲသည်ဖြစ်၍။ နက်နဲလှစွာ၏။သမုဒ္ဒပြင်ကျယ်ရေပင်လယ်၌။ယုန်ငယ်မြေရောက်။ ခြေမထောက်နိုင်သလို။ ထိုထိုဉာဏ်တိမ်နုပ်ဖွဲ့။ ပါရမီနဲ့သောသူတို့၏ဉာဏ်ဖြင့်ထောက်နိုင်ခဲသောကြောင့်။ဝါ။ မထောက်နိုင်သောကြောင့်။နက်နဲ့ခက်ခဲလှချေ၏။ ။ဤသို့နက်နဲ့၊သိနိုင်မြင်နိုင် ထောက်နိုင်ခဲသည့်သဘောကို။သိမြင်ထောံတည်နိုင်သော ဉာဏ်တော်သဘောဖြစ်သောကြောင့်။ ပဋိဝေဓအားဖြင့်နက်နဲခြင်းမည်၏။ ။အဝိဇ္ဇာစသောတရားတို့၏ပြဆိုခဲ့ပြီးသည့်အတိုင်းထိုးထွင်း၍သိအပ်သော သဘောအနက်၏ နက်နဲ ခဲခက်သည်၏အဖြစ်ကို။နက်နက်နဲနဲ။ ခွဲခွဲခြမ်းခြမ်း။ စိတ်စိတ်ဖျာဖျာ။ အရင်းအဖျား အမှန်အကန် အဖြောင့်အမတ်နေရာကျနအောင်။ ထိုးထွင်းပိုင်းဖြတ်၊တပ်တပ်ဆတ်ဆတ်သိစွမ်းတော်မူနိုင်သော ဉာဏ်တော် ဖြစ်ရကား။ ပဋိဝေဓဂမ္ဘီရဟူလို။ ။ဘုရားအလောင်း၊ပစ္စေကဗုဒ္ဓါအလောင်းနှစ်ပါးတို့သာ၊ ဘုရားဖြစ်ခါနီး၊ ၎င်းတရားကိုရင်းဖျားမှန်အောင်မိမိတို့ဉာဏ်ဖြင့် ပြုတော်မူနိုင်ကြသတည်း။ တပါးပုဂ္ဂိုလ် သတ္တဝါမစွမ်းနိုင်။ ။ထပေတွာ ပနဒွေဗောဓိသတ္တေအညေါသတ္တာအတ္တနောဓမ္မတါယပစ္စယါကာရံဥဇုံကာတုံသမတ္ထာနာမနတ္ထိ။ ။သံယုတ်အဋ္ဌကထာစသည်။ ။သဘောကျစေခြင်းငှာ ထပ်ခါထပ်ခါ ရေးလိုက်သည်။ ။ဤသို့။အတ္ထ၊ဓမ္မ၊ ဒေသနာ၊ ပဋိဝေဓ။ လေးဝသော နက်နဲခြင်းဖြင့်လည်းဤဘဝစက်ကိုမှတ်အပ်၏။ ။

---

## ၁၀၆။ နယဘေဒအားဖြင့်ဘဝစက်ကိုပြခြင်း။

နယဘေဒအားဖြင့်လည်း ဤဘဝစက်ကိုသိမှတ်အပ်၏။ ။ ကထံ။ ။ယသ္မာပနေတ္ထဧကတ္တနယော။ နာနတ္တနယော။ အဗျာပါရနယော။ဧဝံဓမ္မတာနယောတိစတ္တာရောအတ္ထနယာ ဟောန္တိ။ စသောအဋ္ဌကထာပါဠိနှင့်အညီ။ ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်

၌။ဧကတ္တနည်း။နာနတ္တနည်း။ အဗျာပါရနည်း။ ဧဝံဓမ္မတာနည်း အားဖြင့်၊အတ္ထနယတို့သည် လေးပါး အပြားရှိကုန်၏။ထိုလေး ပါးတို့တွင်။ မျိုးစေ့ကြောင့် ပဌမအညွှန့်ထွက်ခြင်း။ ပဌမအ ညွှန့်က ဒုတိယအညွှန့်ထွက်ခြင်းစသောအားဖြင့်။ ကြီးကျယ်ခိုင် ခိုင်သောသစ်ပင်ဖြစ်သည့်တိုင်အောင်။အကြားအကြား၌မပြတ် မလတ်ဘဲ။မျိုးစေ့မှစ၍သစ်ပင်ကြီးဟုတခုတည်းတစပ်တည်း တသန္တာန်တည်းယူအပ်သကဲ့သို့။ ထို့အတူ။ အဝိဇ္ဇာကြောင့် သင်္ခါရ။သင်္ခါရကြောင့်ဝိညာဏ်။ဤသို့အစရှိသဖြင့်အကြောင်း မပြတ်မူ၍။ အကြောင်းအကျိုးအဆက်ဆက် တစပ်တည်းဖြစ် ခြင်းကြောင့်။သာရမဏ္ဍကမ္ဘာ၌။သုမေဓာရှင်ရသေ့သည်။ယခု ဘဒ္ဒကမ္ဘာ၌ဂေါတမမြတ်စွာဘုရားဖြစ်တော်မူ၏။ ဤသို့အစရှိ သဖြင့်။ တစပ်တည်းတသန္တာန်တည်း ကြောင်းကျိုးမပြတ်ယူ အပ်သောနည်းသည်။ ဧကတ္တနည်းမည်၏။ ဤဧကတ္တနည်းကို။ ကောင်းစွာထင်ထင် သိမြင်သောပုဂ္ဂိုလ်သည်။ အကြောင်းအ ကျိုး စပ်ကြသော၊ ခန္ဓာ အစဉ်မပြတ်သည်ကို သိမြင်သော ကြောင့်။သေသည်မှနောက်ကာလ၌ သတ္တလောကသည် ပျောက် ၏ပြတ်၏ဟုယူသောဥစ္ဆေဒဒိဋ္ဌိကိုပယ်စွန့်နိုင်၏။ ထိုဧကတ္တနည်း ကို။ကျကျနန။မရမမိ။ မသိမမြင်သောသူသည်။ အကြောင်းအ ကျိုးစပ်လျက်ဖြစ်သောခန္ဓာအစဉ်ကို။အကြောင်းအကျိုးကွဲပြား အောင်မစင်းစါး။အကြောင်းအကျိုးတရားတို့ကိုတလုံးတစည်း တခုတည်း၏ အဖြစ်ဖြင့်ယူ၍။သုမေဓာ ဖြစ်တုန်းက ဝိညာဏ် သည်။ယခုဘုရားဖြစ်သော ဝိညာဏ်ပင်တည်းဟု။ ဤသို့အစရှိ သဖြင့်ယူမှားခြင်းကြောင့်။သတ္တလောကသည်အမြဲတည်၏ဟူ သောသဿတဒိဋ္ဌိကိုကပ်ယူစွဲငြိတတ်၏။ ။ဤကားဧကတ္တ နည်းတည်း။ ။

အဝိဇ္ဇာသင်္ခါရအစရှိသောတရားတို့သည်။တစဉ်တသန္တာန် တည်းကြောင်းကျိုးစပ်ခါ။ဖြစ်လာကြကုန်သော်လည်း။အဝိဇ္ဇာ သည်ဖုံးလွှမ်းခြင်းလက္ခဏာရှိ၏။သင်္ခါရတို့သည် ပြုပြင်စီရင်

ခြင်းလက္ခဏာရှိကုန်၏။ ဤသို့အစရှိသဖြင့်။ တဦးနှင့်တဦး၊ သဘောလက္ခဏာ၊ ကိစ္စ၊ အကြောင်းမတူ။ ထူးခြား ကွဲပြားတမျိုးတပုံစီဖြစ်သည်ကို ပိုင်းခြားမှတ်သားခြင်းသည်။ နာနတ္တနည်းမည်၏။ ထိုနာနတ္တနည်းကိုသဘောထိထိ။ မိမိရရ ကျနသိမြင်သောသူသည်အသစ်အသစ် ဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏ဖြစ်ခြင်းကိုမမြင်သောကြောင့်။ သတ္တလောကသည်မြဲ၏ဟု ယူသော သဿတ ဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ ထိုနာနတ္တနည်းကို။သဘောမကျ။ မရမမိ။ မသိသောသူသည်။ကြောင်းကျိုးမပြတ်၊ တစပ်တသန္တာန်တည်းဖြစ်သည်ကို။ သန္တာန် ထူးခြား ကွဲပြားသကဲ့သို့ယူခြင်းကြောင့်။သတ္တဝါတယောက်သေလျှင်၊ နောက်ထပ်မဖြစ်။ဖြစ်သောသူသည်၊ သေသူနှင့်ကြောင်းကျိုးမဆိုင်မစပ်။သပ်သပ်တပါးသူဖြစ်၏ဟုယူသောဥစ္ဆေဒဒိဋ္ဌိကို ကပ်ငြိစွဲယူတတ်၏။ ။ဤကားနာနတ္တနည်းတည်း။ ။

အဝိဇ္ဇာစသောအကြောင်းတရားတို့က။ငါတို့သည်။သင်္ခါရစသောအကျိုးတရားတို့ကိုဖြစ်စေရဦးမည်။သင်္ခါရစသော အကျိုးတရားတို့ကလည်း။ငါတို့သည်။ အဝိဇ္ဇာစသည်တို့ကြောင့်ဖြစ်ရဦးတော့မည်တကား။သင်တို့ကအကြောင်းဖြစ်ကြ။ ငါတို့ကအကျိုးဖြစ်မည်။သင်တို့ကအကျိုးဖြစ်ကြ။ငါတို့ကအကြောင်းဖြစ်မည်ဟူ၍။တဦးနှင့်တဦးကို။ တိုင်ပင်တိုက်တွန်း၊ ပြဿန်းနှိုးဆော်။ အပေါင်းချိတ်ဆက်။ ချိန်းချက်နှလုံးသွင်း။ အားထုတ်ခြင်းလုံ့လ။ကြောင့်ကြဗျာပါရမရှိသောနည်းသည်၊ အဗျာပါရနည်းမည်၏။ထိုအဗျာပါရနည်းကို။ သိပ်သည်းကျန။ ဧကန္တသိသောသူသည်။အကြောင်းအလျောက်။ အကျိုးဖြစ်သည်ကို မြင်သည်ဖြစ်၍။ဤလောကကို။ ပရမိဿွာဗြဟ္မာဗိဿနိုးတန်ခိုးကြီးသောသူဖန်ဆင်းသည်။ ဘုရားဖန်ဆင်းသည်စသည်ဖြင့်။ ကာရက၊ ဇာသရ၊ သာမိက၊ အတ္တာနုဝတ္တကပုဂ္ဂိုလ် မရှိသောကြောင့်။ အတ္တဒိဋ္ဌိကိုပယ်စွန့်နိုင်၏။ထိုအဗျာပါရနည်းကိုမသိမမြင်သောသူသည်။ အဝိဇ္ဇာစသော တရားတို့၏ ကြောင့်ကြခြင်းပင်မရှိ

သော်လည်း ဓမ္မသဘောမြဲသောအားဖြင့်ပြီးသောအကြောင်း၏ အဖြစ်ကို မယူနိုင်ခြင်းကြောင့်။ မပြုမပြင်ဘဲပင် ဖြစ်၏ဟု ယူသော အကိရိယဒိဋ္ဌိကိုယူမိ စွဲလှမ်းမိတတ်သည်။ ။ဤကား အဗျာပါရနည်းတည်း။ ။

သရက်စေ့မှ သရက်ပင်သာ ပေါက်သကဲ့သို့၊ ပိန်းနှဲပင်မပေါက်သကဲ့သို့။ ပိန်းနှဲစေ့မှပိန်းနှဲပင်သာပေါက်သကဲ့သို့။ တပါးအပင်မပေါက်သကဲ့သို့။ နို့ရည်မှသာနို့ဓမ်းထောပတ်၊ ဆီဦးဖြစ်သကဲ့သို့။ နှမ်းစေ့မှသာဆီဖြစ်သကဲ့သို့။ သဲကဆီမဖြစ်သကဲ့သို့၊ ကြိမှနို့ရည်မဖြစ်သကဲ့သို့။ အဝိဇ္ဇာစသောအကြောင်းတရားကြောင့်သာ။ သင်္ခါရစသောအကျိုးတရားတို့၏သာ ဖြစ်ခြင်းသည်။ ဧဝံဓမ္မတာနည်းမည်၏။ ဤဧဝံဓမ္မတာနည်းကို။ မဖေါက်မပြန်။ မှန်ကန်ရမိ။ မှတ်သိဆင်ခြင်မျှော်မြင်နိုင်သောသူသည်။ အကြောင်းအားလျော်စွာအကျိုးတရားတို့၏ဖြစ်ခြင်း ကိုသိရလေသောကြောင့်။ ရုပ်နာမ်ခန္ဓါအစုဖြစ်သောသတ္တဝါအပေါင်းသည်။ အကြောင်းမရှိဘဲမိမိတို့အလိုလိုဖြစ်၏ဟု ယူသော အဟေတုကဒိဋ္ဌိကို၎င်း။ သဘောတရားမြဲသောအားဖြင့်။ အကြောင်းပြီးလျှင်အကျိုးပြီးသည်ကိုမယူမိခြင်းကြောင့်။ သုသဘောအတိုင်းဖြစ်သည်။ မည်သည့်အကြောင်းတရားတစုံတခုကပြုပြင်ရသည်မဟုတ်ဟု ယူသော အကိရိယဒိဋ္ဌိကို၎င်း၊ ပယ်ခွါစွန့်လွှတ်နိုင်၏။ ဤဧဝံဓမ္မတာနည်းကို။ မသိမ်းဆည်းမဆင်ခြင်။ အတတ်မမြင်သောသူသည်။ အကြောင်းအားလျော်စွာအကျိုးဖြစ်ခြင်းကိုမယူဘဲ။ တစုံတခုသော အကြောင်းကြောင့်၊ သတ္တဝါတို့မဖြစ်။ သဘာဝသာအကြောင်းကင်း၍အလွတ်အလျောက် အလိုလိုဖြစ်၏ဟု ယူသော အဟေတုကဒိဋ္ဌိကို၎င်း။ နှမ်းစေ့၊ နွားမ၊ သုတ်သွေးစသည်တို့မှ။ ဆီ၊ နို့ရည်။ ခန္ဓါကိုယ်လူသတ္တဝါစသည်တို့ဖြစ်လာကုန်၏ဟုယူသော နိယတဝါဒကို၎င်း။ အကြောင်းမရှိသော်လည်း၊ နိယတဘာဝအားဖြင့်ခဲယူကပ်ငြိတတ်၏။ ။အဝိဇ္ဇမာနေပိဟေတုမှိ နိယတတာယတိလဂါဝိသုဏ္ဍသောဏိတာဒိဟိတေလခီရသရိ

ရာဒိနိပဝတ္တန္တိတိနိယတဝါဒစ္ဆဥပါဒိယတိ။ ။မဟာဋီကာ၊မူလဋီကာစသည်။ ။၌ကါးဧဝံဓမ္မတာနည်းတည်း။ ။၌လေးပါးသောနည်းတို့ကို ကောင်းစွာသိသဖြင့်။ ပြဆိုခဲ့ပြီးသည့်အတိုင်း။သဿတဒိဋ္ဌိ။ဥစ္ဆေဒဒိဋ္ဌိ။ အတ္တဒိဋ္ဌိ။အဟေတုကဒိဋ္ဌိ။အကိရိယဒိဋ္ဌိ။နိယတဝါဒအယူတို့၏။ နေရာမကျ၊မှချမှားကြောင်းကို ကောင်းကောင်းကြီးသိသာ၏။ ။၌သို့သစ္စာပဘာဝ။ ကိစ္စ။ဝါရဏာ။ဥပမာ။လေးဖြာဂမ္ဘီရ။လေးဝသောနည်းထူးတို့ဖြင့်၊ ဘဝစက်ကိုသိမှတ်အပ်၏။ ။

---

## ၁၀၇။ ဥယျောဇနကိုပြခြင်းအကြောင်း။

၌ပြဆိုခဲ့ပြီးသောပဋိစ္စသမုပ္ပါဒ်။ တရားတော်မြတ်သည်အလွန်တရာခက်ခဲနက်နဲလှသောကြောင့်။ တပါးသောဉာဏ်ဖြင့်။ ထောက်ရာတည်ရာမှီရာကိုမရနိုင်။ အထူးထူး အပြားပြားနည်းတို့ဖြင့်လည်း ယူအပ်သောကြောင့် လွန်မြောက်နိုင်ခဲ၏။ ။

သမာဓိတည်းဟူသောကျောက်၌။ ထက်ထက် မြက်မြက်ကြီးသွေးပြီးသော အရဟတ္တ မဂ်ညာဏ်တည်းဟူသော ထားသန်လျက်ဖြင့်။ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တည်းဟူသောယန္တရားကို။ ထွား ထွား ညက် ညက် မဖျက်မဆီးဘဲနှင့်။ မိုးကြိုးစက်ကြီး။လောင်မီးပမာ။ မြဲစွာနှိပ်စက်တတ်သော၊ပဋိစ္စ သမုပ္ပါဒ် စက်ကွင်း။သံသရာဝဋ်တွင်းမှ။လွတ်ကင်းနိုင်မည့်သူ။ နတ်လူဗြဟ္မာသတ္တဝါတယောက်မျှမရှိမထွက်။ အိပ်မက်ထည်းတွင်မျှလည်းမမြင်နိုင်ရာ၊ထို့ကြောင့်။ သံသရာဝဋ်တွင်း။ယ န္တရားစက်ကွင်းကြီးမှ။အပြီးတိုင်လွတ်ကင်း။ ရှင်းရှင်းကြီးထွက်မြောက်ရအောင်။ ကြံဆောင် ကြိုးကုတ် အားထုတ်ကုန်ရာ၏။ အားထုတ် ကြရမည်။ ။ထို့ကြောင့်။ ။တသ္မာအတ္တနောပရေသံဝါဟိတာယသုခါယ ပဋိပန္နောအဝသေသ ကိစ္စာနိပဟာယ။ ။ဂမ္ဘီရပစ္စယာ ကာရ။ ပဘေဒေဉ္စ ပဏ္ဍိတော။ ယထာဂါဓံလဘေ

ပဝေ။မန္ဒပညုဒ္ဒေသဒါသတော။ ။ဟူ၍အဋ္ဌကထါဆရာမြတ်
တို့အာဇာတ္တဥယျောဇနကို မိန့်ဟတော်မူလေပြီ။ ။တသ္မာ။
ထိုသို့ တပါးသော ဉာဏ်ဖြင့်။ မှိငြမ်းမရှိက၊ မိမိအလွတ်အ
လျောက်။ ထိုးထွင်းဖေါက်၍၊ ထောက်ရာ တည်ရာ မှီရာမရ။
နက်နဲ လှ သော ကြောင့်။ဝါ။ မလွန်မြောက် နိုင်သောကြောင့်။
အတ္တနောဝါ။မိမိ၏ဥင်း။ပရေသံဝါ။ သူတပါးတို့၏ဥင်း။ ဟိတာ
ယ။ အစီးအပွါးအလို့ငှာ။ သုခါယ။ ချမ်းသာခြင်းအကျိုးငှာ။ ပဋိ
ပန္နော။ကျင့်လိုသော။ ပဏ္ဍိတော။ ပညာရှိသောပုဂ္ဂိုလ်သည်။
အဝသေသကိစ္စာနိ။ပဋိစ္စသမုပ္ပါဒ်။ကင်းပြတ်ကျွတ်လွတ်။ ဝန်စဲ
ရန်ကိစ္စမှတပါး။အခြားသောကိစ္စကြွင်းတို့ကို။ ပဟာယ။အားမ
ထုတ်သေး။ဝေးဝေးကြဉ်းပယ်ထားလိုက်၍။ ။ဣဓ။ဤယခုဘာဝ
နာ၌။ဝါ။ ဤငါတို့ဘုရားရှင်သာသနာတော်တွင်း၌။ ဝါ။ ဂမ္ဘီရ
ပစ္စယာကာရပဘေဒေ။ ဤပဋိစ္စသမုပ္ပါဒ်။ ထူးမြတ်ခက်ခဲနက်နဲ
သောတရားတော်မြတ်၌။ ယထာ။ အကြင်အခြင်းအရာဖြင့် ကြိုး
ကြိုး ကုတ်ကုတ်။ အားပါးထုတ်သည်ရှိသော်။ ဂါဓံ။ဉာဏ်ဖြင့်
သက်ဝင်။ မျှော်မြင်ထွင်းဖေါက်။ ထောက်ရာတည်ရာ မှီရာကို။
လဘေထ။ ရရာ၏။ ဧဝံတထာ။ ထိုသို့ ဉာဏ်ထောက် မှီနိုင်
လောက်အောင်။ ဝါ။ ထောက်မှီနိုင်လောက်သော အခြင်းအရာ
အားဖြင့်။သတော။သတိရှိ။ရိပ်မိသည်ဖြစ်၍။ ဝါ။ ရိပ်မိသော။
ပဏ္ဍိတော။သည်။သဒ္ဒါအနုယုဥ္ဇေ။အဖန်ဖန်အခါခါအားထုတ်
ရာ၏။ ။ဤကားအနက်။ ။ဤပဋိစ္စသမုပ္ပါဒ်သည်၊ အလွန်
နက်နဲသောကြောင့်။ ဘုရားရှင် ဉာဏ်တော်မှတပါး။ အခြား
သောသူတို့၏ဉာဏ်ဖြင့်။ ထောက်ရာတည်ရာမှီရာကိုမရနိုင်။
ဘုရားရှင်၏ဒွေ့ဉါဏ်တော်ကို။အမှီသဟဲတကဲပြုရမှသာလျှင်။
ထောက်ရာ တည်ရာမှီရာကိုရနိုင်ရာ၏။ စင်စစ်ကား။ ဤပဋိစ္စ
သမုပ္ပါဒ်ကို။သိမြင်ထင်ရှားဟောကြားခြင်းဟူသည်။ ဘုရားရှင်
တို့အရာသာ။တပါးသူတို့၏အရာမဟုတ်။ ပစ္စေကဗုဒ္ဓါတို့ သော်
လည်း သိရုံသာ သိနိုင်သည်။ ရှင်းလင်းစွာ မဟောနိုင်။ ထို့

ကြောင့်။ ။အဝိသယော ဧသော အညေသံ တထာဂတဉာဏဝိ
သယော။ဟူ၍သီလက္ခန်အဋ္ဌကထာစသည်တို့၌ မိန့်အပ်၏။ ။
သို့စဉ် ခက်ခဲ နက်နဲလှသောကြောင့်။ နက်နဲသော သဗ္ဗညုတ
ဉာဏ်တော်ဖြင့်သာလျှင်ထောက်မှီတည်တံ့နိုင်ရကား။တပါး
သူတို့အရာမဟုတ်။ပမာကား။ ခြင်ငယ်၏နှုတ်သီးဖြင့်။သမုဒ္ဒရာ
ရေအောက်ကခံသော။ မြေကြီး မြေသားကို။ ထိပါးအောင်မ
ထေံနိုင်သကဲ့သို့တည်း။ ။အဋ္ဌကထာဆရာမြတ်တို့လည်း။
ပဋိစ္စသမုပ္ပါဒ်ဝိဘင်းကိုဖွင့်တော်မူခါနီး၌။ ညီးတွားတော်မူကြ
သည်ကား။ ။ဝတ္တုကာမောဟံအဇ္ဇ။ ပစ္စယာကာရဝဏ္ဏနံ။
ပတိဋ္ဌံနာဓိဂစ္ဆာမိ။အဇ္ဈောဂါဠှောဝသာဂရံ။ ။ဟူ၍ညီးတွား
တော်မူသည်။ ။အဟံ။ ငါသည်။ အဇ္ဇ။ ယခု။ ပစ္စယာကာရ
ဝဏ္ဏနံ။ပဋိစ္စသမုပ္ပါဒ်ဝိဘင်းမြတ်၏။အတ္ထဝဏ္ဏနာအဋ္ဌကထါကို။
ဝတ္တုကာမော။ဆိုချင်ပါလျက်။သာဂရံ။ တောင်စက္ကဝါ။ ရံကာ
လှည့်သြောင်း။ ရှစ်သောင်းလေးထောင်။ နက်ဆောင် အဏ္ဏဝါ။
သမုဒ္ဒရာသို့။ အဇ္ဈောဂါဠှောဝ။ သက်ဝင် ချန်ဆင်းဘိသကဲ့သို့။
ပတိဋ္ဌံ။နည်းငြမ်းမရှိဘဲ။ မိမိဉာဏ်အလျောံ။ ထိုးထွင်းဖေါက်
၍။ထောက်ရာတည်ရာကို။နာဓိဂစ္ဆာမိ။မရနိုင်ချေတကား။ ။
အနက်။ ။သို့ဖြစ်၍မြတ်စွာဘုရားဟောကြားတော်မူအပ်သော
နည်း။ဘုရားရှင်ဉာဏ်တော်ကိုမှီးကြရသဖြင့်။ ထောက်တည်
မှီနိုင်ကြသည်သာတည်း။ထိုကြောင့်အရှင်အာနန္ဒာက။ မြတ်စွာ
ဘုရားကို။ဤပဋိစ္စသမုပ္ပါဒ်သည်။နက်နဲလှသည်ဆိုသော်လည်း။
တပည့်တော်ဉာဏ်၌။ ပေါ်လွင် ထင်ရှားလှပါသည်ဘုရားဟု
လျှောက်ကြားလေသည်။ ။ဤသို့နည်းငြမ်း။ လမ်းစကိုရပါ
လျှင်။ထောက်နိုင်တည်နိုင်သည်ကိုရည်၍။ ဂမ္ဘီရပစ္စယာကာ
ရ။စသောဂါထာဖြင့်။အားထုတ်ရမည်ဟူ၍ အဋ္ဌကထာ ဆရာ
မိန့်မှာတိုက်တွန်းတော်မူအပ်၏။ ။ဧဂါထာ၌ဂမ္ဘီရေ၊ ဟူ၍
လည်းပါဌ်ရှိတတ်၏။ ။

## ၁၀၈။ သစ္စာလေးပါးတို့ကိုမမြင်မသိခြင်းကြောင့် သင်္ခါရတရားတို့ကိုပြုမိသည်ကိုပြခြင်း။

ယင်းသို့အားထုတ်ရာ၌။ဒုက္ခသစ္စာကို။ ဒုက္ခအတုံးအခဲ၊အစု၊ အပုံကြီးပါတကားဟူ၍။မသိမထင်မမြင်နိုင်သောကြောင့်။မောဟတည်းဟူသောအဝိဇ္ဇာဖြင့်။ကွယ်ကာအုပ်ဖုံး၍လုံးလုံးကြီးမရိပ်မိကြသောပုထုဇဉ်မိုက်တို့သည်။ခန္ဓာအာယတနဓါတ်။ မပြတ်မစဲ။ တလဲလဲဖြစ်ခြင်း ပဋိစ္စသမုပ္ပါဒ်တည်းဟူသော သံသရာဝဋ်ဆင်းရဲကြီးကို။ သုခကြီးထင်မှတ်လွဲ၍၎င်း။ သမုဒယသစ္စာကိုမသိ မထင်မမြင် နိုင်ခြင်းကြောင့်။ ဒုက္ခ၏ အကြောင်းဖြစ်သောတဏှာသည် ဝန်းပိုင်းခြံရံတန်ဆာဆင်အပ်သောသင်္ခါရတို့ကို သုခဖြစ်ကြောင်း ပေတကားဟု ထင်မှတ်၍၎င်း။ နိဗ္ဗာန်တည်းဟူသောနိရောဓသစ္စာကို။မသိမထင်မမြင်ခြင်းကြောင့်။ ဒုက္ခ၏ ချုပ်ရာနိရောဓ သစ္စာမဟုတ်သည့်။ ဂတိဝိသေသကို။ ကောင်းကင်ဘုံသို့ ရောက်လျှင် ချမ်းသာလိမ့်မည်။ ဗြဟ္မပြည်သို့ရောက်လျှင် ချမ်းသာလိမ့်မည်။ ထိုဘုံတို့၌။ ဒုက္ခဟူသမျှတို့သည်အကြွင်းမဲ့ချုပ်ငြိမ်းလိမ့်မည်ဟုထင်မှတ်၍၎င်း။မဂ္ဂသစ္စါကိုမသိမထင်မမြင်ခြင်းကြောင့်။နိရောဓသစ္စာ။နိဗ္ဗုတာသို့ရောက်ကြောင်းမဟုတ်သော။ ဆိတ်ဝက်ကြက်နွား။ သားငှက် တို့ကိုသတ်ဖြတ်၍ ယဇ်နတ်စားခြင်း။ ပဉ္စာတပအကျင့်ကိုကျင့်ခြင်း။ နွားချေးကိုစား၍ ကျင့်ခြင်း။ ရေငုပ်ခြင်းအစရှိသော အကျင့်ယုတ်ကိုအဟုတ်အဟုတ်ထင်စရာ။ မိစ္ဆာလူမျိုးတို့ကပြောဟောသည်ကို။ ယုံကြည်စိတ်ချ။ နိရောဓသို့ရောက်ကြောင်းကောင်းမြတ်သောမဂ်အကျင့်ပေဟုထင်မှတ်၍၎င်းသုံးပါးသောသင်္ခါရတရားတို့ကိုအားထုတ်မှားလေကုန်၏။ ။

## ၁၀၉။ တနည်းလည်းသင်္ခါရတရားတို့ကို ပြုမှားပုံကိုပြခြင်း။

တနည်းလည်း။ သစ္စာလေးပါးတို့၌ မြေးရှက်ပိတ်ပင်တတ်သောအဝိဇ္ဇာကို။ မပယ်မဍ္ဍါနိုင်ခြင်းကြောင့်။ဇာတိဇရာဗျာဓိမရဏာအစရှိသော။ တပါးမကမျှားပြားလှစွာသော အပြစ်တို့နှင့်ရောပြွမ်းပေါင်းဘက်။ စပ်ရှက်နှောထွေးသော။ ကောင်းမှုကုသိုလ်၏ အကျိုးဖြစ်သော လူနတ်ခန္ဓာကောင် တည်းဟူသော။ ဒုက္ခအစိုင်အခဲအတုံးအတစ်အနှစ်ကြီးကို။ ဒုက္ခမှန်းမသိဘဲ။ ထိုခန္ဓာကောင်ဒုက္ခကြီးကိုရရန်အကြောင်းဖြစ်သော။ကာယ။ဝစီ။စိတ္တအပြားပုညာဘိ သင်္ခါရတရားတို့ကို အားထုတ် မှားလေသည်။ အဘယ်ကဲ့သို့နည်းဟူမူကား။ဒေဝစ္ဆရကာမောဝိယမရုပါတံ။ ဟူသော အဋ္ဌကထာအတိုင်း။ တောင်ကမ်းပါးပြတ်မှ။ နက်လှသော ချောက်ထည်းသို့ချန်ဆင်းလိုမ့်ချလျှင်။ မိမိအားထိခိုက်ရှနဘေးဘယ ဒုက္ခဥပါဒ်ကြီးနှင့် တွေ့ရလိမ့်မည်ကိုမမြင်မသိ။မရိပ်မိဘဲဗာလတိတ္ထိတို့စကားကိုနားဝင်။ မိမိစိတ်ကာထင်သည့်အတိုင်း။ နတ်သမီးကိုလိုချင်တပ်မက်မောသောလောဘကြီးနှင့်တောင်ကမ်းပါးပြတ်မှနက်စွာသော ချောက်ထည်းသို့ချန်ဆင်းလိုမ့်ချသော သူကဲ့သို့တည်း။ ။ကောင်းမှုအကျိုးကိုသုခဟူ၍ ပင်ခေါ်ဝေါ်ပညပ် သမုတ်အပ်သော်လည်း။ အဆုံးသတ်ကာလ၌ ပြင်းပြပူလောင်ခြင်းကိုဖြစ်စေတတ်သော ဝိပရိဏာမဒုက္ခ၏အဖြစ်ကိုဇင်းအနည်းငယ်မျှသာ။ သာယာဘွယ်ရှိသည်ကိုဇင်း။ ကောင်းကောင်းမမြင်မသိကြသောကြောင့်။ ထိုကောင်းမှု၏အကျိုးကိုလိုသဖြင့်။ဆိုခဲ့ပြီးသော။ကာယ။ဝစီ။စိတ္တပုညာဘိသင်္ခါရတို့ကိုအားထုတ်မှားလေ၏အဘယ်ကဲ့သို့နည်းဟူမူကား။ သလဘောဝိယဒီပသိခါဘိနိပါတံ။ စသောအဋ္ဌကထာဆရာမြတ်၏ ဥပမာအတိုင်း။ပရစ်ပိုးဖလံ။နှံစသောသတ္တဝါတို့သည်။ဆီမီးလျှံပြောင်ကို။ ရွှေတောင်ဘုံဗိမာန်။ ချမ်းငြိမ်းမွေ့လျော်

ဘွယ်။ တကယ်ဟုတ်လိမ့်မည်ဟု အထင်နှလုံးသွင်းနှင့်။ ခုန်ပျံ
သက်ဆင်းအတင်းဝင်လျှိုးတိုးကြသည့်ပမာ။သင်တုန်းသန်လျက်
ထက်လှစွာသော အသွား၌။ပျားစက်ကိုမက်မော။လောဘဇော
တိုက်၍ လျက်မှားသောယောကျ်ားရိုက်ကဲ့သို့ရင်း။သံမျှားချိတ်
၌ တပ်ထားသောအစာကို။ ပြင်းစွာတပ်၍။ ဟပ်မှားသောငါး
ရိုက်ကဲ့သို့ရင်း။ ဘိထောင်အိမ်သံညှပ်ကိုမမြင်။အစာကိုသာခင်
မင်သောကြွက်ရိုက်ကဲ့သို့ရင်း။ညွှတ်ကွင်းကိုမမြင်သားကောင်
ကိုသာခင်မင်နှစ်သက်သော။လင်းတငှက်တို့ကဲ့သို့ရင်းတည်း။ ။
ကာမဂုဏ်ချမ်းသာကိုမှီဝဲသုံးဆောင်ခံစားခြင်းတို့၌။ အပြစ်ရှိမှန်း
ကိုမမြင်မသိ။ ကိလေသာသည် ပြင်းပြစွာ နှိပ်စက်လေသော
ကြောင့်။သုခကြီးထင်မှတ်သဖြင့်။ ဗာလောပိယဂူထကိဋ္ဌနံ။ စ
သောဥပမာ။အဋ္ဌကထာပါဠ်နှင့်အညီ။ ထွီဘွယ်စက်ဆုပ်။မစင်
ပုပ်ကို။ ကိုင်ဆုပ်ချောက်ချားကစားလေသော ကလေးသူငယ်
မသွေ။ သေလိုသည့်စိတ်ထားနှင့်။ အဆိပ်ကိုမျိုစားသောသူအ
လား။ ဗျုံးခါးရေသောအရက်၌။ အဆိပ်ကိုထည့်စွက်၍။ နှစ်နှစ်
သက်သက်။ သောက်စားသောသူကဲ့သို့။ ကာမဂုဏ်ချမ်းသာ
ကိုခံစားသုံးဆောင်ခြင်း၌။သုအသက်ကိုသတ်ခြင်း။သုဥစ္စာကို
ခိုးယူခြင်း။ သူတထူးတို့စောင့်ရှောက်ထိန်းသိမ်းအပ်သောမိန်း
မ။ အဂမနီယဝတ္ထုတို့၌။ လွန်ကျူးဖောက်မှား။ သွားလာမွေ့
လျော် ပျော်ပါးမိခြင်း။ မဟုတ်မမှန်၊ ဖေါက်ပြန်တိမ်းပါး။ ဝါ
ကြွားသောစကားကိုပြောဆိုခြင်း။ ယစ်မျိုးများကိုသောက်စား
ရူမိုက်ခြင်းစသော။အပုညာဘိသင်္ခါရကိုအါးထုတ်မှားလေ၏။ ။
အရူပကုသိုလ်၏အကျိုးဖြစ်သော။အရူပဗြဟ္မာ၏အဖြစ်ကိုလည်း။
အနိဋ္ဌ။ ဝိပရိဏာမ။ သင်္ခါရဒုက္ခပါတကားဟုမသိမမြင်သည်
ဖြစ်၍။ငင်းဗြဟ္မာဘုံ၌မြဲ၏။ ထာဝရပင်တည်းဟု။ သဿတဒိဋ္ဌိအ
ယူဖြင့်။ ဒိသာရဋ္ဌောပိယပိသာစနဂရာဘိမုခမဂ္ဂဂမနံ။ဟူသော
အဋ္ဌကထာဆရာ၏။ဥပမာစကားနှင့်အလျော်။မျက်စိလည်လမ်း
မှား၍။ လူကောင်ကိုစားတတ်သော။မြေဘုတ်ဘီလူးများနေရာ။

မြို့ရွာသို့ရှေ့ရှုသွားသော။လမ်းခရီးကိုလိုက်မှါးသည့်အရာ။အဓိ
ပ္ပာယ်ရှိ၍ ထင်းမှားသဖြင့်။ ကျွားမကြီးနောက်သို့။ တကောင်ကောင်
လိုက်သွါးသောနွါးငယ်နှင့်မပြား။သူသတ်ယောကျ်ား။လှဉ့်ဖြား
သွေးဆောင်သည်ကို။နားယောင်လိုက်သွားမှါးသောယောကျ်ား
နှင့်မခြားမနား။ အာသေဉ္စာဘိသင်္ခါရတရားကို။ အားထုတ်မှား
လေသည်။ ။

---

## ၁၁၀။ အမှန်းမသိပြုမှားခြင်းကြောင့်
## သံသရာ၌တာရှည်ပုံ။

ဤသို့အဝိဇ္ဇာဖုံးလွှမ်းသောသူသည်။ အမှန်းမသိ။သုဂတိဒုဂ္ဂ
တိဘုံ။အလုံးစုံသောဝဋ်ဆင်းရဲကြီးကိုမမြင်နိုင်ဘဲ။ဒုက္ခအတုံးအ
ခဲကြီးကိုတောင့်တ၍။ ပုညာပုညာနေဉ္စာဘိသင်္ခါရတို့ကိုကြီး
ကြီးကုတ်ကုတ်အါးထုတ်မှါးသဖြင့်။ဘီလူးမကိုအဂ္ဂဒေဝီမဟော
သိမြှောက်စား တင်ထားမှားသည်ထက်မက။ ဝဋ်ယန္တရားစက်
ရဟတ်ချားသဘွယ်။ သံသရာဖြင်ကျယ်မှာ ကျင်လည်သော
အားမျှောပါးတာရှည်ရလိမ့်မည်အမှန်ပင်။ ။ထို့ကြောင့်။ ။
အဝိဇ္ဇါဘိက္ခဝေအဝိဇ္ဇာဂတောပုညာဘိသင်္ခါရံပိအဘိသင်္ခရော
တိ။အပုညာဘိသင်္ခါရံပိအဘိသင်္ခရောတိ။အာနေဉ္စာဘိသင်္ခါရံ
ပိအဘိသင်္ခရောတိ။ ဟူ၍ဟောတော်မူသည်။ ။ဘိက္ခဝေ။
ပဋိစ္စသမုပ္ပါဒ်။ရဟတ်စကြာ။သံသရာကို။ လွန်စွာကြောက်ငြား
ငါ့ချစ်သားတို့။ အဝိဇ္ဇာဂတော။ အဝိဇ္ဇာဖြစ်ခြင်းရှိသော။ဝါ။ အ
ဝိဇ္ဇာသည်။ လွှမ်းကာယှည်စပ်။ မြေးရှက်အပ်သော။အဝိဇ္ဇါ။ဆိုး
ကောင်းမမြင် စိတ်ထင်သည့် အလိုက်။ မိုက်လုံးကြီးသောသူ
သည်။ပုညာဘိသင်္ခါရံပိ။ ပုညာဘိသင်္ခါရကိုလည်း။အဘိသင်္ခ
ရောတိ။ပြုပြင်စီရင်တတ်၏။ ။တွင်းအနက်ကားထင်ရှားပြီ။ ။
ယင်းသို့အဝိဇ္ဇာရှိသောသူသည်။ အဝိဇ္ဇာကြောင့်။သင်္ခါရတို့ကို
အားထုတ်ရပြန်လျှင်။ ပြဆိုခဲ့ပြီးသည့်အတိုင်းဝိညာဏ်။ နာမ်ရုပ်။

သဠာယတန။ ဖဿ။ ဝေဒနာ။ ဟူသောအနာဂတ်အကျိုးငါးပါး
ဖြစ်ပွါးလိမ့်ဦးမည်ဖြစ်၍။ သံသရာဘာဝ။ လက်စမသတ်နိုင်ဘဲ။
တရစ်ပတ်ပတ်။ မပြတ်မစဲ၊ တလဲလဲထပ်ခါ။ နိမ့်တုံမြင့်တုံ။ အစုန်
အဆန်။ ပြန်လှန်တက်သက်။ အဆက်ဆက်ကျင်လည်ရမည့်အ
ဖြစ်ကို။ စင်စစ်မုချ။ လှလှဆတ်ဆတ်သိမှတ်ကြလေကုန်။ ။ဤ
သံသရာရဟတ်။ ပဋိစ္စသမုပ္ပါဒ်စက်တွင်းမှ။ လွတ်ကင်းရာလမ်း
စကိုမသိမမြင်ကြသဖြင့်။ ပြုမိပြုရာ။ ကံသင်္ခါရတို့ကိုပြုမိခြင်း
ကြောင့်။ အထက်ကောင်းကင်သို့ပစ်မြှောက်လိုက်သောတုတ်
လှန်ကန်သည်။ တကြိမ်တဖန်အရင်းနှင့်ကျလိုကျ။ တကြိမ်တခါ
အလည်နှင့် ကျလိုကျ။ တကြိမ်တခါ အဖျားနှင့်ကျလိုကျ။ ကျ
ချင်ရာရာကျသသကဲ့သို့။ ဖြစ်လိုရာရာဖြစ်တတ်ကြောင်းကို။ ။
သေယျထာပိဘိက္ခဝေဒဏ္ဍောဥပရိဝေဟာ သံခိတ္တောသကိံပိ
မူလေနနိပတတိ။ သကိံပိမဇ္ဈေနနိပတတိ။ သကိံပိအဂ္ဂေနနိပ
တတိ။ ဧဝမေဝခေါဘိက္ခဝေအဝိဇ္ဇာနီဝရဏာသတ္တာတဏှာသံ
ယောဇနာ သန္ဓာဝန္တာ သံသရန္တာ သကိံပိ အသ္မာ လောကာ
ပရံလောကံဂစ္ဆန္တိ။ သကိံပိပရလောကာ ဣမံလောကံ အာ
ဂစ္ဆန္တိ။ ။အစရှိသဖြင့် သံယုတ္တကနိကာယ်၌ ဟောတော်မူ
သည်။ ။ဘိက္ခဝေ။ စက်ဝန်းပမာ။ သံသရာရေး။ တကယ်ဘေး
ကို။ မျှော်တွေးထောက်၍ကြောက်လေ့ရှိငြား။ ငါ့ချစ်သားတို့။ ဥပ
ရိဝေဟာသံ။ ဟင်းလင်းအပြင် ထက်ကောင်းကင်သို့။ ခိတ္တော။
မြှောက်ပစ်လိုက်သော။ ဒဏ္ဍော။ လှန်ကန်တောင်ဝှေး။ တုတ်က
လေးသည်။ သကိံပိ။ တကြိမ်တခါလည်း။ မူလေန။ အရင်းပိုင်းဖြင့်။
ပနိတတိသေယျထာပိ။ ကျသကဲ့သို့၎င်း။ သကိံပိ။ တကြိမ်တ
ခါလည်း။ မဇ္ဈေန။ အလည်ပိုင်းဖြင့်။ နိပတတိ သေယျထာပိ။
ကျသကဲ့သို့၎င်း။ သကိံပိ။ လည်း။ အဂ္ဂေန။ အဖျားပိုင်းဖြင့်။
နိပတတိသေယျထာပိ။ ၎င်း။ ဧဝမေဝ။ ဤနှင့်မခြား အလားတူ
သာလျှင်။ ဘိက္ခဝေ။ တို့။ ခေါ။ အဟုတ်ဧကန်အမှန်စင်စစ်။ အဝိဇ္ဇာ
နီဝရဏာ။ အဝိဇ္ဇါဖြင့်ကွယ်ကာသိမ်းချုပ်။ ဖုံးအုပ်မြွေးရှက်။ ကန့်

ကွက် ပိတ်ပင်အပ်ကုန်သော။ တဏှာ သံယောဇနာ။ တဏှာ တည်းဟူသောကြိုးဖြင့်။တုပ်ပိုးဖွဲ့စပ်။ ကြပ်ကြပ်တည်းတည်း။ စည်းနှောင်အပ်ကုန်သော။သန္ဓာဝန္တာ။ မရပ်မနားပြေးသွားကြရကုန်သော။ သံသရန္တာ။ တဘဝမှ တဘဝသို့။ အစမသိတ်။ မပြတ်ကျင်လည်ကြရကုန်သော။သတ္တာ။သတ္တဝါတို့သည်။သကိံပိ။ တကြိမ်တခါလည်း။ အသ္မာ လောကာ။ ဤပစ္စုပ္ပန် လောက။ခုဘဝမှ။ ပရလောကံ။ တမလွန်လောက။ နောက်ဘဝသို့။ ဂစ္ဆန္တိ။ရွှေ့ရှူသွားကြရကုန်လတံ့။ သကိံပိ။ လည်း။ပရလောကာ။အတိတ်လောက။ရှေ့ဘဝမှ။ဣမံလောကံ။ ဤပစ္စုပ္ပန်လောက။ ယခုဘဝသို့။အာဂစ္ဆန္တိ။ ရွှေ့ရှူလာရောက်ကြကုန်ပြီ။ ။ ပါဠိတော်၏အနက်။ ။အဝိဇ္ဇာဖြင့်မြွေးရှက်သောသူသည်။သူကန်းလမ်းသွား၊ အမှားမှားအယွင်းယွင်း။ နင်းကွက်မမှန်။ရံခါလမ်းကျ။ရံခါလမ်းလွဲ။သွားသည့်နဲ့သို့။ ရံခါပုညာဘိသင်္ခါရကို။ ရံခါအပုညာဘိသင်္ခါရကို။ ရံခါအာနေဉ္ဇာဘိသင်္ခါရကိုပြုလုပ်မိသဖြင့်။အပါယ်လေးဘုံ။လူ့ဘုံနတ်ရပ်။ ဖြစ်တတ်သမျှဖြစ်လိုရာရာဖြစ်ကုန်ကြသည့်အကြောင်းကိုလည်း။ ။ယထာပိနာမဇစ္စန္ဓော။နရောအပရိဏာယကော။ဧကဒါယာတိမဂ္ဂေန။ ဥမ္မဂ္ဂေနာပိဧကဒါ။ ။သံသာရေသံသရံဗာလော။ တထာအပရိဏာယကော။ ကရောတိဧကဒါပုညံ။ အပုညံပိဧကဒါ။ ။ဟူ၍ဝိသုဒ္ဓိမဂ်။ ဝိဘင်းအဋ္ဌကထာစသည်တို့၌မိန့်လေကုန်ပြီ။ ။အပရိဏာယကော။ခရီးလမ်းမ။ညွှန်းပြမည့်လူ၊မည်သူတယောက်မျှ။မရမရှိသော။ ဇစ္စန္ဓော နရော။ သန္ဓေအခါ။ ဝမ်းတွင်းပါ၍။ ပသာဒပျက်ဆုံး။ ရုံလုံးကန်းသောသူသည်။ဧကဒါ။တရံတခါ။မဂ္ဂေန။လမ်းဟုတ်သဖြင့်။အပိနာမယာတိယထာ။သွားသကဲ့သို့။ ဧကဒါ။ တရံတခါ။ ဥမ္မဂ္ဂေနပိ။ ခရီးမဟုတ်ဘဲ။ လမ်းအလွဲဖြင့်လည်း။အပိနာမယာတိယထာ။သွားသကဲ့သို့။ ။ဥမ္မဂ္ဂေနာပိ။ ဟူ၍လည်း ပါဌ်ရှိ၏၊ စက်ဆုပ်ဘွယ်သော လမ်းဟူ၍ အနက်ပေး။ ။တထာ။ထိုနည်းတူစွာပမာမခြား။သံသာရေ။ပဋိစ္စသ

မုပ္ပါဒ်။ရေဘက်ပမာ။သံသရာ၌။သံသရံ။ သံသရန္တော။ကျင်လည်ရသော။အပရိယာယကော။တရားလမ်းပြ။ဆုမ္မနက်လေး။နည်းပေးသူမရှိသော။ဗာလော။သံသာရာစက်မှ။ထွက်ရာနည်းငြမ်း။လမ်းကိုမသိ။ မရိပ်မိသော သူမိုက်သည်။ ကောဒါ။ တရံတခါ။ ပုညံ။ ပုညာဘိသင်္ခါရကို။ ကရောတိ။ ပြုမိ၏။ ကောဒါ။ တရံတခါ။အပုညံဝါ။အပုညာဘိသင်္ခါရကိုလည်း။ ကရောတိ။ပြုမိ၏။ ။ဤဥစ္စသဒ္ဒါဖြင့်။ အာနေဉ္ဇာဘိ သင်္ခါရကို ဆည်းယူသေး။ ။တဘက်ကာန်းသောသူကိုကာဏ။နှစ်ဘက်ကာန်းသောသူကိုအန္ဓ။ဟူ၍။အဘိဓာန်။ မဟာပဋ္ဌရိတ်အဋ္ဌကထာတို့၌ဆိုကြကုန်၏။ ။မဟာအဋ္ဌကထာ၌ကား။သန္တေကကာန်းသောသူကို။အန္ဓ။ပဝတ္တိ၌ကာန်းသောသူကို ကာဏဟူ၍ဆို၏။ ။ဝိနည်းမဟာဝါအဋ္ဌကထာ၌ကား။ပသာဒကာန်းသောသူကိုငင်း။ တိမ်သူလာသွမ်း၍ နှပ်စက်၍ကာန်းသောသူကိုငင်း။ကာဏဟုဆို၏။ ။အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား။တဘက်ကာန်းသောသူကိုငင်း။နှစ်ဘက်ကာန်းသောသူကိုငင်း။ကာဏဟုဖွင့်ဆို၏။ ။ကာဏောတိ ဧကက္ခိကာဏောဝါ ဥဘယက္ခိကာဏောဝါ။ ။ငင်းအဋ္ဌကထာ။ ။သုဘမျှားရန်ရေးသားထည့်စွက်လိုက်သည်။ ။

အကြောင်းပြီးလျှင်။အကျိုးပြီးရမည်ဖြစ်၍။ယင်းသို့အကြောင်းဖြစ်သောသင်္ခါရမျိုးစုံကို။ ဘုံဘဝ၌ နှစ်သက် စုံမက်သည့် အတိုင်း။ပြုလိုရာရာ။ ပြုမိသည့်တွက်တာကြောင့်။ ရှည်လံစွာကြီးခိုင်ခိုင်နှင့်၊ ငုတ်တိုင်မှာဖွဲ့ချည်ထားအပ်သော ကြက်များပမာ။ကြိုးရှည်စွာနှင့်ဖွဲ့ထားအပ်သောနွား။ကြိသွစ်ယန္တရား။ဆီကြိတ်ယန္တရားစသည်တို့၌ကအပ်လောနွားကဲ့သို့။ လေတိုက်ဆွဲရာသို့ပါသဖြင့်။သမုဒ္ဒရာပြင်ကျယ်။ ပင်လယ်၏အတွင်း၌။ စင်းလုံးလွင့်ပါးပျက်ပြားသောလှေ။ရေကန်၏ရေပြင်ပေါ်၌။ လေကော်ရာလွင့်ပါးသောမှော်များ၏ပုံ။ အလုံးစုံသောဘဝ။ ယောနိ။ဂတိ။ဝိညာဏဋ္ဌိတိ။ သတ္တာဝါသတို့၌။ကျင်လည်ကြရသဖြင့်။သံသရာစက်။ပဋိစ္စသမုပ္ပါဒ်ဝဲဩဃဂယက်မှ။ဦးဆက်ဦးခေါင်း။ကောင်း

ကောင်းမပေါ်နိုင်အောင်။တပြောင်းပြန်ပြန်။ဝဋ်ဆင်းရဲသို့သာကန်
အမှန်စိုက်စိုက်လိုက်ကြရလိမ့်မည်။ ။ဤကားအဓိပ္ပါယ်။

---

## ၁၁၁။ သံသရာမှလွတ်ထွက်နိုင်ရန်အကြောင်းကိုပြခြင်း။

ထိုသို့တာရှည်စွာ။တေဘုမ္မကဝဋ်တွင်း။ ဆင်းရဲကြီးရောဌ်။
အခါခါတလည်လည်။အတည်မကျ။လက်စမသတ်နိုင်စေကာ။
အကြင်အခါဌ်။ လမ်းမှန်လမ်းကောင်း။ လမ်းကြောင်းကိုပြသ၍။
ဆုံးမတတ်သော။ ကယ်ဆယ်နိုင်သူ။ လူအဓိပတိ။ အသဒိသ
ယောကျ်ား။မြတ်စွာဘုရားစသေါသူတော်ကောင်းတို့နှင့်ပေါင်း
ဘော်ဆုံစည်းမိသောကြောင့်။စရိတအလျှော်။ဓမ္မဒေသနာတော်
မြတ်ကိုကြားနာရသဖြင့်။ လေးဝသောသစ္စာတို့ကို။လှစ်ခါကြောန်
အမှန်သိရလိမ့်မည်။ထိုသို့သိသောအခါ။အဝိဇ္ဇါကိုပယ်ခွါ၍။ဝိဇ္ဇါ
တရားထင်ရှားဖြစ်လာခြင်းကြောင့်။ဝဋ္ဋနိဿိတ။သင်္ခါရတို့ကို။
မပြုမလုပ် အားမထုတ်ပြီ။ ယင်းသို့ အားမထုတ် မပြုလုပ်သော
ကြောင့်။ပဋိစ္စသမုပ္ပါဒ်။သံသရာကိုလက်စသတ်ရ၍။ ပြည်မြတ်
နိဗ္ဗာန်။ ဝေယန်ဖုံပ်ငြိမ်ဌ်စည်းစိမ်ချမ်းသာကိုရပါရောက်ပါနိုင်
လတံ့။ဝါ။ရောက်ရလိမ့်မည်။ ။ထို့ကြောင့်။ ။ယဒါဥာတွာ
စသောဓမ္မိ။သစ္စာနိအဘိသမေဿတိ။ တဒါအဝိဇ္ဇူပသမာ။ဥပ
သန္တောစရိဿတိ။ ။ဟူ၍ဋ္ဌင်းအဋ္ဌကထာတို့ဌ် မိန့်လေကုန်
ပြီ။ ။ယဒါစ။ အကြင်အခါဌ်ကား။ သော။ ထိုအစမူလပဋ္ဌမ
တုန်းက။ရိုက်ခဲ့လှသောသူသည်။ ဓမ္မံ။သစ္စာလေးပါး။မြတ်တရား
ကို။ထင်ရှားပြသတတ်သော။ ကလျာဏမိတ်ကောင်းနှင့်ပေါင်း
ဆုံရ၍။ သုတ္တန်စသောတရားတော်မြတ်ကို။ဉာတွာ။ နာခံမှတ်
သား။ ကြားသိရ၍။ ဝါ။ ဓမ္မံ။ ဝဋ်ထွက်ရာမှန်။ နိဗ္ဗာန်တရားကို။
ဉာတွာ။မဂ်ဉာဏ်ဖြင့်သိရ၍။သစ္စာနိ။ လေးပါးသောသစ္စာတို့
ကို။ဝါ။နိရောဓမှကြွင်းသော။ သုံးစင်းသောသစ္စာတို့ကို။ ဝါ။အ
မှန်ဆုံးဖြစ်သောတရားတို့ကို။ အဘိသမေဿတိ။ထိုးထိုးထွင်း

ထွင်းသိရလတ္တံ။ဝါ။သိရလိမ့်မည်။တဒါ။ ထိုအမှန်ဆုံးတရားတို့ကိုပိုင်းခြားထင်ထင်သိမြင်သောအခါ၌။ အဝိဇ္ဇာ၊ပသမာ။အဝိဇ္ဇာ၏ငြိမ်းခြင်းကြောင့်။ဥပသန္တော။သဥပါဒိသေသ။နိဗ္ဗာနနန်းအိမ်။ရိပ်ငြိမ်ဘုံကြွ၌။ငြိမ်းချမ်းစွာစံနေရသည်ဖြစ်၍။ စရိဿတိ။ အနုပါဒိ။နိဗ္ဗုတိသို့။ ဆိုက်ထိရောက်အောင်။ သုကျိုးဆောင်လျက်။ကောင်းအောင်ကျင့်ရပေလတ္တံ။ ။ဉာတွာပဒမ္မိ၌။ ပဒမ္မိအရကို။နိဗ္ဗာန်ဟူ၍အနက်ပေးသောအခါ။ နိဗ္ဗာန်ဟူသောနိရောဓသစ္စာကိုသိခြင်းနှင့်စပ်သော။ ကြွင်းသောသစ္စာသုံးပါးတို့ကို သိခြင်းသည်။သမကာလဖြစ်ငြားသော်လည်း။ ထိုနိဗ္ဗာန်ကိုသိခြင်းကို။ပုရိမကာလကဲ့သို့ပြု၍။ ကြွင်းသောသစ္စာတို့ကိုနောက်ကာလမှသိသကဲ့သို့။ သစ္စာနိအဘိသမေဿတိဟုမိန့်၏။ ။တနည်းလည်း။ ။ယဒါ။ ၌။ သော။ သည်။ ပဒမ္မိ။ နည်းလမ်းပြသ။ဆုံးမတော်မူတတ်သော။ခရီးလမ်းအရာ။ အလွန်လိမ္မာတော်မူသောမြတ်စွာဘုရား၏ တရားတော် လမ်း မှန် ကို။ဉာတွာ။ သိ ခြင်းကြောင့်။သစ္စာနိ။အမှန်ဆုံးဖြစ်သောသစ္စာလေးပါးတရားတို့ကို။အဘိသမေဿတိ။ လတ္တံ။ဝါ။မည်။တဒါ။၌။ အဝိဇ္ဇာ၊ပသမာ။အဝိဇ္ဇာ၏ ကင်းကွာငြိမ်းချမ်းခြင်းကြောင့်။ ဥပသန္တော။ ပဒိစ္စသရုပ်ါဒိ။ စက်ရဟတ်၏။ လက်စသတ် ငြိမ်းချမ်းသည်ဖြစ်၍။ စရိဿတိ။ဘုရိယာပထဖြင့်။ဖြစ်ရလိမ့်သတည်း။ ဝါ။အနုပါဒိမှန်။နိဗ္ဗာန်ရွှေမြို့သို့။မချွတ်ချောက်ရောက်ရလိမ့်သတည်း။ ။ဤသို့လည်းယောဇနာသင့်၏။ ။ပုရိသောမဂ္ဂကုသလောတိ ခေါတိဿတထာဂတသေဿတံ အမိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ဟူ၍လည်း သံယုတ္တကနိကာယ်၌ ဟောတော်မူသည့်အတိုင်း။ခရီးအရာ၌။ လွန်စွာလိမ္မာတော်မူလှသော ကိုယ်တော် မြတ် ဘုရား၏။ ညွှန်းကြား ဟောပြတော်မူရာ။ ဒေသနာတော်လမ်းမှန်ကို။ကေန်ဝိုက်ဝိုက်။ လိုက်နိုင်မှသာ။ချမ်းသာရာအမှန်။နိဗ္ဗာန်တည်းဟူသော လိုရာအရပ်သို့ရောက်နိုင်ကြမည်။ လမ်းဖြောင့် လမ်းမှန်ကို မလိုက်။ လမ်းကောက် လမ်း မှားကို

ကြိုက်လျှင်။ယခင်ပြခဲ့ပြီးသည့်အတိုင်း။ ချိုင်းဇွမ်းသော ငှတောင်
ကံမ်းပါးပြတ်။ ဘိလူးတို့နေရပ်တို့သို့။ ကပ်ရောက် ဆင်းသက်
ကြသဖြင့်။ ဘေးဘယဒုက္ခကြီး။ဘိစီးနှိပ်စက်သည်ကိုတွေ့ကြုံခံ
စားကြရလိမ့်မည်။ ။အဝိဇ္ဇာကိုပယ်ခွါခုတ်ဖြတ်။သတ်ကြပါ
မှ။ ဝဋ္ဋနိဿိတပုညာဘိသင်္ခါရစသည်တို့ကိုမပြုရဘဲ။ဝဋ်ဒုက္ခ
ဆင်းရဲမှ။ကင်းလွဲကြရမည်။ ။ယတောစခေါဘိက္ခဝေဘိက္ခု
နော။အဝိဇ္ဇာပဟီနာဝိဇ္ဇာဥပ္ပန္နာ။ သောအဝိဇ္ဇာဝိရာဂါ ဝိဇ္ဇုပ္ပါဒါ
နေဝပုညာဘိသင်္ခါရံအဘိသင်္ခရောတိ။စသည်ဖြင့် ဟောတော်
မူသည်။ ။ဘိက္ခဝေ။ပဗ္ဗယာကာရ။ဘေးဘယကို။ တွေးဆရှု
စား။ငါ့ချစ်သားတို့။ယတော။အကြင့်ကြောင့်။ ဘိက္ခုနော။ပဒိုဗ္ဗ
ဘေး။ လေးသောဝန်ကိုရှုလေ့ရှိသောပုဂ္ဂိုလ်အား။ဝါ။သည်။အ
ဝိဇ္ဇာ။အဝိဇ္ဇာကို။ပဟီနာ။ပယ်စွန့်အပ်ပြီ။ဝိဇ္ဇါ။ဝိဇ္ဇာသည်။ဥပ္ပန္နာ။
ဖြစ်ပြီ။ သော။ ထိုအဝိဇ္ဇာပယ်ကွာ၍။ ဝိဇ္ဇာ ဖြစ်ပေါ်လာသော
ပုဂ္ဂိုလ်သည်။အဝိဇ္ဇါဝိရာဂါခေါ်။အဝိဇ္ဇာကင်း။လွန်မြောက်ခြင်း
ကြောင့်သာလျှင်။ ဝိဇ္ဇုပ္ပါဒါခေါ်။ ဝိဇ္ဇာ ပညာဖြစ်ပေါ် လာခြင်း
ကြောင့်သာလျှင်။ ပုညာဘိသင်္ခါရံ။ကို။ နေဝအဘိသင်္ခရောတိ။
အားပါးမထုတ်။ အဟုတ်ပြုပြင်။ မလုပ် လေတော့ သလျှင်က
တည်း။ ။ဤကားအနက်။ ။ယင်းသို့မဟုတ်အဝိဇ္ဇာဖြင့်ကာန်း
မိုက်သောပုထုဇဉ်ယုတ်တို့သည်။အဝိဇ္ဇာကလွှန်စွါဖုံးလွှမ်း။မြွေး
သမ်းဖွဲ့ရှက်။ ကန့်ကွက်ပိတ်ပင်။ အပြစ်ကိုမမြင်နိုင်အောင် ဆီး
တားသည့်အတွက်။အနမတဂ္ဂ။ ရှေးရှေးသောကာလ၊အစမထင်။
သံသရာပြင်ကျယ်၌။ပိယသာတ။အဇ္ဈတ္တိကာယတနခြောက်ပါး
၌။ထင်မှားမြင်မှားရှုမှားခဲ့သည်ဖြစ်၍။ဆင်းရဲဒုက္ခ။ဘေးဘယမှ။
မလွတ်နိုင်ကြဘဲ၊တမွဲမွဲ။တအဲအဲ။တလဲလဲနှင့်။အနဲ့နဲ့ကျင်လည်ခဲ့
ကြရလေပြီ။ ။ထို့ကြောင့်။ ။ယေဟိကေစိဘိက္ခဝေအတီတ
မဒ္ဓါနံ။သမဏာဝါဗြာဟ္မဏာဝါ။ ယံလောကေပိယရူပံသာတရူပံ
တံနိစ္စတောအဒ္ဒက္ခုံ။သုခတောအဒ္ဒက္ခုံ။အတ္တတောအဒ္ဒက္ခုံ။ အာ
ရောဂျတောအဒ္ဒက္ခုံ။ ခေမတောအဒ္ဒက္ခုံ။ တေတဏှံဝဍ္ဎေသုံ။

ယေတဏှံဝဍ္ဎေသုံ။တေဥပဓိံဝဍ္ဎေသုံ။ယေဥပဓိံဝဍ္ဎေသုံ။တေ ဒုက္ခံဝဍ္ဎေသုံ။ယေဒုက္ခံဝဍ္ဎေသုံ။တေနပရိမုစ္စိံသုဇာတိယာဇရာ ယမရဏေန သောကေဟိပရိဒေဝေဟိဒုက္ခေဟိ ဒေါမနဿေ ဟိဥပါယာသေဟိနပရိမုစ္စိံသုဒုက္ခသ္မာတိဝဒါမိ။ ။ဟူ၍။မဇ္ဈိ မနိကာယ်။ သံယုတ္တကနိကာယ်တို့၌ဟောတော်မူသည်။ ။ ဘိက္ခဝေ။သံသာရစက်။ ဘေးဂယက်ကို၊ ဥာဏ်သက်ရှုစား။ငါ့ ချစ်သားတို့။အတီတမဒ္ဓါနံ။လွန်လေပြီးရှေးကာလအခွင့်၌။ ယေ ကေစိ။အမှတ်မထား။ များပြားကုန်သော။သမဏာဝါ။ သာသာ နာပဒ္ဓါ။တာပသမုနေ့။ရသေ့ပရိဗိုဇ်တို့သည်၎င်း။ဗြာဟ္မဏာဝါ။ ပုဏ္ဏားတို့သည်၎င်း။ ။ဝါသဒ္ဒါဖြင့်ကြွင်းသောသူတို့ကိုယူ။ ။ လောကေ။အာယတနလောက၌။ပိယရူပံ။ချစ်အပ်သောသဘော ရှိသော။ သာတရူပံ။ သာယာအပ်သောသဘောရှိသော။ယံ။အ ကြင်အဇ္ဈတ္တိကာယတနခြောက်ပါးသည်။ အတ္ထိ။ ရှိ၏။ တံ။ ထို အဇ္ဈတ္တိကာယတနခြောက်ပါးကို။နိစ္စတော၊မြဲသောအားဖြင့်။ ။ ရှေ့ဆရာတို့အနက်။ ။ဝါ။မြဲ၏ဟူ၍။ ။အဋ္ဌကထာဆရာမြတ် တို့အနက်။ ။အဒ္ဒက္ခုံ။ရှုလေကုန်ပြီ။ ။နိစ္စတောအဒ္ဒက္ခုံတိ နိစ္စန္တိအဒ္ဒသံသု။ ၎င်းအဋ္ဌကထာတို့ကိုရှု။ ။သုခတော။ ချမ်း သာသောအားဖြင့်။ဝါ။ချမ်းသာ၏ဟူ၍။အဒ္ဒက္ခုံ။ပြီ။ အတ္တတော။ အတ္တအားဖြင့်။ဝါ။ အတ္တဟူ၍။အဒ္ဒက္ခုံ။ပြီ။ အာရောဂျတော။အနာ ကင်းသောအားဖြင့်။ဝါ။ရောဂါအနာကင်း၏ဟူ၍။အဒ္ဒက္ခုံ။ပြီ။ခေ မတော။ဘေးကင်းသောအားဖြင့်။ဝါ။ဘေးမရှိဟူ၍။အဒ္ဒက္ခုံ။ပြီ။ တေ။ ထိုပြဆိုခဲ့ပြီးသည့်အတိုင်းရှုကြကုန်သော ရသေ့ပုဏ္ဏား တပါးသောသူတို့သည်။တဏှံ။ တဏှာကို။ဝဍ္ဎေသုံ။ပွါးစေကြ ကုန်ပြီ။ယေ။ အကြင်ရသေ့ပုဏ္ဏား တပါးသူတို့သည်။ တဏှံ။ တဏှာကို။ ဝဍ္ဎေသုံ။ပွါးစေကြကုန်ပြီ။ တေ။ ထိုတဏှာကိုပွါး စေကြသောသူတို့သည်။ဥပဓိံ။ ခန္ဓူပဓိ။ ကိလေသူပဓိ။အဘိ သင်္ခါရူပဓိ။ ကာမဂုဏူပဓိတည်းဟူသောဥပဓိတရားလေးပါး ကို။ဝဍ္ဎေသုံ။ပြီ။ယေ။သည်။ဥပဓိံ။ခန်။ကိ။အ။ကါ။လေးဖြာဥပဓိ

ကို။ ဝဏ္ဍေသုံ။ ပြီ။ တော။ ထိုဥပမိတရားလေးပါးကိုပွါးစေသောသူတို့သည်။ ဒုက္ခံ။ သံသရာဝဋ်ဆင်းရဲကို။ ဝဏ္ဍေသုံ။ ပြီ။ ယော။ ဝ့်သည်။ ဒုက္ခံ။ သံသရာဝဋ်ဆင်းရဲကို။ ဝဏ္ဍေသုံ။ ပြီ။ တော။ ထိုသံသရာဝဋ်ဆင်ရဲကိုပွါးစေသောသူတို့သည်။ ဇာတိယာ။ ပဋိသန္ဓေတည်နေခြင်းမှ။ ဇရာယ။ အိုခြင်းမှ။ မရဏာန။ သေခြင်းမှ။ ဒုက္ခေဟိ။ ကိုယ်၏ဆင်းရဲခြင်းတို့မှ။ ဒေါမနဿေဟိ။ စိတ်၏ဆင်းရဲခြင်းတို့မှ။ ဥပါယာသေဟိ။ သက်ကြီးရှိုက်ငင် ပင်ပန်းခြင်းတို့မှ။ နပရိမုစ္စံသု။ မလွတ်နိုင်ကုန်ပြီ။ ဒုက္ခသ္မာ။ ဆင်းရဲမျိုးစုံအဖုံဖုံမှ။ နပရိမုစ္စံသု။ မလွတ်နိုင်ကုန်ပြီ။ ဣတိ။ ဤသို့။ အဟံ။ ငါဘုရားသည်။ ဝဒါမိ။ ဟောကြားတော်မူ၏။ ။ဤကားအနက်။ ။ဤပါဠိတော်၌။ သမဏဗြာဟ္မဏာအရကို။ ။သမဏာဝါဗြာဟ္မဏာဝါတိသစ္စာနံ ပဋိဝိဇ္ဈိတုံအသမတ္ထာ ဗာဟိရသမဏဗြာဟ္မဏာ။ ဟုရင်းနိကာယ်မူလပဏ္ဏာသ အဋ္ဌကထာဖွင့်သည်ကို ထောက်ရှု၍ သိလေ။ ။ပစ္စုပ္ပန်အနာဂတ်ဖြစ်သော အခွန့်တို့၌ လည်း။ ဤအတိတ်အခွန့်ကာလနည်းအတိုင်း။ အစ္ဈတ္တိကာယတနခြောက်ပါးတို့၏။ ဝိယသာတ သဘော။ ချစ်အပ်သာယာအပ်သောအဖြစ်ကို။ ရှုမှားထင်မှားမြင်မှားပြန်လျှင် ။ယခင်အတိတ်တဝါရ၌ပြခဲ့ပြီးသော။ ဇာတိဇရာ မရဏာသောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတည်းဟူသော။ ဆင်းရဲမျိုးစုံတို့နှင့်။ တွေ့ကြုံကြရဦးမည်ကောန်ဟုအမှန်ကိုသိကြ ရိပ်မိကြမှဘဝကိုလွန်မြောက်နိုင်ရန်အကြောင်းဖြစ်မည်။ ။

---

## ၁၁၂။ ဘဝကိုစက်ဆုပ်အပ်သည်ကိုပြခြင်း အကြောင်း။

ယင်းသို့မရိပ်မိ။ သတိမချပ်။ တပ်သည့်အတွက်။ အချက်ထင်ထင်မမြင်ကြဘဲ။ အမှတ်လွဲသဖြင့်။ မြင့်မြဲရှည်ကြာ။ သံသရာဝဋ်တွင်း။ ဆင်းရဲခြင်းမှ။ မလွတ် မကင်းနိုင် ကြသော သတ္တဝါအ

ပေါင်းတို့သည်။ အတိတ်အနာဂတ်ပစ္စုပ္ပန်သုံးတန်သောကာလ
တို့၌။ပြဆိုခဲ့ပြီးသော။မသိတ်မစဲ။ ဒုက္ခအတုံးအခဲကြီး၏တည်ရာ
လွန်စွာစက်ဆုပ်အပ်။ မပြတ်နိုးအပ်။မသာယာအပ်။မတပ်မက်
မောအပ်။မခင်မမင်မစုံမမက်။မနှစ်မသက်အပ်သော်။မစင်ကျင်
ငယ်သဘွယ်။တင့်တယ်ခြင်းမရှိသော။ဘုံသုံးပါးတို့ကို။ မတပ်
မှားမိအောင်။ သတိဆောင်ကြသဖြင့်။ယခုဘဝ၌သာ။ သံသရာ
ညွတ်ကွင်း။ ဝဋ်အတွင်းမှ။ လွတ်ကင်း ပြတ်စဲရန်။ ဧကန်ကျင့်
ထိုက်လှပေတော့သည်။ ။မစင်အလားဘုံသုံးပါးကို။ ဘုရား
မြတ်စွာ။ တို့ဆရာသည်။ ရံခါဘော်ညွှန်းခြီးမွှန်းတော်မူ။ ။
ထို့ကြောင့်အင်္ဂုတ္တရနိကာယ်၌။ ။သေယျထာပိဘိက္ခဝေ။
အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ ဧဝမေဝခေါ အဟံ
ဘိက္ခဝေအပ္ပမတ္တကံပိဘဝံနဝဏ္ဏေမိ။ အန္တမသောအစ္ဆရသံဃာ
တမတ္တံပိ။ ။သေယျထာပိဘိက္ခဝေအပ္ပမတ္တကံပိမုတ္တံဒုဂ္ဂန္ဓံ
ဟောတိ အပ္ပမတ္တကောပိ ခေဠော ဒုဂ္ဂန္ဓော ဟောတိ။ အပ္ပမတ္တ
ကောပိပုဗ္ဗောဒုဂ္ဂန္ဓောဟောတိ။ အပ္ပမတ္တကံပိလောဟိတံဒုဂ္ဂန္ဓံ
ဟောတိ။ ဧဝမေဝခေါအဟံဘိက္ခဝေအပ္ပမတ္တကံပိဘဝံနဝဏ္ဏေ
မိ။အန္တမသောအစ္ဆရသံဃာတမတ္တံပိ။ ။ဟူ၍ဟောတော်မူ
သည်။ ။ဘိက္ခဝေ။စက်ကွင်းဘဝ။ ဘေးဘယကို။ရှုကြကုန်
ငြားငဲ့ချစ်သားတို့။ဂူထော။ကျင်ကြီးမစင်ဘင်အပုပ်သည်။အပ္ပ
မတ္တကောပိ။ အနည်းငယ်မျှပင်ဖြစ်သော်လည်း။ ဝါ။ အပ္ပမတ္တ
ကောပိ။နည်းနည်းကလေးမျှလည်းဖြစ်သော။ ဂူထော။ဘင်ပုပ်
မစင်ကျင်ကြီးသည်။ ဒုဂ္ဂန္ဓော။ မကောင်းသောအနံ့ရှိသည်။ဝါ။
နံစော်ပုပ်ဟောင်သည်။ ဟောတိသေယျထာပိ။ ဖြစ်သကဲ့သို့။
ဧဝမေဝ၊ ဤအတူသာလျှင်။ ခေါ။ ဧကန်အမှန်။ အဟံ။ ငါဘုရား
သည်။အပ္ပမတ္တကံပိ။အနည်းငယ်မျှကာလပတ်လုံးလည်း။ ဘဝံ။
ဘဝ၌ပဋိသန္ဓေတည်နေရခြင်းကို။ ဝါ။ဥပပတ္တိဘဝကို။နဝဏ္ဏေ
မိ။ ကောင်း၏ဟုဖေါ်ညွှန်း။ တခွန်းတည်းမျှ ခြီးမွမ်းတော်မမူ။
အန္တမသော။အယုတ်ဆုံးအပိုင်းအခြားအားဖြင့်။ အစ္ဆရသံဃာတ

မတ္တံပိ။ လက်ဖျစ်တတီးမျှလည်း။ နဝဏ္ဏေမိ။ ငြီးမွမ်းတော်မမူ
ရာ။ ။ရှေ့ပါဠိတော်၏အနက်။ ။ဘဝံနဝဏ္ဏေမိတိအပ္ပမတ္တ
ကံပိကာလံဘဝေပဋိသန္ဓိံနဝဏ္ဏေယျာမိ။ ဟူ၍ဖွင့်ပြသော၎င်း
အဋ္ဌကထာကို ထောက်၍။ ဘဝံဟူသော ပုဒ်။ အပ္ပမတ္တကံ ဟူ
သောပုဒ်။ ဝဏ္ဏေမိဟူသော ပုဒ်တို့ကို အနက်ယောဇနာ လိုက်
သည်။ ။ဘဝံဟူသောပုဒ်၌။ပဌမအနက်ကား။ အဋ္ဌကထာဆ
ရာမြတ်၏အလိုတော်။ နောက်ပဋိသန္ဓိပုဒ်ကြေ။ ဒုတိယအနက်၌
ကား။ ဘဝသဒ္ဒါကိုဥပပတ္တိ ဘဝဟောဟူ၍မှတ်။ ။ဘိက္ခ
ဝေ။မစင်ကျင်ငယ်တမျှ။ဘုံဘဝကို။ဘယရှုငြား။ ငါချစ်သားတို့။
အပ္ပမတ္တကံပိ။အနည်းငယ်မျှ။ ပြောပလောက်စရာမရှိလှသော။
မုတ္တံ။ကျင်ငယ်သည်။ ဒုဂန္ဓံ။ နှာသီးမခံ့။ မကောင်းသောအနံ့ရှိ
သည်။ဝါ။နံ့သည်။ဟောတိသေယျထာပိ။ဖြစ်သကဲ့သို့၎င်း။အပ္ပ
မတ္တကောပိ။ အနည်းငယ်မျှလည်းဖြစ်သော။ ခေဠော။တံတွေး
သည်။ ဒုဂန္ဓော။ မကောင်းသောအနံ့နံ့သည်။ ဟောတိသေယျ
ထာပိ။၎င်း။အပ္ပမတ္တကောပိ။သော။ပုဗ္ဗော။ပြည်သည်။ဒုဂန္ဓော။
သည်။ဟောတိသေယျထာပိ။၎င်း။ အပ္ပမတ္တကံပိ။ သော။လော
ဟိတံ။သွေးသည်။ဒုဂန္ဓံ။သည်။ဟောတိသေယျထာပိ။၎င်း။ဧဝ
မေဝ၊ ဤအတူသာလျှင်။ဘိက္ခဝေ။ ဝံ့။အဟံ။ငါဘုရားသည်။ခေါ။ဧ
ကန်အမှန်။ အပ္ပမတ္တကံပိ။ အနည်းငယ်မျှကာလပတ်လုံးလည်း။
အနည်းငယ်မျှကာလခန့်လည်း။ ဘဝံ။ဘဝ၌ပဋိသန္ဓေတည်နေ
ခြင်းကို။ ဝါ။ ဥပပတ္တိဘဝကို။ နဝဏ္ဏေမိ။ ငြီးမွမ်းတော်မမူရာ။
အန္တမသော။အယုတ်ဆုံးအပိုင်းအခြားအားဖြင့်။အစ္ဆရသံဃာတ
မတ္တံပိ။ လက်ဖျစ်တတီးမျှလည်း။ နဝဏ္ဏေမိ။ ငြီးမွမ်းတော်မမူ
ရာ။ ။နောက်ပါဠိတော်၏အနက်။ ။ဘဝသုံးပါး၌ဖြစ်ရသော
ခန္ဓာသည်ကား။ ရွှေငွေပုလဲ။ ကြောင်မျက်ရွဲပတ္တမြား။နံ့သာမျိုး
ဆယ်ပါးစသည်တို့ဖြင့်ပြီးသည်မဟုတ်။ စက်ဆုပ်ရွံရှာဘွယ်။
မစင်ကြယ်သောဝတ္ထု။ အသုဘသဘောမျှသာ ဖြစ်သတည်း။
ထိုကြောင့်။ ကျင်ကြီး ကျင်ငယ် တံတွေး။ သွေး ပြည်တို့ကို။

ဥပမာနှထား၍ဟောကြားတော်မူသည်။ ။အဓိပ္ပါယ်အကျဉ်းကား။ ။ကျင်ကြီးကျင်ငယ်။ ရှုံဘွယ်တံတွေး သွေးပြည်စသည်တို့သည်၊သုဂန်ပုပ်သိုး။ အနံ့ဆိုးသောကြောင့်။ မည်သည့်လူမျိုးကမှ။ ဂုဏ်ထူးတင်ညွန်း။ တခွန်းတလေမျှချီးမွမ်းခြင်းငှါ မထိုက်ပလေကုန်။စင်စစ်သော်ကား။အသရေမဲ့။ မတင့်ခဲ့၍။ကဲ့ရဲ့ခြင်းငှါသာထိုက်ကုန်သကဲ့သို့။ ထို့အတူ။ ဘဝ၌ပဋိသန္ဓေနေရ။ခန္ဓါကိုယ်ကိုရခြင်းသည်လည်း။ပဋိသန္ဓေနေခြင်းလျှင်အရင်းရှိသော။ဒုက္ခမျိုးစုတို့နှင့်တွေ့ကြုံဆုံစည်းရမည်ဖြစ်သောကြောင့်။ ချီးမွမ်းခြင်းငှါမထိုက်။ စင်စစ်မှာမူကားကဲ့ရဲ့ခြင်းငှါသာထိုက်၏ဟူ၍ အဓိပ္ပါယ်ကိုမှတ်လေ။ ။မြတ်စွာဘုရားရှင်၏ အလိုတော်မှာမူ။ တဘဝ၌တကြိမ်သာတည်း ပဋိသန္ဓေနေရသည်ဖြစ်စေကာမူ။ လွန်စွာငြီးငြင် ပင်ပန်းဆင်းရဲ။ ဒုက္ခခဲဖြစ်လေရာသောကြောင့်။ ယေဒု ပဋ္ဌာန်ဘဝ၌ ပင်လျှင်အနုပါဒိသေသ ပရိနိဗ္ဗာန်စံစေတော်မူလိုသည်။ ထိုထိုဘဝ၌ တောင့်တတွယ်တာခြင်းများကို။အလျှင်းပင်အလိုတော်မရှိဟု။ဘုရားရှင်အလိုတော်ကိုရိပ်မိကြရမည်။ ။ဘုရားရှင်အလိုတော်ကိုမရိပ်မိဘဲ။ စိတ်ပေါ်သည့်အတိုင်းမစင်ပုံကြီးများကိုခဲသကဲ့သို့။ အလွဲမဖြစ်ကြစေရာဟူလိုသည်။ ။ဤကားအဓိပ္ပါယ်အကျဉ်းတည်း။

---

## ၁၁၃ ဝန်ကိုတောင့်တ၍ဒါနစသည်ကို မပြုအပ်ကြောင်း။

အကယ်၍ကား။ ဘုံသုံးပါးကို။ လိုလားတောင့်တ၍။ ဒါနစသော ပုညာဘိသင်္ခါရ ကုသိုလ်များကို ပြုမိခဲ့ငြားအံ့။ ပဋိစ္စသမုပ္ပါဒ်။ရဟတ်စကြာ။သံသရာနယ်ဝင်။သုံးခွင်လောကဓါတ်။ လူနတ်စည်းစိမ်။ရိပ်ငြိမ်ဘုံကြွ။ဝိမာနအထူး၌။ ရွှင်မြူးပျော်ပါး။ စံစားလိုသောအာသာ။ တဏှာရာဂဖြင့် တောင့်တောင့်တတ။ ကြံဆရည်ရွယ်လျက်။ကြီးငယ်မဟူ။ အလှူဒါန၊ သီလဘာဝနာ

ဖြစ်သော။ ပုညာနေဥ္စာဘိကျသိုလ်တို့ကို။ အလိုအတိုင်းပြုလုပ်
ကြသည့်ရှိသော်။မလျှော်ဖေါက်ပြန်။လမ်းမှန်မကျ။ဝန်ဒုက္ခပွါး။
မှောက်မှားသောအကျင့်ဝတ်။မချွတ်မိစ္ဆာ။ပဋိပဒါပင်ဟူ၍မှတ်
ကြရမည်။ ။မှတ်ရမည့် အကြောင်းကား။ ။ကတမာစ
ဘိက္ခဝေမိစ္ဆာပဋိပဒါ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အစရှိသဖြင့်
အနုလောမ ဒေသနာတော်ကို ဟောတော်မူသည်။ ။ယံဟိ
ကိဉ္စိဘဝတ္တယသင်္ခါတံဝဋ္ဋံ ပဝတ္တေတွာပဝတ္တိတံ အန္တမသော
ပဉ္စာဘိညာ။အဋ္ဌဝါပနသမာပတ္တိယော။ သဗ္ဗံ တံဝဋ္ဋပက္ခိယံဝဋ္ဋ
သီသတ္တာ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါဝဟောတိ။ ။ဟူ၍ သံ
ယုတ္တကနိကာယ်ရင်းပဋိပဒါသုတ်၌အဋ္ဌကထာဆရာလည်းဖွင့်
ပြတော်မူသည်။ ။ဟိ။အကျယ်ကား။ ယံကိဉ္စိ။အမှတ်မရှိသော်
ဒါနသီလဘာဝနာကုသိုလ်ကို။ဘဝတ္တယသင်္ခါတံ။ကာမ၊ရူပ၊အ
ရူပတည်းဟူသော၊ ဘဝသုံးပါးတို့၏အပေါင်းဟုဆိုအပ်သော။
ဝဋ္ဋံ။ပဋိစ္စသမုပ်။ဝန်ဒုက္ခကို။ ပဝတ္တေတွာ။ မက်မက်မောမော။
လောဘတဏှာ။အာသာအတိုင်း။ အလျှိုင်းတကြီး တောင့်တပြီး
၍။ပဝတ္တိတံ။ဖြစ်စေအပ်၏။ပန။ထိုမှတပါး။ဝါ။အထူးကား။ အန္တ
မသော။ ယုတ်သော အပိုင်း အခြားအားဖြင့်။ ပဉ္စာဘိညာဝါ။
အဘိညာဉ် ငါးပါးတို့ကိုရင်း။ အဋ္ဌသမာပတ္တိယောဝါ။ ရှစ်ပါး
သောသမာပတ်တို့ကိုရင်း။ ပဝတ္တိတာ။ ဖြစ်စေအပ်ကုန်၏။တံ
သဗ္ဗံ။ ဝန်ကိုတောင့်တ၍ပြုပြုသမျှသောကုသိုလ်။ ထိုအလုံးစုံ
သည်။ဝဋ္ဋပက္ခိယံ။ ဝန်၏အပင်းအသင်းအဘို့အစု၌ဖြစ်၏။ ဝဋ္ဋသီ
သံ။တဏှာတည်းဟူသောဝန်၏ဦးခေါင်း။အဝိဇ္ဇာတည်းဟူသော
ဝန်၏ဦးခေါင်းရှိ၏။ဝါ။ ဝန်လျှင်အရင်းပြဓာန်းခြင်းရှိ၏။ ဣတိ
တသ္မာဝဋ္ဋသီသတ္တာ။ဤသို့ဝန်ခေါင်းမယွင်း။အရင်းမူလ။ပဓါနရှိ
သည်၏အဖြစ်ကြောင့်။မိစ္ဆာပဋိပဒါဝ။အမှါးကြီးဖြစ်သော်အကျင့်
သည်သာလျှင်။ဟောတိ။ဖြစ်၏။ ။ဤကားအဋ္ဌကထာပါဌ်၏
အနက်။ ။ဝဋ္ဋသီသတ္တာတိဝဋ္ဋပက္ခိယာနံဥတ္တမင်္ဂဘာဝတော၊
ဟူ၍ဋီကာမိန့်သော ကြောင့်။ ဝဋ္ဋသီသံ။ ဝဋ်အဘို့ဖြစ်သော

တရားတို့၏ ဦးခေါင်းမည်၏ ဟုအနက်ယောဇနာလေဦး။ ။
ယင်းသို့ဖြစ်၍။စင်စစ်မစင်။ ကျင်ငယ်တံတွေး။ ပြည်သွေးတမျှ။
သုခမဆိုလောက်။ဒုက္ခကြီးမိုမောက်၍။ ကြောက်အပ်စရာ။ သုံး
ဖြာဝဋ္ဋ။ဘုံဘဝကို။ရလိုရောက်လို။ ဆုတောင်းဆိုသဖြင့်။ ထိုထို
ဒါန။သီလစသော၊ပုညာဘိသင်္ခါရပြုကြသည့် ကုသိုလ်မျိုးများ
ကိုအဆိပ်အိုးအဆိပ်သီးမီးကျီးတွင်းများလောက်။ ကြောက်ကြီး
ကြောက်ကြ၍။မမှောက်မမှား။ မတိမ်းပါးရအောင်သတိအထူး
ဆောင်ကြရမည်။ မနောသဉ္စေတနာဟာရ၏ မီးကျီးတွင်းနှင့်
တူကြောင်းကိုနိဒါနဝဂ္ဂသံယုတ်၊ မဟာဝဂ်၌ဟောတော်မူအပ်
၏။သူခိုးပြေးမှဆေးအင်းထ။လူမိုက်နောက်မှအကြံရ။ ထိပ်ကိုချ
မှဓားပြမှန်းသိဆိုသလို။ ထိုထို နတ်ပြည်၌။ တည် နေရသော်
လည်း။ဒုက္ခမကင်း။ ဝဋ်တွင်း၌ကျ၍။ မရဏသောက။ ပရိဒေဝ
မသိတ်။ထိတ်လန့်ပင်ပန်းခြင်းသို့ရောက်ကြရသဖြင့်။ နောက်မှ
ညီးတွားလျက်။ကြီးမားသောနောင်တ။အနုတာပဟူ။ပူပန်ခြင်း
သို့။ မဆင်း မသက် မဝင် မရောက်ကြစေရာ။ ။နာကာသိံ
သတ္ထုဝစနံ။ဗုဒ္ဓဿာဒိစ္စဗန္ဓုနော။ဟိနေစိတ္တံပဏီဓာယ။ သာမှိ
ပဿာနုတာပိနီ။ ။ဝိမာနဝတ္ထုပါဠိတော်။ ။အာဒိစ္စဗန္ဓုနော။နေ
မင်း၏အဆွေဖြစ်တော်မူသော။ ဗုဒ္ဓဿ။ သစ္စာလေးဝ။ ဥယျ
ငါးတန်။ တရားမှန်ကို။ ဉာဏ်ဖြင့်မိုင်းဖြတ်။ ဆတ်ဆတ် သိမြင်
တော်မူထသော။ သတ္ထု။မြတ်စွာဘုရားသခင်၏။ဝစနံ။ နာဟံ
ဘိက္ခဝေအပ္ပမတ္တကံပိဘာဝံဝဏ္ဏေမိ၊ အစရှိသဖြင့်ဟောတော်မူ
အပ်သောစကားတော်ကို။အဟံ။ငါသည်။ နာကာသိံ။ လိုက်နာ
၍မပြုမိလေ။သောအဟံ။ထိုငါသည်။ဟိနေ။ ယုတ်ညံ့သောနတ်
စည်းစိမ်၌။စိတ္တံ။စိတ်ကို။ပဏီဓာယ။ဆောက်တည်၍။ဝါ။ဆောက်
တည်မိသောကြောင့်။ပဿာနုတာပိနီ။နောင်တတဖန်။ ပူပန်ခြင်း
ရှိသည်။အမှိ။ဖြစ်ရလေ၏တကား။ ။နာကာသိံသတ္ထုဝစနန္တိ
နာဟံဘိက္ခဝေအပ္ပမတ္တကံပိဘာဝံဝဏ္ဏေမိတိ အာဒိနာသတ္ထာရာ
ဝုတ္တဝစနံနကရိံ၊ ။၎င်းအဋ္ဌကထာဖွင့်၏။ ။ဤသို့ဥပေါ

သထိက နတ်သမီး ညီးတွားပူပန်သည်များကို နှလုံး ထားကြရမည်။ ။ဤမှတပါးလည်း။သိကြားမင်းကြီး။သုဗြဟ္မာနတ်မင်းကြီးအစရှိသော နတ်သား နတ်သမီး။ နတ်မင်းကြီးတို့၏။ ညီးတွားပူပန်။ ပြင်းထန်သောကာ၊ ရှိကြကြောင်းများနှင့်ဓမ္မပဒ အဋ္ဌကထာ။သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ ဇင်းအဋ္ဌကထာ။ မူလပဏ္ဏာသအဋ္ဌကထာ။ သုတ်မဟာဝါအဋ္ဌကထာ။ အဋ္ဌသာလိနီ။ ဓာတ်အဋ္ဌကထာစသည်တို့၌။အတန်တန်ယထာရဟလာသည်များကို၊ ယထာရဟနှလုံးထားကြရမည်။ ။

---

## ၁၁၄ ဝန်ကင်းရာကိုတောင့်တ၍ဒါနစသည်ကို ပြုအပ်ကြောင်း။

ဒါနသီလစသောကုသိုလ်သည်။အလိုရှိတိုင်း။မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာပွန်ကို။ ကောန်ဆတ်ဆတ်။ ပေးစွမ်းတတ်သော သတ္တိအထူး။ဥပနိဿယကျေးဇူးရှိပါလျက်။မပြုတတ်လျှင်အခက်၊ ပြုတတ်မှအချက်ဆိုသည့်ပမါ။ ပညာနည်းသူသာမထိုက်။ ပညာသည်းသူမှာသိုက်ဖြစ်၍။ရွှေတိုက်ငွေတိုက်။ ပတ္တမြားတိုက်ကြီးကို။အပြီးရချရရှိသကဲ့သို့။ဓာတိရသ။ ဇာဿာသယသိဒ္ဓိ။ လိုရှိတိုင်းပြီး။ တိုင်းကြီး ပြည်တန်။ မျိုးမှန်မောက်ကြွား။ ကျောက်ပတ္တမြားကို။ယောက်သွားပုပ်မစင်ခဲကြီးများနှင့်။လဲလှယ်မမှားစေရ။တန်သမျှအဘိုးဖြင့်။ အကျိုးကြီးဖြစ်ထွန်း။ အစွန်း အမြတ်ကြီးပေါ်အောင်။နိဗ္ဗာန်ကိုရှုမျှော်၍။ တော်ဝင်သော ဒါနသီလ။ ဝိဝဋ္ဋကုသိုလ်မဂ္ဂင်ဆိုသောကောင်းမှု။ သုခအစစ်ဖြစ်ကြောင်း။ ကောင်းသော သမ္မာပဋိပဒ်။ အကျင့်မြတ်ကိုသာ။ ပြုအပ်ပြုသင့်ကြသည်၊ ပြုကြရမည်။ ။ထိုကြောင့်။ ။ဣတမာစတိက္ခဝေ သမ္မာပဋိပဒါ။ အဝိဇ္ဇာယတွေဝအသေသဝိရာဂနိရောဓာ။အစရှိသဖြင့် ပဋိလောမဒေသနာတော်မြတ်ကို။ သံယုတ္တကနိကာယ်ပဋိပဒါသုတ်၌ပင် ဟောတော်မူလေသည်။ ။ယံပနကိဉ္စိဝိ

ဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ။ အန္တမသောဥဠုင်္ကယာဂုဒါနံပိ၊
ပဏ္ဏမုဋ္ဌိဒါနမတ္တံပိ။ သဗ္ဗံ တံ ဝိဝဋ္ဋနိဿိတတ္တာ၊ ဝိဝဋ္ဋပက္ခိကတ္တာ
သမ္ဘာရပဋိပဒါ ဟောတိ။ ။ဟူ၍၎င်းအဋ္ဌကထာ၌ ဖွင့်လှစ်တော်
မူသည်။ ။ပန။မိစ္ဆာပဋိပဒ်မှတပါးသမ္ဘာရပဋိပဒ်ကို ဆိုလိုက်ဦး
အံ့။ယံကိဉ္စိ။အမှတ်မရှိသောကုသိုလ်ကောင်းမှုကို။ ဝိဝဋ္ဋံ။ဝဋ္ဋ
နှင့်မစပ်။မကပ်လွတ်ရှင်းသော။ နိဗ္ဗာနံ။နိဗ္ဗာန်ကို။ ပတ္ထေတွာ။
သွာ ဆန္ဒဖြင့် တောင့်တ၍။ ပဝတ္တိတံ။ ဖြစ်စေ အပ်၏။ အန္တမ
သော။ယုတ်သောအပိုင်းအခြား။အတိုဘာဂအားဖြင့်။ဥဠုင်္ကယာ
ဂုဒါနံပိ။ တယောက် ချီတမှတ်လောက်သော၊ ယာဂုအလှူကို
လည်းကောင်း။ ပဏ္ဏမုဋ္ဌိဒါနမတ္တံပိ။ ချဉ်ပေါင်ပဲလွမ်း။ ကစွမ်း
ဟင်းရွက်။လက်တွင်းတဆုပ်။သေးနုပ်သိမ်ဖွဲ့။ နဲသောအလှူဒါန
မှုကိုလည်းကောင်း။ဝိဝဋ္ဋံ။ဝဋ်ကင်းရာဖြစ်သော။ နိဗ္ဗာနံ။ နိဗ္ဗာန်
ကို။ပတ္ထေတွာ။တောင့်တ၍။ပဝတ္တိတံ။ဖြစ်စေအပ်၏။ တံသဗ္ဗံ။
ယာဂုတမှတ်၊ တဆုပ်ဟင်းရွက်။ ဝဋ်ထွက် နိဗ္ဗာန်။ ရည်သန်
တောင့်တ။အလုံးစုံသောထိုဒါနသည်။ဝိဝဋ္ဋနိဿိတံ။ ဝဋ်ကင်း
ရာမှန်နိဗ္ဗာန်ကိုသာမှီ၏။ ဣတိတသ္မာဝိဝဋ္ဋပက္ခိကတ္တာ။ဤသို့ဝဋ်
ကင်း ရာ နိဗ္ဗာန်၏ အပင်းအသင်း အတိုအစု ရှိသည်၏ အဖြစ်
ကြောင့်။သမ္ဘာရပဋိပဒါ။ အကျင့်ကောင်း အကျင့်မှန်မည်သည်။
ဟောတိ။ ဖြစ်၏။ ။အဋ္ဌကထာပါဌ်၏အနက်။ ။ဤသို့ဝဋ်
ကင်းပြတ်စဲရန်။ရည်သန်ကြိုးကုတ်။အားထုတ်ပြုကြမှသာ။ ပဋိ
ပဒါကောင်းဖြစ်နိုင်မည်။ထိုသို့မဟုတ်။ဒုက္ခမလွတ်။တေဘုံဝဋ်
ကို။ညွတ်ကိုင်းသောစိတ်။အဓိဋ္ဌာန်ပတ္ထနာ၍။ ဒါနကိုပြုခဲ့လျှင်။
ဝဋ်ထည်းတွင်အကျိုးပေး၍ဘေးကြီးနှင့်တွေ့ကြရလိမ့်မည်။ ။
ထိုကြောင့်။ ။အပ္ပမတ္တကံပိဟိပဏ္ဏမုဋ္ဌိဒါနကုသလံဝါ ဟော
တု။မဟန္တံ ဝေလာမဒါနာဒိကုသလံဝါ။သစေဝဋ္ဋသမ္ပတ္တိံ ပတ္ထေ
တွာဝဋ္ဋနိဿိတ ဝသေနမိစ္ဆာဌပိတံဟောတိဝဋ္ဋမေဝအာဟရိ
တုံသက္ကောတိ။နောဝိဝဋ္ဋံ။ ။ဟူ၍ ၎င်းသုတ်၌ ဖွင့်ပြတော်မူ
သည်။ ။သာရတ္ထသင်္ဂဟအဋ္ဌကထာ၌လည်းဤပါဌ်ပင်။ ။

ဟိ။အကျယ်ကား။ အပ္ပမတ္တကံပိ။ အနည်းငယ်မျှသာလည်းဖြစ်သော။ ပဏ္ဏမုဋ္ဌိဒါနကုသလံဝါ။ ဟင်းရွက်တဆုပ်သော အလှူကုသိုလ်သည်လည်း။ဟောတု။ဖြစ်စေ။မဟန္တံ။ ကြီးကျယ်ခန်းနားများပြားသော။ဝေလာမဒါနာဒိကုသလံဝါ။ ဝေလာမပုဏ္ဏားအလားတို့၏ အလှူအစရှိသောကုသိုလ်သည်လည်း။ ဟောတု။ဖြစ်စေ။ဝဋ္ဋသမ္ပတ္တိံ။တေဘုမ္မက၊ ဝဋ်ဒုက္ခတွင်း။ လူနတ်မင်းတို့၏စည်းစိမ်ကို။ ပတ္ထေတွာ။ တောင့်တ၍။ ဝဋ္ဋနိဿိတဝသေန။ ဝဋ်ကိုမှီသည်၏အစွမ်းအားဖြင့်။ မိစ္ဆာထပိတံ။ အမှားကြီးထားအပ်သည်။သစေဟောတိ။အကယ်၍ဖြစ်ငြားအံ့။ ဝဋ္ဋမေဝ။တေဘုမ္မကဝဋ်ဒုက္ခကို သာလျှင်။ အာဟရိတုံ။ ရွက်ဆောင်ခြင်းငှာ။ သက္ကောတိ။စွမ်းနိုင်၏။ဝိဝဋ္ဋံ။ဝဋ်ကင်းရာနိဗ္ဗာန်သို့။အာဟရိတုံ။ ရောက်အောင်မျှ၊ သယ်ပို့ရွက်ဆောင်ခြင်းငှာ။ နောသက္ကောတိ။မစွမ်းနိုင်ချေ။ ။ဤကားအနက်။ ။

---

## ၁၁၅။ ဗောဓိဉာဏ်သုံးပါးကိုပေးစွမ်း နိုင်ကြောင်းကိုပြခြင်း။

သို့ဖြစ်သော် အဘယ်ပုံပြုရမည်နည်းဟူမူ။ ။ဇာတ္ထိမေဒါနံအာသဝက္ခယာဝဟံဟောဟုတိ ဝိဝဋ္ဋနိဝဋ္ဋံပတ္ထေတွာနိဝဋ္ဋဝသေန သမ္မာထပိတံအရဟတ္တံပိပစ္စေကဗောဓိဉာဏံပိသဗ္ဗညုတညာဏံပိဒါတုံသက္ကောတိယေဝအရဟတ္တံအပတွာပရိယောသာနံနဂစ္ဆတိ။ ။ဟူ၍ဋ္ဌကထာသုတ်၌ပင်။ ပြုရမည့်အချက်ကို။အကွက်ကျဖွင့်ပြတော်မူသည်။ ။သာရတ္ထသင်္ဂဟာအဋ္ဌကထာ၌ငင်းနည်း။ ။ပန။ အဘယ်ပုံပြုရမည်နည်းဟူမူကား။ ဝါ။ပြုရမည့်အချက်ကိုအကွက်ကျဖွင့်ပြလိုက်ဦးအံ့။မေ။ငါ၏။ ဇာတ္ထိဒါနံ။ဤယခုစွမ်းနိုင်သမျှပြုအပ်သောဒါနည်းများမဟူ။အလှူဒါနသည်။အာသဝက္ခယါဝဟံ။အာသဝေါလေးပုံကုန်ရာအမှန်။မြတ်နိဗ္ဗာန်သို့။ဝါ။အရဟတ္တဖိုလ်သို့။ ဧကန်ရောက်အောင် ရွက်ဆောင်ကြဉ်းငင်။

ဆယ်တင်မချုပ်နိုင်သည်။ဟောါတု။ဖြစ်ပါစေသတည်း။ဉာတိဇေ့ံ။
ဤသို့။ဝါ။သည်လို။ဝိဝဋ္ဋံ။ဝဋ်မှကင်းလွတ်။အရဟတ္တနှင့်။နိဗ္ဗာန
ရွှေဘုံကို။ပဋ္ဌေတ္တွေ။ တောင့်တသဖြင့်။ဝိဝဋ္ဋဝသေန။ ဝဋ်ကင်း
ရာနှင့်စပ်သဖြင့်။ ။ဝသသဒ္ဒါအာယတ္တဟော။ ။သမ္မာထပိ
တံ။ကောင်းစွာထားအပ်သောဒါနသည်။အရဟတ္တံပိ။အရဟတ္တ
ဖိုလ်ဉာဏ်ကိုလည်းကောင်း။ ပစ္စေကဗောဓိဉာဏံပိ။ ပစ္စေက
ဗောဓိဉာဏ်ကိုလည်းကောင်း။ သဗ္ဗညုတဉာဏံပိ။ သဗ္ဗညုတ
ဉာဏ်ကိုလည်းကောင်း။ဒါတုံ။ပေးခြင်းငှါ။သက္ကောတိယေဝ။ဧ
ကန်မုချ။စွမ်းနိုင်သတေ့သည်သာတည်း။အရဟတ္တံ။ အရဟတ္တ
ဖိုလ်ဉာဏ်သို့။အပတွာ။ မရောက်စေမူ၍။ဝါ။မရောက်စေဘဲ။ပ
ဌိယောသာသာန်။အဆုံးသို့။နဂစ္ဆတိ။မရောက်။ ။ဤကားအနက်။ ။
အပဘွာတိအနေ္တာဂတေ ာဘုံဧသနိဒ္ဒေသော။ အပါပေတွာတိ
အပ္ပတ္တာ။ ။ငင်းသံယုတ်ဋီကာ။ ။သိလာဒိဂုဏယုတ္တာသက
တည္ဆ၊မတ္တာဘိ ္တာယပိပစ္စရတနမတ္တာယပိဘူမိယာပဏ္ဏာသာလံ
ကတ္တွာဒိန္န် အနေကာန် ကပ္ပသဟာဿာနိဒုဂ္ဂတိဝိနိပါတတော
ရက္ခတိ။ ပဋိယောသာသာနေစဒ္ဓ ဟောာယဓါတုယာပရိနိဗ္ဗာနဿ
ပစ္စယောဟောတိ။ ။ဟူ၍လည်း။ ဒသနိပါတ်အင်္ဂုတ္တရအဋ္ဌ
ကထာ။ သာရတ္ထသင်္ဂဟ အဋ္ဌကထာတို့၌ မိန့်တော်မူကြကုန်
သေး၏။ ။ဉာဒ်မေပုည်ံနိဗ္ဗာနာဝိဂမာယပစ္စယောဟောတူတိ
ဇေ့ံနိဗ္ဗာန်ပဋ္ဌေဘွာပဝတ္တိတံ။ ။ဟူ၍သံယုတ်ဋီကာဖွင့်သည့်
အတိုင်းလည်းပဋ္ဌနာလေ။ ။ဤအဋ္ဌကထာဋီကာပါဌ်တို့ကိုအ
နက်ထင်ရှားလေ့ံသောကြောင့်မယောဇနာပြီ။ ။ယင်းသို့ဖြစ်
၍။ဝဋ်ကင်းရာအမှန်။ အရဟတ္တဖိုလ်နိဗ္ဗာန်ကို။ ရည်သန်တောင့်
တလျက်။မဂ္ဂင်အဝင်ဖြစ်သော။သမ္မာပဋိပဒ်။အကျင့်မြတ်ဒါနကို
သါပြုကျင့်ကြိုးကုတ်အားထုတ်လုပ်ဆောင်သင့်တော့သည်။ ။
သဂ္ဂကဘာဥ္စမျှားစွာသမ္ပတ်။နတ်တို့စည်းစိမ်။ ရိပ်ငြိမ်ကြီးကျယ်
ကြောင်းကိုဝိမာနဝတ္ထု၌ဟောတော်မူသည်။ဗာလာနပသံသန္တ်
ဒါနံ။ ဟူ၍ လည်းဓမ္မာပဒ၌ဟောတော်မူသည်။ ယင်းသို့ဟော

တော်မူခြင်းသည်ကား။ အပါယ်လေးပါးသို့လာရသည်ဆက်။ အတော်သက်သါရာကိုရလေသေါကြောင့်။ နူသေးသောဏ္ဍာနွေ ရှိသောအမျိုးသားများကိုဖြားယောင်းခြင်းအကျိုး၌ပေါဟောကြား တော်မူခြင်း ဖြစ်သည်။ ဒေသနာတော် အဆုံးကျလျှင်လည်း။ သစ္စာလေးပါးဖြင့်၎င်း။ မဂ်ဖိုလ်နိဗ္ဗာန်ဖြင့်၎င်း။အထွန်တပ်၍အ စသတ်မြဲဖြစ်သည်ကိုလည်းသိလေ။ ။ဗုဒ္ဓါနံဟိစတုသစ္စဝိနိ မုတ္တာကထာနာမနတ္ထိ။ ။ဟူ၍လည်းသိလက္ခန်အဋ္ဌကထာစ သည်တို့၌လာသည်။ ဤသို့ပြဲဆိုခဲ့ပြီးသည်ကို။နည်းမှီကြံဆ။ သတိရကြသဖြင့်။ပုဂ္ဂလိကဒါန။သဃ်ိကဒါန။ အာမိသဒါန။ဓမ္မ ဒါနစသည်တို့ကိုပြုလိုကြသောသူတို့သည်။ လောကီစည်းစိမ်။ နန်းရိပ်ငြိမ်ကို။မစင်အိမ်တမျှ။ ထင်မှတ်ကြ၍။အနမတဂ္ဂါ။သံသ ရာရှည်ဝေး။ ပဋိစ္စသမုပ္ပါဒ်ဘေးကြီးမှ။ ဇေဇေကြီးလွတ်ရာ။နိဗ္ဗူ တာဘေ့။ အောင်မြေဇေယျံ။ ရွှေဘုံနန်းကြီးကိုသာ။ အပြီးစံလို။ ပတ္တနာဆို၍။ထိုထိုဒါန။ ကုသလအစုကောင်းမှုဟူသမျှတို့ကိုပြု လုပ်ကြရမည်။ ။သိလအရာ။ဘာဝနာတို့၌လည်းနည်းတူထပ် မံအတပ်သိစေ။ကုသိုလ်ကောင်းမှုပြုသောအရာလိမ်မာစေရန်။ တော်တန်သင့်တင့်။ရေးဖွင့်ထည့်သွင်းလိုက်သည်။ ။

---

## ၁၁၉။ အဝိဇ္ဇာနှင့်တဏှာကိုလွှန်စွာပယ် နိုင်ခဲကြောင်းကိုပြခြင်း။ ။

ဖြစ်ဖြစ်သမျှသောဘုံဘဝတို့၌။ ခန္ဓာယတနဓါတ်။ ပဋိစ္စသ မုပ္ပါဒ်တရားမှလွတ်သောသတ္တဝါမည်သည်မရှိ။ လူနတ်ဗြဟ္မာ တို့ဟူသည်လည်း။ ဤပဋိစ္စသမုပ္ပါဒ်၌လာသော။နာမ်ရုပ်တို့ပင် တည်း။ ။ရွာသူအစိမ်းတို့ရောနှောပေါင်းဘက်။ ပူးသက်ဖမ်း စားသောကြောင့်။ စိတ်နှလုံးဖေါက်ပြန်၍။ အမှန်ကိုမသိ။သတိ မေ့မူး။အရူးဖြစ်သကဲ့သို့။အဝိဇ္ဇါနှင့်တဏှာပေါင်းဘက်။စပ်ရှက် ရောနှော။ဘိစီးသောကြောင့်။တရားလမ်းမသိ။ပြုမိပြုရာ။ပုညာ

ပုညာဒနေညာဘိသင်္ခါရတို့ကိုပြုမိ၍။ လူနတ်တည်းဟူသောကာယ။ ဖြစ်ပြန်ကြရသည်။ အဝိဇ္ဇာနှင့်တဏှာကို။ သံသရာ၏မူလ။ သံသရာသီသ။ ဘဝနာယကဟူ၍လည်းပါဠိ အဋ္ဌကထာဋီကာတို့၌မိန့်ဆိုတော်မူကြကုန်သည်။ ။ယာယဘိက္ခဝေအဝိဇ္ဇာယနိဝုတဿဗာလဿယာယစတဏှာယသမ္ပယုတ္တဿအယံကာယောသမုဒါဂတော သာစေဝအဝိဇ္ဇာဗာလဿအပ္ပဟီနာ။ သာစတဏှာအပရိက္ခီဏာ။ ။ဟူ၍သံယုတ္တကနိကာယ်၌ဟောတော်မူသည်။ ။ဘိက္ခဝေ။ သံသရာ၌နှစ်ဆက်အကွန့်ကို။ ရှုံ့တွန့်ကြောက်ငြား။ ငါ့ချစ်သားတို့။ ယာယအဝိဇ္ဇာယ။ အကြင်အဝိဇ္ဇာဖြင့်။ ပါ။ သည်။ နိဝုတဿ။ မဂ်တည်းဟူသောအကျင့်ကို။ မြင်ခွင့်မပေး။ မြှေးရှက်ကွယ်ကာ။ လုံ့ခွာပိတ်ပင်အပ်ထသော။ ယာယစတဏှာယ။ အကြင်ဝါသာတဏှာရာဂနှင့်လည်း။ သမ္ပယုတ္တဿ။ ရောနှောစပ်ယှဉ်ထသော။ ဗာလဿ။ ပညာမသန်။ ပုထုဇန်မိုက်အား။ အယံကာယော။ ဝိညာဏ်စပ်မှီ။ ဤကာယသည်။ သမုဒါဂတော။ ဖြစ်၏။ ဗာလဿ။ အရှုးတမျှ။ ငဗာလ၏။ ဝါ။ အရူးပုံပိုက်။ ပုထုဇဉ်မိုက်သည်။ သာစေဝအဝိဇ္ဇာ။ ပိတ်ပင်ကွယ်ကာ။ ထိုအဝိဇ္ဇာကိုလည်း။ အပ္ပဟီနာ။ မပယ်နိုင်။ သာစတဏှာ။ ထိုတဏှာသည်လည်း။ အပရိက္ခီဏာ။ မကုန်မခန်းနိုင်။ ။အယဉ္စကာယောတိအယဉ္စသောအဋ္ဌနောသဝိညာဏကောကာယော။ ။အဋ္ဌကထာ။ ။ဆေးဝါးမန္တရားမှန်းမသိရူးသောနတ်ရူးစုန်းရူးသည်။ မိမိ၌ကပ်ပူးသက်ဝင်သော ရွာသူအစိမ်းတို့ကို။ ပယ်ရမှန်းမသိ၍ မပယ်နိုင်သလို။ ပုထုဇဉ် မိုက်သည်လည်း။ မိမိ၌ရောနှောစပ်ပူးလျက်ရှိသော အဝိဇ္ဇာနှင့်တဏှာကို။ ပယ်ရမှန်းမသိ၍ မပယ်နိုင် မကုန်နိုင်ဟူလိုသည်။ ။အဝိဇ္ဇာကိုပယ်မှတဏှာကုန်ခန်းမည်ဟူ၍လည်းသိလေ။ ။ယင်းသို့အဝိဇ္ဇာကိုမပယ်နိုင်ခြင်း။ တဏှာမကုန်ခန်းနိုင်ခြင်းသည်အခြားကြောင့်မဟုတ်။ သမ္မာဒိဋ္ဌိ အစရှိသောမဂ်အကျင့်ကိုမကျင့်ရခြင်းကြောင့်မပယ်နိုင်။ မကုန်ခန်းနိုင်ဖြစ်သည်။ အဝိဇ္ဇာ တဏှာမကုန်ခန်း

လျှင်။တဖန်ခန္ဓာကာယကိုရပြန်သဖြင့်။ ဒုက္ခမျိုးစုံကိုအဖုံဖုံတွေ့
ကြုံရလိမ့်မည်။ထို့ကြောင့်။ ။တံကိဿဟေတု။ နဘိက္ခဝေ
ဗါလောအစရိ ဗြဟ္မစရိယံသမ္မာဒုက္ခက္ခယာယ။ တသ္မာဗာလော
ကာယဿဘေဒါကာယုပဂေါဟောတိ။ သောကာယုပဂေါသ
မာနောနပရိမုစ္စတိ ဇာတိယာဇရာယမရဏေန သောကေဟိပ
ရိဒေဝေဟိ။ဒုက္ခေဟိဒေါမနဿေဟိဥပါယာသေဟိနပရိမုစ္စတိ
ဒုက္ခသ္မာတိဝဒါမိ။ ဟုထပ်၍ တဖန်ဟောတော်မူပြန်သည်။ ။
တံ။ထိုအဝိဇ္ဇါကိုမပယ်နိုင်ခြင်းတဏှာမကုန်ခန်းနိုင်ခြင်းသည်။
ကိဿဟေတု။ အဘယ့်ကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ။တို့။
ဒုက္ခက္ခယာယ။ ဝဋ်ဒုက္ခတုံးကြီးကို ကုန်ခန်းစေခြင်းအကျိုးငှါ။
ဗြဟ္မစရိယံ။ သမ္မာဒိဋ္ဌိ အစရှိသော မဂ်အကျင့်ကို။ဗာလော။ပု
ထုဇဉ်မိုက်သည်။ယသ္မာ။အကြင့်ကြောင့်။ သမ္မာနအစရိ။ကောင်း
ကောင်းကြီး မကျင့်ခဲ့ရလေ။ တသ္မာ။ ထိုသို့ကောင်း ကောင်း
လှလှမကျင့်ရလေသောကြောင့်။ဗာလော။ပုထုဇဉ်မိုက်သည်။
ကာယဿ။ လက်ရှိရပြီး။ ခန္ဓာကိုယ်ကောင်ကြီး၏။ ဘေဒါ။
ပျက်စီးခြင်းကြောင့်။ ကာယုပဂေါ။ ပဋိသန္ဓေတည်းဟူသော
ကာယတခုသို့ကပ်ရောက်ပြန်သည်။ဟောတိ။ ဖြစ်၏။ ကာယု
ပဂေါ သမာနော။ ပဋိ သန္ဓေ တည်းဟူသော ကာယသို့ကပ်
ရောက်ရသည်ဖြစ်သော။ သော။ထိုပုထုဇဉ်မိုက်သည်။ ဇာတိ
ယာ။ပဋိသန္ဓေနေခြင်းမှ။ဇရာယ။အိုခြင်းမှ။မရဏေန။သေခြင်း
မှ။သောကေဟိ။စိုးရိမ်ခြင်းတို့မှ။ပရိဒေဝေဟိ။ ငိုကြွေးခြင်းတို့
မှ။ဒုက္ခေဟိ။ ကိုယ်၏ဆင်းရဲခြင်းတို့မှ။ ဒေါမနဿေဟိ။စိတ်၏
ဆင်းရဲခြင်းတို့မှ။ ဥပါယာသေဟိ။သက်ကြီးရှိုက်တငင်ပင်ပန်း
ခြင်းတို့မှ။နပရိမုစ္စတိ။မလွတ်နိုင်။ဒုက္ခသ္မာ။ ဆင်းရဲမျိုးစုံအဖုံဖုံ
မှ။ နပရိမုစ္စတိ။ မလွတ်နိုင်။ဣတိ။ဤသို့။ အဟံ။ငါဘုရားသည်။
ဝဒါမိ။ ဟောကြားတော်မူ၏။ ။ဗြဟ္မစရိယန္တိ မဂ္ဂဗြဟ္မစရိယံ။
ဒုက္ခက္ခယာယာတိဝဋ္ဋဒုက္ခဿ ခယတ္ထာယ။ကာယုပဂေါဟော
တိတိအညံ ပဋိသန္ဓိကာယံဥပဂန္တာဟောတိ။ ။အဋ္ဌကထာ။ ။

## ၁၁၇။ အဝိဇ္ဇာနှင့်တဏှာတို့ကိုဗြဟ္မစရိ ယဖြင့်ပယ်နိုင်ကြောင်း။

ဤသို့သောပဋိစ္စသမုပ်။ ဝဋ္ဋဒုက္ခအတုံးအခဲကြီးကိုမငြီးမငွေ။ တလှေ့လှေ့မျိုကြသဖြင့်။ ထိုထိုဘုံ၌ ဆုံဝယ်ယန္တရား။ ကျုံ့သွားသဖွယ်။ ဘယ်ဉာနမြဲ။ ဆင်းရဲကြသောသတ္တဝါတို့ကို မြင်တော်မူ၍။ အသာခါရဏာ မဟာကရုဏာတော်။ နှိုးဆော် တိုက်တွန်းထုံမွှန်းအပ်ရကား။ ထိုထိုသတ္တဝါတို့အား အလွန်သနားတော်မူခြင်းကိုအရင်းမူလထား၍။ယန္တရားတမျှ။ ပဋိစ္စသမုပ် ဝဲအစုပ်မှ။ ကယ်ထုတ်တော်မူခြင်းငှါ။ ။ယာယစဘိက္ခဝေ အဝိဇ္ဇာယ နိဝုတဿ ပဏ္ဍိတဿ ယာယစ တဏှာယ သမ္ပယုတ္တဿအယံကာယောသမုဒါဂတော။ သာစေဝအဝိဇ္ဇာပဏ္ဍိတဿပဟီနာသာစတဏှာပရိက္ခီဏာ။ တံကိဿဟေတု၊ အစရိဘိက္ခဝေပဏ္ဍိတောဗြဟ္မစရိယံသမ္မာဒုက္ခက္ခယာယ။ တသ္မာ ပဏ္ဍိတောကာယဿဘေဒါနကာယုပဂေါဟောတိ။ သောအကာယုပဂေါသမာနောပရိမုစ္စတိ။ ဇာတိယာဇရာယမရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိပရိမုစ္စတိ ဒုက္ခသ္မာတိဝဒါမိ။ ။ဟူ၍ဟောကြားတော်မူသည်။ ။ဘိက္ခဝေ။တို့။ယာယစအဝိဇ္ဇာယ။အကြင်အဝိဇ္ဇာဖြင့်လည်း။ဂါ။သည်လည်း။နိဝုတဿ။ပိတ်ပင်တားမြစ်အပ်သော။ ယာယစ တဏှာယ။ အကြင် တဏှာနှင့်လည်း။သမ္ပယုတ္တဿ။ သုဉ်တွဲပူးပေါင်းထသော။ပဏ္ဍိတဿ။ ပညာရှိ၍ရိပ်မိသောသူအား။ အယံ ကာယော။ ဤဝိညာဏ်ရှိသော မိမိကာယသည်။ သမုဒါဂတော၊ နိဗ္ဗတ္တော။ ဖြစ်၏။ ပဏ္ဍိတဿ။ ၏။ ဂါ။သည်။ သာစေဝအဝိဇ္ဇာ။ ထိုအဝိဇ္ဇာ ကိုသာလျှင်လည်း။ ပဟီနာ။ပယ်အပ်ပြီ။သာစတဏှာ။ထိုတဏှာသည်လည်း။ ပရိက္ခီဏာ။ကုန်ခန်းလေပြီ။ တံ။ ထိုအဝိဇ္ဇာကိုပယ်ခြင်း။ တဏှာ ကုန်ခန်းခြင်းသည်။ကိဿဟေတု။အဘယ့်ကြောင့်နည်းဟူမူကား။ဘိက္ခဝေ။

တို့။ ဒုက္ခက္ခယာသယ။ ဝဋ်ဒုက္ခ၏ကျန်ခန်းခြင်းအကျိုး၌။ ဗြဟ္မစရိ
ယံ။မြတ်သောမဂ်အကျင့်ကို။ပဏ္ဍိတော။ကြီးမားပညာရဟန္တာ
သည်။ သမ္မာအစရိ။ ကောင်းကောင်းကြီး ကျင့်လေပြီ။တသ္မာ။
ကြောင့်။ ပဏ္ဍိတော။သည်။ကာယဿ။၏။ ဘေဒါ။ရုတေပျက်
ကြွေသေခြင်းကြောင့်။ကာယပဂေါ။သန္ဓေကာယ။ဘဝခန္ဓာသို့
တခါတခေါက်။ ကပ်ရောက်ပြန်သည်။နဟောတိ။ မဖြစ်နိုင်။အ
ကာယပဂေါသမာနော။ သန္ဓေခန္ဓာသို့။တခါ တခေါက်မကပ်
ရောက်သော။သော။ထိုရဟန္တာသခင်ပညာရှင်သည်။ဇာတိယာ
မှ။ဇရာယ။မှ။လ။ဥပါယာသေဟိ။သက်ကြီးရှိုက်ငင်ပင်ပန်းခြင်း
တို့မှ။ ပရိမုစ္စတိ။လွတ်ကြီးလွတ်၏။ ဒုက္ခသ္မာ။အလုံးစုံသောသံ
သရာဝဋ်တွင်း ဆင်းရဲခြင်းမှ။ ပရိမုစ္စတိ။ လွတ်ကြီး လွတ်၏။
ဣတိ။သို့။ဝဒါမိ။၏။ ။မဂ္ဂင်၈ပါးဝင်သော ကုသိုလ်တရားကို။
ကြိုးစားမယုတ်။ အားပါးထုတ်ပါမှ။ အနုတ္တရ။ဒုက္ခကင်းရာသို့
ရောက်နိုင်ကြမည်။ ရောက်အောင် အားထုတ်ရမည်။ ။ဤ
သုတ်၌။ ပဋိသန္ဓေနေခြင်းရှိသောပုထုဇဉ်ကိုဗာလ။ ပဋိသန္ဓေ
နေခြင်းကင်းသောရဟန္တာကိုပဏ္ဍိတဟူ၍ဟောတော်မူအပ်၏။
သောတာပန်စသည်တို့ ကိုကား။ ဗာလဟူ၍၎င်း ပဏ္ဍိတ ဟူ၍
၎င်းအထူးမဟောအပ်ကုန်သော်လည်း။၎င်းတို့ကိုပဏ္ဍိတအဘို့
သို့သွင်းအပ်ကုန်၏။ ။ဤသို့ဒိဋ္ဌလက်ငင်း။ ခွက်ချင်း မရွေ့။
ပွဲတွေ့အကျော်။ ဆေးတော်ကြီးကို။ ဆေးနည်းနှင့်တကွ ဖော်၍
ပြတော်မူသည်။ ။သုံးဆဲ့တဘုံလုံး၌အတုမရှိသော။မဟာတိ
ကိစ္ဆကာ။သေဋ္ဌဘိသင်္ဂဖြစ်တော်မူသော။သမ္မာသမ္ဗုဒ္ဓရှင်တော်
ဘုရား။ သမားတော်ကြီးသည်။ ချစ်သားတို့ ငါဘုရား သည်။
ဟောကြား ပေးသနားတော်မူအပ်သော။ အရိယဝိရေစန။ အရိ
ယာတို့၏။ဝမ်းလျှောဆေး။ အရိယဝမန။အရိယာတို့၏ ဩ့ဆေး
အန်ဆေးဖြစ်သော။သမ္မာဒိဋ္ဌိ။သမ္မာသင်္ကပ္ပ။ သမ္မာဝါစာ။ သမ္မာ
ကမ္မန္တ။သမ္မာအာဇီဝ။သမ္မာဝါယာမ။သမ္မာသတိ။သမ္မာသမာဓိ။
သမ္မာဉာဏ်။ သမ္မာဝိမုတ် ဟုဆိုအပ်သောဆေးတော်ကြီးများ

ကို။မပြတ်မလပ်၊အထပ်ထပ်မှိဝဲသောအားဖြင့်။ ပွားများပြည့်စုံ
သောပုဂ္ဂိုလ်အါး။ဘဝများစွါ။သံသရာဝယ်ကမ္ဘါအဆက်ဆက်
နှိပ်စက် ဖျက်ဆီးတတ်သော။ တထောင့်ငါးရာမက များပြား
လှသော။ဟောင်းမြင်းအိုဆိုး။ အနာအမျိုးမျိုးတို့ကို။ ကျန်စေခန်း
စေညြ့စေအန်စေသဖြင့်။ ပဋိသန္ဓေနေခြင်း။ အိုနာ။သေခြင်း။
စိုးရိမ်ပူဆွေး။ ငိုကြွေးကိုယ်စိတ်ထိတ်ထိတ်ဆင်းရဲခြင်း။သက်
ကြီးရှိုက်ငင်ပင်ပန်းခြင်းဟူသောဒုက္ခအပေါင်းတို့မှ။လွတ်ကင်း
၍။ ချမ်းသာခြင်းအပေါင်း တို့ထက်လွန်ကဲထူးမြတ်သောနိဗ္ဗာန်
ချမ်းသာတည်း ဟူသောအကျိုးကို။ စင်စစ်ပြီးမိုင်။ ရနိုင်သည်
သာတည်း။ရလိမ့်မည်ဟူ၍အင်္ဂုတ္တရနိကာယ်တွင်ဟောတော်
မူသည်။ ။ဗျတိရိက်အားဖြင့်ကား။ ဟောကြားညွှန်ပြတော်မူ
အပ်သော။သမ္မာဒိဋ္ဌိအစရှိသော ဆေးတော်ကြီးများကိုမစားမ
သောက်ဘဲ။ ရှောင်လွှဲသော အားဖြင့် မပွားစေသော သူအား။
ဘဝများစွာ။ကမ္ဘာအဆက်ဆက်က။ နှိပ်စက်ညှဉ်းပန်း။ သွမ်းမိုး
ဘိစီးဖျက်ဆီးတတ်သော ကိလေသာ အနာမျိုး အနာဆိုးအနာ
ကြီးတို့သည်။ တိုးပွါးကြီးကျယ်လာသဖြင့်။သံသာရနာယက။
သံသာရဒီဃသဖြစ်သော အဝိဇ္ဇာတဏှာတို့က။ဦးစီးခေါင်းကိုင်
ပြုလုပ်၍။ဟုတ်ဟုတ်ငြားငြားအပါးပါးသောဘဝတို့၌။ ခန္ဓာကာ
ယကိုပစ်ချခြင်းကြောင့်။ ပဋိသန္ဓေနေခြင်း။ အိုခြင်းနာခြင်းသေ
ခြင်းအစရှိသောဒုက္ခအကြောင်းအပေါင်းအစုမှ။မလွတ်မထွက်
မတက်နိုင်ရာ ဟူလိုသည်။ ။ဝုတ္တဉ္စ သမ္မာဒိဋ္ဌိသမ္မာဉာဏန္တိ။
ဒွိသုဋ္ဌာနေသု ပညာဝ ကထိတာ။ သမ္မာဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ
သမ္မာပဇာနနဋ္ဌေန သမ္မာဉာဏန္တိ။ အစရှိသဖြင့်ဋီကာသာရတ္ထ
စသည်တို့၌။ ဖွင့်ပြအပ်၏။ ။ကျယ်မည်ကြောင့် မချဲ့ လိုက်
သည်။ ။ယင်းသို့အကျိုးအပြစ်အနှစ်အကာတို့ကို။ စိတ်ဖျာခွဲ
ဝေလျက်။ ဒေသနာတော် လာရှိသည့် အတိုင်း။ ဓမ္မကထိက
ပုဂ္ဂိုလ်တို့ကလည်း ဓမ္မကထိက ပုဂ္ဂိုလ်တို့အင်္ဂါလက္ခဏာနှင့်
အညီ။ အင်္ဂါငါးပါးတို့ကိုနှလုံးထား၍ ၎င်း။ ခန္ဓာငါးပါးတို့ကိုရွံ့

ရှာပြီး၍ပြီးစေရန်၎င်း။ သံသရာဝဋ်တွင်းမှလွတ်ကင်းထွက်မြောက်စေရန်၎င်း။ သတ္တဝါတို့၏သန္တာန်၌။ ဉာဏ်ပညာအနုအရင့်ကို။ ထောက်ချင့်တိုင်းစား၍၎င်း။ အသင့်အားလျော်စွာ တရားဟောခြင်းများကိုပြုသင့်လှ၏။ ။ဤအရာ၌။ ဓမ္မကထိကပုဂ္ဂိုလ်တို့ နှလုံးထားရန်။ ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ လက္ခဏာအင်္ဂါတို့ကိုဖော်ပြရေးသားလိုက်ဦးအံ့။ ။

---

## ၁၁၈။ ဓမ္မကထိကပုဂ္ဂိုလ်တို့၏အင်္ဂါကို ဖော်ပြခြင်း။

နခေါ အာနန္ဒ သုကရံပရေသံ ဓမ္မံဒေသေတုံ။ ပရေသံအာနန္ဒ ဓမ္မံဒေသေန္တေန ပဉ္စဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌပေတွာ ပရေသံဓမ္မော ဒေသေတဗ္ဗော။ ကတမေပဉ္စ။ အနုပုဗ္ဗိကထံ ကထေဿာမီတိ ပရေသံဓမ္မော ဒေသေတဗ္ဗော။ ပရိယာယံဒဿေဿာမီတိ။ အနုဒယံ ပဋိစ္စ ကထံ ကထေဿာ မီတိ။ နအာမိသ န္တရော ကထံ ကထေဿာမီတိ။ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ ။ဟူ၍အင်္ဂုတ္တရနိကာယ်၌ ဟောတော်မူသည်များကိုနှလုံးထားသင့်လှ၏။ ။အာနန္ဒ။ညီချစ်အာနန္ဒာ။ ပရေသံ။သူတပါးတို့အား။ ဓမ္မံ။တရားကို။ဒေသေတုံ။ ပြသဟောကြားခြင်းငှါ။ နသုကရံ။ လွယ်လွယ်မဟုတ်ချေ။ အာနန္ဒ။ ငါ့ညီအာနန္ဒာ။ပရေသံ။ သူတပါးတို့အား။ဓမ္မံ။တရားကို။ဒေသေန္တေန။ ဟောပြောလိုသော ပုဂ္ဂိုလ်သည်။ ပဉ္စဓမ္မေ။ ငါးပါးသောတရားတို့ကို။အဇ္ဈတ္တံ။ကိုယ်တွင်း၌။ဥပဋ္ဌပေတွာ။ထားဦး၍။ပရေသံ။သူတပါးတို့အား။ဓမ္မော။တရားကို။ ဒေသေတဗ္ဗော။ ဟောကြားအပ်၏။ ကတမေပဉ္စ။ ကိုယ်တွင်း၌ ထားအပ်သော တရားငါးပါးတို့ဟူသည်အဘယ်သည်တို့နည်းဟူမူကား။ အနုပုဗ္ဗိကထံ။အစဉ်ဖြစ်သော။ ဒါန။ သီလ။ သဂ္ဂ။မဂ္ဂ။တရားစကားကို။ကထေဿာမိ။ဟောပြောအံ့။ ဣတိ။ဤသို့နှလုံးထား၍။ပရေ

သံ။သုတပါးတို့အား။ဝမ္ဗော။ကို။ဒေသေတဗ္ဗော။၏။ ။အနုပုဗ္ဗိကထန္တိ။ဒါနာနန္တရံသီလံ။သီလာနန္တရံသဂ္ဂံ။သဂ္ဂါနန္တရံ.မဂ္ဂန္တိဧဝံ အနုပဋ္ဌ ပါဠိကထံ။ ဟူသော အင်္ဂုတ္တရ။ မဇ္ဈိမ။ဒီဃနိကာယ် အဋ္ဌကထာ။သာရတ္ထဒီပနီဋီကာစသည့်တို့နှင့်အညီတည်း။ တေသံဘဂဝါအနုပုဗ္ဗိကထံကထေသိ။ သေယျထိဒံ။ ဒါနကထံ သီလကထံ။သဂ္ဂကထံ။ကာမာနံအာဒီနဝံဩကာရံသံကိလေသံ နိက္ခမေ အာနိသံသံ ပကာသေတိ။ ဟူ၍ဝိနည်း မဟာဝါ ပါဠိတော်စသည့်တို့၌ဟောတော်မူအပ်သောအစဉ်တွင်။ ကာမာနံ အာဒီနဝံဩကာရံသံကိလေသံ။ကို။သဂ္ဂကထာ၌သွင်း။ နိက္ခမေ အာနိသံသံ။ကို။ မဂ္ဂကထာ၌သွင်းလေ။ ၁ ။ပရိယာယံ။ထိုထိုသို့သောအကျိုး၏ အကြောင်းကို။ ဒေသေဿာမိတိ။ ပြအံ့ဟုနှလုံးထား၍။ဝမ္ဗော။ကို။ဒေသေတဗ္ဗော။၏။ ပရိသံဟူ၍၎င်း။ ပရိသာယံဟူ၍၎င်း။ ပါဌ်ကွဲ၏။ ပရိယာယံဒေသေဿာမိတိ တဿ တဿအတ္ထဿ တံတံကာရဏံ ဒေသေဿာမိ။ ကာရဏမ္ပိဟိ ပရိယာယောတိဝုတ္တံ။ ဟူ၍၎င်းအဋ္ဌကထာ ဖွင့်သော ကြောင့်။ ထိုသို့ရှိသောပါဌ်တို့ကားပါဌ်ပျက်ပါဌ်မှားတို့တည်း။ ၂ ။အနုဒယံ။ ကျဉ်းမြောင်းကြပ်တည်းလှစွာ သံသရာမှ။ သတ္တဝါတို့ကို ကယ်ဆယ်ကင်းလွတ်စေအံ့ဟုအစဉ်သနားခြင်းကို။ ပဋိစ္စ။စွဲ၍။ ကထံ။တရားစကားကို။ကထေဿာမိတိ။ဟောအံ့ဟုနှလုံးပြု၍။ ဝမ္ဗော။ကို။ဒေသေတဗ္ဗော။၏။ ၃ ။အာမိသန္တရော။ပစ္စည်းလေးရပ်။ လာဘ်ပူဇော်သက္ကာရကို။ငါရလိမ့်မည်။ရပေတော့မည်ဟု။အာမိသကို။အကြောင်းခံပြု၍။ ။ကရဓာတ်အတွင်းဝုပ်။အနုဝတ္တနာနည်း။ ။ဝါ။ အာမိသလျှင် အကြောင်းရှိသည် ဖြစ်၍။ ကထံ။ တရားစကားကို။ ကထေဿာမိတိ။ ဟောပြောအံ့ဟုနှလုံးပြု၍။ ဝမ္ဗော။ကို။နဒေသေတဗ္ဗော။မဟောမပြောအပ်။ ။ဤ၌အန္တရသဒ္ဒါအကြောင်းဟော။ ။နအာမိသန္တရောတိ။နအာမိသဟေတုကော။ ။၎င်းအဋ္ဌကထာ။ ။န။ကိုအာမိသသဒ္ဒါနှင့်ယှဉ်လျက်ရှိသည့်အတိုင်းသော်လည်းယောဇနာအပ်သေး၏။ ၄ ။အတ္တာနဉ္စ။

မိမိကိုယ်ကိုလည်းကောင်း။ပရဉ္စ။ သူတပါးကိုလည်းကောင်း။ အနုပဟစ္စ။ ဖြိုးဖြောက်ခြင်းနှိပ်ချခြင်းစသည်တို့၏အစွမ်းအား ဖြင့်ဂုဏ်ကျေးဇူးကိုမဖျက်မဆီးမူ၍။ ကထံ။ တရားစကားကို။ ကထေဿာမီတိ။ဟောပြောအံ့ဟု၊နှလုံးပြု၍။ပရေသံ။သူတပါး တို့အား။ဓမ္မော။ကို။ဒေသေတဗ္ဗော။၏။ ၅ ။ဣတိ။ဤသို့။ပဉ္စဓမ္မေ။ ငါးပါးသောတရားတို့ကို။အဇ္ဈတ္တံ။ကိုယ်တွင်း၌။ ဥပဋ္ဌပေတွာ။ ထားဦး၍။ပရေသံ။သူတပါးတို့အား။ဓမ္မော။ တရားကို။ ဒေသေ တဗ္ဗော။ဟောပြောအပ်၏။ ။ဤသို့ကောသမ္ဗီပြည် ဃောသိ တာရုံကျောင်းတော်၌စမ္ပာယ်တော်မူသောကာလ၊ ဟော ကြားတော်မူသည်၊ ။ထိုငါးပါးသောအင်္ဂါတို့တွင်။အာမိသန္တ ရောဟူသောအင်္ဂါ၌။အကြင်ပုဂ္ဂိုလ်သည်။ ငါကားတရားဟော ခြင်းကိုအမှီပြု၍။ လာဘ်ပူဇော် သက္ကာရတို့ကို၊ ရလိမ့်မည်ဟု လာဘ် ပူဇော်သက္ကာရ၌ မက်မောစွဲကပ်၊ တပ်ငြိ နှစ်သက်၊ ငဲ့ ကွက်ခြင်းရှိသဖြင့်။လာဘ်ပူဇော်သက္ကာရ၊စတုပစ္စယဟူသော အကြောင်းကြောင့် တရားကို ဟောပြော၏။ ထိုပုဂ္ဂိုလ် ဟော ပြောသောတရားဒေသနာသည်၊ စင်စင်ကြယ်ကြယ်ဖြစ်သည် မဟုတ်။ မစင်မကြယ်သည်သာလျှင်ဖြစ်၏။ ။ထို့ကြောင့်။ ဒီဃနိကာယ်အဋ္ဌကထာ။သာရတ္ထဒီပနီဋီကာစသည်တို့၌။ ။ ယောဟိ ဓမ္မံ ဓမ္မ ဒေသနံ နိဿာယ လာဘံ ဝါ သက္ကာရံ ဝါ လဘိဿာမီတိ ဒေသေတိ။တဿအပရိသုဒ္ဓါဒေသနာဟောတိ။ ဟူ၍ ဖွင့်ပြတော်မူကြသည်။ ။ဟိ။ ထိုစကားသင့်မြတ်စွ။ ယော။အကြင်လူရှင်ရဟန်းသည်။ ဓမ္မံဓမ္မဒေသနံ။ဤယခုဟော ပြောအပ်သောတရားကို။ဝါ။တရားဟောပြောခြင်းကို။ နိဿာ ယ။အမှီပြု၍။လာဘံဝါ။ ပစ္စည်းလေးပါး။နည်းများမှတ်၊ယုတ် မြတ်မဆို၊ လာဘ်လာဘကို၎င်း။သက္ကာရံဝါ။ကောင်းစွာပြုပြင် စီရင်အပ်သောပစ္စည်းလေးပါးတည်းဟူသောပူဇော်သက္ကာရအ ထူးကို၎င်း။အဟံ။ငါသည်။ လဘိဿာမိ။ ရပေတော့အံ့။ဝါ။ရ တော့မည်။ရလိမ့်မည်။ဣတိ။ ဤသို့။ဒေသေတိ။ တရားစကား

ဟော၍ကြားပြောဆို၏။ တသာ။ ထိုလာဘသက္ကာရကိုငဲ့ခြင်းရှိ
သောလူ့ရှင်ရဟန်း၏။ ဒေသနာ။ တရားဟောခြင်းသည်။ အပရိ
သုဒ္ဓါ။ မစင်ကြယ်သည်။ ဝါ။ စင်စင်ကြယ်ကြယ်မဟုတ်သည်။
ဟောတိ။ ဖြစ်၏။ ။ရှေ့ဆရာမြတ်တို့လည်း။ ။မတပ်လျှင်ဟော၊
တပ်လျှင်မဟောအပ်ဟုမိန့်တော်မူကုန်၏။ ။အတ္တာနဉ္စ ပရဉ္စအနု
ပဟစ္စဟူသောအင်္ဂါ၌။ ငါကားပရိယတ္တိဓမ္မ၌လိမ္မာ၏။ စာပေ
ကျမ်းဂန်တတ်မြောက်၏။ ငါ့လောက် သူများမတတ်။ ငါသာ
ဆန်းဆန်းကြယ်ကြယ်တရားစကားဟောကြားတတ်၏။ သူတ
ပါးငါ့လိုမဟောပြောနိုင် မဟောပြောတတ်။ ငါနှင့်တူသူမရှိ။ စ
သည်ဖြင့်၊ အင်မတန့်အထင်ကြီးများနှင့်။ မိမိဂုဏ်ကိုသူတပါး
တို့ကချီးမွမ်းဘို့ရာ မချန်မထားဘဲ။ မိမိကသာလျှင်များစွာ ချီး
မွမ်းမြှောက်တင်ခြင်းအတ္တုက္ကံသန။ သူတပါးတို့ကို ကဲ့ရဲ့ရှုံ့ချ
ခြင်းပရဝမ္ဘနစသည်တို့၏အစွမ်းအားဖြင့် ဂုဏ်ကိုဖျက်ဆီး၍မ
ပြောမဟောအပ်။ မိမိဂုဏ်ကိုမိမိချီးမြှောက်လျှင်။ ချီးမြှောက်ရာသို့
မရောက်။ မိမိဂုဏ်ကိုမိမိသည်ပင်လျှင်ဖျက်ဆီးရာသို့ရောက်၏
ဟူ၍ အဓိပ္ပါယ်ကိုမှတ်အပ်၏။ ။ထိုကြောင့်။ ။အတ္တာနဉ္စ
ပရဉ္စအနုပဟစ္စာတိအတ္တုက္ကံသနပရဝမ္ဘနာဒိဝသေန အတ္တာနဉ္စ
ပရဉ္စဂုဏူပဃာတေနအနုပဟစ္စ။ ။ဟူ၍အဋ္ဌက
ထာ၌ဖွင့်ပြတော်မူသည်။ ။အတ္တာနဉ္စပရဉ္စအနုပဟစ္စာတိ။ဟူ
သည်ကား။ အတ္တုက္ကံသနပရဝမ္ဘနာဒိဝသေန။ မိမိကိုယ်ကို ချီး
မြှောက်ခြင်းသူတပါးတို့ကို ကဲ့ရဲ့ရှုံ့ချခြင်းစသည်တို့၏အစွမ်း
အားဖြင့်။ အတ္တာနဉ္စ။ မိမိကိုယ်ကို၎င်း။ ပရဉ္စ။ သူတပါးကို၎င်း။ ဂု
ဏူပဃာတေန။ ဂုဏ်ကိုဖျက်ဆီးသဖြင့်။ အနုပဟစ္စ။ မဖျက်မ
ဆီးမူ၍။ ဓမ္မာ။ ကို။ ဒေသေတဗ္ဗာ။ ၏။ ဓမ္မာဒေသေတဗ္ဗာဟူ
သောပါဠိကို၊ ပါဠိတော်မှဆောင်၍ယောဇနာအပ်၏။ ။ဤအဋ္ဌ
ကထာပါဠိ၌။ အတ္တုက္ကံသနဖြင့်။ အတ္တာနဉ္စဂုဏူပဃာတေနတ္တကို
မှတ်။ ပရဝမ္ဘနဖြင့်။ ပရဉ္စဂုဏူပဃာတေနတ္တကိုမှတ်အပ်၏။ ။ဤ
ကားအဓိပ္ပါယ်အကျဉ်းတည်း။ ။မင်္ဂလတ္ထဒီပနီ၌လည်း၎င်း

နည်းအတိုင်းပင်လါ၍။ ။အင်္ဂုတ္တိုရ်ရှိကာသ္ခ်အဖွင့်မရှိ။ ။ဤကားဓမ္မကထိကပုဂ္ဂိုလ်တို့၏အင်္ဂါငါးပါးတည်း။ ။ပါဠိအဋ္ဌကထာမင်္ဂလတ္ထတို့၌ပရိယာယံဒေသာမိချည်းရှိ၏။ ။

---

## ၁၁၉။ ဓမ္မကထိကပုဂ္ဂိုလ်တို့နှလုံးထားရန် အချက်ကိုပြခြင်း။

ဤသို့ပြဆိုခဲ့ပြီးသောအင်္ဂါငါးပါးတရားတို့ကို နှလုံးထားပြီး၍။ တရားဓမ္မ ဟောပြတတ်သော ဓမ္မကထိက ပုဂ္ဂိုလ်တို့ကလည်း။ သူတပါးတို့ကို မဟောကြားမပြသမဆုံးမခင်။အလျင်တင်ရှူး၍ မိမိကိုယ်ကို ဆုံးမရဦးမည်။ ကိုယ်က အလျင်ယဉ်ကျေးမှသာ။ကိုယ့်စကားကိုအများလိုက်နာနိုင်ရာ၏။ကိုယ်ကမှမယဉ်ကျေးခဲ့လျှင်။သူတပါးကိုဆုံးမခြင်းငှာမလွယ်။ မိမိကိုယ်ကို။ လျော်ကာံ လျောက်ပတ် သင့်မြတ်ရာ၌၊ လျော်ကာံ လျောက်ပတ်အောင်မဆုံးမ၊ မသွတ်သွင်းဘဲ။ သူတပါးကိုသာ။ ကိုယ်ကဆရာကြီးလုပ်၍ ဆုံးမပဲ့ပျင် သွန်သင်ပြသလျှင်။ ဆင်းရဲယင်ပန်းညှစ်နွမ်းလိမ့်မည်။သို့မညှစ်နွမ်းရအောင်နှလုံးထားရန်မှာ။ ။

အတ္တာနမေဝပထမံ။ ပတိရူပေနိ ဝေသယေ။ အထညေ မနု သာသေယျ။နကိလိသေယျပဏ္ဍိတော။ ။ဟူ၍ဓမ္မပဒတွင်ဟောတော်မူသည်။ ။အတ္တာနမေဝ။ မိမိကိုယ်ကိုပင်လျှင်။ ပထမံ။ ရှေးဦးစွာ။ဝါ။သူတပါးတရားနာသူတို့အလျင်။ ပတိရူပေ။ လျော်ကာံလျောက်ပတ် သင့်မြတ်သောအကျင့်တရား၌။ နိဝေသယေ။ ဆုံးမသောအားသွင်းထားဦးရာ၏။အထ။ ထိုပြီးနောက်မှ။အညံ့။ တရားနာလူ၊ သူတပါးကို။အနုသာသေယျ။ဆုံးမရာ၏။ဝါ။ ဆုံးမရမည်။ ပဏ္ဍိတော။ တရားဟောသူ။ လူရှင် လိမ္မာ။ ပညာရှိသည်။နကိလိသေယျ။ ညစ်ညူးပင်ပန်းမနွမ်းနယ်စေရာ။ ။

အကြြင်အကျင့်တရားဖြင့် သူတပါးကို ဟောပြော ပြသ၊ ဆုံးမကန့်မြစ်၏။ထိုအကျင့်တရားဖြင့်။မိမိကိုယ်ကိုပြည့်စုံလုံလောက်

အောင်ဆုံးမခြင်းကိုပြုရာ၏။ မိမိက ယဉ်ကျေးပြီးမှသာလျှင် သူတပါးကိုဆုံးမရာ၏။ သူတပါးကိုဆုံးမရသောထက်။မိမိကိုယ်ကိုဆုံးမရမည့်အရေးအချက်က။သာလို့ပင်ခဲခက်လှသတည်း။ ။ ထို့ကြောင့်။ ။အတ္တာနဉ္စေတထာ။ကယိရာ။ယထာညမနုသာသတိ။ သုဒန္တော၀တဒမ္မေထအတ္တာဟိကိရဒုဒ္ဒမော။ ။ဂုင်း၌ပင်ဟောတော်မူသည်။ ။ဤ၌စကားနိပါတ်မျှသာ။ ။ယော။အကြင်ဓမ္မကထိက၊ ဩဝါဒါစရိယ။ ပြုလိုကြသောလူရှင်ရဟန်းသည်။ယထာ။အကြင်အကျင့်တရားဖြင့်။အညံ။သူတပါးကို။အနုသာသတိ။ သို့ကျင့်ရမည်ဟုဆုံးမ၏။သော။ထို၊ သူတပါးကိုတရားဓမ္မဟောပြသဖြင့်။ သို့လိုကျင့်ရမည်ဟုဆုံးမသောလူရှင်ရဟန်းသည်။ တထာ။ ထိုသူတပါးကို ဆုံးမသောအကျင့်တရားဖြင့်။ပါ။တရားအတိုင်း။အတ္တာနံ။မိမိကိုယ်ကို။ကယိရာ။နေရာတကျပြုရာ၏။ပါ။ပြုရမည်။ သုဒန္တော။မိမိကာဟန်ပန်မလုပ်။အဟုတ်အဟုတ်ကောင်းကောင်းယဉ်ကျေးသည်ဖြစ်၍။ အညံ။သူတပါးကို။၀တဒမ္မေထ။စင်စစ်ဆုံးမရာ၏။ဝါ။ဆုံးမရမည်။ဟိ။သင့်မြတ်စွ။ဝါ။ဟိ၊ ယသ္မာ။အကြင့်ကြောင့်။အတ္တာ။ မိမိသည်။ ဒုဒ္ဒမောကိရ။သူတထူးထက်။ လွန်ကျူး၍ ဆုံးမခဲခက်သတတ်။ တသ္မာ။ကြောင့်။အတ္တာနံ။မိမိကိုယ်ကို။ တထာ။ထို့အတိုင်း။ ကယိရာ။ပြုရာ၏။ ။ဤအမိန့်တော်ကြီးများကို၊ စင်းစားဆင်ခြင်ဦးထိပ်ထက်ရွက်ဆင်ရန် သင့်မြတ်လှ၏။ ။ဤကား နှလုံးထားရန်အချက်။ ။

---

၁၂၀။ ဓမ္မကထိကဆိုထိုက်သည်ကိုဖော်ပြခြင်း။

သာဝတ္ထိပြည်၊ ဇေတဝန်ရွှေကျောင်း၌။ ကိန်းအောင်းစံပျော်နေတော်မူသောအခါ။ရဟန်းတပါးက။ မြတ်စွာဘုရားအနီးအပါးသို့ချဉ်းကပ်၍။ဓမ္မကထိကပုဂ္ဂိုလ်ခေါ်ဆိုမည်ထိုက်ကြောင်းကိုလျှောက်ကြားလိုသည်ဖြစ်၍။ ။ဓမ္မကထိကော ဓမ္မကထိ

ကောတိဘန္တေဝုစ္စတိ။ ကိတ္တာဝတာခေါဘန္တေ ဓမ္မကထိကော
ဟောတီတိ။ ဟူသောစကားဖြင့် လျှောက်ကြားလေ၏။ ။
ဘန္တေ။မြတ်စွာဘုရား။ဓမ္မကထိကောဓမ္မကထိကောတိ။ တရား
ဟောပုဂ္ဂိုလ် တရားဟောပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ။ ခေါ်ဆိုပညတ်
သမုတ်အပ်၏။ဘန္တေ။မြတ်စွာဘုရား။ကိတ္တာဝတာခေါ။အဘယ်
မျှလောက်သောအတိုင်းအရှည်ဖြင့်လျှင်။ဓမ္မကထိကော။ တရား
ဟောပုဂ္ဂိုလ်ခေါ်ဆိုမည်ထိုက်သည်။ ဟောတိ။ဖြစ်ပါသနည်း။
ဣတိ။ ဤသို့ ရွေနားတော်လျှောက်၏။ ။ထိုရဟန်း လျှောက်
သောစကားကိုကြားတော်မူ၍ဖြေဆိုတော်မူလိုသော မြတ်စွာ
ဘုရားသည်။ ။ရူပဿစေဘိက္ခုနိဗ္ဗိဒါယ၊ ဝိရာဂါယ၊ နိရော
ဓာယ၊ ဓမ္မံဒေသေတိ။ဓမ္မကထိကောတိအလံဝစနာယ။ဟူသော
စကားဖြင့်ဖြေကြားတော်မူအပ်၏။ ။ဘိက္ခု။ ရဟန်း။ ယော။
အကြင်သူသည်။ရူပဿ။ရူပက္ခန္ဓါကို။နိဗ္ဗိဒါယ။ ငြီးငွေ့စေခြင်း
အကျိုးငှာ။ဝိရာဂါယ။တပ်ခြင်းကင်းစေခြင်းအကျိုးငှာ။နိရောဓါ
ယ။ ချုပ်စေခြင်းအကျိုးငှာ။ ဓမ္မံ။ တရားကို။ ဒေသေတိ။အာ
ကယ်၍ဟောပြော်ငြားအံ့။ဘိက္ခု။ရဟန်း။တဿ။ထိုဟောပြော
သောသူကို။ဝ။ အား။ ဝါ။၏။ ဓမ္မကထိကောတိ။ ဓမ္မကထိကာ
ပုဂ္ဂိုလ်ဟူ၍။ဝါ။ တရားဟောပုဂ္ဂိုလ်ဟူ၍။ ဝစနာယ။ ခေါ်ဝေါ်
မှည့်ဆိုခြင်းငှာ။ဝါ။ ဆိုအပ်သည့်၏ အဖြစ်သည်။အလံ။ ထိုက်
လျော်သင့်မြတ်၏။ ။အပ္ပံပိစေသဒ္ဒှာဟနေ့ာဒိတိ။ တေနေဝ
သောဟောတိသုခိပရတ္ထ။ဟူသောအဋ္ဌနိပါယ်ဇာတ်ပါဠိတော်
ကိုထောက်၍၊ ဤခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကို။ ယ။ တ။ သဒ္ဒါ
ထည့်၍ယောဇနာအပ်ပါသတည်း။ ။ထိုနည်းတူစွာ။ ဝေဒ
နက္ခန္ဓါ။သညာက္ခန္ဓါ။သင်္ခါရက္ခန္ဓာ။ဝိညာဏက္ခန္ဓာတို့ကို။ငြီးငွေ့
အောင်။ တပ်ခြင်းကင်းအောင်။ ချုပ်ပျောက် လွတ်ကင်းအောင်
တရားစကားဟောကြားပြောဆိုတတ်သော်လူရှင်ရဟန်းသည်။
ဓမ္မကထိကဟုဆိုခြင်းငှာ။ဝါ။တရားဟောပုဂ္ဂိုလ်ဟုဆိုခြင်းငှာ
ထိုက်၏။ ။တရားဟောပုဂ္ဂိုလ်မည်၏ဟူလိုသည်။ ။ဓမ္မာနု

ဓမ္မ ပရိပန္န မည်ထိုက်ကြောင်း။ ဒိဋ္ဌ ဓမ္မနိဗ္ဗာန် ပတ္တ ဇည်ထိုက်
ကြောင်းတို့ကိုလည်း ဟောတော်မူအပ်ကုန်သေး၏။ ထိုရင်းကို
သာရေးသားလိုက်သည်။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ လာ
သည်။ ။သဉ္ဇာသာ မကာဿေး။ ပဋိစ္စ သမုပ္ပါဒ်။ သံသရာ
စက် ရဟတ်၊ ကင်း လွတ် ပြတ် စဲရန်။ ဇရာ မရဏ။ ဇာ တိ။
ဘဝ။ ဥပါဒါန်။ တဏှာ။ ဝေဒနာ။ ဖဿ။ သဠာယတန။ နာမရူပ။
ဝိညာဏ်။ သင်္ခါရ။ အဝိဇ္ဇာတို့ကို ငြိမ်းငွေ့အောင်။ တပ်ခြင်းကင်း
အောင်။ ချုပ်ပျောက် ပြတ်ရှင်း လွတ်ကင်းအောင်။ အကြောင်းသူ
သည်။ တရားဓမ္မ ဟောပြတတ်၏။ ထိုသူသည်။ ဓမ္မကထိကတ
ရားဟောပုဂ္ဂိုလ် မည်ထိုက်ကြောင်းကိုလည်း။ သံယုတ္တက နိ
ကာယ်။ နိဒါနဝဂ်၌ ဟောတော်မူသည်။ ။ကထံ။ ။ဓမ္မကထိ
ကောဓမ္မကထိကောတိဘန္တေ ဝုစ္စတိ။ ကိတ္တာဝတာခေါ ဘန္တေ
ဓမ္မကထိကော ဟောတီတိ။ ဟူသောပါဠိဖြင့်။ ရဟန်းတပါးက
မြတ်စွာဘုရားကို အမေး လျှောက်ရာ မြတ်စွာဘုရားသခင်ကလည်း
ဖြေကြားတော်မူလိုသည်ဖြစ်၍။ ။ဇရာမရဏဿစေဘိက္ခု
နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယဓမ္မံ ဒေသေတိ ဓမ္မကထိကော
ဘိက္ခူတိအလံဝစနာယ အစရှိသော ပါဠိဖြင့် ဖြေကြားတော်မူ
သည်။ ။ဘိက္ခု။ရဟန်း။ယောဘိက္ခု။သည်။ ဇရာမရဏဿ။
ဇရာမရဏကို။ နိဗ္ဗိဒါယ။ ငြီးငွေ့ခြင်းအကျိုးငှါ။ ဝိရာဂါယ။ မတပ်
စေခြင်းအကျိုးငှါ။ ဝါ။ စက်ဆုပ်စေခြင်းအကျိုးငှါ။ နိရောဓာယ။
လွတ်ကင်းနှစ်ပြုပ် ချုပ်စေခြင်းအကျိုးငှါ။ ဓမ္မံ။ တရားကို။ ဒေ
သေတိ၊ အကယ်၍ဟောပြောငြားအံ့။ ဘိက္ခု။ ရဟန်း။ တသံ
ဘိက္ခုနော။ ထိုသို့ဟောပြောသောရဟန်းကို။ ဝါ။ အား။ ဝါ။၏။
ဓမ္မကထိကောတိ။ဟူ၍။ ဝစနာယ။ ငှါ။ ဝါ။ သည်။ အလံ။ ထိုက်
လျော်သင့်မြတ်လျောက်ပတ်၏။ ။အလံဝစနာယာတိဇေဝဝတ္တဗ္ဗ
တံအဟာရတိယုတ္တောအနုစ္ဆဝိကောတိအတ္ထော။ ။ဌင်းအဋ္ဌက
ထာကိုထောက်၍ယောဇနာအပ်၏။ ။ဇာတိစသောအင်္ဂါတို့၌
လည်း။ ဤနည်းအတိုင်း။ ပါဠိအနက်အဓိပ္ပါယ်တို့ကိုသိမှတ်အပ်

ကျန်၏။ ။ဤကား မွေကထိကပုဂ္ဂိုလ်ခေါ်ဆိုထိုက်သည်ကို ဖေါ်ပြခြင်းတည်း။ ။ဤအလုံးစုံကိုပင်လျှင်မွေကထိကပုဂ္ဂိုလ်တို့။ နှလုံးထားရန်အလွန်သင့်မြတ်လှ၍ နှလုံးထားတော်မူကြပါစေကုန်သတည်း။ ။အဋ္ဌသာလိနီဋ္ဌကား။အာဘိဓမ္မိကပုဂ္ဂိုလ်သာမွေကထိက ပုဂ္ဂိုလ်ခေါ်ဆို မည်ထိုက်ကြောင်းကို ချဲ့ ဆိုတော်မူသေး၏။ ။ပါဠိတော်၌ ကတ္တားသာမန်ကိုသော်လည်းထည့်။

---

## ၁၂၁။ သံသရာစက်ပြတ်အောင်အားထုတ်သင့်ကြောင်းကိုပြခြင်း။

ယင်းသို့မွေကထိကပုဂ္ဂိုလ်တို့ကလည်း။မွေကထိကပုဂ္ဂိုလ်ဟုခေါ်ဆိုမည်ထိုက်သည်အားလျော်စွာ။ ပဋိစ္စသမုပ္ပါဒ်။ စက်ရဟတ်ပြတ်စဲအောင်။တရားမွေဟောပြခြင်းများကို နှလုံးထား၍။ နှလုံးထားသည်အတိုင်း။သံသရာဘေး သံသရာအရေးမှတပါး။ အခြားကိစ္စများကို ကိစ္စဟုမပြုဘဲ။ သံသရာရေးသံသရာဘေးကိုသာ။ အရေးကြီးအလေးကြီးပြု၍။ ထောက်ရှုစင်းစား။ဉာဏ်အားအလျော်တရားတော်ကို။ ဟောဖေါ်ပြသဆုံးမသင့်လှကုန်သည်။တရားနာသူပုဂ္ဂိုလ်တို့ကလည်း။ ဤပဋိစ္စသမုပ္ပါဒ်။စက်ရဟတ်သံသရာမှာ။ များစွာကျင်လည်ကြရသဖြင့်။ ဒုက္ခမျိုးစုံ။အဖုံဖုံတို့နှင့်။ တွေ့ကြုံဘန် များလှလေပြီ။ ယခုပစ္စုပ္ပန်ဘဝထက်မလွန်စေရ။ အယုတ်ဆုံးမိတ္တေယျဘုရားရှင် ရွှေလက်ထက်တော်ကိုမလွန်စေရ။ ပဋိစ္စသမုပ္ပါဒ်။စက်ရဟတ်ယန္တရား။ ဒုက္ခမျိုးအပါးပါးကို။ ပြဆိုခဲ့ပြီးသော သမ္မာဒိဋ္ဌိစသော မဂ်အကျင့်တရားဖြင့်။ ထွားထွားညက်ညက်။ ပယ်ဖျက်ဖြတ်လှီး။ အပြီးချုပ်ငြိမ်းအောင်။ကျင့်ဆောင်အားထုတ်ကောင်းလှ၏တကား။အားထုတ်ကျင့်ကြံမှုတော်မည်။အားထုတ်ကျင့်ကြံမည်။ သံသရာဘေး။အရေး ကိစ္စကား ကြီးကျယ် လှသည်ဟု။ အသင့် ယူကြုံး။ နှလုံး

ထားကြသဖြင့်။ကြိုးစားအားထုတ်ပြုလုပ်ကျင့်ကြံကြရမည်။ ဤပဋိစ္စသမုပ္ပါဒ်၌။ ဆောင်ရွက်သင်အံ့။ နာကြံပြုကျင့်ခြင်းအစဉ်ဖြင့်။ ဉာဏ်အထူးကိုပွါးစေရမည်။ ဤဉာဏ်အထူးကိုဖြစ်ပွါးစေခြင်း အစဉ် ကိစ္စမှတပါး။ အခြားကိစ္စကိုပြုလုပ် အားထုတ်ဘွယ်မရှိပြီ။ ။ထိုကြောင့်။ ။ပရိယတ္တိသဝနစိန္တနပဋိပတ္တိက္ကမဝိဝန္တတာနဉ္စ။ ယသ္မာဟိဉာဏဘေဒေါ။ နကာဒါစိပိဟောတိဧတသ္မိံ။ ။ပရိယတ္တိသဝနစိန္တနပဋိပတ္တိက္ကမတောသဒါမိရော။ တပ္ပကာယိရေနပညံ။ကရဏီယတရံတတောအတ္ထိ။ ။ဟူ၍အဋ္ဌကထာ၌ မိန့်တော်မူသည်။ ဟိယသ္မာ။ အကြင့်ကြောင့်။ ဧတသ္မိံ။ ထိုပဋိစ္စသမုပ္ပါဒ်၌။ ပရိယတ္တိသဝနစိန္တနပဋိပတ္တိက္ကမဝိပန္တတာနဉ္စ။သင်ခြင်း။ ကြားနာခြင်း။ ကြံခြင်း။ ကျင့်ခြင်းအစဉ်မှကင်းကျန်သော။ ဝါ ။အစဉ်ကိုကြဉ်ထားကျန်သော ပုဂ္ဂိုလ်တို့အားလည်း။ဉာဏဘေဒေါ။ ဉာဏ်အထူးသည်။ ကဒါစိပိ။တရံတခါမျှသည်း။ နဟောတိ။ မဖြစ်။ တသ္မာ။ထို့ကြောင့်။မိရော။ပညာရှိသည်။တတ္တ။ထိုပဋိစ္စသမုပ္ပါဒ်၌၊ပရိယတ္တိသဝနစိန္တနပဋိပတ္တိက္ကမတော။ သင်ခြင်းနာခြင်း ကြံခြင်းကျင့်ခြင်းအစဉ်အားဖြင့်။ဝါ။အစဉ်ကို။ သဒါ။နေ့ရောညဉ့်ပါ။ အခါခပ်သိမ်း။ ကယိရာ။ပြုရာ၏။ဟိ။သင့်မြတ်စွ။တတော။ထိုဉာဏ်အထူးကိုဖြစ်ပွါးစေတတ်သောအစဉ်ကိစ္စမှ။ အညံ။ တခြားတပါးသော။ ကရဏီယတရံ။အထူးပြုဘွယ်။ကြီးငယ်ကိစ္စသည်။ နအတ္ထိ။ရှိတော့သည်မဟုတ်ချေ။ ။ဤကားသံသရာစက်ပြတ်အောင်အားပါးထုတ်သင့်ကြောင်းတည်း။ ။

---

### ၁၂၂။ အားထုတ်ပုံနှင့်တကွ။စတုစတ္တာလီသဉာဏဝတ္ထု၊ သတ္တသတ္တတိဉာဏဝတ္ထုတို့ကိုပြခြင်း။

ဤအစဉ်ကို။ ကျင့်ကြံမယုတ်။ အားပါးထုတ်ရမည်ဟူရာ၌လည်း။မဂ်တည်းဟူသောဗြဟ္မစရိယမှတပါး။ သံသရာပြတ်စဲ

ဘို့အကြောင်းမရှိ။ ဝိပဿနာကိုပွါးများ အားထုတ်ခြဖ်း ကိစ္စ
သည်လည်း။ပဋိစ္စသမုပ်။ဒုက္ခအဆုံးကိုပြုရခြင်းအကျိုးရှိ၏။ ထို
ဒုက္ခအဆုံးကိုပြုရခြင်းသည်လည်း။ ဉာဏ်အထူးကိုဖြစ်ပွါးစေ
ခြင်းနှင့်စပ်၏။ ဝါ။ ပဋိစ္စသမုပ္ပါဒ်၌အားထုတ်လို့လ။ ကိစ္စအထူး
နှင့်စပ်၏။ ။ထိုကြောင့်မူလဋီကာ၌။ ။တဒါယတ္တာဟိဒုက္ခန္တ
ကိရိယာ။ဟူ၍မိန့်အပ်၏။ ။ဒုက္ခန္တကိရိယာ။ပဋိစ္စသမုပ်။ဒုက္ခ
၏အဆုံးကိုပြုရခြင်းသည်။ တဒါယတ္တာဟိ။ ထိုဉာဏ်အထူးကို
ဖြစ်စေခြင်းနှင့်စပ်သည်သာလျှင်တည်း။ ဝါ။ပဋိစ္စသမုပ္ပါဒ်၌။မ
ပြတ်အားထုတ်ခြင်းနှင့်စပ်သည်သာလျှင်ဖြစ်၏။ ။ယင်းသို့
အားထုတ်ရာ။သမ္မာဒိဋ္ဌိစသောမဂ္ဂင်တည်းဟူသောဖြဟ္မစရိယ
ကိုကျင့်သော ယောဂီပုဂ္ဂိုလ်သည်။ ယခုဘဝ၌ ရချ နိဗ္ဗာန်ကို
မျက်မှောက်ပြုလိုသည်ဖြစ်အံ့။ သီလသမာဓိတို့ကို။ စင်ကြယ်
တည်တံ့စေ၍။ ဆိတ်ငြိမ်ရာသို့ ကပ်ပြီး လျှင်။ ပဋိစ္စ သမုပ္ပါဒ်၌
ဉာဏ်ကိုချ၍။ထင်ထင်မြင်မြင်ဆင်ခြင်အောက်မေ့။ တစေ့စေ့ရှု
လျှင်။တပါးမကများလှစွာသော။ ဇရာမရဏစသောအကျိုးတ
ရား။ဒုက္ခအမျက်ဆုံကြီးများကို။ အကြောင်းနှင့်စပ်ဆိုင်၍။ လေး
ခိုင်သောသစ္စာနည်းဖြင့်သိသာလိမ့်မည်။ ။ထို့ကြောင့်။ ။
သောပရိဗိမံသမာနော ဧဝံပဇာနာတိယံခေါ ဣဒံအနေကဝိဓံနာ
နပ္ပကာရံဒုက္ခံ လောကေဥပ္ပဇ္ဇတိဇရာမရဏံ။ ဣဒံခေါဒုက္ခံဇာတိ
နိဒါနံဇာတိသမုဒယံဇာတိဇာတိကံဇာတိပဘဝံ။ဇာတိယာသတိ
ဇရာမရဏံဟောတိ။ ဇာတိယာအသတိဇရာမရဏံနဟောတိ
တိ။ သောဇရာမရဏံစပဇာနာတိ။ ဇရာမရဏသမုဒယံစပဇာ
နာတိ။ဇရာမရဏနိရောဓံစပဇာနာတိ။ ယာစဇရာမရဏနိရော
ဓသာရုပ္ပဂါမိနီပဋိပဒါ။တဉ္စပဇာနာတိ။တထာပဋိပန္နောစဟော
တိအနုဓမ္မစာရီ။ အယံဝုစ္စတိဘိက္ခဝေ ဘိက္ခုသဗ္ဗသော သမ္မာ
ဒုက္ခက္ခယာယပဋိပန္နော ဇရာမရဏနိရောဓာယ။ စသည် ဖြင့်
ဟောတော်မူသည်။ ။သော။ထိုယောဂီပုဂ္ဂိုလ်သည်။ပရိဗိမံ
သမာနော။ စုံစမ်းဆင်ခြင်သည်ရှိသော်။ ဧဝံ။ ဤဆိုလတံ့သော

နည်းအတိုင်း။ပဇာနာတိ။အပြားအားဖြင့်သိ၏။ ဝါ။ သိလိမ့်မည်။ အနေကဝိဓံ။ တပါးမက။ များပြားလှသော။နာနပ္ပကာရံ။အထူးထူးအပြားပြားသော။ ဇရာမရဏံ။ အိုခြင်း သေခြင်းဟု ဆိုအပ်သော။ယံဇရာဒိဒုက္ခံ။အကြင်ဆင်းရဲသည်။ခေါ်။စင်စစ်။လောကေ။သတ္တလောကဿ။ဥပ္ပဇ္ဇတိ။ဖြစ်၏။ဇရာဒိခေါဒုက္ခံ။ဤဇရာမရဏဟူသောဒုက္ခသည်သာလျှင်။ဇာတိနိဒါနံ။ဇာတိလျှင်နိဒါန်းရှိ၏။ဇာတိသမုဒယံ။ ဇာတိသည်ဖြစ်စေအပ်၏။ ဇာတိဇာတိကံ။ဇာတိကြောင့်ဖြစ်၏။ဇာတိပဘဝံ။ဇာတိသျှင်အပွန်ရှိ၏။ဇာတိယာ။ဇာတိသည်။သတိ။ရှိခဲ့သော်။ဇရာမရဏံ။ဇရာမရဏသည်။ ဟောတိ။ဖြစ်၏။ဇာတိယာ။သည်။အသတိ။မရှိခဲ့သော်။ဝါ။မရှိမူကား။မရှိခဲ့လျှင်။ဇရာမရဏံ။သည်။ နဟောတိ။မဖြစ်။ဣတိ။ ဤသို့။ဝါ။သည့်လို။ ပဇာနာတိ။ အပြားအားဖြင့်သိ၏။ သော။ ထိုယောဂီသည်။ ဇရာမရဏံစ။ ဇရာမရဏကိုလည်း။ ပဇာနာတိ။ ဒုက္ခသစ္စာဟုသိ၏။ဇရာမရဏသမုဒယံစ။ဇရာမရဏ၏အကြောင်းဖြစ်သောဇာတိကိုလည်း။ပဇာနာတိ။သမုဒယသစ္စာဟုသိ၏။ ဇရာမရဏနိရောဓံစ။ဇရာမရဏ၏ချုပ်ရာနိဗ္ဗာန်ကိုလည်း။ပဇာနာတိ။နိရောဓသစ္စာဟုသိ၏။ ဇရာမရဏနိရောဓသာရုပ္ပဂါမိနိံ။ဇရာမရဏ၏ချုပ်ရာ နိဗ္ဗာန်အားလျော်သော ရောက် ကြောင်းဖြစ်သော။ဝါ။ နိဗ္ဗာန်သို့ လျှောက်ပတ်စွာ ရောက်ကြောင်းဖြစ်သော။ယာစပဋိပဒါ။ အကြင်မဂ်တည်းဟူသော အကျင့်သည်။အတ္ထိ။ရှိ၏။ တဉ္စ။ ထိုမဂ်တည်းဟူသောအကျင့်ကိုလည်း။ပဇာနာတိ။ မဂ္ဂသစ္စာဟုသိ၏။ တထာပဋိပန္နော။ ထိုသို့သိသည့် အတိုင်းကျင့်သောပုဂ္ဂိုလ်သည်။ အနုဓမ္မစာရီ။ နိဗ္ဗာန် သို့ ရောက်ခြင်းအားလျော်သော အကျင့်ကို ကျင့်သည်မည်သည်။ ဟောတိ။ဖြစ်၏။ဘိက္ခဝေ။တို့။အယံဘိက္ခု။ဤသို့ကျင့်သော ယောဂီရဟန်းကို။သဗ္ဗသော။အခါခပ်သိမ်း။သမ္မာဒုက္ခက္ခယာယ။ကောင်းကောင်းကြီးဒုက္ခကို ကုန်ခန်းစေခြင်း၄ါ။ ဇရာမရဏနိရောဓာယ။ ဇရာမရဏတို့၏ အကြွင်းမဲ့ ချုပ်ခြင်း၄ါ။ ပဋိပန္နော။ ကျင့်

သော ယောဂီရဟန်းဟူ၍။ ဝုတ္တတိ။ ဆိုအပ်၏။ ။ဤသို့ဇရာမရဏကို။ သတ္တလေးပါးနည်းအားဖြင့်သိသကဲ့သို့။ သိသလို။ ဇာတိစသည် တို့ကိုလည်း။ ဤနည်းအတိုင်းပင် သတ္တ လေးပါးနည်းအားဖြင့် သိအပ်ကုန်၏။ ။သိဟာန်မှာ။ ယောနိ လေးပါးလုံး၌ဖြစ်သော်။ ရုပ်နာမ်ခန္ဓာတို့၏။ အစတ္တာဖြစ်ခြင်းဟု ဆိုအပ် သောဥပါဒ်သည်။ ဇာတိမည်၏။ ထိုဇာတိသည်။ ဋ္ဌဘင်တို့နှိပ်စက်အပ်သောကြောင့်ဆင်းရဲရကား ဒုက္ခသစ္စာမည်၏။ ထိုဇာတိတည်းဟူသော ဒုက္ခသစ္စာ၏၊ ဖြစ်ကြောင်းဖြစ်သော ကမ္မဘဝသည်။ သမုဒယသစ္စာမည်၏။ ထိုဇာတိတည်းဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ ထိုနိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်အကျင့်သည် မဂ္ဂသစ္စာမည်၏။ ဤသို့သော နည်းအားဖြင်။ တပါးတပါးသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ၌။ သစ္စာလေးပါးစီဖြစ်၍။ အင်္ဂါတဆဲ့နှစ်ပါးတို့၌သော်ကား။ လေးဆဲ့ရှစ်ပါးအပြားအားဖြင့် ထိုယောဂီသည်။ ဤပဋိစ္စ သမုပ္ပါဒ်ကိုသိ၏။ ။ဤပရိဝီမံသ သုတ်၌။ ဒုက္ခက္ခယာယပဋိပန္နောသီလံအာဒိံ ကတွာဇရာမရဏဒုက္ခသနိရောဓဂ္ဂါယပဋိပန္နောဟူ၍၎င်း။ ဩဝတာယာဝအရဟတ္တံဒေသနာကထိတာဟူ၍၎င်း။ ဖွင့်ပြအပ်သော်၎င်းအဋ္ဌကထာပါဠိ၌နှင့်အညီ။ ယောဂီအဖြစ်ကစ၍။ အရဟတ္တဖိုလ်တိုင်အောင်။ သံသရာစက်ပြတ်ခြင်းကို ဟောတော်မူသော ဒေသနာတော်ဖြစ်သောကြောင့်၎င်း။ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ ဟုသင်္ခါရတို့၏အကြောင်းကိုဟောတော်မူသကဲ့သို့။ အာသဝပစ္စယာအဝိဇ္ဇာဟူ၍အဝိဇ္ဇာ၏အကြောင်းကိုထုတ်၍ဟောတော်မမူသောကြောင့်၎င်း။ အဝိဇ္ဇာပုဒ်ကိုထုတ်၍သစ္စာလေးပါးဖြင့်ဝေဘန်တော်မမူ။ သို့သော်လည်း။ ယောဂီဖြစ်သောပုဂ္ဂိုလ်အား။ အာသဝသမုဒယာအဝိဇ္ဇာသမုဒယောဟူ၍ ဟောတော်မူအပ်ရကား။ အဝိဇ္ဇာကိုလည်းသစ္စာလေးပါးဖြင့် စင်းစားဆင်ခြင် သိမြင်ခြင်းသည်ဖြစ်သင့်လေသောကြောင့်။ လေးဆဲ့ရှစ်ပါးဟူ၍ ရေးထည့်လိုက်

သည်။ ။ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌ။သင်္ခတဋ္ဌ။ သန္တာပဋ္ဌ။ဝိပရိဏာမဋ္ဌအားဖြင့်လေးနက်။ ။သမုဒယသစ္စာ၏။ အာယူဟနဋ္ဌ။နိဒါနဋ္ဌ။သံယောဂဋ္ဌ။ ပလိဗောဓဋ္ဌအားဖြင့်လေးနက်။ ။နိရောဓသစ္စာ၏။နိဿရဏဋ္ဌ။ဝိဝေကဋ္ဌ။အသင်္ခတဋ္ဌ။ အမတဋ္ဌအားဖြင့်လေးနက်။ ။မဂ္ဂသစ္စာ၏။နိယျာနဋ္ဌ။ ဟေတုဋ္ဌ။ ဒဿနဋ္ဌ။အဓိပတေယျဋ္ဌအားဖြင့်လေးနက်။ ။ဤသို့သစ္စာအနက်တဆဲ့ခြောက်ချက်တို့ဖြင့်မြှောက်ပွါးလိုက်လျှင်။ ၁၉၂ ပါးအားဖြင့်သိရလိမ့်မည်။ ။ယခင်ပြဆိုအပ်ခဲ့ပြီးသော်သုတ်ဖြင့်သာ။လေးဆယ့်ရှစ်ပါးသောသစ္စာနည်းအားဖြင့်ပဋိစ္စသမုပ္ပါဒ်ကိုသိရသည်မဟုတ်သေး။ ။ကတမာနိစတ္တာရိ နိဒါနသံယုတ်ပါဠိ သုတ်၌ ဟောတော်မူပြန်သောကြောင့်။ ၎င်းသုတ်ဖြင့်လည်းသိအပ်သေးသည်သာလျှင်တည်း။ရှေ့နည်းအတိုင်းသစ္စာ့ဖွဲ့လေ။ ။ဤသုတ်၌လည်းအဝိဇ္ဇာ၏အကြောင်းမပါသောကြောင့်။ ဉာဏဝတ္ထုလေးဆယ့်လေးပါးကိုသာ ဟောတော်မူအပ်၏။ အဝိဇ္ဇာဟူသောပုဒ်ကို ဤသုတ်၌ ထုတ်၍ပင်မဟောသော်လည်း။ အာသဝေါဖြစ်က၊ အဝိဇ္ဇာလည်းဖြစ်ရမည် ဖြစ်သောကြောင့်။ အဝိဇ္ဇာသည် ဒုက္ခသစ္စာမည်၏။ အဝိဇ္ဇာ၏အကြောင်းဖြစ်သော။ အာသဝေါတရား လေးပါး တို့သည် သမုဒယ သစ္စာ မည်၏။ ထိုဒုက္ခသစ္စာ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ နိရောဓသစ္စာမည်၏။နိရောဓသစ္စာသို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်အကျင့်သည်မဂ္ဂသစ္စာမည်၏။ ဤသို့ကောက်ယူလျှင်။ လေးဆဲ့ရှစ်ပါးသောသစ္စာနည်းဖြင့်လည်းသိအပ်သေး၏။ ။အတိတ်အနာဂတ်၌လည်း။ယခုပစ္စုပ္ပန်၌ကဲ့သို့။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတပါးတပါး၌သစ္စာလေးပါးစီအားဖြင့်ရှုစားဆင်ခြင်သိမြင်သောပညာသည်။ အန္ဝယဉာဏ်မည်၏ဟု။ ၎င်းသုတ်၌ပင်ဟောတော်မူသည်။ ။ဤသုတ်၌ ရဟန္တာပုဂ္ဂိုလ်ကိုလည်း သေက္ခဘုမ္မိ၌ သွင်း၍ဟောတော်မူအပ်၏ဟုအဋ္ဌကထာ၌မိန့်၏။ ။ဤသုတ်နည်းအားဖြင့်

သာသိအပ်သည်မဟုတ်သေး။ ။ကတမာနိဘိက္ခဝေသတ္တသတ္တတိဉာဏဝတ္ထူနိ။ဇာတိပစ္စယာဇရာမရဏန္တိဉာဏံ။ အစရှိသည်ဖြင့်။ဒုတိယဉာဏဝတ္ထုသုတ်ကိုထုတ်ဖော်၍ဟောတော်မူသောကြောင့်။ဤသုတ်ဖြင့်လည်း။ ဉာဏဘေဒအားဖြင့်သိအပ်သေး၏။ ။သိဟာန်ကား။ ။ဇာတိဖြစ်လျှင်။ဇရာမရဏဖြစ်၏ဟုသိသောဉာဏ်တပါး။ ဇာတိမရှိလျှင် ဇရာမရဏမရှိဟုသိသောဉာဏ်တပါး။အတိတ်၌လည်း၊ဤနည်းတူနှစ်ပါး။အနာဂတ်၌လည်းဤနည်းတူနှစ်ပါးအားဖြင့်။ ခြောက်ပါး။ ထိုခြောက်ပါးလုံးကို သိသော ဓမ္မဋ္ဌိတိဉာဏ်သည်လည်း၊ ကုန်တတ် ပျက်တတ်ချုပ်ပျောက်တတ်သော သဘောရှိ၏ဟု သိသော ဉာဏ်တပါးအားဖြင့်။ဇရာမရဏအင်္ဂါ၌ခုနစ်ပါး။ ထို့အတူ အဝိဇ္ဇာမှကြွင်းကျန်သော အင်္ဂါဆယ်ပါးတို့၌လည်း။ ခုနစ်ပါးစီ ရခြင်းကြောင့်။ပေါင်းခုနစ်ဆယ့် ခုနစ်ပါးသောဉာဏဝတ္ထုဖြစ်၏။ ဤခုနစ်ဆဲ့ ခုနစ်ပါးသော ဉာဏဝတ္ထုတို့ဖြင့်လည်း သိအပ် သေး၏။ ။ဣမသ္မိံ သုတ္တေဝိပဿနာနာမကထိတာ။ ဟူသောအဋ္ဌကထာပါဌ်နှင့်အညီ။ ဝိပဿနာ ဉာဏ်၏ အစွမ်းအားဖြင့် ၇၇ ပါးသောဉာဏဝတ္ထုတို့ကိုလည်းမှတ်အပ်ကုန်၏။ ။အာသဝသမုဒယာအဝိဇ္ဇာသမုဒယောဟူ၍ဟောတော်မူသောကြောင့်။ အဝိဇ္ဇာအင်္ဂါ၌လည်း။ရှေးနည်းအတိုင်း ခုနစ်ပါးသော ဉာဏ်ကိုယူ၍လည်း ရှစ်ဆဲ့လေးပါး ဟူ၍လည်း မှတ်သင့်၏။ သို့သော်လည်း။ အင်္ဂါတဆဲ့နှစ်ပါးတို့တွင်။ ပစ္စယုပ္ပန် တရားတို့ကိုသာပြသောအရာဖြစ်၍၊ အဝိဇ္ဇာ၏ အကြောင်းကို ထုတ်၍ မဟောသောကြောင့်။စတုစတ္တာလီသ။သတ္တသတ္တတိ။ဤမျှသာပိုင်းခြားတော်မူအပ်သတည်း။အဝိဇ္ဇာ၌ရင်းဉာဏ်အထူးကို မရထိုက်၍မဟောသည် မဟုတ်ဟူလိုသည်။ ။ဤသတ္တသတ္တတိဉာဏဝတ္ထုသုတ်၌ဓမ္မဋ္ဌိတိဉာဏ်ကိုလည်း ဟောတော်မူအပ်၏။ ။ဤပဋိစ္စသမုပ္ပါဒ်အင်္ဂါတပါးတပါး၌။အကြောင်းကိုသိမ်းဆည်းခြင်း၌သိသောပညာသည်ဓမ္မဋ္ဌိတိဉာဏ်မည်၏ဟူ၍။ ပဋိသမ္ဘိ

ဒါမဂ်ုပါဠိတော်၌တရားစစ်သူကြီးလည်းဟောါတော်မူသည်။ ။ ယံပိဿတံဓမ္မဋ္ဌိတိ|ဉာဏံ၊ တံပိခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မန္တိဉာဏံဟူသောပါဠိတော်အရ။အဓိပ္ပါယ်အလွန်ပေါ်လှသောကြောင့်ဒုင်း။ပဋ္ဌယပရိဂ္ဂဟေပညာဓမ္မဋ္ဌိတိဉာဏံ။ ဟူ၍ ပဋိသမ္ဘိဒါမဂ်၌လာသောကြောင့်ဒုင်း။ဇရာမရဏသည်လည်း အမြဲမတည်ဟုသိသောဉာဏ်သည် ဓမ္မဋ္ဌိတိဉာဏ်မည်၏ဟူ၍ အချို့ပိုည္သူတို့အဓိပ္ပါယ်ရေးသားပြောဆိုကြကုန်၏။ထိုအဓိပ္ပါယ် ကိုမမှတ်အပ်သေးဆင်ခြင်အပ်သေး၏။ ။ဤသို့ဉာဏ်အထူး ဖြစ်ပုံကိုမှတ်အပ်၏။ ။

---

## ၁၂၃။ တဆဲ့ခြောက်ပါးသောယုံမှားခြင်းကိုထင် လင်းစွာဖော်ပြခြင်း။

ဤသို့ ပြဆိုခဲ့ပြီးသည့် အတိုင်း။ ပဋိစ္စသမုပ္ပါဒ် တရားကို။ လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်။ပဒဋ္ဌာန်တို့၏အစွမ်းအားဖြင့်။ သိမြင်ပိုင်းခြားမှတ်သားနိုင်သော၊ ဉာတပရိညာဉာဏ်။ အနိစ္စ။ဒုက္ခ။ အနတ္တ ဟုပိုင်းခြားဆုံးဖြတ်၍ သိတတ်သော၊ တီရဏ ပရိညာဉာဏ်။ဓမ္မဋ္ဌိတိ၊ အန္ဝယပညာဟူသောအဘိညာဉ်တို့ဖြင့်။ အမှန်အကန်အတပ်အကြပ်။ထင်ထင်ရှားရှား။စေ့စေ့ငုငု။ ရှုနိုင်သောယောဂီပုဂ္ဂိုလ်သည်။အတိတ်အနာဂတ်ပစ္စုပ္ပန်အားဖြင့်။သုံးပါးသောကာလ၊ ဘဝတို့၌။ပြေးသွားသက်ဝင်။ အထင်မှောက်မှား။ တဆဲ့ခြောက်ပါးကုန်သော ယုံမှားခြင်းတို့ကို လွန်မြောက်နိုင်သော။ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်၍။အဆင့်ဆင့်ဝိပဿနာဉာဏ်ထက်သန်ရကား။ စင်စစ်မုချမဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်လိမ့်မည်။ ထိုသို့မရှု။အမှုမဲ့ထား။မစင်းစားသောသူအား။တဆဲ့ခြောက်ပါးသောယုံမှားခြင်း။မကင်းမလွတ်သည်ဖြစ်၍ ထိုယုံမှားခြင်းတို့၏မှိုရာ။သဿတအယူ။ ဥစ္ဆေဒအယူသို့ သက်ဝင်ဖေါက်ပြန်၍။ မဂ်ဖိုလ်နိဗ္ဗာန်ကိုမရရုံမျှမကသေး။အပါယ်လေးပါး၌။ ကြီးမား

သောဒုက္ခနှင့် လှလှသား တွေကြုံ ကြရလိမ့်မည်။ ဒိဋ္ဌိသိဉ္စသယူ
သည်လည်း။ရင်းနှစ်ပါးပင်လျှင်တည်း။ ။ထို့ကြောင့်။ယုံမှား
ခြင်းတဆဲ့ခြောက်ရပ်တို့ကို။ ကင်းပြတ် ကွယ်ပျောက်အောင်
အားထုတ်မှသာ။ဝိပဿနာပညာ၊ မဂ်ပညာအထူး၊ ဂုဏ်ကျေး
ဇူးနှင့်ပြည့်စုံ၍။နိဗ္ဗာန်ရိပ်မြုံ။ချမ်းသာကိုခိုလှုံရမည်။ တဆဲ့ခြောံ
ပါးသောယုံမှားခြင်းကား။ ။ယတောခေါဘိက္ခဝေ အရိယ
သာဝကဿအယဉ္စပဋိစ္စသမုပ္ပါဒေါဣမေစပဋိစ္စသမုပ္ပန္နာစဓမ္မာ
ယထာဘူတံသမ္မပ္ပညာယသုဒိဋ္ဌာဟောန္တိ။ သောဝတပုဗ္ဗန္တံဝါ
ပဋိဓာဝိဿတိ အဟောသိံနုခေါဟံအတီတမဒ္ဓါနံ။ နနုခေါ အ
ဟောသိံအတီတမဒ္ဓါနံ။ ကိံနုခေါအဟောသိံ အတီတမဒ္ဓါနံ။
ကထံနုခေါအဟောသိံအတီတမဒ္ဓါနံ။ကိံ ဟုတွာကိံ အဟော
သိံ နုခွါဟံ အတီတ မဒ္ဓါနန္တိ။ အပရန္တံဝါ အပဓာ ဝိဿတိ။
ဘဝိဿာမိနုခေါဟံအနာဂတမဒ္ဓါနံ။ နနုခေါဘဝိဿာမိ အနာ
ဂတမဒ္ဓါနံ၊ ကိံနုခေါဘဝိဿာမိအနာဂတမဒ္ဓါနံ။ ကထံနုခေါ
ဘဝိဿာမိအနာဂတမဒ္ဓါနံ။ ကိံဟုတွာကိံ ဘဝိဿာမိနုခွါဟံ
အနာဂတမဒ္ဓါနန္တိ။ ဧတရဟိဝါပစ္စုပ္ပန္နံအဒ္ဓါနံ အဇ္ဈတ္တံကထံက
ထီဟောတိ။ အဟံနုခေါသ္မိ။ နောနုခေါသ္မိ။ကိံနုခေါသ္မိ။ ကထံနု
ခေါသ္မိ။ အယံနုခေါသတ္တောကုတောအာဂတော သောကုဟိံ
ဂါမီဘဝိဿတိတိ နေတံဌာနံဝိဇ္ဇတိ။ ။ဟူ၍ သံယုတ်ပါဠိ
တော်ပစ္စယသုတ်၌ဟောတော်မူသည်။ မူလပဏ္ဏာသပါဠိတော်
သဗ္ဗာသဝသုတ်၌လည်းလာ၏။ ။ဘိက္ခဝေ။တို့။ခေါ။မှချကောန်၊
အမှန်၊စင်စစ်။ယတော။ အကြင့်ကြောင့်။ အရိယသာဝကဿ။
အရိယာဖြစ်တော်မူသောငါဘုရားသခင်၏ တပည့်သားတော်
အား။ဝါ။ သည်။ အယဉ္စပဋိစ္စသမုပ္ပါဒေါ။ ဤဆိုအပ်ခဲ့ပြီးသော
အဝိဇ္ဇာ အစရှိသော အကြောင်းတရားကိုရင်း။ ဝါ။ သည်ရင်း။
ဣမေစပဋိစ္စသမုပ္ပန္နာစဓမ္မာ။ ဤဆိုအပ်ခဲ့ပြီးသော သင်္ခါရ အစရှိ
သောအကျိုးတရားတို့ကိုရင်း။ဝါ။ တို့သည်ရင်း။ယထာဘူတံ။အ
ဟုတ်အဟုတ်အမှန်အကန်။ အတပ်အကြပ်။ သမ္မပ္ပညာယ။ဓမ္မငြိ

တိပညာ။ညာတပရိညာပညာ။တီရဏပရိညာပညာ။မဂ်ပညာ
ကောင်းဖြင့်။ ။ပညာယာတိဝိပဿနာယမဂ္ဂပညာယ။ ။အဒ္ဒ
ကထာ။ ။သုဒိဋ္ဌာ။ ကြောင်းကျိုးစပ်လျဉ်း၍။ အကွင်းအကွင်း
အကွက်အကွက်။အချက်ထိထိ။ထင်ထင်ရှားရှားသိမြင်အပ်ကုန်
သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ သော။ ထိုအရိယာမည်ရှိငါ၏တ
ပည့်သည်။ဝတ။အမှန်။ပုဗ္ဗန္တံဝါ။အတိတ်အစွန်းသို့လည်း။ပဋိဓာ
ဝိဿတိ။တက်မျှော်ပြေးဝင်လတံ့။ဧတံဌာနံ။ ဤတက်မျှော်ပြေး
ဝင်ရန်အကြောင်းသည်။ နဝိဇ္ဇတိ။မရှိ။ ။လှင်း၍စပ်လေ။ ။
ကထံ။ အသို့မရှိလေသနည်းဟူမူကား။အဟံ။ ငါသည်ကား။အ
တီတမဒ္ဓါနံ။ လွန်လေပြီးသောရှေးဘဝကာလ၌။ အဟောသိံနု
ခေါ။ဖြစ်ဘူးလေပြီလော။အတီတမဒ္ဓါနံ။ လွန်လေပြီးသောကာ
လအစွန်း၌။နနုခေါအဟောသိံ။ မဖြစ်ခဲ့ဘူးဘဲပင်ရှိလေသလော။
အတီတမဒ္ဓါနံ။၌။ ကိံနုခေါအဟောသိံ။ မင်းပုဏ္ဏားသူဌေးသူ
ကြွယ်။နတ်လူရဟန်းတို့တွင်။အဘယ်အမျိုးအဘယ်ဇါတ်ဘယ်
ဥပပါတ်တို့ဖြင့်ဖြစ်ခဲ့ဘူးလေးသနည်း။အတီတမဒ္ဓါနံ။၌။ကထံနု
ခေါအဟောသိံ။အမည်းအဖြူအသူအကြုံ။ အနိမ့်အမြင့်အသင့်အ
ရွယ်တို့တွင်။ဘယ်ပုံဘယ်ပန်းများဖြစ်ခဲ့ဘူးလေသနည်း။အဟံ။
ငါသည်။ အတီတမဒ္ဓါနံ။ လွန်လေပြီးသောရှေးရှေးဘဝကာလ
အစွန်း၌။ ကိံဟုတွာ။ဘာဖြစ်ခဲ့ပြီး၍။ ကိံအဟောသိံနုခေါ။ဘာ
ကောင်ဖြစ်ခဲ့ရပါလိမ့်နည်း။ဣတိ။သို့။ပဋိဓာဝိဿတိ။တက်မျှော်
ပြေးဝင်လတံ့။ ဧတံဌာနံ။ ဤတက်မျှော်ပြေးဝင်ရန် အကြောင်း
သည်။နဝိဇ္ဇတိ။မရှိ။ ၅ ။ဤနည်းအတိုင်းနောက်နှစ်ဝါရ၌လည်း
ယောဇနာလေ။ ။အပရန္တံဝါ။ဖြစ်လတံ့သောအနာဂတ်အစွန်း
သို့လည်း။ အပဓါဝိဿတိ။လှည့်ဆုတ်မျှော်တွေးပြေးဝင်လတံ့။
ဧတံဌာနံ။ သည်။နဝိဇ္ဇတိ။မရှိ။ကထံ။ မရှိပုံကားအဘယ်နည်း။
အဟံ။ငါသည်။အနာဂတမဒ္ဓါနံ။ ဖြစ်လတံ့သောဘဝ။အနာဂတ်
ကာလအစွန်း၌။ ဘဝိဿာမိနုခေါ။ဖြစ်ရလိမ့်ဦးမည်လော။အနာ
ဂတမဒ္ဓါနံ။၌။နနုခေါဘဝိဿာမိ။ မဖြစ်ရလတံ့လော။အနာဂတ

မဒ္ဒါနံ။၌။ ကိံ နှခါဘဝိသာဒိ။မင်းပုဏ္ဏားသူဌေးသူကြွယ်နတ်
လူရဟန်းတို့တွင်။ အဘယ်အမျိုးဘယ်အစား။ဘယ်ဇာတ်ဘယ်
လိန်များဖြစ်ရလိမ့်ဦးမည်နည်း။ အနာဂတမဒ္ဒါနံ။၌။ ကထံနှခါ
ဘဝိသာဒိ။ အမည်။အဖြူအသူအကြိုအနိမ့်အမြင့်အသင့်အရွယ်
တို့တွင်ဘယ်ပုံပန်းများဖြစ်ရလိမ့်ဦးမည်နည်း။အဟံ။သဉ်။အနာ
ဂတမဒ္ဒါနံ။၌။ ကိံ ဟုတွာ။ဘါကောင်ဖြစ်ပြီး၍။ ကိံ ဘဝိသာမိနှ
ခါ။ ဘာကောင်များဖြစ်ရလိမ့်ဦးမည်နည်း။ ဣတိ။သို့။အပခါ
ဝိသာတိ။လှဥ့်ဆုတ်မျှော်တွေး။ပြေးဝင်လတ့်။ ။နေတံဌာနံဝိဇ္ဇ
တိသို့သွား။ ၅ ။ ဧတရဟိဝါပစ္စုပ္ပန္နအဒ္ဒါနံ။ ယခုပစ္စုပ္ပန်ဘဝ။
လက်ငင်းကာလ၌လည်း။ အဇ္ဈတ္တံ။ မိမိကိုယ်တွင်း၌ဖြစ်သော။
ကထံကထိ။ယုံမှားခြင်းသည်။ ဟောတိ။ ဖြစ်၏။အဟံနှခါသို့။
ငါကောင်ဟုတ်ပါလေ၏လား။ နောနှခါသို့။ငါမဟုတ်ဘဲရှိလေ
သလား။ ကိံ နှခါသို့။ ဘယ်အမျိုးဘယ်အစားတည်းကငါဖြစ်
လာပါလေသနည်း။ကထံနှခါသို့။ကိုယ်တွင်း၌တည်ရှိသောဇီ
ဝဟုဆိုကြသော အတ္တမည်သောငါသည်။ အရှည်အတို။ အလုံး
အပြားအလျားအတောင့်။လေးမြှောင့်ရှစ်မြှောင့်။ တဆဲ့ခြောက်
မြှောင့်အဝွဲ့အချွန်းအဝန်း အဝိုင်းအခြင်းအရာပင်ရှိလေသလော။
အယံသတ္တော။ ဤသတ္တဝါငါသည်။ ကုတော။ အဘယ်ဘဝမှ။
အာဂတောနှခါ။ လာခဲ့ရပါလေသနည်း။ သောသတ္တော။ ထို
အတ္တဘာဝ။ငါသတ္တသည်။ ကုဟိံ ဂါမိဘဝိသတိ။ ဘယ်ဘဝ
သို့သွားရလိမ့်မည်နည်း။ ဣတိ။သို့။အဇ္ဈတ္တံ။ကိုယ်တွင်း၌ဖြစ်သော
ကထံကထိ၊ယုံမှားခြင်းသည်။ ဟောတိ။၏။ဧတံဌာနံ။ယုံမှားစ
ကောင်း ဤအကြောင်း အရာသည်။ နဝိဇ္ဇတိ။ မရှိသည် သာ
တည်း။ ၆ ။အရိယသာဝကအား။ ပြဆိုခဲ့ ပြီး သော တဆဲ့
ခြောက်ပါးယုံမှားသက်ာ။ ကင်းကွာပျောက်ဘိ မရှိလေပြီဟူ
လို။ ။သာရတ္ထဒီပနီဋီကာ။ ဝိမတိဝိနောဒနီဋီကာစသည်တို့၌
ဤပါဠိတော်အတိုင်း တဆဲ့ခြောက်ပါးယုံမှားခြင်းတို့ကို မိန့်ဆို
ကြကုန်၏။ ။ဤသို့ဟောတော်မူအပ်သောပါဠိတော်မြွတ်၌။

မှတ်အပ်သောအဓိပ္ပာယ်အကျဉ်းကား။ ။အတိတ်ယုံမှားခြင်းငါးပါးတို့တွင်။ အဟောသိံနုခေါဟူသော ယုံမှားခြင်းသည်။ သတ္တသည်၎င်း။ လောကသည်၎င်း။ မြဲမြံတည်တံ့ကောင်း၏တကား။ မြဲမြံကောင်းသောကြောင့်။ အတိတ်ဘဝကငါဖြစ်ခဲ့ဘူးလေသလောဟုသဿတဒိဋ္ဌိအခြင်းအရာကိုမှီ၍။ မိမိ၏ထင်ရှားရှိသည်၏ အဖြစ်ကိုယုံမှားခြင်းတည်း။ ၁ ။နနုခေါ ဟူသောယုံမှားခြင်းသည်။ သတ္တလောကသည်အကြောင်းကိုမစွဲမူ၍။ အကြောင်းမှကင်း၍ဖြစ်ကောင်း၏တကား။ သတ္တလောကသည်အကြောင်းကိုမစွဲဘဲ။ သဘာသာဖြစ်သောကြောင့်။ ငါသည်ရှေးရှေးသောဘဝက။ မဖြစ်ခဲ့ဘူးလေသလောဟုအဓိစ္စသမုပ္ပန္နအခြင်းအရာကိုမှီ၍မိမိ၏ထင်ရှားမရှိသည်ကိုယုံမှားခြင်းတည်း။ ၂ ။ အဘယ့်ကြောင့်ဤကဲ့သို့ယုံမှားရလေသနည်းဟုမမေးအပ်။ အဘယ့်ကြောင့် မမေးအပ်သနည်းဟူမူကား။ ဥမ္မတ္တကောဝိယဗါလပုထုဇ္ဇနောယထာ ဝါတထာဝါပဝတ္တတိ။ ဟူ၍ အဋ္ဌကထာဖြတ်တို့မိန့်ဆိုတော်မူအပ်သည့်အတိုင်း။ ပုထုဇ္ဇဉ်မိုက်သည်။ အရူးနှင့်အတူတူအမှတ်မရှိသော အခြင်းအရာဖြင့်ဖြစ်ချင်သလိုဖြစ်တတ်သောကြောင့်တည်း။ သို့ဖြစ်၍မမေးအပ်။ ။တနည်းမှာ။ အယောနိသောမနသိကာရကြောင့်ယုံမှား၏ဟူ၍လည်း သဗ္ဗာသဝသုတ်။ သံယုတ်အဋ္ဌကထာစသည်တို့၌ မိန့်တော်မူအပ်ကျန်၏။ ။ကိံနုခေါဟူသောယုံမှားခြင်းသည်။ ဇာတ်လိန်ကိုမှီ၍။ မင်းပုဏ္ဏားသူဌေးသူကြွယ်။ လူရဟန်းနတ်တို့တွင်တယောက်ယောက်ဖြစ်ခဲ့လေသလော။ မိန်းမဖြစ်ခဲ့လေသလော။ ယောကျ်ားဖြစ်ခဲ့လေသလော။ ဟူ၍ ယုံမှားခြင်းတည်း။ ၃ ။ကထံနုခေါဟူသောယုံမှားခြင်းသည်။ ဖြစ်ပုံအခြင်းအရာကိုစွဲ၍။ အမည်းအဖြူအဆူအကြုံ။ အနိမ့်အမြင့်အသင့်အရွယ်တို့တွင်။ ဘယ်ပုံပန်းများဖြစ်ခဲ့ရဘူးလေသနည်းဟုယုံမှားခြင်းတည်း။ ။တနည်းလည်း။ ပရမိဿရာဗြဟ္မာဗိဿနိုး။ အစိုးရသူ။ တန်ခိုးကြီးသော ဘုရားသခင် ဖန်ဆင်းသည် ဟူသော အယူမှားကိုစွဲမှီ၍။ အဘယ်အ

ကြောင်းကြောင့်ဖြစ်လေသနည်းဟု အကြောင်းအားဖြင့်ယုံမှားခြင်းတည်း။ ဟူ၍လည်းမှတ်အပ်၏။ ၄ ။ကိံ ဟုတွာဟူသောယုံမှားခြင်းသည်။ ဇာတ်လိန်တို့ကိုမှီ၍မင်းဖြစ်ပြီးမှပုဏ္ဏားဖြစ်လေသလော။ ပုဏ္ဏားဖြစ်ပြီးမှမင်းဖြစ်လေသလော။ နတ်ဖြစ်ပြီးမှလူဖြစ်လေ့သလော။ လူဖြစ်ပြီးမှနတ်ဖြစ်ရလေသလော မိန်းမဖြစ်ပြီးမှယောကျ်ားဖြစ်ရ လေသလော။ ယောကျ်ားဖြစ်ပြီးမှမိန်းမဖြစ်ရလေသလောဟူ၍ မိမိကိုယ်ကို အဖန်ဖန်အပြန်ပြန်အဆင့်ဆင့်ယုံမှားခြင်းတည်း။ ၅ ။ဤကား အတိတ်အဓွန့်၌ယုံမှားခြင်း ငါးပါးတို့ဖြစ်ပုံဖြစ်နည်းတည်း။

အနာဂတ်အဓွန့်၌ဖြစ်သောယုံမှားခြင်းငါးပါးတို့တွင်လည်း။ ။ ဘဝိဿာမိနု ခေါ်ဟူသော ယုံမှားခြင်းသည်။ သတ္တသည်၎င်း လောကသည်၎င်းမြဲမြံတည်တံ့ကောင်း၏တကား သတ္တလောကသည်မြဲမြံကောင်းသောကြောင့်အနာဂတ်ဘဝ၌ ငါဖြစ်ရလိမ့်ဦးမည်လော။ ဟုသဿတဒိဋ္ဌိအခြင်းအရာကိုစွဲမှီ၍။ မိမိ၏ထင်ရှားဖြစ်လတံ့သောအဖြစ်ကိုယုံမှားသောယုံမှားခြင်းတည်း။ ၁ ။ နနုခေါ်ဟူသောယုံမှားခြင်းသည်။ သတ္တသည်၎င်းလောကသည်၎င်း။ပျက်ပြားပြီးသည့်နောက်ပြတ်တော့သည်သာဖြစ်၏။တဖန်အကြောင်းအကျိုးအဖြစ်ဖြင့်မစပ်မဆိုင်သည်သာတည်း။ ငါတမူကားအနာဂတ်ဘဝ၌မဖြစ်လတံ့လော်ဟု။ဥစ္ဆေဒဒိဋ္ဌိကိုအမှီပြု၍ မိမိ၏ထင်ရှားမဖြစ်လတံ့သည်၏ အဖြစ်ကိုယုံမှားသောယုံမှားခြင်းတည်း။ ၂ ။ကိံ နုခေါ်ဟူသောယုံမှားခြင်းသည်၎င်း။ ။ကထံနုခေါ်ဘဝိဿာမိဟူသောယုံမှားခြင်းသည်၎င်း။ ။ကိံ ဟုတွာကိံ ဘဝိဿာမိဟူသောယုံမှားခြင်းသည်၎င်း။ ဤသုံးပါးသောယုံမှားခြင်းတို့သည်။ ပြဆိုအပ်ခဲ့ပြီးသောအတိတ်ဝါရနှင့်ထူကုန်သည်သာလျှင်တည်း။ ။ဤကားအနာဂတ်အဓွန့်၌ယုံမှားခြင်း ငါးပါးတို့၏ ဖြစ်ပုံဖြစ်နည်းတည်း။ ။ပစ္စုပ္ပန်၌ ယုံမှားခြင်း ခြောက်ပါးတို့တွင်လည်း။ အဟံနုခေါ်သ္မိဟူသော ယုံမှားခြင်းသည်။မိမိထင်ရှားရှိသည်၏ အဖြစ်ကို။ ငါဟုတ်ပါလေ၏လား

ဟု။ ယုံမှားသောယုံမှားခြင်းတည်း။ ဥပမာအားဖြင့်။ ဤသို့မှတ်။
ခေါင်းတုံးဦးပြည်းနှင့်မိထွေးသားတယောက်။ ဦးစွန်းဆံပင်နှင့်
မိကြီးသားတယောက်။ ထိုနှစ်ယောက်တို့တွင်။ အခါတပါးသော
နေ့၌ဦးစွန်းဆံပင်ရှိသော မိကြီးသားကိုဦးပြည်းခေါင်းတုံးရိတ်
လိုက်လေသော်။ ၎င်းမိကြီးသားသည်။ နံနက်ထအခါ၌။ ငါသည်။
မိထွေး၏သားလေလောဟု။ ယုံမှားခြင်းဖြစ်သကဲ့သို့ မှတ်အပ်
၏။ ၁ ။ နေ့ာနုခေါသ္မိဟူသောယုံမှားခြင်းသည်။ မိမိ၏မရှိသည်
၏အဖြစ်ကိုငါမဟုတ်ဘဲရှိလေသလောဟုယုံမှားခြင်းတည်း။ ။
ပမာကား။ ။ ငါးဘမ်းသောလူတယောက်သည်။ ရေထည်း၌
တာရှည်နေရသဖြင့်။ နေရသောကြောင့်ဖေးမြသောမိမိပေါင်ကို
ပင်လျှင်။ ငါမဟုတ်။ ငါးပင်တည်းဟူသောအမှတ်ဖြင့်ရိုက်နှက်
ပုတ်ခတ်သကဲ့သို့တည်း။ ။ တနည်းလည်းသင်းချိုင်းအနီး၌လယ်
စောင့်သောယောကျ်ားတယောက်သည်။ အကြောက်ကြောက်
အရွံ့ရွံ့နှင့် လယ်စောင့်တည်းတွင်အိပ်နေရာ။ အိပ်ရာမှနိုးလတ်
သော်။ မိမိဒူးနှစ်လုံးကိုဘီလူးကြီးနှစ်ကောင်လာ၍ထိုင်နေလေ
သည်ဟူသော အမှတ်ဖြင့်ပုတ်ခတ်ရိုက်နှက်မိသကဲ့သို့တည်း။
ဤသို့လည်း။ မှတ်အပ်၏။ ၂ ။ ကိံနုခေါသ္မိဟူသောယုံမှားခြင်း
သည်။ မင်းစသည်ဖြစ်ပြီးလျက်။ မိမိ၏ မင်းစသည်အဖြစ်ကိုယုံ
မှားခြင်းတည်း။ နတ်မည်သည်ကား။ မိမိ၏ နတ်အဖြစ်ကိုမသိ
သည်မရှိ။ သိတော့သည်သာဖြစ်၍ နတ်အဖြစ်ကိုကားမယုံမှား
နိုင်။ ထိုနတ်သည်။ ရုပ်ရှိလေသလောမရှိလေသလောဟူ၍သော်
ကား ယုံမှားနိုင်၏။ ရဟန်းသည်လည်း။ ငါရဟန်းမှဟုတ်ပါလေ၏
လား။ ကံမျှားပျက်၍ လူပင်ဖြစ်နေလေသလားဟုယုံမှားတတ်
၏။ ၃ ။ ကထံနုခေါသ္မိဟူသောယုံမှားခြင်းသည်။ ဤကိုယ်တွင်း၌
ဇီဝဟုဆိုအပ်သော အတ္တမည်သောငါသည်ရှိ၏ဟု။ မဟုတ်မ
ဟုတ်ဒိဋ္ဌိတို့အမှတ်ဖြင့် သုံးသပ်စွဲယူပြီး၍။ ထိုဇီဝသည်။ အရှည်
လော။ အတိုလော။ လေး။ ငါး။ ခြောက်မြှောင့်။ အထောင့်အချွန်းအ
ဝန်းအလုံး အပြား အကောက်အကွေးအဖြောင့်အတန်းတို့တွင်

ဘယ်ပုံဘယ်ပန်းများဖြစ်နေပါလိမ့်မဥ်ဟုယုံမှါးခြင်းတဥ်း။ ၄ ။ ဒုယံနူခေါ သတ္တောကုတောအာဂတောဟူသော ယုံမှားခြင်းသဥ်။သတ္တဝါကောင်ဖြစ်သေါအတ္တတေါသဥ်။ဘယ်ဘဝကလာခဲ့လေသနဥ်းဟု။လါခဲ့ရသဥ်ဘဝဌာနကိုယုံမှားခြင်းတဥ်း။ ၅ ။ သော ကုဟိံ ဂါမိဘဝိဿတိဟူသော ယုံမှားခြင်းသည်ကား။ ယခုဘဝ၌ သတ္တဝါကောင်ဖြစ်သောအတ္တဘောသည်။ဘယ်ဘဝဌာနသို့သွားရလားရလိမ့်မည်နည်းဟု သွားရာဌာနကိုယုံမှားခြင်းတည်း။ ၆ ။ဤကားပစ္စုပ္ပန်၌ယုံမှားပုံအခြင်းအရာခြောက်ပါးတို့ကိုခွဲဝေ၍ ပြခြင်းတည်း။ ။ဤသို့။ အတိတ်အနာဂတ်ပစ္စုပ္ပန်အားဖြင့်ကာလသုံးပါးတို့၌ ဖြစ်သောပေါင်းတဆဲ့ခြောက်ပါးသေါယုံမှါးခြင်းတို့သည်။ပဋိစ္စသမုပ္ပါဒ်တရား။ပဋိစ္စသမုပ္ပါန်တရားတို့ကို။မသိမမြင်မဆင်ခြင်သေါအန္ဓပုထုဇဉ်မိုက်တို့အားသါဖြစ်ပွါးကြကုန်၏။ထိုတရားတို့ကို။ဟုတ်တိုင်းမှန်စွာ။ဥာတ။တီရဏ။ ပရိညာဥာဏ်တို့ဖြင့်။ ဆင်ခြင်စင်းစား ပွါးများလေ့ကျက်။ ဆောင်ရွက်သိမြင်နိုင်သောကလျာဏပုထုဇန်။ သောတါပန်စသောပုဂ္ဂိုလ်တို့အား။ဤတဆဲ့ခြောက်ပါးသောယုံမှားသက်ာ တွေးတောစရာ။ ဝိစိကိစ္ဆာတရားတို့သည် မဖြစ်နိုင်ကြောင်းနှင့်။ဗုင်းသုတ်တွင်ဟောတော်မူသည်။ ။

---

## ၁၂၄။ ပရိညာသုံးပါးဖြင့်ပယ်ရှားပုံစသည်တို့ကိုပြခြင်း။

ယင်းသို့ရှေ့ကပြခဲ့ပြီးသော။ဘုံသုံးပါး။ကိုးပါးတို့၌ဖြစ်သောနာမ်ရုပ်။ ပဋိစ္စသမုပ္ပါဒ်တရား။ ပဋိစ္စသမုပ္ပန်တရားတို့ကို အကြောင်းအကျိုး လက္ခဏာရသစသည်တို့ဖြင့် အတပ်အကြံသိသောဥာတပရိညာ။ လက္ခဏာရေးသုံးပါးသို့တင်၍။ဥဒယဗ္ဗယဥာဏ်တိုင်အောင်။ မိုင်မိုင်ကြီးဆုံးဖြတ် မိုင်းခြား ပွါးများထင်ထင်။ ဆင်ခြင်ရှုစားနိုင်သော။ တီရဏပရိညာ။ဥာဏ်ဝိဇ္ဇာတို့

ဖြင့်။ သေချာတပ်ကြပ်ရှုပြီး၍။ ဘင်္ဂါနုပဿနာဉာဏ်မှစ၍ အဆင့်ဆင့်ဝိပဿနာဉာဏ်ထက်သန်ကြီးပွါးလျက်။ အထက်ဉာဏဒဿနအရဟတ္တမဂ်တည်းဟူသောပဟာနပရိညာဖြင့်။ ကိလေသာဟူဟူသမျှတို့ကို။ တစမကြွင်း။ ခပင်းဥဿုံအလုံးစုံအကုန်အစင် ပယ်ထွင်နိုင်လိမ့်မည်။ ပဟာနပရိညာဖြင့် ကုန်စင်ပွာပယ်နိုင်မှသာလျှင်။ အနုပါဒိသေသ။နိဗ္ဗာနနန်းဗွေ၌။စံနေခိုလှုံရလိမ့်မည်။ ။ရှေးရှေးသောပညာရှိ။အရိယသာဝက။ပစ္စေကဗုဒ္ဓါ။သမ္မာသမ္ဗုဒ္ဓ။အတုလပညာရှင်တို့လည်း။ယခင်နည်းအတိုင်းရှုလတ်ပယ်သတ်၍။ မြတ်သောနိဗ္ဗာန်ရွှေနန်းကိုစံမြန်းခိုလှုံတော်မူကြလေကုန်ပြီ။ ။ထို့ကြောင့်။ ။တသ္မာဟိဓီရာနိပကာနိပုဏာအဘိယုတ္တကာ။ ဇရာမရဏမောက္ခာယ။ ဘာဝေန္တိမဂ္ဂမုတ္တမံ။ ။ဘာဝယိတွာသုစိံမဂ္ဂံ။နိဗ္ဗာနောဂဓဂါမိနံ။သဗ္ဗာသဝေပရိညာယ။ပရိနိဗ္ဗန္တိအနာသဝါ။ ။ဟူ၍ဝိဘင်းပါဠိတော်၌ဟောတော်မူသည်။ ။တသ္မာဟိတသ္မာဝ။ ထိုသို့နာမ်ရုပ်။သမုပ္ပါဒ်တရား။ဘုံသုံးပါး၌။ရှည်လျားမြဲမြံ။မရှိပြန်သောကြောင့်သာလျှင်။ နိပကာ။ ပညာဖြင့်ရင့်သော သတိရှိကုန်သော။နိပုဏာ။သိမ်မွေ့သောပညာနှင့်ပြည့်စုံကုန်သော။ အဘိယုတ္တကာ။ခကျိုးနောင်ကျိုး။ ငါ့ကျိုးသူ့ကျိုး။လောကီ လောကုတ်။ ဟုတ်သော်အကျိုးတို့ကိုဆင်ခြင်ထောက်ထားရှုစားတိုင်းထွာ။နှိုင်းစါကြံစိသေ့ရှိကုန်သော။ ဓီရာ။ ပညာရှိငြား။ ဘုရားရဟန္တာ။ အရိယသာဝက။ဟူဟူသမျှတို့သည်။ပစ္စေ။ဘုရားရဟန္တာ။အရိယသာဝက။မဖြစ်ကြသေးရှေးအခါ၌။ထည့်။ ဇရာမရဏမောက္ခာယ။အိုခြင်းသေခြင်းမှလွတ်ခြင်းအကျိုးငှါ။ ဥတ္တမံ။ မြတ်သော။ မဂ္ဂံ။ရှေ့အဘို့၌ဖြစ်သောဝိသုဒ္ဓိအစဉ်ဆင်ခြင်ပွါးများအပ်သော။ပုဗ္ဗဘာဂဝိပဿနာမဂ်။ အထက်အဋ္ဌင်္ဂိကဉာဏဒဿနဝိသုဒ္ဓိ။အရိယမဂ်ကို။ဘာဝေန္တိ။ပွါးစေကြကုန်၏။ ။ဘာဝေန္တိမဂ္ဂမုတ္တမန္တိပုဗ္ဗဘာဂေပဝတ္တဝိသုဒ္ဓါနုက္ကမေနဝပုဗ္ဗဘာဂမဂ္ဂံဝိပဿနံဘာဝေတွာ ဉာဏဒဿနဝိသုဒ္ဓိံ အရိယံအဋ္ဌင်္ဂိကံ မဂ္ဂံဘာ

ဝေ့ဋ္ဌိ။ ။ဟူသောအဋ္ဌကထာကိုထောက်စ၍ယောဇနာအပ်သောအနက်။ ။သုစိံ ။ စင်ကြယ်စွာထသော။ နိဗ္ဗာနောဂဓဂါမိနံ။ နိဗ္ဗာန်သို့သက်စေရောက်စေတတ်ထသော။ မဂ္ဂံ ။မဂ်ကို။ ဘာဝယိတွာ။ပွါးစေသောကြောင့်။သဗ္ဗာဘဝေ။အလုံးစုံသောဘဝကိုးပါးတို့ကို။ ပရိညာယ။ဒိဋ္ဌိဝိသုဒ္ဓိ။ ကင်္ခါဝိတရဏဝိသုဒ္ဓိဟုဆိုအပ်သောဉာတပရိညာ။ ကလာပသမ္မသန။ဥဒယဗ္ဗယဉာဏ်ဟုဆိုအပ်သော တီရဏပရိညာ။ ဘင်္ဂါနုဿနာ ဉာဏ်မှစ၍ဉာဏဒဿနဝိသုဒ္ဓိအဆုံးရှိသော ပဟာနပရိညာ။ သုံးဖြာသောပရိညာဖြင့် အသေအချာသိကုန်ပြီး၍။ အနာသဝါ။ အာသဝေါကင်းပြတ်။သမုပ္ပါဒ်စက်ချုပ်။ဒုက္ခလွတ်ကင်း။စက်ကွင်းမရှိကြကုန်သည်ဖြစ်၍။ပရိနိဗ္ဗုတ္တာ။ထက်ဝန်းရိပ်ငြိမ်ရွှေအိမ်နိဗ္ဗာန်စံပယ်တော်မူကြလေကုန်၏။ ။တတ္ထ။ဒိဋ္ဌိဝိသုဒ္ဓိ။ ကင်္ခါဝိတရဏဝိသုဒ္ဓိယောဉာတပရိညာ။ ကလာပသမ္မသနဥဒယဗ္ဗယဉာဏာနိတီရဏပရိညာ။ ဘင်္ဂါနုပဿနာဒိဉာဏဒဿန ပရိယောသာနာပဟာနပရိညာ။ ။ဟူသောအဋ္ဌကထာဖွင့်နှင့်။ သင့်မြတ်အောင်ယောဇနာအပ်သော အနက်။ ။ပဋိစ္စသမုပ္ပါဒ်မှလွတ်သော။ ဝဋ်၌ ဖြစ်သောနာမ်ရုပ်မည်သည်ကို အသီးအခြားမရကောင်းပြီ။ ။ဤသို့လျှင်ယခင်ပြခဲ့ပြီးသော အရှင်သခင်မြတ်တို့သည်။ ယင်းသည့်တရားကိုရှုစားကြံဆသိမြင်ကြ၍။ တဆဲ့ခြောက်ဝသော ယုံမှားခြင်း ကင်းပြတ်ကြသဖြင့်။ သန့်ရှင်းသောနိဗ္ဗာန်သို့ဝင်စံတော်မူကြလေကုန်ပြီ။ ။ပထမဗောဓိ၌စံပယ်တော်မူ၍။ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို။ အနုလုံပဋိလုံဆင်ခြင်သုံးသပ်တော်မူသော မြတ်စွာဘုရားသခင်သည်။ ပထမယာမ်။မဇ္ဈိမယာမ်။ ပစ္ဆိမယာမ်အစည်အတိုင်းဆင်ခြင်တော်မူသောအဆုံး၌။ယဒါဟဝေအစရှိသောဂါထာတို့ဖြင့်။တဆဲ့ခြော်ပါးယုံမှားကင်းကွာကြောင်းနှင့်။ဥဒါန်းမြွက်ဖေါ်ကျူးရင့်တော်မူသည်ဟု။ဝိနည်းမဟာဝါပါဠိတော်။ ဥဒါန်းပါဠိတော်စသည်တို့၌လာသည်။ ။ဘုရားအလောင်းတော်ဟူဟူသမျှတို့သည်

လည်း။ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို။ သုံးသပ်ဆင်ခြင်တော်မူပြီးမှသာလျှင် ဘုရား ဖြစ်တော်မူကြရကုန်သည်။ ထိုကြောင့်။ ။သဗ္ဗ ဗောဓိသတ္တာဟိ အာနာပါန စတုတ္ထဇ္ဈာနတော ဝုဋ္ဌာယ ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ တံ အနုလောမပဋိလောမံ သမ္မသိတွာ ဗုဒ္ဓါ ဟောန္တိ။ ဟူ၍သာရတ္ထပကာသနီအဋ္ဌကထာ စသည်တို့၌ဖွင့်ဆိုအပ်၏။ ။ဟိ။ ထိုစကားသင့်စွ။ သဗ္ဗဗောဓိသတ္တာ။ ခပ်သိမ်းသော ဘုရား အလောင်းတော် ဟူဟူသမျှတို့သည်။ အာနာပါနစတုတ္ထဇ္ဈာနတော။ အာနာပါနစတုတ္ထဇ္ဈာန်မှ။ ဝုဋ္ဌာယ။ ထလတ်၍။ ပစ္စယာကာရေ။ ပဋိစ္စသမုပ္ပါဒ်တရား၌။ ဉာဏံ။ ဉာဏ်ကို။ ဩတာရေတွာ။ ချ၍။ တံ။ ထိုပဋိစ္စသမုပ္ပါဒ်တရားကို။ အနုလောမပဋိလောမံ။ အနုလုံပဋိလုံ။ သမ္မသိတွာ။ သုံးသပ်ဆင်ခြင်ပြီး၍။ ဗုဒ္ဓါ ဟောန္တိ။ ဘုရားဖြစ်တော်မူကြကုန်၏။ ။ဤကားရင်းအဋ္ဌကထာပါဠိ၏အနက်။ ။သဗ္ဗေဗောဓိသတ္တာ ဟူ၍ လည်းပါကျနှင့်ပါဠိရှိ၏။ ။ပါဠိတော်၌ကားအလွန်ကျယ်ဝန်းများပြားလှသည်ဖြစ်၍။ ပါဠိတော်ကိုမရေးသားဘဲ။အကျဉ်းအားဖြင့်သာရေးသားထုတ်ဆိုလိုက်သည်။

---

## ၁၂၅။ ဥပေယျာဇနအနုသာသနီကိုပြခြင်း။

ဤသို့ပြဆိုခဲ့ပြီးသော။ပဋိစ္စသမုပ္ပါဒ်။ အဋ္ဌုပ္ပတ်ဖြစ်ဟန်။အတန်တန်သောဘဝ။ အနမတဂ္ဂသံသရာ၌။ ဧဝ မေတဿကေဝလဿဒုက္ခက္ခန္ဓဿသမုဒယော။ဟောတော်မူအပ်သည့်အတိုင်း နှိုင်းခိုင်းစရာမရှိ။ သုခိသဘောချမ်းသာသော အဖြစ်နှင့်စင်စစ်မရောရှက်။သက်သက်သောဒုက္ခတုံးဒုက္ခခဲ။ဒုက္ခအနှစ်။ ဒုက္ခအပိုင်ဒုက္ခအမျက်ဆုံကြီး၏ဖြစ်ခြင်းကို။စင်းစါးဆင်ခြင်မိသည်၏အဖြစ်ဖြင့်။အစမထင်။သံသရာပြင်ကျယ်ပင်လယ်ကြီးအထည်းတွင်တဝဲလည်လည်။အတည်မကျ။လက်စမသတ်။ တရစ်ပတ်ပတ်။ဖြစ်တတ်ပျက်တတ်။အမှတ်မရှိ။တေဘူမ္မိက။သင်္ခါရတို့၌။

နှစ်ခြိုက်မွေ့လျော်။ ပျော်ပါးဘွယ်မရှိဟု။ ပျင်းရိမှိုင်မှေ့။ ငြီးငွေ့
သင့်တော့သည့်သာဟု။ ဉာဏ်သံဝေဂကို လှလှကြီးယူငင်၍။
ထင်ထင်ကြီးရှုပြီးလျှင်။ ။ယာဝဒ္ဓိဒံဘိက္ခဝေအလမေဝသဗ္ဗ
သင်္ခါရေသုနိဗ္ဗိန္ဒိတုံ။အလံဝိရဇ္ဇိတုံ။ အလံဝိမုစ္စိတုံ။ဟူသောဒေ
သနာတော်မြတ်ကို။နှလုံးနှစ်ခြိုက်ကြပ်ကြပ်ကြီးမိုက်ထားလျက်။
များများကြီးအားထုတ်မှ။ဝိရုဠှိသုခကိုရနိုင်မည်တပည့်မောင်
ဘေပု။ ။ဘိက္ခဝေ။ပဋိဋ္ဌရေး။လွန်ရှည်ဝေး၍။ ဘေးကိုရှုစား။
ငါချစ်သားတို့။ယာဝဒ္ဓအတိဝိယ။ အလွန်အကဲလျှင်။ သဗ္ဗသင်္ခါ
ရေသု။အလုံးစုံသောတေဘုမ္မကသင်္ခါရတို့၌။ နိဗ္ဗိန္ဒိတုံ။မပျော်
မမွေ့။ ငြီးငွေ့ခြင်းငှါ။ အလမေဝ။ တော်လျော်လျောက်ပတ်။
သင့်မြတ်သည်သာတည်း။ ဝိရဇ္ဇိတုံ။ ခင်မင်မဆွယ်။ မတွယ်
မကပ်။မကပ်မနှစ်သက်ခြင်းငှါ။ အလံ။အလမေဝ။ တော်လျော်
လျောက်ပတ်သင့်မြတ်သည်သာတည်း။ ဝိမုစ္စိတုံ။မယူငင်ဘဲ။
မစွဲ မညွတ်။ စွန့်လွှတ်ခြင်းငှါ။ အလံ။အလမေဝ။ တော်လျော်
လျောက်ပတ်သင့်မြတ်လှတော့သည်သာလျှင်တည်း။ ။ဋီ
ကာအနက်မရှိ။ ။တနည်းဋီကာမေသုသဗ္ဗသင်္ခါရေသု ဟူ၍
သော်လည်းသမ္ဗန်။ ။ဤကားဒုင်းသံယုတ်ပါဠိတော်၏အနက်။ ။
သံဝေဇနီယဋ္ဌာနေသု။ သံဝိဇ္ဇတေဝ ပဏ္ဍိတော။ အာတာပီနိပ
ကောဘိက္ခု။ပညာယသမဝေက္ခိယ။ ။ဝေံအာတာပီဝိဟာရီ။
သန္တဝုတ္တိ အနုဒ္ဓတော။ စေတော သမထ သံယုတ္တော။ ခယံ
ဒုက္ခဿပါပုဏေ။ ။ဟူသောဂါထာတော်ပါဠိမြတ်ကိုလည်း
ကြပ်ကြပ်ကြီး မပြတ်ရွတ်၍။ ဝဋ္ဋမူလက။ ဇာတိ ဇရာ မရဏ
စသောသံဝေဂဖြစ်စရာ။ပဋိဋ္ဌသမုပ္ပါဒ်သံသရာမှ။ လျင်မြန်စွာ
ထွက် မြောက်ကြောင်း။ ကောင်း မြတ်သော ပြဆိုခဲ့ပြီးသည့်
တရားများကို။ အားထုတ်၍ကျင့်လေကာ။ ဇာတိဇရာမရဏ စ
သောဘေးအပေါင်းတို့၏ ကင်းငြိမ်းရာ။ အဇာတိမ ဇရာဗျာဓိ။
အမည်ထူးရှိသော။ဘုမိရမဏ်။ပြည်နိဗ္ဗာန်သို့။ အမှန်ရောက်နိုင်
မည်ကိုနှလုံးထားလျက်။တရားလက်မလွှတ်ကြစေကုန်လင့်။ဝါ။

တရား လက်မလွတ်ကြစေကုန်သတည်း။ ။ထိုပြခဲ့ ပြီးသော
ဇာတိဂုတ် ပါဠိတော်လာ ဂါထာနှစ်ပုဒ်တို့၏ အနက်ကား။ ။
အာတာပီ။ ကိလေသာကို နေရာမရ နိုင်အောင်။ ပူလောင်စေ
တတ်သောလုံ့လ ဝီရိယရှိထသော။ ပဏ္ဍိတော။ တိဟိတ်ပဋိ
သန္ဓေဖြင့်ဇာတိဉာဏ်ရှိထသော။ နိပကော။ သမထဝိပဿနာ
ဖြင့်ရင့်သောပညာဉာဏ်ရှိထသော်။ဘိက္ခု။ပဋိစ္စသမုပ္ပါဒ်။စက်
ရဟတ်ပမာ။သံသရာရေး။ရေထေးကို။ ဘေးကြီးဟုရှုညောင်း
ထိုအကြောင်းကြောင့်။သူကောင်းဘိက္ခု။ ငါ့ချစ်ရသည်။ပညာ
ယ။သံဝေဂမှန်။ပညာဉာဏ်ဖြင့်။သမဝေက္ခိယ။သံဝေဂဖြစ်စရာ
ဇရာမရဏာစသည်တို့ကိုရှုပြီး၍။သံဝေဇနီယဌာနေသု။သံဝေဂ
ဖြစ်သင့်ဖြစ်ထိုက်ကုန်သော။ဝါ။ထိတ်လန့်စရာလွန်စွာကောင်း
ကုန်သော။ ဇာတိဇရာ စသောသံဝေဂဝတ္ထုအရာတို့၌။ သံဝိဇ္ဇ
တေပ။ ထိတ်လန့် သောအား သံဝေဂ ဖြစ်ပွါးရာ သည် သာ
တည်း။ ။သံဝိဇ္ဇတေဝါတိ သံဝိဇ္ဇေယျဝေသံဝေဂံကရေယျ
ဝေ။ သံဝေဇေတွာနာတိဝိပဿနို့။ ပဏ္ဍိတောတိ သပညောတိ
ဟောတုကပဋိသန္ဓိတိရတ္တံဟောတိ။ပညာယသမဝေက္ခိယာတိ
သံဝေဂဝတ္ထုနိသံဝိဇနဝသေနပညာယသမ္မာအဝေက္ခိယ။ အထ
ဝါ။ပညာယသမ္မာအဝေက္ခိတွာ။ ။ဧင်းအဋ္ဌကထာ။ ။ဇေ
ဝိဟာရီ။ဤသို့သံဝေဂဉာဏ်ဖြင့်။တဖန်မမေ့။နေလေ့ရှိထသော။
အာတာပီ။ ကိလေသာကို၊ နေရာမရအောင်ပူလောင်စေတတ်
သောဝါယာမလုံ့လ ဝီရိယနှင့်ပြည့်စုံထသော။ သန္တဝုတ္တိ။ ငြိမ်
သက်သော ဖြစ်ခြင်းရှိထသော။ အနုဒ္ဓတော။ ပြန့်လွင့်တုန်လှုပ်
ခြင်းကင်းထသော။ စေတော သမထသံယုတ္တော။ စိတ်၏ငြိမ်း
ခြင်းနှင့်ယှဉ်သောပုဂ္ဂိုလ်သည်။ပါ။ကိလေသာငြိမ်းကြောင်းနှင့်
ယှဉ်သောစိတ်ရှိသော ပုဂ္ဂိုလ်သည်။ ဒုက္ခသ။ ပဋိစ္စသမုပ်။
ဝဋ်ဒုက္ခ၏။ ခယံ။ ကုန်ရာကုန်ကြောင်းဖြစ်သောအရဟတ္တဖိုလ်
နိဗ္ဗာန်သို့။ ပါပုဏေ။ ဖြောင့်တန်းအမှန် ဧကန်ရောက်ရာသည်
သာတည်း။ ဝါ။ ရောက်ရလိမ့်မည်။ ။ဤကား။ ယခင်ပါဠိ

တော်ဂါထာနှစ်ပုဒ်တို့၏အနက်။နှုတ်တက်ရအောင်ဆောင်။ ။
ပစ္စယာကာရဝိဘာဝနီပကရဏ်နိဋ္ဌိတံ။ ။

---

## ၁၂၄။ နိဂုံးပဋ္ဌနာ။မေတ္တာသိသနှင့်တကွကျမ်းပြီး သက္ကရာဇ်တို့ကိုပြခြင်း။

သာသနာ သာ သ နာ ဇော တေ။ ရာ မညေ ရဋ္ဌ မဏ္ဍ
လေ။ ဝသတာရညာဂါမိနံ။ ဂဏာနံ ကေတုပါကဋေ။ ။
သပက္ခေဝံသတောသုဒ္ဓေ။ လဒ္ဓိနံသိတသောဘနေ။သာသနော
ဒယကာရေန။ဝသတာသိက္ခကာမိနာ။ ။ဟံသာဝတိမှိနဂရေ
ဝိသုတေ ပဿိမုတ္တရေ။ မဟာဝေဠုဝရေမှေ။ ဆာယူဒ ပါဒိပန္တ
ကေ။ ။တဗ္ဗာတေနစထေရေန။ဘိက္ခုနာရစိတံဣမံ။သုဗောဓ
ပတ္ထံဥနာတ္တေန။ မနောပလက္ခိတေနစ။ ။ဣမိနာပုညတေ
ဇေန။ ဇေနပတ္တိကယံပဒံ။ ပဒံဣဋ္ဌံသုခေနေဝ။ နေဝဟောန္တုနိ
သေဝနာ။ ။သုခါသုခါသဗ္ဗေဟောန္တု။ဟောန္တုမာတေဘယာဘာ
ယာ။ဝေရာဝေရာဝိနဿန္တု။နဿန္တုမာဝိတိဝိတိ။ ။ဝေရာဗျန္တ
ရာယာပေန္တု။ ပေန္တုသုခတရံမဟံ။ မဟံဇယံမျုပဗ္ဗာယာ။ဗျာ
ယာနဿန္တုပါပကံ။ ။ယံမေရိယံ သုခံဂတ္တေ။မာဃမာသေဝ
နိဋ္ဌိတံ။ သုက္ကပက္ခေဒုဟေဘောမ။ ဝါရေမံပစ္စယာကာရံ။ ။
ပုညာဘာဂံဣဒံမံပိ။ လဘန္တုဉာတကာဒယော။ သဗ္ဗေသတ္တာနုမော
ဒန္တု။ ဂဏှန္တုယုတ္တမေဓသာ။ ။အကောင်းများအောင်။ ရေး
သားဆောင်။အမောင်ကျက်၏မှန်း။ ။အင်္ဂါနေ့မျို့။ နှစ်ရက်မို့။
တပို့တွဲလဆန်း။ ။နှစ်ချက်နာရီ။ချိန်အညီ။ပြီးပြီပိုဒ်မတန်း။ ။
၁၂၅၁ ခု။ တပို့တွဲလဆန်းနှစ်ရက်အင်္ဂါနေ့။ နေ့နာရီပြန်နှစ်ချက်
အချိန်တွင်။ ပစ္စယာကာရဝိဘာဝနီ အမည်ရှိသော ကျမ်းသည်။
ဆုံးခန်းတိုင်မြောက်အပြီးရောက်ပြီ။

## ၁၂၇။ အမှာအထားစကားအစည်ကိုပြခြင်း။

ဤကျမ်း၌၊ ပဋ္ဌာန်းနည်းကိုမရေးမသားမထည့်မစွက်လိုက်ခြင်းသည်။ အမှတ်အသား ခဲခက် ထွေးရှက် မည်ကိုစိုးသောကြောင့် ၎င်း။ ကျယ်ဝင်း များပြား၍ ကျမ်းလေးအံ့ သည်မှ ကြောက်သောကြောင့် ၎င်း၊ ထိုနည်းကိုလျစ်လျူရှု၍။ အကျဉ်းရ မှတ်သား ရအောင် ဤမျှကိုသာ ရေးသား ပြုပြင် လိုက်သည် စာရေးကြီး။ နောင် အလိုရှိက အကြောင်း ညီညွတ် ခဲ့ပါလျှင် လည်းယင်းနည်းနှင့်တကွရေးသားဖော်ပြရန်ရှိသေးသည်သာတည်း။ ။ဤထက်အကျယ်ကိုလိုလျှင် ဝိသုဒ္ဓိမဂ်မှာယူလေကုန်။

# တောင်းပန်ချက်။

ပဲကူးမြို့ဈေးကြီးရပ်နေ။ တပည့်တော်တကာမောင်တို့ရှိခိုး လျှောက်ထားပါသည် ဆရာအရှင်သူမြတ်ဘုရား။ ။အထူး လျှောက်ထားရန်အကြောင်းမှာ။ တပည့်တော်တို့သည်။ အရှင် ဘုရားများကိုအမှီပြု၍။ နိဗ္ဗာန်ခရီးလမ်းကြောင်းကိုဖြောင့်တန်း စွာရလိုရောက်လိုပါသောကြောင့်။ အထူးသဖြင့်။ အားကိုးအား ထားပြုပြီးလျှင်။ ဗုဒ္ဓ။ ဓမ္မ။သင်္ဃာတော်များအတွက်။ သာသနာ တော်မြတ်၏စည်ပင်ပျံ့ပွါးခြင်းအကျိုးငှာ။ နေ့ညည့်မပြတ်။ အ ရှင်မြတ်တို့ ဆုံးမဩဝါဒပေးသည့်အတိုင်း နှလုံးသွင်းလျက်ရှိပါ ကြောင်း။ ။တပည့်တော်သံသယကုက္ကုစ္စမကင်းသည်မှာ။ ယခုနှစ်နှင့်။ ၃။၄။၅။၆။၇။ဂ။ခုနှစ်အတွင်း။ မြို့ပေါ်၊ တောနယ်ရှိတ ကာများသည်။ရှင်ပြု၊ ပဉ္စင်းခံ။မသါအသုဘနှင့်စပ်ဆိုင်၍လှူဒါန်း ကြသည့်အခါ။ ဝတ္ထုပစ္စည်းတစုံတရာကိုအလှူနည်းပါးသည်။ ရဟန်းသင်္ဃာတော်များနှင့်မစပ်မဆိုင် ဆူးငြောင့်သဘွယ်ဖြစ် သောငွေကိုသာ လှူကြပါသည်။ လှူသည့်အခါတိုင်းလည်း။ ရ ဟန်းသင်္ဃာတော်များက။ငြင်းပယ်ခြင်းမရှိ အလှူခံကြပါသည်။ ယခုအချို့သောတကာများက။ ငွေကိုရဟန်း သင်္ဃာတော်များ အလှူခံသည်။နှစ်သက်ဟန်ရှိသည်ဆိုကြပါသည်။တပည့်တော် နှင့်တကွ အချို့သော တကာများကလည်း။ ဘုန်းကြီး ရဟန်း သင်္ဃာတော်များငွေကိုအလှူမခံ။ အလှူခံလျှင်မအပ်ကြောင်းနှင့် ပြောဆိုကြရာ။စကားအဓိကရုဏ်းဖြစ်ကြပါသည်။သို့အတွက်။ အရှင်ဘုရားအား။မူလကညွှတ်ရင်းရှိပါသည့်အတိုင်း။အပ်မအပ် ကိုဆုံးဖြတ်တော်မူပါ။ နောက်သားစဉ်လာ။ အမှားကိုအမှန်။အ မှန်ကိုအမှား။ ဝိဝါဒမပြားရအောင်။ တရားရင်းကျမ်းဂန်ထွက် ကို။ မိန့်မြွက် တော်မူပါ မည့် အကြောင်း နှင့် လျှောက် ထား တောင်းပန်ပါသည်အရှင်သူမြတ်ဘုရား။

၁၂၅၆ ခုတော်သလင်းလဆန်း ၂ ရက်နေ့၊ ကျိုက်ပတိုင် သိမ်ကုန်းဘုန်းကြီးထံလျှောက်လွှာရောက်လာသည်။

PYINNYA M.

# ရူပိယပဋိဂ္ဂဟာဝိနိစ္ဆယကျမ်း။

အနုညာ ဝိသယံဗုဒ္ဓံ။ ဒေသေန္တံ ဝိနယံသုဘံ။ ဝန္ဒိတွာ ဟံက
ရိဿာမိ။ကပ္ပါကပ္ပိယရူပိယေ။ ။ဝိသမပါဒ။သမပါဒတ္ထိန္ဒ။
ယဂိုဏ်း။ဇဂိုဏ်းတို့ဖြင့်မှတ်အပ်သော။ပတျာဝတ္တဂါထာ။ ။
အဟံ။ ငါသည်။သုဘံ။ရဟန်းတို့၏တင့်တယ်ကြောင်း။ကောင်း
မြတ်သောတန်းဆာသဘွယ်ဖြစ်ထသော။ဝါ။ ဘုရားပွင့်တော်
မူသည့်အခါမှသာလျှင်။ကောင်းစွါထွန်းလင်း။ထိန်ဝင်းတောက်
ပထသော။အနုညဝိသယံ၊ဘုရားမှတပါး။ အခြားသောပစ္စေက
ဗုဒ္ဓါသာဝကတို့၏ အရာမဟုတ် ထသော။ဝါ။ အာရုံမဟုတ်ထ
သော။ဝါ၊ဘုရားသခင်၏သာလျှင်။အရာဟုတ်ထသော။ဝါ။ အာ
ရုံဟုတ်ထသော။ ။ဗျတိရေကအနွယအစုံပေးလိုက်သည်။ ။
ဝိနယံ။ဝိနည်းပညတ်။ ဒေသနာတော်မြတ်ကို။ ဒေသေန္တံ။မိန့်ဟ
မြွက်ပေါ်။ ဟောကြားတော် မူတတ်လသော။ ဗုဒ္ဓံ။ မြတ်စွာ
ဘုရားကို။ဝါ။ဒေသေ။ မိန့်ဟမြွက်ပေါ်။ဟောကြားတော်မူခြင်း
၌။အန္တံ။ ဆုံးဖြတ်တိုင်းစား။ အပိုင်းအခြားကို။ဗုဒ္ဓံ။ ဧကန်ဆတ်
ဆတ်။ အတတ်သိတော် မူထသော။ မဟာကာရုဏိက်။ ကြီး
ကျယ်လှစွာ။ ကရုဏာတော်ရှင်။ ဘုရားရှင်ကို။ဝန္ဒိတွာ။ ကြည်
စွာမြတ်နိုး၊ရှိခိုးပြီး၍။ရူပိယေ။ရွှေငွေကိုခံခြင်း၌။ ။ဥတ္တရပဒ
လောပကြိ။ ။ကပ္ပါကပ္ပိယ။ကပ္ပိယအကပ္ပိယဝိနိစ္ဆယံ။ အပ်မ
အပ်သောအသုံးအဖြတ်ကို။ကရိဿာမိ။ မိန့်ဆိုပြုပြင်စီရင်ရေး
သားပေအံ့။ ။ကပ္ပါကပ္ပိယဟူသောပုဒ်၌။နိရုတ္တိနည်းကြံ။

ပဲကုန်းမြို့အပိုင်။ကျိုက်ပတိုင်အလည်တောရ။ ရွှေတောင်သိမ် ကျန်းဘုန်းကြီးကြားသိစေအပ်သည်ကား။

ရဟန်းသွန်းပြု။လေးယောက်မျှ။ ဒူတသွန်းလေးဖြာ။ ။အ နိဿဋ္ဌ။ဒုဝိဓ။ပေါင်းကတက်ချိပ်သာ။ ။တဦးမျက်မှောက်။ကွယ် သုံးယောက်။သွန်းမြောက်ရဟန်းမှာ။ ။ရွှေအပ်ပြန်ကြား။စေ ၍ကြား။မှာထားသွားသည်သာ။ ။တမန်သွန်းလည်း။ လေး ယောက်တည်း။ဤနည်းယူလေပါ။ ။ရွှေအပ်မကြား။ကွယ် အပ်သွား။နှစ်ပါးမသွန်းရာ။ ။ရာဇမေဏ္ဍကာ။အညာတ။ကျင့် ကြံစဉ်တိုင်းသာ။ ။ဟူ၍။သမန္တပါသာဒိကအဋ္ဌကထာ။ဝိနယ သင်္ဂဟာအဋ္ဌကထာ။ ကင်္ခါဝိတရဏီအဋ္ဌကထာ။ ဝိနယတ္ထမဉ္ဇူ သာဋီကာစသည်တို့နှင့်အညီ။အောင်မြေဘုံစံဥဒ္ဒကျောင်းဆရာ တော်ဘုရား။ရေးသားဖွဲ့စီအပ်သော။ ကမ္ဘာလင်္ကာပိုဒ်အတိုင်း။ ရွှေငွေအစရှိသော အကပ္ပိယနိဿဂ္ဂိယဝတ္ထုပစ္စည်းတို့ကို။ လှူ ရာခံရာတို့၌။ သွန်းပြုအပ်သော။ကပ္ပိယကာရကတို့သည်။ သွန်း အပ်မသွန်းအပ်အားဖြင့် နှစ်မျိုးနှစ်ပါးပြားကုန်၏။ ထိုနှစ်ပါးတို့ တွင်။သွန်းအပ်သွန်းကောင်းသော်ကပ္ပိယကာရကသည်။ရဟန်း သွန်း။တမန်သွန်းအားဖြင့်နှစ်ပါးပြားပြန်၏။ ထိုနှစ်ပါးတို့တွင်။ရ ဟန်းသွန်းရာ၌လည်း။ ရှေ့တွင်သွန်းတယောက်။ ကွယ်ရာသွန်း သုံးယောက်အားဖြင့်ပေါင်းလေးယောက်ရှိကုန်၏။ထိုတွင်။ ရဟန်း ရှေ့၌သက်နှံတိုး။ ရွှေငွေဒင်္ဂါး။ ပိုက်ဆံများကို။ ရဟန်းသွန်း ပြုသည့်ကပ္ပိယထံ။အပ်နှံပြီး၍။ ရဟန်းအား ကြားလျှောက်အပ် သောမျက်မှောက်။ကပ္ပိယတယောက်။ ရွာတွင်းစသည်၌သွန်း အပ်သောကပ္ပိယထံ။ အပ်နှံခဲ့ပြီးလျှင်။ တမန်တကာကိုယ်တိုင် လာရောက်လျှောက်ကြားအပ်သော ကပ္ပိယတယောက်။ သူတ ပါးကိုစေလွှတ်၍ ကြားလျှောက်အပ်သော ကပ္ပိယတယောက်။ သွားကတဦးကပင်။ အရှင်သွန်းကြားအပ်သောကပ္ပိယထံအပ်နှံ ထားခဲ့ပါအံ့။ အလိုရှိလောအခါသက်နှံကိုတောင်းခံသုံးဆောင် တော်မူပါဟုရဟန်းအားလျှောက်ကြားမှာထားအပ်သောကပ္ပိ

ယ တယောက်။ ပေါင်း ရဟန်းညွှန်း ကပ္ပိယ ကာရက လေး
ယောက်။ ။၎င်းလေးယောက်တို့ကို။တမန်တကာကလျှောက်
မှသာ။ ညွှန်းပြအပ်ကုန်၏။ တမန်တကာက မလျှောက် ကြား
လျှင်။ မညွှန်းပြအပ်ကုန်။ ။တမန်ညွှန်း လေးယောက် တို့ကို
လည်း။ဤနည်းအတိုင်းယူလေ။ ။မုခဝေဝတိကကပ္ပိယကာ
ရက။ မျက်ကွယ်မှာအပ်ခဲ့၍။ ရဟန်းအားပြန်မကြားအပ်သော
ကပ္ပိယကာရကဟူ၍ အနိဒ္ဒိဋ္ဌ နှစ်မျိုး အားဖြင့်။ အားလုံးပေါင်း
ကပ္ပိယကာရက။တကျိပ်ရှိ၏။ ။ကွဲအောင်ကြည့်။ ။ဤတ
ကျိပ်သော ကပ္ပိယတို့တွင်။ ရဟန်းညွှန်း လေးယောက်၌။ ရာဇ
သိက္ခာပုဒ်အတိုင်းရဟန်းတို့ကကျင့်ရမည်။ ။ကျင့်ပုံကား။ ။ရ
ဟန်းညွှန်းလေးယောက်တို့တွင်။မျက်မှောက်ညွှန်း ကပ္ပိယလက်
၌၊ သင်္ကန်းဘိုးကိုပေးထည့်၍။ သင်္ကန်းဝယ်လှူလိုက်ပါ ဆိုပြီး
လျှင်သွားလေ၏။ ရဟန်းအားပြန်မကြား။ မကြားသော်လည်း။
ထိုကပ္ပိယကိုသင်္ကန်းတောင်းကောင်း၏။ ။ထို့ကြောင့်။ ။
သစေပနအယံဝေယျာဝစ္စကရောတိသမုခါနိဒ္ဒိဋ္ဌောဟောတိ။ ဒူ
တောစသမုခါဝေတဿဟတ္ထေစေတာပန္နံဒတွာ ထေရဿစီ
ဝရံကိဏိတွာဒေဟီတိဂစ္ဆတိ။ ဧဝံသညတ္တောသောမယာတိအ
ဝုတ္တေပိစောဒေတုံဝဋ္ဋတိ။ ။ဟူ၍အဋ္ဌကထာ၌ဖွင့်ပြတော်မူ
အပ်၏။ ။ပန။အထူးကိုဆိုလိုက်ဦးအံ့။ အယံ။ ဤတကာ သည်
ကား။မေ။ငါ၏၊(ထည့်)။ ဝေယျာဝစ္စကရော။အမှုကြီးငယ်ကိုပြု
သောသူပေတည်း။ဣတိ။ဤသို့။သမုခါ။မျက်မှောက်၌။နိဒ္ဒိဋ္ဌော။
ညွှန်းပြအပ်သည်။ဟောတိ။ဖြစ်၏။ဒူတောစ။တမန်သည်လည်း။
သမုခါဝေ။ မျက်မှောက်၌သာလျှင်။တဿ။ ထိုရဟန်းကညွှန်း
ပြအပ်သော။ ဝေယျာဝစ္စကရကပ္ပိယ၏။ ဟတ္ထေ။လက်၌။ စေ
တာပန္နံ။ သင်္ကန်းဘိုးကို။ ဒတွာ။ပေးပြီး၍။ထေရဿ။ မထေရ်
အား။စီဝရံ။သင်္ကန်းကို။ ကိဏိတွာ။ဝယ်၍။ ဒေဟိ။ လှူလိုက်ပါ
လော။ဣတိ။ဤသို့ဆို၍။သစေဂစ္ဆတိ။ အကယ်၍သွားငြားအံ့။ဧ
ဝံသန္တေ။ ဤသို့သွားသည်ရှိသော်။ သညတ္တောသောမယာတိ။

သညတ္တောသောမယာဟူ၍။ဝါ။ တပည့်တော် စေခိုင်းခဲ့ပါပြီ
ဟူ၍။အဝုတ္တေပိ။ ဆိုပင်မဆိုသော်လည်း။ စောဒေတုံ။သက်န်း
ကို။တောင်းခြင်းငှာ။ဝဋ္ဋတိ။အပ်၏။ ။ဤကားအနက်။ ။မျက်
ကွယ်ညွှန်းသုံးယောက်တို့ကိုကား။ ရဟန်းအား ပြန်ကြားလျှော်
ထားမှံသာလျှင်။ သက်န်းကိုတောင်းအပ် တောင်းကောင်းကုန်
၏။ပြန်မလျှောက်လျှင်။ မတောင်းအပ် မတောင်းကောင်းဟူ၍
မှတ်။ ။ထို့ကြောင့်။ ။ဒူတေနဟိဧဝံအာရောစိတေယေဝ
တံစောဒေတုံဝဋ္ဋတိ။ နောစတဿဟတ္ထေဒတွာ။ဂတမတ္တကာ
ရဏာ။ ။၎င်းအဋ္ဌကထာ။ ။သညတ္တောသောမယာတိ
အာဒိပန်။ ဒူတေနဧဝံအာရောစိတေယေဝတံစောဒေတုံဝဋ္ဋတိ။
နေဝါဿဟတ္ထေဒတွာ။ ဂတမတ္တ ကာရဏာနာတိ ဒဿနတ္ထံ
ဝုတ္တံ။ ။သာရတ္ထဒီပနိဋီကာ။ ။သညတ္တောတိအာဒိဧဝံဒူတေ
နဝုတ္တေဧဝစောဒေတုံဝဋ္ဋတိ။နဉာတရထာတိဒဿနတ္ထံဝုတ္တံ။ ။
ဝိမတိဝိနောဒနိဋီကာစသည့်တို့၌မိန့်အပ်ကုန်၏။ ။ဟိ။ထိုရှေ့
စကားသင့်မြတ်စွ။ဒူတေန။တမန်သည်။ဧဝံ။ဤသို့စေခိုင်းခဲ့ပါပြီ
ဟူ၍။အာရောစိတေယေဝ။ လျှောက်ကြားအပ်သော်သာလျှင်။တံ။
ထိုဝေယျာဝစ္စကရကပ္ပိယကို။ စောဒေတုံ။သက်န်းကိုတောင်း
ခြင်းငှာ။ဝဋ္ဋတိ။အပ်၏။စ။ ဗျတိရိက်ကိုပြဦးအံ့။တဿ။ ထိုသာ
မညဖြစ်သောကပ္ပိယ၏။ဟတ္ထေ။ လက်၌။ဒတွာ။ ပေးခဲ့၍။ ဂတ
မတ္တကာရဏာ။ သွားခါမျှသာဖြစ်သောအကြောင်းဖြင့်။ စော
ဒေတုံ။သက်န်းကိုတောင်းခြင်းငှာ။နောဝဋ္ဋတိ။မအပ်။ ။ဤကား
အဋ္ဌကထာပါဠိ၏အနက်။ ။သညတ္တောသောမယာတိအာဒိ
ပန်။သညတ္တောသောမယာ။ဤသို့အစရှိသောစကားကိုကား။ ဒူ
တေန။တမန်သည်။ဧဝံ။ဤသို့စေခိုင်းခဲ့ပါပြီဟူ၍။ အာရောစိတေ
ယေဝ။ လျှောက်ကြားသော်သာလျှင်။ စောဒေတုံ။ သက်န်းကို
တောင်းခြင်းငှာ။ ဝဋ္ဋတိ။ အပ်၏။အညထာ။ ထိုသာမညဖြစ်သော
ကပ္ပိယ၏။ဟတ္ထေ။လက်၌။ဒတွာ။ပေးခဲ့၍။ ဂတမတ္တကာရဏာ
န။သွားခါမျှသာဖြစ်သောအကြောင်းဖြင့်။ စောဒေတုံ။သက်န်းကို

တောင်းခြင်း၌။ နေဝဝဋ္ဋတိ။ မအပ် သည်သာတည်း။ ဇာတိ ဒဿနတ္ထံ။ဤသို့ပြခြင်းအကျိုး၌။ဝုတ္တံ။ဟောတော်မူအပ်၏။ ။ သာရတ္ထဒီပနီ ဋီကာပါဠိ၏အနက်။ ။သညတ္တောတိ အာဒိ။ သညတ္တော။ဤသို့အစရှိသောစကားကို။ဝိံ။ဤသို့စေခိုင်းခဲ့ပါပြီ ဟူ၍။ဒူတေန။တမန်သည်။ဝုတ္တေ ယေဝ။ ဆိုအပ်သော်သာလျှင်။ စောဒေတုံ။သင်္ကန်းကိုတောင်းခြင်း၌။ဝဋ္ဋတိ။ အပ်၏။ ဇာတရ ထေ။ လျှော်ကြားသည်မှတပါး။ မလျှော်ကြားသော အခြင်းအရာအားဖြင့်။ဂါ။ မလျှောက်ကြားဘဲ။ စောဒေတုံ။ သင်္ကန်း ကို တောင်းခြင်း၌။နဝဋ္ဋတိ။မအပ်။ဇာတိဒဿနတ္ထံ။ ဤသို့ပြခြင်းအကျိုး၌။ဝုတ္တံ။ဟောတော်မူအပ်၏။ ။ဤကားဝိမတိဝိနောဒနီ ဋီကာပါဠိ၏အနက်။ ။၎င်းကပ္ပိယလေးယောက်တို့၌။သုံးကြိမ်တောင်းခြင်း။ ခြောက်ကြိမ်ရပ်ခြင်းဖြင့်။ ကျင့်အပ်၏။ ။ဤထက်ပိုလွန်းလျှင်မအပ်။ ရပြန်လျှင်လည်း။ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ မရလျှင်လည်းဥစ္စာရှင်ကိုပြန်ပြောရမည်။ မပြောလျှင်ဝတ္တဘေဒဒုက္ကဋ်အာပတ်သင့်၏။

တမန်ညွှန်းလေးယောက်၌ကား။မေဏ္ဍကသိက္ခာပုဒ်အတိုင်း။ ရဟန်းတို့ကကျင့်ရမည်။ ။ပုံကား။ ။မဟာဝါပါဠိတော် ဘေသဇ္ဇ ခန္ဓက၌။ မေဏ္ဍက သူဌေးကြီး တောင်းပန်သောကြောင့်။ လမ်းစာရိက္ခာရှာတော့ဟု။ ခွင့်ပေးတော်မူပြီးသည်နောက်။ ။သန္တိဘိက္ခဝေမနုဿာသဒ္ဓါပသန္နာ။ တေကပ္ပိယကာရကာနံဟတ္ထေဟိရညံဥပနိက္ခိပန္တိ။ ဣမိနာယံအယျဿကပ္ပိယံတံဒေထာတိ။အနုဇာနာမိဘိက္ခဝေ။ ယံတတောကပ္ပိယံတံသာဒိတုံ။နတွေဝါဟံဘိက္ခဝေ။ကေနစိပရိယာယေန။ ဇာတရူပရဇတံသာဒိတဗ္ဗံ။ပရိယေသိတဗ္ဗန္တိဝဒါမိ။ ။ဟူ၍ကပ္ပိယပစ္စည်း များကိုသာ။ ရိက္ခာစားနပ် အဖြစ်ဖြင့်။ ခွင့်ပြုတော်မူသည်။ရွှေငွေကိုကား။တစုံတရာသောအကြောင်းပရိယာယ်။စကားလှယ် ဝေဝုစ်ဖြင့်။ သာယာရှာကြံ။ ခံလေတော့ဟု ခွင့်ပြုတော်မမူ။ ။ဘိက္ခဝေ။ချစ်သားတို့။သဒ္ဓါ။သဒ္ဓါတရားရှိကုန်

သော။ပသန္နာ။ကြည်ညိုကြကုန်သော၊ ယေမနုဿာ။ အကြင်
လူတို့သည်။သန္တိ။ရှိကြကုန်သေး၏။တေမနုဿာ။ သဒ္ဓါကြည်
ဖြူ။ထိုသည့်လူတို့သည်။ ကပ္ပိယ ကာရကာနံ။ အပ်သည်ကိုပြု
တတ်ကုန်သောသူတို့၏။ ဟတ္ထေ။လက်၌။ ဟိရညံ။ ငွေကို။ဥပ
နိက္ခိပန္တိ။အပ်နှံကုန်၏။ကိံ။ အဘယ်သို့အပ်နှံကုန်သနည်းဟူ
မူကား။ဘောန္တော။ အိုအမောင်တို့။(ထည့်။)ဣမိနာ။ ဤငွေဖြင့်။
ယံ။ အကြင်ဝတ္ထုသည်။ကပ္ပိယံ။ အရှင်ကောင်းအားအပ်၏။တံ။
ထိုအပ်သောဝတ္ထုကို။ ဂဟေတွာ။ဝယ်ယူ၍။ အယျဿ။အရှင်
ကောင်းအား။ဒေထ။လှူလိုက်ကြပါကုန်လော။ဣတိ။ ဤသို့ဆို၍။
ဥပနိက္ခိပန္တိ။အပ်နှံလိုက်ကြကုန်၏။ဘိက္ခဝေ။ ချစ်သားတို့။တ
တော။ထိုငွေမှ။ဥပ္ပန္နံ။ဖြစ်သော။ယံ။အကြင်ဝတ္ထုသည်။ကပ္ပိယံ။
အပ်၏။တံ။ ထိုအပ်သောဝတ္ထုကိုသာလျှင်။ သာဒိတုံ။ သာယာ
ခြင်းငှါ။ အနုဇာနာမိ။ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခဝေ။ချစ်
သားတို့။ကေနစိပရိယာယေန။ တစုံတရာသောအကြောင်းပရိ
ယာယ်။ စကားလှယ်ဝေဝေစန။ အဖြွက်မျှဖြင့်။ ဇာတရူပရဇတံ။
ရွှေငွေကို။သာဒိတဗ္ဗန္တိ။သာယာအပ်၏ဟူ၍။ပရိယေသိတဗ္ဗန္တိ။
ရှာမှီးအပ်၏ဟူ၍။ အဟံ။ငါဘုရားသည်။ **နတွေဝ** အနုဇာနာမိ။
ဘယ်အခါမှ။ကြည်သာသင့်ရေးခွင့်ပေးတော်မမူ။ ။ဤကား
ပါဠိတော်အနက်။ ။ကပ္ပိယကာရကတို့လက်၌။ငွေကိုအပ်နှံ
သော်လည်း။ ရဟန်းတော်အား။ ပြန်ကြားလျှောက်ထားမှသာ
လျှင်။ အဘိုးဖြစ်သော ငွေကိုမသာယာမူ၍။ အပ်သောဝတ္ထု။
ပစ္စည်းစုကိုသာ။မရမချင်း။တောင်းကောင်း၏။ ။တောင်း
ခြင်း၌။အပိုင်းအခြား။အတိုင်းအရှည်မရှိ။မရခဲ့လျှင်လည်း။ ဥစ္စာ
ရှင်ကိုပြန်ပြောလိုလျှင်ပြောအပ်၏။ မပြောလိုလျှင်လည်းနေအပ်
၏။ ။သို့ဖြစ်၍။ရွှေငွေသာဖြစ်လျှင်။ ဘယ်အခါမှ မသာယာ။
မရှာဘွေ။ မခံပေကောင်းဟုမှတ်ရမည်။

အနိဋ္ဌ။နှစ်ယောက်၌ကား။အညာတက-အပဝါရိတ-သိက္ခာ
ပုဒ်အတိုင်း။ရဟန်းတော်တို့ကကျင့်ရမည်။ တစုံတရာ။ ဘယ်

ဟာတခုကိုမျှ။မတောင်းကောင်း။မတောင်းအပ်။ ။သက်န်းဘိုးစသောအကပ္ပိယရွှေငွေများကို။ လှူသူဒါယကာ လိမ်မာပါလျှင်။ သိကျွမ်းနားလည်သော ရဟန်းသည်။ သက်န်းဘိုးကို မသာယာဘဲ။ ခံအပ်၏။ ဒါယကာလည်းမလိမ်မာ။ ဆရာရဟန်းများက လည်းနားမလည်ခဲ့လျှင်။ အပ်အောင်လည်း မလှူတတ်။ အပ်အောင်လည်း မခံတတ်ဖြစ်၍။ အာပတ် သင့်တတ် လှချေသည်။သတိချပ်စေကုန်သတည်း။

တမန်ဖြင့်သက်န်းဘိုးကို၊ရဟန်းအထံစေလွှတ်ရာ၌။သက်န်းဘိုး ဟူ၍၎င်း။ တမန်ဟူ၍၎င်း။ သုံးသပ်၍ ဟောတော်မူခြင်းသည်။ဝတ္ထုဖြစ်ရင်းအားလျော်စွာ။ ဟောတော်မူခါမျှဖြစ်သောစကားတော်သာတည်း။ အလှူရှင်ဒါယကာကိုယ်တိုင် ဆောင်လာ၍။ ဆွမ်းစသောအပ်သည့်ပစ္စည်းအလို့ငှာ။ ရွှေငွေစသောပစ္စည်းကို။လှူရာ၌လည်း။သက်န်းဘိုးတမန်နည်းအတိုင်းမှတ်။ ။ထိုကြောင့်။ ။ဒေသနာမတ္တမေဝစေတံ့ဒူတေနစီဝရစေတာပန္နံပဟိဏေယျာတိ။ သယံအာဟရိတွာပိပိဏ္ဍပါတာဒီနံအတ္ထာယဒဒန္တေသုပိဧသေဝနယော။ ။ဟူ၍အဋ္ဌကထာကြီးတို့၌မိန့်အပ်ကုန်၏။ ။စ။ဆက်လိုက်ဦးအံ့။ ဒူတေနစီဝရစေတာပန္နံပဟိဏေယျာတိဧတံ၊ တမန်ဖြင့်သက်န်းဘိုးကိုစေလွှတ်လိုက်ရာ၏ဟူသော၍စကားသည်။ဒေသနာမတ္တမေဝ။ ဟောတော်မူခါမျှသာလျှင်။ ဖြစ်သောစကားတည်း။ သယံ။ အလှူရှင်ဒါယကာကိုယ်တိုင်။ အာဟရိတွာပိ။ အဘိုးငွေကိုဆောင်၍လည်း။ပိဏ္ဍပါတာဒီနံ။ဆွမ်းအစရှိသော။အပ်သောပစ္စည်းတို့၏။ အတ္ထာယ။ အကျိုးငှာ။ဒဒန္တေသုပိ။ ပေးလှူရာတို့၌လည်း။ ဧသောဝနယော။ဧသောဧဝနယော။၍တမန်ဖြင့်။သက်န်းဘိုးကိုဆောင်သောနည်းသာလျှင်တည်း။ ဝါ။ဧသောဧဝနယော။၍နည်းကဲ့သို့သောနည်းကို။ဒဋ္ဌဗ္ဗော။သေချာတပ်ကြပ်မှတ်။ ။ဝိနယသင်္ဂဟာအဋ္ဌကထာ၌လည်း၍နည်းမျိုးပင်လာ၏။ ကင်္ခါ၌လည်း။ ၍နည်းမျိုးပင်ကျ၏။ ။မခံ–မရှာ–မသာယာအပ်သောအရာတို့၌။ရွှေ။ငွေ။ဒင်္ဂါး။

ႏကြေးပြားဝါးသစ်။ သစ်စေ့။ ထန်းရွက်။စက္ကူ။ ဆင်စွယ်။သား
ရေနယ်။ သားရေစိမ်းစသည်တို့ဖြင့်ပြုအပ်သော။ အရပ်အခါ
အားလျော်စွာ၊ ရောင်းဝယ်လဲလှယ်အပ်သော။ ပိုက်ဆန်ဟူသမျှ။
ငှင်းလေးပါးတို့သည်။နိဿဂ္ဂိယဝတ္ထုတို့မည်ကုန်၏။ ။ပုလဲ
ရှစ်မျိုး။ ဆိုလတံ့သောပတ္တမြားတို့မှတပါးသောပတ္တမြားမျိုး။မြ
စိမ်းဝံသဝဏ်။မှတ်အပ်သောခရုသင်း။ ဖေါက်ထွင်းသွေးပြီး။ရ
တနာ၇ည်တွဲ။ ပဲနောက်အဆင်းကျောက်သလင်း။သန္တာမျိုး။ပတ္တ
မြားနီ။ ပတ္တမြားပြောက်၊ အလျော်နှင့်တကွ။ ၆ပါးမျိုးချနစ်ပါး။
ကျွန်ယောကျ်ား။ ကျွန်မိန်းမ။လယ်ယာ။ရေတွင်း။ ရေကန်။သစ်
သီးအရာမ်။ပန်းအရာမ်။ကျွဲနွားစသောတိရစ္ဆာန်မျိုး။စသည်တို့
ကားဒုက္ကဋ်ဝတ္ထုတို့မည်ကုန်၏။ ။ပဲ။ဆန်။ပိတ်။အဝတ်။ထော
ပတ်စသည်တို့ကား။ကပ္ပိယဝတ္ထုတို့မည်ကုန်၏။ ။ထိုသုံး
မျိုးသုံးစား။ ဝတ္ထုများတို့တွင် မျက်မှောက်မျက်ကွယ်။အနီးအ
အဝေးမဆို။ နိဿဂ္ဂိယဝတ္ထုဖြစ်သော။ရွှေငွေဒင်္ဂါး။ ကျပ်ပြား
ပိုက်ဆန်တို့ကို။မိမိအကျိုးငှာမိမိတို့ကိုယ်တိုင်ခံခြင်း။ သူတပါး
ကိုခံစေခြင်းတို့၌။နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။ဒုက္ကဋ်
ဝတ္ထုကို။မိမိအကျိုးငှာငှင်း။နိဿဂ္ဂိယဝတ္ထု။ ဒုက္ကဋ်ဝတ္ထုတို့ကို။
စေတီသင်္ဃာ။ ဂိုဏ်းပုဂ္ဂိုလ်။ ဘုန်းကြီးပြန်။ မယ်တော်ခမည်း
တော်။ သူတော်သီလရှင်ပြန်။ မိဘ။ ဆွေမျိုးတို့အလို့ငှာငှင်း။ခံ
လျှင်ဒုက္ကဋ်အာပတ်သင့်၏။ ။ထို့ကြောင့်။ ။အတ္တနော အတ္ထာ
ယသမ္ပဋိစ္ဆတော နိဿဂ္ဂိယံ ပါစိတ္တိယံ ဟောတိ။ သေသာနံ
အတ္ထာယ ဒုက္ကဋံ။ ဒုက္ကဋဝတ္ထုံ သဗ္ဗေသံပိ အတ္ထာယ သမ္ပဋိစ္ဆ
တောဒုက္ကဋမေဝ။ ။ပါရာဇိကကဏ်အဋ္ဌကထာ။ ။ဝိနယသင်္
ဟာအဋ္ဌကထာ။ ။ကင်္ခါဝိတရဏီအဋ္ဌကထာ။စသည်တို့၌မိန့်
ဆိုတော်မူကြကုန်၏။ ။နိဿဂ္ဂိယဝတ္ထုံ။နိဿဂ္ဂိယဝတ္ထုကို။
အတ္တနော။မိမိ၏။အတ္ထာယ။ အကျိုးငှာ။သမ္ပဋိစ္ဆတော။ ခံသော
ရဟန်းအား။နိဿဂ္ဂိယံ။ စွန့်ခြင်းဝိနည်းကံရှေးရှိသော။ ပါစိတ္တိ
ယံ။ပါစိတ်အာပတ်သင့်သည်။ ဟောတိ။ဖြစ်၏။ဝါ။ နိဿဂ္ဂိယံ။

ခံခဲ့သောပစ္စည်းကိုလည်းစွန့်အပ်သည်။ ပါစိတ္တိယံ။ ပါစိတ်အာ
ပတ်လည်းသင့်သည်။ဟောတိ။ဖြစ်၏။သောသာဒံ။ မိမိမှကြွင်း
သောသင်္ဃာ။ ဂိဏ်း။ပုဂ္ဂိုလ်စေတီ။ နဝကမ္မတို့၏။အတ္ထာယ။အ
ကျိုးငှာ။ သမ္ပဋိစ္ဆတော။ ခံသောရဟန်းအား။ဒုက္ကဋံ။ဒုက္ကဋ်အာ
ပတ်သင့်၏။ ဒုက္ကဋဝတ္ထုံ။ ဒုက္ကဋ်ဝတ္ထုကို။ သဗ္ဗေသံပိ။ ငါရော
သူပါ။များစွာခပင်း။မှုခင်းကိစ္စတို့၏လည်း။ အတ္ထာယ။ အကျိုး
ငှါ။ သမ္ပဋိစ္ဆတော။ ခံသောရဟန်းအား။ ဒုက္ကဋမေဝ။ ဒုက္ကဋ်
အာပတ်သာလျှင် သင့်၏။ ။ဤကားအဋ္ဌကထာတို့၏ပါဌ်၏
အနက်။ ။ကမ္မစေတိယ သံဃပုဂ္ဂလတ္ထံ။ ဂဏဿစ။ ဒ
သဘေဒံပိ ရတနံ။ ဥဂ္ဂဏှန္တဿ။ ဒုက္ကဋံ။ ။နိဿဂ္ဂိ တေ
သုအတ္တတ္ထံ။ ဒွိသု သေသေသုဒုက္ကဋံ။ ။လက်သန်း အဋ္ဌက
ထာ။ ။ကမ္မစေတိယသံဃပုဂ္ဂလတ္ထဉ္စ။ဘုန်းကြီးပြန်စသော
အမှုသစ်။ စေတီ။သင်္ဃာ။ တပါးသောပုဂ္ဂိုလ်တို့၏ အကျိုးငှါ
၎င်း။ ဂဏဿစ။ ဂဏတ္ထဉ္စ။ ဂိဏ်း၏အကျိုးငှါ၎င်း။ ဒသဘေ
ဒံပိရတနံ။ဆယ်ပါးအပြားရှိသောရတနာကိုလည်း။ဥဂ္ဂဏှန္တဿ။
ခံသော ရဟန်းအား။ဒုက္ကဋံ။ ဒုက္ကဋ်အာပတ်သင့်၏။ အတ္တတ္ထံ။
မိမိအကျိုးငှာ။ ဥဂ္ဂဏှန္တဿ။ ခံရသော ရဟန်းအား။ တေသု။
ထိုဆယ်ပါးသော ရတနာတို့တွင်။ဒွိသု။ ရွှေ။ငွေရတနာနှစ်ပါး
တို့၌။နိဿဂ္ဂိ။ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ သေသေသု။ ရွှေ
ငွေမှကြွင်းသောရတနာရှစ်ပါးတို့၌။ဒုက္ကဋံ။ဒုက္ကဋ်အာပတ်သင့်
၏။ ။ဤကားလက်သန်းအဋ္ဌကထာပါဌ်၏အနက်။ ။မိ။ဘ။
ဘို့လည်း မခံအပ်ဟု။ ဝဇိရဗုဒ္ဓိ ဋီကာ၌ဆို၏။ ။ဆိုအပ်ခဲ့ပြီး
သော။သုံးမျိုးသော ဝတ္ထုပစ္စည်းတို့ကို။သိမ်းဆည်းထားလိုက်
ပါဟု။မိဘစသောလူတို့က။ အပ်နှံလာသည်များကို။ဘဏ္ဍာစိုး
ဥစ္စာထိန်းလုပ်၍။ လက်ခံသိမ်းထားလိုက်လျှင်။ ပါစိတ်အာပတ်
သင့်၏။ ။ထို့ကြောင့်။ ။သဗ္ဗံ ပိနိက္ခေပနတ္ထာယ။ ဘဏ္ဍာ
ဂါရိကသီသေန။သမ္ပဋိစ္ဆတော။ ဥပရိရတနသိက္ခာပဒေ။အာဂ
တဝသေနပါစိတ္တိယံ။ ။ပါရာဇိကဏ်အဋ္ဌကထာ။ ။ကပ္ပိ

ယဝတ္ထုဝါ အကပ္ပိယ ဝတ္ထုဝါ။ အန္တမသော မာတု သန္တကံပိ။ ဘဏ္ဍာဂါရိကသီသေနပဋိသာမေန္တဿပါစိတ္တိယံ။ ။ကဒ်ါ။ ။ ပဋိသာမေယျပါစိတ္တိ။ ယံကိဉ္စိဂိဟိသန္တကံ။ ဘဏ္ဍာဂါရိကသီသေန။သစေပိပိတုသန္တကံ။ ။လက်သန်းအဋ္ဌကထါတို့၌မိန့်အပ်ကုန်ပြီ။ ။နိက္ခိပနတ္ထာယ။သိမ်းထားခြင်းအကျိုး၌။ဘဏ္ဍာဂါရိကသီသေန။ဘဏ္ဍာဂါရိကဥစ္စာထိန်းခြင်းကိုအရင်းမူလပြုသဖြင့်။ သဗ္ဗံပိ။အလုံးစုံသော။နိဿဂ္ဂိဝတ္ထု။ဒုက္ကဋဝတ္ထု။ကပ္ပိယဝတ္ထု။ သုံးမျိုးလုံးကိုလည်း။သမ္ပဋိစ္ဆတော။ ခံသောရဟန်းအား။ဥပရိရတနသိက္ခာပဒေ။အထက်အရတနသိက္ခာပုဒ်၌။အါဂတဝသေန။ လာသည်၏ အစွမ်းအားဖြင့်။ ပါစိတ္တိယံ။ ပါစိတ်အာပတ်သင့်၏။ ။ပါရာဇိကဏ်အဋ္ဌကထာပါဠိ၏အနက်။ ။ခံရုံနှင့်ပင်သင့်၏။ ။ကဒ်ါပါဠိအနက်ထင်ရှားလေပြီ။ ။လက်သန်း၏အနက်ကား။ ။ယံကိဉ္စိ။အပ်မအပ်အမှတ်မရှိအလုံးစုံသော။ဂိဟိသန္တကံ။ လူတို့၏ဥစ္စာကို။ဘဏ္ဍာဂါရိကသီသေန။ဘဏ္ဍာစိုးဥစ္စာထိန်းကိုအရင်းမူလပြုသဖြင့်။ပိတုသန္တကံပိ။ မိဘဥစ္စာကိုသော်လည်း။သစေပဋိသာမေယျ။ အကယ်၍သိမ်းငြားအံ့။ပါစိတ္တိ။ ပါစိတ်အာပတ်သင့်၏။ ။ဤကားလက်သန်းပါဠိ၏အနက်။ ။ဤစကားကိုလျှော်စွာ၌မပါသော်လည်း။စကားစပ်သင့်၍။သုတတိုးပွါး။ မှတ်သားစိမ့်ငှါဖွင့်ဆိုရေးထဉ့်လိုက်သည်။ ။ထိုနိဿဂ္ဂိယဝတ္ထုဖြစ်သော။ရွှေငွေကျပ်ပြား။ ဒင်္ဂါးပိုက်ဆံတို့ကိုအလှူခံမှသာမဟုတ်သေး။သာယာသောအရာ၌လည်း။နည်းတူပင်မှတ်။ ။မှတ်အပ်ကြောင်းကား။ ။မျက်မှောက်မျက်ကွယ်အနီးအဝေးမဆို ဤရွှေငွေသည်။အရှင့်အားဖြစ်စေသတည်းဟု။ နှုတ်ကပင်မြွက်မြွက်လက်ရိပ်မျက်စအခြင်းအရာစသည်ကို။ ကိုယ်ဖြင့်ပင်ပြပြ။ လှူလာကြသည်ကို။ ကိုယ်နှုတ်တို့ဖြင့်မပယ်ဘဲ၊စိတ်ထဲကကြိတ်၍။သိတ်သိတ်သာယာ။သည်းခံလိုက်ငြားအံ့။ နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။စိတ်ကပင်လိုချင်သာယာငြားသော်လည်း။ ကိုယ်ဖြင့်၎င်း။ နှုတ်ဖြင့်၎င်း။ပယ်အပ်၏။ ကိုယ်နှုတ်တို့ဖြင့်ပင်မ

ပယ်သော်လည်း။ ဤရွှေငွေတို့ကားငါတို့အားမအပ်ဟု။စိတ်က မသာယာဘဲ။မနောဒွါရဖြင့်သော်လည်းပယ်အပ်၏။ဒွါရသုံးပါး တို့တွင်။တပါးပါးသောဒွါရဖြင့်ပယ်လိုက်လျှင်။ အာပတ်မသင့် နိုင်။ ။ထို့ကြောင့်။တိသုဒွါရေသုဟိ။ ယေနကေနစိပဋိက္ခိတ္တံ။ ပဋိက္ခိတ္တမေဝဟောတိ။ ။ဟူ၍၎င်း။ အဋ္ဌကထာကြီးတို့၌။မိန့် အပ်ပြီ။ ။မဉ္ဇူသာဋီကာ၌လည်း။ ။နကေဝလံကါယဝါစာဟိ။ ပဋိက္ခိတ္တံ။ပဋိက္ခိတ္တမေဝဟောတိ။အထခေါမနသာပိပဋိက္ခိတ္တံ။ပ ဋိက္ခိတ္တမေဝဟောတိ။ ။ဟူ၍မိန့်အပ်၏။ ။ဟိ။ပယ်လျှင်အာပတ် မသင့်ဟုဆိုသောထိုစကားသည်မှန်၏။တိသု။သုံးပါးကုန်သော။ ဒွါရေသု။ ဒွါရတို့တွင်။ယေနကေနစိ။တပါးပါးသောဒွါရဖြင့်။ပ ဋိက္ခိတ္တံ။ပယ်အပ်သောရွှေငွေသည်။ပဋိက္ခိတ္တမေဝ။ပယ်အပ်သည် မည်သည်သာလျှင်။ဟောတိ။ဖြစ်၏။ ။ဤကားအဋ္ဌကထာကြီး ပါဌ်၏အနက်။ ။ကေဝလံ။သက်သက်။ ကာယဝါစာဟိ။ကိုယ် နှုတ်တို့ဖြင့်။ပဋိက္ခိတ္တံ။ပယ်အပ်သောရွှေငွေသည်။ပဋိက္ခိတ္တမေဝ။ ပယ်အပ်သည်မည်သည်သာလျှင်။ဟောတိ။ဖြစ်သည်ကား။န။မ ဟုတ်သေး။အထခေါ။ စင်စစ်သော်ကား။ မနသာပိ။မနောဒွါရ ဖြင့်လည်း။ပဋိက္ခိတ္တံ။ပယ်အပ်သောရွှေငွေသည်။ ပဋိက္ခိတ္တမေဝ။ ပယ်အပ်သည်မည်သည်သာလျှင်။ဟောတိ။ဖြစ်၏။ ။ဤကား။ မဉ္ဇူသာဋီကာပါဌ်၏အနက်။

တိဝိဓံပဋိဂ္ဂဟဏံ။ကာယေန။ဝါစာယ။မနသာ။ ။ဟူသော သီလက္ခန္ဓဋီကာသစ် လှစ်အပ် သည်နှင့်အညီ။ ရွှေငွေကိုခံခြင်း သည်။ ကိုယ်ဖြင့်ကိုယ်တိုင်ခံခြင်း။ နှုတ်ဖြင့်သူတပါးကို ခံစေ ခြင်း။စိတ်ဖြင့်သာယာ၍ခံခြင်းအားဖြင့်သုံးပါးအပြားရှိ၏။ ။လှူ ခြင်းသည်လည်း။ကိုယ်ဖြင့်ရှေ့တွင်ယူငင်တင်ဆောင်၍လှူခြင်း။ နှုတ်ဖြင့်မျက်ကွယ်အဝေးတကျေးရပ်ရွာ၌။ ရှိသောရွှေငွေကို။ အရှင့်အားလှူပါ၏ဟုလျှောက်ကြားလှူဒါန်းခြင်းအားဖြင့်။နှစ်မျိုး နှစ်ပါးပြား၏။ ။၎င်းတို့ကိုမိသကာ–အားဖြင့်ခွဲလေဦး။ အဘိ ဟာရနှစ်မျိုးကိုလည်းသိလေ။

ယခုကာလ၌။ ငွေပဒေသာပင်ကို။ ရွှေတွင်ယူငင်။ တင့်ထိုး၍ လှူကြသည့်။ အလှူမျိုးများမှာ။ နှုတ်ကပင်မဆိုမမြွက်။ မထွက်မံဟသော်လည်း။ ကိုယ်ကါယဖြင့်ပေးလှူခြင်းသည်ဖြစ်၍။ ထိုကဲ့သို့လှူသောငွေများကို။ ပြဆိုခဲ့ပြီးသည့်အတိုင်း။ ဒွါရသုံးပါးတို့တွင်။ တပါးပါးသောဒွါရဖြင့် ရဟန်းတို့ကပယ်ရှားတားမြစ်ရမည်။ မပယ်မရှား။ မတားမမြစ်ဘဲ။ စိတ်ထဲက တိတ်တဆိတ်ကြိတ်၍ သာယာလိုက်ငြားအံ့။ ။ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ ဟူ၍ ဟောတော်မူသော ကြောင့်ငင်း။ ။ ဥပနိက္ခိတ္တံ သာဒိယေယျာတိ ဣဒံ။ အယျဿ ဟောတူတိ ဧဝံ သမုခါဝါ။ အသုကသ္မိံ နာမ ဌာနေ။ မမ ဟိရညသုဝဏ္ဏံ တံ တုယှံ ဟောတူတိ ဧဝံ ပရမ္မုခါ ဌပိတံ ဝါ။ ကေဝလံ ဝါစာယ ဟတ္ထမုဒ္ဒိကာယ ဝါ တုယှန္တိ ဝတွာ ပရိစ္စတ္တံ။ ယော ကာယဝါစာဟိ အပဋိက္ခိပိတွာ။ စိတ္တေန အဓိဝါသေယျ။ အယံ သာဒိယေယျာတိ ဝုစ္စတိ။ ။ ဟူ၍အဋ္ဌကထာ၌ ဖွင့်ပြသောကြောင့်ငင်း။ ။ နိဿဂ္ဂိတေသုအတ္တုတ္တံ။ ဒွိသု။ ။ ဟူ၍လက်သန်း၌ ဖွင့်ပြသောကြောင့်ငင်း။ ။ ဧတ္ထစ ဥပနိက္ခိတ္တန္တိ ဣဒံ ဥပလက္ခဏဝသေန ဝုတ္တံ။ ဧတေနဟိ သမုခါဝါ။ ပရမ္မုခါဝါ ဒါယကေဟိ။ ကာယဝါစာဟိ ပရိစ္စတ္တဝသေန။ ဒူရေ နိက္ခိတ္တံ။ ဇာတရူပရဇတမ္ပိ သင်္ဂဟိတံ။ သာဒိယေယျာတိ ဝုတ္တေပိ။ ကာယဝစိဒွါရေ အာပတ္တိံ အာပဇ္ဇတိ။ ။ ဟူ၍။ အနုဝဏ္ဏနာဋီကာ ဖွင့်သောကြောင့်ငင်း။ ။ မနသာ ပဋိဂ္ဂဟဏံ သာဒိယနံ။ ။ ဟူ၍ သီလက္ခန်ဋီကာသစ်။ မိန့်မှာဖွင့်လှစ်သောကြောင့်ငင်း။ ။ ဇာတရူပရဇတဘာဝေါ။ အတ္ထုဒ္ဒေသိကတာ။ ဂဟဏာဒီသု အညတရဘာဝေါတိ ဣမာနေတ္ထ တီဏိ အင်္ဂါနိ။ ။ ဟူ၍အဋ္ဌကထာဋီကာ အစောင်စောင်တို့၌ ဖွင့်ပြတော်မူအပ်သောအင်္ဂါနှင့်ညီညွတ်သောကြောင့်ငင်း။ ခံခြင်း၃ါမအပ်။ နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။ ဥပနိက္ခိတ္တံ ဝါ။ အနီး၌ချထားသောရွှေငွေကိုလည်း။ သာဒိယေယျ။ ကိုယ်နှုတ်မပယ်သွင့်။ စိတ်ဖြင့်သာယာငြားအံ့။ နိဿဂ္ဂိယံပါစိတ္တိယံ။ နိဿဂ္ဂိပါ

စိတ်အာပတ်သင့်၏။ ။ပါဠိတော်၏အနက်။ ။ဥပနိက္ခိတ္တံ
သာဒိယေယျာတိ။ဟူသည်ကား။ဣဒံ။ဤရွှေငွေသည်။အယျဿ။
အရှင်ကောင်းအား။ ဟောတု။ ဖြစ်စေသတည်းဟူ၍။ဧဝံ။ဤ
သို့၊သမုခါဝါ။ မျက်မှောက်ရှေ့တွင်အထင်အရှားရင်း။ အသုက
သ္မိံနာမဋ္ဌာနေ။ ဤအမည်ရှိသော အရပ်ဌာန၌။မမ။ တပည့်သ
မုတ်။အကျွန်ုပ်၏။ဟိရညသုဝဏ္ဏာ ။ ငွေရွှေသည်။အတ္ထိ။ ရှိ၏။တံ။
ထိုရွှေငွေသည်။တုယှံ။အရှင်အား။ဟောတု။ဖြစ်စေသတည်း
ဟူ၍၊ဧဝံ။ ဤသို့။ပရံမုခါဝါ။ လူမမြင်သော။ကွယ်ရာအဝေး။ တ
ကျေးမျက်ကွယ်၌ရင်း။ ဌပိတံ။ တည်သောရွှေငွေကို။ ကေဝလံ။
သက်သက်။ဝါစာယဝါ။နှုတ်ဖြင့်ရင်း။ဟတ္ထမုဒ္ဒါယဝါ။လက်ဆုပ်
ပြသဖြင့်ရင်း။တုယှန္တိ။တုယှံဟူသောအနက်ကို။ဝါ။အရှင်ဘုရား
၏ ဥစ္စာဖြစ်ပါစေဟူသောအနက်ကို။ဝတွာ။ ဆို၍။ပရိစ္စတ္တံ။ စွန့်
အပ်သည်ကို။ယော။အကြင်ရဟန်းသည်။ကါယဝါစာဟိ။ကိုယ်
နှုတ်တို့ဖြင့်။အပဋိက္ခိပိတွာ။မပယ်မူ၍။ စိတ္တေန။စိတ်ဖြင့်။အဓိဝါ
သေယျ။ သည်းခံလိုက်ငြားအံ့။အယံ။ဤသို့သည်းခံခြင်းကို။ ဝါ။
သည်းခံသောရဟန်းကို။သာဒိယေယျာတိ။ သာဒိယေယျဟူ၍။
ဝါ။ သာယာသောရဟန်းဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ။အဋ္ဌက
ထာပါဠိ၏အနက်။ ။လက်သန်းအနက်ကို၊ရှေးကရေးခဲ့ပြီ။ ။
စ။ဆက်၍အသင့်။ဖွင့်လိုက်ဦးအံ့။ ဥပနိက္ခိတ္တန္တိဣဒံ။ ဥပနိက္ခိတ္တံ
ဟူသောဤစကားကို။ ဥပလက္ခဏဝသေန။ဥပလက္ခဏနည်း၏
အစွမ်းအားဖြင့်။ဝုတ္တံ။ ဟောတော်မူအပ်၏။ဟိ။ ထိုစကားဟုတ်
မှန်၏။ ဧတေန။ ဤဥပနိက္ခိတ္တံဟူသော ပါဠိစကားဖြင့်။ သမု
ခါဝါ။ မျက်မှောက်၌ရင်း။ ပရမ္မုခါဝါ။ မျက်ကွယ်၌ရင်း။ ဒါယ
ကေဟိ၊ ရွှေငွေကိုလှူလိုသောဒါယကာတို့က။ ကာယဝါစာဟိ။
ကိုယ်နှုတ်တို့ဖြင့်။ပရိစ္စတ္တဝသေန။ စွန့်လွှတ်သည်၏အစွမ်းအား
ဖြင့်။ ဒုရေနိက္ခိတ္တံ။ အဝေး၌ထားအပ်သော။ဇာတရူပရဇတမ္ပိ။
ရွှေငွေကိုလည်း။ သင်္ဂဟိတံ။သင်္ဂြိုဟ်ရေတွက်။ ထည့်စွက်ယူ
ငင်အပ်၏။သာဒိယေယျာတိ။သာဒိယေယျဟူ၍။ဝုတ္တေပိ။ဟော

တော်မူအပ်သော်လည်း။ ကာယဝစီဒွါရေ။ ကာယဒွါရဝစီဒွါရ
၌။အာပတ္တိံ။နိဿဂ္ဂိပါစိတ်အာပတ်သို့။အါပဇ္ဇတိ။ရောက်၏။ ။
အနုဝဏ္ဏနာပါဠိ၏အနက်။ ။သာဒိယနံ။ကိုယ်နှုတ်မဘွင့်။စိတ်
ဖြင့်သာယာခြင်းသည်။ မနသာ။စိတ်ဖြင့်။ပဋိဂ္ဂဟာဏံ။ရွှေငွေကို
ခံခြင်းမည်၏။ ။သိလက္ခန္ဓဋီကါသစ်ပါဠိ၏အနက်။ ။ဇာ
တရူပရဇတဘာဝေါ။ရွှေငွေ၏အဖြစ်ငှင်း။ အတ္တုဒ္ဒေသိကတာ။
မမိဟု ဆိုအပ်သော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသည်၏ အ
ဖြစ်ငှင်း။ဝါ။မမိဟုဆိုအပ်သော။အလှူခံပုဂ္ဂိုလ်ကိုရည်ညွှန်းခြင်း
ရှိသည်အဖြစ်ငှင်း။ဂဟဏာဒီသု။ခံခြင်း။ ခံစေခြင်း။သာယာခြင်း
သုံးပါးတို့တွင်။ ။အာဒိဝန်ဘော် ပေးလိုက်သည်။ ။အည
တရဘာဝေါ။ တပါးပါး၏အဖြစ်ငှင်း။ ဣတိ။ ဤသို့၊ ဇွေ။ ဤ
သိက္ခာပုဒ်၌။အင်္ဂါနိ။အင်္ဂါတို့သည်။ ဣမာနိတိဏိ။ဤသုံးပါးတို့
တည်း။ ။နောက်ပါဠိ၏အနက်။ ။ဤသုံးပါးသောအင်္ဂါနှင့်
ညီညွတ်လျှင်။ ပါစိတ်အာပတ်သင့်မှန်း။ မအပ်မှန်း။ ရွှေငွေမှန်း
သိလျက်။လွန်ကျူးလိုသောဝိတိက္ကမစိတ်ဖြင့်။ ခံပြန်လျှင်လည်း။
အလဇ္ဇီဖြစ်၍ နေလေတော့သည်သာဖြစ်၍။ ။အနိသဇ္ဇိတွာ
နိဿဂ္ဂိံပရိဘုဉ္ဇေ။ ။ဟူသောလက်သန်းအဋ္ဌကထါနှင့်အညီ။
ထိုစွန့်အပ်။စွန့်သင့်။ စွန့်ထိုက်။ စွန့်ပစ်စကောင်းသော ပစ္စည်း
များကို။စွန့်ရမှန်းသိလျက်။ မစွန့်မလွှတ်နိုင်ဘဲမှိဝဲသုံးဆောင်၍
နေသမျှကာလပတ်လုံး။ ဒုက္ကဋ်အာပတ် မပြတ်သင့်၍။ ငှင်းအာ
ပတ်မှ။ မထမြောက်နိုင်ဘဲ။ဖုံးမြဲဖုံးထားက။ အလဇ္ဇီ တဖြစ်ထဲ
ဖြစ်နေသော ကြောင့်။အလဇ္ဇီ အဖြစ်မှ မလွှတ်နိုင်လေ။ ။ထို
ကြောင့်။ ။သဉ္စိစ္စ အာပတ္တိံအာပဇ္ဇတိ။ အာပတ္တိံပတိဂုဟာ
တိ။အဂတိဂမနဉ္စဂစ္ဆတိ။ဧဒိသောဝုစ္စတိအလဇ္ဇီပုဂ္ဂလော။ ။
ဟူ၍ပရိဝါပါဠိတော်၌ ဟောတော်မူသည်။ ။ယောဘိက္ခု။
အကြင်ရဟန်းသည်။ သဉ္စိစ္စ။ သိက္ခာပုဒ် တော်ကို လွန်ကျူး
ကျော်နင်းလိုသော စေတနာရှိသည်ဖြစ်၍။ ဝါ။စေတနာနှင့်တ
ကွစေ့ဆော်၍။အာပတ္တိံ။အာပတ်ကြီးငယ်သို့။အာပဇ္ဇတိ။ သင့်

ရောက်၏။ ဇာဒိသော။ သို့သဘောလွန်ကျူးကျော်နင်းလိုသော
စေတနာရှိသည်ဖြစ်၍။ဝါ။ စေတနာနှင့်တကွစေ့ဆော်၍။ ကြီး
ငယ်မမှတ်။ အာပတ်သို့ သင့်ရောက်သော ရဟန်းကို။ အလဇ္ဇီ
ပုဂ္ဂလောတိ။ အလဇ္ဇီ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ယောစ
ဘိက္ခု။ အကြင်ရဟန်းသည်လည်း။ အာပတ္တိံ။ သင့်ရောက်ပြီး
သောအာပတ်ကို။ပဋိဂုဟတိ။ဒေသနာမကြား။ဖုံးထားလျှို့ဝှက်
၏။ ဇာဒိသော။ ဤသို့သဘောသင့်ပြီးသည့် အာပတ်များကို သို
ထား လျှို့ဝှက်သော ရဟန်းကို။ အလဇ္ဇီ ပုဂ္ဂလောတိ။ အလဇ္ဇီ
ပုဂ္ဂိုလ်ပင်ဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ယောစဘိက္ခု။ အကြင်ရဟန်း
သည်လည်း။အဂတိဂမနံ။မလိုက်မစားမလားအပ်သော။အဂတိ
လေးပါးသို့။ဂစ္ဆတိ။လိုက်စားလားရောက်၏။ဇာဒိသော။ ဤသို့သ
ဘော။အဂတိသို့လိုက်မှားလားရောက်သောရဟန်းကို။ အလဇ္ဇီ
ပုဂ္ဂလောတိ။ အလဇ္ဇီပုဂ္ဂိုလ်ပင်ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ဤကား
ဋင်းပါဠိတော်၏အနက်။ ဤအင်္ဂါသုံးပါးလုံးနှင့်ပြည့်စုံညီညွတ်မှ
သာ။အလဇ္ဇီဖြစ်သည်မဟုတ်သေး။တပါးပါးသောအင်္ဂါနှင့်ပြည့်
စုံညီညွတ်လျှင်ပင်အလဇ္ဇီဖြစ်လေတော့သည်ဟူ၍မှတ်အပ်၏။ ။
ဤ၌။ သဉ္စိစ္စဟူသောပုဒ်ကို။ အာဒိဒီပကနည်း။ စသဒ္ဒါကို။အန္တဒီ
ပကနည်းမှတ်လေ။ ။ထိုနိသဂ္ဂိယဝတ္ထုမှဖြစ်လာသောပစ္စည်း
ဟူဟူသမျှသည်လည်း။ခံသူရဟန်းအား။ ရူပိယပဋိဂ္ဂဟကဿ
ပန။ ကေနစိပရိယာယေန။ တဘောဥပ္ပန္နပစ္စယ ပရိဘောဂေါန
ဝဋ္ဋတိ။ ။ဟူသောအဋ္ဌကထာကြီးအမိန့်အတိုင်း။ ဘယ်နည်း
ဘယ်အကြောင်းဘယ်ပရိယာယ်ပြောင်းလို့မှ မအပ်နိုင်ပြီ။ ခံသူ
ရဟန်းသာမဟုတ်သေး။သိတင်းသုံးဘော်။ ငါးယောက်လုံးပင်
သုံးစွဲခြင်းငှာမအပ်။ ။ထို့ကြောင့်။ ။ဥပ္ပန္နပစ္စယာဇာတံ။ ပဉ္စန္နံ
ပိ အကပ္ပိယာ။ အဘူတာ ခောစနာရူပ။ သံဝေါဟာ ရုဂ္ဂဟာဒိ
သာ။ ။ဟူ၍လက်သန်းအဋ္ဌကထာ၌မိန့်အပ်၏။ ။ဇာတံ။ဤ
သို့။ ဥပ္ပန္နပစ္စယာ။ ကုလဒူသကကြောင့် ဖြစ်သော ပစ္စည်း တို့
သည်။ပဉ္စန္နံပိ။သိတင်းသုံးဘော်။ ငါးယောက်တို့အားလည်း။ အ

ကပ္ပိယာ၊မအပ်ကုန်။အဘူတာရောစနာရူပ။ သံဝေါဟာရုဂ္ဂဟာဒိဒိသာ။ မိမိ၌ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း။ရွှေငွေစသည်ဖြင့်ရောင်းဝယ်ခြင်း။ ရွှေငွေစသည်ကိုခံခြင်းကြောင့်ဖြစ်သောပစ္စည်းသည်။ သိတင်းသုံးဘော် ငါးယောက်တို့အား။မအပ်သည်နှင့်တူကုန်၏။ ။လက်သန်းပါဠ်၏အနက်။ ။ဧကောအလဇ္ဇီ။ အလဇ္ဇီသတမ္ပိကရောတိ။ ။ဟူသောအဋ္ဌကထာကြီးအတိုင်း။ အလဇ္ဇီတကောင်က ရာထောင်မကသော အလဇ္ဇီတို့ကိုဖြစ်ပွါးအောင်ပြုတတ်ရကား။ထိုရွှေငွေကိုခံသော အလဇ္ဇီပုဂ္ဂိုလ်၏ယခင်ပစ္စည်းများကို။ မအပ်မှန်းသိလျက်နှင့်။လူသူမသိလျှင်ပြီးတာမျိုးတကား။နှလုံးထား၍။ တိတ်တဆိတ်ပုန်းကွယ်ရာ၌ သုံးဆောင်စားသောက် ပေါင်းသင်းနေထိုင်ကြကုန်သော။ ရဟန်းသာမဏောဟူသမျှတို့သည်လည်း။ အလဇ္ဇီချည်းဖြစ်ကြလေကုန်၏။ ။ယင်းသို့မိမိတို့၏အာပတ်သင့်သည်၏အဖြစ်။အလဇ္ဇီအပြုအမူတို့ကိုမည်သူမှမသိရအောင်။ဟန်ဆောင်ဖုံးလွှမ်း၍ ထားကြသော်လည်း။ အလဇ္ဇီအဖြစ်မှ မလွတ်နိုင်ဘဲဖြစ်၍။ အာပတ်နှင့်တကွစုတိစိတ်ကျလေလျှင်။ ငရဲတိရစ္ဆာန်။ ပြိတ္တာဘုံ-ဝေဟာ သံမှာ။ အလျှံ ပြောင် ငြီး ငြီး။ သံပူလောင်ကျောင်းကြီးနှင့်။ မီးကျိုးတုံးအဖြစ်ဖြင့်။အနှစ်ပေါင်းများစွာ။ခံရချက်ကြလိမ့်မည်။ ။ထို့ကြောင့်။ ။သာပတ္တိကဿဘိက္ခဝေဘိက္ခုနောဒွိန္နံဂတီနံအညတရာဂတိပါဋိကင်္ခါ။ နိရယောဝါ။ တိရစ္ဆာနယောနိဝါ။ ။ဟူ၍၎င်း။ ။ပဋိဿန္နကမ္မန္တာဿဘိက္ခဝေ။ ဒွိန္နံဂတိနံ အညတရာဂတိပါဋိကင်္ခါ။ နိရယောဝါတိရစ္ဆာနယောနိဝါ။ ။ဟူ၍၎င်းဟောတော်မူသည်။ ။ဘိက္ခဝေ။ချစ်သားတို့။ သာပတ္တိကဿ။ သဉ္စိစ္စအာပတ်။ မပြတ်သင့်လျက်ရှိသော။ဘိက္ခုနော။ရဟန်း၏။ဝါ။ရဟန်းအား။ ဒွိန္နံ။နှစ်ပါးကုန်သော။ ဂတီနံ။ဂတိတို့တွင်။ အညတရာ။ တပါးပါးသော။ဂတိ။လားရာဂတိကို။ ပါဋိကင်္ခါ။အလိုရှိအပ်၏။နိရယောဝါ။ အဝီစိစသောငရဲကိုသော်လည်း။ပါဋိကင်္ခါ။အလိုရှိအပ်၏။ တိရစ္ဆာ

နယောဒိဝါ။တိရဿာန်သန္တိ။ဂတိကိုသော်လည်း။ ပါဋိကင်္ခါ။အလို
ရှိအပ်၏။ ။ဤကား။ရွှေပါဠိတော်၏အနက်။ ။ဘိက္ခဝေ။ရဟန်း
တို့။သမ္ပဋိစ္ဆန္နကမ္မန္တဿ။လူရှင်မသိအောင်။ဟန်ဆောင်သိမ်းရုံး
ဖုံးလွှမ်းသောမှုပြစ်ရှိသောရဟန်းရှင်လူ။ခပ်သိမ်းသောသူ၏။ဝါ။
ရဟန်းရှင်လူ။ခပ်သိမ်းသောသူအား။ ။အကြွင်းရွှေပါဠိတော်
နှင့်အနက်တူပြီ။ ။ဤကား နောက်အင်္ဂုတ္တိုရ်ပါဠိတော်အ
နက်။ ။အခါတပါး။ အရှင်မောဂ္ဂလာန်သည်။ အရှင်လက္ခဏ
ကိုခေါ်ယူတူကွ။ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံလှည့်လည်အံ့သော
ငှာ။ ဂိဇ္ဈကုဋ်တောင်မှ။ ဆင်းသက် ကြွလာတော် မူသည် ရှိ
သော်။ သပိတ်သက်နုံး။ ခါးပန်းကိုယ်ရောင်။ ထိန်ထိန် ပြောင်
လျက်။ မိုးတောင် ကြီး အလား။ မိုးလောင်၍ ကောင်း ကင် ၌
ကျင်နာညည်းတွား ပြေးသွား နေရသော။ ရဟန်း ယောကျ်ား
ပြိတ္တာ။ ရဟန်း မိန်းမ ပြိတ္တာ။ သိက္ခ မာန်။ သာမ ဏေ။ သာ
မဏေမ။ပြိတ္တာကြီးများကိုမြင်ရ၍၊ပြုံးတော်မူသည့်အကြောင်း
ကို။ အရှင်လက္ခဏက။ ရွှေစကား ရှိသည့် အတိုင်း။ မြတ်စွာ
ဘုရားသခင်၏ထံတော်မျက်မှောက်။ရွှေစက်အောက်သို့ရောက်
တော်မူကြသောအခါ။ ရှင်မောဂ္ဂလာန်အား လျှောက်ကြားလေ
လျှင်။ ထိုရဟန်း ပြိတ္တာစသည်တို့ကို မြင်ခဲ့ကြောင်းနှင့်။ အသီး
အသီးဖြေကြားပြောဆိုလေ၏။ ။ဝဂ္ဂုငါးခု။ ။ထိုအ
ခါမြတ်စွာဘုရားသခင်ကလည်း။ ရဟန်းတို့ကို ခေါ်တော်မူ၍။
စက္ခုဘူတာဝတဘိက္ခဝေ။ သာဝကာဝိဟရန္တိ။စသည်ဖြင့်မိန့်
မြွက်တော်မူပြီး၍။ ဤမောဂ္ဂလာန်မြင်ခဲ့သောပြိတ္တာကြီးများကို။
ငါဘုရားကိုယ်တော်မြတ်သည်။ ရှေးဦးမဆွ။ဘုရားဖြစ်စကပင်
မြင်တော်မူသည်သာလျှင်တည်း။မြင်သော်လည်းသက်သေကို
မရ၍ငါဘုရားမဟော။ ယခုကားယုံကြည်လောက်သော သက်
သေကို ရသည်ဖြစ်၍။ ဟောကြားတော်မူအံ့ဟု မိန့်တော်မူပြီး
၍။ ။ဧသောခေါဘိက္ခဝေဘိက္ခု။ကဿပဿသမ္မာသမ္ဗုဒ္ဓဿ
ပါဝစနေ။ ပါပဘိက္ခုအဟောသိ။လ။ ပါပသာမဏေရီအဟော

ဿိ။ သာတဿကမ္မဿဝိပါကေန။ ဗဟူနိဝဿာနိ။ ပ။ ဗဟူနိ ဝဿသတသဟဿာနိ။ နိရယေပစ္စိတွာတဿေဝကမ္မဿဝိ ပါကာဝသေသေန။ ဧဝရူပံအတ္တဘာဝပဋိလာဘံပဋိသံဝေဒေတိ ဟူ၍ဟောကြားတော်မူ၏။ ။ပါရာဇိကဏ်ပါဠိတော်။လက္ခ ဏသံယုတ်ပါဠိတော်။ ။ဘိက္ခဝေ။ ရဟန်းတို့။ ခေါ။ အမှန်။ ဧ သောဘိက္ခု။ ထိုပြိတ္တာရဟန်းသည်။ ဝါ။ ထိုရဟန်းသွင်ရောင်။ ပြိတ္တာကောင်ကြီးသည်။ ကဿပဿသမ္မာသမ္ဗုဒ္ဓဿ။ နောင် တော်ကဿပမြတ်စွာဘုရား၏။ပါဝစနေ။သာသနာတော်မြတ် ၌။ပါပဘိက္ခု။ယုတ်မာညစ်ညမ်း။သရမ်းပျက်ချော်။သူတော်မ ဟုတ်သောရဟန်းဖျင်း-ရဟန်းပေါ့သည်။အဟောသိ။ဖြစ်ခဲ့ဘူး လေပြီ။လ။ပါပသာမဏေရီ။ရုတ်ပွဲ့ညစ်ညမ်း။သရမ်းပျက်ချော် သူတော်မဟုတ်။ယုတ်မာသောသာမဏေမသည်။အဟောသိ။ ဖြစ်ခဲ့ဘူးလေပြီ။ သာ။ ထိုသာမဏေ အယုတ်မသည်။ တဿ ကမ္မဿ။ထိုခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တော်ကို။ ကျူးကျော်ပြုကျင့် သောမကောင်းမှုသတ္တမဖောက်၏။ဝိပါကေန။ အကျိုးရင်းအား ဖြင့်။ဗဟူနိဝဿာနိ။များစွာသောနှစ်တို့ပတ်လုံး။ပ။ဗဟူနိဝဿ သတသဟဿာနိ။များစွာသောနှစ်ပေါင်းအသိန်းတို့ပတ်လုံး။နိ ရယေ။ငရဲ၌။ပစ္စိတွာ။ချစ်ချစ်လောင်အောင်ကျက်ပြီး၍။တဿေ ဝကမ္မဿ။ ထိုအပရာပရိယဖြစ်သော အလယ်ဖောင်းချက်ကံ ၏သာလျှင်။ဝိပါကာဝသေသေန။ အကျိုးကြွင်းအားဖြင့်။ ဧဝရူပံ။ ဤသို့သဘောရှိသော။ အတ္တဘာဝပဋိလာဘံ။ ပြိတ္တာအတ္တဘော ကိုရသော ဆင်းရဲဒုက္ခကြီးကို။ ပဋိသံ ဝေဒေတိ။ ခံစားရလေ ၏။ ။ဤကား ပါဠိတော်၏ အနက်။ ။ပပဉ္စသူဒနီအဋ္ဌက ထာ၌လည်း။ ။သောတတ္ထဋ္ဌောကာယဿဘေဒါပရံနိရ ယမ္ပိဂစ္ဆတိ။တိရစ္ဆာနယောနိံပိပေတ္တိဝိသယံပိဂစ္ဆတိ။ သမဏ ယက္ခောနာမဟောတိ သမဏပေတောအာဒိတ္တောဟိ သံဃာဋိ အာဒိတ္တသမ္ပဇ္ဇလိတကာယောအဋ္ဋဿရံကရောန္တောဝိစရတိ။ ။ ဟူ၍လှစ်ဘွင့်အပ်၏။ ။တတ္ထ။ ထိုပဋိပတ္တိဒုဂ္ဂတိ၌။ ဋ္ဌော။

တည်သော။သော။ထိုအကျင့်ပျက်ပြား။အာစာရ-ဂေါစရမှော်မှားသောရဟန်းယုတ်သည်။ကာယသ။ကိုယ်ခန္ဓာ၏။ ဘေဒါ။ပျက်သည်မှ။ပရံ။ နောက်တဘဝ၌။နိရိယမှို။ ငရဲ၌စိတ်ထပ်အရပ်သို့လည်း။ဂစ္ဆတိ။လားရောက်တတ်၏။ တိရစ္ဆာနယောနိံ ပိ။တိရစ္ဆာန်မျိုးဂတိဆိုးသို့လည်း။ဂစ္ဆတိ။ လားရောက်တတ်၏။ပေတ္တိဝိသယံပိ။ပြိတ္တာဘဝဘုံ၌ာနသို့လည်း။ဂစ္ဆတိ။လါးရောက်တတ်၏။သမဏာယကြောနာမ။ကြောက်ဘွယ်ခမန်း။ရဟန်းဘီလူးမည်သည်။ ဟောတိ။ဖြစ်၏။ သမဏာပေတော၊ မချိပင်ပန်း။ ဖြစ်ပုံဆန်းသည့်။ရဟန်းပြိတ္တာမည်သည်။ဟောတိ။ဖြစ်၏။ အာဒိတ္တေဟိ။ပြောင်ပြောင်တောက်ကျွန်သော။ သံဃာဋိအာဒိဟိ။ ဒုးကုဋ်သင်္ကန်းစသည်တို့ဖြင့်။သမ္ပဇ္ဇလိတကာယော။ ရဲရဲညီးထိန်။ရှိန်ရှိန်လောင်သော ကိုယ်ရှိသည်ဖြစ်၍၊ အနုသော။ ပူပန်စပ်ခါး။ကြီးမါးနာကျင်စွာသော်ညဉ်းတွားအော်အင်သံကို။ကရောန္တော။ပြုလျက်။ဝိစရတိ။ အထူးထူးအပြားပြား။ သွားလာလှည့်ပတ်ရလေ၏။ ။ငင်းအဋ္ဌကထာပါဌ်၏အနက်။

အာစာရ-ဂေါစရ။အာဇီဝပျက်ကြသဖြင့်။ သိက္ခာပုဒ်တော်များကို မှောက်မှား လွန်ကျူးကြ ကျွန်သော၊ အကျင့်ယုတ်၍တည်၍။ မည်မည်ဝါဝါ။ ပဗ္ဗာတခ။ အလေးမပြုကြကျွန်သောရဟန်းသာမဏေတို့သည်။ ဘုရားရှင် ဩဝါဒဘျက်နှာတော်ကို မငဲ့ကွက်။အရှက်မရှိကြဘဲ။ ကျိုးရဲနှင့်တူစွာကျင့်သဖြင့်ရင်း။သူတပါးတို့ဂုဏ်ကို။ အကျွန်ချိုးဖဲ့ဖျက်ဆီးသဖြင့်ရင်း။သူတပါးတို့ပြုသည့်ကောင်းမှုအရာကို။ကိုယ်ဟာကိုယ်ပြုသည့်အရောင်။ဟန်ပန်ဆောင်သဖြင့်ရင်း။ကိုယ်စိတ်နှုတ်ပါ။ ကြမ်းကြုတ်စွာ ပြုသဖြင့်ရင်း၊စိတ်နှလုံးမဖြူမနူး။ ညစ်ညူးသော အကျင့်ဖြင့်ရင်း။ အသက်မွေးခြင်းကိုပြုကြ၍ အသက်မွေးလွယ်ကြလေသည်။ ။

သုဇိဝံအဟိရိကေန။ ကာကသူရေနဓံသိနာ။ ပက္ခန္ဒိနာပဂဗ္ဘေန။ သံကိလိဋ္ဌေနဇီဝိတံ။ ။ပါဠိတော်။ ။အဟိရိကေန။ မျိုး။ရွယ်။ရဲ။သု။လေးခုသောအရာ၌။ဆိတ်စာမျှမငဲ့ကွက်။ အရှက်မ

ရှိသောရဟန်းသည်။ကာကသူရေန။ထမင်းဟင်းပွဲ၌။ယူ၍ခွဲထိုးသုတ်တတ်သော။ ကျီးရဲနှင့်တူစွာကျင့်သဖြင့်ဝင်း။ ဓံသိနာ။သူတထူး၌။ ကျေးဇူးဂုဏ်သိန့်ကို။ ဖျင်းသိမ်အောင် ပြောဟောဖျက်ဆီးသဖြင့်ဝင်း။ ပဂ္ဗန္ဒိနာ။ သူတပါးတို့ပြုသည့်ကောင်းမှုအရာကို။ကိုယ်ဟာ။ကိုယ်ပြုသည့်အရောင်။ ဟန်ပန်ဆောင်သဖြင့်ဝင်း။ပဂဗ္ဗေန။ ကိုယ်နှုတ်စိတ်ပါ။ ကြမ်းကြုတ်စွာပြုလုပ်သဖြင့်ဝင်း။သံကိလိဋ္ဌေန။ နှလုံးမဖြူ။ စိတ်မူမနူး။ ညစ်ညူးသောအကျင့်ဖြင့်ဝင်း။ဇီဝိတံ။ အသက်မွေးခြင်းကို။ ကတွာ။ပြု၍။သုဇီဝံ။အသက်မွေးလွယ်လှပါပေ၏။ ။ပါဠိတော်၏အနက်။ ။ယင်းသို့ပြဆိုခဲ့ပြီးသော။ရွှေငွေအနာမာသ။ နိဿဂ္ဂိယဝတ္ထုတို့ကို။ခံယူသုံးဆောင်ခြင်း။ ကုလဒူသကအနေသနစသော အမှုတို့ကို။အရှက်မရှိဘဲ။ ကျီးရဲကဲ့သို့။ ပြုလိုသမျှပြု၍ အသက်ကို လွယ်လွယ် မွေးမြူကြခြင်း အစရှိသော။ ယုတ်မာသော အကျင့် တို့ကြောင့်။ လူသူမသိခင်။ မိမိကိုယ်ကိုပင်မိမိကအလျှင် စွပ်စွဲရခြင်းအတ္တာနုဝါဒဘေး။လူရှင်ပညာရှိတို့သိပြန်လျှင်လည်း။လူရှင်တို့က။ကဲ့ရဲ့စွပ်စွဲသည်ကိုခံရသောပရာနုဝါဒဘေး။ မိမိသန္တာန်၌နှိပ်စက်သောသံကိလေသဘေး။ပြဆိုခဲ့ပြီးသည့်အတိုင်း။အပါယ်ဆင်းရဲဟုဆိုအပ်သောဒုဂ္ဂတိဘေး။ သံသရာ၌တာရှည်စွာကျင်လည်ရမည့်သံသရာဘေးကြီးများကို၊ထောက်ထားမဝံ့။ကြောက်ရွံ့ကြပါသဖြင့်။ ။ကုလဒူသကဝဇ္ဇာ ကမ္မဥတ္တရိမနုဿဓမ္မာရောစနသာဒိတရူပိယါဒိဟိနိဗ္ဗတ္တံဇုဂုပ္ပိကျမ်း။ ။ဟူသောအဋ္ဌကထာကျမ်းဂန်လာသည့်အတိုင်း။ ကုလဒူသကအမှု။ ဆေးကုခြင်းအမှု။မိမိ၌ထင်ရှားမရှိသောဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း။ သာယာအပ်သော ရွှေငွေ စသည်တို့ကြောင့် ဖြစ်သောဝတ္ထုပစ္စည်းများကို။ ဘုရားရှင်ကိုယ်တော်မြတ်စက်ဆုတ် ရွံရှာတော်မူအပ်၏။ ။သို့စည်ကလောက်။ အပြစ်ကြီးရောက်၍။ကြီးမောက်စပ်ခါး။ ကြီးမားဝေဒနာကြီးစွာသောဒုက္ခနှင့်။မချတွေ့ကြုံ၊ ဆွေ့ဆွေ့ချန်အောင်။ အကျန်နှိပ်စက်ကြောင်း။ ရဟန်း

ကောင်းတို့၏ အကျင့်မဟုတ်၊ မြတ်စွာဘုရား စက်ဆုပ်တော်မူ၊ အပ်သော။ ရွှေငွေဂဟာပန။ မာသကတို့ကို။ မအပ်မှရာ။ လှူလာ ပို့သက်။ နှုတ်မြွက် စွန့်လွှတ်သည် များကို။ ရဟန်းသား အရှင် ကောင်းတို့က။ ခံယူသာယာခြင်း။ ထိုရွှေငွေမှဖြစ်သော ပစ္စည်း များကိုသုံးဆောင်စားသောက်ခြင်းတို့ကို အလျှင်းပင်ပြုတော်မ မူသင့်ကြပေ။ ခံယူသာယာမိသည့် ရွှေငွေပစ္စည်းများကိုလည်း မစင်ပုံအလားပယ်ရှားစွန့်ပစ်သင့်လှပေတော့သည်။

အကာယ်၍ တည်း။ ဝိနည်းအရာ။ လိမ္မာ သည် ဖြစ်သော ကြောင့်။ လိမ်မာသည့်ဒါယကာက။ သဒ္ဓါ၍လှူသည်ကို။ အတည့် လှလှ။ နေရာကျအောင် မိမိကခံတတ်ပြားသော်လည်း။ နောက် သားနောင်လာ။ သိသသနှင့်သိသ။ ပုထုဇ္ဇာနှင့်ပုထုဇ္ဇတို့သည်။ ဆရာ မိဘတို့လို။ နေရာကျမသိ၍။ တို့မိတို့ဘတို့ဆရာတို့သည်။ ရွှေငွေအ သပြာတို့ကိုပင်လှူဒါန်းကြကုန်သည်။ ရွှေငွေဒင်္ဂါး။ ပိုက်ဆန်များ ကိုပင် ခံယူကြကုန်သည်။ တို့လည်းသည်ပြမ်း။ သည်ပုံလှမ်း ၍သည်လမ်းကို လိုက်တော့အံ့ဟု။ ဒိဋ္ဌာနုဂတိ။ မအပ်သောအ ခြင်းအရာဖြင့်။ ဖြစ်ဘွယ်ရာရှိသည်ကို။ သတိမြဲစွာ။ ထားသင့်ရာ သည်။ ။ငါတို့တဆင့်စကားကြားဘူးသည်မှာ။ ။ရှေးအ ခါက။ ဆရာတော်ကြီးတပါးသည်။ သွေးဒူလာရောဂါ ရှိသော ကြောင့်။ ဆွမ်းရပ်သည့်အခါ။ တင်ကိုသာလိမ်၍ အိမ်ရှေ့တွင် ရပ်တော်မူလေသည်။ ထိုအခါ။ နောက်တော်က ပါလာသော ဆရာတော် တိုက်အုပ်ကလည်း။ တို့ဆရာတော် မထေရ်ကြီး သည်။ သက်တော်ကြီး ဝါတော်ရင့်။ ရှေ့ထောက်ချင့် နောက် မျှော်တတ်။ ကျမ်းဂန်တတ်ပုဂ္ဂိုလ်ပင်။ ဆွမ်းဝင်၍ရပ်သောခါ။ တင်ကိုသာလိမ်၍ရပ်သည်။ ငါတို့သည်လည်း။ ဆရာနည်းကို။ နိသျှည်းမပျက်စေလင့်ဟု။ ဆွမ်းရပ်ကွက် အချက် သင့်လျှင်။ တင်သားကိုလိမ်ပြီး၍။ အကြိမ်ကြိမ်ရပ်တော်မူပြန်သည်။ တဖန် နေ့ံထပ်။ တိုက်ကြပ်ကို အစတင်၍။ ရှင်ကလေးတိုင်ဆွမ်းရပ် လျှင်။ ဆတ်ခနဲ့တင်ပါးကို။ တအားကုန်လိမ်ရိုင်၍။ တမြိုင်တည်း

ရပ်ကြကြောင်းများကို ကြားဘူးလျက်ရှိချေသည်။ ။ဆရာတော်ဘုရားကြီးမှာဒူလာကြောင့် လိမ်ကာရပ်သည်ကို။ တိုက်အုပ်တို့ကြပ်တို့အတပ်မသိကြ၍။ဆွမ်းရပ်လျှင်တင်ကိုလိမ်ရသည်ချည်းမှတ်ကြသလို။ နောင်လာနောက်သားတို့ အမှတ်အထင်အမြင် မှောက်မှားကြသဖြင့်။ဤဇာတရူပ သိက္ခာပုဒ်တော်များကို။လေးစားမပြု။အမှုမထား။ တရွေ့ရွေ့ လျော့ပါးဆုတ်ယုတ်၍။အဟုတ်အဟတ်။ အမှန်အကန်။ ကျင့်ကြံလိုသူမရှိဘဲ။အလွဲလွဲအချွတ်ချွတ်။ စိတ်ထင်တိုင်းလွှတ်မိကြလျှင်။ လေးသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံး။ နိုင်ငံတိုင်းကား။ သားမယားခြေလက်။ အသက်ဥစ္စာအဖြာဖြာတို့ကို။ မတွယ်မတာမညှာမစက်။ရက်ရက်ရောရော။နှမြောငဲ့ကွက်ခြင်းမရှိ။ အတိဒုက္ကရ။တပါးသူသာမညတို့သည်၊ လွန်စွာပြုနိုင်ခဲလှသော။ ဒါနစာဂ။သီလပါရမီစသည်တို့ကို။အလီလီဖြည့်ဆည်းဘူးမှ။အထူးရတော်မူအပ်သောသဗ္ဗညုတဉာဏ်တော်ဖြင့်။ ချိန်ခြော်နိုင်းစက်၍။ အချက်အားလျော်စွာ။အာဏာတော်စက်မြတ်။ ပညတ်တော်မူအပ်သော။ ဇာတရူပ သိက္ခာပုဒ်တော်ပျက်၍။ ကွယ်ဝှက် မြုပ်တိမ်။အရှိန်အဝါ။ သာသနာရောင်မတော်။ပ–ပျောက်ညှိုးသိမ်။ မြေးမှိန်ညစ်နွမ်းသဖြင့်။တင့်တယ်ခြင်းမရှိဖြစ်လိမ့်မည်။ ။ထိုသို့ကွယ်ဝှက်မြုပ်တိမ်။အရှိန်မကြွယ်။ မတင့်တယ်ခြင်းအပြား။ သုံးပါးတို့ကိုလည်း။ ။တီဏိဝိဝဋာနိဝိရောစန္တိ။နောပဋိစ္ဆန္နာနိ။ စန္ဒမဏ္ဍလံ ဝိဝဋံဝိရောစတိနော ပဋိစ္ဆန္နံ။ သူရိယမဏ္ဍလံ ဝိဝဋံဝိရောစတိနောပဋိစ္ဆန္နံ။ တထာဂတပဝေဒိတော ဓမ္မဝိနယော ဝိဝဋောဝိရောစတိနောပဋိစ္ဆန္နော။ ။ဟူ၍ပရိဝါပါဠိတော်၌ဟောတော်မူအပ်ကုန်၏။ ။တီဏိ။သုံးပါးတို့သည်။ဝိဝဋာနိ။ ဟင်းလင်းဖေါ်လွှင့်။ ဖွင့်လှစ်အပ်ကုန်သည် ရှိသော်။ဝိရောစန္တိ။လျောက်ပတ်သဖြင့်တင့်တယ်ကုန်၏။ ပဋိစ္ဆန္နာနိ။ဖုံးလွှမ်းမြုပ်တိမ်။ဖျင်းသိမ်ကွယ်ဝှက်သည်ရှိသော်။နောဝိရောစန္တိ။ မတင့်တယ်ကုန်။ စန္ဒမဏ္ဍလံ။ လဝန်းသည်။ဝိဝဋံ။ ဆီးနှင်းမြူ

တိမ်။သူရိမ်မိုးခိုး။ညစ်မျိုးမသမ်း။ ပွင့်လန်းသည်ရှိသော်။ဝိရောစတိ။ချောက်ပတ်တင့်တယ်၏။ ပဋိဿန္တံ။ ညစ်ကြေးငါးရပ်။ဖုံးလွှမ်းအပ်သည်ရှိသော်။ နော ဝိရောစတိ။ မတင့်တယ်။ သူရိယမဏ္ဍလံ။ နေဝန်းသည်။ဝိဝဋံ။ညစ်မျိုးငါးပါးမှ။ လွတ်ရှားတက်သစ်ဖွင့်လှစ်အပ်သည်ရှိသော်။ ဝိရောစတိ။ ရောင်ဝါရှက်သွယ်။ တင့်တယ်၏။ ပဋိဿန္တံ။ညစ်ကြေးငါးရပ်။ ဖုံးလွှမ်းအပ်သည်ရှိသော်။နော ဝိရောစတိ။ရောင်ဝါပျက်ကွယ်မတင့်တယ်။ တထာဂတပဝေဒိတော။ ငါဘုရားသည်။ ဟောကြားပညတ်။ သိစေအပ်သော။ ဓမ္မဝိနယော။သုတ်အဘိဓမ္မာဝိနည်းသည်။ ဝိဝဋော။ ထင်ထင်ရှားရှားညွှန်းကြားသစ်သစ်။ ဖွင့်လှစ်အပ်သည်ရှိသော်။ ဝိရောစတိ။ သာသနာရောင်။ထိန်ပြောင်ထွန်းကယ်။တင့်တယ်၏။ပဋိဿန္နော။ မကျင့်ခဲ့ငြား။ မညွှန်းကြားဘဲ။ ပျက်ပြားမှေးမှိန်။ ညှိုးပိန် ဆုတ်ယုတ်။ တိမ်မြုပ်ကွယ်သမ်း။ ဖုံးလွှမ်းအပ်သည်ရှိသော်။ နော ဝိရောစတိ။ မတင့်တယ်။ ။၎င်းပါဠိတော်၏အနက်။ ။ယင်းသို့နောင်လာ နောက်သားတို့။ အမှတ်အထင်အမြင်မှားကြသဖြင့်။ သာသနာတော်တိမ်မြုပ် ဆုတ်ယုတ်ပျက်ပြားမည်ကိုလည်း သတိမပြတ်ထားစရာကောင်းလှသည်သာတည်း။ ။ဤသို့သာသနာတော်။မထင်ပေါ်နိုင်။ မှေးရိုင်ပျက်ပြား။ တနေ့တနေ့တိမ်းပါးဆုတ်ယုတ်လိမ့်မည်များကို နှလုံးထားမိ၍သတိပေးရေးသားလိုက်သည်။ ။ခွေးချေးပုံကိုထီးတင်မိသောဥပမာပုံဖြင့်စသည်တို့ဖြင့်လည်းပြအပ်၏။

သူတော်သူမြတ်တို့နည်း။နိသျှည်းထုံးပုံမှာ။ ။အောင်မြေဘုံစံအုဋ္ဌကျောင်းဆရာတော်ဘုရားကြီးအား။တပင်တိုင်ရလေးဖုရားက။ ငွေသားသုံးပိဿာကို။ ပို့လာလှူကပ်စေသည်။ စေ့အပ်သောတမန်က။ဆရာတော်ဘုရားအား။ ရလေးဖုရားကငွေတော် သုံးပိဿာကို။ လှူပါချေစေသောကြောင့်။ ခြေတော်ရင်းသို့ ရောက်ပါကြောင်း။ ၎င်းငွေကို အလှူတော်ခံပါမည့်အကြောင်းနှင့်။ လျှောက်ထား တောင်းပန် လေသော်။ ဆရာတော်

ဘုရားက။ ရဟန်းသားတို့အား။ ငွေဒင်္ဂါးပိုက်ဆန်ကိုအလှူမခံအပ်ဟုပယ်ဖွင့်တော် မူလိုက်၏။ တမန်သည်ပြန်၍တဘန်။ တပင်တိုင်နန်းစံ။ ရလေးဖုရားထံ၌ သံတော်ဦးတင်လျှောံလေ သော်နင်အလွန်မိုက်လှ၏တကား။ ဆရာတော်ဘုရားကို။ သွားလျှောံချေအမြန်။အပ်လောက်သောကျမ်းဂန်ဖြင့်။မိန့်သံတော်ထုံးပြ၍။ဆုံးမတော် မူပြီးလျှင်။ အလှူ တော် ခံပါမည့် အကြောင်းနှင့်တောင်းပန်လှူဒါန်းချေဟု။တဘန် စေလိုက်ပြန်ရောက်လျှောက်ကြားလေသော်။ ထိုသောအခါ။ဆရာတော်မြတ်ဘုရားက။ နင့်မိစုပြောကြားမှ။ဘုရားဟောပါဠိ။ အပ်နိုင်သည့်ကျမ်းထုံးရှိကို။ငါသိသည် မဟုတ်ဘူး။ ဦးဘုတ်တို့လက်တက်က။ ရက်ရက်စက်ငွေပြုကို။ အလှူတောင် ခံကြသေးသည်ဟု။ နောက် မွေးဘွားသိသကတို့။ တဖွဖွဆင်းသက်၍။ အဆက်ဆက်ပြောပြီးလျှင်။ တသောသောငွေအလှူကို။ ခံယူသာယာကြလိမ့်မည့်အဖြစ်ကို။ ငါစင်စစ် သိသောကြောင့်။ နင်ပြောသည့် ငွေများကိုငါပယ်ရှားလိုက်သတည်းဟုမိန့်ဆိုတော်မူဘူးလေသတတ်။ ။

ဤသို့ကျမ်းတတ်။ ဆရာမြတ်သူတော်ကောင်းတို့။ ထုံးဟောင်းစံတင်။ ပုံပြင်နည်းငြမ်းကို။ လမ်းကောင်းကြီး ပြုလုပ်၍ရင်း။ ဤပစ္စုပ္ပန်ဘဝ။ ပစ္စက္ခ၌ပင်။ရွှေငွေကိုလိုချင်သောခိုးသူထားပြတို့က။ရွှေငွေရှိသည့်ရဟန်းများကို။ရိုက်နှက်ပုတ်ခတ်။ သတ်ဖြတ်နှိပ်စက်။ဗလက္ကာရပြုသဖြင့်။ဘေးဥပါဒ်ရန်မီး။ကြီးကျယ်လှစွာ။ဆိုက်ရောက်၍ လာတတ်သောကြောင့်ရင်း။ ပြဆိုခဲ့ပြီးသည့်အတိုင်း။ငရဲဘေး။ ပြိတ္တာဘေး။တိရစ္ဆာန်ဘေးဘယနှင့်။ အတ္တာနုဝါဒ၊စသည်ဘေးပေါင်း။ ဘေးသောင်းပြောင်းတို့ကို။ကောင်းကောင်းကြီးပြုတတ်သောကြောင့်ရင်း။ ရွှေငွေ ဂဟာပနမာသကာတို့ကို။ အဆိပ်ထန်လှသော မြွေပွေးမြွေဟောက်ကြီးများနှင့်အလားတူပုံထား၍။ ဟောကြားတော်မူသောကြောင့်ရင်း။မစင်ဘင်ပုပ်နှင့်ပမာတူထုတ်ဘော်၍အဋ္ဌကထာဆရာကျော်တို့ဘွင့်လှစ်တော် မူကြသောကြောင့်ရင်း။ ရဟန်းတော် ဖြစ်ကြသော

ပုဂ္ဂိုလ်ကျောင်အရှင်တို့ကလည်း။ လိုချင်မက်မော။ တသ်သော
စိတ်ကင်းကြသဖြင့်။လွှတ်ရှင်းပယ်ရှား။ရွှေငွေမျိုးကို။တားမြစ်
စွန့်လွှတ်တော်မူသင့်သည်သာတည်း။ အဘယ်မှာလျှင်။တွယ်
တာမွတ်မွတ်။မစွန့်လွှတ်ချင်ဘဲရှိနိုင်ချေတော့အံ့နည်း။ စွန့်လွှတ်
ပယ်ရှား။တားမြစ်တော်မူနိုင်ကြပါစေကုန်သတည်း။

ယင်းသို့ပြဆိုအပ် ခဲ့ပြီးသည့်အတိုင်း။ ပစ္စုပ္ပန်၌ ဘေးရန်အ
လွန်များ။တမလွန်အလား၌လည်း။ ကြီးမားသောအပါယ်ဒုက္ခ။
ဘေးဘယသို့ရောက်စေတတ်သောရွှေငွေဂဟာပန။ မာသက
ဝတ္ထု။ နိဿဂ္ဂိပစ္စည်းရတို့ကို။ ဒါယကာတို့ကလည်း၊ လှူဒါန်း
သောအခါ။ နေရာမကျ၍။ မအပ်မရာရှိခဲ့လျှင် အင်အား မတန်။
ဘေးရန်အန္တရာယ်ကြီး။ဘိစီးနှိပ်စက်လိမ့်မည်ဖြစ်၍။ အပ်သည့်
ပစ္စည်းများကိုသာ။အလှူ၌ပါစေ၍ လှူစရာကောင်းလှပေတော့
သည်။ ရွှေငွေဖြစ်သော ပစ္စည်းနှင့်စပ်၍။ အံ့ပြောအဆိုလွန်စွာ
ကြပ်တဲ့ ခဲခက်သော အရာဖြစ်၍။ ရာဇ သိက္ခာပုဒ်။ မေဏ္ဍက
သိက္ခာပုဒ်တော်တို့၌လာသည့်အတိုင်း။ ကပ္ပိယကာရကတို့ကို။
နေရာကျ တောင်းယူလျှောက်ထား။ ညွှန်ကြားပြောဆိုတတ်မှ။
ထိုငွေမှဖြစ်သောအပ်သောပစ္စည်းများကို။ရဟန်းသဃာတော်
တို့တောင်းခံသုံးစားနိုင်သည်။သတိရှိကြစေ။ ။ယင်းသို့ပြဆို
အပ်ခဲ့ပြီးသည့်အတိုင်း။ နိဿဂ္ဂိယဝတ္ထု။ ရွှေငွေပစ္စည်းရတို့ကို။
ခံယူသာယာရှာဘွေလေတော့ဟု။ဘယ်အခါမှ။ဘယ်ပရိယာယ်
နှင့်မှ။ မြတ်စွာဘုရား ခွင့်ပေး သနားတော်မူသည် မရှိသော
ကြောင့်။ ရဟန်းတော်တို့အား။ ငွေသားကို ဆတ်ဆတ်မခံအပ်
ဟုတပ်ကြပ်သိလေမှတ်လေ။လျှော်လွှာပါဒါယကာမောင်တူ။